၈-၂-၂၀၀၅

အမေနဲ့ကျွန်တော် (အပိုင်း-၁)

သရဖူမဂ္ဂဇင်းက အယ်ဒီတာအဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ ကျော်မြင့်သန်း (ဗန်းမော်) ဆီကနေ စာတစ်စောင် ကျွန်တော့်ဆီကိုရေးလိုက်ပါတယ်။ ဆရာကျော်မြင့်သန်းရဲ့ နှစ်မျက်နှာကျော်ရှိတဲ့စာထဲမှာ ရေးထားတာကတော့ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလထုတ် ကလျာမဂ္ဂဇင်းထဲမှာ ကျွန်တော်ရေးထားတဲ့ "အဖေနဲ့ကျွန်တော်" ဆောင်းပါးကို ဖတ်ရလို့ အဲဒီဆောင်းပါးကို ရသပါတဲ့ ရုပ်ပုံလွှာဆောင်းပါး (သို့မဟုတ်) ဝတ္ထုလို့ ပြောနိုင်ပါတယ်တဲ့။ အရင်တုန်းက ကျွန်တော့်ကို တရုပ်ကပြားလို့ထင်နေတာ၊ အဲဒီဆောင်းပါးကို ဖတ်လိုက်ရတော့မှ ကျွန်တော့်မျိုးရိုးဟာ မြန်မာစစ်စစ်တွေပဲဆိုတာ သိရတယ်တဲ့။ အနောက်တိုင်းသားတွေကတော့ ကိုယ်ရေးသမိုင်းတွေ ရေးကြတယ်။ မြန်မာတွေက ရေးလေ့မရှိဘူးလို့လည်း ပြောပါတယ်။ ဒါကြောင့် ကျွန်တော့်ကို အမေနဲ့ကျွန်တော်၊ ညီအစ်ကိုမောင်နှမများနဲ့ကျွန်တော်၊ အထကကျောင်းသား ကျွန်တော်၊ ဆေးကျောင်းသား ကျွန်တော်၊ ဆရာဝန်ဘဝအစ ကျွန်တော်၊ . . . . . စတဲ့ ဆောင်းပါးတွေ ရေးပြီး ချုပ်လိုက်ရင် ကျွန်တော့်ရဲ့ ရုပ်ပုံလွှာဆောင်းပါးစာအုပ် ထုတ်လို့ရပါပြီတဲ့။ ကျွန်တော်ရဲ့ "အဖေနဲ့ ကျွန်တော်" ကို ဖတ်ရင်း ဆရာကျော်မြင့်သန်းဟာ ရသဝေဒနာ ခံစားရပါတယ်၊ ဆက်ရေးပါလို့ အကြံပြုထားပါတယ်။ ကျွန်တော်ရဲ့ လက်သင်ရေး ရေးထားတဲ့ စာစုတစ်ခုကို ဆရာကျော်မြင့်သန်းလို ဝါရင့်စာရေးဆရာတစ်ဦးက ချီးမွမ်းတာ အထူးပဲ ကျေနပ်မိ ပါတယ်။ ပြီးတော့ ဆရာရဲ့ အကြံပြုချက်ဖြစ်တဲ့ ကျွန်တော့်ရဲ့ ရုပ်ပုံလွှာ ဆောင်းပါးစု တွေရေးပါ ဆိုတာကိုလည်း အထူးပဲကြိုဆိုဝမ်းသာပါတယ်။ တကယ်တော့ ကျွန်တော့်ရဲ့ ကလျာမဂ္ဂဇင်းထဲမှာ ပထမဆုံးပါတဲ့ဆောင်းပါး "လူထူးလူဆန်းကျွန်တော်" ကို စရေးကတည်းက ကျွန်တော်က မြန်မာတွေဟာ ကိုယ့်ရဲ့ ကိုယ်ရေးမှတ်တမ်း (Autobiography) ဆိုတာကို ရေးလေ့မရှိကြဘူး၊ ဒါကြောင့် ငါ့အကြောင်း ငါရေးမယ်၊ "လူထူးလူဆန်းကျွန်တော်" ပြီးရင် ". . . . . ကျွန်တော်" အခန်းဆက်တွေ ဆက်ရေးမယ်ဆိုပြီး ရည်ရွယ်ရေးတာပါ။ ဆရာကျော်မြင့်သန်း အကြံပြုချက်နဲ့ ကျွန်တော်ကြံစည်ထားတာဟာ လုံးဝတစ်ထပ်တည်းကို တူနေပါတယ်။ အတွေးခြင်း၊ ပုံတူဖြစ်နေတာပေါ့လေ။

ဒါကြောင့် " . . . . ကျွန်တော်" အခန်းဆက်ဆောင်းပါးတွေ ဆက်ရေးသွားမယ်။ ပြီးတော့ ချုပ်လိုက်ရင် ကျွနတော်ရဲ့အကြောင်းကို မှတ်တမ်းတင်ပြီးသားဖြစ်ပြီပေါ့။ ကျွန်တော့်အကြောင်းကို ရေးတဲ့ အခါမှာလည်း ဘယ်နှစ်ခုနှစ်မှာ ဘာတွေဖြစ်တယ်၊ နောက်ဘာဆက်ဖြစ်တယ်၊ အဲဒီကနေ တက္ကသိုလ်ကို

ရောက်တယ်ဆိုတဲ့ ပုံစံမျိုး မရေးချင်ပါဘူး။ အဲဒီလိုရေးတာက ဖြစ်စဉ်ဖော်ပြချက် (Descriptive) သက်သက်ပဲဖြစ်မှာပေါ့။ ကျွန်တော်က ကျွန်တော့်ဘဝ ပန်းချီကားကို စုတ်ချက်မျိုးစုံနဲ့ ဆွဲချင်တာ။ အရောင်တွေလည်း ခြယ်ချင်တယ်။ နေထွက်ချိန်ကနေ မွန်းတည့်ချိန်၊ နေရောင်တွေ တောက်ပနေတဲ့ အချိန်မှာ ပန်းချီစုတ်ချက်တွေကော့လို့နော့လို့ တိမ်ရောင်အစုံစုံ ပေါ်လွင်အောင် ဖော်ချင်တာ။ ဆိုလိုတာက ကျွန်တော် ငယ်ရာကနေ ကြီးလာတာကို ရိုးရိုးရှင်းရှင်း ဖြစ်စဉ်ရေးတာ မဟုတ်ဘဲ ကျွန်တော့်ရဲ့အတွေး၊ အမြင်တွေ အသက်အရွယ်လိုက် ပြောင်းလာတာတွေကို စိတ်ထဲမှာ အတွေးရှိတိုင်း အချုပ်အချယ်မရှိ၊ ကျွန်တော့်ဘဝနဲ့ ကျွန်တော့်အတွေးတွေ စုံနေအောင် ရောယှက်မွေပစ်လိုက်ချင်တာ။ ပြီးတော့ စာဖတ်သူတွေဟာ ကျွန်တော့်ကိုယ်ရေးမှတ်တမ်းကို ဖတ်ပြီး "ဒေါက်တာခင်မောင်ဝင်း ဒီကျောင်းက အောင်ခဲ့တာကိုး။ ဘယ်နှခုနှစ်က တက္ကသိုလ်ရောက်ခဲ့တာလဲ" ဆိုတာလောက်နဲ့ သူတို့အတွေးတွေကို ရပ်မသွားစေချင်ဘူး။ စာဖတ်တဲ့သူတွေရဲ့ စိတ်ကူးတွေကို ဆွပေးလိုက်ပြီး ဘဝချင်း ယှဉ်ချိန်ထိုး၊ အဆိုး၊ အကောင်း၊ အကျိုးအကြောင်းတွေ သိမြင်နိုင်တဲ့ ကျွန်တော့် ဘဝမှတ်တမ်းကို ရေးချင်တာ။ ဒါကြောင့် ကျွန်တော် ဆရာကျော်မြင့်သန်းရဲ့ အားပေးစာကို အထူးကျေးဇူးတင်မိပါတယ်။ ဆရာ့ရဲ့စာဟာ ကျွန်တော့်ရဲ့ ဆန္ဒ၊ စိတ်ထဲမှာ ရှိတာတွေချရေးဖို့ အားပေးအားမြှောက်ပြုပေးပါတယ်။ ကျွန်တော် ကြိုးစားရေးပါ့မယ်၊ ကျွန်တော် ရည်မှန်းသလောက် ကျွန်တော့်စာတွေ အောင်မြင်မယ်၊ မအောင်မြင်ဘူး ဆိုတာတော့ မသိပါ။ စာရေးတာကလည်း အံ့သြဖို့ကောင်းတယ်။ စိတ်လေလွင့်သလို ကလောင်က ရောက်ချင်ရာကို ရောက်သွားပြီး ပျံ့လွင့် တဲ့အတွေးတွေနောက်ကို စာစဉ်တွေက ပါသွားတာ။ ". . . . . နဲ့ကျွန်တော်" ဆောင်းပါးလေးတွေ ကိုဖတ်ပြီး ဝေဖန်အကြံပြုပေးကြပါ။ ကျွန်တော် စာရေးလက်သစ်မို့လို့ အမှားတွေပါရင်လည်း ခွင့်လွှတ်ကြပါ။ ကျွန်တော်ဆက်ရေးပါတော့မယ်။

<u>အမေနဲ့ကျွန်တော်</u>

ကျွန်တော့်အမေ ဒေါ်ခင်ခင်ဟာ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာကပါ။ ဒါပေမယ့် အမေရဲ့မျိုးရိုးကို ပြောရရင်တော့ အမေရဲ့အဘိုးဟာ မန္တလေးနေပြည်တော်နန်းတွင်းမှာ အရှင်မင်းတရား ဘုရင်မင်းမြတ်အပါးမှာ ခစားရတဲ့ နန်းတွင်းမှူးကြီးမတ်ရာပါ။ အမေ့အဘိုးဟာ ရေစက်ချလျှုဒါန်းဖို့ ဘုန်းကြီးကျောင်းတစ်ကျောင်းဆောက်တာမှာ ကျောင်းကြီးက သိပ်ကြီးသွားပါတယ်။ မနာလိုဝန်တို၊ ဂုံးချောချင်တဲ့ သူတွေက ဘုရင်မင်းမြတ်ကိုသွားပြီး "ဒီအမတ်ကြီးဟာဖြင့် အရှင်မင်းတရားနဲ့အပြိုင် ဘုန်းကြီးကျောင်းကြီး တစ်ကျောင်း ဆောက်နေပါတယ်" လို့လျှောက်ကြတယ်။ အဲဒီမှာတင်

အမေရဲ့အဘိုး ကျွန်တော်တို့ရဲ့ အဘေးဟာ ရာဇဒေါသသင့်ခံရပြီး နန်းတော်အပါးကနေ အလျှင်အမြန်ထွက်ပြေးကြရပါတယ်။ အမေရဲ့ အဖွားဟာ ယင်းတော်မလေးတဲ့၊ ယွန်းအုပ်ကြီးထဲမှာ သင်ပုန်းပြီး နန်းတွင်းကနေ နေပြည်တော် နဲ့ဝေးရာကို ရှောင်ထွက်ပြေးကြရတာ။ အမေရဲ့အဘိုး၊ အဖွားနဲ့ အမျိုးအားလုံးဟာ ပြင်စည်၊ ဖုံသာ၊ နထိုးဆိုတဲ့ မြင်းခြံနားက ရွာတစ်ဝိုက်နဲ့ ဝမ်းတွင်း၊ မြစ်သားမြို့နယ်ထဲက ရွာတွေကို ရောက်ကုန် ကြပါ တယ်။ အမေတို့ကတော့ ဝမ်းတွင်းမြို့နယ်ထဲက တောင်ဘိုရွာကိုရောက်ပြီး အဲဒီမှာ အခြေချ ကြပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အထိ တောင်ဘိုရွာမှာ ဝေါရှိတယ်၊ ဆင်ရှပါတယ်။ ဒါပေမယ့် အိမ်မှာ မထားရဲလို့ ဘုန်းကြီးကျောင်းမှာ ပို့ထားရပါတယ်။ အဲဒီနောက် အမေ့ရဲ့အမေဟာ အင်္ဂလိပ်ခေတ်က ရဲဝန်ထောက် တစ်ယောက်နဲ့ အိမ်ထောင်ကျတဲ့အတွက် အမေဟာ သူ့အဖေရဲဝန်ထောက် အလုပ်လုပ်တဲ့ ကျောက်ဆည် မြို့မှာ ကြီးပြင်းခဲ့ပါတယ်။ အမေရဲ့အဖေဟာ ပိုးခေါင်းပေါင်းပေါင်းပြီး၊ ပန်းရောင်စလွယ်နဲ့ အင်္ဂလိပ် ဓါးကြီးကို ကိုင်ရပါတယ်။ ဘာလို့ ဒါတွေ ကျွန်တော်သိသလဲဆိုတော့ ကျွန်တော်တို့အငယ်က အဘိုးရဲ့ ဓါတ်ပုံအကြီးကြီးတွေ ရှိပါတယ်။ ပြီးတော့ အဘိုးကိုင်သွားတဲ့ အင်္ဂလိပ်ဓါးကြီးကိုလည်း ဝမ်းတွင်းမြို့က တိုက်ထဲမှာ အဖွားက ဂုဏ်ယူစွာနဲ့ လူတိုင်းကို ပြခဲ့တာ ကျွန်တော် ကလေးဘဝမှာ တွေ့ခဲ့ရပါတယ်။ အဘိုး ကျောက်ဆည်မှာ အင်္ဂလိပ် ရဲဝန်ထောက်လုပ်တဲ့နှစ်ကတော့ (၁၉၂၀) ပတ်ဝန်းကျင်လောက်လို့ မှန်းရပါတယ်။ ကျွန်တော်က ကျွန်တော်တို့မျိုးဆက် မှတ်တမ်းမှတ်ရာလေးကျန်အောင် ရေးနေတာပါ။ ကျွန်တော်တို့ မိသားစုမှာ ဆွေမျိုး၊ ဘိုးဘေးစဉ်ဆက် မှတ်သားချက်တွေ မရှိပါဘူး၊ အရမ်းဝမ်းနည်းဖို့ ကောင်းပါတယ်။ အဘိုးအကြောင်း ဆက်ပြောရရင် အဘားဟာ ခပ်ငယ်ငယ် အသက် (၄၀) ပတ်ဝန်းကျင်လောက်မှာ ကျောက်ဆည်မြို့မှာ ဌက်ဖျားရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။ အမေ့ရဲ့အမေ၊ ကျွန်တော့် အမေကြီးဟာ ခေတ်ပညာတတ် တစ်ယောက်တော့ မဟုတ်ပါဘူး။ နန်းတွင်းက ထွက်ပြေးလာတဲ့နောက် တောင်ဘိုရွာမှာ မူလတန်းပဲ ပညာသင်ခဲ့ရတာပါ။ ဒါပေမယ့် အမေကြီးဟာ တော်တော့်ကို မှတ်ဉာဏ်လည်းကောင်း၊ အပြောလည်း ကောင်းတယ်။ သူ့အနားမှာနေတဲ့ ကျွန်တော်ဟာ သူအငယ်တုန်းက ကျောက်ဆည်မြို့ရဲ့ ရဲဝန်ထောက် ကတော်ဘဝအကြောင်းတွေ တစ်ဝကြီးပြောတာကို နားထောင်ခဲ့ရပါတယ်။ အညာမှာ အမေ့ အမေကို အမေကြီးလို့ပဲခေါ်ပါတယ်။ အမေ့ အဖေကိုတော့ အဖေကြီးပေါ့။ ကျွန်တော်တို့ အငယ်တုန်းကအထိ အဖေကြီး ဒါမှမဟုတ် အဘိုးရဲ့ အသုဘဓါတ်ပုံ အကြီးကြီးတွေ အိမ်မှာ တွေ့ရပါတယ်။ အခုခေတ်မှာတော့ အသုဘအခမ်းအနားကို ဒီလောက် တကူးတက မှတ်တမ်းတင်တာ ဘယ်မှာမှ မတွေ့ရပါဘူး။ အဘိုးရဲ့အသုဘကတော့ ရဲဝန်ထောက် ဝတ်စုံနဲ့ရော၊ ရိုးရိုးအဝတ်နဲ့ပါ အသုဘကို ခမ်းခမ်းနားနားကြီး ပြင်ဆင်ထားပြီး ဓါတ်ပုံတွေ ရိုက်ထား ပါတယ်။ ဓါတ်ပုံတွေကလည်း

တကယ့် အဆင့်မြင့်မြင့်ရိုက်ပြီး ပုံအကြီးကြီးတွေ ချဲ့ထားတာ။ အဲဒီ ပုံတွေ ပျောက်ပျက်ကုန်တာ တကယ်နှမြောဖို့ကောင်းပါတယ်။ ဒီလောက်တောင် အသုဘကို ဂရုတစိုက် မှတ်တမ်းတင်တယ်ဆိုတော့ အမေကြီးက သူ့ယောကျ်ား ရဲဝန်ထောက် အသက်ငယ်ငယ်လေးနဲ့ ဆုံးတာကို ယူကြုံးမရ ဖြစ်ရပုံပေါ်ပါတယ်။ ကြုံလို့ အမေကြီးအကြောင်း ပြောရဦးမယ်။ အမေကြီးတို့ဟာ အညာဒေသ အယူတော်တော်လေး ပြင်းထန်ပြီး အစွဲအလန်းလည်း တော်တော်ကြီး ပါတယ်။ အသုဘနဲ့ ဆက်နွယ်တာမှန်သမျှကို နမိတ်မရှိ နမာမရှိ ဆိုပြီး အိမ်မှာမထားဘူး။ အသုဘ၊ ဒါမှမဟုတ် လူသေတာနဲ့ ဆက်စပ်တာဆိုရင် အကုန်ရှောင်တယ်။ ဥပမာ ပြောရရင် “ . . . . ကွယ်လွန်တာ (၅)နှစ်မြောက် ဆွမ်းကျွေး” ဆိုတာမျိုးကို သွားလည်း မသွားဘူး၊ အဲဒီက ဘာစားစရာဖြစ်ဖြစ် ယူလာရင်လည်း မစားဘူး၊ ပြီးတော့ အသုဘအိမ်သွားပြီး ပြန်လာရင် အိမ်ထဲတန်းဝင်လို့ မရဘး။ ခြံစည်းရိုးအဝကနေ တစ်ယောက်ယောက်ကရေကို ခေါင်းပေါ်ကျော်ပြီး နောက်ပြန်ပက်ပေးပြီးမှ ဝိုင်းထဲကို ဝင်လို့ရတယ်။ ကျွန်တော် အငယ်က အသုဘအိမ်တစ်အိမ် ခေါ်သွားတာ ဟိုရောက်တော့ လွှက်နက်စား ခဲ့မိလို့ အိမ်ပြန်ရောက်တော့ အရိုက်ခံရတယ်။ အမေကြီးက ဒေါ်မမလေး၊ သူ့အစ်မ အပျိုကြီးက ဒေါ်မမကြီး၊ ကျွန်တော်တို့က အမေကြီးအကြီးနဲ့၊ အမေကြီးအငယ်လို့ ခေါ်တယ်။ အမေကြီးယောကျ်ား ဆုံးပြီးကတည်းက သူတို့ ညီအစ်မနှစ်ယောက် အတူတူနေကြတယ်။ အတွေးအခေါ် အယူအဆကလည်း တစ်ပုံစံထဲ။ အမေကြီးအငယ်က အရင်ဆုံးတယ်။ ကျွန်တော် ဆေးကျောင်းသား တတိယနှစ်လောက်မှာပေါ့။ အမေကြီးဟာ သူ့အခန်းဆုံးမြေး ကျွန်တော့်ကို ဆရာဝန်သိပ်ဖြစ်စေချင်တာ။ ကျွန်တော် ဆရာဝန်ဘဝကို သူ တွေ့မသွားရဖူးဘူး။ အမေကြီးအငယ် ဆုံးတော့ အမေကြီးအကြီးဟာ သူနေတဲ့ သူရဲ့အိမ်ဟာ အသုဘအိမ်ဖြစ်နေလို့ သူ့အိမ်မှာသူ ထမင်း မစားဘူး၊ ရေမသောက်ဘူး။ ဘာစားချင်စားချင် ဘေးအိမ်မှာ သွားစားတယ်။ အဲဒီလောက်တောင် အသုဘနဲ့ပတ်သက်လို့ အယူသီး ကြတာ။ အဲဒီအတွေးအခေါ်တွေဟာ ကျွန်တော့်ခေါင်းထဲမှာ ဒီနေ့အထိ စွဲနေသေးတယ်။ တစ်နေ့က ဆေးရုံမှာ ရောင်း (round) လှည့်ရင်းနဲ့ ဘီဒိုတစ်လုံးမှာ နာမည်တွေရှေ့က ဆေးအဖြူနဲ့ စာတန်းတစ်ခုကို ဖျက်ထားတာ တွေ့မြင်ကြရတယ်။ ကျွန်တော်က တပည့်ဆရာဝန်လေးတွေကို အဲဒီဘီဒိပေါ်မှာ ဘာစာတွေ ဖျက်ထားတာလဲလို့မေးတော့ တပည့်တွေ မစဉ်းစားတတ်အောင် ဖြစ်နေတယ်။ ဒါနဲ့ ကျွန်တော်က “အဲဒါ ကွယ်လွန်သူဆိုတာတွေ ဖျက်ထားတာ” လို့ပြောလိုက်ရတယ်။ အလှူရှင်တွေကို ခွင့်တောင်းပြီး ဖျက်ထားတာပါ။ ကျွန်တော့်ရဲ့ အရိုးစွဲနေတဲ့ ငယ်ငယ်ကစိတ်တွေက မကန်သေးတော့ “ကွယ်လွန်သူ” ဆိုတာကို မြင်ရင်လန့်နေတယ်။ စိတ်မှာ တစ်မျိုးကြီး ခံစားရတယ်။ တစ်နေ့တော့ တပည့်တွေက ကျွန်တော့်ကို

သွေးချိန်မလို့ လက်ကို သွေးတိုင်းတဲ့ဟာနဲ့ ပတ်ကြတယ်။ ကျွန်တော့် မျက်စိက ဖြတ်ကနဲဆို သွေးတိုင်းတဲ့ ကရိယာပေါ်က "ကွယ်လွန်သူ . . . . . လျှုဒါန်း" ဆိတဲ့ စာလုံးမြင်တော့ ကျွန်တော် လန့်သွား ပါတယ်။ ဒါနဲ့ "ဟေ့ ဒီပြင် သွေးတိုင်းတာနဲ့ တိုင်းပါကွာ" လို့ ပြောလိုက်မိတယ်။ အယူသီးတယ်၊ အစွဲကြီးတယ်လို့ ထင်ကြမယ်။ ဒီလိုအတွေးတွေဟာ ကျွန်တော့်ရဲ့ အမေကြီးတွေဆီက အမွေရလာခဲ့တဲ့ အညာဒေသ အယူအဆတွေပါ။ အများသိအောင် အညာအကြောင်းကို ပြောပြနေတာပါ။ ဒါတွေ ဘာလို့ပြောနေရတာလဲဆိုတော့ အမေကြီးဟာ သူ့ယောကျ်ားရဲ့ အသုဘပုံတွေကိုရိုက်ပြီး သူမကြည့်ရဲဘူး။ အမှတ်တရတော့ သိမ်းထားတယ်။ ဒါပေမယ့် အိမ်ထဲမှာ မသိမ်းဘူး၊ တိုက်နောက်က တိုလီမိုလီထားတဲ့ ဂိုဒေါင်အစုတ်ကလေးထဲမှာ ပုံထားပါတယ်။ ဒါကြောင့်လည်း အဘိုး အသုဘပုံတွေ ပျောက်ပျက်ကုန် တာပါ။ အဲဒီ အဘိုးရဲ့ အသုဘပုံတွေကို ကျွန်တော်တို့ သွားကြည့်လည်း မကြိုက်ဘူး။

အဘိုးရဲ့ အသုဘ အလောင်းပြင်ထားပုံတွေအပြင် ဂေါ်ရာတပ်တွေနဲ့ အသုဘချဖို့ တန်းစီပြီး ချီတက် လာတဲ့ပုံတွေ၊ ဂေါ်ရာစစ်ပုလိပ်တွေ အလေးပြုနေတဲ့ပုံတွေ၊ ဓါတ်ပုံအကြီးကြီးတွေ ပုံ (၂၀)လောက် ရှိပါတယ်။ ရှေးတုန်းကတော့ အခမ်းအနား၊ သင်တန်းဆင်း၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနား မျိုးစုံမှာ ဓါတ်ပုံတွေ စုရိုက်ပြီး အကြီးကြီးတွေကူး၊ ဓါတ်ပုံတွေရဲ့အောက်မှာ နာမည်နဲ့စာတန်းတွေ ထိုးကြ တယ်။ ဥပမာ၊ ရှေ့တန်း၊ ယာအစွန် ဦး . . . . . အလယ်တန်း ညာမှ တတိယ ဦး . . . . . အဲလိုဓါတ်ပုံတွေကို မှန်ဘောင်သွင်း၊ ဧည့်ခန်းမှာ တစ်ခမ်းတစ်နား ဂုဏ်ယူပြီး ချိတ်ကြတယ်။ အခုခေတ် မှာတော့ တစ်ဖြည်းဖြည်း အဲဒီလို စုစုစည်းစည်း အမှတ်တရဆိုပြီး လုပ်တာ မရှိကြတော့ဘူး။ ကျွန်တော့် သမီး ဘွဲ့ယူတော့လည်း တစ်ဦးချင်းပဲ ဓါတ်ပုံမျိုးစုံရိုက်တယ်၊ ခင်တဲ့သူငယ်ချင်း သုံးလေးယောက်နဲ့ တွဲရိုက်ရင် ရိုက်တယ်။ စုပေါင်းရိုက်ဖို့ဆိုတာတော့ မစဉ်းစားကြဘူး။ ဘာသိ ဘာသာပဲ၊ ပြီးတော့ ဟိုတုန်း ကလို ဓါတ်ပုံဆရာတွေနဲ့ သေချာရိုက်တာ ဆိုတာမျိုးလည်း သိပ်မတွေ့ရတော့ဘူး။ ဒစ်ဂျစ်တယ် (Digital camera) တွေက သိပ်ပေါနေတော့ အဲဒါလေးတွေနဲ့ပ ရိုက်ကြတယ် ထင်ပါရဲ့။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ကျွန်တော့်အမေ မိခင်ကြီး ဒေါ်ခင်ခင်

၂၃-၂-၂၀၀၅

အမေနဲ့ကျွန်တော် (အပိုင်း ၂)

အမေကြီးရဲ့ယောကျ်ားကျွန်တော့်အဖိုး၊ ကျောက်ဆည် ရဲဝန်ထောက် ကွယ်လွန်သွားတော့ အမေကြီးနဲ့ကျွန်တော့်အမေတို့ဟာ ရွှေတောင်ကြီးပြိုသလို ဖြစ်တော့တာပေါ့။ အမေတို့က ကျောက်ဆည်မှာ ကျောင်းတက်တော့ ဒေါက်ကပ်လို့ခေါ်တဲ့ ရထားလုံးမြင်းလှည်းနဲ့ တက်ခဲ့တာတဲ့။ အမျိုးသမီးတွေဆိုရင် စာမသင်ရဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်ခိုင်းပြီး အိမ်မှုအလုပ် လုပ်ရတဲ့ ခေတ်မှာကို အမေဟာ (၇)တန်းကျောင်းသူ၊ အင်္ဂလိပ်စာတွေလည်း သင်နေရတယ်။ အမေဟာ ရဲဝန်ထောက်သမီးဆိုပြီး ကျောက်ဆည်မှာ တော်တော်လေး ကောင်းစားခဲ့တယ်လို့ ပြောရမှာပေါ့။ အမေမှာ ဦးမောင်မောင်လို့ခေါ်တဲ့ အစ်ကိုတစ်ယောက်ရှိပါတယ်။ အဲဒီ ကျွန်တော့်ဦးလေးကတော့ မန္တလေးက ဝက်စလီ သာသနာပြု ခရစ်ယာန်မစ်ရှင်ကျောင်းမှာ နေရတယ်။ ကျွန်တော့်အမေကြီးဟာ သူစာမတတ်ခဲ့ပေမယ့်လို့ သားသမီးတွေကို ပညာတတ်တွေဖြစ်အောင် တော်တော် ကြိုးစားပမ်းစား ကျောင်းတွေထားပေးခဲ့တာ။ အမေ့မှာ ဒေါ်တင်တင်လို့ခေါ်တဲ့ ညီမတစ်ယောက်လည်း ရှိပါသေးတယ်။ ဒေါ်လေးဒေါ်တင်တင်ကတော့ ကျောက်ဆည်မှာ အဖိုးဆုံးတဲ့ အခွိန်တုန်းက တော်တော်ငယ်ပါသေးတယ်။ ဒေါ်လေးဒေါ်တင်တင်ဟာ ဒီနေ့အထိ အသက်(၈၀)ကျော် ကျန်းကျန်းမာမာနဲ့ ရန်ကုန်မှာ သူ့သားသမီးတွေနဲ့ နေနေတုန်းပါ။ အဖိုးလည်းဆုံးရော အမေကြီးဟာ ကလေး(၃)ယောက် နဲ့ ကျောက်ဆည်ကနေ ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာကို ပြန်ခဲ့ရပါတယ်။ အမေကြီးတို့ဟာ နန်းမျိုး၊ နန်းဆက်ဆိုတော့ တောင်ဘိုရွာတဝိုက်မှာလယ်တွေ ၈က ရာနဲ့ခွိုပြီးပိုင်တယ်။ စည်းကန်ကြီးဆိုတဲ့ ဆည်ကိုလည်း ပိုင်တယ်။ ထန်းတော၊ သရက်တောတွေလည်း အမေကြီးတို့မှာ အများကြီးရှိတယ်။ ရွာသားအားလုံးက အမေတို့ တစ်အိမ်သားလုံးကို ဘုရားထူးရပါတယ်။ ကျွန်တော့်အမေကြီးကို မင်းကတော်ကြီးလို့ခေါ်ရပြီး သူ့သားသမီးတွေဖြစ်တဲ့ ဦးမောင်မောင်၊ ကျွန်တော့် အမေဒေါ်ခင်ခင်နဲ့ သူ့ညီမ ဒေါ်တင်တင်တို့ အားလုံးကိုလည်း လူမမယ်ကလေးအရွယ်တွေဖြစ်ပေမယ့် ဘုရားထူးရပါတယ်။ အမေကြီးတို့ ခြံဝိုင်း ထဲကို ဧည့်သည်တွေဝင်ရင် ခြံစည်းရိုးအဝမှာ ဖိနပ်ချွတ်ထားခဲ့ရတာပါ။ အမေတို့ ခြံဝိုင်းထဲကို ရွာသားတွေ ဖိနပ်မစီးကြရပါဘူး။ ကျွန်တော်တို့ ငယ်ငယ ကျောင်းသားဘဝ ဝမ်းတွင်းအိမ်မှာနေတုန်းက ရွာကလူတွေ လာရင် ဝမ်းတွင်းမြို့က ကျွန်တောတို့ ခြံပေါက်ဝမှာ ဖိနပ်ချွတ်ထားခဲ့ကြရတာ မြင်ခဲ့ဘူးပါတယ်။ အမေတို့ကိုလည်း ရွာကလူတွေက မမလို့ပဲ ခေါ်ကြရတာ။ အပျိုရွယ်လေးတွေ ဖြစ်ပေမယ့်လို့ အမေ့ကို မမခင်၊ အမေ့ညီမကို မမတင်လို့ပဲ ခေါ်ကြရတာ။ ဒီလိုနဲ့ ယောကျ်ားဆုံးလို့ အမေကြီးဟာ ကျောက်ဆည်

ကနေ တောင်ဘိုရွာ ရောက်လာပေမယ် သူ့သားကြီး ပညာရေးကို မပျက်စေချင်ဘူးထင်ပါရဲ့။ တောင်ဘိုရွာကနေပြီး သူ့သားကြီး ဦးမောင်မောင်ကို မန္တလေးဝက်စလီ ကျောင်းမှာပဲ ဆက်ထားပါတယ်။ တောင်ဘိုရွာကနေ ကျွန်တော့်ဦးလေးကို မန္တလေးကျောင်းပို့မယ်ဆိုရင် ရွာကနေ လှည်းနဲ့ မိုင်ပေါင်း များစွာသွားပြီး ဝမ်းတွင်းနဲ့ကူမဲကြားမှာရှိတဲ့ သပြေတောင်းဆိုတဲ့ ရထားဘူတာရှိတဲ့ ရွာလေးကို လှည်းနဲ့လိုက်ပို့ရတယ်တဲ့။ တောင်ဘိုရွာနဲ့ သပြေတောင်းဆိုတာ ဘယ်လောက်ဝေးသလဲလို့ အတိအကျ မသိပေမယ့်လို့ တော်တော်လေးကို ဝေးပါတယ်။ (၁၀)မိုင်မကဘူးလို့ ပြောရပါမယ်။ လှည်းလမ်းပဲ ရှိတာပါ။ တောင်ဘိုရွာကနေ သပြေတောင်းကို လှည်းနဲ့သွားရင် (၅)နာရီလောက်ကြာပါတယ်။ အဲဒီလောက်တောင် ဒုက္ခခံပြီး အမေကြီး က သူ့သားကြီးကို ပညာတတစေချင်လွန်းလို့ ခက်ခက်ခဲခဲ ကျောင်းထားခဲ့ပါတယ်။ အမေတို့ ညီအစ်မ နှစ်ယောက်ကိုတော့ မိန်းကလေးတွေပဲဆိုပြီး စာဆက်မသင်ခိုင်းတော့ဘဲ အိမ်မှုကိစ္စပဲ လုပ်ခိုင်းပါတယ်။ ကျွန်တော့်ဦးလေးဟာ မန္တလေးမြို့က ဝက်စလီကျောင်းသားဆိုတော့ တောင်ဘိုရွာမှာ တကယ့်ကို မျက်နှာပန်းပွင့်ပြီး တော်တော်လေးကို စတိုင်နဲ့ နေခဲ့ပါတယ်။ ပြီးတော့ အစိုးရရဲဝန်ထောက်လုပ်ခဲ့တဲ့ အဖေရဲ့အရှိန်နဲ့ ဦးလေးမှာ နှစ်လုံးပြူးသေနတ်၊ လေသေနတ် အကုန် ရှိပါတယ်။ နွေရာသီကျောင်းပိတ်လို့ ပြန်လာရင် ရွာမှာ တောလိုက်ပြီး သမင်၊ ဂျီတွေ၊ ယုန်တွေ ရပါတယ်။ အဲဒီတုန်းကတော့ တောင်ဘိုရွာတဝိုက်မှာ တောအုပ်တွေကြီးပဲတဲ့။ တောကောင်တွေကလည်း အရမ်းပေါ တယ်တဲ့။ အခုလို လွင်တီးခေါင်ပြင်ကြီး မဟုတ်သေးဘူး။ ဦးလေးကတော့ တောင်ဘိုမှာ ကျောင်းပိတ် လို့ပြန်လာရင်းနဲ့ တောင်ဘိသူ ဒေါ်ခင်ကြည်ဆိုတာနဲ့ အိမ်ထောင်ကျပြီး (၁၀)တန်းနဲ့ ကျောင်းထွက် လိုက်ပါတယ်။ တက္ကသိုလ် ဆက်မတက်လိုက်ရတော့ပါဘူး။ ဦးလေးဟာ ဝက်စလီကျောင်းမှာ နေခဲ့တာဆိုတော့ နောင်တစ်ချိန် သူ ကုန်သွယ်ရေးမန်နေဂျာ လုပ်တဲ့အခါမှာ သူ့ရဲ့ကျောင်းနေဖက်တွေဟာ ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်၊ ဗိုလမှူးကြီး၊ ဗိုလ်ချုပ်တွေ ဖြစ်နေပါပြီ။ ကုန်သွယ်ရေးမန်နေဂျာ လုပ်ရင်းနဲ့ (၁၉၆၆) ခုနှစ်မှာ မိတ္ထလာခရိုင် တောင်ပုလုဆည်မှာ ရေကူးရင်း ရေနစ်ပြီး ဆုံးသွားခဲ့ပါတယ်။ အမေ့အကြောင်းပြောရမယ်ဆိုရင် အမေကတော့ တောင်ဘိုရွာကို ပြန်လာခဲ့လို့ (၇)တန်းနဲ့ စာဆက်မသင်ရပေမယ့်လို့ တော်တော်လေးကို ဉာဏ်ကောင်း တဲ့သူတစ်ယောက်လို့ ပြောရပါမယ်။ အစစအရာရာ သွက်လက်ချက်ချာပြီး ဖြတ်ထိုးဉာဏ်လည်း ရှိတယ်။ အမေဟာ စာသိပ်ဖတ်ပါတယ်။ ဘာစာမဆို ဖတ်ပါတယ်။ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း အကုန်လုံးသိပြီး ခေတ်မီအောင် လေ့လာပါတယ်။ အမေဟာ တောင်ဘိုရွာမှာနေရင်းနဲ့ ရဲသိပ္ပံဆပ်ကျောင်းဆင်းကာစ ရဲအုပ်ပေါက်စ ကျွန်တောအဖေ ဦးဘကြမ်းနဲ့တွေ့ပြီး အသက်(၁၇)နှစ်မှာ အိမ်ထောင်ကျခဲ့ပါတယ်။ အမေဟာ တော်တော်ကို ရုပ်ရည်ချောပါတယ်။ အသားကလည်း ဖြူဖွေးပြီး တကယ့်ကို ကျက်သရေ

လည်းရှိ၊ ရုပ်ချော၊ ဥစ္စာပေါလို့ပြောရမှာပေါ့။ အမေအငယ်တုန်းက ရိုက်ထားတဲ့ ဓါတ်ပုံတွေထဲမှာ ဘီးစပါတ်နဲ့ တော်တော်လေးကို ကျက်သရေရှိပါတယ်။ အဲဒီခေတ် အဲဒီအခြေအနေနဲ့ဆိုရင် အမေ့ရဲ့ အမေဖြစ်တဲ့ အမေကြီးတို့ဟာ တော်တော် လေး စီးပွါး ဥစ္စာ တောင့်တင်းတယ်လေ့ ပြောရမှာပေါ့။ မင်းမျိုး မင်းဆက်လည်းဖြစ်၊ ပိုင်တဲ့လယ်တွေ၊ မြေတွေကလည်း နည်းတာမဟုတ်၊ ပြီးတော့ ရဲဝန်ထောက်ကတော၊ တောင်ဘိုရွာမှာ ဆောက်ထားတဲ့ တိုက်ကြီးကလည်း နည်းတာကြီး မဟုတ်ဘူး။ တောင်ဘိုရွာကို ပတ်စီးတဲ့ ချောင်းရေတိုက်စားလို့ တိုက်ကြီးတစ်ခု လုံး ပြိုကျပျက်စီးသွားခဲ့ရတယ်။ ကျွန်တော်တို့ လူမှန်းသိတတ်စ တောင်ဘိုရွာကိုရောက်တော့ ချောင်းရေကြောင့် ပြိုကျသွားတဲ့ တိုက်နံရံကြီးတွေနဲ့ မီးဖိုချောင် တိုကဉတ်တိုတွေကိုပဲ တွေ့ရတော့တယ်။ အဲဒီ သဲချောင်းထဲမှာ လဲနေတဲ့ တိုက်နံရံကြီးတွေဟာ ရှေးအုတ်ကြီးတွေနဲ့တည်ထားပြီး နံရံဒုကြီးတွေက အဲဒီအုတ်ကြီးတွေနဲ့ တစ်လျှားနဲ့ တစ်ဝက်ရှိပါတယ်။ နည်းတဲ့ထုကြီး မဟုတ်ပါဘူး။ အဖေကလည်း အဲလို အမေက ရုပ်ချောတာကော၊ ဥစ္စာပေါတာကော အကြောင်းကြောင်းကြောင့် အမေ့ကို သဘောကျ၊ အမေကြီးတို့ကလည်း မုဆိုးမဖြစ်ပြီး သမီးပျိုနှစ်ယောကနဲ့ ရွာမှာနေရတာ သိမ်ငယ်နေတုန်း ရဲအုပ်ပေါက်စ ကျွန်တော့်အဖေကိုတွေ့တော့ သဘောကျပြီး အမေကြီးတို့ကပဲ စီစဉ်ပြီး လက်ထပ်ပေးလိုက်တာပါ။ အဲဒီလိုနဲ့ အိမ်ထောင်ကျပြီး အမေဟာ တောင်ဘိုရွာကနေ အဖေအလုပ်လုပ်တဲ့ ဝမ်းတွင်းမြို့ပေါ် ရောက်လာခဲ့ပါတယ်။ အမေဟာ မင်းကတော်လေးဆိုပြီး ဝမ်းတွင်းမြို့မှာ တော်တော်လေး ပေါ်ပြူလာ ဖြစ်ခဲ့ပါတယ်။ ဟိုအဖွဲ့အစည်း၊ ဒီအဖွဲ့အစည်း အသင်းအဖွဲ့ မျိုးစုံမှာပါပြီး တက်တက်ကြွကြွ အလုပ်လုပ်တယ်။ ရှေးတုန်းက (၇)တန်းဆိုတာ အင်္ဂလပ်စာကလည်း အတော်အသင့်တတ်တယ်ဆိုတော့ ပေါင်းသင်းဆက်ဆံရေး လူမှုရေးတွေမှာ ပိုပြီး အလုပ်ဖြစ်တာပေါ့။ အမေဟာ ဝမ်းတွင်းမြို့မှာ ဂျစ်ကား မောင်းပါတယ်။ တွေးကြည့်လိုက်စမ်းပါ။ ဒုတိယကမ္ဘာစစ် မဖြစ်မီကာလမှာ မြန်မာအမျိုးသမီးတစ်ယောက် ဝမ်းတွင်းလို တောမြို့မှာ ကားမောင်းတယ်ဆိုတာ တကယ့်ကို ခေတ်မီတယ်၊ ခေတ်သိပ်ဆန်တယ်လို့ ပြောရမှာပါ။ တစ်နေ့မှာ အမေမောင်းတဲ့ ဂျစ်ကားဟာ ရဲစခန်းထဲက အမေတို့နေရတဲ့ ခြေတံရှည်အိမ်က တိုင်တစ်တိုင်ကို ဝင်တိုက်လိုက်တော့မှ အမေဂျစ်ကားမောင်းတဲ့ ဇာတ်လမ်း ရပ်သွားပါတယ်။ အမေပြောတာကတော့ အဲဒီတုန်းက ဂျစ်ကားဝယ်တာ ကျပ် (၃၀၀၀) ပေးရတယ်တဲ့။ ဒါတောင် စျေးကြီးသွား တာတဲ့။ တိုင်ကိုတိုက်ပြီးတာနဲ့ ဂျစ်ကားကို ချက်ခြင်းပဲ (၂၅၀၀)နဲ့ ရောင်းပစ်လိုက်တယ်တဲ့။ အမေဟာ အဖေနဲ့လိုက်ပြီး ရဲအုပ်ကတော်၊ မင်းကတော်လုပ်ရတဲ့အခါမှာ သူအငယ်က သုံးစွဲလာခဲ့တဲ့ပုံစံမျိုး ပိုက်ဆံကို မသုံးနိုင်တော့တာကို တွေ့ရပါတယ်။ ပေါ်သမျှအဝတ် ကောင်းပေဆိုတာ ဝတ်၊ စားချင်သလိုစား၊ တပည့်အခြွေအရံတွေ ပေါင်းစုံနဲ့ နေလာခဲ့တာ အဖေနဲ့ နေရတော့

ဒုက္ခရောက်တော့တာပေါ့။ ကျွန်တော့်အဖေ ရဲဌာနအုပ်ကတော့ အရမ်းတိကျ စည်းကမ်းရှိတဲ့လူ၊ လာဘ်လာဘ တံစိုးလက်ဆောင်ဆိုတာ လုံးဝ မယူတဲ့လူဆိုတော့ ရဲလခကလွဲလို့ အပိုဝင်ငွေ လုံးဝ မရှိဘူး။ ရဲဌာနအုပ် လုပ်တာ လခက တစ်လကို ကျပ် (၃၀) ရတယ်တဲ့။ စားဖို့သောက်ဖို့တော့ လုံးဝကို လောက်လောက်ငင ပိုပိုလျှံလျှံပဲ။ ဒါပေမယ့် အမေသုံးချင်တဲ့ အတိုင်းအတာကို လုံးဝ မမီဘူး ဖြစ်နေတာပေါ့။ အမေကြီးတို့ကတော့ အမေ့ကို လက်ထပ်ပြီးတာနဲ့ စိန်တစ်ဆင်စာ စိန်လက်ကောက်၊ စိန်ဘယက်၊ စိန်လက်စွပ်၊ ပြီးတော့လည်း ငွေဒင်္ဂါးကို ပြည်တောင်းတွေနဲ့ အပြည့် ပေးလိုက်တာ။ ကျွန်တော်တို့ အငယ်က ဝမ်းတွင်းကအိမ်မှာ ရတနာပုံ ဒေါင်းဒင်္ဂါးတွေ အများကြီးတွေ့ခဲ့ဘူးပါတယ်။ ဒီပြင်လည်း အမေ့ကို အမေကြီးတို့ ပေးလိုက်တာတွေက ရွှေထည်၊ ငွေထည်ပစ္စည်းက အများကြီး၊ အဲတော့ အဖေရဲ့ လစာနဲ့သုံးနေရတဲ့ အမေဟာ ရဲစခန်းထဲမှာ ဖောဖောသီသီမသုံးပဲနေရတော့ မနေတတ်၊ မထိုင်တတ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းတွေ ထလုပ်တော့တာပဲ။ ဝါတွေ ဝယ်တယ်၊ လှော်တယ်၊ ရောင်းတယ်ပေါ့။ စပါး၊ ပဲ၊ ငရုပ်၊ အလှမ်းပေးလုပ်တယ်။ အလှမ်းပေးဆိုတာက ငွေကြိုထုတ် ပေးထားပြီး သီးနှံပေါ်တော့မှ သးနှံကို သိမ်းတာ။ အမေလုပ်ငန်းက တော်တော်လေးကို စီးပွားဖြစ်ပါတယ်။ ဒါကြောင့် အမေ ပြောလေ့ရှိတာက "မင်းတို့တတွေ တက္ကသိုလ်ရောက်၊ ကျောင်းစာတွေ မပူမပင် သင်ရတာဟာ မင်းအဖေ လခနဲ့မဟုတ်ဘူး။ ငါ့စီးပွားရေးကြောင့်"တဲ့။ ဟတ်လည်းဟုတ်ပါတယ်။ ကျွန်တော်တို့အငယ်မှာ အမေ စီးပွားရေးမျိုးစုံ လုပ်နေတာကို တွေ့မြင်ရပါပြီ။မရှက်တမ်း ဝန်ခံပြီး အမှန်တွေကို ထုတ်ပြောရမယ်ဆိုရင်တော့ စီးပွားရေးတွေလုပ်လာပြီးတဲ့ နောက်ပိုင်းမှာ အမေဟာ အပေါင်ခံတာလည်း လုပ်လာတယ်။ ရွာကလူတွေ လာပြီးပေါင်တဲ့ ရွှေထည်၊ လက်ဝတ်ရတနာတွေကို (၂)ကျပ်တိုးနဲ့ အပေါင်ခံပါတယ်။ စာရင်းစာအုပ်ကြီးကလည်း အကြီးကြီး။ အပေါင်ခံတဲ့ပစည်း အထုတ်လေးတွေကလည်း အများကြီးပဲ။ ပစ္စည်းထုတ်တဲ့ စာရွက်ပေါ်မှာ ပေါင်တဲ့ လူ နာမည်၊ ပစ္စည်း အလေးချိန်၊ ပေါင်တဲ့နေ့တွေ ရေးပါတယ်။ ဒီလို အိမ်မှာ အပေါင်ခံတာဟာ တရားမဝင်ဘူးလို့တော့ အဖေကပြောပါတယ်။ ဒါပေမယ့်လည်း အဖေဟာ အမေလုပ်နေတာတွေကို ဘာမှတော့ သိပ်ဝင်မပြောပါဘူး။ အမေဟာ အဲလို ဝမ်းတွင်းမြို့နေတုန်းမှာ အပေါင်ခံလုပ်ငန်းစလိုက်တာ၊ နောက်ပိုင်းမှာ အဖေ အလုပ်ပြောင်းလို့ ဘယ်ရောက်ရောက်၊ ရောက်တဲ့မြို့မှာ အမေဟာ အပေါင်ခံတာ လုပ်ပါတယ်။ ပြီးတော့ ဘယ်မြို့ကို ရောက်နေနေ၊ နှစ်စဉ်အမေဟာ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ အားလုံးကိုခေါ်ပြီး နွေကျောင်းပိတ်ရင် အညာကို ပြန်ပါတယ်။ ဝမ်းတွင်းမြို့မှာ နွေကျောင်းပိတ်တဲ့ (၂)လလုံးနေပြီး ဝမ်းတွင်းမြို့နဲ့ တောင်ဘိုရွာတဝိုက်က လူတွေဆီက အပေါင်ခံထားတဲ့ စာရင်းတွေကို ရှင်းတော့တာပဲ။ ပြီးတော့ အလှမ်းပေးထားတဲ့ စပါး၊ ငရုပ်စာရင်းတွေ ရှင်းတယ်။ စည်းကန်ဆည်က ရေဝေရေလဲလုပ်တာတွေ

ခေါ်မေးတယ်။ သရက်ခြံနဲ့ ထန်းတော အခြေအနေတွေပေါ်မူတည်ပြီး တစ်နှစ်စာ ပုတ်ပြတ်ခူးရောင်းဖို့ စီစဉ်တယ်။ အမေ အလုပ်လုပ်တာ ဟာ အံ့မခန်းပါ။ အချက်အပြုတ်ကလည်း အရမ်းကောင်းတယ်။ အမေချက်တဲ့ဟင်းတွေဟာ သိပ်စားလို့ ကောင်းပါတယ်။ အိမ်မှာခေါ်ထားတဲ့ ကောင်မလေးတွေ၊ ကူလုပ်ပေးမယ့် ရဲသားမိန်းမတွေ ရှိပေမယ့်လည်း မီးဖိုချောင်ကိုတော့ ကိုယ်တိုင်ဝင်ရမှ ကြိုက်ပါတယ်။ မနက်တစ်ခါ၊ ညတစ်ခါ ဈေးလိုက်ပါတယ်။ လတ်လတ်ဆတ်ဆတ်မှပဲ စားတယ်။ ရေခဲသေတ္တာ မရှိတဲ့ခေတ်လေ။ သူ့ဘာသာသူ စီးပွားရေးတွေ လုပ်နေပေမယ့် ယောကျ်ားအတွက်၊ သားသမီးတွေ အတက် တာဝန်လုံးဝမလစ်ဟင်းစေရပါဘူး။ ကျွန်တော်တို့တတွေကို ရေကိုယ်တိုင်ချိုးပေးတယ်။ ရေချိုးပြီးရင် ကျွန်တော်တို့ကို သနပ်ခါး ခြေဆုံး၊ ခေါင်းဆုံးလိမ်းပေးတယ်။ ကျွန်တော် (၇)တန်း ရောက်တော့မှ အလိမ်းမခံတော့လို့ အမေသနပ်ခါးလိမ်းပေးတာကို လက်လျှော့သွားတာပါ။ အမေကိုကြည့်ရတာဟာ အငယ်တုန်းက ကြော့နေအောင်နေခဲ့၊ အကောင်းဆုံးစား၊ အကောင်းဆုံး ခေတ်ပေါ်မှန်သမျှ ဝတ်စားနေခဲ့ပေမယ့် သားသမီးတွေရလာတော့ သူ့အတွက် ဘာမှ စဉ်းစားပုံ မပေါ်တော့ပါဘူး။ သူ့သားသမီးတွေအတွက် အားလုံးအနစ်နာခံပြီး သူ့ကိုယ်ကျိုးစွန့် သူ့ရဲ့ဘဝ တစ်ခုလုံးကို အနစ်နာခံ ပေးဆပ်သွားတယ်လို့ ပြောရမှာပါ။ အမေဟာ အဖေ့ထက် ကျွန်တော်တို့ကို ပိုချစ်တယ်လို့ ထင်ပါတယ်။ သူ့ဘဝမှာ သူ့သားသမီးတွေအတွက်ပဲ သူသိတယ်။ ကျန်တာ ဘာမှသိပ်တွက်ပုံ မပေါ်ဘူး။ သူ့ကိုယ်သူထက်တောင် ကျွန်တော်တို့ကို ပိုချစ်ပုံပေါ်ပါတယ်။ တကယ့်ကို မိခင်စိတ် အပြည့်ရှိတဲ့ အမေပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ကျွန်တော့်အမေ ဒေါ်ခင်ခင်

၂၈-၃-၂၀၀၆

အမေနဲ့ကျွန်တော် (အပိုင်း ၃)

အဖေနဲ့ကျွန်တော် ဆောင်းပါးတုန်းကတော့ ကလျာမဂ္ဂဇင်းထဲမှာ တစ်လပဲ ရေးပြီး အမေနဲ့ ကျွန်တော်စီးရီးမှာ ကျွန်တော် အပိုင်း(၃)အထိ ဆက်ရေးနေမိပါတယ်။ ဘာလို့လဲဆိုတော့ အဖေက ကျွန်တော် အသက်(၃၀)ကျော်လောက်မှာ ဆုံးသွားပြီး အမေကတော့ ကျွန်တော် အသက်(၅၀) ကျော်မှ ဆုံးတာကိုး။ အဲဒီတော့ အဖေနဲ့စာရင် အမေက ကျွန်တော်နဲ့ အနှစ် (၂၀) လောက် ပိုတွေ့ရပြီး၊ အမေနဲ့ ပိုပြီးစကားပြောဖြစ်ခဲ့တယ်။ အမေပြောတာတွေ နားထောင်ဖို့ အချိန်ပိုပေးနိုင်ခဲ့ပါတယ်။ အမေနဲ့ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီးပိုနေမိပြီး အမေ့အကြောင်း၊ အမေ့မျိုးဆကတွေကို ပိုသိခဲ့ရတယ်။ ကျွန်တော် (၇)တန်းမှာ အဖေပင်စင်ယူပါတယ်။ အဲဒီတော့ (၈)တန်း၊ (၉)တန်း နှစ်နှစ်လောက် အဖေနဲ့အတူ လက်ပွန်းတတေးနေလိုက်ရတယ်။ ဆယ်တန်း ရောက်တော့ ဝမ်းတွင်းမြို့မှာ ဆယ်တန်းကျောင်းသား နှစ်ဆယ်မပြည့်လို့ ဆယ်တန်း မဖွင့်နိုင်ဘူး။ အဖေရဲဝန်ထောက်ပင်စင်ယူတော့မှ အဖေက ဝမ်းတွင်းမြို့နယ် ဆယ်တန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌလုပ်ပြီး ဆယ်တန်းရှိဖို့ ကြိုးစားရတာ။ ကျွန်တော်တို့ခေတ်မှာ ဆယ်တန်းမရှိတော့ မိတ္ထီလာ အမှတ်(၁)အ. ထ. ကမှာ ဆယ်တန်းသွားတက်ရတယ်။ ကျောင်းသွားနေရတယ်။ မိတ္ထီလာက ဆယ်တန်းအောင်ပြီးတဲ့အခါ မန္တလေး ဆေးတက္ကသိုလ်မှာ ဆေးကျောင်း(၇)နှစ် သွားတက်လိုက်တော့ အဖေနဲ့ သိပ်နေချိန်မရလိုက်ဘူးပေါ့။ ကျောင်းပိတ်လို့ ပြန်လာတုန်း ခဏတဖြုတ်ပဲ စကားစမြည်ပြောဖြစ်တာပေါ့။ ဆေးကျောင်းပြီးလို့ ဘွဲ့ရပြီး ဆရာဝန်ဖြစ်တော့ မန္တလေးဆေးရုံကြီးမှာ အလုပ်ဝင်တယ်။ အဲဒီတော့လည်း အဖေက ဝမ်းတွင်းမှာပဲနေတာဆိုတော့ အဖေနဲ့ ထပဝေးသွားတာပေါ့။ အလုပ်ဝင်ပြီးတော့ သိပ်မကြာခင်မှာ ဆေးပညာမဟာသိပ္ပံ သင်တန်းစတက်၊ နှစ်နှစ်ကြာလို့ မဟာသိပ္ပံဘွဲ့ရတော့ ဖောင်ကြီးသင်တန်းတက်၊ အဲဒါပြီးတော့ UK နိုင်ငံကို ဘွဲ့လွန်သင်တန်းသွားဖို့ စာမေးပွဲ ဆက်ဖြေ၊ အရွေးခံရတာနဲ့ ရန်ကုန်မှာ (၂)နှစ်လောက် သင်တန်းတက်ဆိုတော့ အဖေနဲ့ကျွန်တော် ဝေးသည်ထက် ဝေးတာပေါ့။ အဲဒီလို ကျွန်တော် ရန်ကုန်မှာ နိုင်ငံခြားသွားဖို့ ပြင်ဆင်နေတုန်း အဖေဆုံးတာပါ။ ကျွန်တော့်မှာ ရုန်းကန်လှုပရှားပြီး ဘဝအခြေခိုင်အောင် လုပ်နေရတဲ့အချိန်၊ တအားကြိုးပမ်းနေရတဲ့အချိန်မှာ အဖေ ဆုံးတာပါ။ အဖေနဲ့ အချိန်ယူပြီး စကားမပြောမိဘူး။ အဖေပြောတာတွေ နားထောင်ဖို့ အချိန်မပေးနိုင်ခဲ့ဘူး။ အခု တွေးမိတိုင်း၊ တွေးမိတိုင်း ကျွန်တော်ဟာ ယူကြုံးမရဖြစ်ရတယ်။ အဖေဟာ အကောင်းသိပ်ကြိုက်တာပါ။ အစား၊ အဝတ်၊ အနေအထိုင်၊ အကုန်လုံးကောင်းမှ အင်္ဂလန်ကလာမှ ကြိုက်ပါတယ်။ ကျွန်တော် ဆရာဝန်ဖြစ်ပြီး အဖေ့ကို

ငွေရေးကြေးရေး အပူအပင်မရှိအောင်၊ သက်တောင့်သက်သာ နေနိုင် စားနိုင်အောင် ထားပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လူပ်ရှားကြိုးပမ်းနေတဲ့ ဆရာဝန်ပေါက်စတစ်ယောက် ကျွန်တော်ဟာ အဖေ့အလို၊ အဖေ့အကြိုက်တွေကို သူ့စိတ်တိုင်းကျအောင်တော့ မဖြည့်ဆီးပေးနိုင်ခဲ့ပါဘူး။ အဲဒီလို သေချာမပြုစုဂရုမစိုက်နိုင်ခဲ့ဘဲနဲ့ အဖေကို ဆုံးရှုံးခဲ့ရပြီး မကြာခင်မှာပဲ ကျွန်တော် UK နိုင်ငံကို ပညာသင်သွားခဲ့ရပါတယ်။ အမေဟာ သူ့ဘဝတစ်လျှောက်လုံးမှာ သားသမီးတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းတိုးတက်အောင်မြင်ရေးတွေကိုပဲ အလေးထားပြီး တစိုက်မတ်မတ် လုပ်ခဲ့တဲ့သူတစ်ယောက်ပါ။ အဲလို အမေတစ်ယောက်ကို ထားခဲ့ရပြီး (၂)နှစ်ကြာ နိုင်ငံခြားကိုသွားခဲ့ရတော့ စိတ်ထဲမှာ တော်တော်လေးကို ခံစားရပါတယ်။ အမေနဲ့ပတ်သက်လို့ ကျွန်တော် မမေ့နိုင်တဲ့ ဖြစ်ရပ်တွေက အများကြီးရှိပါတယ်။ အဖေပင်စင်ယူလိုက်တဲ့အချိန်မှာ ကျွန်တော့် အစ်ကိုအကြီးဆုံးနဲ့ အစ်ကိုအငယ်တို့ဟာ တက္ကသိုလ်မာပညာသင်နေပါတယ်။ ကျန်တဲ့ကျွန်တော်တို့ ညီအစ်ကို မောင်နှမ (၅)ယောက်ဟာ အငယ်လေးတွေပဲရှိသေးတယ်။ အဖေပင်စင်ယူလိုက်တော့ အာဏာပါဝါ စီးပွားလာဘ်လာဘ မရှိတော့ဘူးပေါ့။ အဖေအစိုးရအလုပ် မလုပ်တော့ဘူးဆိုတော့ အမေရဲ့စီးပွားရေးကလည်း သိပ်ဟုတ်တိပတ်တိ မရှိတော့ဘူး။ အမေရဲ့ ရွာဖြစ်တဲ့ ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာ တဝိုက်မှာတော့ လယ်တွေ၊ ယာတွေ၊ ထန်းတော၊ သရက်တောတွေနဲ့ ကိုယ်ပိုင်ဆည် တွေရှိသေးတော့ တစ်နှစ်စာစားဖို့ ဆန်စပါး၊ ပဲ၊ ငရုတ်သီးနဲ့ဆီကတော့ မပူမပင်ရပါဘူး။ ဆီကလည်း နှစ်ပေါက်စာ ရာဝင်အိုးကြီးတွေနဲ့။ စပါး၊ ငရုတ်၊ ပဲတွေကို အမေ အလှနးပေးလုပထားတာလေးတွေနဲ့ဆိုတော့ စားရေး သောက်ရေးကတော့ ချောင်ချောင်လည်လည်ပါ။ နေဖို့ရာကလည်း အမေအမွေရထားတဲ့ မြေကွက်မှာ (၁၉၅၈)ခုနှစ်က အမေကိယ်တိုင်ဦးစီးပြီး ဆောက်ထားတဲ့တိုက်ရှိပါတယ်။ အမေဟာ အရမ်းထက်တဲ့သူဆိုတော့ ကျောင်းစာ (၇)တန်းပဲအောင်ပေမယ့် အပြောအဆို၊ အတွေးအခေါ်ဟာ တောတော်လေးကို ခေတ ရှေ့ပြေးပြီး လည်လည်ပတ်ပတ်ရှိပါတယ်။ (၇)တန်းအောင် အမေဟာ (၁၉၃၀)ခုနှစ် တက္ကသိုလ် ဒုတိယနှစ်အောင်ပြီးသား ဟိုတုန်းကအခေါ် အင်တာအောင်တဲ့အဖေကို ဘဝတစ်လျှောက်လုံးမှာ တော်တော်လေး အထောက်အကူပြုခဲ့တယ်။ တစ်နည်းပြောရရင် အမေဟာ အဖေ့ဘဝကို အဓိက လွှမ်းမိုးခဲ့သူတစ်ယောက်ပါ။ အဖေပင်စင်ယူဖို့ (၅)နှစ်လောက်အလိုမှာ "ရှင် ပင်စင်ယူရင် ဘယ်လို နေမလဲ" လို့မေးတယ်တဲ့။ အဖေကတော့ လူအေးသမားဆိုတော့ "တော်သလို ကြည့်နေကြတာပေါ့ကွာ၊ ဘာမှမရှိလည်း ဒို့ ဝါးတဲကြီးထိုးနေကြတာပေါ့" လို့ ပြန်ပြောတယ်လို့ အမေက အမြဲပြောတယ်။ အဖေကလည်း သူ အဲဒီလို လုံးဝမပြောပါဘူးလို့ ပြောတယ်။ ဘာပဲပြောပြော အဖေပင်စင်ယူဖို့

(၅)နှစ်အလိုမှာ အမေဟာ ပင်စင်ယူပြီးရင်ဘယ်လို နေထိုင်ရမယ်၊ အခြေချရမယ် ဆိုတာ စဉ်းစားပြီး စလုပ်ရှားတယ်။ သူ့မှာစုထားတဲ့ ပိုက်ဆံ (၂)သောင်းကျော်နဲ့ တိုက်ဆောက်ဖို့ စစီစဉ်တယ်။ ဝမ်းတွင်းမြို့ရဲစခန်း အနောက်ဘက်မှာ အမေကြီး (အမေ့အမေ) ရဲ့မြေကွက်မှာ ဆောက်ထားတဲ့ (၂)ထပ်သစ်သားအိမ်လေး ရှိတယ်။ (၁၉၅၆)ခုနှစ် ဝမ်းတွင်းမြို့ မီးအကြီးအကျယ် လောင်တော့ ဘေးပတ်ဝန်းကျင်အိမ်အားလုံး မီးလောင်သွားပေမယ့် အမေကြီးရဲ့ ပျဉ်ထောင်အိမ်က မီးထဲပါမသွားဘူး။ အညာအခေါ် "မီးကွင်း" တယ်ပေါ့။ အမေကြီး၊ အမေနဲ့အမျိုးအားလုံးပြောတာကတော့ အိမ်မှာ ဒကွိဏ္ဍာသာခါဘုရားရုပ်ထုတော် ရှိလို့တဲ့၊ အဲဒီဘုရားဟာ မျိုးရိုးအစဉ်အဆက်ကိုးကွယ် လာတာပါတဲ့။ ဥာဏ်တော် အမြင့်လေးလက်မလောက်ရှိပါတယ်။ နဂိုကတည်းက ပလင်ပါ ပါလာပါတယ်။ ရုပ်ထုတော်ရဲ့ အောက်ခြေမှာ ငါးရံ့ပုံတွေလည်းပါတယ်။ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေ ဗုံးကြဲတော့ တောင်ဘိုရွာတစ်ရွာလုံးနီးပါး မီးလောင်တာ အမေကြီးတို့ တိုက် ကျန်ခဲ့တယ်တဲ့။ အဲဒါလည်း ဒီ ဒကွိဏ္ဍာသာခါဘုရားရုပ်ထုတော်ကြောင့်လို့ ယူဆတယ်။ ဒီရုပ်ထုတော်ဟာ ဘယ်က ဘယ်လိုရပြီး ဘိုးစဉ်ဘောင်ဆက်ကိုးကွယ်လာရတယ်ဆိုတာတော့ သေချာမသိဘူး။ ဒါပေမယ့် အမေရဲ့အမေ၊ အမေကြီးလက်ထက်ကတည်းက ကိုးကွယ်လာခဲ့တာ မျိုးဆက် (၃)ဆက်ရှိ သွားပြီပေါ့။ ဆိုလိုတာက နှစ်ပေါင်း (၁၀၀)ကျော် ကျွန်တော်တို့မျိုးဆက်တွေ ကိုးကွယ်လာခဲ့တာပါ။ တန်ခိုးအရမ်းကြီးတဲ့ ရုပ်ထုတော်ပါ။ အမေတို့ ဂျပန်ခေတ်စစ်ပြေးတော့ ဂျစ်ကားပေါ်မှာ အဲဒီ ဘုရားရုပ်ထုတော်တင်ပြီး ပငလာတာ ဂျစ်ကားဟာ ခဏနေရင်း ရပ်သွားပြန်ရင်း၊ စက်ပြန်နိုးပြီး မောင်းလို့ရရင် လည်းခဏပဲ၊ အင်ဂျင်ကရပ်သွားပြန်ရော။ ဒါနဲ့အားလုံး စိတ်မော၊ စိတ်ရှုပ်နေတုန်းမှာ ဘုရားရုပ်ထုတော် ပင့်လာမိတာကို သတိရပြီး ကားပေါ်မှာ မကောင်းတာ ဘာတွေပါသလဲလို့ ကြည့်လိုက်တော့ အရကပုလင်းတွေ ပါနေတယ်တဲ့။ ဒါနဲ့ အရက်ပုလင်းတွေကို လွင့်ပစ်လိုက်တော့မှပဲ ကားဟာ လျှောလျှော ရှူရှူစက်နိုးလို့ရပြီး ခရီးဆက်သွားလို့ရတယ်တဲ့။ ကျွန်တော်တို့ အငယ်ကတည်းက နှစ်ဆန်းတစ်ရက်နေ့ဆိုရင် အဲဒီဘုရားရုပ်ထုတော်ကို ရေသပ္ပါယ်ပြီး ဌက်ပျော်သီးနဲ့မံပြီး ရေချရပါတယ်။ အမေတို့အငယ် တောင်ဘိုရာမှာ အခုခေတ်လို ကပ်တဲ့ ရွှေဆိုင်းတွေ ရှိဟန်မတူပါဘူး။ တောမှာ ဌက်ပျော်သီးနဲ့ ရုပ်ထုတော်ကို လူးပြီး ရွှေချတဲ့ အကျင့်နဲ့ တူပါတယ်။ မှတ်သားထားရမယ့် အညာတောခလေ့ ရွှေချနည်းပါ။ ရွှေချပြီးတော့မှ အမွေးနုံသာ နဲ့ ဖျန်းရပါတယ်။ အဲဒီလို ညီအစ်ကိုမောင်နှမတွေ ဝိုင်းဝန်းပြီး ဘုရားရုပ်ထုတော်ကို ပူဇော်ကန်တော့တဲ့ အချိန်တိုင်းမှာ အမေဟာ ဒီရုပ်ထုတော်ရဲ့တန်ခိုးစွမ်းပကားတွေကို ဂုဏ်တောဖွဲ့ပြီး ချီးမွမ်းစကားပြောလေ့ရှိပါတယ်။ အငယ်တုန်းက အမေဆီကကြားခဲ့ရတဲ့ အဲဒီ ဂုဏ်တော်တွေကို မှတ်မိသရွေ့ ကျွန်တော် ပြောနေတာပါ။ တခြားစီးပွားလာဘ်လာဘ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘုရားရုပ်ထုတော်ရဲ့

စောင့်ရှောက်မှု တန်ခိုးဂုဏ်တော်တွေလည်း အများကြီး အမေပြောခဲ့ပါသေးတယ်။ အမေဟာ သူရောက်လေရာအရပ်မှာ အဲဒီရုပ်ထုတော်ကို အတူပင့်ဆောင်ကိုးကွယ်ခဲ့တာပါ။ အမေဆုံးမှ ကျွန်တော့်ညီမအငယ်ကသူ့အိမ်ကို ပင့်သွားတာပါ။ အခုတော့ ဒီဘုရားရုပ်ထုကို ကျွန်တော့်ညီမအငယ် ဒေါ်အေးအေးခိုင်နဲ့ သူ့အမျိုးသား ဦးကျော်ဉာဏ်ထွန်းတို့က အမှတ် (၂၀)ရွှေတောင်တန်းလမ်း၊ (၄)လွှာ၊ သူတို့အခန်းမှာ ကိုးကွယ် ထားပါတယ်။ ဒါ ကြုံလို့ တန်ခိုးကြီးဘုရားရုပ်ထုတော်ကို ပူဇော်တဲ့အနေနဲ့ တန်ခိုးတော်တွေကို ဆောင်းပါးထဲမှာ ထည့်ရေးရတာပါ။

ခုနက အမေအိမ်ဆောက်တဲ့အကြောင်းပြန်ပြောရရင် အဲဒီပြောခဲ့တဲ့ မီးကွင်းပြီး ကျန်ခဲ့တဲ့ ဝမ်းတွင်းမြို့က အမေကြီးရဲ့ သစ်သား (၂)ထပ်အိမ်လေးကို ဖျက်ပြီး သူ တိုက်ဆောက်ချင်တယ်ပြောတော့ အမေကြီးကလည်း အလွယ်တကူပဲ "ခင်ခင်ဆောက်လေ"လို့ပြောတယ်။ အမေကြီးဟာ သူ့သားသမီးတွေကို "မောင်မောင်" "ခင်ခင" "တင်တင်" လို့နာမည်ပေးခဲ့ပြီး ခေါ်တော့လည်း အဲဒီလိုပဲ ခေါ်ပါတယ်။ ဒါနဲ့ အမေတိုက်ဆောက်ဖို့ စစဉ်းစားတော့ ရန်ကုန်ဦးဝိစာရလမ်းတလျှောက်မှာ မြင်ခဲ့ရတဲ့ (၂)ထပ်တိုက်တွေကို သဘောကျတယ်။ "ရိုးရိုးရှင်းရှင်း(၂)ထပ်တိုက် ရှေ့မှာဝရန်တာနဲ့ခေါင်မိုး လေးဘက်ထောင့်ချိုး၊ အမြင့်ကြီးတွေနဲ့ ဘိုဆန်တယ်" လို့ သူကပြောပါတယ်။ ကြီးလာလို့ ကျွန်တော် သိတတ်တဲ့အရွယ်မှာ အမေပြောတဲ့ ဦးဝိစာရလမ်းက (၂)ထပ်တိုက်ကြီးတွေကို လိုက်ကြည့်တော့ တကယ့် ဗြိတိသျှ ကိုလိုနီခေတ် အဆောက်အဦးပုံစံကြီးတွေပါ။ အင်္ဂလိပ်လိုတော့ (Colonial Houses) တွေပေါ့။ ခရိုင်တွေမှာ ခရိုင်ဝန်၊ ခရိုင်ဆရာဝန်ကြီး စတဲ့ ခရိုင်အဆင့် အကြီးတန်း အစိုးရဝန်ထမ်းတွေ နေဖို့ အင်္ဂလိပ်အစိုးရက ဆောက်ပေးတဲ့ အိမ်ကြီးတွေနဲ့ ခပ်ဆင်ဆင်ပေါ့။ လေးထောင့်ကျကျ (၂)ထပ် မျက်နှာကြက်အမြင့်ကြီးတွေနဲ့ ခေါင်မိုး အမြင့် လေးဘက်ချ၊ အပေါ်ထပ်ထွက်လိုက်ရင် ဝရန်တာဆိုတာ ရှိတယ်။ အဲဒီပုံမျိုး တိုက်ကို အမေကဆောက်ချင်တယ်တဲ့။ ဒါနဲ့ပဲ တောင်ဘိုရွာက အတော်ဆုံး လက်သမားဆရာကြီး ဆရာပုဆိုတာကို ခေါ်လာပြီးတော့ သူလိုချင်တဲ့ ပုံစံကိုပြောတယ်။ ဒါနဲ့ လက်ခတွေဘာတွေ စျေးညှိကြပြီး စကားတည့်သွားကြတယ်။ (၆)လအတွင်း အပြီးဆောက်မယ်တဲ့။ လက်သမားဆရာ ဆရာပုဟာ ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာတစ်ဝိုကမှာ တကယ်နာမည်ကြီးပါ။ ဘုန်းကြီးကျောင်း၊ ဘုရားသိမ်၊ အိမ်ကြီးရခိုင်မှန်သမျှ သူနဲ့ သူ့အဖွဲ့ဆောက်တာပါ။ အဲဒီခေတ်က နာမည်ကြီးတဲ့ လူဆို ရှေ့က ဆရာဆိုတာ ထည့်ခေါ်တယ်ထင်ပါရဲ့။ အဲဒီတုန်းက ကျွန်တော်က (၄)တန်းပါ။ အမေ တိုက်ဆောက်မယ်ဆိုတော့ အဖေ့ကို အင်းစိန် CID မှာထားခဲ့ပြီး အမေနဲ့ ကျွန်တော်တို့ ညီအစ်ကိုတွေ ဝမ်းတွင်းကိုပြောင်းပြီး (၁)နှစ်နေရပါတယ်။ ကျွန်တော်ကတော့

ဝမ်းတွင်းမြို့အစိုးရ မူလတန်းကျောင်း မှာနေပါတယ်။ တိုက်ဆောက်နေတုန်းကာလမှာ အမေ့အစ်ကို ဦးမောင်မောင်ပိုင်တဲ့ ဝါး၊ ထရံ သက်ကယ်မိုးအိမ်လေးမှာ (၁)နှစ်သွားနေရပါတယ်။ အဲဒီ ဝါးအိမ်လေးဟာ အမေတိုက်ဆောက်တဲ့ နေရာနဲ့သိပ်မဝေးပါဘူး။ ကျွန်တော့်တို့တတွေကို ရေမိုးခိုး၊ ကျောင်းကိုလွှတ်လိုက်ပြီးတာနဲ့ အမေဟာ တိုက်ဆောက်တဲ့နေရာကိုသွားပြီး ကိုယ်တိုင်ကြီးကြပ်ပါတယ်။ စဉ်းစားကြည့်မယ်ဆိုရင် (၁၉၅၈)ခုနှစ် လောက်မှာ အသက် (၄၀)လောက်ပဲရှိတဲ့အမေဟာ တိုက်ဆောက်တာ တစ်ခုလုံးပြီးတဲ့အထိ ပန်းရံ၊ လက်သမား၊ သစ်၀ါး၊ ဘိလပ်မြေ အားလုံးကို ထိန်းတာ။ မိသားစု၊ သားသမီးတွေ နေရေး၊ စားရေး၊ ပညာရေးလည်း မလစ်ဟင်းစေရဘူး။ အာဂအမေပါ။ မြန်မာလက်သမားတွေ အိမ်တွေ၊ တိုက်တွေ ဘယ်လို ဆောက်ကြသလဆိုတာ နားမလည်နိုင်စရာပါ။ အံ့မခန်းလည်း ဖြစ်လောက်ပါတယ်။ ဘာလို့လဲဆိုတော့ ဘာမြေပုံ၊ ဘာဘလူးပရင့် (Blue Print)မှ မပါဘူး။ ပေကြိုးတစ်ချောင်းနဲ့ ခဲတံလေး နားရွက်ကြားမှာ ညှပ်ပြီး တိုက်တစ်လုံးကို ဆောက်တော့တာပဲ။ ပန်းရန်အဖွဲ့ကတော့ ဝမ်းတွင်းက နာမည်ကြီး ဆရာဟိန်အဖွဲ့ကိုပဲ သုံးတယ်။ အမေ ပြောတာကတော့ တိုက်ဆောက်တာမှာ လက်သမား အဓိကပဲတဲ့။ ဒါကြောင့် သူ့စိတ်ကြိုက် ရွာက အတော်ဆုံးလက်သမားဆရာကို ခေါ်လာတာတဲ့။ ကျွန်တော် တွေ့သမျှကို ပြန်စဉ်းစားကြည့်တော့လည်း အမေပြောတာဟုတ်တယ်။ လက်သမားက အဓိကပဲ။ သူက ခေါင်းဆောင်ပြီး ပန်းရန် ကို ခိုင်းသွားတာ။ လက်သမားကို ခေါင်းဆောင်တာတော့ အမေပဲ။ အမေက တိုက်က မီးကင်း ရန်ကင်းအောင် အုတ်ကို တစ်လျှား၊ တစ်နံ ဆောက်ချင်တယ်။ ကျွန်းတိုင်ကြီးတွေကို (၁၀)ပေပတ်လည် သုံးမယ်။ အမိုးက ဒင်းလွှားကို ပျဉ်းကတိုး၊ ကမဲက ဘယ်သစ်ဆိုင်က သွားဝယ်၊ အမေပဲညွှန်ကြားတယ်။ ကြမ်းခင်းကို ပျဉ်းကတိုး လျှာထိုးကို သုံးတယ်၊ အေးအောင်လို့တဲ့။ ကျွန်းကို ကြမ်းခင်းထားရင် အရမ်းပူတယ်တဲ့။ တိုက်ပြီးတဲ့အခါ အဲဒါ တကယ်ကို ဟုတ်တယ်ဆိုတာ လက်တွေ့ သိရပါတယ်။ နွေရာသီ ပူကျက်နေတဲ့အရပ် ပျဉ်းကတိုးအခင်းအေးအေးလေးပေါ်မှာ အိပ်လိုက်ရတာ သိပ်ကို ဇိမ်ကျပါတယ်။ ပြူတင်းပေါက်အားလုံးကို ကျွန်းနဲ့သုံးတယ်။ အညာမှာ ရေရှားတအတွက် အိမ်နောက်မှာ မိုးရေလှောင်ကန် ထည့်တယ်။ အမိုးပတ်ချာလည် ရေတလျှောက်တွေကို ပိုက်ဆက်ထားပြီး ကန်ထဲကို ထည့်ထားတယ်။ မီးဖိုကို အိမ်မကြီးနဲ့ခွဲပြီး သပ်သပ်ဆောက်တယ်။ ထမင်းစားခန်းဆိုတာကို မီးဖိုနဲ့ တွဲထားတယ်။ မီးဖို၊ ထမင်းစားခန်းကို တိုက်မကြီးနဲ့ အဲလို ခွာထားတော့ တိုက်မကြီးထဲမှာ အန့်အသက်ကင်းတယ်တဲ့။ ပြီးတော့မှ မီးဖို၊ ထမင်းစားခန်းနဲ့ တိုက်မကြီးကို သွပမိုးဆက်ထားပြီး နေရာအပွင့် (Open Corridor) ထားတယ်။ ဒါတွေဟာ လက်သမား ဆရာ၊ ပန်းရံဆရာရဲ့ အစီအစဉ်တွေ မဟုတ်ဘူး။ အမေဆွဲတဲ့ ဒီဇိုင်းလေ။ ပေါ်တိကို လသာဆောင်ရောက်တော့ ခိုင်ခန့်အောင် သံတန်းတွေ

ထည့်ရမယ်။ အဲဒီတော့ ရထားသံလမ်းကိုသုံးပြီး ကြမ်းခင်းလုပ်တာ အကောင်းဆုံးပဲ။ သပြေတောင်းဘူတာနားမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပစ်ထားတဲ့ သံလမ်းအဟောင်း တွေရှိတယ်၊ အဲဒါ မီးရထားဝန်ထမ်းနဲ့ ရဲတွေကို သွားညှိပြီး သယ်လာခဲ့၊ အဲလို အမေညွှန်ကြားတဲ့အတိုင်း လုပ်ကြရပါတယ်။ ဒါကြောင့် ဝမ်းတွင်းမြို့က ကျွန်တော်တို့ တိုက်ရဲ့ ပေါ်တီကို ကြမ်းခင်းဟာ ရထားသံလမ်းဟောင်းတွေပေါ်မှာ ခိုင်ခိုင်ခန့်ခန့် အင်္ဂတေခင်းထားတာပါ။ ပေါ်တီကို တိုင် ပွတ်လုံးကို ဘယ်ဆိုဒ်ရှိရမယ်၊ ကနုတ်ပန်း ဘယ်လိုထားရမယ်ဆိုတာလည်း ညွှန်ကြားတယ်။ တိုက် အောက်ထပ် ကြမ်းခင်းကို ချောနေပြီး ဘိလပ်မြေရောင်ပေါက်နေအောင်ဆိုပြီး ကြမ်းခင်းမဆလာ ကွန်ကရစ်ဖျော်တော့ ဘိလပ်မြေ၊ ထုံး၊ သဲအမျိုးအစားကို အမေကိုယ်တိုင် သေချာကြည့်တယ်။ ညနေကျောင်းဆင်းလို့ရှိရင် ကျွန်တော်တို့ ညီအစ်ကိုတစ်တွေနဲ့ အမေခေါင်းဆောင်ပြီး တိုက်ဆောက်တဲ့နေရာကို သွားရတယ်။ ပြီးတော့ တိုက်ဆောက်နေတဲ့ ပတ်ဝန်းကျင်မြေကြီးပေါ်မှာ ရိုက်ပြီးအောက်ပြုတ်ကျနေတဲ့ သံမှိုချောင်းလေး တွေကို လိုက်ကောက်ပြီး စုရတယ်။ ပြီးတော့ လက်သမားတွေကို သံမှိုလေးတွေ ပြန်ဖြောင့်ခိုင်းပြီး ပြန်သုံးတယ်။ တကယ်ကို စည်းစနစ်ကျတဲ့အမေပါ။ ဒီလိုနဲ့ (၁)နှစ်မပြည့်ခင်မှာ ဝမ်းတွင်းကတိုက် ပြီးသွားပါတယ်။ အမေက တိုက်ဆောက်တာ အပြီးအစီး နှစ်သောင်းလောက် ကုန်မယ်မှန်းခဲ့တာ၊ တကယ်တမ်း တိုက်ပြီးသွားတော့ ဆစ်သောင်းခွဲထောင်ကျသွားလို့ဆိုပြီး ပြောလို့မဆုံးပါ။ မျက်နှာစာ ပေါ်တီကို အထက်မှာ တိုက်ဆောက်တဲ့ခုနှစ်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ ထိုးထားပြီး ယနေ့ထက်တိုင် ဝမ်းတွင်းမြို့ ဂါတ်တ (ရစခန်း) အနောက်ဖက်မှာ ဦးဘဂျမ်း၊ ဒေါ်ခင်ခင် တိုက်ဆိုပြီး အထင်ကရ ငွားငွားစွင့်စွင့် ရပ်တည်လျှက်ပါ။ ဝမ်းတွင်းတိုက်ဟာ အမေရဲ့ ဥာဏ်ရည်၊ စွမ်းပကားတွေကို မှတ်တမ်းတင်ခဲ့တဲ့ မှတ်တိုင်တစ်ရပ်ပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ဒက္ခိဏာသာခါဘုရားရှေ့မျက်နှာတော်

ဒက္ခိဏာသာခါဘုရားအောက်ခြေ

စာရေးသူ၏မိခင်ကြီးဒေါ်ခင်ခင်

၄-၅-၂၀၀၆

အမေနဲ့ကျွန်တော် (အပိုင်း ၄)

အမေဟာ ကျွန်တော်တို့မောင်နှမ (၇)ယောက်ကို မွေးခဲ့ပြီး တာဝန်ကျေအောင် ကျွေးမွေးပြုစု၊ အစစ အရာရာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။ သားအကြီးဆုံး ကျွန်တော်တို့ရဲ့အစ်ကိုကြီး ဦးတင်နွယ်ကိုသာ သူငယ်တန်းမှာ သူ လက်လွတ်လက်ရတာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော့်ရဲ့ဦးလေး အဖေရဲ့ညီဖြစ်တဲ့ ဦးမောင်ကလေးဟာ ရန်ကုန်မှာ ဆပ်ပလိုင်းမင်းကြီး (Supply Commissioner) ဆိုတာ ဖြစ်နေပြီးတော့ အိမ်ထောင်လည်း မကျသေးဘဲ တစ်ယောက်ထဲနေနေရာကနေ တစ်နေ့ ဝမ်းတွင်းရဲစခန်းက ကျွန်တော်တို့အိမ်ကို ဦးလေးရောက်လာပြီး "ခင်ခင် နင့်သားကို တောမှာထားရင် ကြီးပွားမှာလည်း မဟုတ်ဘူး၊ ဘာမှလည်း ဖြစ်မှာ မဟုတ်ဘူး၊ ငါနဲ့ခေါ်သွားပြီး ရန်ကုန်က စိန်ပေါလ်ကျောင်း (St. Paul) မှာထားပေးမယ်" ဆိုပြီး သားအကြီးဆုံး ကျွန်တော့်အစ်ကိုကြီး ဦးတင်နွယ်ကို အသက် (၈)နှစ် လောက်မှာ တစ်ခါထဲ ရန်ကုန်ကို ခေါ် သွားတော့တာပဲ။ ဦးလေးက အဖေ့ညီ၊ အမေ့ရဲ့မတ်ဆိုပေမယ့်လို့ အမေ့ထက် အသက်အများကြီး ကြီးတော့ ကျွန်တော့်အမေ ဒေါ်ခင်ခင်ကို "ခင်ခင်" လို့ပဲခေါ်တယ်။ ပြီးတော့ ဦးလေးက ဆပ်ပလိုင်းမင်းကြီးဆိုတာ ရန်ကုန် တစ်မြို့လုံးရဲ့ နို့ဆီ၊ သကြားကို ကိုင်ထားတာ ဆိုတော့ အရမ်းအာဏာရှိတယ်။ ရန်ကုန်မှာ လျှမ်းလျှမ်း တောက်ပေါ့။ ပါလီမန်အမတ် ဗိုလ်ခင်မောင်ကလေးတို့နဲ့ တစ်တွဲတွဲနေကြတယ်။ ညနေ တင်းနစ် (Tennis) ရိုက်၊ ဝိစကီလေးသောက်၊ ဒင်နာသွား၊ ကားတဝီဝီနဲ့ ရန်ကုန်မြို့လယ်ခေါင်က ရုပ်ရှင်ရုံတွေကို ည (၁၂း၀၀)နာရီ ကျော်မှာ ဖွင့်ခိုင်း၊ သူတို့တစ်သိုက်ပဲ ပျော်လိုက် ပါးလိုက် ရုပ်ရှင်ရုံကို သီးသန့်ပြခိုင်းပြီး မိုးလင်း ထိုင်ကြည့်ကြတယ်။ အဲလို ပါဝါရှိနေတဲ့ ဦးလေး။ ကျွန်တော့်အဖေက ဝမ်းတွင်းဂါတ်တဲ (ရှေးတုန်းက ရဲစခန်းကိုခေါ်တာ) မှာ ဌာနာအုပ် (ယခုခေတ်အခေါ် စခန်းမှူး) လေ။ ဘဝခြင်း၊ အရှိန်အဝါခြင်းက ကွာခြားလွန်းတယ်။ ဦးလေးပြောတာကို ဘယ်လိုမှ မလွန်ဆန်နိုင်ဘူး။ ပြီးတော့ ဦးလေးကလည်း "နင့်သားလေး ဘဝရှေ့ရေး၊ ပညာရေးအတွက် ငါခေါ် သွားရတာ" ဆိုတော့ ငြင်းလို့ကလည်း မရ၊ အမေ့ရဲ့အချစ်ဆုံးသားဦး ကျွန်တော့် အစ်ကိုကြီးဟာ ရန်ကုန်ကို ကျောင်းနေဖို့ ဦးလေးနဲ့ ပါသွားရှာပါတယ်။ ဦးလေးတို့ ထွက်သွားပြီးကတည်းက အမေနဲ့ အမေကြီးတို့ ငိုကြတာ ဝက်ဝက်ကွဲပဲ။ အဖေကလည်း ဘာမှ ဝင်မပြောနိုင်ဘူး။ (၂)ရက်လောက်နေတော့ အမေနဲ့အမေကြီးတို့ ရန်ကုန်ကို လိုက်သွားကြတယ်။ အမေက သူ့သားလေးကို မရမက ပြန်ခေါ်ခဲ့မယ်

ဆိုပြီး ချီတက်သွားတာ။ ရန်ကုန်ရောက်တော့ ဦးလေး ငေါက်တာကိုခံပြီး အားမတန်မာန်လျှော့ လက်နတ်ချ အရှုံးပေးပြီး သားလေးပညာရေးအတွက်ပဲလေ၊ ပျော်ရာမှာ မနေရ တော်ရာမှာနေရမယ် ဆိုတာကို နှလုံးသွင်းပြီး အမေနဲ့အမေကြီးတို့ ကျွန်တော့် အစ်ကိုကြီးကို ရန်ကုန်မှာပဲ ထားခဲ့ရပြီး ပြန်လာခဲ့ရပါတယ်။ အဲဒီခေတ်တုန်းက စိန်ပေါလ်ကျောင်းဆိုတာ ကျောင်းဝင်ခွင့်ရဖို့ သိပ်ကို ခက်တဲ့ကျောင်းပါ။ အခုခေတ် TTC၊ ဒဂုံ (၁)၊ လသာ (၂)လို ဟာမျိုးပေါ့။ ဒါပေမယ့် ဦးလေးက ရန်ကုန်တစ်မြို့လုံး နို့ဆီ၊ သကြားကိုင်ထားတာ၊ ပြီးတော့ စိန်ပေါလ်ကျောင်းက ဘော်ဒါဆောင်မှာ လိုတဲ့ နို့ဆီ၊ သကြား အကုန်ထတ်ခွင့် လက်မှတ်ရေးပေးနေတဲ့လူဆိုတော့ စိန်ပေါလ်ကျောင်းအုပ်ကြီး ဘရာသာဟားဘတ် (Brother Hubert) ကို ဦးလေးက သိပ်ကိုပိုင်တာ "ငါ့တူ နယ်က (၃)တန်းအောင်လာတယ်၊ အခု မင်းတို့ စိန်ပေါလ်ကျောင်းမှာ ထားချင်တယ်" လို့ပြောလိုက်တော့ စည်းကမ်းသိပ်ကြီးပါတယ်ဆိုတဲ့ စိန်ပေါလ် ကျောင်းအုပ်ကြီးက ချက်ခြင်း "ရပါတယ်" လို့ပြောပြီး လက်ခံလိုက်ပါတယ်။ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့ အစိုးရမူလတန်း ကျောင်းမှာ (၃)တန်းအောင်လာပြီး အင်္ဂလိပ်စာတစ်လုံးမှ မသင်ရသေးတဲ့ ကျွန်တော့် အစ်ကိုကြီးကို ရန်ကုန်မြို့က ခရစ်ယာန်သာသနာပြု အဆင့်အတန်း စည်းကမ်းဆိုတာကို တအား ထိန်းထားတဲ့ စိန်ပေါလ် ကျောင်းက လက်တော့ခံလိုက်ပြီ၊ ဘယ်အတန်းမှာ ဘယ်လို ထားရမလဲဆိုတာ စိန်ပေါလ်ကျောင်းအုပ်ကြီး ခေါင်းရှုပ်စရာပါ။ ပထမဆုံးတော့ ကျွန်တော့် အစ်ကိုကြီးကို ပထမတန်း လောက်မှာ အစမ်းတက်ခိုင်းထားပါတယ်။ အဲဒီ အချိန်မှာ ဦးလေးရဲ့အရှိန်အဝါ အစီအစဉ်နဲ့ ကျူရှင်ဆရာပေါင်းစုံနဲ့ တောကတက်လာတဲ့ (၃)တန်းအောင် ကျောင်းသားကို စိန်ပေါလ်ကျောင်းက စာတွေနဲ့ တန်းတူလိုက်နိုင်အောင် မရပ်မနား သင်ပေးတော့ (၃)လလောက်မှာ တစ်တန်းကနေ၊ (၂) တန်း၊ ခဏနေတော့ (၃)တန်း၊ (၆)လ လောက်လည်းရောက်ရော စိန်ပေါလ် (၄)တန်းကိုတက်ပြီး သင်ခွင့် ရပါတယ်။ အစ်ကိုကြီးက စာတော်ပြီး သား၊ ဥာဏ်ကောင်းပြီးသား၊ အင်္ဂလိပ်စာကို လိုက်နိုင်အောင် ဖိပြီးသင်ပေးလိုက်တာနဲ့ စိန်ပေါလ်ကျောင်းကစာတွေဟာ ဘာမှကြောက်စရာ မလိုတော့ဘူးပေါ့။ ကျူရှင်က ပြန်လာတော့လည်း ဦးလေးက တစ်ခါ အင်္ဂလိပ်စာတွေ၊ ကျောင်းစာတွေထပ်ပြီး သင်ပြန်ရော၊ အဲတော့ စာတွေမတတ်ဘဲ၊ မလိုက်နိုင်ဘဲ ဘယ်နေတော့မလဲ။ ဦးလေးနဲ့ကျွန်တော့်အစ်ကိုကြီး တူဝရီး (၂) ယောက်ထဲ ရုန်းကန် သိမ်ဖြူကွင်း အရှေ့ဖက် ကနေဒီ ဟောက်(စ်) (Kennedy House) ဆိုတဲ့ နှစ်ထပ်အိမ်ကြီးထဲက အခန်းတစ်ခန်းမှာ နေကြတာပါ။ အခုတော့ ကနေဒီဟောက်(စ်)ကြီးကို ဖျက်ပစ်လိုက်ပြီး အခုခေတ်ပေါ် အထပ်မြင့် တိုက်ကြီးဆောက်ဖို့ ပြင်ဆင်နေတာကို တွေ့ရပါတယ်။ ဦးလေးဟာ ရှေးက ဘီအေ B.A. ဘွဲ့ရတာ ဆိုတော့ အင်္ဂလိပ်စာ အရမ်းကောင်းပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် B.L ထပ်တက်ပါတယ်။ ဟိုတုန်းကတော့ B.L ဆိုတဲ့ ဥပဒေဘွဲ့ ကို ရှေ့နေလိုက်စားဖို့ရယ် မဟုတ်ဘူး၊

ပညာရပ်တစ်ခုအနေနဲ့ အသိပညာ တိုးပွား တွေးခေါ်နိုင်အောင်လို့ ဂုဏ်ရှိအောင်လို့ဆိုပြီး တက်ကြပါတယ်။ ဦးမောင်ကလေး ဆပ်ပလိုင်းမင်းကြီး B.A.B.L ဆိုတာဟာ တော်တော်ကို ဂုဏ်ရှိတာပါ။ ဦးလေးနဲ့ကျွန်တော့် အစ်ကိုကြီး အတူနေကြပြီး (၃)နှစ်လောက်ကြာ အစ်ကိုကြီး စိန်လ်ပေါလ် (၇)တန်း ရောက်တော့ ဦးလေး အိမ်ထောင်ပြုဖို့ ဝိုင်းဝန်းစေ့စပ်ကြတာနဲ့ အင်းယားဆောင်မှာ အဆောင်မှူးလုပ်နေတဲ့ ရန်ကုန်တက္ကသိုလ်က အင်္ဂလိပ်စာပါမောက္ခ ဒေါ်သိန်းညွှန့်ရဲ့ ညီမ ဒေါ်မြမြနဲ့ယူဖို့ စီစဉ်ကြတယ်။ အဲဒီမှာ အန်တီမြ (ဒေါ်မြမြ)တို့ဖက် အသိုင်းအဝိုင်းက သူ့တူနဲ့ အတူနေတဲ့ ကျွန်တော့်ဦးလေးကို ကလေးတစ်ယောက် ရှိတယ်ဆိုပြီး အထင်လွဲကြတယ်။ ဒါနဲ့ အဲဒီတုန်းက တိုက်ကြီးရဲစခန်းမှာ တိုက်ပိုင်လုပ်နေတဲ့ ကျွန်တော့်အဖေနဲ့အမေ ရန်ကုန်ကို ချက်ခြင်းလိုက်သွားကြပြီး ဦးလေးနဲ့ အတူနေတဲ့ ကလေးဟာ "ကျွန်တော် တို့သားပါ။ ဦးမောင်ကလေးရဲ့ တူအရင်းပါ၊ ကျောင်းထားဖို့ ခေါ်ထားတာပါ" ဆိုပြီး အကြီးအကျယ် ရှင်းရတယ်။ နောက်တော့ အားလုံးအဆင်ပြေသွားပြီး ဦးလေးနဲ့အန်တီမြ လက်ထပ်ဖြစ်သွားတယ်။ ဒါပေမယ့် ကျွန်တော့်အစ်ကိုကြီးကိုတော့ ဦးလေးဟာ သူ့အိမ်မှာ ဆက်ထားပြီး (၁၀)တန်းပြီး၊ ကောလိပ်ရောက်တဲ့အထိ သူ့အိမ်မှာပဲ ဆက်ထားတယ်။ ဦးလေးရဲ့ တူအပေါ်ချစ်တဲ့စိတ်၊ သံယောဇဉ်ရှိတဲ့စိတ်ဟာ သူ့ဇနီး အန်တီမြ သည်းမခံနိုင်လောက်အောင်ကို လွန်ကဲပါတယ်။ ဒါဟာ ကျွန်တော်တို့ အမျိုးတေရဲ့ ထူးခြားချက်တစ်ရပ်ပါ။ ညီအစ်ကို မောင်နှမ၊ အမေ၊ အဖေတွေကို အရမ်းချစ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် သိပ်ကို သံယောဇဉ်ကြီးလွန်းကြတယ်၊ တွယ်တာကြလွန်းတယ်။ အခု ကျွန်တော့် သမီးတွေ စက်ာပူမှာ အလုပ်လုပ်နေကြတယ်။ ရန်ကုန်လာလယ်လို့ ပြန်ခါနီးရင် ငိုကြရတာ အမော။ ကျွန်တော်၊ ဒါမှမဟုတ် ကျွန်တော့်ဇနီး စက်ာပူရောက်ပြီး ရန်ကုန်ပြန်မယ်ဆိုရင်လည်း သမီးတွေက မျက်ရည်ကျ၊ အမေကလည်း ကြိတ်ပြီးငိုနဲ့၊ လေဆိပ်မှာ ဇာတ်လမ်းကို ရှုပ်လို့၊ ဘယ်နှခေါက်၊ ဘယ်နှကြိမ်သွားသွား၊ ဖြစ်ရပ်ကတော့ ဒီအတိုင်းပဲ။ ပြန်ခါနီးရင် လွမ်းကြရတာ၊ စိတ်မောကြရတာ။ ကျွန်တော်တို့ရဲ့ မိသားစု သံယောဇဉ်တွေလေ။ အမှေဆီက ရတဲ့အမွေတွေ ထင်ပါရဲ့။ အမေဟာ သူ့သားလေး ရန်ကုန် ကို ကျောင်းထားဖို့ ပါသွားတာတွေးပြီး တနုံ့နုံ့နဲ့ ဘယ်တော့မှလည်း ဖြေလို့ရပုံမပေါ်ပါဘူး။ လူကြုံရင် ကြုံသလို သူ့သားလေး စားဖို့၊ အညာစာ နွားနို့ခဲ၊ အမဲခြောက်၊ ကင်းမုံသီးတွေ ပို့ပါလေရဲ့။ ရန်ကုန် စိန်ပေါလ်ကျောင်းသား အစ်ကိုကြီးဟာ တစ်နှစ်တစ်ခေါက်တော့ နွေရာသီကျောင်းပိတ်ရက်မှာ အိမ်ပြန်လာတယ်။ အစ်ကိုကြီးပြန်လာတော့မယ်ဆိုရင် ပြာပြာသလဲ ပြင်ရဆင်ရတဲ့ အမှေကို ကြည့်ရတာ စိတ်တောင်မောတယ်။ ဟိုဟာချက်ကျွေးမယ်၊ ဒီဟာချက်ကျွေးမယ်န ဟင်းတွေ စီစဉ်၊ စားစရာတွေကို ပြင်တော့တာပဲ။ အစ်ကိုကြီးရောက်လာပြီဆိုရင တစ်အိမ်လုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ရပါတယ်။ ရန်ကုန် စိန်ပေါလ်ကျောင်းသားကိုး။ ကျွန်တော့်အစ်ကိုကြီးဟာ ရန်ကုန်ကို ရောက်ပေမယ့် ရန်ကုန်ရဲ့ စရိုက်၊ ရန်ကုန်ရဲ့အသိုင်းအဝိုင်းတွေကို နှစ်သက်ပုံ၊ ပျော်ပုံမရဘူး။ ဦးလေး အရှိန်အဝါ

အရိပ်ကြောင့်သာ စိန်ပေါလ် ကျောင်းမှာ တက်ရတာ။ အညာတောမြို့လေးက ရဲဌာနအုပ်ရဲ့ သားဆိုတော့ လူမှုဆက်ဆံရေး ပတ်ဝန်းကျင်မှာ ခက်ပုံပေါ်ပါတယ်။ သူပေါင်းရမယ့် အသိုင်းအဝိုင်း၊ သူ့သူငယ်ချင်းတွေဟာ ICS, BCS ဆိုတဲ့ အဆင့်မြင့် အရာရှိကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ သူဌေးကြီးတွေဆိုတဲ့ "ကြီး" တွေပါတဲ့ လူတွေရဲ့သားသမီးတွေ ဖြစ်နေမှာကိုး။ ဒါပေမယ့် အစ်ကိုကြီးဟာ သူ့ကျောင်းစာ သူလုပ်တယ်။ ရန်ကုန် စိန်ပေါလ်ကျောင်းမှာ မိမိရရ ခင်ခင်မင်မင် သူငယ်ချင်းရယ်လို့ တစ်ယောက်မှ မကြားဖူးဘူး။ အတန်းကြီးလာပြီး အသက်နည်းနည်းရလာတောင် နိုက်ကလပ်၊ ပါတီစတဲ့ ရန်ကုန်ရဲ့ လူမှုပတ်ဝန်းကျင်မျာ သူ့ဝင်ဆန့်. ပေါင်းသင်းမှု မလုပ်ဘူး။ ကျောင်းပိတ်လို့ အညာကို ပြန်လာရင် သူ့ဝမ်းတွင်း မူလတန်းကျောင်းတုန်းက ပေါင်းခဲ့တဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ဆိုက္ကားနင်းတဲ့ ချစ်ပွင့်တို့၊ မြင်းလှည်းမောင်းနေတဲ့ ဂျပန်ကြီးတို့နဲ့ တော်တော်ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ပေါင်းရှာတယ်။ ပြီးတော့ နောက်သူလုပ်တဲ့ အလုပ်တစ်ခုကတော့ ညီတွေကို စာသင်တာပါ။ ကျွန်တော် မေမြို့မှာ အလုပ်သင်ဆရာ ဝင်လုပ်ရင်း စစ်တက္ကသိုလ် DSA က ဗိုလ်လောင်းတွေ အထက်အောက် စီနီယာတန်းတွေအလိုက် အစ်ကိုကြီး၊ ညီလေး အစစ အရာရာ သွန်သင်ဆုံးမ ပညာပေးကြတာကို မြင်ရတွေ့ရတော့ ငါတို့ အငယ်တုန်းက အစ်ကိုကြီးရဲ့စနစ်အတိုင်းပါလားလို့ တွေးမိပါတယ်။ အစ်ကိုကြီး ဝမ်းတွင်းကို ပြန်လာရင် အင်္ဂလိပ်စာအုပ်တွေ တပုံကြီးဝယ်လာတယ်။ အဖေရဲ့လေသံအတိုင်းပဲ၊ "မင်းတို့ အင်္ဂလိပ်စာတတ်မှ ကြီးပွားမှာ"လို့ အမြဲပြောလေ့ရှိပါတယ်။ သပါလာတဲ့အင်္ဂလိပ်စာအုပ်တွေကို ကျွန်တော်တို့ ညီအငယ် (၃)ယောက်ကို ဖတ်ဖို့ ခွဲတန်းချပေးလိုက်တယ်။ နေ့လည် (၁း၀၀)နာရီကနေ (၄း၀၀)နာရီအထိ အဲဒီ စာအုပ်တွေကို ဖတ်ရတယ်။ အမေ ချက်ပြုတ်ကျော်လှော်ပေးတဲ့ စားကောင်းသောက်ဖွယ်တွေကို စားပြီး အစ်ကိုကြီးဟာ သူ့ညီ (၃)ယောက် အင်္ဂလိပ်စာဖတ်တာကို ဘေးနားက ထိုင်ကြည့်ပြီး ကျွန်တော်တို့တွေ ဆော့တယ်၊ စကားပြောတယ်၊ ငိုက်တယ်ဆိုရင် ဒဏ်ပေးပါတယ်။ သူတို့ စိန်ပေါလ် ကျောင်းက အတန်းထဲမှာ မြန်မာလို စကားတစ်ခွန်း ပြောလိုက်ရင် ခုံပေါ်တက်ပြီး မတ်တပ်ရပ်နေရတယ်တဲ့။ နောက်ထပ် မြန်မာလို ပြောတဲ့ ကျောင်းသားတစ်ယောက် ဆရာက မပြီဆိုမှ ရပ်နေတဲ့ ကျောင်းသားက ဆင်း၊ နောက်ထပ် မြန်မာလိုပြောတဲ့ ကျောင်းသားက ခုံပေါ်တက်ရပ်၊ နောက်တစ်ယောက် မမိမချင်း ရပ်နေပေရော့ပဲတဲ့။ ကျောင်းသားတွေကို အင်္ဂလိပ်လို ပြောတာဆိုတာ ကျမ်းကျင်စေချင်တဲ့ ဆန္ဒပါ။ ဒီလိုပဲအစ်ကိုကြီးဟာ ကျွန်တော်တို့ ညီငယ် (၃)ယောက်ကို အင်္ဂလိပစာသိပ်တော်စေချင်တဲ့ စေတနာအပြည့်နဲ့ အညာနွေပူလောင်လောင်မှာ အင်္ဂလိပ်စာကို ကြိုးစားပမ်းစားသင်ရှာပါတယ်။ အစ်ကိုကြီးက အဲလောက် အင်္ဂလိပ်စာသင်သလို အဖေအင်္ဂလိပ်စာသင် တာကတော့ ပြောမနေတော့နဲ့။ ကျွန်တော်တို့ ညီအစ်ကိုတွေ ပက်လက်လန်တယ်၊ သင်လိုက်တဲ့ အင်္ဂလိပ်စာ၊

ဘယ်နေရာမှာ ဘာတေ့တွေ့၊ ဘာအကြောင်းပြောပြော အင်္ဂလိပ်စာဘက်ရောက်အောင်ဆွဲပြီး သင်နေတေ့တာပဲ။ လူငယ်သဘာဝ စာသင်ရမှာ ပျင်းတဲ့ ကျောင်းသား ကျွန်တော်တို့လည်း အဖေ အင်္ဂလိပ်စာသိပ်သင်လွန်းတဲ့ဒဏ်ကို တစ်ခါတလေ မခံနိုင်ဘူး။ အဖေကလည်း ဘယ်လောက်ဆိုးလဲဆိုရင် ဥပမာတစ်ခုပြောပြမယ်။ ရေနွေးကြမ်းခရား လာချရင် "ရေနွေးကြမ်းကို အင်္ဂလိပ်လို ဘယ်လိုခေါ်လဲ" လင်ဘန်း၊ လွှက်ရည်ပန်းကန်၊ ပူတာ၊ အသံမြည်အောင် ရေနွေးကြမ်းကိုသောက်တာ မရပ်မနား ဆက်သွားပြီး အင်္ဂလိပ်လို ဘယ်လိုခေါ်လဲဆိုတာတွေကို ဒလစပ် မေးတေ့တာပဲ။ အဲဒီလိုပဲ ထမင်းစားရင် အသီးအနှံမျိုးစုံအကြောင်း အင်္ဂလိပ်လိုမေးတယ်၊ ရှင်းပြတယ်၊ သင်တယ်။ လမ်းလျှောက်ထွက်ရင် မြင်မြင်သမျှကို အင်္ဂလိပ်အခေါ်အဝေါ်မေးတယ်။ စကားတစ်ခု ပြောလိုက်ရင အဲဒါ အင်္ဂလိပ်လို ဘယ်လို ပြောမလဲက စတာပါ။ ကြာတေ့ ကျွန်တော်တို့တတွေဟာ အဖေအင်္ဂလိပ်လို မေးမှာ၊ သင်မှာကိုကြောက်ပြီး ရှောင်ကြရတယ်။ ည (၈း၀၀)နာရီဆို အင်္ဂလိပ်စာ အသင်ခံရမှာစိုးလို့ အိမ်ပေါ်တက်ပြီး အိပ်ချင်ယောင်ဆောင်တယ်၊ အဖေက ဘယ်လောက်လွန်ကဲလဲဆိုရင် အင်္ဂလိပ်အသံထွက်ကိုလည်း ဟိုက်စကူး ကျောင်းသားကျွန်တော်တို့တတွေ ကို ဖိုနက်တစ် (Phonetics) နဲ့ သင်တယ်။ boy ဘွိုင်းဆိုရင် အသံခွဲပြီး ဘော-အိ-ဆိုပြီး အသံကို ခွဲထွက်ခိုင်းတယ်၊ ပြီးမှ ပေါင်းဆိုစမ်းဆိုပြီး ဖိုနက်တစ်နဲ့ သင်တေ့ ဘေးကနားထောင်နေတဲ့ ကျွန်တော့် အမေ ဒေါ်ခင်ခင် သည်းမခံနိုင်တေ့ဘူး။ "ရှင် ဘော-အိ သင်မနေနဲ့၊ သဲတောဝမ်းတွင်း အထကကျောင်းမှာ ဘွိုင်းပဲ" လို့ အော်မိရှာတယ်။ အမေဟာ ကျွန်တော် တို့ ညီအစ်ကိုတွေကို အစ်ကိုကြီးက အင်္ဂလိပ်စာသင်ပေးတာကို တအားသဘောကျတယ၊ အားပေးတယ်။ အထူးသဖြင့် အစ်ကိုကြီးလုပ်တာဆိုတေ့ ပိုပြီးထောက်ခံတာပေါ့။ အမေကလည်း အဖေအင်္ဂလိပ်စာ သင်တာရောက်တေ့ ကျွန်တော့်တို့လိုပဲ သိပ်သင်လွန်းတယ်လို့ မြင်တယ်။ အခုပြန်တွေးကြည့်တေ့ ကမ္ဘာကျော်ဂေါက်သီးရိုက်သမား တိုက်ဂါးဝုဒ် (Tiger Wood) က သူ့အဖေ ဖားလ်ဝုဒ် (Farl Wood) သေတေ့ပြောတာကို သတိရမိပါတယ်။ တိုက်ဂါးက သူ့အဖေ သူ့ကို (၂)နှစ်သားထဲကနေ ဂေါက်သီး ချန်ပီယံဖြစ်တဲ့အထိ ဆုံးမသွန်သင်ပေးတာကို သတိရပြီး "I won't be here without him" လို့ ပြောပါတယ်။ ငါ့အဖေသာမရှိရင် ငါဒီဘဝ ရောက်မှာ မဟုတ်ဘူးလို့ ဆိုလိုတာပေါ့။ ကျန်တော်လည်း ဒီလိုပဲ အင်္ဂလိပ်စာ သင်လွန်းတဲ့ အဖေ၊ သားသမီးတွေကို အစစအရာရာ အထူး ဂရုစိုက်တဲ့အမေနဲ့ အင်္ဂလိပ်စာကို လူမမာအစာ ဖက္ကွေးသလို မဖြစ်မနေ ကိုယ်တိုင် အတင်းအကြပ် သင်ပေးတဲ့ အစ်ကိုကြီးတို့ကြောင့် ဒီနေ့ဒီလို အခြေအနေမျိုးမှာ ငါနေနေရတာပါလားဆိုပြီး ဂုဏ်ကျေးဇူးတွေကို အောက်မေ့မိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၂၈-၅-၂၀၀၆

အမေနဲ့ကျွန်တော် (အပိုင်း ၅)

အဖေဟာ ရဲဝန်ထောက်ဘဝနဲ့ပဲ ကျေနပ်ပြီး အသက် (၅၅)နှစ်မှာ ပင်စင်ယူခဲ့ရပါတယ်။ အဲဒီခေတ်က နိုင်ငံဝန်ထမ်းတွေပင်စင်ယူတဲ့ အသက်ဟာ (၅၅)နှစ်ပါ။ အဖေဟာ သန်သန်မာမာကြီး လုပ်နိုင်ကိုင်နိုင်လျက်ကြီးနဲ့ ရဲဝန်ထောက်ဖြစ်ခါစမို့လို့ ချုပ်ထားတဲ့ ကျူးနစ် (Tunic) လို့ ခေါ်တဲ့ ရဲအရာရှိဝတ်စုံအသစ်စက်စက်တွေကိုတောင် အကုန်ကုန်အောင် မဝတ်ရသေးခင်မှာပဲ ပင်စင်ယူလိုက်ရပါတယ်။ ကျူးနစ် ဆိုတာ ကြယ်သီးတွေ တသီကြီးနဲ့ ရဲအရာရှိတွေ အခမ်းအနားပွဲနေ၊ ပွဲထိုင် ဝတ်တဲ့ ဝတ်စုံပါ။ အဖေ ရဲဝန်ထောက်စဖြစ်တော့ အဖေ့ အသက်ဟာ (၅၄)နှစ်လောက် ရှိနေပါပြီ။ အဖေကလည်း ရဲဝန်ထောက် ဖြစ်တယ်ဆိုတဲ့ အမိန့်ရတာနဲ့ ရဲဝန်ထောက် ဝတ်စုံတွေကို မျိုးစုံချုပ်တယ်။ ကျူးနစ်တွေ၊ ကုတ်တွေ၊ ဘောင်းဘီအသစ်တွေ ချုပ်တယ်။ အမေက "ရှင့်လုပ်သက် တစ်နှစ်လောက်ပဲ ကျန်တော့တာ ဘာလို့ ဒီ ယူနီဖောင်းတွေအသစ်တွေ ချုပ်နေဦးမှာတုန်း" လို့ပြောတော့ အဖေက "ငါ့ဘာသာငါ ရဲဝန်ထောက်ရာထူးလေးရှိတုန်း ယူနီဖောင်းအသစ်လေးတွေ ဝတ်ပါရစေကွာ" လို့ ပြန်ပြောပါတယ်။ အမေဟာ အဖေကို တားလို့လည်း မရတော့ဘူးဆိုတော့ အဖေ ယူနီဖောင်းလက်ရှည် လက်တို၊ မျိုးစုံချုပ်တာကို ထိုင်ကြည့်နေရပါတယ်။ ဒီလိုနဲ့ အဝတ်တွေ ချုပ်ထားတာ ဘာမှ မကြာလိုက်ဘူး၊ အဖေအသက် (၅၅)နှစ်ပြည့်သွားရော။ အလုပ်တွေအရမ်းလုပ်နေရတဲ့ ၊ အလုပ်တွေတအား ရှုပ်နေတဲ့ အဖေဟာ ပင်စင်ယူလိုက်တာနဲ့ ရုတ်တရက်ဘာမှ လုပ်စရာမရှိပဲ အိမ်မှာ ထိုင်နေရတဲ့ ဘဝကို ရောက်သွားပါတယ်။ တရားတော့ကျစရာပါ။ အလုပ်လပ်လို့ ရနေသေးတဲ့ လူတစ်ယောက်က လူတွေရဲ့ သတမှတ်ချက်နဲ့ ဒီနေ့ဒီအချိန်မှာ မင်းအသက်ဟာ (၅၅)နှစ်ပြည့်သွားပြီ၊ မင်းဟာပင်စင်စားပဲလို့ သတ်မှတ်လိုက်တာနဲ့ တမဟုတ်ချင်း တက်တက်ကြွကြွအလုပ်လုပ်နေတဲ့ လူတစ်ယောက်ဟာ ဘာမှ မလုပ်နိုင်၊ မကိုင်နိုင်၊ အာဏာပါဝါမရှိတဲ့ ပင်စင်စားဘဝကို ချက်ချင်းလက်ငင်း ရောက်သွားပါတယ်။ ပင်စင်လို့ ပြောလိုက်တာနဲ့ အဖေနားမှာရှိတဲ့ တပည့်တွေ မရှိတော့ပါဘူး။ အဖေမှာ လာဘ်လာဘ ဝင်ငွေတွေလည်း မရှိတော့ဘူးအပြင် ပတ်ဝန်းကျင် လောကမှာ အရှိန်အဝါမရှိတော့သလို၊ အိမ်မှာလည်း အာဏာသိပ်မရှိတော့ဘူးလို့ ပြောရပါမယ်။ အိမ်မှာ ခေါ်ထားတဲ့ ကောင်မလေးတွေကအစ အရင်တုန်းက ယူနီဖောင်းနဲ့ သေနတ်နဲ့ ရုံးတက်တဲ့ "ဘဘ" မဟုတ်တော့ဘဲ အိမ်မှာပဲ ထိုင်နေရတော့တဲ့ အဖေ့ အပေါ်မှာ ရိုသေမှုလေးစားမှု နည်းနည်းတော့ကျသွားတယ်လို့ ကျွန်တော်ထင်ပါတယ်။ အမေရဲ့ အသံဟာလည်း အိမ်မှာ ပိုကျယ်လာပြီး ပင်စင်စားအဖေဟာ နည်းနည်းသိမ်ငယ်သွားသလို ဖြစ်လာပါတယ်။

အမေဟာ အိမ်ထောင်ဦးစီးလို ဖြစ်သွားတဲ့သဘောဆိုတော့ နေရာတကာမှာ ပိုပြီးဦးဆောင်မှုတွေ နေရာတွေပိုယူလာပါတယ်။ အဖေကတော့ ချုပ်ထားပြီး မဝတ်လိုက်ရတဲ့ယူနီဖောင်း ကျူးနစ်အသစ်တွေကို ထုတ်ကိုင်ကြည့်ပြီး ဝန်ထမ်းဘဝကို တသသနဲ့ ဆွေးနေတဲ့ကာလ ဖြစ်နေပါတယ်။ အသက်(၅၅)နှစ်ဆိုတာ တကယ့်သန်သန်မာမာကြီး လုပ်နိုင်ကိုင်နိုင်နေတာပါ။ အဲလို အခြေအနေမျိုး ရှိနေတဲ့ လူတစ်ယောက်ကို မင်းအလုပ်မလုပ်တော့နဲ့ နားတော့လို့ ပြောလိုက်ပြီး ပင်စင်ပေးလိုက်တော့ အဖေဘာလုပ်ရမှန်း မသိဘဲဖြစ်နေတာပေါ့။ အလုပ်လုပ်နေတုန်းက နေ့စဉ်ဖတ်နေကြ အိန္ဒိယရာဇသတ်ကြီး ပုဒ်မဥပဒေစာအုပ် (Idian Penal Code IPC) ကြီးကို ဟိုလှန်ဒီလှန်နဲ့ ယောင်တိယောင်တောင် ဖြစ်နေပါတယ်။ တစ်ခါတလေ အဖေ့တပည့် စခန်းမှူး၊ ရဲဌာနအုပ်တို့ အဖေဆီလာပြီး "ဆရာကြီး အမှုက ဒီလိုဖြစ်နေပါတယ်.....။" ဆိုပြီး အမှုအကြောင်းပြော၊ "ဘာပုဒ်မနဲ့ ကျွန်တော်တရားစွဲတင်ရမလဲ" မေးရင် အဖေပျော်ပြီပေါ့။ ဒီလိုလာမေးမယ့် လူမျိုးကိုစောင့်နေတာ။ မရပ်မနား တရစပ် အမှုအနေအထားတွေကို ဝေဖန်ပြီး စွဲရမယ့် ပုဒ်မတွေကို ပြောပြလေ့ရှိပါတယ်။ သနားစရာ တော်တော်ကိုကောင်းတဲ့ အဖေရဲ့ အခြေအနေပါ။ အဲလို အဖေအားနေတော့ ကျွန်တော်တို့တတွေ လှိမ့်ပြီးခံရတာပဲ။ ဘာခံရတာလည်းဆိုတော့ အင်္ဂလိပ်စာ သင်တာကိုခံရတာ။ အဖေနဲ့ ဘာအကြောင်း ပြောလိုက် ပြောလိုက် အဖေက "အဲဒါ အင်္ဂလိပ်လို ဘယ်လိုခေါ်လဲ၊ ဘယ်လိုပြောလဲ" ဆိုတဲ့ ဇာတ်လမ်းပဲ ဆိုက်သွားတာပဲ။ သင်လိုက်တဲ့ အင်္ဂလိပ်စာ၊ ကျွန်တော်တို့ ညီအစ်ကိုတွေ အဖေ့ကို ရှောင်လိုက်ကြရတာ။ ညဆိုရင် အင်္ဂလိပ်စာ သင်ရမှာစိုးလို့ အိပ်ရာထဲ အစောကြီးဝင်ပြီး အိပ်ချင်ယောင်ဆောင်ကြရတယ။ အဖေဟာ အင်္ဂလိပ်သဒ္ဒါ (Wren and Martin's English grammar) ဆိုတဲ့ စာအုပ်အနီကြီးကို ကိုင်ပြီး သူ့နားမှာ တွေ့တဲ့လူကို သင်တော့တာပဲ။ ဒါနဲ့ ကျွန်တော့်အထက် အစ်ကိုကြီးဦးခင်မောင်တင (မြန်မာ့လျှပ်စစ်လုပ်ငန်း အငြိမ်းစား) (၁၀)တန်းရောက်တဲအချိန်မှာ ကျွန်တော်တို့ရဲ့ ဌာနေ ဝမ်းတွင်းမြို့မှာ ၁၀တန်းကျောင်းသား (၂၀)မရှိလို့ (၁၀)တန်းမဖွင့်နိုင်သေးပါဘူး။ အစ်ကိုကြီးဟာ မိတ္ထီလာ အထက(၁)မှာ ၁၀တန်းသွားပြီး သင်ရပါတယ်။ အဲဒီမှာတင် အဖေလုပ်စရာအလုပ်ရပြီပေါ့။ ဘာလို့တုန်းဆိုတော့ အဖေဟာ (၁၉၃၀)ခုနှစ်လောက်မှာ တက္ကသိုလ်ရောက်ခဲ့တဲ့အတွက် အဖေ့ရဲ့ တက္ကသိုလ်ကျောင်းသား မိတ်ဆွေအပေါင်းအသင်းတွေဟာ ဌာနပေါင်းစုံ နေရာအနှံ့အပြားမှာ ရာထူးမျိုးစုံနဲ့ ရောက်နေပါပြီ။ အဖေအသိတွေထဲမှာ ပညာမင်းကြီး ဦးဘမြင့်ဆိုတာရှိတယ်။ ပြီးတော့ တိုင်းပညာဝန်၊ ခရိုင်ပညာဝန်တွေဟာ အဖေ့မိတ်ဆွေတွေဆိုတော့ အဖေက ဝမ်းတွင်းမြို့နယ် (၁၀)တန်း ဖြစ်မြောကရေးကော်မတီ ဥက္ကဋ္ဌလုပ်တယ်။ ပြီးတော့ ရုံးတကာလိုက်ပြီး (၁၀)တန်းဖြစ်ရေးအလုပ်တွေ လုပ်တော့တာပဲ။ ကျွန်တော် (၁၀)တန်းရောက်တဲ့အထိ ဝမ်းတွင်းမြို့မှာ (၁၀)တန်း မရသေးပါဘူး။ အဖေ့ရဲ့ ကျိုးပမ်းဆောင်ရွက်မှုကြောင့် ကျွန်တော့်ညီလက်ထက် ၁၉၆၇ခုနှစ်လောက်မှ သဲတော၊ ဝမ်းတွင်း အထကမှာ (၁၀)တန်းကိုဖွင့်နိုင်ခဲ့ပါတယ်။

အဖေဟာ အဲလို ပညာရေးလောကနဲ့ အဆက်အစပ်ရှိသွားတဲ့နောက်ပိုင်း ဘာဆက်လုပ်သလဲဆိုတော့ ကိုယ်ထူကိုယ်ထ လမ်းစဉ်လူငယ် ညကျောင်းမှာ အင်္ဂလိပ်စာ အခမဲ့ သင်ပါတယ်။ သူများတွေက လခ ယူပါတယ်။ အဖေကတော့ စေတနာ့ဝန်ထမ်းပဲသင်ပါတယ်။ သဲတောနဲ့ ဝမ်းတွင်း ဆိုတာ (၂)မင် ဝေး ပါတယ်။ ဖဆပလ အစိုးရလက်ထက်မှာ သဲတောကလည်း အထက်တန်းကျောင်း တောင်းတယ်။ ဝမ်းတွင်းကလည်း သူက မြို့ဆိုတော့ ဝမ်းတွင်းမြို့မှာပဲ အထက်တန်းကျောင်းရရမယ်ဆိုပြီး သဲတော ဝမ်းတွင်း ကျောင်းလုပ္ပဲ အကြီးအကျယ် လုပ်ကျတာ။ ဒါနဲ့ပဲ ပညာရေးဝန်ကြီးဌာနက သဲတောနဲ့ ဝမ်းတွင်း နှစ်မြို့ကြား အလယ်ခေါင်တည့်တည့် တောစပ်ထဲမှာ ကျောင်းဆောက်ပေးခဲ့တယ်။ ဒါကြောင့် သဲတော ဝမ်းတွင်း (အထက)လို့ ခေါ်ခဲ့ကြရတာ။ အဖေဟာ ညနေဆိုရင် စက်ဘီးလေးနဲ့ တစ်မိုင်လောက်ဝေးတဲ့ သဲတောဝမ်းတွင်းကျောင်းကို သွားပြီး ညကျောင်းမှာ အင်္ဂလိပ်စာသင်ပါတယ်။ အဲဒီတုန်းက ညကျောင်း ဆိုတာက အလုပ်လုပ်နေတသူတွေ (၁၀)တန်းဖြေလို့ရအောင် လမ်းစဉ်လူငယ်အဖွဲ့နဲ့ ကျောင်းက တာဝန် ယူပြီး ကျောင်းလခကောက်ပြီး (၁၀)တန်းစာသင်ပေးတာ။ အဖေဟာ ပင်စင်ယူပြီး အလုပ်လက်မဲ့ ဘဝ ကနေ လုပ်စရာလေးတစ်ခုရပြီး သူသိပ်ချစ်တဲ့ အင်္ဂလိပ်စာကို သင်ရတော့ တော်တော်လေး စိတ်ချမ်းသာ ပုံပေါ်ပါတယ်။ အဲဒီမာတင် အင်္ဂလိပ်စာသင်ရတာ အရှိန်ရပြီး ဝမ်းတွင်းမြို့မှာ ပထမဦးဆုံး အင်္ဂလိပ်စာ ကျူရှင် စဖွင့်ပါတယ်။ အဖေဟာ ဝမ်းတွင်းက ကျွန်တော်တို့ရဲ့ တိုက်မှာ မနက်ကနေ ညနေအထိ တစ်နေကုန် ပိတ်ရက်မရှိ အင်္ဂလိပ်စာတွေ သင်တော့တာပဲ။ ကျူရှင်ဆိုပေမယ့်လို့ ပိုက်ဆံယူပြီး စာသင်တာ မဟုတ်ပါဘူး။ အခမဲ့ သင်ပေးတဲ့ ကျူရှင်ပါ။ မနက် (၆း၀၀)နာရီက (၇း၀၀)နာရီအထိ (၅)တန်း၊ (၇း၀၀)နာရီက (၈း၀၀)နာရီအထိက (၇)တန်း၊ (၉း၀၀)နာရီက (၁၁း၀၀)နာရီအထိက (၁၀)တန်း အပြင်ကဖြေမဲ့လူတွေ။ ညနေ (၁း၀၀)နာရီက (၂း၀၀)နာရီ အထိက တက္ကသိုလ်တက်မယ့်သူတွေ၊ (၃း၀၀)နာရီက (၄း၀၀)နာရီအထိက ကျောင်းစာမဟုတ်ဘဲ ဒတိုင်း အင်္ဂလိပစာသင်ချင်တဲ့သူတွေ၊ (၅း၀၀)နာရီက (၇း၀၀)နာရီထိက ညကျောင်း၊ (၈း၀၀)နာရီကနေ (၉း၀၀)နာရီအထိက သားသမီးတွေ ဖြစ်တဲ့ ကျွန်တော်တို့ တတွေ။ အဲလိုနဲ့ အဖေဟာ အင်္ဂလိပ်စာတွေ ဆထက်ထမ်းပိုး လေ့လာပြီး သူတတ်သမျှ ပညာအကုန်ကို ဝမ်းတွင်းတစ်မြို့လုံးက ကျောင်းသားအားလုံး တတ်အောင်ဆိုတဲ့ စိတ်စေတနာနဲ့ တစ်နေကုန် မရပ်မနား ဇယ်ဆက်သလို သင်ပါတယ်။ ကျွန်တော်တို့ တိုက်ရဲ့ ဧည့်ခန်းပြင် အကျယ်ကြီးမှာ အဖေ တိုက်ကြီးမြို့မှာ ရဲတိုက်ပိုင်လုပ်တုန်းက ဝယ်လာခဲ့တဲ့ ပျဉ်းကတိုးစားပွဲကြီးချ၊ အညာမှာလုပ်တဲ့ ကျွန်းတန်းလျားပေါ်မှာ ထိုင်ပြီးစာသင်ပါတယ်။ ကျူရှင်တစတန်းကို ကျောင်းသား (၁၅)ယောက် လောက်ရှိပါတယ်။ ကျောင်းသားအများစုဟာ ဘာမှအဖေ့ကို မပေးနိုင်၊ မကန်တော့ နိုင်ကြပါဘူး။ တစ်ချို့ ရက်ကန်းစက်ပိုင်ရှင် သားသမီးတွေကသာ မုန့်ကြွပ်ထုပ်၊ ပဲကြမ်းကြော်၊ ငှက်ပျောသီး တစ်ခါတစ်ရံ ပေးပါတယ်။ အဖေကလည်း စာသင်လို့ ရကောင်းရဲ့ဆိုတဲ့စိတ်က

လုံးဝမရှိပါဘူး။ အမေကလည်း အဖေစာသင်နေတာကို ဘာမှမပြောပါဘူး။ ကန့်လည်းမကန့်ကွက်ဘူး၊ အားလည်း မပေးဘူး။ အဖေဟာ အသက် (၅၅)နှစ်လောက်ကနေ (၇၅)နှစ် လောက်အထိ အနှစ်(၂၀)လောက် အဲလို အခမဲ့ ဝမ်းတွင်းတစ်မြို့လုံးက ကျောင်းသားတွေကို အင်္ဂလိပ်စာ သင်ပေးခဲ့ပါတယ်။ ဒါကြောင့် ဝမ်းတွင်း တစ်မြို့လုံးက ဆရာကြီးဦးဘဂျမ်းဆိုပြီး တလေးတစားရှိပါတယ်။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ ကိုလည်း ဦးဘဂျမ်း သားသမီးတွေဆိုပြီး အထင်ကြီးကြပါတယ်။ နေ့လည်နေ့ခင်း အားတဲ့အချိန်လေးကျတော့ တန်းလျားပေါ်မှာ လက်တန်းပေါ် ခေါင်းတင်ပြီး တခူးခူးနဲ့အိပ်ပါတယ်။ အဖေဟာ အစားကောင်း အသောက်ကောင်း အရမ်းမက်တယ်။ ကောင်းတာဆို အကုန်ကြိုက်ပြီး စိတ်ပူပင်သောက မရှိဘဲ နေတတ်တဲ့အဖေပါ။ အဖေက အဲလို စိတ်အေးလက်အေး အင်္ဂလိပ်စာသင်နေတဲ့အချိန်မှာ အမေဟာ တက္ကသိုလ်ကျောင်းသား သား(၂)ယောက် နဲ့ နပန်းလုံးနေပါပြီ။ အဖေပင်စင်ယူတဲ့ အချိန်မှာ အစ်ကိုကြီးဦးတင်နွယ်က တက္ကသိလ် နောက်ဆုံးနှစ်၊ အစ်ကိုလတ် ဦးခင်မောင်တင့်က တက္ကသိုလ် ပထမနှစ်။ တက္ကသိုလ်ကျောင်းသား တစ်ယောက်ရဲ့ တာဝန်ဆိုတာ နည်းတာမဟုတ်ပါဘူး။ အမေအတော် ရုန်းကန်ရပါတယ်။ အဖေပင်စင်ယူ လိုက်တဲ့အချိန်မှာ နယ်တကာလှည့်နေရာကနေ ဝမ်းတွင်းမြို့မှာ ပြန်ပြီး အခြေချတော့ အမေအနေနဲ့ အမွေရွာဖြစ်တဲ့ တောင်ဘိုရွာ တစ်ဝိုက်မှာရှိတဲ့ လယ်တွေယာတွေ၊ သရက်တော၊ ထန်းတောတွေကို ဖိဖိစီးစီး ပြန်လုပ်လာနိုင်လို့ တော်ပါသေးတယ်။ ရွာဖက်က လူတွေကို လည်း ငွေတိုးပေးတယ်၊ အလှန်းပေးတယ်။ အဖေပင်စင်ယူထားတော့ အမေဟာ နည်းမျိုးစုံ အကုန်လုပ် ပိုက်ဆံရှာပြီး မိသားစုကို ထောက်ပံ့ခဲ့တယ။ အဲဒါကြောင့် အဖေ ပင်စင်ယူလိုက်ပေမယ့် ကျွန်တော်တို့ မိသားစု အခြေပျက် ယိမ်းယိုင်မသွားဘဲ ရုပ်မပျက်ဘဲ နေနိုင်ခဲ့တယ်။ အစ်ကိုနှစ်ယောက် တက္ကသိုလ်ကျောင်းတက်တာလည်း ဆက်ထားနိုင်ခဲ့တယ်။ အဖေကစိတ်အေးလက်အေး အပူအပင်ကင်းပြီး နေသလောက် အမေကတော့တစ်အိမ်လုံးအရေး သူ့အရေးပဲ၊ သားသမီး၊ လင်ယောကျ်ား အိမ်မှုကိစ္စ အဝဝကို သူတွေးပြီး စိတ်ပူတယ်။ မိသားစုအတွက် မျိုးစုံစဉ်းစားပြီး အလုပ်တွေကို လုပ်တယ်။ အဲလိုပြောလို့ အဖေက သားသမီးတွေ မချစ်လို့လား၊ မဟုတ်ပါဘူး။ သူ့ရဲ့သဘောသဘာဝကိုက ဒီလိုပဲ ဘာမှကို မတွေးဘဲ အေးအေးဆေးဆေး နေတတ်တာ။ အဖေပင်စင်ယလိုက်တော့ အလပ်သိပ်လုပ်တဲ့ အမွေရဲ့ အခြေအနေဟာ ပိရှုပ်တော့တာပေါ့။ အိမ်မှာ အမေကပဲ အစစအရာရာ ညွှန်ကြားတော့တာ။ အဖေကလည်း အမေဘာပြောပြော သဘောတူ ခေါင်းညိတ် ဟုတ်ကဲ့၊ ဟုတ်ကဲ့ မပြောရုံတမယ်ပဲ။ ကျွန်တော့်အစ်ကိုတွေရဲ့ အလုပ်အကိုင်၊ ပညာရေး၊ ဘယ်တက္ကသိုလ်တက်ရမယ်၊ ဘာလုပ်ရမယ် ဆိုတာကအစ အမေပဲ ဆုံးဖြတ်ပါတယ်။ အမေဟာကျောင်းစာ (၇)တန်းပဲ အောင်ပေမယ့် အတွေးအခေါ် နဲ့ ပညာရပ်ပိုင်းကျတော့ အိုင်ကျူ (IQ) တော်တော်ကို မြင့်တယ်လို့ပြောရပါမယ်။ အစ်ကိုကြီး ဦးတင်နွယ် တက္ကသိုလ်ဘွဲ့ရတဲ့အချိန်မှာ

ကျွန်တော့်အစ်ကိုလတ်က ဒုတိယနှစ် ကျွန်တော်ကတော့ (၁၀)တန်းအောင်ပြီး တက္ကသိုလ်တက်တော့မယ်။ အဲဒီအချိန်မှာ အစ်ကိုကြီးက ရန်ကုန်မှာနေပြီး အလုပ်တွေ ရှာနေရင်း ဂျပန်နိုင်ငံမှာ (၆)နှစ် စာသွားသင်ဖို့ ဂျပန်အစိုးရရဲ့ စကောလားရှစ် ထောက်ပံ့ကြေးပေးတာကို ရပါတယ်။ တစ်ပြိုင်နက်ထဲမှာ မြန်မာ့လေကြောင်း Union of Burma Airways (UBA) က ခေါ်တဲ့ လေယာဉ်မောင်းပိုင်းလေ့သင်တန်းဝင်ခွင့်လည်း အောင်ပါတယ်။ ဘာရွေးရမှန်းမသိ ဖြစ်နေပါတယ်။ ဒါပေမယ့် အစ်ကိုကြီးက "ငါဂျပန်မှာ(၆)နှစ် ပညာသွားသင်ရင်တော့ ငါ့ညီနှစ်ယောက် တက္ကသိုလ် ဆက်တက်နိုင်မှာ မဟုတ်ဘူး၊ ငါ့မိသားစု ဒုက္ခရောက်တော့မှာပဲ ငါချက်ချင်းပိုက်ဆံရတဲ့ အလုပ်လုပ်မှ ဖြစ်မယ်" ဆိုပြီး လေယာဉ်မောင်းသင်တန်း တက်ဖို့ ရွေးလိုက်ပါတယ်။ အဲဒီသတင်းလည်းကြားရော အမေ ဆွေ့ဆွေ့ခုန်တော့တာပဲ။ အမေဟာ သားသမီးတွေအပေါ်မှာ သံယောဇဉ်သိပ်ကြီးတဲ့သူတစ်ယောက်ပါ။ သူ့သားလေးလေယာဉ်မောင်းမယ်ဆိုတာကို ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ စဉ်းစားလို့ တောင် မရဘူးတဲ့။ အမေဟာ ချက်ချင်း အဖေ့ကို "ရှင်အခုချက်ချင်း ရန်ကုန်လိုက်သွား၊ ကျုပ်ဖာသာ ကျုပ် ဒီသားသမီးတွေကို ထောက်ပံ့ကျွေးမွေးနိုင်တယ်။ သူ့ဘဝ ကောင်းစားဖို့ ပဲလိုတယ်။ သူကောင်းစားတာပဲ မြင်ချင်တယ် မောင်တင်နွယ်ကို ပိုင်းလေ့မလုပ်နဲ့လို့ ဖျက်ခဲ့၊ ဂျပန်ကို ပညာသင်သွားပါစေ။ ဒါမှ သူကြီးပွားမှာ" အဲလို အကြိမ်ကြိမ်မှာပြီး အဖေ့ကို ရန်ကုန်ကို လွှတ်လိုက်ပါတယ်။ အဲဒီခေတ်က ဝမ်းတွင်းမှာ တယ်လီဖုန်းဆိုတာလည်း မရှိ၊ ရန်ကုန်နဲ့ နယ်တွေ ဆက်သွယ်ရေးဆိုတာကလည်း သိပ်ခက်ခဲ၊ စာတိုက်နဲ့ကြေးနန်းဆိုတာပဲ ရှိတယ်။ အဲတော့ အဖေရန်ကုန်ကို လိုက်သွားပြီး ဘာသတင်းမှ မကြားရတော့ အမေတော်တောလေး စတ်ချမ်းသာနေတယ်။ အဖေတော့ သားကြီး လေယာဉ်မောင်း သင်တန်းတက်မှာကို အောင်အောင်မြင်မြင် ဖျက်လိုက်နိုင်ပြီလို့ ယူဆပြီးတော့ ပျော်နေတာ။ တစ်ပတ်လောက်ကြာတော့ အဖေပြန်လာတယ်။ အမေက အမောတကောစီးပြီး "ရှင်သားလေး လေယာဉ်မောင်းတာ ဖျက်ခဲ့ပြီ မဟုတ်လား" လို့ မေးလိုက်တယ်။ အဖေကတော့ ခပ်အေးအေးပဲ၊ အထုပတွေဘာတွေ ချပြီးတော့မှ "ငါလည်း ဒီကောင့်ကို ပြောမရလို့ လေယာဉ်မောင်းသင်တန်း တက်ခွင့်ပုံစံက မိဘတွေ သဘောတူခွင့်ပြုချက်ပေးတဲ့ နေရာမှာ လက်မှတ် ထိုးပေးခဲ့တယ်။" လို့ ပြောပါတယ်။ အမေ ချိုးပွဲချဉီတော့တာပါပဲ။ အဖေနဲ့ အမေ စိတ်ချင်းကွာတဲ့ သဘောကို ပြောချင်တာပါ။ နောက်ပြီးတော့ အမေရဲ့သားသမီးတွေအတွက် စီမံတွက်ချက် လုပ်ဆောင်တာတွေကို ဆက်ပြောရပါဦးမယ်။ ကျွန်တော့် အစ်ကိုလတ် ဦးခင်မောင်တင့်ဟာ မန္တလေးတက္ကသိုလ်က ပထမနှစ်ပြီးတော့ စနစ်သစ်ပေါ်လာလို့ တက္ကသိုလ်ရွေးချယ်ရေးအဖွဲ့ကို လျှောက်လိုက်တော့ သူဟာ ပညာရေးတက္ကသိုလ်ရော၊ စက်မှုတက္ကသိုလ်ရော နှစ်ခုလုံးမှာ ဝင်ခွင့်ရနေပါတယ်။ ပညာရေးတက္ကသိုလ်က ဘီအီးဒီ (B.Ed.) ဘွဲ့ရမှာပါ။ ရန်ကုန်စက်မှုတက္ကသိုလ် (YIT)ကတော့ ဘီအီး (BE) အင်ဂျင်နီယာဘွဲ့ရမှာပါ။ အဲလို

တက္ကသိုလ်နှစ်ခုလုံးက ဝင်ခွင့်လက်ခံတဲ့စာပို့လိုက်တော့ ဒီတစ်ခါအမေက သူကိုယ်တိုင်ခေါင်းဆောင်ပြီး အဖေရော ကျွန်တော့်အစ်ကိုလတ်ကိုပါခေါ်ပြီး၊ ရန်ကုန်ကို ချီတက်သွား ပါတယ်။ ရန်ကုန်ရောက်တော့ တက္ကသိုလ်နှစ်ခုလုံးကို သွားစုံစမ်းတယ်။ ပညာရေးတက္ကသိုလ်ကတော့ အဆောင်ရမယ်၊ အဆောင်နဲ့ ကျောင်းနဲ့ကနီးတယ် သွားရေးလာရေး အစစအရာရာ အဆင်ပြေတယ်။ စက်မှုတက္ကသိုလ်ကတော့ အဆောင်မပေးနိုင်ဘူး။ ကိုယ့်ဘာသာ နေရေးထိုင်ရေးကို စီစဉ်ရမယ်။ အဖေနဲ့အစ်ကိုတို့ဟာ အဆောင်ရပြီး သွားလာနေထိုင်ရေး လွယ်ကူတဲ့ ပညာရေး တက္ကသိုလ်ကို သဘောကျတယ်။ B.Ed. ပဲတက်တော့မယ်ပေါ့။ ဒါပေမယ့် အမေက တစ်ချက်လွတ်အမိန့်နဲ့ ဆုံးဖြတ်လိုက်တာက "ဘီအီးဒီ မတက်ရဘူး၊ မင်းတစ်သက်လုံး ကျောင်းဆရာဘဝက တက်မှာမဟုတ်ဘူး၊ အဆောင်အတွက်ဘာမှ စိတ်မပူနဲ့၊ နင့်ဦးလေးပြောပြီး စက်မှုတက္ကသိုလ်နဲ့ နီးနီးနားနားမှာ နေဖို့ရာစီစဉ်ပေးမယ်။ မင်းစက်မှုတက္ကသိုလ်ပဲ တက်ရမယ်၊ အင်ဂျင်နီယာဖြစ်အောင်လုပ်"တဲ့။ ဒီလိုနဲ့ပဲ ကျွန်တော့်အစ်ကိုလတ်ဟာ စက်မှုတက္ကသိုလ်တက်ပြီး B.E. အင်ဂျင်နီယာဘွဲ့ရခဲ့ပါတယ်။ အစ်ကိုလတ် ပြီးတော့ ကျွန်တော့်အလှည့်။ ကျွန်တော်က ရန်ကုန်သိပ်နေချင်တာ။ အဲတော့ အစ်ကိုက စက်မှုတက္ကသိုလ်မှာ ရှိတယ်ဆိုတော့ ကျွန်တော်လည်း စက်မှုတက္ကသိုလ်တက်ချင်တယ်လို့ နားပူမိပါတယ်။ ဒီတစ်ခါလည်း အမေပဲ ဆုံးဖြတ်ပါတယ်။ "အမျိုးထဲမှာ လေယာဉ်မောင်းတစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက်၊ တော်ပြီ၊ တို့အမျိုးမှာ ဆရာဝန်မရှိဘူး၊ မင်းဆေးကျောင်းတက်ရမယ်" လို့ပြောပါတယ်။ ဒါနဲ့ ကျွန်တော် မန္တလေး ဆေးတက္ကသိုလ်တက်ပြီး အခုဒီဘဝကို ရောက်ခဲ့တာပါ။ ကျောင်းစာ အတန်းစာ မတတ်ပေမယ့် အမေဟာ တော်တော်ကို ထက်တဲ့သူတစ်ယောက်ပါ။ အတော်လေးကို အတွေးအခေါ် အမြော်အမြင်နဲ့ ခေတ်ရှေ့ပြေး အတွေးအခေါ်တွေရှိတဲ့သူပါ။ အခုလို အိုင်တီ (IT) ခေတ်မှာ အီးမေးလ်၊အင်တာနက်၊ စကိုက်(skype)၊ ဂူဂယ်တော့ (geogle talk)တွေကို မြင်တော့ အမေများ ဒါတွေကို သုံးလိုက်ရရင် ဆိုတဲ့အတွေးနဲ့ အမေ့ကို အထူးသတိရ တမ်းတလွမ်းမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၂၈-၆-၂၀၀၆

အမေနဲ့ကျွန်တော် (အပိုင်း- ၆)

အဖေပင်စင်ယူလိုက်တဲ့အချိန်မှာ ကျွန်တော့်အစ်ကိုကြီးက ရန်ကုန်တက္ကသိုလ်နောက်ဆုံးနှစ်၊ အစကိုလတ်က မန္တလေးတက္ကသိုလ် ပထမနှစ်၊ ကျွန်တော်တို့ မိသားစုမှာ ပုံမှန်ဝင်ငွေလည်း မရှိတော့၊ အာဏာပါဝါလည်း ဘယ်ရောက်ကုန်မှန်းမသိ၊ အငြိမ်းစားတစ်ယောက်ရဲ့ မိသားစုဘဝ၊ အကြီးနှစ်ယောက်က တက္ကသိုလ်မှာ၊ အငယ်(၄)ယောက်လုံးက မူလတန်း၊ အလယ်တန်းတွေမှာပဲ ရှိသေးတယ်။ အဲလိုပင်စင်ယူပြီးတဲ့အချိန် (၁၉၆၂) ခုနှစ်မှာ အမေဟာ ကျွန်တော်တို့အတွက် ညီအငယ်ဆုံးတစ်ယောက်ကို မွေးပေးလိုက်သေးတယ်။ ပြန်ပြောရမယ်ဆိုရင် ရဲဝန်ထောက်အငြိမ်းစား ဦးဘဂျမ်းမှာ တက္ကသိုလ်ကျောင်းသား (၂)ယောက်၊ အလယ်တန်းကျောင်းသား (၂)ယောက်၊ မူလတန်းကျောင်းသူ (၂)ယောက်နဲ့ မွေးခါစ ယောကျားလေး တစ်ယောက်၊ ပင်စင်စားဘဝနဲ့ ကလေး (၇)ယောက် ဘယ်လိုလူပ်ရှားရမယ်ဆိုတာ အမေ့အတွက် ရင်လေးစရာပါ။ အဖေကတော့ အလုပ်လုပ်နေတုန်းက အတိုင်းပဲ ပုံစံမပြောင်း၊ အကောင်းဆို အကောင်းဆုံးကမှ ကြိုက်တယ်။ စားစား၊ သွားသွား၊ ဝတ်ဝတ်၊ ဘာလုပ်လုပ် ကောင်းပေ့ဆိုမှပဲ။ တစ်ပြားမှ မလျှော့ဘူး။ ပြီးတော့ ဒေးကာနယ်ဂျီရဲ့ "သောကကင်းဝေး နေနိုင်ရေး" ဆိုတဲ့စာအုပ်ကိုမျှ အရည်ကျိုသောက်ထားသလားမသိ၊ ဘာကိုမှ အပအပင်မရှိပါ။ အဲတော့ မိသားတစ်စုလုံးရဲ့တာဝန်ထမ်းရမယ့်အမေ ပြာပြီပေါ့။ အမေ့အတွက် တွေးကြည့်တော့ တကယ့်ကို စိတ်မောစရာပါ။ ဒါပေမယ့် အမေဟာ စိတ်ဓါတ် အရမ်းခိုင်မာတဲ့သူပါ။ ဒီလိုအခြေအနေမျိုးမှာ အမေဟာ သူ့မိသားစုဘဝတိုးတက်ရေးအတွက် မျိုးစုံကြိုးစားတော့တာပဲ။ အဲဒီတုန်းက (၁၉၆၂)ခုနှစ် ပတ်ဝန်းကျင်ဆိုတော့ ဝမ်းတွင်းမြို့လေးဟာ ချည်ထည်လုပ်ငန်းနဲ့ အရမ်းကြီးပွါးပြီး လျှမ်းလျှမ်းတောက်တဲ့ကာလပါ။ (၁၉၅၈) ခုနှစ် ဖဆပလအစိုးရခေတ်မှာ ဝမ်းတွင်းမြို့ကလူတွေ အစိုးရဆီက ဘဏ်ချေးငွေတွေနဲ့ စီးပွားကူးသန်းရေးတွေလုပ်ကိုင်ပြီး အထည်စက်တွေ ထောင်ကြတာ ကျိကျိတက် ချမ်းသာပြီးကြီးပွါးသွားကြတာ။ အဲလိုနဲ့ ကျွန်တော်တို့ ဝမ်းတွင်းမြို့ဟာ တစ်နိုင်ငံလုံးမှာ အထည်လုပ်ငန်းရဲ့ အဓိက ဗဟိုအချက်အချာနေရာဖြစ်သွားပါတယ်။ ဝမ်းတွင်းမြို့က ရွှေဥဒေါင်း ချည်စက်ဆိုတာ အစိုးရဘဏ်ချေးငွေနဲ့ တရုတ်ပြည်ကနေစက်တွေဝယ်ပြီး တည်ထားတဲ့ မြန်မာပြည်ရဲ့ ပထမဦးဆုံး ပုဂ္ဂလိကချည်စက်ပါ။ ဘဲလ်အဲယား၊ ချက်ပလက်၊ လင့်ရိုဗာကားတွေ တဝီဝီနဲ့ သူဌေးတွေ သူဌေးတွေဆိုတာ တစ်မြို့လုံးက ငေးကြည့်နေရတယ်။

အဲဒီအချိန်မှာ ပင်စင်ယူထားတဲ့ အဖေက တစ်ချို့ သူငှေးတွေကိုကြည့်ပြီး ဘာပြောသလဲဆိုတော့ "ဟို . . . . ချည်စက်သူငှေးဆိုတာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်တုန်းက ငါရဲဌာနအုပ် ဘဝမှာ ဒီကောင် လမ်းဘေးက ပစ္စည်းထမ်းတဲ့ကောင်"၊ "ဟိုကောင် . . . . . ချည်စက်သူငှေးဆိုပြီး ခုမှ လုပ်နေတာ။ အရင်တုန်းကများ ငါ ရဲဂျစ်ကားနဲ့သွားရင် လမ်းမှာတားပြီး ဌာနအုပ်ကြီးရယ် ကျွန်တော် . . . . . ရွာ ကို လိုက်ပါရစေဆိုပြီး တားပြီးစီးနေကြ အကောင်ကွ" စသဖြင့်ပေါ့။ ဒီလိုနဲ့ပဲ အဖေဟာ သူရွှေထီးဆောင်းခဲ့ရတဲ့ ဘဝတွေကို ပြန်လည်တမ်းတပြီး ဆွေးတမြေ့မြေ့ဖြစ်နေပါတယ်။ တကယ့်ကို တရားကျစရာပါ။ သူပြောတဲ့ စစ်အတွင်း၊ စစ်မဖြစ်ခင် သူအာဏာအပြည့်နဲ့ ရဲအရာရှိဘဝတုန်းက သူ့ကို ထိုင်ရှိခိုးပြီး ပြားပြားဝပ်နေတဲ့ သူတစ်ချို့ဟာ အခု သူပင်စင်ယူလိုက်ရတော့ သူကမော်ပြးကြည့်နေရမယ့် သူငှေးတွေ ဖြစ်နေပါရောလား။ လောကဓံရဲ့ သဘောတရားတွေကို သူသဘောပေါက်လား၊ မပေါက်လား မသိပါ။ အဖေဝေခွဲမရဘဲ ဖြစ်နေပုံပေါ်ပါရဲ့။ အဲလို ကျွန်တော်တို့ ဝမ်းတွင်းမြို့ဟာ တဟန်ထိုး အထည်စက်တွေနဲ့ ကြီးပွါးနေတာ တွေမြင်တော့ အမေလည်း အဖေပင်စင်ယူပြီးခါစကာလမှာ ကြိုးစားပြီး ခေတ်နဲ့အညီ စီးပွါးရေးလိုက်လုပ် ဖို့ ကြံစည်ပါတယ်။ ရှိစုမဲ့စု ငွေလေးတွေစု၊ ဝမ်းတွင်းမြို့အနီး လိမ်ပင်ရွာက ချည်ထည်လုပ်ငန်း လုပ်နေတဲ့ မိတ်ဆွေတစ်ယောက်နဲ့ပေါင်းပြီး စက်ယက္ကန်းတွေဝယ်၊ အထည်စက်ရုံထောင်ဖို့ဆိုပြီး တော်တော်လေး ကြိုးစားရှာပါတယ်။ ဒါပေမယ့် ဘဝရဲ့ ကပဲပေါ့လေ။ လုပ်ငန်းအဆင်မပြေချင်တော့ အထည်စက်ဝယ်ဖို့ ငွေသာချေလိုက်ပေမယ့် အမေတို့ဝယ်လိုက်တဲ့ စက်တွေက ဝမ်းတွင်းကို ရောက်မလာဘူး။ အတိုဆုံးပြောရ ရင်တော့ အမေဟာ ဒုက္ခသုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ရပြီး ငွေပေးချေဝယ်တဲ့ စက်ယက္ကန်းတွေက မရ။ အထည်စက်တွေနဲ့ စက်ရုံ မထောင်လိုက်ရဘဲ စက်ဖိုးပေးလိုက်တဲ့ လူတွေဆီက အကြွေးလိုက်တောင်းရ တဲ့ဘဝကိုပဲ ရောက်သွားပါတယ်။ ဒီလိုနဲ့ အမေ ယက္ကန်းနဲ့ အထည်လုပ်ငန်းကို လက်လျှော့ပြီး ငွေတိုးပေး၊ ရွာဘက်က လယ်တွေယာတွေကရတဲ့ ဆန်၊ ဆီ လိုက်သိမ်း၊ အလှမ်းပေးတွေပဲ လုပ်ပါတော့တယ်။ အသက် (၄၀)ကျော် မင်းကတော်အငြိမ်းစား လတ်လတ်ဆတ်ဆတ်ဘဝမှာ တော်တော်ကို နေရာအနှံ့ ရွာရိုးတစ်လျှောက် လိုက်ပြီး ပိုကဆံရမယ့် အလုပ်မှန်သမျှ သိမ်းကြုံးလုပ်ရှာပါတယ်၊ မိသားစုအတွက်ပဲပေါ့လေ။ ဒါပေမယ့်လည်း တက္ကသိုလ် ကျောင်းသား (၂)ယောက်ရဲ့ ဝန်ထုပ်ဝန်ပိုးဟာ နည်းတာမဟုတ်ဘူး။ အမေရှာတဲ့ ပိုက်ဆံနဲ့ မလောက်နိုင်ပါဘူး။ ကျွန်တော်အစ်ကိုကြီးဟာလည်း ကြော့နေအောင်နေတာ။ ပိုဆိုးတာက ရန်ကုန် တက္ကသိုလ်ကျောင်းသားဆိုတော့ မန္တလေးတက္ကသိုလ်ကျောင်းသားထက် ပိုကဲတယ်။ ဆံပင် အမောက် ခေတ်စားတဲ့ကာလဆိုတော့ မနက်လင်းတာနဲ့ ဆံပင်ကို ကြော့နေအောင်ဖီးတယ်။ ရန်ကုန်မှာ အဲဒီခေတ် က နာမည်ကြီးတဲ့ စဉ့်အိုးတန်း ဘုရင်မဓါတ်ပဆိုင်မှာ ဓါတ်ပုံမျိုးစုံရိုက်၊ ကောင်မလေးတွေနဲ့ကလည်း

တွဲဆိုတော့ ဝမ်းတွင်းမြို့က အမေဒေါ်ခင်ခင် ပိုက်ဆံရှာတာဟာ ဘယ်လောက်နိုင်ပါတော့မလဲ။ ဒီလိုနဲ့ အစ်ကိုကြီး ဦးတင်နွယ် ဘွဲ့ရသွားပြီး လေယာဉ်မောင်းသင်တန်း တကပါတယ်။ အဲဒီအချိန်မှာ အစ်ကိုလတ်ကတော့ မန္တလေးတက္ကသိုလ် ပထမနှစ်ကနေ ရန်ကုန်စက်မှုတက္ကသိုလ်မှာ ဆက်တက်ဖြစ်တယ်။ ကျွန်တော်ကတော့ မိတ္ထီလာ အထက(၁)မှာ ဆယ်တန်းကျောင်းသားပေါ့။ ကျွန်တော့်အစ်ကိုလတ်ဟာ မန္တလေးတက္ကသိုလ်ပထမနှစ်ပြီးတော့ ရန်ကုန် စက်မှုတက္ကသိုလ် ဒုတိယနှစ် ဆက်တက်ပါတယ်။ အဲဒီခေတ်က တက္ကသိုလ်အောင်စာရင်းတွေကို အင်္ဂလိပ်သတင်းစာ ဂါဒယန်း (Guardian) ထဲမှာ ထည့်ပြီး ကြော်ငြာလေ့ရှိပါတယ်။ တစ်နေ့တော့ အမေက "ဟဲ့ မောင်တူး (ကျွန်တော့်အစ်ကိုလတ်ရဲ့ အိမ်နာမည်) တို့ အောင်စာရင်းတွေ ထွက်လောက်ပေါ့၊ မင်းမိတ္ထီလာရောက်ရင် အင်္ဂလိပ်သတင်းစာ ဝယ်ခဲ့ဦး" လို့ကျွန်တော့်ကို ပြောပါတယ်။ ဒါနဲ့ ကျွန်တော် မတ္ထီလာရောက်လ. ဂါးဒီးယန်းသတင်းစာကို ဝယ်ပြီးဖတ်လိုက်တော့ အောင်စာရင်းမှာ ကျွန်တော့်အစ်က နာမည် မတွေ့ဘူး။ အိမ်ရောက်တဲ့အခါ အမေ့ကို အဲဒါလည်း ပြောလိုက်ရော အမေ ထိုင်ငိုပါရော။ ကျွန်တော် တော်တော်လေး စိတ်မကောင်းဖြစ်မိတယ်။ ဒါနဲ့ အမေ့ကို နှစ်သိမ့်စကားပြောရတာပေါ့။ "အမေရယ ကိုတူးက ကျောင်းလခတွေ မှန်မှန်မသွင်းလို့ အောင်စာရင်းမထွက်တာ ဖြစ်နေပါဦးမယ်၊ ကျွန်တော် ဖုန်းဆက်ကြည့်ပါဦးမယ်" လို့ လျှောက်ပြောရတာပေါ့။ ကာယကံရှင် ကျွန်တော့်အစ်ကိုလတ်ကတော့ အေးအေးဆေးဆေးပဲ။ အမေက "ဟဲ့ ဒီကောင့် ကျောင်းလခ ငါ လစဉ်မှန်မှန် ပို့တာပဲ" လို့ ထပ်ပြောတယ်။ နောက်ဆး ကျွန်တော်တို့ ရန်ကုန်စက်မှု တက္ကသိုလ်ကို ဖုန်းဆက်ကြည့်တော့ ကျွန်တော့် အစ်ကိုကြီးဟာ ဒုတိယနှစ် စက်မှုတက္ကသိုလ် စာမေးပွဲ အမှန်တကယ် ကျတာ ဖြစ်နေပါတယ်။ အဲလို အဖြစ်မှန်လည်းသိရော အမေ ချုံးပွဲချငိုတော့တာပါပဲ။ ကျွန်တော့်အစ်ကိုလတ်ဟာ အေးအေးလေးနဲ့ သူလုပ်ချင်ရာလုပ်တဲ့သပါ။ သူက အထူးတလည်ကြီး ဆိုးနေတာတော့ မဟုတ်ဘူး။ အရက်လည်း မသောက်ဘူး။ ညဆိုရင် ရန်ကုန်စက်မှုတက္ကသိုလ်ရဲ့ ပျော်ပါးရာနေရာဖြစ်တဲ့ စက်မှုတက္ကသိုလ်ထဲက မခင်အေး စားသောက်ဆိုင်၊ လွှက်ရည်ဆိုင်တွေမှာထိုင်၊ ညဉ့်နက်အောင်နေ၊ ဝိုင်းဖွဲ့စကားပြော၊ အဆောင်ပြန်ရောက်၊ ဖဲရိုက်ချင်ရိုက်မယ၊ စကားဆကပြောချင်ပြောမယ်၊ ဒါနဲ့ မနက် (၃း၀၀)နာရီလောက်ရောက်သွားတော့ အိပ်လိုက်ရော။ နေ့လည် (၁း၀၀) နာရီလောက်မှ အိပ်ယာကနိုး၊ အဲတော့ စက်မှုတက္ကသိုလ်က စာသင်တန်း ကလပ်စ် (class) တွေက အကုန်လွတ်သွားပြီ။ ဒီလိုနဲ့ပဲ စားလိုက်သောက်လိုက်ပျော်လိုက်နဲ့ ဘဝကို လွတ်လွတ်လပ်လပ်ကြီး အားပါးတရ ကျေနပ်ပျော်ရွှင်ခံစားပြီးနေလိုက်တော့ စာမေးပွဲကျရောပေါ့။ နည်းတောင်နည်းသေးတယ်လို့ ပြောရမယ်။ အမေဟာ တော်တော် သနားဖို့ကောင်းပါတယ်။ အစ်ကိုလတ် စာမေးပွဲကျပြီဆိုတာ သေချာတော့ အမေရယ် ကျွန်တော်ရယ် အစ်ကိုလတ်ရယ် ဝမ်းတွင်းမြို့က ကျွန်တော်တို့အိမ်ရဲ့ မီးဖိုချောင်ထဲ

မှာထိုင်ပြီး (၃)ယောက်သား ငိုကြရတာ။ အမေက ပြောပါတယ်။ သူရဲ့ သုံးကျပ်သား ရွှေဆွဲကြိုးကြီးကို သားတွေ တက္ကသိုလ်စရိတ်ပို့ဖို့ ဖြတ်ဖြတ်ပြီး ရောင်းရတာတဲ့။ အခုဆိုရင် ချက်အောက်ရောက်နေတဲ့ ရွှေဆွဲကြိုးကြီးဟာ တိုတိုလေးပဲ ကျန်တော့တယ် ဆိုပြီး ပြောပြောပြီး ငိုရှာပါတယ်။ အစ်ကိုလတ်ဟာ လူဆိုးတော့ မဟုတ်ပါ။ အမေ့ကိုလည်း သိပ်ချစတဲ့ သူတစ်ယောက်ပါ။ သူ့ဖာသာ သူ့စိတ်ကို မထိန်းနိုင်ဘဲ ပျော်စရာသိပ်ကောင်းတဲ့ တက္ကသိုလ်ကျောင်းသား ဘဝထဲမှာ နစ်မျောနေပြီး စာသင်ရမှာကို မေ့နေတဲ့သူတစ်ယောက်ပါ။ ကျွန်တော်တို့တစ်တွေရဲ့ စားဝတ်နေရေး၊ ပညာသင်ရေးကြောင့် အမေရဲ့ ရတနာ လက်ဝတ်လက်စားတွေဟာ တဖြည်းဖြည်း ရောင်းရင်းချရင်း ကုန်ပြီးလိုက်လာပါတယ်။ ပြီးတော့ ပြောရပါဦးမယ်။ ကျွန်တော်တို့အငယ်တုန်းက ဝမ်းတွင်းတိုက်ရဲ့ အပေါ်ထပ်မှာ ရတနာပုံဒေါင်းဒဂိုးဆိုတဲ့ ငွေဒဂိုးပြားတွေဟာ ပြည်တောင်းတွေနဲ့ အပြည့်ပါ။ ဒါပေမယ့် တက္ကသိုလ် ကျောင်းသားတွေ၊ ကလေးတွေ ကျောင်းထားရင်း မိသားစုအတွက်လုံးပမ်းရင်းနဲ့ ပိုက်ဆံလိုတိုင်း မိတ္ထီလာက ငွေပန်းထိမ်ဆိုင် တွေမှာသွား၊ ဒဂိုးတွေ ချရောင်းစားရတော့ အမေရဲ့ ဒေါင်းဒဂိုးတွေ ကုန်ပါရော။ အမေ့ဘဝဟာ တကယ့်ကို သနားစရာကောင်းပါတယ်။ တစ်ယောက်တည်း အိမ်ရဲ့ စားရေး သောက်ရေး၊ ဝတ်ရေးနေရေး၊ ပညာရေး၊ လူမှုရေး ပြောရမယ်ဆိုရင် အားလုံးကို တာဝန်ယူရတာပါ၊ နည်းတဲ့ကိစ္စ မဟုတ်ပါဘူး။ အမေဟာ သတ္တိရှိပြီး စိတ်ဓါတ် ကြံ့ခိုင်တဲ့သူ တစ်ယောက်မို့လို့ ဒီလို အလုပ်တွေကို လုပ်နိုင်ခဲ့တာပါ။ ကျွန်တော့် အစ်ကိုကြီးအကြောင်းလည်း ပြောရပါဦးမယ်။ သူ မိတ္ထီလာ လေယာဉ်မောင်းသင်တန်း တက်နေတုန်း သင်တန်းဆင်းဖို့ တစ်ရက်အလိုမှာ အမောင်းသင်လေယာဉ် နှစ်စင်း လေထဲမှာတိုက်ပြီး ပျက်ကျသွားတယ် ဆိုတဲ့သတင်း ကျွန်တော်တို့ ဝမ်းတွင်းမြို့ဆီကို ရောက်လာပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်း မိတ္ထီလာက စက်ရှင်မင်းကြီး ဦးလှသား မောင်လှိုင်ဝင်း (ယခုစက်ဘူမှာနေ) ရဲ့ကားနဲ့ မတ္ထီလာ လေတပ်စခန်းဆီကို ကမန်းကတန်း ပြေးရတော့တာပေါ့။ လေတပ်အဝင်ရောက်တာနဲ့ "လေယာဉ်နှစ်စင်းတိုက်ပြီး ပျက်ကျတယ်ဆိုတာ ဟုတ်လား" လို့ မေးလိုက်တော့ ဟုတ်တယ်လို့ ဖြေပါတယ်။ ကျွန်တော်ဟာ ဒီသတင်းလည်း ကြားလိုက်ရရော လေယာဉ် မောင်းတဲ့အစ်ကိုကြီးထက် သားသမီးတွေအတွက် သိပ်ကိုစိတ်ပူပင်တတ်တဲ့ အမေအတွက် သိပ်ကို စိုးရိမ်သွားမိပါတယ်။ အမေဟာ သားတွေအပေါ်မှာ တော်တော်ကို သံယောဇဉ်ရှိတာပါ။ ဒါနဲ့ ကျွန်တော်က ဆက်ပြီး "လေယာဉ် ပျက်ကျတဲ့ ပိုက်လော့ (Pilot) တွေထဲမှာ တင်နွယ်ဆိုတာပါလားဗျ" မေးလိုက်တော့ ဂိတ်စောင့်ရဲဘော်က "တင်နွယ်ဆိုတာတော့ မပါဘူး၊ သေချာသိချင်ရင် လေယာဉ်မောင်း အရာရှိရိပ်သာကို သွားမေးပါ" ဆိုပြီး လွှတ်လိုက်တယ်။ ကျွန်တော်လည်း လေယာဉ်ပျက်ကျတဲ့အထဲမှာ အစ်ကိုကြီးနာမည် မပါဘူးဆိုတော့ အားရဝမ်းသာနဲ့ပြေးသွားလိုက်ပြီး ရိပ်သာအဝလည်းရောက်ရော စိတ်အေးလက်အေး ထင်နေတဲ့

အစ်ကိုကြီး ကိုတင်နွယ်ကို တွေ့လိုက်ရတော့ တော်တော်လေး ဝမ်းသာ သွားပါတယ်။ ချက်ချင်းပဲ ဝမ်းတွင်းက အမေ့ဆီကို ဖုန်းဆက်လိုက်ပါတယ်။ အမေ သိပ်စိတ်ချမ်းသာ သွားပါတယ်။ အစ်ကိုကြီးက "ငါတို့ နောက်တစ်နေ့ သင်တန်းဆင်းတော့မှာကွ၊ ည လေယာဉ်မောင်းတာ (Night Flying) ဆိုပြီး ဆရာတပည့်တစ်တွဲဆီ လေယာဉ်တစ်စင်းစီနဲ့ မောင်းကြတာ။ ပျော်ဘွယ်မြို့ပေါ် လောက်မှာ ဒီလောက်ကျယ်နေတဲ့ လေထုကြီးထဲမှာ လေယာဉ်လေး နှစ်စင်း ဝင်တိုက်ကြသတဲ့ကွာ၊ ဖြစ်ချင်တော့ ဒီလိုပဲပေါ့" လို့ပြောရှာပါတယ်။ အမေဟာ အစ်ကိုကြီးတို့လေယာဉ်မောင်းသင်တန်းက အဲဒီလိုလေယာဉ် တိုက်ပြီး ပျက်ကြတာကို ကြားပြီးတော့ သူ့သားကြီးအတွက် စိတ်ပူရတဲ့အကြောင်းကို ပြောလို့မပြီးနိုင်ဘူး။ "ငါ ပြောသားပဲ လေယာဉ် မမောင်းပါနဲ့" လို့ ဆိုပြီး တတွတ်တွတ်ကို ပြောလိုက်တာ၊ သူ့သားသမီးတွေအပေါ်မှာ တကယ့်ကို စေတနာ သံယောဇဉ်အပြည့်ရှိတဲ့ အမေပါ။ ဒီလိုပြောတော့ အဖေက သားသမီးတွေကို မချစ်သလို ဖြစ်နေပါတယ်။ အဖေက သဘောထားတမျိုး၊ သူ့သားသမီးတွေကို ချစ်ရှာပါတယ်။ သံယောဇဉ်လည်း အပြည့်ပါ။ ဒါပေမယ့် အဖေဟာ သူ့သားသမီးတွေကို ဘယ်လိုချစ်၊ ဘယ်လို သံယောဉ်ဇဉ် ရှိတယ်ဆိုတာကို အမူအရာနဲ့လည်း သိပ်မပြတတ်၊ ပါးစပ်ကလည်း ထုတ်မပြောတတ်တဲ့ သူပါ။ အစ်ကိုကြီး လေယာဉ်စ မောင်းတော့ သူ့လခဟာ တော်တော်ကောင်းပါတယ်။ အသုံးအဖြုန်းလည်း မရှိ၊ လခတစ်ဝက်လောက်ကို မိဘတွေစီပို့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်တော်က (၁၀)တန်း အောင်ပြီး မန္တလေး ဆေးတက္ကသိုလ်မှာ စတက်နေပါပြီ။ စက်မှုတက္ကသိုလ် အစ်ကိုလတ်ရယ် ကျွန်တော်ရယ်ဆိုတော့ တက္ကသိုလ်ကျောင်းသား နှစ်ယောက်ပြန်ဖြစ်သွားတော့ အစ်ကိုကြီး ထောက်တဲ့ ပိုက်ဆံလေးနဲ့ မိသားစု စားရေးသောက်ရေး၊ တက္ကသိုလ်ကျောင်းသားနှစ်ယောက် ထောက်ဖို့ဆိုတာ သိပ်လွယ်တာ မဟုတ်ပါဘူး။ အမေဟာ အစ်ကိုကြီးပို့တဲ့ပိုက်ဆံ၊ သူရှာတဲ့ပိုက်ဆံတွေနဲ့ ကုပ်ကပ်စုပြီးတော့ ကျွန်တော်နဲ့ စက်မှုတက္ကသိုလ် အစ်ကိုလတ် နှစ်ယောက်လုံးစီကို ပိုက်ဆံအတူတူ အညအမျှပို့ပါတယ်။ ဒါပေမယ့် လဝက်လောက်ဆိုရင် အစ်ကိုလတ်ဆီက စာလာပါတယ်။ "ခင်မောင်ဝင်း၊ မင်းနေကောင်း ရဲ့လား၊ မန္တလေးမှာ ရာသီဥတုကော ဘယ်လိုလဲ၊ မင်းအမေတို့ဆီကို ရောက်သေးလား၊ အမျိုးတွေကော နေကောင်းရဲ့လား၊ ဒါထက် ငါ အခုလ အဆောင်ကြေးသွင်းဖို့ ပိုက်ဆံ မရှိဘူးဖြစ်နေတယ်၊ မင်းတတနိုင်ရင် ငါ့ဆီကို ပိုက်ဆံ "၅၀" လောက် အမြန်ဆုံးပို့ပေးစမ်းပါ။ မင်းပို့မပေးရင်တော့ ဒီလကုန်ရင် အဆောင်မှာ ငါ့အတွက် ထမင်းဟင်းဖြတ်လိမ့်မယ (အဲဒီစာသားတွေကို လင်းတားထားတယ်)။ စကားမစပ် ဘောလုံးကွင်း အရှေ့ ဘက်က ဒေါ်ကြီးကော နေကောင်းရဲ့လား၊ ဦးလေးမိန်းမဆိုတော့ မင်းဂရုစိုက်ဖို့တော့ လိုတာပေါ့ကွာ။ ဒါထက် ငါ အခုလ အဆောင်ကြေးသွင်းဖို့ ပိုက်ဆံ မရှိဘူးဖြစ်နေတယ် ..... အဆောင်မှာ ငါ့အတွက်

ထမင်းဟင်းဖြတ်လိမ့်မယ်။ မင်းကိုလေ မေးရဦးမယ်၊ ငါတို့ ဝမ်းတွင်းကျောင်းက ကျောင်းအုပ်ဆရာကြီး ဦးနီကော ပင်စင် ယူသွားပြီလား။ သ့ကို သတိရတယ်ကွာ။ ဒါထက် ငါ အခုလ အဆောင်ကြေးသွင်းဖို့ ပိုက်ဆံမရှိဘူး ဖြစ်နေတယ်။ .... အဆောင်မှာ ငါ့အတွက် ထမင်းဟင်း ဖြတ်လိမ့်မယ်။ ငါတို့တိုက်ရှေ့က ရေတွင်းရော ရေကောင်းရဲ့လား၊ ရေလာခပ်တဲလူရော များရဲ့လား။ ဒါထက် ငါအခလအဆောင်ကြေးသွင်းဖို့ ပိုက်ဆံမရှိဘူးဖြစ်နေတယ်။ ....။ ဒီလိုနဲ့ အကြောင်းအရာတစ်ခု ရေးလိုက်ပြီးရင် သူ့မှာ အဆောင်ကြေးသွင်းဖို့ ပိုက်ဆံမရှိတဲ့အကြောင်း ထပ်ခါတစ်လဲလဲ ရေးတယ်။ မယုံမရှိပါနဲ့။ ကိုတးရဲ့စာတွေဟာ အဲဒီအတိုင်း ရေးခဲ့တယ်ဆိုတာ ဖြစ်ရပ်မှန်ပါ။ စက်မှုတက္ကသိုလ် RIT ကျောင်းသားတွေဟာ ဒီလိုပဲ ထင်ပါရဲ့။ အဲလိုစာတွေဟာ လစဉ် ကျွန်တော့်ဆီကို ပို့ပါတယ်။ ကျွန်တော်ကလည်း အမေစိတ်မညစ်စေချင်တာနဲ့ ညီအစ်ကိုချင်း အတူတူရတဲ့ အမေပို့တဲ့ကျောင်းစရိတ် ပိုက်ဆံထဲကနေ ခွဲပြီး သူ့ဆီကို အဆောင်ကြေး အချိန်မီ သွင်းဖို့ ပို့ရတယ်။ အမေဟာ သေသာသွားရော သူ့သားလတ် ကျွန်တော့်ဆီကနေ ဒီလို ထောက်ပံ့ငွေတွေနဲ့ RIT ဘွဲ့ရသွားတဲ့အထိ အဆောင်ကြေး သွင်းပြီး ကျောင်းနေသွားတယ်ဆိုတာ သိမသွားရှာပါဘူး။ သူတတ်နိုင်သရွေ့ ပိုက်ဆံတွေကိုရှာပြီး ကျွန်တော်တို့ညီအစ်ကို တက္ကသိုလ်ကျောင်းသားနှစ်ယောက်ဆီကို လစဉ်မပြတ် မည်သ်းမည့် ပို့ရှာပါ တယ်။ တကယ့်ကို ချစ်ဖို့ကောင်းတဲ့ အမေပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၂၂-၃-၂၀၀၆

အမေနဲ့ကျွန်တော် (အပိုင်း ၇)

တက္ကသိုလ်ကျောင်းသားနှစ်ယောက်ကို ကျောင်းထားရလို့ မောနေတဲ့အမေဟာ ကျွန်တော့် အစ်ကိုလတ် စက်မှုတက္ကသိုလ်မှာ အပျော်ကျူးပြီး ပဉ္စမနှစ်မှာစာမေးပွဲ တစ်ခါထပ်ကျပြန်တော့ ဘာပြော ရမှန်း မသိတော့ဘူး။ စက်မှုတက္ကသိုလ်ရဲ့စံနစ်က စာမေးပွဲကျတာနဲ့ တကသိုလ်က အဆောင်မှာ နေခွင့် မရတော့ပါဘူး။ အဲတော့ စာမေးပွဲကျတဲ့ အစ်ကိုလတ် အပြင်ဆောင်ကို ပြောင်းရပြန်ပါတယ်။ ဒုတိယနှစ် စာမေးပွဲကျတုန်းကတည်းက အမေကိုယ်တိုင် ရန်ကုန်ကို ခရီတက်လာပြီး အစ်ကိုလတ်နေဖို့ အပြင် အဆောင် လိုက်ရွေးပေးတာပါ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဗလအိမ်မှာ ဖွင့်ထားတဲ့ အပြင်ဆောင်ကို အမေ သဘောကျပါတယ်။ ဗိုလ်မှူးဗလအဆောင်က စက်မှုတက္ကသိုလ်နဲ့ကပ်လျက်ပါ။ အိမ်လေးက လည်းသန့်တယ်၊ ပတ်ဝန်းကျင်ကိုလည်း ကြိုက်တယ် ပိုင်ရှင်ကလည်း ဗိုလ်မှူးဗလဆိုတော့ ပြောစရာ မလိုတော့ဘူးဆိုပြီး အမေက အဲဒီအဆောင်ကို ရွေးပေးခဲ့တာပါ။ အမေက ဗိုလ်မှူးဗလတို့နဲ့ အစ်ကိုလတ်ကို မိတ်ဆက်ပေးပြီး သူ့ကို ဗိုလ်မှူးဗလ မိသားစုလက်ထဲ သေချာအပ်ထားခဲ့ပါတယ်။ အဲဒီ အဆောင်မှာ အစ်ကလတ် တစ်နှစ်လောက်နေလိုက်တော့ ရန်ကုန်နဲ့ သွားချီပြန်ချီလုပ်နေတဲ့ အမေနဲ့ အဆောင်နေ အစ်ကိုလတ်တို့ ဗိုလ်မှူးဗလမိသားစုနဲ့ အထူးပဲရင်းနှီးသွားပါတယ်။ အိမ်ရှင်၊ အိမ်ဌားဆိုတဲ့ ဆက်ဆံရေး မျိုး လုံးဝမဟုတ်တော့ဘဲ မိသားစုလိုကို ဖြစ်သွားတာ။ အစ်ကိုလတ်ဟာ အလို ဒုတိယနှစ် စာမေးပွဲကျ တုန်းက အပြင်ဆောင်မှာနေခဲ့တဲ့ အတွေ့အကြုံရှိပြီးသားဆိုတော့ အခု ပဉ္စမနှစ် စာမေးပွဲ ကျပြန်တဲ့အခါ အပြင်ဆောင်မှာနေဖို့ အခက်အခဲ မရတော့ဘူးပေါ့။ တစ်ကျော့ပြန် ဗိုလ်မှူးဗလအိမ်မှာ နေရပြန်ရော။ ဒါပေမယ့် အမေကတော့ အစ်ကိုလတ် ဒီတစ်ခါ အပြင်ဆောင်ပြောင်းနေပြန်တော့လည်း သူမပါမဖြစ် လိုက်လာပြီး အစ်ကိုလတ်ကို ကလေးပေါက်စလေး အပ်သလို ဗိုလ်မှူးဗလတို့စီကို တတွတ်တွတ်မှာပြီး အပ်ပြန်ပါတယ်။ အမေဟာ အဲလိုနဲ့ ကျွန်တော်တို့ ညီအစ်ကို တက္ကသိုလ်ကျောင်းသားနစ်ယောက် ကိစ္စအဝဝကို ရုန်းရင်းကန်ရင်း ဖြေရှင်းနေတုန်းမှာ ညီအငယ် မောင်တင့်လွင် (ယခု အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) က (၁၀)တန်းအောင်ပြီး ရန်ကုန်စက်မှု တက္ကသိုလ်ကို ရောက်လာ ပြန်တယ်။ အစ်ကိုလတ်က စက်မှုတက္ကသိုလ် နောက်ဆုံးနှစ်၊ ကျွန်တော်က မဏ္ဍလေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (က)၊ ညီငယ် မောင်တင့်လွင်က စက်မှုတက္ကသိုလ် ပထမနှစ်၊ တက္ကသိုလ် ကျောင်းသား (၃)ယောက် ဖြစ်သွားပြီ။ ဒါပေမယ့် အမေ မညည်းပါ။ တစ်စက်မှ မညည်းပါ။ သူ့သားတွေ ပညာသင်နေရတာကို ဂုဏ်ယူပြီး ပျော်နေပုံပေါ်ပါတယ်။ အဲဒီအချိန်မှာ အစ်ကိုကြီး ဦးတင်နွယ် (ယခု ဒါရိုက်တာ၊ လမ်း (၃၀)ဆေးခန်း) က လေယာဉ်မောင်းနေပြီဆိုတော့ အမေ အသက်ရှူနည်းနည်းချောင်

သွားပါပြီ။ အစ်ကိုကြီးဟာ ညီတွေအတွက် သိပ်ကို ငဲ့ညှာပြီး သူ့လခ တစ်ဝက် နီးပါးလောက်ကို အမေ့ကို ပေးပါတယ်။ အမေက သူ့ဟာသူလည်း နည်းမျိုးစုံနဲ့ ပိုက်ဆံရှာပါတယ်။ အမေလုပ်တတ်တာကတော့ အပေါင်ခံ၊ အလှမ်းပေး၊ လယ်တွေ ယာတွေက ရသလောက် လိုက်တောင်း၊ လိုက်ကောက် ရတဲ့ပိုက်ဆံ အကုန်လုံးစုပြီး တက္ကသိုလ်ကျောင်းသားတွေစီ ပို့ရတာ တော်တော် ပင်ပန်းပါတယ်။ တွက်ကြည့်မယ်ဆိုရင် အဲဒီအချိန်မှာ အမေဟာ အသက် (၅၀)ကျော် ဖြစ်နေပါပြီ။ အဖေကတော့ တစ်နေကုန် အခမ အင်္ဂလပ်စာ ကျူရှင်ပေး၊ ညနေ လမ်းလျှောက်၊ ကောင်းပေ့ဆိုတာတွေ စား၊ ဘာဆိုဘာမှကို အိမ်မှုကိစ္စ၊ ငွေရေးကြေးရေး သားသမီးအရေး စိတ်ပူကို မပူတတ်တာ။ အမေက ခနဲ့ပြီး "နင်တို့အဖေက တရားသမားကြီး တရားရနေပြီလေ" လို့ ပြောတတ်ပါတယ်။ အမေပြောမယ်ဆိုလည်း ပြောလောက်ပါ တယ်။ အဖေဟာ ဘာကိုမှ မပူတတ်တာပါ။ အမေကတော့ အိမ်နီးနားချင်းတွေ လာလည်ပြီဆိုရင် ဆေးပေါ့လိပ်ကြီးဖွာပြီး သား (၃)ယောက် တကသိုလ်ကျောင်းတက်နေတာကို ဂုဏ်ယူပြီး ပြောလေ့ ရှိပါတယ်၊ "နှစ်ယောက်က ရန်ကုန် စက်မှုတက္ကသိုလ်မှာလေ၊ တစ်ယောက်က မန္တလေး ဆေးတက္ကသိုလ်မှာ အားလုံး တကယ့်လိုင်းကောင်းတွေချည့်ရတာ၊ ကျူပ်မှာ ပိုက်ဆံရှာလိုက်ရတာတော် မောလို့"။ အဲလို အမေ သားတွေအကြောင်း ကြွားပြီး လျှောက်ပြောလိုက်၊ ကျောင်းစရိတ်ပို့လိုက်နဲ့ အမေရဲ့ ပြည်တောင်း နှစ်တောင်းအပြည့် ရတနာပုံ ဒေါင်းဒင်္ဂါးတွေ ကုန်သွားပါတယ်။ အမေ့လည်ပင်းက (၃)ကျပ်သား ရွှေဆွဲကြိုးကြီးလည်း တိုတိုလိုက်လာတာ ရုပ်ပျက်ဆင်းပျက်၊ အမေ့စိန်လက်ကောက်တွေလည်း တစ်ကွင်း ပြီး တစ်ကွင်း မိတ်လာက ရွှေပန်းထိမ်ဆိုင်မှာ သွားရောင်းရတာ။ ဒါပေမယ့် အမေ့ရဲ့ သားသမီးပညာရေး အားပေးတာဟာ အရှိန်မပျက်ပါဘူး။ ဒီနေရာမှာ စကားစပ်လို့ အမေ ဆေးလိပ်သောက်တဲ့အကြောင်း ပြောချင်ပါသေးတယ်။ အမေဟာ (၆)တန်း (၇)တန်းကတည်းက ကြိုးတော်ကြိုး ဆေးလိပ်မီးညှိပေးရင်းနဲ့ ဆေးလိပ်သောက်တတ်တာပါ။ ကျွန်တော် အငယ်တုန်းက အမေရော၊ အဖေရော နှစ်ယောက်စလုံး ဆေးလိပ်သောက်ပါတယ်။ အဖေအလုပ်ရှိတုန်း၊ အာဏာပါဝါရှိတုန်းကတော့ နှစ်ယောက်စလုံး စီးကရက် သောက်လိုက်၊ ဆေးပေါ့လိပ် သောက်လိုက်ပေါ့။ အဲဒီတုန်းက အဖေ့လစာနဲ့ စီးကရက်ကို ကောင်းကောင်း ကြီး သောက်နိုင်ပါတယ်။ ဒါပေမယ့် အမေဟာ အညာဓလေ့နဲ့ ဆေးပေါ့လိပ် ဖွာလာတာ အကျင့်ပါနေ တော့ စီးကရက်ကို အကြိုက်ကြီးမဟုတ်ဘူး။ အမေ ပြောတဲ့အတိုင်း ပြောရမယ် ဆိုရင်တော့ "ပွဲနေပွဲထင် သွားတုန်းလေးတော့ စီးကရက်သောက်ရတာပေါ့ဟဲ့" တဲ့။ ကျန်တဲ့အချိန်မှာ အမေဟာ အိမ်မှာတင် ကိုယ်တိုင်လိပ်တဲ့ သနပ်ဖက်နဲ့ပြောင်းဖူးဖက်ဆေးပေါ့လိပ်တွေပဲ သောက်ပါတယ်။ အိမ်မှာ ဆေးလိပ်လိပ် တ ကရိယာပစည်း အစုံအလင်ရှိပါတယ်။ အုန်းနှရိုး၊ သနပ်ဖက်၊ ပြောင်းဖူးဖက်၊ ဆေးရွက်ကြီးတွေကို လင်ပန်းကြီးတစ်ခုနဲ့ ထည့်ထားပါတယ်။ အမေ ပိုက်ဆံမတတနိုင်လို့ ပိုက်ဆံ ချွေတာချင်လို့ အဲလို ဆေးပေါ့လိပ်တွေ ကိုယ့်ဖာသာ လိပ်သောက်တာ မဟုတ်ပါဘူး။ ကိုယ့်ဖာသာ ဆေးလိပ်လပ်သောက်တာ

ဟာ တောင်ဘိုရွာမှာ နေကတည်းက အမေကြီးတွေစီကရလာတဲ့ အကျင့်ပါ။ အဲဒီခေတ်တုန်းက ရွာမှာ ဘယ်သူမှ ဆေးပေါ့လိပ်ဆိုတာ ဝယ်သောက် မနေဘူး။ ကိုယ့်ဖာသာကိုယ်ပဲ လိပ်သောက်ကြတာ။ တစ်ခါ သောက်မယ်ဆိုတိုင်း တစ်ခါလိပ်သောက်တော့လည်း မဟုတ်ဘူးပေါ့။ စိတ်ကူးရရင် ဓစ်ရက်၊ သုံးရက်၊ တစ်ပတ်သောက်စာလောက် ဆေးပေါ့လိပ်တွေကို လိပ်ထားလိုက်ပြီး သောက်ကြတာ။ အမေ ဆေးလိပ် လိပ်တော့မယ်ဆိုရင် သနပ်ဖက်တွေ ရေဆွတ်၊ ဖြန့်ထားပြီးတော့ အုန်းနှဲရိုးနဲ့ နုတ်နုတ်လှီးထားတဲ့ ဆေးရွက်ကြီးအဖတ်လေးတွေကို ဆေးစပ်တောင်းထဲမှာ ရောမွှေပြီးဆေးစပ်တယ်။ ဆေးပေါ့လိပ်ရဲ့ အပျော့၊ အပြင်း၊ ကိုယ့်စိတ်ကြိုက် သောက်ဖို့ ဆေးရွက်ကြီးနဲ့ဆေးရိုး ရောရမယ့်အချိုးကို အမေ သူ့ဖာသာသူချိန်၊ ပြီးတော့ ရောမွှေ ဆေးစပ်တော့တာပဲ။ တစခါတလေ မန်ကျည်းရည် ကျဲကျဲလေး ဖျော်ပြီး ဆေးစပ်တဲ့ ပေါ် ဖြန်းသေးတယ်။ ပြောင်းဖူးဖက်တွေကို ကျစ်ကျစ်လေးလိပ်၊ ကြိုးစည်း၊ ကပ်ကျေးနဲ့ညှပ်ပြီး ဆေးပေါ့လိပ်ဖင်စီခံ လုပ်တယ်။ ပြီးတော့မှ သနပ်ဖက်ပေါ်ကို စပ်ထားတဲ့ဆေးထည့် ဖင်စီခံထည့်လိပ်ပြီး ထိပ်ဖူးချိုး၊ အရင်းမှာ ကြိုးလေးနဲ့ချည်၊ ဆေးပေါ့လိပ် ဖြစ်သွားရော။ ကပ်ကျေးတစ်လက်နဲ့ ရောလိုက် မွှေလိုက် လိပ်လိုက် ဖြတ်လိုက်နဲ့ အမေဟာ ဆေးပေါ့လိပ် လိပ်တာမှာ expert ပါ။ သနပ်ဖက် ဆေးပေါ့လိပ် လိပ်သလိုပဲ တစ်ခါတလေရောက်တော့ ပြောင်းဖူးဖက်နဲ့လည်း ပြောင်းဖူးဖက်လိပ်ကြီးတွေ တစ်လိပ်ပြီးတစ်လိပ် လိပတတ်ပါသေးတယ်။ အမေဟာ ဒီလောက်တောင် အိမ်မှုကိစ္စတွေ အလုပ်များတဲ့ အထဲကနေ ဘယ်လိုလုပ်ပြီး ဆေးလိပ်ကို ကိုယ်တိုင် လိပ်သောက်နိုင်သလဲဆိုတာ အခုပြန်တွေးကြည့်တော့ အံ့မခန်းပါ။ အဲလို အဖေနဲ့အမေ ဆေးလိပ်လိပ်ပြီး သောက်လာကြတာ ပင်စင်လည်းယူရော အဖေဟာ ဆေးလိပ်ကို တိကနဲ ဖြတ်ပစ်လိုက်ပါတယ်။ ဘာလို့ဖြတ်တယဆိုတာတော့ မသိပါဘူး။ အဖေဟာ အငယ်တုန်းက ဝီစကီလည်း သောက်လေ့ ရှိပါတယ်။ ညနေ ဒင်နာကနေ ဝီစကီသောက်ပြီး ပြန်လာရင် အမေက တော်တော်လေး ဆူပူသောင်းကျန်း ပါတယ်။ အဖေဟာ အရက်သမားကြီးလို အရက်သောက် နေတဲ့သူတစ်ယောက်တော့ မဟုတ်ပါဘူး။ အင်္ဂလိပ်ခေတ်က ရဲအရာရှိ စည်းစနစ်အပြည့်နဲ့ အရက်သောက်တာ၊ မးပြီးရမ်းတာ ဆူတာမရှိ၊ အိမ်ပြန်ရောက်လို့ မိသားစုအပေါ် ရစ်တယ် ဒုက္ခပေး တယ်ဆိုတာ လုံးဝမရှိပါဘူး။ သူ့ဖာသာ သူ့အတိုင်းအတာနဲ့ အရာရှိတစ်ယောက်လို အရက် သောက်တတ်တဲ့သူတစ်ယောက်ပါ။ ဝီစကီ အရှိန်လေးနဲ့ အင်္ဂလိပ်မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုတွေကို တစ်ညလုံးဖတ်တော့တာပဲ။ ဒါပေမယ့် အမေကလည်း အဖေ အရက်သောက်လာတယ်ဆိုတာကို သည်းမခံနိုင်ဘူး။ အဖေကတော့ အမေဘယ်လို ပြောပြော သူ့ဖာသာသူ သောကမြဲသောက်တာပဲ။ အသက်(၅၀) ကျော်တော့ သူ့ဖာသာသူ ဆုံးဖြတ်ပြီး အရက်လုံးဝ မသောက်တော့ဘူး။ ပြတ်ချိန်တန်တော့ ပြတ်တော့တာပဲလို့ ပြောရမယ်။ ကျန်းမာရေးကြောင့်လည်းမဟုတ်၊ အမေဆူလို့လည်း မဟုတ်ဘူး။ အရက်နဲ့ဆေးလိပ်ကို ဖြတ်ချင်လို့ကို အဖေ ဖြတ်ပစ်လိုက်တာ။ အသက် (၅၅) နှစ်နဲ့ ပင်စင်ယူပြီး ဘာမှလုပ်စရာမရှိတဲ့အချိန်မှာ အဖေ့အနေနဲ့ စိတ်လေလွင့်ပြီး အရက်သောက်၊ ဆေးလိပ်သောက်၊

မကောင်းတာတွေကို စွဲမိစွဲရာ စွဲ၊ လုပ်မလုပ်ရာလုပ် သွားနိုင်ပါတယ်။ အဲဒီခေတ်က အစိုးရဝန်ထမ်း အားလုံး ပင်စင်ယူရတဲ့ အသက်ဟာ (၅၅)နှစ်ပါ။ (၅၅)နှစ်ဆိုတာ တကယ့်ကို သန်သန်မာမာ ဖြတ်ဖြတ် လတ်လတ်ကြီးရှိနေတုန်းမှာ ပင်စင်ယူကြရရှာတာ။ ဒီလို သိပ်ကို အားပြီး လုပ်ချင်ရာကို လုပ်လို့ရတဲ့အချိန်မှာမှ အဖေ ဆေးလိပ်ဖြတ်၊ အရက်ဖြတ်တယ်။ တကူးတက ကြိုးစားပမ်းစား ဖြတ်နေရတာလည်း မဟုတ်ဘူး။ ငါ ဘာမှ မသောက်တော့ဘူးဆိုပြီး ဖြတ်ပစ်လိုက်တယ်။ သူ့လိုလုပ်နိုင်ဖို့ဆိုတာ ခဲယဉ်းသားပဲ။ အဲဒီနောက်တော့ တစ်ခါတည်း သူအားနေတဲ့အချိန်တွေကို ဝမ်းတွင်းတစ်မြို့လုံးကို အခမဲ့ အင်္ဂလိပ်စာ ကျူရှင် တစ်နေကုန်ပေးတဲ့အထဲမှာ သုံးပစ်လိုက်တယ်။ သူ့ဘဝကို အင်္ဂလိပ်စာသင်တာထဲမှာ လုံးဝ နစ်မြုပ်ပစ်လိုက်တယ်။ တကယ့်ကို ချီးမွမ်းဖို့ကောင်းတဲ့ အဖေပါ။ အဖေဆေးလိပ်ဖြတ်ပေမယ့် အမေကတော့ မဖြတ်ပါဘူး။ ထမင်းစားပြီးရင် ကိုယ်တိုင်လိပ်ထားတဲ့ ဆေးပေါလိပ်လေး တစ်ဖွာနှစ်ဖွာနဲ့ သူ ဆေးလိပ်မပြတ်ရှာပါဘူး။ အငယ်ထဲက သောက်လိုက်တာ အမေ အသက်(၈၀) ကွယ်လွန်တဲ့အထိ ဆေးလိပ်သောက်သွားတယ်လို့ ပြောရမှာပေါ့။ အမေ ဆေးပေါ့လိပ်ကို အိမ်မှာ ကိုယ့်ဖာသာ လိပ်သောက်တဲ့အကြောင်းပြောရင်းနဲ့ အိမ်မှာ ကွမ်းယာကိုလည်း ကိုယ်တိုင် ရာစားတာကို ဆက်ပြောချင်ပါသေးတယ်။ အညာရှစနစ်က အိမ်မှာ ကိုယ့်ဖာသာကိုယ လုပ်ကိုင်စားသောက်တဲ့ အကျင့်ရှိတယ် ထင်ပါရဲ့။ အောက်ပြည်နဲ့စာရင် ပိုပြီး ရှေးဆန်တယ်ခေါ်ရမှာပေါ့။ ဆေးလိပ်တို့၊ ကွမ်းယာတို့လိုဟာမျိုးတွေကို ရွာတွေမှာ ရောင်းတယ်၊ ဝယ်တယ်၊ ဆိုင်တွေက ပစည်းတွေ ဝယ်သုံးတယ်ဆိုတဲ့ ဒီဘက်ခေတ်က အကျင့်တွေဟာ အမေနေခဲ့ရတဲ့ အညာခေတ်မှာ ရှိသေးဟန် မတူပါဘူး။ ဆေးလိပ်ကို အိမ်မှာ လပ်သောက်သလို ကွမ်းယာကိုလည်း အိမ်မှာပဲ ရာစားပါတယ်။ ကျွန်တော်တို့ အိမ်မှာ ယွန်းကွမ်း အစ်အကြီးကြီးရှိပါတယ်။ ကွမ်းအစ်ကြီးက နှစ်ဆင့် ပါပါတယ်။ အောက်အဆင့်က အကြီးကြီး၊ အကျယ်ကြီး၊ ကွမ်းရွက်တွေကို အစီအရီထည့်ထားတာ။ အပေါ်မှာ အံဖုံးလို အဆင့်လေးတစ်ဆင့်ရှိတယ်။ အဲဒီထမှာ ကွမ်းသီးအခြမ်းတွေနဲ့ ကွမ်းညှပ်ရှိတယ်။ ပြီးတော့ ဗားသေးသေး လေးတွေနဲ့ လေးညှင်း၊ ဖိလာ၊ စမုံစပါး၊ ရှားစေးခဲတွေကို သီးသန့် ထည့်ထားသေးတယ်။ ထုံးဗလေး တစ်ဘူးလည်းပါပါတယ်။ အမေကွမ်းအစ်ထဲက ထုံးဗူးကတော့ အမေ့ရဲ့အဖိုး ယိုးဒယားကို စစ်သွားတိုက်တုန်းက ပါလာခဲ့တဲ့ ထုံးဗူးလေးပါ။ အခုထက်ထိ အဲဒီ ယိုးဒယားထုံးဗူးလေး ကျွန်တော့်စီမှာ ရှိနေပါသေးတယ်။ အမေရော အဖေရော အိမ်မှာပဲ ကွမ်းရာပြီး စားကြပါတယ်။ ဝမ်းတွင်းအိမ်မှာ ကွမ်းအစ်ကြီးထားပြီး ကွမ်းယာစားတဲ့အကြောင်း ပြောရပါဦးမယ် ဝမ်းတွင်းမြို့မှာ အညာမြို့တွေ ပုံးစံအတိုင်း နေ့တိုင်းဈေး မရှိပါဘူး။ ငါးရက်မှတစ်ဈေး ရှိပါတယ်။ အဲလို ဈေးနေ့ဆိုရင် အမေ (၅) ရက်စာ ဈေးလိုက်ပြီး ကွမ်းရွက်တွေကို ရေဆေးပြီးတော့ စီပြီး အထပ်လိုက် ကွမ်းအစ်ထဲမှာ ထည့်ပါတယ်။ ဈေးကနေ ကွမ်းသီး မစိုမခြောက် လေးတွေလည်း ဝယ်လာပြီး ကွမ်းအစ်ထဲမှာ ထည့်တယ်။ အမေတို့ အဖေတို့က ပုံမှန်အတိုင်းဆိုရင် ထုံးလေး လက်ညှိုးနဲ့တို့ပြီး ကွမ်းရွက်ပေါ်သုတ်၊ ကွမ်းသီးနှစ်စိပ်၊ သုံးစိပ် ကွမ်းညှပ်နဲ့ ညှပ်ထည့်ပြီး

စားကြပါတယ်။ စမုံစပါး၊ လေးညှင်း၊ ဖာလာဆိုတာတွေက ဧည့်သည်တွေအတွက် ထားတာပါ။ အမေတို့လို တကယ် ကွမ်းကြိုက်တဲ့ သူတွေဟာ အဲလိုဟာတွေ ထည့်စားလေ့မရှိပါဘူး။ အညာက ကွမ်းအစ်သမားတွေရဲ့ အကျင့်က ကွမ်းသီးစိပ်ပြီးသား၊ ညှပ်ပြီးသားတေ အခုခေတ်အခေါ်ဆိုရင် ရယ်ဒီမိတ် (Ready made) ကွမ်းသီးစိပ်တွေကို ဝယ်ပြီး စားလေ့မရှိဘူး။ အဲလို ညှပ်ပြီးသား၊ စိပ်ပြီး ကွမ်းသီးတွေက မလပ်ဆပ်ဘူးလို့ အမေတို့က ယူဆတယ်။ ကွမ်းသီးကို အလုံးလိုက်ပဲ ဝယ်တယ်။ ကွမ်းယာခါနီးမှပဲ ကွမ်းညှပ်နဲ့ လိုသလောက် စိပ်ပြီး ကွမ်းယာထဲကို ထည့်စားလေ့ရှိတယ်။ ကျွန်တော် တို့လည်း ကလေးဘဝထဲက အမေ့ကွမ်းအစ်ကြီးထဲက ကွမ်းသီးလေးတွေ ယူညှပ်လိုက်၊ စမုံစပါး လေးညှင်း လေးတွေ ကိုက်ကြည့်လိုက်နဲ့ ကွမ်းယာစားတဲ့ အကျင့်ကတော့ အငယ်ကတည်းက စွဲလာခဲ့တာ။ ကျွန်တော်တင် မဟုတ်ပါဘူး၊ ကျွန်တော့်တို့ ညီအစ်ကို မောင်နှမတွေအားလုံး ကွမ်းယာစားတဲ့အကျင့် ရခဲ့ကြပါတယ်။ ကျွန်တော့်ညီမတွေလည်း ကွမ်းစားကြတာပဲ။ ကြုံတုန်း ကျွန်တော့ညီမတွေ ကွမ်းယာ ကြိုက်တဲ့အကြောင်း ပြောပြချင်ပါသေးတယ်။ အစ်ကိုကြီး လေယာဉ်မောင်းပြီး ရန်ကုန်မှာ ကားတဝီဝီနဲ့ သွားနေတဲ့အချိန်မှာ ဝမ်းတွင်းမှာနေတဲ့ ကျွန်တော့်ညီမ အလယ်တန်းကျောင်းသူတွေ ရန်ကုန်ကို အလယ် လာကြတယ်။ အစ်ကိုကြီးကလည်း သူရဲ့ ပိုက်လော့လခနဲ့ ရန်ကုန်မှာ တော်တော်လေး လူရာဝင်တဲ့ ကြီးပွားတဲ့ လူတန်းစားထဲမှာ ပါနေတော့ အညာတောကလာတဲ့ ညီမတွေကို ဟိုဟာပြချင်၊ ဒီဟာပြချင် ဖြစ်နေပါတယ်။ ပြီးတော့ ညီမနှစ်ယောက်ကို သိပ်ပြုစုချင်တဲ့စိတ်အပြည့်နဲ့ ရန်ကုန် တစ်မြို့လုံး ကားမောင်းပြီး လျှောက်ပြ၊ ဟိုတုန်းက ရန်ကုန်က နာမည်အကြီးဆုံး ရှာမီးမှာ စားမလား၊ ပတစ်ဘာရီ မုန့်ဆိုင်သွားမယ်၊ ကရဝိတ်မှာ စားစရာတွေပြ၊ မောင်ထော်လေးလမ်းက နာမည်အကြီးဆုံး ကူးရိဖီးဆိုင် ခေါ်သွား၊ ဟိုဟာစားမလား၊ ဒီဟာစားမလား၊ မနားတမ်းမေး၊ ကျွန်တော့် ညီမတွေကလည်း No, No, No ပဲ။ ဟိုဟာပြလည်း မစားချင်၊ ဒီဟာရောက်တော့ မကြိုက်ဘူး၊ အစ်ကိုကြီး ရန်ကုန်သား ပိုက်လော့ စိတ်ညစ်ရပြီပေါ့။ ဒါနဲ့ သူ့အချစ်ဆုံး ညီမအငယ် (၅)တန်း ကျောင်းသူ မာမာအေး (ယခုအခေါ် ဒေါ်အေးအေးခိုင်၊ ဒါရိုက်တာ၊ ဝင်းဆေးခန်း၊ ရွှေတောင်တန်းလမ်း) ကိုမေးတယ်၊ "မိအေး နင်ဘာစား ချင်လဲပြော၊ နင့်ကို ရန်ကုန်ရောက်တုန်း အကောင်းဆုံးဆိုတာ ရအောင်ရှာပြီး ငါလိုက်ကျွေးမယ်၊ နင်စားချင်တာ တစ်ခုပြောလေ" တဲ့။ ကျွန်တော့် ညီမအငယ် မိအေးလည်း တွေဝေသွားပြီး၊ "ကွမ်းယာ အချိုစားချင်တယ်" တဲ့။ မှတ်ကရော၊ ရန်ကုန်က ပိုက်လော့က ကျွေးချင်တာက အဆင့်မြင့်ဆုံး ရန်ကုန်က စားစရာ အစုံ။ ဝမ်းတွင်းသူ ညီမငယ်လည်း အမေစီကနေ ကွမ်းယာစားတတ်လာတော ရန်ကုန်မှာ ကြိုက်တာပြော ဝယ်ကျွေးမယ်ဆိုတဲ့အချိန်မှာ သူ့စိတ်ထဲမှာ စွဲမိစွဲရာကွမ်းယာကို တမ်းတမ်းတတ ပြောမိရှာတယ်။ ကျွန်တော်အစ်ကိုကြီးဟာ အဲဒီဖြစ်ရပ်ကို ဒီနေ့အထိ ပြောလို့မပြီးဘူး။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ အဲလို ကွမ်းယာစားတဲ့ မကောင်းတဲ့အကျင့်ရခဲ့ကြလို့ နောင်တရစရာတစ်ခု

ဖြစ်ခဲ့ပါတယ်။ ကွမ်းယာကို ထမင်းစားသလိုစားတဲ့ အစ်ကိုလတ် လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က လျှာမှာ အနာဖြစ်လို့ စက်ဘူဆေးရုံကြီးမှာ လျှာတစ်ခြမ်းဖြတ်ပစ်လိုက်ရတယ်။ အဲတော့မှ ကျွန်တော်တို့ မိသားစုအားလုံး လန့်ပြီး ကွမ်းစားတာ ပြတ်သွားကြတယ်။ ဆေးလိပ်သောက်တာတော့ အမေ့စီက ကျွန်တော်တို့တစ်တွေ မတတ်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အမေက " နင်တို့ အမေကြီးတွေ ဆေးလိပ်ညှိခိုင်းရင်းကနေ ငါ ဆေးလိပ်သောက် တတ်ခဲ့တာ၊ နင်တို့တစ်တွေ ငါ့လို မကောင်းတဲ့အကျင့် မသင်ရဘူး၊ မတတ်ရဘူး" ဆိုပြီး တစ်ခါမှ ကျွန်တော်တို့တစ်တွေကို ဆေးလိပ်မီးလည်း မညှိခိုင်းဘူး၊ ဆေးလိပ်သောက်တာကိုလည်း လုံးဝ အားမပေးဘူး၊ ဆေးလိပ်မသောက်ဖို့ အမြဲ တားမြစ်သွန်သင်ဆုံးမပါတယ်။ ဆေးပေါလိပ် ဖွာနေတဲ့သူတွေကို မြင်တိုင်း အမေ့ကို သတိရနေမိပါသေးတယ်။ အမေ့အကြောင်း ပြောရင်း အမေနဲ့အတူနေတုန်းက တွေ့ခဲ့ ကြုံခဲ့ရတာတွေ၊ ဟိုဟာသတိရ၊ ဒီဟာသတိရနဲ့ ပြောချင်တာတွေ အများကြီး ခေါင်းထဲမှာ ပေါ်လာပါတယ်။ အညာရဲ့အကျင့်က အိမ်မှာ ကိုယ်တိုင် ဆေးလိပ်လိပ်သောက်တယ်၊ ကွမ်းယာ ရာစားတယ်ဆိုတာတွေ ပြောပြီးတော့ အညာမှာ ကိုယ့်ဖာသာကိုယ် ကိုယ့်အိမ်မှာပဲ နွားနို့ခဲ လုပ်စားတဲ့အကြောင်းကို ပြောပြချင်ပါသေးတယ်။ ကျွန်တော်တို့ (၅)တန်း လောက်က ဝမ်းတွင်းမြို့ ကျွန်တော်တို့တိုက်ရဲ့အနောက်က မြောင်းလေးကျော်လိုက်ရင် လူနေအိမ်ခြေ မရှိပါဘူး။ ယကန်းသူဌေး ဦးချစ်ဖေရဲ့ ဇမ္ဗူချစ်ဆွေ ယကန်းစက်ကြီးပဲ ရှိပါတယ်။ ဘေးပတ်ဝန်းကျင်က သစ်ပင်ခြုံငုယ်တွေနဲ့ ပြည့်နေတဲ့ အညာတောပေါ့။ အဲလို တောထဲမှာ မရိုးပင်ဆိုတာက နေရာအနှံ့ ရှိပါတယ်။ မရိုးပင်ဟာ ဒေးဆစ်လောက်အထိပဲရှိတ အပင်လေးတွေပါ။ အရွက်အစိမ်း အပြားခပ်သေးသေးနဲ့ ပွင့်ဖတ်လေးတွေပါတယ်။ အမေကြီးနဲ့ အမေငယ်တို့ဟာ အိမ်မှာနွားနို့ခဲလုပ်တော့မယ်ဆိုရင် "ဟေ့ ဒီနေ့ အိမ်မှာ နွားနို့ခဲ လုပ်ရအောင် နောက်ကတောထဲသွားပြီး မရိုးပင် သွားချိုးကြမယ်" လို့ဆိုပြီး အဲဒီမရိုးပင်တွေရှတဲ့ ချံုတောထဲကို ကျွန်တော်တို့ကိုခေါ်ပြီး သွားလေ့ရှိပါတယ်။ တောထဲက မရိုးပင်လက်တစ်ပွေ့ချိုးလာခဲ့ပြီး ကျွန်တော်တို့ အိမ်မှာတင်ပဲ ကိုယ့်ဖာသာ နွားနို့ခဲ လုပ်ကြတာ။ နွားနို့ကို မီးသွေးမီးနဲ့ကျိုထားပြီး ပွက်ပွက်ဆူလာပြီဆိုတော့ မရိုးကိုင်းကို ချိုးပြီး နွားနို့ထဲမှာ ဖြည်းဖြည်းချင်းမွှေရတယ်။ မရိုးကိုင်းကို ချိုးလိုက်တာနဲ့ နွားနို့လ အဖြူရောင် ခပ်ပစ်ပစ်အစေးရည်တွေ ထွက်လာတယ်။ အဲဒအစေးတွေနဲ့ နွားနို့က မွှေရင်းမွှေရင်း နွားနို့တွေဟာ ခဲလာပြီးတော့ အရည်ကြည်တွေ အပေါ်ထွက်လာတယ်။ အဲဒအချိန်မှာ မရိုးကိုင်းတွေကို ဖယ်လိုက် ပြီးတော့ နွားနို့အိုးကို မီးဖိုက ချလိုက်တဲ့အခါ မရိုးစေးတွေက နွားနို့ထဲမှာ ကျန်ခဲ့ပြီး နွားနို့တွေ တဖြည်းဖြည်းခဲကုန်ပါတယ်။ အရည်ကြည်က အပေါ်မှာတင်နေပြီး နွားနို့ခဲတွေက အောက်မှာ ခဲသွားတယ်။ အပေါ်အရည်ကို ကျက်တက်ရည်လ့ခေါ်တယ်။ ကျက်တက်ရည်ဟာ သောက်လို့ တော်တော်ကို ကောင်းတယ်။ အမေကြီးတို့အဆိုအရ ပြောရမယ်ဆိုရင် ဝမ်းသိပ်မှန်တယ်တဲ့။ ကျက်တက်ရည်တွေ ငှဲ့ပြီးရင် ကျန်ခဲ့တဲ့ရေ

စက်လက်နဲ့ ခပ်ပြစ်ပြစ် မခဲတခဲ နွားနို့ခဲဖြစ်ခါစတွေကို အညာဖျဉ် လက်သုတ်ပုဝါ ခပ်ကြီးကြီးနဲ့ထုတ်ပြီး ကျောက်ပျဉ်ခုစ်ခုကြားမှာ ဖိထားလိုက်၊ သုံးနာရီလောက်ကြာတော့ ရေတွေ အကုန်ထွက်သွားပြီး နွားနို့ခဲ စစ်စစ်ကို ရပါလိမ့်မယ်။ အဲဒါကို မီးလေးပြပြီး ကြပ်တိုက်လိုက်ရင် မီးနည်းနည်း ကျွမ်းတွန်းတွန်း အပေါ်ခွံပါတဲ့ နွားနို့ခဲရတယ်။ အဲဒီလို အိမ်မှာလုပ်တဲ့ နွားနို့ခဲကို ကြော်စားတယ်၊ ငြုတ်သီးစိမ်းနဲ့ ချက်တယ်၊ ခရမ်းချဉ်သီးနဲ့ ချက်စားတယ်။ ကျွန်တော်တို့ အငယ်တုန်းက နွားနို့ခဲကို ဈေးက ဝယ်မစားခဲ့ ပါဘူး။ အိမ်မှာပဲလုပ်ပါတယ်။ ပြန်စဉ်းစားကြည့်တော့ အညာရဲ့စံနစ်ဟာ ကိုယ့်ဖာသာ ကိုယ်အိမ်မှာ ဆေးလိပ် လိပ်၊ ကွမ်းယာ ရာ၊ နွားနို့ခဲလုပ်၊ အခုခေတ်အခေါ် ဘယသူမှ အားမကိုးရတဲ့ self-sufficient စံနစ်ပါ။ လွမ်းစရာကောင်းတဲ့ အညာရဲ့ ဓလေ့လေးတွေပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အမေ့ရဲ့ ထုံးဗူးလေး

အဖေ၊ အမေနဲ့ ကျွန်တော့်ညီမ အေးအေးခိုင် (၁၉၈၁)ခုနှစ်

၂-၀၉-၂၀၀၆

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၈)

ကျွန်တော့်အစ်ကိုလတ် စက်မှုတက္ကသိုလ်က ဘွဲ့ရသွားပြီး တက္ကသိုလ်ကျောင်းသားတစ်ယောက် အတွက် ငွေပို့ရတာ လျော့သွားတယ်ဆိုတော့ အမေ့အဖို့ တော်တော်လေး နေသာထိုင်သာ ရှိသွားပါပြီ။ အဲဒီအချိန်မှာ ကျွန်တော်က မန္တလေးဆေးကျောင်းမှာ နောက်ဆုံးနှစ် အပိုင်း(က)၊ ညီအငယ် မောင်တင့်လွင်က စက်မှုတက္ကသိုလ် တတိယနှစ်မှာ ရောက်နေပါပြီ။ ကျွန်တော်ရော ကျွန်တော့်ညီငယ်ပါ (၂)ယောက်လုံးဟာ ပိုက်ဆံကို စည်းကမ်းစနစ်နဲ့ ချွေချွေတာတာသုံးတတ်တဲ့ သူတွေပါ။ ကျောင်းသားဘဝ တလျှောက်လုံးမှာ အရက်ဆို လုံးဝရှောင်၊ လောင်းကစား ဖ ဘာမှမလုပ်၊ စာတစ်ခုတည်းပဲ တစိုက်မတ်မတ် ကြိုးစားကြတာဆိုတော့ အမေအတွက် ပိုပြီး စိတ်ဖြေသာသေးတာပေါ့။ အမေဟာ အစ်ကိုလတ်အတွက် စိတ်ပူရသလောက် ကျွန်တော်တို့(၂)ယောက်အတွက်ရောက်တော့ ဟိုဟိုဒီဒီ တွေးမနေရဘဲ ငွေရေးကြေးရေးတင်မကဘူး၊ အစစအရာရာ စိတ်ချပြီး အေးအေးဆေးဆေး နေလို့ ရပါတယ်။ အဲဒီလို စက်မှုတက္ကသိုလ်က ဘွဲ့ရပြီး နောက်သိပ်မကြာခင် အစ်ကိုလတ်ဟာ မြန်အောင် သဘာဝဓါတ်ငွေ့စက်ရုံမှာ လက်ထောက် အင်ဂျင်နီယာ AE ရာထူးနဲ့ အလုပ်ဝင်လုပ်ပါတယ်။ လခက (၃၅၀/-)၊ ပြီးတော့ CLA (Cost of Living Allowance) လို့ ခေါ်တဲ့ရှားပါးစရိတ်က (၁၀၀/-) စုစုပေါင်းထုတ်လာတဲ့ လစာ (၄၅၀/-) ရပါတယ်။ အဲဒီတုန်းက (၄၅၀/-)ဆိုတာ နည်းတဲ့ပိုက်ဆံ မဟုတ်ဘူး။ အတော်လေးသုံးလို့ရတယ်၊ ရွှေတစ်ကျပ်သား (၂၀၀/-)လောက်ခေတ်ကပေါ့။ အစ်ကိုလတ်ဟာ လူပျိုလူလွတ်တစ်ယောက်အနေနဲ့ သားသမီးတွေအတွက် ခါးစည်း၊ ကုန်းရုန်းပိုက်ဆံရှာ နေရတဲ့ အမေ အတွက် သူရတဲ့လခ အကုန်လုံး တစ်ပြားတစ်ချပ်မှ မချန်ပဲ အကုန်အပ်မယ်ဆိုရင် အပ်နိုင်ပါတယ်။ ဒါပေမယ့်လည်း သူ့လခကို အမေ့လက်ထဲအကုန်မထည့်နိုင်ခဲ့ပါဘူး။ ဒါကြောင့် "အစ်ကိုလတ် အလုပ်ဝင်ရင်တော့ ငါသက်သာပြီ ဆိုပြီး" အတွေးမျိုးစုံနဲ့ ကြည်နူးနေတဲ့ အမေ့အတွက် မှန်းချက်နဲ့ နှမ်းထွက်မကိုက်ရရှာပါဘူး။ ဘယ်လိုဖြစ်တာလဲ ဆိုတာ ပြောပြပါမယ်။ အစ်ကိုလတ်ဟာ စက်မှုတက္ကသိုလ်မှာ နေကတည်းက တစ်ချပ်မှောက်လို့ခေါ်တဲ့ ဖဲကစားနည်းကို သိပ်ဝါသနာပါတာ။ သူ့မှာ သူများလို ထောင်နဲ့သောင်းနဲ့ချီပြီး ပိုက်ဆံကိုင်နိုင်တာ မဟုတ်ပါဘူး။ ဒါပေမယ့် ဖဲရိုက်တာကို ဝါသနာပါကို ပါတာဆိုတော့ အဆောင်မှာရှိတဲ့ ဖဲဝိုင်းတွေမှာ ဘေးကထိုင်ပြီး သူများဖဲကို တစ်ခါလောက် ကိုင်ပေးရရင်ကို အကျေနပ်ကြီးကျေနပ်ပြီးနေတာ။ "နတ်ကရာ ကြည့်မော" ဆိုသလိုပဲ ဖဲဝိုင်းတကာမှာ ဘေးကထိုင်ပြီး ဖဲတွေကိုငမ်းတာ။ ဖဲကစားနည်းမျိုးစုံကို သူ စွဲစွဲလန်းလန်း ဝါသနာပါရှာပါတယ်။ ဒါပေမယ့်

အထူးသဖြင့် တစ်ချပ်မောက်ကိုတော့ သိပ်ကိုစွဲလန်းတဲ့ သူတစ်ယောက်ပါ။ အဲလို ဖဲဝိုင်းအမော့်ကောင်းလို့ စက်မှုတက္ကသိုလ်မှာ စာမေးပွဲ (၂)ခါကျခဲ့တာပါ။ သူ ဘွဲ့ရပြီး အင်ဂျင်နီယာ အလုပ်လေးလည်းဝင်လုပ်ရော အစ်ကိုလတ်တစ်ယောက်တော့ ဖဲနဲ့ ဝေးပြီလို့ ကျွန်တော်တို့ တွက်ကြတာ။ တက်တက်စင်အောင်လွဲပဲ။ အစ်ကိုလတ် ဖဲရိုက်တဲ့ ဇာတ်လမ်းက အလုပ်ထဲမှာ ကျော်ထက်တောင် ပိုဆိုးသေးတယ်။ အစ်ကိုလတ်နဲ့ သူ့ရဲ့ စက်မှုတက္ကသိုလ်က သူငယ်ချင်းတစ်သိုက် အတူတူ အလုပ်လျှောက်ကြပြီးတော့ တစ်ခါတည်း အလုပ်ထဲဝင်ပြီး မြန်အောင်စက်ရုံကိုအတူတူ ရောက်ကြတာ။ ပျော်ပျော်ပါးပါး ကျောင်းသားစိတ် မကုန်ကြသေးပဲ အလုပသင် အင်ဂျင်နီယာဘဝမှာ RITတုန်းက စရိုက်တွေအတိုင်း သူငယ်ချင်း တစ်သိုက် လူစုပြီး ဖဲရိုက်ကြပြန်ပါရော။ မနက် အလုပ်မသွားခင် တစ်ဆက်ရှင်၊ နေ့လည် ထမင်းစား ပြန်လာတုန်းလေး ရသလောက် အချိန်လေးလုပြီး အလုအယက် ရှိုးကြတယ်။ ညနေစောင်း အလုပ်ပြန် လာပြီဆိုရင်တော့ ပြောမနေတော့နဲ့ ပဲကြီးပွဲကောင်းပဲ၊ သန်းခေါင်ကျော် မိုးလင်း ဆက်ရိုက် ကြတာ။ ဖဲကို အဲသလောက်တောင် ဇွဲကြီးမဲကြီး ဝါသနာပါကြတာ။ သူတို့ ဖဲရိုက်အဖွဲကြီးထဲမှာ အစ်ကိုလတ်တို့ သူငယ်ချင်းတစ်သိုက်ကတော့ လူပျို လူလွတ်တွေ ဖြစ်ကြပေမယ့်လို့ သူတို့ထက် စီနီယာ အိမ်ထောင်သည် အင်ဂျင်နီယာတွေလည်းပါပါတယ်။ အစ်ကိုလတ်ရဲ့ ဖဲရိုက်ဖော်တွေထဲက စိတ်ဝင်စားဖို့ကောင်းတဲ့ ဖဲဝါသနာရှင် အိမ်ထောင်သည်အင်ဂျင်နီယာ တစ်ယောက်အကြောင်း ပြောပြချင်ပါသေးတယ်။ သူ့ရဲ့ သူငယ်ချင်းတစ်သိုက်က ဗိုလ်ထွေးလို့ ချစ်စနိုးခေါ်တဲ့ ဦးခင်မောင်ထွေး (ယခုကွယ်လွန်) ကတော့ အိမ်ထောင်နဲ့ဖြစ်နေတော့ သူ့ဇနီးသည် မသိအောင် ဖဲရိုက်ဖို့ ပိုက်ဆံလေးတွေကို ခေါက်ချိုးလေးတွေ ချိုးပြီး ကြမ်းကြားကနေ အိမ်အောက်ကို ပစ်ချရတယ်။ အချိန်းအချက်လုပ်ထားတဲ့ တပည့်တွေက အိမ်အောက်ကနေ ဗိုလ်ထွေး ချလိုက်တဲ့ပိုက်ဆံတွေကို လာကောက်တယ်။ ပြီးတော့ သူ့တို့ဆရာကို ပြန်ပေးရတယ်။ အဲလို လုပ်မှန်း သူ့ဇနီးက ရိပ်မိသွားတဲ့ နောက်ပိုင်းမှာတော့ ပိုက်ဆံတွေကို နံပါတ်နဲ့ အစီအရီ သိမ်းတယ်တဲ့။ အဲလိုလုပ်ထားတော့ အကြံပိုင်တဲ့ ဦးခင်မောင်ထွေးဟာ ပိုက်ဆံတွေကို အပေါ်က ပိုက်ဆံနံပါတ်စဉ် မပျက်အောင် အလယ်ကနေ ထုတ်ယူပြီး ကြမ်းအောက်ကို ပစ်ချပြန်တယ်။ မိတ်ဆွေ အပေါင်းအသင်းကို သိပ်ခင်တတ်တဲ့ ဦးခင်မောင်ထွေး၊ ဖဲကို သိပ်ဝါသနာပါတဲ့ ဦးခင်မောင်ထွေး၊ အမြန်မာပြည်ကို သိပ်ချစ်တတ်၊ သိပ်လွမ်းတတ်တဲ့သူတစ်ဦးဟာ ပြီးခဲ့တဲ့ (၆)လလောက်က စက််ပူနိုင်ငံမှာ ဘာမှ မဖြစ်လောက်တဲ့ ခြေထောက် အနာရင်းတာ ချက်ချင်းဆေးရုံမပြဲပဲ ထားလိုက်ရာကနေ အနာဆိပ်တက်ပြီး ပိုးတွေ တစ်ကိုယ်လုံးပျံ့၊ ရှော့ဖြစ်တာနဲ့ ကွယ်လွန်ခဲ့ရပါတယ်။ အမေအကြောင်း ပြောရင်းကနေ ဟိုဒီ ရောက်တတ်ရာရာ ရေးမိတာက အစ်ကိုလတ်နဲ့ သူ့မိတ်ဆွေ အသိုင်း အဝိုင်းတွေအကြောင်း အတွေးတွေက ပျံ့လွင့်သွားလို့ပါ။ ဦးခင်မောင်ထွေးအတွက် ရင်နာမဆုံး ဖြစ်မိရပါတယ်။ မြန်မာပြည်မှာ ဆိုရင် ဒီလောက် အနာလေးချက်ချင်းကုလိုက်ရင် သူ ဘာမှဖြစ်မှာ မဟုတ်ဘူး။ အသက် (၆၀)ကျော်လေးပဲ ရှိသေးတယ်။ လုံးဝ မသေသင့်ဘူးလို့ ထင်မိပါတယ်။ အဲဒီ ဖဲ သိပ်ဝါသနာပါတဲ့ ဦးခင်မောင်ထွေးနဲ့

ကျွန်တော့် အစ်ကိုလတ်တို့ ဒီလိုပဲ မိုးလင်း ရွှီးရိုက်၊ မနက်အလုပ်ဆင်း၊ နေ့လည် ထမင်းမစားပဲ ရိုက်၊ ညနေရောက်တော့ မိုးလင်း ဖဲ ပြန်ရိုက်ဆိုတဲ့ ဖဲရိုက်သံသရာ၊ ဒွန်းနယားကြီးထဲမှာ မွေ့လျော် လည်ပတ်နေတော့ အစ်ကိုလတ်တစ်ယောက်လည်း ဝမ်းတွင်းက မျှော်တော်မူ အမေ့ဆီကို လခ အပြည့်မပို့နိုင်ပဲ ကြုံရင်ကြုံသလို နှစ်လ၊ သုံးလတစ်ခါလောက် သူ့မှာ ကျန်သလောက်ပိုက်ဆံလေးကို စာတိုက်က မန်နအော်ဒါ (money order) နဲ့ ပို့ရှာပါတယ်။ အမေကတော့ ဘာမှ သိပ်မပြောပါဘူး။ ဝမ်းတွင်းမြို့လေးတစ်မြို့လုံးကို လှည့်ပြီး စက်ဘီးတစ်စီးနဲ့ စာဝေတဲ့ စာပို့သမားကြီး ကိုပဲလှော် လာချိန်ကို စောင့်ကြည့်ရတာအမော။ ကိုပဲလှော်ကြီး စက်ဘီး ကျွန်တော်တို့ အိမ်ကို ကျော်သွားတယ်ဆိုရင် အဲဒီနေ့တော့ မန်နီအော်ဒါ ဖြတ်ပိုင်းပါမလာတော့ဘူးဆိုတာ သေချာသွားပြီပေါ့။ ကျွန်တော့် အစ်ကိုလတ်ကို အမေက မောင်တူးလို့ခေါ်တော့ "မောင်တူးကတော့ လုပ်ရော့မယ်၊ ဒီလလည်း လခ မပို့ပြန်ဘူး" ဆိုပြီး ညည်းလေ့ရှိပါတယ်။ တကယ် တွက်ကြည့်လိုက်မယ်ဆိုရင်တော့ အမေ့ဝန်က မသေးဘူး။ တက္ကသိုလ်ကျောင်းသား နှစ်ယောက် အလယ်တန်းကျောင်းသူနှစ်ယောက်နဲ့ မူလတန်းကျောင်းသား ကလေးငယ်လေး တစ်ယောက် ရှိနေပါသေးတယ်။ အမေဟာ အသက် (၄၀)ကျော် ၁၉၆၂ ခုနှစ်ရောက်မှ ညီအငယ်ဆုံးမောင်ဌေးကို ကိုမွေးပါတယ်။ အမေ အသက်လည်း (၄၀)ကျော်ပြီဆိုတော့ ကလေးမရတော့ ဘူးလို့ ထင်နေတဲ့အချိန်မှာ ကယ်ဝန်ရှိလာတာပါ။ အဲဒီအချိန်မှာ အဖေ ပင်စင်ယူပြီးနေပါပြီ။ အဲဒီလို ငယ်တော့တဲ့ အသက်အရွယ်လည်းမဟုတ်၊ အဖေကလည်း ပင်စင်ယူပြီး ကလေးတွေ တသီကြီးနဲ့ ကိုယ်တစ်ယောက်ထဲ အိမ်မှုကိစ္စအဝဝကို ရုန်းကန်နေရတဲ့အချိန်မှာ ကိုယ်ဝန်ရှိတယ်ဆိုတာကို သိလိုက်ရလို့ အမေဘယ်လို ခံစားရမယ်ဆိုတာ ကျွန်တော် တွေးလို့ မရပါဘူး။ အဲဒီတုန်းက ကျွန်တော်က ငယ်သေးတော့ အမေ့ရဲ့အတွေးပုံရိပ်ကို မခန့်မှန်းနိုင်ခဲ့ပါဘူး။ ညီငယ်လေးတစ်ယောက်ရလာတယ်ဆိုပြီး ကျွန်တော်တို့တစ်တွေ ပျော်ခဲ့ကြပါတယ်။ ဒါပေမယ့် နောက်ရောက်တော့ ကလေးထိန်းရတာကို တော်တော်လေး စိတ်ညစ်မိပါတယ်။ အိမ်မှာ အလုပ်လုပ်မယ့်သူဆိုလို့ အမေရယ်၊ လုပ်ကူမယ့် ကောင်မလေးတစ်ယောက်ရယ်၊ နှစ်ယောက်ပဲရှိပါတယ်။ အဲတော့ ကျွန်တော်တို့ တစ်အိမ်ထောင်လုံးကြီးရဲ့ စားရေးသောက်ရေး နေထိုင်ရေး ဝေယျာဝိစ္စ အလုပ်တွေကို လုပ်နိုင်ဖို့ ဘယ်လွယ်ပါ့မလဲ။ အမေ့မှာ စျေးလိုက်ရ၊ ချက်ရပြုတ်ရ၊ အဝတ်လျှော်၊ အနှီးလန်း၊ ကြုံရာကျပန်း ဇယ်စက်သလိုအကုန်လုပ်ရတာ။ ကလေးကို အချိန်ပြည့်မကြည့်နိုင်တော့ ကျွန်တော့်တို့ ညီအစ်ကိုတွေ ညနေ ကျောင်းကပြန်လာရင် ည ထမင်းစားချိန်အထိ တစ်ယောက်တစ်လှည့် ညီငယ်လေးကို ထိန်းရတာ။ အဲဒီတုန်းက ကျောင်းက ပြန်လာရင် ဝမ်းတွင်းမြို့ရုံးကြီးရှေ့မှာ နည်းမျိုးစုံနဲ့ ကစားကြတဲ့ ကျွန်တော်တို့ ကလေးတစ်စုဟာ ညနေရောက်ဖို့ပဲ မျှော်နေကြတာ။ သားရေကွင်းပစ်မယ်၊ ပိုလိုဗူး (စီးကရက်ဗူးခွံအပြားလေးတွေ) ထပ်မယ်၊ ဂေါ်လီပစ်မယ်၊ ဂွေလှိမ့်မယ်၊ စက်ဘီးစီးသင်ကြ၊ စီးကြ၊ ဘော်လုံးကန်ကြနဲ့ တစ်မြို့လုံးမှာ နေရာအကျယ်ဆုံးရုံးဖြစ်တဲ့

ရုံးကြီးရှေ့ ကွက်လပ်မှာ အသားကုန်ဆော့ကြတာပဲ။ အဲဒီအချိန်မှာ ကလေး ထိန်းဖို့ ကျွန်တော်တို့ ညီအစ်ကိုတတွေ မင်းထိန်း၊ ငါထိန်း၊ တစ်ယောက်နဲ့ တစ်ယောက် တာဝန်တွေလွှဲချကြတာ။ အဲလို အရမ်းကို တန်ဖိုးရှိတဲ့ ညနေချိန်လေးမှာ အဆော့မက်တဲ့ ကစားဖို့ တာဆူထားကြတဲ့ ကျွန်တော်တို့တစ်တွေ ကျောင်းက ပြန်လာလို့ "ဒီနေ့မင်းကလေးထိန်း" ဆိုပြီး အမိန့်ချလိုက်ရင် တစ်ခါတည်းကို စိတ်မောလူမောဖြစ်သွားတာပဲ။ ကလေးထိန်းရပြီဆိုရင် ညီငယ်လေးကို ရင်မှာ ပွေ့ထားရပြီး အိမ်ရှေ့က ကွပ်ပြစ်ပေါ်မှာ ထိုင်ရင်းနဲ့ ပြေးလွှားဆူညံဆော့ကစားနေကြတဲ့ သူငယ်ချင်း အပေါင်းအသင်းတွေကို သွားရေတမျှားမျှားနဲ့ ငေးမျှော်ကြည့်နေရတာ။ စိတ်ထဲမှာ တော်တော်လေး ခံစားရတယ်။ အမေကတော့ အဲဒီအချိန်မှာ တကုပ်ကုပ်နဲ့ မီးဖိုချောင်ထဲမှာ ကျွန်တော်တို့ ညစာစားဖို့ လုံးပမ်းနေရတာ။ အဲလို အမေအလုပ်တွေ လုပ်နေရတာကို မတွေးမိဘဲ ကျွန်တော်တို့က ကိုယ်ကစားဖို့ကို စိတ်အာရုံကရောက်နေပြီး ကလေးထိန်းနေရတာကို စိတ်ညစ်တာပဲသိတယ်။ ကျွန်တော်တို့ကသာ ညီအငယ်လေးရတာကို ကလေးထိန်းကြရလို့ စိတ်ပျက်မိပေမယ့် အမေကတော့ သူ့သားလေးရတာကို သူ့ဖာသာသူ ပျော်နေပုံပေါ်ပါတယ်။ ကလေးလေးကိုလည်း အငယ်ဆုံးလေးမို့လို့ တော်တော် ချစ်ပုံ ပေါ်ပါတယ်။ ဒီလိုနဲ့ အမေရုန်းကန်လှုပ်ရှားပြီး ကလေးငယ်တွေ တစ်ဖက်နဲ့ ကျွန်တော်တို့ကို ကျောင်းလခ မဖြစ်ဖြစ်အောင် ရှာကြံပို့ခဲ့လို့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေ တက္ကသိုလ်ဘွဲ့တွေ ရခဲ့တာပါ။ တစ်သက်လုံး ဝန်ထမ်းလုပ်ခဲ့တဲ့ အဖေရဲ့ ပညာရေးအားပေးမှု၊ ပညာရှိဖို့ဆိုတာ အဓိကဆိုတဲ့ ခံယူချက်စိတ်ဓါတ်တွေနဲ့ ဘယ်လို ဖြစ်ဖြစ် ကျောင်းစရိတ်ရအောင် ရှာတော့မယ်ဆိုတဲ့ အမေတို့ကြောင့် ကျွန်တော်တို့ အားလုံး ဘွဲ့ရကြပေမယ့်လို့ ဝမ်းတွင်းမြို့က သူငွေးသားသမီး တော်တော်များများဟာ တက္ကသိုလ် ပညာရေးနယ်ပယ်ကို မရောက်ကြပါဘူး။ ကျွန်တော်တို့ အငယ်တုန်းက ငေးမျှော်ကြည့်ခဲ့ရတဲ့ သူငွေးတွေရဲ့ သားသမီးတွေဟာ ပညာရေးမာ ထွန်းပေါက်မလာဘဲ သာမန်အငြိမ်းစား ရဲဝန်ထောက်ရဲ့သားသမီးတွေက ဘွဲ့တွေရပြီး အောင်အောင်မြင်မြင်တွေ ဖြစ်ကြတယ် ဆိုတာ အဖေနဲ့အမေရဲ့ ဂုဏ်ကျေးဇူးကြောင့်ပါ။ အထူးသဖြင့် နည်းမျိုးစုံ ရုန်းကန်လှုပ်ရှားပြီး ကျွန်တော်တို့ကို ဘွဲ့ရအောင် ထားပေးခဲ့တဲ့ အမေ့ကို တွေးမိတိုင်း စိတထဲမှာ အတိုင်းအဆမရှိ မဖော်ပြ နိုင်လောက်အောင် သတိရမိပြီး မိဘတွေရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့မိပါတယ်။ အမေ အမြဲပြောလေ့ ရှိတာက "နင်တို့ ဆယ်တန်းအောင်တာနဲ့ ကျောင်းဆရာတို့၊ ကုန်သွယ်ရေးက စာရေးတို့ ဝင်လုပ်ခိုင်းရင် ရသားပဲ၊ ငါ အရမ်းသက်သာမှာပေါ့၊ ငါက နင်တို့ ကြီးပွားစေချင်လွန်းလို့ ဒုက္ခတွေခံပြီး တက္ကသိုလ်တက်၊ ဘွဲ့ယူခိုင်းရတာဟဲ့" ။ အမေ့စကား စုတွေဟာ တကယ်ကို မှန်ပါတယ်။ အမေ့ရဲ့ မဆုတ်မနစ် မလျှော့သောဇွဲလုံ့လကြောင့် ကျွန်တော်တို့တစ်တွေ ဘွဲ့ရကြတာပါ။ (၁၉၇၂)ခုနှစ်မှာ ကျွန်တော် မန္တလေးဆေးတက္ကသိုလ်ကနေ အမ်ဘီဘီအက်စ်ဘွဲ့ရပြီး အလုပ်သင်ဆရာဝန ဖြစ်ခဲ့ပါတယ်။ အလုပ်သင်

ဆရာဝန်လခ (၂၀၀/-) ရပါတယ်။ အဲဒီပိုက်ဆံဟာ တော်တော်လေးကို သုံးနိုင်တဲ့လခလို့ ပြောရပါမယ်။ မေမြို့စစ်ဆေးရုံမှာ အလုပ်သင်ဆရာဝန် လုပ်တော့ နေစရာက အလကားရတယ်၊ စားစရာက တစ်လကို (၈၀) ကျပ် နဲ့ ဆေးရုံက ထမင်းလခ ပေးစားတယ်ဆိုတော့ အမေ့ကို တစ်လ (၁၀၀/-) လောက် ပြန်ထောက်နိုင်ပါတယ်။ အမေ့အတွက် အတော် အဆင်ပြေသွားပါပြီ။ အမေ ကျောင်းစရိတ် ထောက်ရတာကို ကြည့်လိုက်ပြန်တော့လည်း ဘွဲ့ရသွားတဲ့ အစ်ကိုလတ်နဲ့ ကျွန်တော့်အတွက် လက်လွတ်သွားပြီ၊ စက်မှုတက္ကသိုလ်ကျောင်းသား ညီတစ်ယောက်နဲ့ ကျန်တဲ့ အလယ်တန်း၊ အထက်တန်း ကျောင်းသား သုံးယောက်ကိုပဲ ထောက်ရတော့တာဆိုတော့ အမေ့အတွက် သိပ်ဝန်မကြီးလှတော့ဘူး။ အဲဒီအချိန်မှာ လေယာဉ်မောင်းတဲ့အစ်ကိုကြီးက လေယာဉ်မောင်းတာ နားလိုက်ပြီး ပိဋိကတ်သုံးပုံ ဘာသာပြန်လုပ်ငန်းမှာ အယ်ဒီတာဝင်လုပ်လိုက်တော့ အမေ့ကို ပိုက်ဆံပုံမှန်မထောက်နိုင်တော့ပါဘူး။ အစ်ကိုလတ်က လတိုင်း ပိုက်ဆံမပို့ဘူးဆိုပေမယ့် ကျိုးတို့ကျဲတဲ့ နည်းနည်းပါးပါးတော့ သူ့ဆီက ရပါသေးတယ်။ ကျွန်တော့်ဆီက ပုံမှန်ပို့ငွေနဲ့ အမေ အိမ်ထောင့်တာဝန်လှုပ်ရှားရတာ လွယ်ကူသွားပါပြီ။ အလုပ်သင်ဆရာဝန်ပြီးတဲ့နောက် ကျွန်တော် အစိုးရအလုပ်လျှောက်လိုက်ပါတယ်။ အလုပ်ခေါ်တာကို တစ်နှစ်လောက် စောင့်ရမယ်လို့ သိရလို့ အဲဒီလို အလုပ်စောင့်တဲ့အချိန်မှာ ဝမ်းတွင်းအိမ်မှာနေရင်းနဲ့ ကျွန်တော်ဆေးခန်းဖွင့်တယ်ဆိုပြီး လူနာတွေ စကြည့်ပါတယ်။စမ်းသပ်ခ၊ စားဆေး၊ ထိုးဆေး အပါအဝင် အားလုံးမှ တစ်ယောက်ကို (၃)ကျပ်ပဲ ယူပါတယ်။ ဝမ်းတွင်းတစ်မြို့လုံးက ဦးဘဂျမ်း ဒေါ်ခင်ခင် မိသားစုဆိုရင် ယုံကြည်စိတ်ချ အထူးလေးစားကြတော့ "ဦးဘဂျမ်းသားလေး ဆေးခန်းဖွင့်တယ်" ဆိုပြီး တစ်စတစ်စနဲ့ လူနာ တော်တော်များလာပါတယ်။ နောက်တော့ တစ်နေ့တစ်နေ့ကို လူနာ (၂၀)ကျော်လောက် ကြည့်ရတော့ ကျွန်တော့် အမေ ဒေါ်ခင်ခင် တော်တော်ထောပြီပေါ့။ ကျွန်တော့် ရသမျှပိုက်ဆံ အမေ့ဆီ အကုန်အပ်တာလေ။ ကျွန်တော် သုံးချင်သလောက်ကိုပဲ အမေ့ဆီက တောင်းသုံးတာ။ ကိုယ်ရတဲ့ပိုက်ဆံဆိုပြီး ကိုယ်တိုင် လုံးဝ မကိုင်ဘူး။ အမေ့ပဲ အကုန်စာရင်းအပ်တာ။ ဒါကြောင့် ကျွန်တော် ဆရာဝန်ဖြစ်ပြီးကတည်းက အမေ့မှာ ပိုက်ဆံ အတွက် လုံးဝမပူရတော့ဘူးလို့ ပြောရမှာပေါ့။ အဲဒီလို ဝမ်းတွင်းမှာ ကျွန်တော်တစ်နှစ် ဆေးခန်းဖွင့်တဲ့ ကာလအတွင်းမှာ ဝမ်းတွင်းအိမ်အတွက် ပြုပြင်တည်ဆောက်ရေးတွေ တော်တော်လေး လုပ်ပေးနိုင်ခဲ့ ပါတယ်။ ကျွန်တော်တို့ အငယ်ကတည်းက အိမ်မှာ ရေချိုးခန်းဆိုတာမရှိပါဘူး။ တိုက်ရှေ့ခြံစည်းရိုး ထောင့်မှာ ရေစည်ပိုင်း တစ်ပိုင်းချထားပြီး ခပ်ချိုးကြတာ။ အမေတို့က ထမီရင်ရှားပေါ့။ ကျွန်တော်တို့ တတွေကတော့ ပုဆိုးတိုတိုဝတ်ပြီး ဒီလိုပဲ တဗွမ်းဗွမ်း ခပ်ချိုးကြတာ။ အမေကတော့ မိရိုးဖလာ ဒီလိုပဲ ရေချိုးလာကြတာ ဆိုတော့ ဘာမှ ထူးခြားတယ် မထင်ဘူး။ ဒါပေမယ့် အရွယ်ရောက်လာတဲ့ ကျွန်တော့် ညီမငယ်နှစ်ယောက် ဒီလို လူမြင်ကွင်းမှာ ရေမချိုးစေချင်ဘူး။ ကျွန်တော် ကိုယ်တိုင်ကလည်း ဆရာဝန်ပေါက်စ ဘာမှသာ မဟုတ်သေးတာ၊ ဝမ်းတွင်းမြို့ရဲ့ တစ်ဦးတည်းသော

အပြင်ဆေးခန်းဆရာဝန်ဆိုတော့ လူမြင်ကွင်းမှာ ရေမချိုးချင်တော့ဘူး။ အဲဒါနဲ့ အမေ့ကိုပြောပြီး ရေချိုးခန်းလေး အိမ်ရှေ့မှာ ဆောက်ပေးရတယ်။ ရေချိုးခန်းဆိုလို့ အင်္ဂလိပ်လို ဘတ်(သ်)ရွန်း (bathroom) ရေပန်း ရှာဝါး၊ ရေချိုးခန်း လိုဟာတွေကိုသွားပြီး မမြင်လိုက်ပါနဲ့။ နှစ်တစ် သစ်သားချောင်းတွေနဲ့ ဝါးကပ်ရိုက်ပြီး မင်းတုန်းထိုး လို့ရတဲ့ တံခါးလေးတစ်ခု တပ်ထားတဲ့ လေးပေပတ်လည် အမိုးမပါ ထရံကာ အခန်းလေး၊ အထဲမှာ ရေချိုးဖို့ သံစည်ပိုင်းတစ်ခုနဲ့ အဝတ်လျှော်ဖို့ ကျောက်ပြားတစ်ပြားလေးတစ်ခုပါပဲ။ အမေဟာ သားသမီးတွေ ပညာရေးအတွက် ရုန်းကန် ထောက်ပံ့ရလွန်းလို့ အဲလို ရေချိုးခန်းလေး လောက်ကို မဆောက်နိုင်တာပါ။ ရေချိုးခန်းရလို့ အမေ တော်တော် စိတ်ချမ်းသာသွားပြီး နောက်တစ်ခု ထပ်လုပ်ဖို့ လိုလာပြန်ပါပြီ။ ကျွန်တော်တို့ အငယ် ကတည်းကနေ ဆရာဝန်ဖြစ်တဲ့အထိ အိမ်မှာသုံးဖို့ ရေစည်ဝယ်ရပါတယ်။ နွားလှည်းပေါ်မှာ သစ်သားစည် တင်ထားတဲ့ ရေစည်လှည်း တစ်နေ့ နှစ်စည် လောက် ဝယ်ပါတယ်။ ရေစည်လှည်းက မနက်တစ်ခေါက်၊ ညနေတစ်ခေါက်လာပါတယ်။ မလာရင် ကျွန်တော်တို့မှာ စက်ဘီး တစ်စီးနဲ့ လိုက်ရှာရတာ။ သောက်ရေကတော့ အိမ်နောက်က ရက္ကန်းစက်ရုံ ဘေးကတွင်းက ကောင်းတယ်ဆိုပြီး ညနေရောက်ရင် ရေသွား ထမ်းကြ၊ ဆွဲကြရတယ်။ ရေနွေးကြမ်း ကျိုသောက်ဖို့ကတော့ တိုက်ဆောက်တုန်းကတည်းက လုပ်ထားတဲ့ မိုးရေလှောင် အုတ်ကန်ကြီး ရှိပါတယ်။ တိုက်ပတ်လည်မှာ ရေတံလျှောက်တွေရှိပြီး အဲဒီက ကျတဲ့ မိုးရေတွေကို ရေကန်ကြီးထဲမှာ ထည့်လှောင်၊ ပိုတဲ့ရေတွေကို ရာဝင်စဉ့်အိုးကြီးတွေနဲ့လှောင်ပြီး အဝတ်စ စည်းထားရပါတယ်။ မိုးရေလှောင်ကန်ကြီး ကိုတော့ ခြင်မဝင်အောင် သံပြား၊ သွပ်ပြားတွေနဲ့ အဖုံးလုပ်ထားတယ်။ ကျွန်တော်တို့ အိမ်တင်မကဘူး၊ အညာမှာ အိမ်တိုင်းလိုလိုမှာ အဲလို မိုးရေလှောင်ထားလေ့ ရှိပါတယ်။ ဒီမိုးရေဟာ ရေနွေးကြမ်း သောက်ဖို့အတွက်ပဲ သုံးပါတယ်။ ရေနွေးကြမ်းဟာ အညာဒေသရဲ့ အနှစ်သာရ ထူးခြားချက် တစ်ခုပါ။ အိမ်တိုင်းလိုမှာ မိုးလင်းမိုးချုပ် ရေနွေးကြမ်းပဲ သောက်ကြတာ။ အညာက ရေတွင်းတွေမှာ ထွက်တဲ့ရေ တွေက ခွဲပြစ်ပြစ်နဲ့ သောက်လို့ မကောင်းပါဘူး။ တစ်မြို့လုံးမှာ ဘယ်ရေတွင်းက ရေကသောက်လို့ ကောင်းတယ်ဆိုတာ မှတ်ထားကြပြီး သောက်ရေကို အဲဒီ တွင်းကသုံး၊ ရေနွေးကြမ်းကို မိုးရေနဲ့ ကျိုသောက်ကြတယ်။ အဲဒီတုန်းက ရေရှားပါးတဲ့ အညာရဲ့ ဖြစ်ရပ်တွေပါ။ တချို့အိမ်တွေက ရေတွင်းတူးထားပြီး ရေစည် တစ်စည်တိုက်ရင် ဘယ်လောက်ဆိုပြီး ရေကို ရောင်းစားကြတယ်။ အမေဟာ ဒီလို ရေရှားတာတွေကို ကြည့်ပြီး သူ့စိတ်ထဲမှာ ရေတွင်း တူးချင်တဲ့ဆန္ဒ အမြဲရှိတယ်ဆိုတာ ကျွန်တော်တို့ အငယ်ကတည်းက ကြားလာသိလာ ခဲ့ရတာပါ။ ဒါပေမယ့် ရေတွင်းတူးဖို့နေနေသာ တစ်လတစ်လ တက္ကသိုလ်ကျောင်းသား တွေ ငွေပို့တာ အလျဉ်မှီအောင်ကို မနည်းလုပ်နေရတာ။ ကျွန်တော် ဝမ်းတွင်းမှာ ဆေးခန်းဖွင့်လို့ ငွေလေးစုမိလာတော့ အမေ့ဆန္ဒ ပြည့်ဝအောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တိုက်ရှေ့ ခြံစည်းရိုး အပြင်ဘက် တမာပင်ကြီးအောက်မှာ ရေတွင်းတစ်တွင်း တူးလိုက်ပါတယ်။ အုတ်ရိုးပတ်ချာလည်နဲ့ ရေငင်လို့ရအောင် သစ်သားနဲ့ စက်သီး တပ်ပေးတယ်။ ပြီးတော့ အမေ

လုပ်ချင်တဲ့အတိုင်း ပိုက်ဆံတစ်ပြားမှ မယူဘဲ ဘယ်သူလာခပ်ခပ် အခမဲ့ ခပ်ခွင့်ပေးပြီး ရေကုသိုလ် လုပ်နိုင်လို့ အမေ ပီတိတွေဖြာရပါတယ်။ ကျွန်တော်တို့လည်း ရေစည်လှည်းမလာလို့ဆိုပြီး စက်ဘီးတစ်စီးနဲ့ ရေလှည်းနောက်လိုက်ရတဲ့ဒုက္ခ ကင်းသွားပါတော့တယ်။ ရေတွင်း၊ ရေချိုးခန်းပြီးတော့ နောက်လုပ်စရာ တစ်ခုရှိပါသေးတယ်။ အမေ ဆောက်ခဲ့တဲ့ ကျွန်တော်တို့ ဝမ်းတွင်း တိုက်ကြီးဟာ ကြီးပြီးတော့ အောက်ထပ်မှာ အခန်းတစ်ခန်း၊ အပေါ်မှာတစ်ခန်း စုစုပေါင်း နှစ်ခန်းပဲ ပါပါတယ်။ အဖေနဲ့အမေက အောက်ထပ် အိမ်ရှေ့ ဟင်းလင်းပြင် ကြီးထဲမှာ နှစ်ယောက်အိပ်ကုတင်နဲ့ အိပ်ပါတယ်။ အဲဒီကုတင်ကို ပိတ်လိုက်ကာ အကန့်လေးတွေနဲ့ ကာပြီး ထားပါတယ်။ အောက်ထပ် အိပ်ခန်းထဲမှာ အမေ့အမေ (အမေကြီး အငယ်) နဲ့ အမေ့အဒေါ် (အမေကြီး အကြီး) တို့ အိပ်ပါတယ်။ ကျွန်တော်တို့ တစ်တွေကတော့ အပေါ်ထပ် ကြမ်းပြင်ကြီးပေါ်မှာ စီပြီး အိပ်ကြရပါတယ်။ အပေါ်ထပ်အခန်းကတော့ အတွင်းပစ္စည်းသေတ္တာတွေ ထားပါတယ်။ အဲဒီလို အမေနဲ့အဖေ အိပ်တဲ့ကုတင်ကြီးဟာ အောက်ထပ်မှာ ဟို့လို့ဟောင်းလောင်း ရှိနေတာဟာ ခါတိုင်းတော့ ကိစ္စမရှိဘူး။ ကျွန်တော် ဆေးခန်းဖွင့်လို့ လူနာတွေလာတော့ အမေတို့ ကုတင်ကြီးကို မြင်နေရတယ်။ အိပ်ရာခင်းတွေ၊ ခေါင်းအုံးတွေ၊ တစ်ခါတလေ တွန့်ကြေ၊ အနေအထားမကောင်းရင် ကြည့်လို့ မသင့်တော်ဘူး။ ဒါနဲ့ အမေနဲ့အဖေ အိပ်တဲ့နေရာကို သုံးထပ်သားနဲ့ နံရံလေးတစ်ခုကို ရိုက်ပေးလိုက် ပါတယ်။ အဖေ ပင်စင်ယူပြီးတဲ့ နောက် အမေဟာ (၁၀)နှစ်ကျော်ကျော်ချို့ချို့တဲ့တဲ့ နေခဲ့ရတာကနေ ကျွန်တော့်ဆေးခန်း ဝင်ငွေလေးနဲ့ ငွေပို ငွေလျှံလေး ထွက်လာတော့ အမေလုပ်ချင်တာလေးတွေ လုပ်နိုင်၊ သုံးနိုင်၊ ဖြုန်းနိုင်တဲ့ ဘဝကို ရောက်လာပါတယ်။ အမေ့ကိုကြည့်ပြီး ကျွန်တော် တော်တော်လေး စိတ်ချမ်း သာမိတယ်။ ဒါပေမယ့်လည်း တွေးကြည့်လေ၊ စဉ်းစားမိလေ အမေ့ကျေးဇူးဟာ ဘယ်တော့မှ ဆပ်လို့ကုန်မှာ မဟုတ်ဘူးဆိုတာ သဘောပေါက်လာပါတယ်။ အထူးသဖြင့် အမေ မရှိတော့တဲ့အခါမှာ အမေ့ကို ငါပြုစု တုန့်ပြန်ကျေးဇူးဆပ်ခဲ့တာမျှားနည်းသွားလား၊ လိုသွားလား၊ အခု အမေ့အတွက် ဘာမဆို လုပ်ပေးချင်လိုက်တာဆိုတဲ့ စိတ်တွေက တဖွားဖွား။ ဒါပေမယ့် ဘယ်လောက်ပဲ လုပ်ပေးချင် ပေးချင် အမေက မရှိတော့ဘူးလေ။ အဲတော့ မရှိတော့တဲ့ အမေအတွက် အကောင်းဆုံး လုပ်ပေးနိုင် တာကတော့ အမေ့လုပ်ရပ်၊ အမေ့ဂုဏ်ပုဒ်၊ အမေ့ကျေးဇူးတွေကို စာရေးမှတ်တမ်းတင်ရမယ်လို့ ယူဆမိလို့ ယူကျုံးမရ နောင်တတွေရရင်းနဲ့ အမေနဲ့ ကျွန်တော် ဆောင်းပါးတွေကို ရေးရင်း အမေ့ကျေးဇူးတွေကို ဆပ်နေတာပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

စာရေးသူ၏မိခင် ဒေါ်ခင်ခင်၊ ညီမ ဒေါ်အေးအေးခိုင်နှင့် ဇနီး ဒေါက်တာဒေါ်ခင်လေးရီ

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၉)

ကျွန်တော်ဆရာဝန်ဖြစ်ပြီး အစိုးရအလုပ်ရဖို့ တစ်နှစ်စောင့်ရပါတယ်။ အဲဒီတစ်နှစ်အတွင်းမှာ ကျွန်တော့်ရဲ့ဇာတိ မိတလာခရိုင်ဝမ်းတွင်းမြို့မှာ ဆေးခန်းလေး စဖွင့်ပါတယ်။ ဒါဟာ အမေ့ရဲ့ အကြံဉာဏ်ပါ။ "မင်းနှယ်ကွယ် အလုပ်စောင့် နေတုန်း အလကား အချိန်ကုန်မဲ့အတူတူ ငါတို့ တိုက်မှာ ဆေးခန်းဖွင့်၊ ငါတစ်မြို့လုံး လျှောက်ပြောပေးမယ" ဆိုပြီး စခဲ့တဲ့ ဇာတ်လမ်းပါ။ ဆေးခန်းဖွင့်တယ်ဆိုလို့ အကြီးအကျယ်ကြီး မဟုတ်ပါဘူး။ ဆေးကျောင်း နောက်ဆုံးနှစ်စာမေးပွဲအောင်စာရင်းထွက်ပြီး ရန်ကုန်ကို ဆရာဝန်လိုင်စင်သွားလျှောက်တုန်းက အစ်ကိုကြီး အမျိုးသမီး မမစန်း (ဒေါက်တာ ဒေါ်စန်းစန်း အငြိမ်းစား မြို့နယ်ဆရာဝန်) ဆီကယူလာခဲ့တဲ့ ဆေးသေတ္တာလေးရယ်၊ သွေးပေါင်ချိန်တာနဲ့ အပ်အဟောင်းလေးတွေ၊ ဖန်ဆေးထိုးပြွန် ဆရင့်(ချဲ့) နဲ့ ဆေးပစ္စည်းကိရိယာတိုလီမိုလီလေးတွေနဲ့ ဆေးခန်း စခဲ့တာပါ။ အဲဒီအခေါက် ရန်ကုန်ရောက်တုန်းက အမှတ်(၂) စစ်ဆေးရုံမှာ ဆရာအရင်းဖြစ်တဲ့ ဆေးပါရဂူ ဗိုလ်မှူးကျော်ဝင်း (ဗိုလ်မှူးချုပ် ကျော်ဝင်း အငြိမ်းစား) ဆီဝင်ပြီး ကန်တော့ရင်းနဲ့ ကျွန်တော် ဝမ်းတွင်းမြို့မှာ ဆေးခန်းလေးဖွင့်မလို့ပါလို့ ပြောမိပါတယ်။ ဗိုလ်မှူးကချက်ခြင်းပဲ စစ်စတာကိုခေါ်ပြီး "ငါ့တပည့်ကို ဆေးနည်းနည်းပါးပါးပေးလိုက်စမ်း၊ အမ်တီဘိုင်အိုတစ် (ပိုးသတ်ဆေး) တွေများများထည့်ပေးလိုက်" လို့ ပြောလိုက်ပါတယ်။ စစ်စတာက ခနနေတော့ စကျုပုံးကြီးတစ်ပုံးနဲ့ အပြည့်ဆေးတွေ လာပေးပါတယ်။ ဗိုလ်မှူးစီမှာက ဆေးကုမ္ပဏီတွေက ဆေးနမူနာတွေ လာပေးကြတာဆိုတော့ သူ့ကိုယ်ပိုင် ဆေးတွေက အများကြီး။ အဲတော့ ကျွန်တော့်ကို ဆေးတွေ တစ်ပုံတခေါင်းပေးနိုင်တာပေါ့။ မမစန်းရဲ့ ဆေးအိတ်၊ ဆေးကိရိယာတွေရယ်၊ ဗိုလ်မှူးပေးလိုက်တဲ့ ဆေးတွေရယ်နဲ့ ကျွန်တော် ဆေးခန်းစဖွင့်ပါတယ်။ ကျွန်တော်တို့ ဝမ်းတွင်းတိုက်မှာ အရင်ကလည်း ဆေးခနးဖွင့်ဖူးခဲ့တော့ အမေဟာ ဆေးခန်းကိစ္စ အတွေ့အကြုံ ရှိသင့်သလောက်ရှိပြီးသားပါ။ ကျွန်တော်တို့တိုက်မှာ ဆေးခန်းဖွင့်ခဲ့ဖူးတယ် ဆိုတာက ဒီလိုပါ။ ကျွန်တော်နောက်ဆုံးနှစ် ဆေးကျောင်းသားဘဝမှာ အဖေရဲ့ငယ်သူငယ်ချင်းအငြိမ်းစား ပညာဝန် ဦးစောမောင်ရဲ့သမီး ဒေါက်တာမြအေးကြူ (အငြိမ်းစား မေ့ဆေးပါရဂူ)ဟာ ဝမ်းတွင်းမြို့ကို လက်ထောက်ဆရာဝန်အဖြစ်နဲ့ ပိုစတင်ကျလာပါတယ်။ ဦးစောမောင်ကိုယ်တိုင် လိုက်လာပြီးအဖေ့ဆီမှာ သူ့သမီးကို အပ်ပါတယ်။ ဦးစောမောင်က အဖေ့ထက် အငယ်ဆိုတော့ အဖေ့ကို တလေးတစား ခင်ဗျား ကျွန်တော်နဲ့ ပြောပါတယ်။ "ခင်ဗျားအိမ်မှာပဲ ကျွန်တော့်သမီးကို ခေါ်ထားလိုက်တော့ဗျာ" ဆိုပြီး

မမြအေးကြူကို ကျွန်တော်တို့အိမ်မှာပဲ ထားခပါတယ်။ အဖေနဲ့ အမေကလည်း ကျေနပ်တယ်။ သူတို့မှာ ဆရာဝန် တစ်ယောက် အိမ်ပေါ်ရောက်လာတာဆိုတော့ ဝမ်းတွင်းလို မြို့လေးမှာ သိပ်ဂုဏ်ရတာ။ ပြီးတော့ ကျန်းမာရေးအတွက်လည်း အားကိုးရတယ် ဆိုပြီး မမြအေးကြူ ကျွန်တော်တို့ အိမ်မှာနေတာကို သိပ်သဘောကျပါတယ်။ တိုက်အပေါ်ထပ်က တစ်ခုတည်းသော အိပ်ခန်းကို မမြအေးကြူအတွက် ပေးလိုက်ပါတယ်။ ဝမ်းတွင်းဆေးရုံမှာ လက်ထောက်ဆရာဝန်အနေနဲ့ အလုပ်ဝင်ပြီး (၂)ပတ်လောက် ကြာတော့ မမြအေးကြူ ဆေးခန်းဖွင့်ချင်တယ်လို့ အမေ့ကိုပြောပါတယ်။ ဒါနဲ့ အမေက တိုက်အောက်ထပ်က တစ်ခုတည်းသော အခန်းကို ဆေးခန်းလုပ်ပေးလိုက်ပြန်ပါတယ်။ ဆေးခန်းဖွင့်ဖို့သာ လုပ်ပေးလိုက်တာ အမေဟာ လူနာတွေနဲ့ပတ်သက်လို့ ဆရာဝန်ဆေးထိုးရင် ဆေးမတည့်ပဲ ရှော့ဖြစ်မှာ သိပ်ကြောက်ပါတယ်။ အဖေညီရဲ့ အမျိုးသမီး အန်တီမြဟာ ရန်ကုန်မှာ မိသားစုဆရာဝန်နဲ့ ဘီဝမ်း ထိုးလိုက်တာ ရှော့ဖြစ်ပြီး သေမလိုဖြစ်တာကို အမေက တွေ့ဖူးတော့ ဆေးထိုးလို့ ရှော့ဖြစ်မှာကို အမေ သိပ်ကြောက်ပါတယ်။ အဲဒီခေတ်ကလည်း လူနာဆေးခန်းလာပြရင် ဘာရောဂါဖြစ်ဖြစ် ဆေးတစ်လုံး အနည်းဆုံးထိုးရတဲ့ ကာလပါ။ ဒါကြောင့် နယ်မှာ ဆရာဝန်တွေဟာ ဆေးခန်းလာပြတဲ့ လူနာတိုင်းကို ဆေးထိုးရပါတယ်။ အကြောဆေး၊ အသားဆေး၊ ထိုးဆေးမျိုးစုံလို့ပဲ။ တစ်ခါတလေ တချို့ဆေးခန်းတွေမှာ တစ်ခေါက်ထဲနဲ့ လူနာတစ်ယောက်ကို ဆေးလေးလုံးလောက်တောင် ထိုးလွှတ်တာရှိပါတယ်။ အဲဒီလိုခေတ်ဆိုတော့ ဆေးထိုးရင် ရှော့ဖြစ်မှာကြောက်တဲ့အမေနဲ့ ဒေါက်တာမြအေးကြူ ဆေးခန်းဖွင့်တာတွေ့တဲ့ ဇာတ်လမ်း စပါပြီ။ အဲဒီတုန်းက ဖျားရင် လူတိုင်း နီးပါးကို ပင်နီစီလင်ထိုးတာ။ ပင်နီစီလင်ဟာ ရှော့အဖြစ်တတ်ဆုံး ဆေးဆိုတာလည်း အမေကသိတယ်။ အဲလိုသိလို့လည်း အမေဟာ ဒေါက်တာ မြအေးကြူ ဆေးခန်းဖွင့်ပြီး ပင်နီစီလင်ထိုးလိုက်လို့ လူနာရှော့ဖြစ်မှာကို သိပ်စိတ်ပူနေပါတယ်။ ပြီးတော့ ကျွန်တော်တို့အငယ်တုန်းက "ရွာတောင်ပိုင်းက ဘယ်သူတော ဆေးထိုးမှားလို့ သေသွားတယ်"၊ "ဟိုအဒေါ်ကြီး မနေ့ကအကောင်း၊ ဆေးခန်းသွားတာ ပင်နီစီလင်ရှော့ဖြစ်လို့ တစ်ခါထဲ ဆေးခန်းထဲမှာ ဆုံးသွားတယ်"၊ ဒီလိုသတင်းတွေက မကြာမကြာ ကြားနေရတာဆိုတော့ အမေစိတ်ပူမယ်ဆိုလည်း ပူလောက်ပါတယ်။ အမေစိုးရိမ်တာ နောက်တစ်ခုက ဆေးထိုးလိုက်လို့ လူနာရှောဖြစ်ပြီး ကျွန်တော်တို့ တိုက်ထဲတင် သေသွားမှာကို တအား ကြောက်တယ်။ အမေ့အကြောင်း ရှေ့မှာတုန်းက ပြောခဲ့သလိုပဲ အမေတို့ရဲ့အညာအယူအဆမှာ သေတယ်ဆိုတာရယ်၊ အသုဘနဲ့ ဆက်နွယ်တဲ့ ဘာကိစ္စဖြစ်ဖြစ် အားလုံးကို လုံးဝအမင်္ဂလာ၊ နိမိတ်မရှိဘူးလို့ ခံယူထားကြတာ။ အသုဘနဲ့ မဆက်စပ်ရ မထိရ၊ မသွားရ၊ မစားရဆိုတဲ့ အမေတို့မျိုးရိုးစဉ်လာအစွဲဟာ သိပ်ကိုပြင်းထန်လွန်းပါတယ်။ ဘယ်လောက်အထိ ဆေးသလဲဆိုရင် အမေနဲ့တစ်သက်လုံး နေလာခဲ့တဲ့ အမေ့ရဲ့ အဒေါ်အရင်း ခေါက်ခေါက် (ကျွန်တော်တို့ အခေါ် အမေကြီးအကြီး)ဟာ ချော်လဲပြီး လမ်းမလျှောက်နိုင် အိပ်ရာထဲလဲတော့ အမေကြီးကိုယ်တိုင်က သူ ဝမ်းတွင်းအိမ်မှာ

သေမှာစိုးလို့ တောပြန်ပြီး ရွာမှာ သွားနေတယ်။ အဲလောက်အထိ အညာမှာ သေတဲ့ကိစ္စ၊ သေတာနဲ့ပတ်သက်တာကို ကြောက်ကြတာ။ အဲတော့ ဒေါက်တာမြအေးကြူရဲ့ ဆေးခန်း ကိစကို ပြန်ပြောရမယ်ဆိုရင် အမေဟာ သူ့တိုက်က ဆေးခန်းထဲမှာ လူနာ ရှော့ဖြစ်မှာ၊ လူနာ ကတိမ်းကပါး ဖြစ်သွားမှာကို သိပ်ကို ပူပင်သောက ရောက်နေပါတယ်။ ဆရာဝန်ကို အိမ်ပေါ်တင် လက်ခံ ပြီးတော့မှ ဆေးခန်းမဖွင့်နဲ့လို့ ပြောလို့ကလည်း မဖြစ်၊ ဆေးခန်းဖွင့်မယ်ဆိုတော့လည်း ခုနပြောခဲ့သလို လူနာတစ်ခုခုဖြစ်သွားမှာကို စိုးရိမတယ်ပေါ့။ အဲတော့ ဒေါက်တာမြအေးကြူ ဆေးခန်း မဖွင့်ခင်မှာ "လူနာကို မတည့်တဲ့ဆေးရှိလားဆို သေချာမေး၊ နောကပြီး ဆေးထိုးမယ်ဆိုရင် ဆေးကို အရေပြားမှာ သေချာစမ်း၊ တည့်ပြီဆိုမှထိုး၊ ပင်နီစလင်ကို တတ်နိုင်သရွေ့ မထိုးနဲ့။ နောက် အစစအရာရာ သေချာဂရုစိုက်နော်" ဆိုပြီး အမေကနေ သူ့ကို တတွတ်တွတ်မှာပါတယ်။ ဒေါက်တာမြအေးကြူ ဆေးခန်း စဖွင့်တဲ့နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်က ကျောင်းပိတ်လို့ ဝမ်းတွင်းအိမ်ကို ပြန်ရောက်နေပါတယ်။ မှတ်မှတ်ရရ အဲဒီ စဖွင့်တဲ့ ညနေ (၄း၀၀)နာရီလောက်မှာ ဒေါက်တာမြအေးကြူရဲ့ဆေးခန်းကို ဝမ်းတွင်းမြို့က ပထမဆုံး လူနာရောက် လာပါတယ်။ အဲဒီလူနာကို အမေက အရင်ဆုံး ဗျူးပါတယ်။ ဘယ်အရပ်ထဲကလ၊ ဘာဖြစ်လို့ လာပြတာတုန်း၊ ဆေးမတည့်တာ ရှိလားပေါ့။ လူနာက ဖျားလို့ လာပြတာတဲ့၊ မတည့်တဲ့ဆေး မရှိပါဘူးတဲ့။ အဲလို အမေနဲ့ အရင်တွေ့ပြီးတဲ့နောက်မှ လူနာဟာ ဆေးခန်းထဲမှာ ဒေါက်တာ မြအေးကြူနဲ့ တွေ့ရပါတယ်။ အမေကတော့ ဒေါက်တာမြအေးကြူကို လူနာစမ်းခါနီးအထိ "သေချာလုပ်နော်" ဆိုတာ မှာပြီး ဆေးခန်းအပြင်ကနေ ရင်မပြီး စောင့်နေပါတယ်။ ဒေါက်တာမြအေးကြူ ကတော့ "အန်တီခင်နှယ်နော် စိတ်ပူတတ်ရန်ကော" လို့ ထင်မိပါလိမ့်မယ်။ ဆေးထိုးရင် ရှော့ဖြစ်နိုင်တယ် ဆိုတာကို သိလို့ အမေကတော့ သိပ်စိတ်ပူတယ်၊ ဒါပေမယ့် ဆေးကျောင်းက ဘွဲ့ရပြီးခါစ ဆရာဝန် ပေါက်စ ဒေါက်တာမြအေးကြူကတော့ ကိုယ်ပိုင်ဆေးခန်း ဆိုတာလည်း မဖွင့်ဘူးသေး၊ အတွေ့အကြုံ လည်း သိပ်မရှိဘူးသေး၊ ရှော့ဖြစ်တယ်ဆိုတာလည်း မတွေ့ဘူးသေးဆိုတော့ မျက်ကန်းတစေမကြောက် ဆိုတာလို ဆေးထိုးရင် ရှော့ဖြစ်နိုင်တယ်ဆိုတာကို သိပေမယ့်လည်း ငါထိုးရင် ဖြစ်မှာမဟုတ်ပါဘးဆိုပြီး ကြောက်ရကောင်းမှန်း မသိဘူး ထင်ပါရဲ့။ ဒါပေမယ့် ဒေါက်တာမြအေးကြူ ဂရုမစိုက်မိတာ၊ မသိတာက အဂလိပ်လို မာဖီးနိယာမ Murphy's law ဆိုတာကိုပါ။ မာဖီးနိယာမက ဘယ်လိုပြောသလဲဆိုတော့ Anything that can go wrong will go wrong တဲ့။ လောကသဘာဝတရားကြီးရဲ့ နိယာမတစ်ခုကို မာဖီးဆိုတဲ့လူက ဖော်ညွှန်းရေးသားခဲ့တာပါ။ ဆိုလိုတာက လောကကြီးမှာ လွဲနိုင်တယ်ဆိုတာ မှန်သရွေ့ဟာ လွဲကိုလွဲနိုင်တယ်တဲ့။ လွဲနိုင်တဲ့အရာရာတိုင်း လွဲကိုလွဲနိုင်တယ်လို့ ယူဆထားရမှာဆိုတဲ့ သဘောပါ။ ပြန်ပြောရမယ်ဆိုရင် ကိစ္စတစ်ခုဟာ လွဲမှားချွတ်ချော်နိုင်တယ်ဆိုတာသိရင် ဒီကိစ္စဟာ ငါရောက်ရင်တော့ လွဲမှာမဟုတဘူးလို့ မတွက်ရဘူး

ငါ့မှာလည်းလွဲနိုင်တယ်ဆိုတာကို သိရမယ်လို့ ဆုံးမထားတဲ့ မာဖီးနိယာမပါ။ ဒေါက်တာမြအေးကြူရဲ့ ပထမဆုံး လူနာဟာ မာဖီးနိယာမ မှန်ကန်တယ်ဆိုတာ သက်သေပြ လိုက်သလို ဖြစ်သွားပါတယ်။ ဘယ်လိုဖြစ်သွားသလဲဆိုတာ ဆက်ပြောသွားပါမယ်။ လူနာကို ဆေးခန်းထဲမှာ စမ်းသပ်ပြီး ပင်နီစီလင် အသားဆေးတစ်လုံးထိုး၊ သောက်ဆေးတွေ ဘာတွေပေးပြီးတာနဲ့ လူနာကော ဒေါက်တာမြအေးကြူပါ အခန်းထဲက ထွက်လာကြပါတယ်။ ပြီးတော့ ကျွန်တော့်တို့ တိုက်ရဲ့ဧည့်ခန်းထဲမှာ ချထားတဲ့ သစ်သားကွပ်ပျစ်လေးမှာ လူနာက ခန ထိုင်လိုက်ပါတယ်။ အမေနဲ့ ကျွန်တော်တို့ကတော့ ဧည့်ခန်းအဝကနေ စောင့်ကြည်နေ ကြပါတယ်။ လူနာဘာမှ မဖြစ်ဘဲ အောင်အောင်မြင်မြင်နဲ့ ဆေးထိုးခံပြီး ထွက်လာတယ်ဆိုတော့ အမေသိပ်ဝမ်းသာနေတာပေါ့။ ဒါပေမယ့် အမေ ပျော်ပြီး စိတ်ချမ်းသာတာဟာ သိပ်မကြာလိုက်ရပါဘူး။ လူနာဟာ ထိုင်လိုက်ပြီး ခနအကြာမှာ ဝုန်းဆိုပြီး လဲကျသွားပါတယ်။ ပြီးတော့ နှုတ်ခမ်းတွေ ပြာနှမ်းလာပြီး အန်ချလိုက်တာ ကြမ်းပြင်ပေါ်မှာ ကြည့်မကောင်းအောင် ဗလပွပဲ။ ဒေါက်တာမြအေးကြူ ပြာလောင်ခတ်ပြီပေါ့။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ၊ ဆေးခန်းထဲပြေးဝင်သွားပြီး အရေးပေါ် အသက်ကယ်ဆေးဗူး လေးကိုင်ပြီး ပြေးထွက်လာပါတယ်။ အမေကတော့ ကြောက်လွန်းလို့ တုန်နေပြီး "လုပ်ကြပါဦးဟဲ့" ဆို အသံကုန် ဟစ်ပြီး အော်တောတာပဲ။ နောက်ဆုံးနှစ်ဆေးကျောင်းသား ကျွန်တော်လည်း တတ်သရွေ့မှတ်သရွေ့ ကူညီလုပ်ပေးဖို့ လနာဆီကို ပြေးသွားပြီး သွေးပေါင်ချိန်တိုင်းဖို့ ပြင်ဆင်၊ ဘာလုပ်လို့ ဘာလုပ်မှန်း တောင် မသိလိုက်ပါဘူး။ မမြအေးကြူလည်း ဟိုဆေးထိုး၊ ဒီဆေးထိုးနဲ့ နောက်ဆုံး အရုပ်အခေါ် အသက်ကယ်ဆေး ဆော်လူကော့တက် ထိုးဖို့ပြင်တာမှာ ဘယ်လိုမှ ပုလင်းကိုဖေါက်လို့ မရဘူး။ ဒါနဲ့ ကျွန်တော်က ဆော်လူကော့တကပုလင်းကို သူ့လက်ထဲက ယူကြည့်လိုက်တော့ ပုလင်းအပိတ် ရာဘာဆို့ ပေါ်က ပလပ်စတစ် အမာစား အခွံကြီးကို မဖယ်ဘဲ ဖွင့်နေတာကိုး။ အဲတော့ ဖွင့်မရဘူးပေါ့။ သူ ဘယ်လောက်စိတ်ဆင်းရဲရမယ်၊ ရင်ထဲမှာ ပူလောင်နေမယ်ဆိုတာ ကိုယ်ချင်းစာစဉ်းစားပြီး ခံစားကြည့်မိ ပါတယ်။ ဒီလို အရေးပေါ်နဲ့ ပထမ ဆုံးတွေ့ရတာဆိုတော့ လူနာရှော့ရသလို သူလည်း ရှော့ရနေမှာပါ။ သိပ်ကိုပြာယာခတ်နေတော့ ဆေးပုလင်းကို ဘယ်လို ဖွင့်ရမယ်ဆိုတာတောင မသိတော့ဘဲ ဘာကိုမှ အမြီးအမောက် တည့်အောင် မလုပ်နိုင်တော့ဘူးပေါ့လေ။ ဘယ်ကိစ္စမဆို စိတ်အေးအေးထားဆိုတာ ဘေးက ပြောရတာသာ လွယ်တာလေ။ ဒီလိုပြဿနာမျိုးကို ရင်ဆိုင်နေရတဲ့ ကာယကံရှင်ရောက်တော့ ဘယ်မှာ စိတ်အေးအေးထားနိုင်ပါ့မလဲ။ အရေးပေါ်အခြေအနေနဲ့ တွေ့ရတဲ့အခါမှာ စိတ်တွေလှုပ်ရှား တာဟာ သဘာဝပါ။ ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် လဲကျနေတဲ့လူနာကြီးဘေးနားမှာ တတ်သရွေ့ မှတ်သရွေ့ အရေးပေါ်ကုသမှုတွေ လုပ်နေတုန်းမှာ အမျှော်အမြင်ရှိတဲ့အမေဟာ "ဟဲ့ ဆေးရုံပို့၊ ဆေးရုံကို မြန်မြန်ပို့" ဆိုပြီး တိုက်ရှေ့ ပြေးထွက်သွားပါတယ်။ ပြီးတော့ မြင်းလှည်းတစ်စီးကို အမောတကော

ခေါ်လာခဲ့ပါတယ်။ "မြင်းလှည်းရောက်ပြီ၊ လူနာကို တင်ကြပါဟဲ့" ဆိုပြီး လူနာစောင့်တွေကို ပြောဟယ် အော်ဟယ်နဲ့ အင်မာဂျင်စီ ကွပ်ကဲရေးအရာရှိလို လုပ်နေတဲ့အမေ တော်တော်လေး အလုပ်ရှုပ်နေ ပါတယ်။ အဲဒီအချိန်မှာ လူနာကြီးဟာ ဆီးတွေ ဝမ်းတွေပါ မထိန်းနိုင်တော့ပဲ ကွပ်ပျစ်ပေါ်မှာ သွားချလိုကပါတယ်။ အမေလုံးဝကို မျက်စေ့မျက်နှာပျက်နေပါပြီ။ ကျွန်တော်တို့တတွေလည်း ထူပူနေပြီး သွေးပေါင်ချိန်က ဘယ်လောက်ရှိလို့ နှလုံးခုန်နှုန်းက ဘယ်လောကမှန်းလည်း မသိတော့ဘူး။ နောက်ဆုံးတော့ အမေ့ရဲ့ စီမံ ညွှန်ကြားချက်တွေနဲ့ လူနာကြီးကို ကသောကမျောနဲ့ မြင်းလှည်း ပေါ်တင်၊ မမြအေးကြူပါလိုက်ပြီး ဆေးရကို ဒန်းစိုင်းမောင်းရတော့တာပါပဲ။ လူနာနဲ့ မမြအေးကြူက မြင်းလှည်းပေါ် မှာ၊ ကျွန်တော်က နောက်က စက်ဘီးတအားနင်းပြီး လိုက်သွားရတာ။ ဆေးရုံနဲ့ ကျွန်တော်တို့တိုက်ဟာ သိပ်အလှမ်းကြီး မဟုတ်လှပါဘူး။ မြင်းလှည်းအမြန်မောင်းသွားတော့ ငါးမိနစ်လောက်နဲ့ ဆေးရုံက ကျွန်တော်တို့ ရောက်သွားကြပါတယ်။ ဆေးရုံရောက်တော့ အဆင်ပြေ သွားပါပြီ။ အတွေ့အကြုံရှိပြီးသား သူနာပြုဆရာမအဖို့တော့ ဒီလိုရှောဖြစ်တာမျိုးဟာ ရိုးနေလောက် ပြီပေါ့။ လူနာကို မြင်းလှည်းပေါ်ကချ၊ ကုတင်ပေါ်တင်လိုက်ပြီး အရင်ဆုံး ပုလင်းကြီးချိတ်၊ ပြီးတော့ ထိုးသင့်တဲ့ဆေးတွေ တရစပ်ထိုးတော့တာပဲ။ ပြီးတော့ လူနာသွေးပေါင်ချိန် တိုင်းကြည့်လိုက်ပြီး "ကောင်းပါတယ် လူနာ သွေးပေါင်ချိန်က ၁၀၀/၇၀ ပါ" ဆိုတာမှ ကျွန်တော်တို့ စိတ်အေးသွားတယ်။ လူနာကြီးကတော့ တဂတ်ဂတ်တုန်ပြီး "ချမ်းတယ် ချမ်းတယ်"လို့ အော်နေပါတယ်။ စောင်အထပ်ထပ် ခြုံပေးလည်း တအားတုန်နေတုန်းပါ။ ဘယ်လောက်တောင် တုန်သလဲဆိုရင် လူနာကုတင်ကြီးကို ကိုင်လှုပ်သလို ခါပြီးတုန်တာ။ ဒါပေမယ့် သိပ်မကြာခင်မှာဘဲ လူနာ သတိလည်းရ စကားလည်း ကောင်းကောင်း ပြောနိုင်လာပါတယ်။ ဆေးထိုးပြီးတဲ့အချိန်ကနေ တွက်ကြည့်လိုက်ရင် နာရီဝက် လောက်လည်း ကြာသွားပြီဆိုတော့ ကျွန်တော်တို့ စိတ်ပေါ့သွားပါပြီ။ ဒီလူနာ မသေတော့ဘူး စိတ်ချရပြီ ဆိုတာ မှန်းဆလို့ရပြီပေါ့။ နောက်ထပ် နာရီဝက်လောက် စောင့်ကြည့်ပြီး လူနာအခြေအနေ လုံးဝ ကောင်းသွားတော့မှ ကျွန်တော်တို့ အိမ်ပြန်ကြတယ်။ အိမ်ပေါက်ဝလည်းရောက်ရော အမေက စိုးရိမ်စိတ် အပြည့်နဲ့ "လူနာဘယ်လိုလဲ" ဆိုတာကို အမောတကောဆီးမေးပါတယ်။ အမေဟာ လူနာသေသွားမှာကို သိပ်စိုးရိမ်ပုံပေါ်ပါတယ်။ အခုနက ပြောခဲ့တဲ့ ကျွန်တော်တို့ အညာအယူအရ လူနာ ဆေးထိုးပြီး ရှောဖြစ်တာဟာ ကျွန်တော်တို့တိုက်မှာ၊ အဲတော့ တိုက်ထဲမှာမသေဘဲ ဆေးရုံမှာ သေလည်း ကျွန်တော်တို့တိုက်နဲ့ သေတာနဲ့က ပတ်သက်နေသေးတာ။ ကျွန်တော်တို့မြို့လေးရဲ့ အဲဒီခေတ် အဲဒီကာလ အယူအဆတွေ အရဆိုရင် ဒီလူနာ သေများသေသွားလို့ကတော့ သက်ပျောက်၊ ရက်လည်၊ နာရေးကိစ္စ အဝဝဟာ ကျွန်တော်တို့တိုက်မှာ လုပ်ရမှာ။ ဒါကြောင့် အမေက လူနာသေမှာကို သိပ်ကြောက်နေတာ။ လူနာဘာမှ မဖြစ်ပါဘူး၊ ကောင်းသွားပါပြီလို့ ပြောလိုက်တော့မှ အမေဟာ "ဟင်း" ဆပြီး သက်ပြင်းချ ရပါတယ်။

ဒေါက်တာမြအေးကြူအဖို့ကတော့ ဝမ်းတွင်းမြို့မှာ သူ့ရဲ့ ပထမဆုံး လူနာ ရှော့ဖြစ်လိုက်တာ ဟာ သူ့ဘဝတစ်ခုလုံးအတွက် သင်ခန်းစာရသွားလောက်မှာပါ။ မာဖီးနိယာမဆိုတာ ဘာမှန်းမသိပေမယ့် အမေဟာ အတွေ့အကြုံနဲ့ အမျှော်အမြင်ရှိပြီး ဆေးထိုးရင် လူနာရှော့ဖြစ် နိုင်တယ်ဆိုတာ သိထားတော့ ဆေးထိုးတဲ့လူနာတိုင်းဟာ ရှော့ဖြစ်နိုင်တယ်လို့ တွက်ဆ ကြိုတင် ပြင်ဆင်စေချင်တဲ့သဘောတွေနဲ့ ဒေါက်တာမြအေးကြူကို အကြိမ်ကြိမ် သတိ ပေးခဲ့တာပါ။ ဆရာဝန်ပေါက်စ ဒေါက်တာမြအေးကြူကတော့ အန်တီကြီး အစိုးရိမ်ပိုပြီး လျှောက်ပြောနေတာ၊ ဘာမှဖြစ်မှာမဟုတ်ပါဘူးဆိုပြီး သူ့ရဲ့ဝမ်းတွင်းမြို့က ပထမဆုံးလူနာကို ရဲရဲဝင့်ဝင့် ပင်နီစီလင် ထိုးချလိုက်တာပါ။ မာဖီးနိယာမသဘောအရ တစ်ခါထဲကို ရှော့ဖြစ်သွားတော့တာပဲ။ ဒေါက်တာ မြအေးကြူရဲ့ လူနာရှော့ဖြစ်တဲ့ဇာတ်လမ်းကို တစိမ့်စိမ့်တွေးမိတိုင်း ခေတ်ပညာမတတ်တဲ့ အမေဟာ မာဖီးနိယာမလို အတွေးအခေါ်မျိုးတွေတောင် သူ့မှာရှိခဲ့တာပါလား ဆိုပြီး အမေ့ကို အထူးပဲ လေးစားမိ ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၀)

အလုပ်သင်ဆရာဝန်ပြီးလို့ အစိုးရအလုပ်လျှောက်ထားပြီး အလုပ်စောင့်ရတာ တစ်နှစ်လောက် ကြာပါတယ်။ အဲဒီလိုအလုပ်စောင့်နေတုန်း အမေစီမံပေးလို့ ဝမ်းတွင်းမြို့ အမေ့တိုက်မှာ ကျွန်တော် ဆေးခန်းဖွင့်လိုက်တာ တော်တော်လေးကို အောင်မြင်ပြီးတော့ ဝမ်းတွင်းတစ်နယ်လုံးက လူတွေက လာပြကြပါတယ်။ အမေဟာ သားသမီးတွေအတွက် ရုန်းကန်ပြီးတော့ အလုပ်မျိုးစုံ လုပ်ရတော့ အလှန်းပေး၊ ငွေတိုးပေး၊ သီးစားချနဲ့ ဝမ်းတွင်းအနောက်ခြမ်းက တောင်ဘို၊ ရွှေတောင်၊ ကနးကြီး၊ ကျပ်ကန်၊ ဘုရားဖြူစတဲ့ ရွာတော်တော်များများဟာ အမေ့လုပ်ငန်းတွေနဲ့ မကင်းဘူးလေ။ အဲတော့ ကျွန်တော် ဆေးခန်းဖွင့်တအခါ "မမခင် သားလေးဆေးခန်းပါလား" ဆိုပြီး ရွာကလူတွေက ညွှန်းလေ့ရှိပါတယ်။ ဒီနေရာမှာ အမေ့ကို လူတွေက ဘယ်လိုခေါ်ကြတယ်ဆိုတာလေး နဲနဲပြောပြချင်ပါသေးတယ်။ အမေ့မိသားစုရဲ့ အရှိန်အဝါကြောင့် ရွာကလူတွေအားလုံးက အမေ့ထက် အသက် ဘယ်လောက်ပဲကြီးကြီး အစဉ်အလာအရ အမေ့ကို မမခင်လို့ပဲ ခေါ်ကြရတယ်။ နောက် အမေ ဝမ်းတွင်းရောက်မှ သိကြတဲ့ သူတွေကတော့ အမေ့ကို "မင်းကတော်" လို့ ခေါ်ကြ ပါတယ်။ ဒါနဲ့ မမခင် ခေါ် မင်းကတော်ရဲ့ အဆက်အသွယ်ကောင်း၊ ကြော်ငြာကောင်းမှုတွေကြောင့် ကျွန်တော် ဆေးကုတာဟာ ဝမ်းတွင်းအနောက် ကစပြီး နာမည်ရလိုက်တာ ဝမ်းတွင်းတောက်ဘက် နတကန်ရွာတလား အရှေ့ဖျားက သဲတောတစ်ခွင် တွေပါ သတင်းပျံ့ပြီး ဆေးခန်းမှာ လူနာတွေတော်တော် စည်စည်ကားကား ဖြစ်လာပါတယ်။ မနက် (၄း၀၀)နာရီလောက်ဆိုရင် ရွာတွေက လှည်းတွေ ကျွန်တော်တို့ တိုက်ရှေ့မှာရောက်ပြီး လှည်းတွေကို ထောက်ထောက်နား၊ နွားတွေကိုလှန်၊ အိမ်ရှေ့က တမာပင်ရိပ်မှာ နေရာယူပြီး ကျွန်တော် ဆေးခန်း စဖွင့်တာကို စောင့်ကြပါတယ်။ ကျွန်တော်တို့ အညာမှာ လှည်းတွေရဲ့ ခရီးဝေးသွားကြပုံကို ပြောချင်ပါသေးတယ်။ ပေါင်းမိုး မိုးထားတဲ့ လှည်းပေါ်မှာ ကောက်ရိုးအပြည့်ခင်းတယ်။ ပြီးတော့မှ အပေါ်ကဝါးဖျာ၊ သင်ဖျူးဖျာတင်ပြီး စားစရာသောက်စရာ အခြောက်အခြမ်းအပြည့်နဲ့ ခရီးဝေးသွားကြတယ်။ ညအိပ်ညနေ နားပြီး ချက်ပြုတ်စားလို့ရအောင် လှည်းဦးပေါ်မှာ ပန်းကန်ခွက်ယောက်အစုံ တင်ထားတယ်။ အဲလို ခရီးသွားတုန်း ထမင်းဟင်းချက်တဲ့ မီးဖိုကတော့ အထူး မဟုတ်ဘူးလေ။ အုတ်ခဲနှစ်ခပါရင် မီးဖပဲ။ ထင်းသုံးလေးချောင်းကို လှည်းဘေးနံရံမှာ ညှပ်ထားတယ်။ အဲတော့(၁၅)မိုင်၊ မိုင်(၂၀) ခရီးသွားလည်း လှည်းလေးတအိအိနဲ့ ဘာမှအပူအပင်မရှိဘူး။ အိမ်ကခွေးက လှည်းနောက်မှာ တကောက်ကောက်နဲ့ ပြေးပြီးလိုက်လာတယ်။ လမ်းဘေးမှာ ကြက်တွေ့ ငှက်တွေ့၊ ဖွတ်၊ ပဒတ်မြင်ရာကို ခွေးကပြေးလိုက

ပြေးဟောင်၊ လှည်းပေါ်မှာ အမြဲတန်းလောက်လေးခွ၊ တူရွင်း၊ ခါးမကပါတော့ ခရီးသွားရင်းလည်း အလုပ်ဖြစ်သေးတယ်။ ကံကောင်းရင် တောကြောင်တို့၊ ယုန်တို့တောင်ရတယ်။ (၁၀)မိုင်လောက်သွားပြီး၊ နားသင့်တဲ့ အချိန်ရောက်တော့ အရိပ်ကောင်းကောင်းရှာပြီး ခရီးတထောက်နားတယ်။ လှည်းထောက်ထောင်၊ နွားတွေအစာကြွေး၊ ရေတိုက်၊ မီးဖိုလေးဖိုပြီး ထမင်းချက်၊ ငါးခြောက်၊ အမဲခြောက်၊ ချက်ပြုတ်စား၊ ဒါဟာ အညာမှာ ရွာကလူတွေ ခရီးသွားတဲ့စံနစ်ပါ။ ဆေးခန်းလာတဲ့ လူနာတွေအကြောင်း ပြန်ပြောရရင် ကျွန်တော်တို့အိမ်ရှေ့ မြေကွက်လပ်ကျယ်ကြီးမှာ ရွာတကာက ဆေးခန်းပြဖို့လာကြတဲ့သူတွေ လှည်းဝိုင်းကြီးဖွဲ့ပြီး နားကြပါတယ်။ အိမ်ရှေ့က မြေကွက်လပ်ကြီးနဲ့ ရေတွင်းကို ပတ်ချာလည်ပြီးတော့ လှည်းဝိုင်းကြီး ထောင်လိုက်ကြတယ်။ အဲဒီအလယ် မြေကွက်လပ်မှာ မီးဖိုတယ်၊ ချက်ပြုတ်၊ ရေနွေးကြို ပြင်ကြ ဆင်ကြနဲ့ ဆူညံလှုပ်ရှားကြတာ။ အမေကတော့ ငါးနာရီလောက်ကတည်းကထ၊ အဲလို ရွာကလာကြတဲ့ လူနာနဲ့လူနာစောင့်တွေကို ဧည့်ခံ၊ မေးမြန်းစုံစမ်း ထောက်လှမ်းတော့တာပဲ။ ဘယ်သက ဘာဖြစ်တာတုန်း၊ ဘာရောဂါထင်လို့ လာပြတာတုန်း၊ ဘယ်သူနဲ့ပြဘူးလဲဆိုတဲ့ ဒေတာ (data) တွေ အရင်ယူတယ်။ ကျွန်တော်တို့ တောဆေးခန်းမှာ တိုကင်လည်းမရှိဘူး။ သူ့ဖာသူ ဘယ်သူအရင်ရောက်လို့ ဘယ်သူ ဘယ်လောက် အသည်းအသန်လည်းဆိုတာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပြီး အလှည့်ကြ ဝင်ပြကြတာပါ။ တိုကင်လုရင်း စကားများကြတယ်၊ ရန်ဖြစ်ကြတယ်ဆိုတာ မရှိပါဘူး။ ပြီးတော့ အမေကလည်း စီစစ်ပြီး ဘယ်သူအရင်ရောက်လို့ ဘယ်သူအရင်ဝင်သင့်တယ်ဆိုတာ ဆုံးဖြတတယ်။ ပြီးမှ လူနာတွေကို ဆေးခန်းထဲသွင်းပေးတာပါ။ လူနာတွေဟာ မနက်အစော (၄း၀၀)နာရီ ဝေလီဝေလင်းလောက်ကတည်းက စရောက်ပြီး တဖွဲဖွဲရောက်လာကြတယ်။ ဆေးခန်းမဖွင့်မချင်း အဲဒီလူတွေနဲ့ အမေနဲ့ စကားတွေ ဟိုပြော ဒီပြော ပြောကြပါတယ်။ ကျွန်တော်ကတော့ (၆း၀၀)နာရီလောက်မှ ထ၊ မျက်နှာသစ်ပြီးတော့ ဆေးခန်းစဖွင့်တာပဲ။ လူနာတွေဟာ ရွာတွေကလာကြတာဆိုတော့ ပင်နီဖျင်အကျီ၊ ချည်လုံချည် ခေါင်းပေါင်းကိုယ်စီနဲ့ပါ။ အဲဒီခေတ် ကျွန်တော်တို့ အညာအိမ်တွေမှာ အိမ်တိုင်း ကိုယ့်ဖာသာကိုယ်ရက်တဲ့ ဖျင်ကြမ်းအကျီတွေပဲ ဝတ်ကြတာ။ ပြီးတော့ ဖျင်ကြမ်း ခေါင်းပေါင်းကိုလည်း အိမ်ပြင်သွားမယ်ဆိုရင် မဖြစ်မနေ ပေါင်းကြပါတယ်။ အဲဒါ အညာရဲ့ဓလေ့ပဲ၊ ခေါင်းမှာ မျက်နှာသုတ်ပုဝါဖြစ်ဖြစ် တစ်ခုခုတော့ ပေါင်းပြီးမှ သွားလာကြတာ။ အိမ်မှာနေမယ်၊ အလုပ်လုပ်မယ် ဆိုရင်တော့ ခေါင်းပေါင်းမပေါင်းဘူး။ ဆိုလိုတာက ခေါင်းပေါင်းဟာ နေပူကာရုံ သက်သက်မဟုတ်ဘူး။ ယောကျားတစ်ယောက်ရဲ့ အဆောင်အယောင် တန်ဆာတစ်ခုအနေနဲ့ သတ်မှတထားတာပါ။ လူနာတွေဟာ ကျွန်တော့် ဆေးခန်းထဲဝင်ရင်တော့ ကျွန်တော့်ကို လေးစားသမှုနဲ့ ခေါင်းပေါင်းဖြည်ပြီး ဝင်ကြပါတယ်။ ကျွန်တော် မနက်လင်းကတည်းကနေ လူနာကြည့်လိုက်တာ နေ့လယ်ရောက်တဲ့အထိ မရပ်မနားပဲ။ အဲဒီအချိန်မှာ အမေကတော့ မီးဖိုချောင် ဝင်လိုက်၊ ဆေးခန်းထဲက လူနာတေကို စကားဝင်ပြောလိုက်နဲ့ တချိန်ထဲမှာ အိမ်မှုကိစ္စ အဝဝကိုလည်း စီမံသေးတယ်။ အဖေကတော့ ခပ်အေးအေးပဲ။ တန်းလျားပေါ်မှာ လှပြီး သူဖတ်ချင်တဲ့

စာတွေကို ဖတ်တယ်၊ သူ့ရဲ့ ပရိတ်သတ်ဖြစ်တဲ့ အခမဲ့ အင်္ဂလိပ်စာကျူရှင်တွေကို တစ်ချိန်ပြီးတစ်ချိန် ဆကသင်တယ်။ ဝမ်းတွင်းက အမှေတိုက် အောက်ထပ် ဖွဲ့စည်းပုံကို ပြောရမယ်ဆိုရင် အိမ်ဝိုင်းထဲ ဝင်လိုက်တာနဲ့ တိုက်ရဲ့ပေါ်တီကို တွေ့မယ်။ ပေါ်တီကိုအောက်မှာ တမံသလင်း အပြည့်ခင်းထားပါတယ်။ ပေါ်တီကိုအောက်ဖြတ်ပြီး တိုက်ထဲဝင်လိုက်တာနဲ့ အခန်းတစ်ခန်းပဲပါတဲ့ တိုက်အောက်ထပ်ကြီးကို တွေ့ရမယ်။ အဲဒီတိုက်အောက်ထပ် ပြန့်ကြီးရဲ့ ညာဘက်မှာ (၆) ပေ (၄)ပေလောက်ကျယ်တဲ့ ကွပ်ပျစ် အနိမ့်လေးကို ခင်းထားတယ်။ အဲဒီပေါ်မှာ လူနာတွေက ထိုင်ကြရတယ်။ လူနာ(၁၀)ယောက်၊ (၁၅)ယောက်တော့ အေးအေးဆေးဆေး ထိုင်လို့ရတယ်။ ပြီးတော့ အောက်ထပ်အကျယ်ကြီးရဲ့ ဘယ်ဘက်မှာ အဖေရဲ့ တန်းလျားနဲ့စားပွဲ။ အဲဒါနှစ်ခုလုံးဟာ အဖေတိုက်ကြီးမြို့မှာ ရဲတိုက်ပိုင် လုပ်ကတည်းက သေချာ အော်ဒါမှာပြီး လုပ်လာခဲ့တာ။ တိုက်ကြီးကနေ ပြောင်းလေရာအရပ်ကို သယ်လာခဲ့တာ၊ ပင်စင်ယူတဲ့နေရာ ဝမ်းတွင်းမြို့အထိပဲ။ တန်းလျားပေါ်မှာ အဖေထိုင်ပြီး ကျူရှင် ကျောင်းသားတွေက စားပွဲကို ဝိုင်းပြီး ထိုင်ကြရတယ်။ အဲဒီ စားပွဲကြီးပြီးတော့ တက်ကြီးမြို့မှာပဲ လုပ်ခဲ့တဲ့ ကျွန်းဆက်တီတစ်စုံရှိတယ်။ ဆက်တီတွေရဲ့ ဘေးနားမှာ တိုက်ကြီးတုန်းက ဝယ်ခဲ့တဲ့ ဖီလစ်ရေဒီယို အကြီးကြီးတစ်လုံး စားပွဲပေါ်မှာ တင်ထားတယ်။ ရှေးတုန်းက ရေဒီယိုတွေဟာ အခုခေတ် (၂၁)လက်မ တီဗွီတွေလောက်နီးပါး ကြီးပါတယ်။ အဲဒီ ရေဒီယိုအကြီးကြီးတွေ ဧည့်ခန်းမှာ ထားတာဟာ တကယ့်ကို စတိုင်လို့ ယူဆကြတဲ့ခေတ်ပါ။ ပြီးတော့ နံရံမှာ အဖေ့ရဲ့သင်တန်းဆင်းတဲ့ပုံ၊ အစ်ကိုကြီး ဘွဲ့ဝတ်စုံဓါတ်ပုံ၊ အမှေဆံထုံးကြီးနဲ့ပုံ၊ ဓါတ်ပုံကိုမျိုးစုံလို့ပဲ။ ဆိုက်ကြီးဆိုက်သေး ရှင်ပြုဘွဲ့ယူ၊ မင်္ဂလာဆောင်ဓါတ်ပုံတွေကို စီပြီး ချိတ်ထားတာ။ ဓါတ်ပြပွဲလား အောက်မေ့ရတယ်။ အဲဒါဟာ အဲဒီခေတ်က တောမြို့လေးတွေရဲ့ ဧည့်ခန်းမှာ တန်ဆာဆင်တဲ့ ခေတ်မီစတိုင်ပါ။ ဝမ်းတွင်းတိုက်အကြောင်းဆက်ပြောရမယ်ဆိုရင် ဆက်တီ တွေနဲ့ ကွပ်ပျစ်ကြားမှာ နေရာတော်တော်ကျယ်ပါသေးတယ။ ကွပျစ်ကတော့ လူတကာ ထိုင်စရာ နေရာပါ။ ဆက်တီကတော့ တော်ရုံတန်ရုံလူ မထိုင်ရပါဘူး။ အဲဒီခေတ်တုန်းက ဝမ်းတွင်းမြို့မှာ ဆက်တရှိတဲ့ အိမ်ကလည်း လက်ချိုးရေလို့ရတယ်။ ကျွန်တော်တို့အိမ်ကဆက်တီဟာ တကယ့်ကို အရေးပါပြီး စပါယ်ရှယ် ဗွီအိုင်ပီတွေလို့ အမေသတ်မှတ်တဲ့လူတွေမှ ထိုင်ရတာပါ။ တစ်ခါတလေ ရွာကလူတွေမျှား ဆက်တီပေါ်ထိုင်တာ အမေတွေ့သွားရင် ဆူလက်ငေါက်လိုက်တဲ့ဖြစ်ခြင်း။ တစ်ခါထဲ ထပြီး ကွပ်ပျစ်ပေါ်ကို ပြောင်းထိုင်ရပါတယ်။ အမေသတ်မှတ်ထားတဲ့ ဆက်တီပေါ် ထိုင်ရတဲ့ ပရိုတိုကော ပါ။ ကွပ်ပျစ်၊ ဆက်တီကျော်သွားတော့မှ ညာဘက်မှာ ကျွန်တော့်ဆေးခန်း၊ ဘယ်ဘက်မှာ အဖေနဲ့ အမေအိပ်တဲ့ နှစ်ယောက်အိပ်ကုတင်ကြီးပါပဲ။ ကျွန်းအပြည့်နဲ့ တိုက်ကြီးမြို့မှာ လုပ်ခဲ့တာပါ။ အဖေရဲ့ ဝန်ထမ်း ဘဝတစ်ခုလုံး ပြန်တွေးကြည့်တော့ တိုက်ကြီးမြို့မှာ အလုပ်လုပ်ခဲ့ရတာ အဆင်အပြေဆုံး ထင်ပါရဲ့။ ဘာလို့တုန်းဆိုတော့ အဖေပင်စင်ယူပြီး ကျွန်တော်တို့ ဝမ်းတွင်းမှာ အခြေချတော့ ပစည်း အသုံးအဆောင် တော်တော်များများဟာ တိုက်ကြီးတုန်းက လုပ်ခဲ့တာတေပါ။ အဲဒီ ပစ္စည်းတွေအားလုံးကို

မဖြစ်မနေရအောင် ဝမ်းတွင်းမြို့အထိ သယ်လာခဲ့တာပါ။ ပစ္စည်းတွေသယ်တယ်ဆိုတာလည်း အခဲယဉ်းကြီး မဟုတ်ပါဘူး။ အဖေပြောင်းရတော့မယ် ဆိုတာနဲ့ အမေက တပည့်တွေကိုခေါ်ပြီး ပစည်းတွေထုတ်ဖို့ စီစဉ်တော့တာပဲ။ ကျွန်းကုတင်ကြီးကို တစ်စစီဖြုတ် ဂုံနီအိတ်အထပ်ထပ်ပတ်၊ ဂုံနီကြိုးတွေနဲ့ချည်၊ ဖြုတ်မရတဲ့ ဆက်တီလို စားပွဲလိုဟာမျိုးရောက်တော့ လက်တန်း၊ ထောင်တိုင်၊ စားပွဲ အပြားအားလုံးကို အဝတ်စုတ်၊ ဂုံနီအိတ် မရေတွက်နိုင်အောင် များလတဲ့ အလွှာတွေနဲ့ ချုပ်ပြီးတော့ ရထားနဲ့ တန်ဆာလုပ်ပြီး ပို့လိုက်တာပါပဲ။ အဲလိ အဖေတ့ အလုပ်တစ်ခါ ပြောင်းတိုင်းပြောင်းတိုင်း ပစ္စည်းပြောင်းခစရိတ် အစိုးရဆီက နင့်နေအောင် ရတာပါ။ ပြောင်းရွှေ့စရိတ်ဟာ မိသားစုအရေအတွက် ပြောင်းရွှေ့မယ့် ခရီးအကွာအဝေးပေါ်မှာ မူတည်ပြီး တွက်တဲ့ ဖော်မြူလာတွေရှိပါတယ်။ အဲလို တွက်လိုက်၊ .....မြို့ကနေ .... မြို့အထိ ပြောင်းရွေ့တာက ပစည်းပိသာ ဘယ်လောက်ခွင့်ပြုတယ်၊ အဲဒီ ပိသာတွေကိုမှ တစ်ပိသာ ဘယ်လောက်ဆိုတာနဲ့ တွက်ပြီး ပြောင်းရွှေ့စရိတ် သတ်မှတ်တယ်။ ခပ်ဝေးဝေးပြောင်းရတော့ ပြောင်းရွှေ့ခရီးစရိတ် ပိုရတာပေါ့။ အဲလိုနဲ့ အမေဟာ တိုက်ကြီးမြို့မှာ လုပ်ခဲ့တဲ့ ဆက်တီ၊ ကုတင်၊ စားပွဲ၊ တန်းလျားများ၊ အဝတ်လျော်တဲ့ ကျောက်ပြင်ကြီ၊ သံစည်ပိုင်း၊ မှန်တင်ခုံ အကုန်လုံးကို ဝမ်းတွင်းအရောက် သယ်ခဲ့တယ်။ အခုအချိန်ထိ အမေ့ရဲ့ပစ္စည်းတွေ ရှိနေပါသေးတယ်။ ဝမ်းတွင်းတိုက်အကြောင်း ပြန်ပြောရမယ်ဆိုရင် တစ်ဘက်က အဖေအမေတို့ အိပ်တဲ့ ကုတင်ကြီး၊ ကျန်တစ်ဖက်မှာက တိုက်အောက်ထပ်ရဲ့ တစ်ခုထ ရှိတဲ့အခန်း၊ အဲဒီအခန်းထဲမှာ ကျွန်တော် ဆေးခန်းဖွင့်တာပါ။ အမေက လူနာတွေကို တန်းစီပြီး ကွပ်ပျစ်ပေါ်မှာ ထိုင်ခိုင်းတယ်။ ပြီးတော့မှ တစ်ယောက်စီ အခန်းထဲကို သွင်းပေးတယ်။ အခန်းဝမှာ အမေကိုယ်တိုင် ချုပ်ထားတဲ့ ပိတ်ပါးခန်းစည်းလေး ရှိပါတယ်။ ဒီနေရာမှာစကားစပ်လို့ အမေစက်ချုပ်တဲ့ အကြောင်း ပြောချင်ပါသေးတယ်။ ဆက်တီတွေနဲ့ အမေတို့ ကုတင်ကြီးကို (၆)ပေမြင့်တဲ့ သုံးထပ်သားနံရံနဲ့ခြားထားပြီး အဲဒီနံရံရှေ့မှာ အမေရဲ့ အပ်ချုပ်စက် ရှိပါတယ်။ အင်္ဂလန်လုပ် ဆင်းဂါး Singer အပ်ချုပ်စက်ဟာ အမေ့ရဲ့လက်စွဲပါ။ သံချေးတွေ နည်းနည်းတက်နေပါတယ်။ အမေပြောတာကတော့ စစ်အတွင်းမှာ ဂျပန်တွေ ဝင်လာတော့ တောင်ဘိုရွာနားက တောထဲသွားပြီး ပစ္စည်းတွေမြှုပ်ပြီး ဖွက်ကြတာ။ ဆင်းဂါးစက်လည်း မြေမြှုပ်တဲ့အထဲမှာ ပါသွားပါတယ်။ အဲဒါကြောင့် အပ်ချုပ်စက် သံချေးတက်သွားတာလို့ ပြောပါတယ်။ အပြင်ကသာ သံချေးတက်နေတာ၊ စက်ကလေးက တော်တော်ကို ကောင်းပါတယ်။ ကျန်တော် လူမှန်းသိတတ်ကတည်းကနေ ဒီစက်နဲ့ အမေချုပ်နေတာ၊ ကျွန်တော် ဆရာဝန်ဖြစ်တဲ့အထိပဲ။ ပျက်တယ်လို့လည်း မရှိပါဘူး။ အဲဒီစက်ကလေးနဲ့ အမေဟာ ကျွန်တော်တို့ တစ်အိမ်လုံးရဲ့ အဝတ်အစား၊ အကျီ၊ လုံချည်၊ ခန်းဆီး၊ လိုက်ကာ၊ စားပွဲခင်း၊ လက်သုတ်ပုဝါ၊ အိပ်ယာခင်း၊ ခေါင်းအုံး၊ အကုန်လုံးချုပ်တာ၊ တော်တော်လည်း တတ်နိုင်တဲ့ အမေပါ။ ဆေးခန်းအကြောင်း ဆက်ပြောရရင် ကျွန်တော် မနက်ကနေ လူနာကြည့်လိုက်တာ မရပ်မနား၊ (၁၂း၀၀)

နာရီကျော် အမေ လာပြီး "မင်းခနနားပြီး ထမင်းလေးစားဦးလေ" လို့ သတိပေးမှ ရပ်တော့တာ။ အမေဟာ ဖွယ်ဖွယ်ရာရာ ချက်ထားတဲ့ ဟင်းပွဲအစုံနဲ့ ကျွန်တော့်ကို ထမင်းကျွေးပါတယ်။ ထမင်းစားရင်လည်း ဘေးနားက ထိုင်စောင့်နေပြီး "ဟဲ့ ငါးဟင်းပါတယ်၊ မင်းကြိုက်တယ်ဆိုလို့ မိတ္ထီလာကမှာပြီး ချက်ထားရတာ၊ အရိုးတွေ ဂရုစိုက်နော်၊ မင်းက အရိုးမျက်က မျက်တတ်ပါဘိနဲ့" လို့ ပြောတတ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်(၇)တန်း ကျောင်းသားလောက်တုန်းက တော်တော် ဆိုးဆိုးဝါးဝါး ငါးရိုးမျက်ဖူးတာကို သတိရလို့ အမေဟာ ကျွန်တော် ငါးဟင်းစားတိုင်း သတိပေးတတ်ပါတယ်။ ထမင်းကို ကသောကမြောစားပြီး လူနာတွေ ဆက်ကြည့်တာ နေ့လည် (၂ း၀၀)နာရီလောက်မှ ရွာတွေက လူနာတွေ ကုန်သွားပါတယ်။ အိမ်ရှေ့က လှည်းတွေလည်း တစ်စီးပြီးတစ်စီး ရွာတွေကို ပြန်ကုန်ကြပြီး နွားချေးပုံ အမှိုက်သရိုက်အပြည့့် အိမ်ရှေ့မှာ ကျန်ခဲ့ပါတယ်။ အမေနဲ့ အိမ်ဖော် ကောင်မလေးတွေ သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ကြရပြီ။ ကျွန်တော်ကတော့ ခနနား၊ ရေချိုးတယ်။ ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး၊ ညနေ (၄း၀၀) နာရီလောက်မှာ ဝမ်းတွင်းမြို့က လူနာတွေ စရောက်လာတော့တာပဲ။ ဆေးကျောင်းဆင်းခါစ ဆရာဝန်ပေါက်စ ကျွန်တော်ဟာ အမေ့ရဲ့ စီမံအုပ်ချုပ်မှု ပရိမိုးရှင်း ပါတ်ပလစ်ရလေးရှင်းတွေကြောင့် ဝမ်းတွင်းနယ်တစ်ခွင်မှာ အတော်လေးနာမည်ရတဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ အမေဟာ (၇)တန်းမအောင်၊ ပီအာရ် PR ၊ အိပ်အာရ် HR တွေလည်း နားမလည်၊ သူတတ်သလို၊ သူနားလည်သလို ကျွန်တော့်အတွက် အကောင်းဆုံးဖြစ်အောင် စီမံညွှန်ကြား၊ သင်ကြားပေးသားလို့ ကျွန်တော် ဒီဘဝ ရောက်ခဲ့ရတာပါ။ အမေ့ရဲ့ စီမံခန့်ခွဲမှု နည်းစနစ်ကို တွေးမိတိုင်း လေးစားဂါရဝပြုမိပါ တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

၅-၁၂-၂၀၀၆

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၁)

ကျွန်တော်တို့ ဆရာဝန်ဖြစ်ခါစအခွိန်တုန်းက အစိုးရအလုပ်ရဖို့ဆိုတာ တော်တော်လေး ခက်ပါတယ်။ PSC လို့အတိုခေါ်တဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့စာမေးပွဲနဲ့ အင်တာဗျူးအောင်မှ အလုပ်ရပါတယ်။ အဲဒီ PSC စာမေးပွဲကို ရန်ကုန် ကမ်းနားလမ်းက (၆)ထပ်ရုံးကြီးမှာ သွားဖြေရတာပါ။ အင်တာဗျူးမှာလည်း တော်တော်လေးကို စိစစ် ပြီးမှ အလုပ်ခန့်ပါတယ်။ အလုပ်ခန့်တာမှာ အဓိက ထည့်စဉ်းစားတာက ဆေးကျောင်း(၇)နှစ်လုံးမှာရတဲ့ အမှတ်ပါ။ အလုပ်လျှောက်ကတည်းက အဲဒီ အမှတ်စာရင်းကို တဲတင်ရတာ။ အမှတ်ကောင်းမှ အလုပ်ရပါတယ်။ အထူးသဖြင့် နောက်ဆုံးနှစ် စာမေးပွဲမှာ ပြန်ဖြေရတဲ့သူတွေကို အလုပ်လုံးဝမခန့်ပါဘူး။ အလုပ် လျှောက်လွှာတင်ပြီး ပုံမှန်(၁)နှစ်လောက် အလုပ်စောင့်ရပါတယ်။ ကျွန်တော် ရနကုန်သွားပြီး အစိုးရ အလုပ်လျှောက်လွှာတင်တော့ အမေလိုက်ပို့ပါတယ်။ အမေဟာ ကျောင်းစာ (၇)တန်းသာ အောင်ပေမယ့်လို့ တော်တော်လေးကို နှံ့နှံ့စပ်စပ်လည်လည်ဝယ်ဝယ်ရှိပြီး ပေါင်းသင်းဆက်ဆံရေးကလည်း ကောင်းပါတယ်။ အဖေကတော့ (၁၉၃၀)ခုနှစ်လောက်မှာ မနလေးတက္ကသိုလ် ဥပစာ(ခ)တန်းအင်တာအောင်ခဲ့ပေမယ့် အရမ်းကို နှုတ်အားတဲ့သူပါ။ သူနဲ့အတူ တကသိုလ်တက်ခဲ့သူတွေ တော်တော်များများဟာ ICS, BCS နဲ့ မင်းကြီးတွေကြီးပါပဲ။ အဖေက အဲဒီသူတွေနဲ့ အဆက်အသွယ်လုပ်ခတယ်။ ဒါပေမယ့် အမေကတော့ အဖေ့သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ အမြဲပေါင်းသင်း ဆက်သွယ်ထားတယ်။ နယ်က ရဲတိုက်ပိုင်ကတော်တစ်ယောက် ဖြစ်ပေမယ့်လို့ ရန်ကုန်ရောက်တိုင်း အဲဒီ အဖေရဲ့သူငယ်ချင်း လူကြီးပိုင်းတွေရဲ့ အိမ်တွေက အမြဲဝင်ထွက်သွားလာလေ့ရှိတယ်။ ကြုံရင်ကြုံသလို လက်ဆောင်တွေ ပို့တယ်။ အဲဒီလူကြီးကတော်တွေနဲ့လည်း ရင်းနှီးအောင် ပေါင်းတယ်။ အဲလို အဆက်အသွယ်တွေ ရှိတဲ့အမေဟာ ကျွန်တော် အလုပ်လျှောက်မယ်လည်းပြောရော " ဟဲ့ မင်းတို့ PSC အဖွဲ့ဝင် ..... က မင်းအဖေရဲ့မိတ်ဆွေ၊ ပြီးတော့ ..... တစ်ယောက်ကလည်း မင်းဦးလေးရဲ့ မိန်းမအမျိုးလေ၊ ဒို့နဲ့ တော်တော်လေး ရင်းနှီးတာ။ ငါတို့အငယ်ကတည်းက သတို့အိမ်တွေ ဝင်ထွက်သွားလာနေတာ။ မင်းအလုပ်လျှောက်တဲ့ကိစ္စ၊ ငါလိုက်ပြောမှ ဖြစ်မှာပေါ့" ဆိုပြီး အမေက ခေါင်းဆောင်လို့ ကျွန်တော်တို့ သားအမိနှစ်ယောက် ရန်ကုန်ကို ခုတက်ခဲ့ကြပါတယ်။ ကျွန်တော်ကတော့ ငယ်လည်းငယ်သေးတယ်ဆိုတော့ ကြောက်တတ်၊ ရှက်တတ်၊ ဆရာဝန်ပေါက်စပေါ့။ မန္တလေးသားက လည်းဖြစ်တော့ ကိုယ်မကျွမ်းတဲ့ ရန်ကုန်သွားရမှာကို ရွံ့နေတာ။ အမေပါတော့ တော်တော်လေး အားရှိသွားတယ်။ ရန်ကုန်ရောက်တော့ အစ်ကိုကြီး

အိမ်မှာတည်းပြီး အမေဟာ သူရဲ့ဆက်သွယ်ရေးလုပ်ငန်းတွေ စတေ့တာပဲ။ ကျွန်တော့်ခေါ်ပြီး ဟိုလူကြီးအိမ်ဝင်၊ ဒီလူကြီးအိမ်ဝင်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ "ဒါ ကျွန်မ သားလေးလေ၊ မန္တလေးဆေးတကသိုလ်က ဆရာဝန်ဘွဲ့ရထားတာ။ အခု သူ အစိုးရအလုပ်လျှောက်လို့ "ခင်ခင်" လာပြောတာ။ သားလေးကိစ္စ စောင့်ရှောက်ပြီး လုပ်ပေးဦးနော်။ ဒါထက် မင်းကြီးကတော်အတွက် အညာက သနပ်ခါးတုံးစစ်စစ်လေးတွေနဲ့ ခ၊တ်လုံချည်လေးပါတယ်။ အဖိုးတော့ မတန်ပါဘူး။ အညာလက်ဆောင်ပေါ့နော်။ ဒါထက် ကျွန်မသားလေးကိစလည်း မေ့မနေနဲ့ဦးနော်။ လူရင်းတွေမို့လို့ အပူလာကပ်ရတာ"။ ဒီလိုနဲ့ အိမ်တကာဝင်ထွက်၊ အမေက ကျွန်တော့်ကို လူကြီးတွေနဲ့လိုက်ပြီး မိတ်တွေဆက်ပေးတာ။ ကျွန်တော်ကတော့ ခပ်ရှက်ရှက်နဲ့ပဲ အမေ့နောက်က လိုက်ရတာပေါ့။ အမေ့လမ်းညွှန်မှုနဲ့ ရန်ကုန်မှာ ဟိုဝင်ဒီထွက်လုပ်ပြီး အလုပ်အင်တာဗျူးကို ဖြေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဆေးကျောင်းကအမှတ်တွေကလည်း ကောင်းပါတယ်။ နောက်ဆုံးနှစ်မှာ ဘာသာစုံ Grade (၄)နဲ့ ခရက်ဒစ် (Credit) လို့ခေါ်တဲ့ အထူးအောင်နဲ့ အောင်ခဲ့တာပါ။ အဲတော့ အမေရဲ့ အဝင်အထွက်၊ ကျွန်တော့်ရဲ့ ပညာရေးမှတ်ချက်ကောင်းတွေ ပေါင်းစပ်လိုက်တော့ နောက်ဆုံးရလဒ်က ကျွန်တော် မန္တလေးဆေးတကသိုလ်မှာ အလုပ်ရပါတယ်။ ကျွန်တော်တို့ အလုပ်လျှောက်တဲ့ခေတ်တန်းက အမှတ် ကောင်းတဲ့သူပဲ ရန်ကုန်၊ မန္တလေးဆေးရုံ၊ ဆေးတက္ကသိုလ်မှာရတယ်။ ဆေးကျောင်းတက်တုန်းက မကြိုးစားခဲ့လို့ အမှတ်မကောင်းခဲ့ဘူးဆိုရင်တော့ နယ်တွေက ဆေးရုံလေးတွေဆီက လွင့်ပြီသာ တွက်လိုက်တော့။ ကျွန်တော်ကတော့ အမှတ်ကလည်းကောင်း၊ စီးကရက်လက်ကမချတဲ့ ကျွန်တော့်အမေ မင်းကတော် ဒေါ်ခင်ခင်ရဲ့ အဆက်အသွယ်နဲ့ပါဆိုတော့ တစ်ချို့တွေ (၂)ခါ (၃)ခါဖြေရတဲ့ အစိုးရအလုပ်ကို တစ်ခါတည်းနဲ့ရတယ်။ ပြီးတော့ မန္တလေးဆေးတက္ကသိုလ် ဆေးပညာဌာနမှာတင်ပဲ အလုပ်ရတယ်ပေါ့။ မန္တလေးဆေးရုံကြီး ဖျားနာဆောင် (၂)မှာ ရုံးထိုင်တဲ့ ဆေးပညာဌာနရဲ့ ဌာနမှူး ပါမောက္ခဒေါက်တာ ဒေါ်မြင့်မြင့်ခင်ရဲ့လကအောက်မှာ သရုပ်ပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ရပါတယ်။ ကျွန်တော် မန္တလေးမှာအလုပ်ဝင်တော့ ဝမ်းတွင်းအိမ်မှာ အဖေ၊ အမေ၊ ညီမ ဝေဝေခင်၊ အေးအေးခိုင်နဲ့ ညီမောင်ဌေးကိုတို့ ကျန်ခဲ့ပါတယ်။ ညီမ နှစ်ယောက်က အထက်တန်းကျောင်းသူတွေ၊ ညီငယ်က မူလတန်းကျောင်းသားဆိုတော့ ပိုက်ဆံသိပ်မကုန်လှဘူး။ ကျွန်တော်ကလည်း ပိုက်ဆံဝင်နေတာ ဆိုတော့ အမေ့အတွက် သိပ်ပြီး ရုန်းကန်လူပ်ရှား ငွေမရှာရတော့ပါဘူး။ ကျွန်တော် အစိုးရအလုပ် စောင့်ရင်းနဲ့ ဝမ်းတွင်းမြို့မှာ ဆေးခန်းဖွင့်ခဲ့တန်းက အတော်အသင့်ရခဲ့တ ပိုက်ဆံအားလုံး အမေ့ကိုပဲ ပေးတာဆိုတော့ အမေမှာ ငွေရေးကြေးရေး နည်းနည်း ချောင်ချောင်လည်လည်ရပါတယ။ ကျွန်တော့်ရဲ့ ဝမ်းတွင်းမြို့က ဆေးခန်းလေးကလည်း တော်တော်နာမည်ရသွားပြီး ဝမ်းတွင်းနယ်တလွှား အရှေ့၊ အနောက်၊ တောင်၊ မြောက် ရွာပေါင်းစုံကနေလာပြီး ဆေးလာကုကြတာ။ အဲတော့ ကျွန်တော် မန္တလေးမှာ အစိုးရအလုပ်

ဝင်တော့မယ်ဆတဲ့အခါ ကျွန်တော့်ရဲ့ ပရိသတ်၊ ကျွန်တော့် လူနာတွေက ကျွန်တော့်ကို တော်တော်လေး လွမ်းလွမ်း ဆွေးဆွေး တမ်းတမ်းတတ ဖြစ်ကြတယ်။ အဲဒီလူနာတွေထက်ပိုပြီး စိတ်ထိခိုက်တာက အမေပါ။ အမေက သူပြုစုပျိုးထောင်လာတဲ့ ဝမ်းတွင်းတိုက်က ကျွန်တော့်ရဲ့ ဆေးခန်းလေးကို လုံးဝ မပျက်စေချင်ပါဘူး။ အဲတော့ အမေအကြံထုတ်ပြပေါ့။ "မင်းဆေးခန်းလေးက ဒီလောက်ကောင်းနေတာ၊ မင်း မန္တလေး ရောက်သွားလို့ ဆေးခန်းလေး ပျက်သွားမယ်ဆိုရင် နှမြောစရာကြီး။ ငါပြောမယ်၊ မင်း စနေ၊ တနင်္ဂနွေတိုင်း ပြန်လာပြီး၊ ဆေးခန်းဖွင့်။ ရွာတွေကို ငါကြော်ငြာပေးမယ်။ မင်းလူနာတွေ လုံးဝ မပြတ်စေရဘူး။ လူနာရဖို့က ငါ့တာဝန်ထား၊ မင်းပြန်လာနိုင်ဖို့ပဲ အရေးကြီးတယ်" လို့ ပြောပါတယ်။ ဟုတ်တော့ ဟုတ်ပါတယ်။ ကျွန်တော့်ကို ဝမ်းတွင်းတစ်မြို့လုံးကလည်း လေးစားပြီးသား၊ ဝမ်းတွင်းနယ်ထဲက ရွာတွေကတော့ လုံးဝကို ယုံကြည်မှုအပြည့်နဲ့ ဆေးလာကုကြတာ။ ဘယ်လောက်တောင် ကျွန်တော့်ကို စွဲလန်းယုံကြည်ကြသလဲဆိုတာ ဥပမာပြောပြချင်ပါတယ်။ တစ်ခါက လူနာတစ်ယောက်ကို ကျွန်တော်က သွေးပေါင်ချိန်တိုင်းပြီး ဘားပလကစ် ထိုးဆေးတစ်လုံး ထိုးပေးလိုက်ပါတယ်။ လူနာက နောက်တစ်ပတ်မှာ ပြန်လာပြီး "ဆရာ လက်မောင်းမှာပတ်ပြီးကုလိုက်ကတည်းက ကျွန်တော့်ရဲ့ ရောဂါလည်း ယူပစ်လိုက်သလို ပျောက်သွားတာ" လို့ပြောပါတယ်။ သနားဖို့လည်းကောင်းတဲ့၊ ရိုးစင်းလွန်းတဲ့ လူနာတွေပါ။ ကျွန်တော် သွေးပေါင်ချိန်တိုင်းဖို့ လက်မောင်းကို ဘီပီကပ်(ပ်) တပ်လိုက် တာကို ဆေးကုတယ်ထင်ပြီး သူတို့တတွေ သက်သာနေကြတာ။ ဒီလူနာတွေကို ကျွန်တော်လည်း တော်တော်လေးကို သံယောဇဉ် ဖြစ်မိပါတယ်။ အမေကလည်း ကျွန်တော့်လူနာတွေနဲ့ ကျွန်တော့်ကို ဝေးမသွားစေချင်ဘူး၊ ဒါကြောင့် အမေက ကျွန်တော့်ကို စနေ၊ တနင်္ဂနွေ ပြန်လာပြီးဆေးခန်းထိုင်ခိုင်းတာပါ။ ဒါနဲ့ ကျွန်တော်လည်း အမေ့ရဲ့ အစီအစဉ်ကို လက်ခံလိုက်ပါတယ်။ ကျွန်တော်က သောကြာနေ့ ညနေ ဒါမှမဟုတ် စနေ မနက်ပြန်လာမယ်။ ပြီးတော့ တနင်္ဂနွေညနေ မန္တလေးကိုပြန်မယ်ဆို စီစဉ်လိုက်ပြီး ဝမ်းတွင်းဆေးခန်းမှာ အပတ်စဉ် ရုံးပိတ်ရက်တွေမှာ ပြန်လာပြီး ဆေးခန်းထိုင်ဖို့ သဘောတူလိုက်ပါတယ်။ အမေကတော့ တော်တော်ကို တတ်နိုင်တဲ့၊ လုပ်နိုင်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ ကျွန်တော် သောကြာနေ့ညပြန်ရောကသွားရင် ဝမ်းတွင်းမြို့ပေါ်က ပရိသတ်လူနာအပြည့်၊ စနေနေ့ မနက်ထလိုက်ရင် ဝမ်းတွင်းတစ်နယ်လုံးက ရွာတွေက လာပြကြတဲ့ လှည်းအုပ်စုကြီး။ လင်းကတည်းကနေ လူနာကြည့်လိုက်ရင် မိုးချုပ်ခါနီးအထိ မဆုံး နိုင်တဲ့လူနာတွေကို တွေ့ရပါတယ်။ ဒါတွေဟာ အမေရဲ့ ပါးစပ်စည်းရုံးရေးရလဒ်တွေပါ။ အမေက ဝမ်းတွင်းစျေး၊ သဲတောစျေး၊ တစ်ခါတလေ မိတ္ထီလာစျေးသွားနေတာဆိုတော့ "ကျွန်မသားလေး ဆေးခန်း . . . . . " ဆိုတာကနေ ဇာတ်လမ်းကို စလိုက်တာ မဆုံးနိုင် မသတ်နိုင်၊ အခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ကျွန်တော့်အမေဟာ တော်တော် "အပွား" ကောင်းပြီး ကြော်ငြာအားလည်း သိပ်ကောင်းတယ်လို့ ပြောရမှာပေါ့။ တနင်္ဂနွေ မနက်ထလိုက်ရင်လည်း ဒီလိုပဲ အမေစည်းရုံးထားတဲ့ ရွာတကာက လာကြတဲ့ လူနာလှည်းတန်း ကြီး အိမ်ရှေ့မှာ ရပ်ထားတာကို

တွေ့ရပါတယ်။ တတ်လည်းတတ်နိုင်တဲ့အမေ။ ဘယ်အချိန်မှာ ဘယ်လိုလုပ်ပြီး ဒီလူနာတွေလာအောင် စည်းရုံးထားသလဲမသိ၊ အမေ့အရည်အချင်းတွေဟာ စဉ်းစားစရာပါ။ ဒါနဲ့ကျွန်တော်လည်း သောကြာည ဝမ်းတွင်းရောက်၊ စနေ၊ တစ်နေကုန်လူနာကြည့်၊ တနင်္ဂနွေ မနက်ကနေ နေ့လည် (၂)နာရီလောက် အထိကို လူနာဆက်ကြည့်ပြီးတော့ ညနေ (၃) နာရီ နောက်ဆုံးထွက်တဲ့ "ရွှေကင်းမန်း" ဘတ်(စ်)ကားကြီး စီးပြီး ဝမ်းတွင်းကနေ မန္တလေးကို ပြန်ရပါတယ်။ ဒီလိုနဲ့ ကျွန်တော့်ရဲ့ မန္တလေးမြို့မှာ အလုပ်ဝင်နေ တာကနေ စနေ၊ တနင်္ဂနွေ ဝမ်းတွင်း ဆေးခန်းလေးမှာ ထိုင်တဲ့အခြေအနေ ဖြစ်သွားပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်နဲ့လူနာတွေ ခင်တာ၊ ရင်းနှီးတာ လေးကနေ အဆင့်တွေတက်လာပြီး ကျွန်တော့်ဆေးခန်းလေးဟာ တော်တော်လေးကို ဝမ်းတွင်းတစ်နယ်လုံးက အားထားကြတဲ့ ဆေးခန်း တစ်ခု ဖြစ်လာပါတယ်။ အဲတော့ အမေအလုပ် ရှုပ်ပြီပေါ့။ အမေဟာအပတ်စဉ် လူနာတွေကို ချိန်းပေးတယ်။ အချိန်မှန်မှန် ချိန်းတဲ့ရက်၊ အချိန်အတိုင်း ပြန်လာပြဖ့ စည်းရုံးတယ်။ အမေပဲ ဆေးခန်းကိစ္စတွေ ဒိုင်ခံလုပ်တာ။ ကျွန်တော်ကတော့ အမေစီစဉ်ပေးတဲ့အတိုင်းပဲ လုပ်ရတာ။ အမြော်အမြင် ကြီးမားတဲ့ အမေ့ကြောင့် ဝမ်းတွင်းက ကျန်တော်ရဲ့ စနေ၊ တနင်္ဂနွေ ဆေးခန်းလေးဟာ လျှမ်းလျှမ်းတောက် အောင်မြင်ပြီး ဝမ်းတွင်းတစ်နယ်လုံးမှာ အထင်ကရ နာမည်ကြီးတဲ့ ဆေးခန်းတစ်ခုဖြစ်လာပါတယ်။ ဒီလို အရည်အချင်း တွေရှိတဲ့ အမေကို သတိရမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒေါ်မောင်ဝင်း (အသည်း)

၃၁-၁၂-၂၀၀၆

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၂)

ကျွန်တော် မန္တလေးဆေးရုံကြီးမှာ အလုပ်ဝင်ပြီး မန္တလေး ဘုရားကြီးတောင်ဘက် ဦးပွား ဘုရား ကျားကြီးနှစ်ကောင်နားမှာ ဆေးခန်းလေးဖွင့်၊ တစ်ပတ်တစ်ခါ ဝမ်းတွင်း အမေအိမ်ကို ပြန်၊ နယ်က လူနာတွေကို ကြည့်ဆိုတော့ ကျွန်တောရော အမေပါ ငွေရေးကြေးရေး တော်တော်လေး ချောင်ချောင် လည်လည် ရှိပါတယ်။ ဒီလို အဆင်ပြေပြေလေးဖြစ်တော့ အမေ တစ်သက်လုံး သားသမီးတွေအတွက် ရုန်း ကန်လာရတာ အမောပြေပြီလို့ တွေးပြီး ဝမ်းသာမိပါတယ်။ ဒါပေမယ့် အမေ့အတွက် ငြိမ်းချမ်းတဲ့ ကာလလေးဟာ သိပ်မကြာလိုက်ပါဘူး။ ဘာလို့လဲဆိုတော့ သားသမီးတွေကစ နားအေးရတော့ အမေ့မှာ ခင်ပွန်းဖြစ်တဲ့ ကျွန်တော့်အဖေရဲ့ ကျန်းမာရေးဖောက်ပြန်တာက တစ်စခန်းထလာလို့ပါ။ အဖေ့ရဲ့ ရောဂါ အဲဒီကိစ္စအကြောင်း ပြောပြချင်ပါတယ်။ ကျွန်တော် အလုပ်ဝင်ပြီး ၂နှစ်လောက်အကြာ တစ်နေ့ နေ့လည်ကြီးမှာ မန္တလေးက ကျွန်တော့်အိမ်ကို အဖေဟာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ရောက်လာပါတယ်။ ကျွန်တော်တို့ အားလုံးက ဝိုင်းပြီး အဖေ ဘာလို့ မန္တလေးကို လာတာလဲလို့ မေးတော့ ငါ မနက် လမ်းလျှောက် ထွက်လာရင်း စိတ်ကူးရလို့ လမ်းမှာ ကားတားစီးပြီး လိုက်လာတာတဲ့။ အဖေ အဲလိုပြောတာကို ကျွန်တော်တို့လည်း နားမလည် နိုင်ပဖြစ်နေကြပါတယ်။ “အဖေ အမေ့ကို ပြောခဲ့သေးလား” လို့မေးတော့ “ဘယ်ပြောခဲ့ရမလဲကွာ၊ ငါကစိတ်ကူးပေါက်ပြီး လမ်းမှာတွေ့တဲ့ မန္တလေးကားကို တားပြီး လိုက်ခဲ့တာကွ” တဲ့။ အမေတော့ စိတ်အရမ်းပူတော့မှာပဲဆိုတာကို ကျွန်တော် သဘောပေါက် လိုက်မိပြီ။ သားသမီးရေး၊ ခင်ပွန်းကိစ၊ တစ်အိမ်လုံးရဲ့ ဝေယျာဝစ္စ၊ ကိစ္စအဝဝကို တာဝန်ယူရတဲ့အမေ။ သူ့ယောကျ်ား မနက် လမ်းလျှောက်ထွက်သွားပြီး နေ့လည်အထိ ပြန်မလာဘူး ဆိုရင်တော့ ဘယ်လောက်များ ခေါင်းမီးတောက်နေမလဲမသိ။ ဒါနဲ့ ချက်ချင်းပဲ ဖုန်းရှိတဲ့ အိမ်နာနီးချင်းဆီသွားပြီး ဝမ်းတွင်းအိပ်ချိန်းကို ခေါ်ရတယ်။ အဲဒီတုန်းက ဝမ်းတွင်းတမြို့လုံး အိပချိန်းမှာပဲ ဖုန်းရှိတယ်။ အိမ်တွေမှာ ဖုန်းမရှိဘူး။ ဂါတ်တဲ (ရဲစခန်း) အနောက်ဘက် ဦးဘဂမ်းတိုက်က ဒေါ်ခင်ခင်သွားခေါ်ပေးပါလို့ အိပ်ချိန်းကို ပြောရတာပေါ့။ အိပ်ချိန်း အော်ပရေတာ အမျိုးသမီး စန်းစန်းမြကလည်း ကိုယ်နဲ့ ကျောင်းနေဖက်သူငယ်ချင်းဆိုတော့ “ရတယ်၊ ခဏစောင့်နေ တစ်ယောက်ယောက် လွှတ်ခေါ်ပေးမယ်” လို့ ပြောပါတယ်။ ဒါနဲ့ အမေအိပ်ချိန်း ကို ရောက်လာတော့မှ အဖေ မနလေးအိမ်မှာ ရောက်နေတာကို ပြောပြရပါတယ်။ အမေက တမြို့လုံးကို လိုက်ရှာ၊ လိုက်မေးနေတာတဲ့။ အဖေ လမ်းလျှောက်သွားတတ်တဲ့ လမ်းကြောက အသိအိမ်တွေကို “ဦးဘဂမ်းများ

တွေ့မိလား” လိုက်မေးတော ဘယ်သူကမှ မမြင်လိုက်ကြဘူးတဲ့။ အဲဒါနဲ့ စိတ်တွေ အရမ်းပူပြီး ဘာဆက်လုပ်ရမှန်းမသိပဲ ဖြစ်နေတုန်း ကျွန်တော့်ဖုန်း ဝင်လာတာတဲ့။ “မင်းအဖေ ဘာစိတ်ကူးပေါက်သွားမှန်း မသိပါဘူးကွယ်” လို့ ညည်းညည်းငြူငြူ ပြောရှာပါတယ်။ အမေရဲ့ ပူတတ်ပင်တတ်ပုံနဲ့ အဖေလုပ်လိုက်တာဟာ အမေအတွက် တောတော်လေး စိတ်သောကရောက် သွားမယ်ဆိုတာ ကျွန်တော် မှန်းဆမိပါတယ်။ အဖေ မန္တလေး ကျွန်တော့်အိမ်မှာ တစ်ပတ်လောက် နေပါတယ်။ ပြီးတော့ ကျွန်တော် စနေ၊ တနင်္ဂနွေ ဝမ်းတွင်းမှာ ဆေးခန်းထိုင်ဖို့ပြန်တော့ အဖေ့ကို ပြန်ခေါ်သွားပါတယ်။ အဖေ ဘာလို့ ဒီလို ဘာမပြော ညာမပြောနဲ့ တွေ့ရာကားနဲ့ ကောက်ပြီး မန္တလေးကို လိုက်လာတယ်ဆိုတာ ကျွန်တော် မှန်းဆလို့ တွေးကြည့်လို့ မရနိုင်ပါဘူး။ အမေနဲ့ စိတ်ဆိုး စိတ်ကောက်စရာလည်း အကြောင်းမရှိ။ ဒီလို အဓိပါယ်မရှိလုပ်တာ ဘာလို့လဲဆိုတာ မသိကြဘဲ နေလိုက်ကြတာ တစ်လလောက်ကြာမှ အဖြေပေါ်လာတော့တယ်။ တစ်မနက် အဖေအိပ်နေကြ ဧည့်ခန်းက တန်းလျားလေးမှာ အိပ်နေရင်းက ဝူးဝူးဝါးဝါး အော်သံကြားလို့ အမေ ပြေးထွက်လာတော့ အဖေ မျက်ဖြူဆိုက်ပြီး ညာဘက် တစ်ခြမ်းလေဖြတ်နေတာကို တွေ့ရပါတယ်။ အဲဒါနဲ့ ဆရာဝန်ခေါ်၊ မန္တလေး ကျွန်တော့်ဆီ ဖုန်းဆက်၊ အမေ ဗျာများပြီး အလုပ်ရှုပ်တော့တာပေါ့။ ကျွန်တော်တို့လည်း သတင်းကြားကြားခြင်း မန္တလေးက ချက်ခြင်းထွက်ခဲ့တာ၊ ညနေရောက်တော့ ဝမ်းတွင်းအိမ်ကို ရောက်ပါတယ်။ အဖေကို ကုတင်ကြီးပေါ်မှာ သိပ်ထားပြီးတော့ အညာဓလေ့အတိုင်း လူတွေက ဝိုင်းဝိုင်းလည် တိုးမပေါက်ဘူး။ ပြုစုမယ့်လူ၊ သတင်းမေးမယ့်လူ၊ အဖေရဲ့တပည့်တပန်း ကျောင်းသားတွေ၊ ဝမ်းတွင်း တိုက်မှာ လူအပြည့်။ ကျန်တော်ရောကတဲ့အချိန်မှာ အဖေဟာ တော်တော်လေးသက်သာနေပါပြီ။ စကားလည်း ပြန်ပြောနိုင်ပြီး လက်တွေခြေတွေလည်း ပြန်လှုပ်နိုင်ရှားနိုင်ဖြစ်နေပြီ။ ခဏပဲ လေဖြတ်သွား လိုက်တာဖြစ်ပြီး ကျွန်တော် ရောက်သွားတဲ့အချိန်မှာ သတိလည်း ပြန်မှန်နေပြီ။ အဲတော့မှ အဖေ ဒီလို လေမဖြတ်ခင် တစ်လလောက်တုန်းက ဘယ်လိုမှ အဓိပါယ်မရှိပဲ တွေ့ရာကား တားစီးပြီး မန္တလေးကို ဘာလို့ ထွက်လာခဲ့တယ်ဆိုတာ စဉ်းစားမိတယ်။ အဲဒါဟာ ဦးနှောက်သွေး ကြောကောင်းကောင်း မလျှောက်တော့လို့ အတွေးအခေါ် စိတ်ပိုင်းဆိုင်ရာတွေ လွဲမှားပြီး စဖြစ်တဲ့ ရောဂါလက္ခဏာတစ်ခုဆိုတာ ကျွန်တော် ဆရာဝန်တစ်ယောက်အနေနဲ့ သိလာပါတယ်။ အဲဒီအချိန်မှာ အဖေဟာ အသက် (၇၅)နှစ်လောက်ရှိပြီပေါ့။ အခု ပြန်တွေးကြည့်တော့ သားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ မန္တလေး ဆေးရုံကြီးမှာ ဆရာဝန်တစ်ယောက် ဖြစ်နေပေမယ့်လည်း အဖေ အမေရဲ့ ကျန်းမာရေးကို စနစ်တကျ စစ်ဆေးမပေးခဲ့မိဘူးဆိုတာ ပြန်တွေးမိပြီး ယူကျုံးမရဖြစ်မိပါတယ်။ တကယ်တော့ ငွေရေးကြေးရေးကြောင့် ဆေးစစ်မပေးခဲ့တာ မဟုတ်ပါဘူး။ ဆရာဝန်ပေါကစ ကျွန်တော်ဟာ အမေ အဖေရယ်မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ နှစ်စဉ်ပုံမှန် ဆေးစစ်ပေးရမယ်ဆိုတာကို အဲဒီတုန်းက ကောင်းကောင်း သဘောပေါက် နားမလည်ခဲ့တာပါ။ အဖေ့အကြောင်း ဆက်ပြောရမယ်ဆိုရင် ကျွန်တော် ဝမ်းတွင်းအိမ်ရောက်လို့ အဖေကို စမ်းသပ်စစ်ဆေးကြည့်တော့

သွေးတိုးရောဂါ နည်းနည်းရှိနေတာကို တွေ့ရပါတယ်။ အဖေဟာ သွေးတိုးကြောင့် ဦးနှောက်ထဲက သွေးကြောလေးတွေ ပျက်ဆီးပြီး အာရုံကြောဆဲလ်တွေကို သွေးအရောက်နည်းလို့ ပထမဆုံး ရောဂါလက္ခဏာအနေနဲ့ စိတ်ထဲမှာ အတွေးအခေါ် အယူအဆတွေ မမှန်ဘဲ လုပ်ချင်ရာတွေ လျှောက်လုပ်တယ်။ နောက် ဒီထက်ဆိုးလာတော့ လေဖြတ်တယ်ပေါ့။ ကျွန်တော်လည်း တစ်ပတ်လောက် ခွင့်ယူလာပြီး ဝမ်းတွင်းအိမ်မှာ အဖေ့ကို အနီးကပ် ပြုစုစောင့်ရှောက်ပါတယ်။ ဒါပေမယ့် တကယ် ပင်ပန်းတာကတော့ အမေပါ။ ကျွန်တော်က ပြုစုတယ် ဆိုပေမယ့် အဖေ့ကို ခြေလက် ဆုပ်နယ် ကိုယ်ထိ လက်ရောက် မပြုစုခဲ့မိဖူးလို့ ဝန်ခံရမှာပါ။ အမေကတော့ အဖေ လူမမာရဲ့ စားရေးသောက်ရေး ဆေးဘယ်အချိန်သောက်၊ ဘယ်အချိန်တိုက် ဆီး ဝမ်းသွားတာကနေ ဝတ်စားဆင်ယင်ရေးတွေ ပြောရရင်တော့ အဖေ့ရဲ့ကိစ္စအားလုံး သူပဲတာဝန်ယူ ပြုစုလုပ်ဆောင်ခဲ့တာပါ။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေက အဖေ့အတွက် စိတ်တော့ပူကြပါတယ်။ ဒါပေမယ့် ဘယ်သူမှ အမေ့လို အားလုံးကို တာဝန်ယူပြီး စိတ်ရောကိုယ်ပါ မပြုစုမိခဲ့ကြပါဘူး။ အမေကတော့ သားသမီးရောက်တော့လည်း သားသမီးမို့လို့ ယောကျ်ားရောက်တော့ လည်း ယောကျ်ားမို့လို့၊ ကိစ္စအားလုံးဟာ သူ့တာဝန်လို့ပဲ ယူဆပေါ်ပါတယ်။ အဖေ နေမကောင်းဘူးကြားတော့ ရွာတွေက လာမေးကြတဲ့ လူတွေကလည်း မနည်းပါဘူး။ အဖေဟာ ဝမ်းတွင်းမြို့မှာ ရဲအရာရှိလုပ်ခဲ့တုန်းက လူချစ်လူခင် တော်တော်များခဲ့ပါတယ်။ သမာသမတ် မျှမျှတတနဲ့ လာဘ်မယူ တာဝန်သိသိ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပုလိပ်အရာရှိတစ်ယောက်ပါ။ ဝမ်းတွင်းနယ်တစ်ခုလုံးက အဖေ့ကို သိကြပါတယ်။ အဖေပင်စင်မယူခင် တခြားမြို့တွေမှာ အလုပ်လုပ်နေတုန်းကလည်း အဖေ ဝမ်းတွင်းမြို့ကို ခွင့်နဲ့ ခနလာတယ်ဆိုရင် ရွာကလူတွေ အဖေ့ကို လာတွေ့ကြနှုတ်ဆက်ကြ၊ ကန်တော့ကြနဲ့ ကျွန်တော်တို့အိမ်မှာ လူတွေတရုန်းရုန်း စည်စည်ကားကား။ အခုလို အဖေနေမကောင်းဘူးဆိုတော့ ပိုဆိုးတော့တာပေါ့။ အိမ်ထဲမှာကော အိမ်ရှေ့မှာပါ လူအပြည့် အဲဒါ အမေ့အတွက် တကယ့်တာဝန်ကြီးပါ။ အညာထုံးစံက အဲလိုလာမေးတဲ့ ရွာကလူတွေအားလုံးလိုလိုကို ထမင်းကျွေးရတာ။ တချို့ကနေ့ခြင်းပြန်၊ တချို့က ညအိပ်။ ကြက်သွန်၊ ဆန်၊ ဆီ အခြောက်အခြမ်းလေးတွေ ကိုယ်နိုင်သလောက် ယူလာကြတယ်။ အဖေ့ကို ခြေထောက်နှိပ်တဲ့လူကနှိပ်၊ လက်ကို ဆုပ်နယ်ပေးတဲ့လူကပေး၊ တချို့က မီးဖို ချောင်မှာ အမေ့ကို ချက်ပြုတ်ပေးနဲ့ တကယ့်ကို ကြည့်လို့ကောင်းတဲ့ ပွဲကြီးပွဲကောင်း၊ ဝမ်းတွင်းတိုက်ကြီးမှာ စည်စည်ကားကား။ တော်တော်ကို ချစ်စရာကောင်းတဲ့ အညာဓလေ့ပါ။ အမေကတော့ အဖေအတွက် စိတ်ပူတာက တစ်ပိုင်း၊ ဧည့်သည်တွေအတွက် ဈေးဝယ်ရ၊ ချက်ရ၊ စားရေးသောက်ရေးတာဝန်တွေ ယူရနဲ့ ရှုပ်နေတာပဲ။ ဒါပေမယ့် အမေ့ကို ကြည့်ရတာ စိတ်ပျက် စိတ်ညစ်နေတဲ့ပုံ မပေါ်ပါဘူး။ သူလုပ်ရမယ့် အလုပ်တွေ သူ့ဟာသူ လုပ်နေရတာကို ပျော်တယ်လည်း မဟုတ်၊ အပန်းကြီးတဲ့ပုံလည်း မပေါ်၊ ဇယ်ဆက်သလို မရပ်မနား ဆက်လုပ်သွားနေပါတယ်။ အဖေ နေမကောင်းဘူးကြားလို့ လာမေးကြတဲ့ မိတ်ဟောင်းဆွေဟောင်းတွေကို တွေ့ရတော့ ရှေးဟောင်းနှောင်းဖြစ်တွေ

အားရပါးရ ပြောရတာကိုတော့ အမေ သဘောကျပုံပေါ်ပါတယ်။ တွက်ကြည့်မယ်ဆိုရင် မိုးလင်းမိုးချုပ် စျေးသွား၊ ထမင်းချက်၊ အဝတ် လျှော်၊ သားသမီးနဲ့ ယောကျ်ားရဲ့ ကိစ္စတွေကို လုပ်နေရတာ။ လူမှုရေး အသိုင်းအဝိုင်း ပတ်ဝန်းကျင်ကြီးနဲ့ တော်တော်လေး ဝေးကွာပြီးနေရတာ။ အမေဟာ သူ့ရဲ့ဘဝတစ်ခုလုံးကို အိမ်ထောင်မှုနဲ့ ခင်ပွန်း သားသမီးတေရဲ့ ကိစ္စမှာ လုံးလုံးကို နှစ်မြုပ်ထားတာ။ အဲလို နေလာတာကနေ ခုလို အသိတွေနဲ့ပြန်တွေ့ရ၊ စကားပြောရတော သူ စိတ်ချမ်းသာမိ၊ ကြည်နူးမိမှာပေါ့။ ဒီလိုနဲ့ တစ်ပတ်လောက်ကြာမှာ အဖေလည်း တော်တော်လေးသက်သာပြီး လမ်းတွေ ဘာတွေလျှောက် ပုံမှန် စားသောက်နေပြီဆိုတော့ ကျွန်တော်တို့ မန္တလေးကို ပြန်ကြပါတယ်။ ဒါပေမယ့် တစ်ပတ်တစ်ခါ ဆေးခန်းဖွင့်ဖို့ ဝမ်းတွင်းကို ပြန်ရောက်နေတာဆိတော့ အဖေန့ ပုံမှန်တော့ တွေ့နေရတာပေါ့။ ဒါနဲ့ အဖေ့ရဲ့ စားပုံနေပုံကိုလည်း ပြောပြချင်ပါသေးတယ်။ အဖေဟာ အစားအသောက် အရမ်းမက်တဲ့သူ တစ်ယောက်ပါ။ အဖေ အငယ်တုန်းက မီးဖိုပေါ်မှာ ချက်ရင်း တန်းလန်း ဟင်းအိုးထဲက ဟင်းဖတ်တွေ နိုက်စားလို့ အဖွားက ဓါးနဲ့ လိုက်ခုတ်တယ်လို့ ကြားခဲ့ဖူးပါတယ်။ ဝက်သားဆိုလည်း အဆီမှ ကြိုက်တယ်။ အဖေ ပြောနေကြစကားကို ပြောရမယ်ဆိုရင် “အသားစားချင်မှတော့ကွာ ဒီပြင် အသားစား မှာပေါ့၊ အဆီ စားချင်လို့ ဝက်သားစားတာပေါ့”။ ကြက်ဥစားတောလည်း “အနှစ်ကြိုက်လို့ စားတာကွ၊ ကြက်ဥအကာက ဘာမှ အရသာမှ မရှိတာ၊ ဘာလို့ စားမှာတုန်း”၊ “နွားနို့သောက်တယ်ဆိုတာလည်း မလိုင် စားချင်လို့ပေါ။ နွားနို့ရည်ကြီး အရသာမှ မရှိတာ” တဲ့။ ဒါဟာ အဖေ့ရဲ့ အစားအသောက်ပေါ် ခံယူချက်။ အဖေဟာ အဆီကို ကြိုက်သလောက် အငန်ကိုလည်းစွဲစွဲလန်းလန်းပါ။ အလကားနေရင်း ငါးပိကို ယောင်းမပေါ်တင် မီးလေး နဲ့ကင်ပြီး ဘာမှမပါဘဲ ငါးပိကင်လေးကို လက်လေးနဲ့ တို့လိုက် လျက်လိုက်၊ ဖဲ့စားလိုက်နေတတဲ့သူ။ ထမင်းဝင်းမှာ အငန်မပါရင် ပြဿနာရှာပြီသာ အောက်မေ့တော့။ ငါးဖန်းမငါးပိကောင်ကတော့ သူ့ရဲ့ လက်စွဲ။ ဟင်းချက်လို့ ဆီနည်းတယ်ဆိုရင် တပြစ်တောက်တောက် ပြောလို့ မပြီး၊ ဆီကို ဟင်းတုံးနစ်နေအောင် ချက်ထားမှ ကြိုက်တာ။ ထမင်းကို ဟင်းအနှစ်ဆီ နဲ့ ရွဲနေအောင် ပယ်ပယ်နယ်နယ် နယ်ပြီးမှ စားတာ။ အဖေ ထမင်းစားတာ အရမ်းအားရဖို့ ကောင်းပါတယ်။ ပန်းကန်နဲ့ထမင်းအမောက် တစ်ပန်းကန်ပြီး တစ်ပန်းကန်၊ အမေအောမပဲ ရပ်တော့တာ။ ထမင်းစားပြီးတာ နဲ့ ငှက်ပျောသီးနှစ်လုံးလောက်စားတတ်တယ်။ ပြီးတာနဲ့ အချိုတဖို့ လိုတယ်ဆိုပြီး အခုပွဲလိုက်ရှာတော့ တာပဲ။ အမေဝယ်ထားလို့ ကြဲသကာ၊ နှမ်းပျစ်၊ ထန်းလျက် စတဲ့ အညာဒေသထွက် အချိုခဲ၊ အချိုတ စရာလေးတွေရှိရင်တော့ အဖေ့ မျက်နှာက ပြုံးလို့။ ကျွန်တော်တို့ ဝယ်လာလို့ ဒါမှမဟုတ် ရန်ကုန်က တစ်ယောက်ယောက် ပြန်လာလို့ ရှားမီးကိတ်မုန့်ရှိတယ်ဆိုရင်တော့ အဖေသိပ်ပျော်ပြီပေါ့။ အဲဒီခေတ်တုန်းက အညာမှာ ကိတ်မုန့်ဆိုတာသိပ်ရှားပါတယ်။ အထူးသဖြင့် အပေါ်ကအချိုအခံ ခရင်အလွှာတွေပါတဲ့ ကိတ်တွေက အညာမှာ မရှိပါဘူး။ ဝမ်းတွင်းမပြောနဲ့ မန္တလေးမှာကို အဲလို ကိတ်တွေ ရှားတာ။ ကျွန်တော်တို့ ရန်ကုန်သွားရင် ရန်ကုန်ပြန်လက်ဆောင်ပေးဖို့ နာမည်ကြီး

ရှားမီးကတ်မုန့်တိုက်က ကိတ်မုန့် တွေအများကြီး ဝယ်ကြရတာ။ ကိတ်မုန့်တုံးလေးတွေက အရောင်မျိုးစုံ၊ ပုံစံမျိုးစုံ။ ကျွန်တော်တို့ အခေါ်ကတော့ အဆောတစ်ကိတ်ပေါ့။ အဲလို ကိတ်တွေကို အဖေက သိပ်ကြိုက်တာ။ ဒီကြားထဲမှာ အချို့အဘီမျိုးစုံပါတဲ့ စတုမဆိုတာကိုလည်း ဆောင်ထားပြီး ထမင်းစားပြီးရင် တစ်ဇွန်း၊ တစ်ဇွန်းစားတယ်။ ပျားရည်ကိုလည်း ဆေးဖက်ဝင်တယ်ဆိုပြီး သောက်သေးတယ်။ အဖေဟာ ထမင်းစားရင်လည်း အသားတွေ အများကြီးစားရမှ တင်းတိန်တာ။ ပြောရမယ်ဆိုရင်တော့ အဖေဟာ ကျန်းမာရေးအတွက်မကောင်းဘဲ လူနဲ့မတဲ့တဲ့ အဆ၊ အငန်၊ အချို အားလုံးကို နှစ်နှစ ခြိုက်ခြိုက် စွဲစွဲလန်းလန်း တမးတမးတတကို ကြိုက်တာပါ။ အမေနဲ့အဖေဟာ အစားအသောက်ကိစ္စနဲ့ ထမင်းဝိုင်းမှာ နေ့စဉ် တကျက်ကျက်ပါပဲ။ အမေက "နင်တို့အဖေနဲ့တော့ ငါငရဲကြီးပါတယ်" လို့ပြောလေ့ရှိပါတယ်။ ဘာလို့လဲဆိုတော့ အဖေ စားလေ့ရှိတဲ့ မတဲ့တဲ့ဟာတွေကို အမေက "ရှင်နော်" တကဲကဲနဲ့ အကုန်လိုက်တား နေရတာကား။ ဒီလို အစားသောင်းကျန်းလွန်း လို့ အဖေဟာ သွေးတိုး၊ လေဖြတ်ရတာလို့ ပြောရပါမယ်။ ဒါပေမယ့် အစားအသောက်မဆင်မခြင် စားလျက်နဲ့ အဖေဟာ အသက် (၇၅) နှစ်အထိ ဘာရောဂါမှ မဖြစ်ခဲ့ ပါဘူးလို့တော့ ပြောရပါမယ်။ အဲလို ဘာလို့ကျန်းမာခဲ့သလဲဆိုတော့ အသက် (၅၅)နှစ် အဖေ ပင်စင်ယူလိုက်တဲ့အခါမှာ သူ့မှာ ပုံမှန်လစာ ဝင်ငွေကြီး မရှိတော့တာဆိုပြီး သူ တစ်သက်လုံး သောက်လာခဲ့တဲ့ ဆေးလိပ်နဲ့ အရက်ကို တိကနဲ ဖြတ်လိုက်ပါတယ်။ နောက်ပြီး မနက် ဒါမဟုတ် ညနေ တစ်နေ့တစ်ခေါက်တော့ လေးငါးမိုင်လောက် မှန်မှန်လမ်း လျှောက်ပါတယ်။ အဖေဟာ များသောအားဖြင့် သူ့မိတ်ဆွေကြီးနှစ်ယောက်ဖြစ်တဲ့ လိန်ပင်ရွာက မူလတန်း ကျောင်းအုပ်ဆရာကြီး ဦးကျော်မြ၊ ဝမ်းတွင်းအိမ်ရှေ့အိမ်က ဦးချစ်စတို့နဲ့ သုံးယောက်သား အိမ်ကနေ (၃)မိုင် လောက်ဝေးတဲ့ သိမ်တောင်စာသင်တိုက်အထိ အသွားအပြန် နေ့တိုင်း လမ်းလျှောက်ပါတယ်။ အဖေ အစားကျူးခဲ့ပေမယ့်လို့ ဒီလို ဆေးလိပ်နဲ့ အရက်ဖြတ်လိုက်ပြီး လမ်းမှန်မှန်လျှောက်ခဲ့တာကြောင့် အသက် (၇၅)နှစ် အထိ ရောဂါကင်း ကျန်းမာပြီးနေနိုင်ခဲ့တာလို့ ထင်ပါတယ်။ အမေကတော့ အစားအသောက်မှာ ဘာရယ်မှ သိပ်ပြီးကြိုက်လှတယ် တအားစားတယ် ဆိုတာ မရှိပါဘူး။ အညာသူပီပီ အခုဉာဉ်းကိုတော့ တော်တော်လေး စွဲစွဲလန်းလန်းရှိပါတယ်။ ဘာမှ ပါပါ မပါပါ ကန်ဇွန်းရွက်ချဉ်ရည်တစ်ခွက်ပါရင် ထမင်းမြိန်တယ်လို့ အမေက ပြောပါတယ်။ အညာမှာ အရွက် ကပေါတော့ ရှိသမျှ အရွက်ပေါင်းစုံကို ချဉ်ရည်ချက်ပြီး စားတော့တာပဲ။ ပြီးတော့ ပဲမျိုးစုံကို အမေကြိုက် ပါတယ်။ ဒီလို ကျန်းမာရေးနဲ့ကိုက်ညီတဲ့ အစာတွေကို စားလို့ အမေကျန်းမာတာပါ။ လူပ်ရှားမှုကတော့ ပြောမနေနဲ့တော့။ အမေဟာ မနက်တိုင်း အိမ်နဲ့ အတော်လေးလှမ်းတဲ့ ဝမ်းတွင်းစျေးကို ခြေလျင် အသွားအပြန် စျေးလိုက်ပါတယ်။ အိမ်ရောက်တော့လည်း ချက်ပြုတ်၊ အဝတ်လျှော်၊ တန်မျက်စည်းလှဲ၊ ငြိမ်ငြိမ်နေတယ်ဆိုတာ လုံးဝမရှိပဲ အမြဲလူပ်ရှားနေတာပါ။ ပြောစရာတစ်ခုရှိတာကတော့ အမေဟာ ဆေးလိပ်ကို မဖြတ်နိုင်ပါဘူး။ ဆေးပေါ့လိပ်၊ ပြောင်းဖူးဖက်လိပ်ကိုပဲ သောက်လေ့ ရှိပြီး တစ်ခါတလေ မင်္ဂလာဆောင်လေး

ဘာလေးသွားမှ စီးကရက်ကို သောက်ပါတယ်။ ဒါပေမယ့် အစားအသောက် နည်းစနစ်မှန်ပြီး လူပ်ရှားမှု အပြည့်ရှိလို့ အမေ ကျန်းမာတာပါ။ အဲလိုတွေ ဟိုတုန်းကဖြစ်ရပ်တွေကို သတိရတွေးမိတဲ့ အခါတိုင်း အခုနေမျှား အမေရှိရင် ဆိုတဲ့အတွေးဟာ ခေါင်းထဲက ဖျောက်မရနိုင်အောင်ကို အကြိမ်ကြိမ် ခံစားမိရပါ တယ်။ အိမ်ထောင်ကြီးတစ်ခုလုံးရဲ့ တာဝန်အားလုံးကို လစ်ဟင်းမှု မရှိအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ အမေကို အထူးပဲလေးစားရိုသေစွာနဲ့ စိတ်ထဲမှာ အကြိမ်ကြိမ် ကန်တော့မိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အမေ

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

စီမံထူးချွန် ဒုတိယအဆင့် (၂၀၀၅)

၃၁-၁-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၃)

အဖေလေဖြတ်တဲ့အချိန်မှာ ကျွန်တော့်ညီမအကြီး မဝေ (ဝေဝေခင်၊ အခုမလေးရှား ကေအယ်မှာ သူ့အမျိုးသား ဒေါက်တာတင်ထွန်းနဲ့ နေနေတယ်) ဟာ မနလေးက ကျွန်တော့်အိမ်မှာ နေရင်းနဲ့ မန္တလေးတက္ကသိုလ်မှာ တက်နေပါတယ်။ အဲတော့ ဝမ်းတွင်းအိမ်မှာ ညီမငယ် မိအေး (အေးအေးခိုင် ရန်ကုန် ဝင်းဆေးခန်းရဲ့ ဒါရိုက်တာ၊ သူ့အမျိုးသား ကိုကျော်ဉာဏ်ထွန်း MOGE)၊ ညီငယ် မောင်ဌေးကို (ရန်ကုန် ရွှေတောင်တန်းလမ်း ဝင်းတည်းခိုခန်းရဲ့ မန်နေဂျာ၊ သူ့အမျိုးသမီး မနီနီသန်းက အင်ဂျင်နီယာ သာကေတ သဘာဝဓါတ်ငွေ့သုံး လျှပ်စစ်စက်ရုံဝင်း) နဲ့ အမေရယ်၊ လေဖြတ်နေတဲ့ အဖေရယ် နေကြပါတယ်။ အဖေက လေဖြတ်တယ်ဆိုပေမယ့် တစ်လလောက်ကြာတော့ တော်တော်လေးကို ပြန်ကောင်းလာပြီး သွားသွားလာလာဖြစ်နေတော့ အမေ့မှာ တော်သေးတာပေါ့။ အဖေဟာ ကောင်းလာတယ်ဆိုပေမယ့်လည်း လူကောင်းတစ်ယောက်လိုတော့ မဟုတ်တော့ဘူးပေါ့။ သွားတာလာတာ စားတာ အစစအရာရာ တစ်ယောက်ယောက်တော့ အနားမှာအမြဲနေနေပြီး ဂရုစိုက်စောင့်ပေးနေရသေးတယ်။ ကျွန်တော်ကတော့ အပတ်စဉ် ဝမ်းတွင်းမြို့ကို ပြန်လာပြီး ဆေးခန်းဖွင့်နေတာဆိုတော့ အဖေ့ကို ကြည့်ရှုစောင့်ရှောက်ခွင့်တော့ ရတာပေါ့။ ဒီလိုနဲ့ အဖေလေဖြတ်ပြီး (၂)နှစ်လောက်အကြာမှာ ကျွန်တော့် ညီမအငယ် မအေးက (၁၀)တန်းအောင်ပြီး မန္တလေးတက္ကသိုလ်ကို တက်ဖို့ မနလေး ကျွန်တော့် အိမ်ကို ရောက်လာပါတယ်။ ညီမအကြီး မဝေက အဲဒီအချိန်မှာ တောင်ကြီး စပ်စံထွန်းဆေးရုံမှာ သူနာပြုသင်တန်း တက်နေပါပြီ။ အဲလို သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် အရွယ်ရောက်လို့ ပညာသင်ဖို့ အိမ်ကထွက်သွားလိုက်ကြတာ နောက်ဆုံး အဖေ၊ အမေနဲ့ညီငယ် မောင်ဌေးကိုတို့ပဲ ဝမ်းတွင်းတိုက်မှာ ကျန်ခဲ့ပါတယ်။ (၃)ယောက်တည်းပဲ နေနေရတော့ အမေရဲ့ အိမ်ထောင်တာဝန်တွေ ကလည်း လျော့လာပြီပေါ့။ အဖေကလည်း ပထမအကြိမ် ခနလေး လေဖြတ်လိုက်တာကနေ တစ်နှစ်လောက်ကြာတော့ လူကောင်းပကတိလို ဖြစ်လာပါတယ်။ မန္တလေးက ကျွန်တော့်အိမ်ကတောင် မကြာမကြာ လာလည်နိုင်တဲ့အဆင့်ကို ရောက်လာပါပြီ။ ကျွန်တော်ကလည်း မန္တလေးမှာ အလုပ်ဝင်လုပ်တာ (၂)နှစ်ကျော်လောက်ဖြစ်သွားပြီး ကားတွေ ဘာတွေ ဝယ်နိုင်တဲ့အဆင့် ရောက်သွားပါပြီ။ အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ ဒုတိယအကြိမ်မြောက် ကိုယ်ပိုင်ကားဖြစ်တဲ့ အိုပါယ် (Opel) ကားလေးတစ်စင်းရှိနေတော့ အဖေ့ဆီကို အပတ်စဉ်ကိုယ့်ကားနဲ့ကိုယ်သွားနိုင်တဲ့အပြင် အဖေ့ကိုလည်း သူမနလေးလိုက်ချင်တဲ့အခါ ကိုယ့်ကားလေးနဲ့ကိုယ်တိုင်မောင်းပြီး ခေါ်လာနိုင်တာပေါ့။ ဒီနေရာမှာ စကားစပ်လို့

ကျွန်တော်နဲ့ ကားအကြောင်း ပြောပြချင်ပါသေးတယ်။ ကျွန်တော် ဆရာဝန်ပေါက်စ မန္တလေးမှာ အလုပ်စ ဝင်တော့ မနက်ဆိုရင် စက်ဘီးတစ်စီးနဲ့ အိမ်ကနေ မနှလေးဆေးရုံကြီးကိုသွား၊ ဆေးရုံကနေ နေ့လည် စက်ဘီးလေးနဲ့ပဲပြန်လာ ထမင်းစား၊ ညနေရောက်တော့ ဒီစက်ဘီးနဲ့ပဲ ဘုရားကြီး ဆေးခန်းကို သွား။ အဲလို စက်ဘီးနဲ့ ကျွန်တော် သွားလာလှုပ်ရှားနေတာကို အမေအနေနဲ့ စိတ်ထဲမှာ တမျိုးကြီး ခံစားနေရ တယ်ထင်ပါရဲ့။ အမေတို့က တိုက်ပိုင်ကတော်၊ မင်းကတော်၊ ဂျစ်ကားကိုယ်တိုင် မောင်းခဲ့တာ။ ရန်ကုန်မှာ မင်းကြီးကတော်တွေနဲ့ အတူတူစား၊ အတူတူသွားနေလာခဲ့တာ။ အမေတို့ခေတ်က ဆရာဝန်ဆိုတာက လည်း နက်ကတိုင်နဲ့ ဘိုစတိုင်ဝတ်ပြီး ကားတဝီဝီနဲ့ သွားတာကို မြင်ခဲ့ရတဲ့ အမေ။ အခုရောက်တော့ ပင်စင်စား ရဲဝန်ထောက်သား၊ သူ့သား ဆရာဝန်ရောက်တော့မှ ဝမ်းတွင်းလုံချည် ခပ်နွမ်းနွမ်းဝတ်ပြီး စက်ဘီးအဟောင်းလေးနဲ့ဆေးရုံ သွားနေတာမြင်ရတော့ သူ့ရင်ထဲမှာ နင့်နေအောင် ခံစားရတာပေါ့။ "မင်းမလဲ ဆရာဝန်ဖြစ်ပြီး ကားလေး ဘာလေး စီးနိုင်အောင် လပ်ဦးလေ" လို့ ပြောရှာပါတယ်။ ကျွန်တော်ကတော့ စိုင်းခမ်းလိတ်ရဲ့ သီချင်းထဲကလိုပဲ "ဘီးကလေးကိုစီးပြီး ခြေဦးတည့်ရာ သွားမယ်၊ စကြာဝဠာ အနှံ့သွားမယ်" ဆိုပြီး ကိုယ့်ဖာသာစက်ဘီးစီး ကိုယ့်ဘဝနဲ့ကိုယ် ကျေနပ်ပြီး ပျော်နေတဲ့သူပါ။ ဒါပေမယ့် အမေ့စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆတာ ကျွန်တော် နားလည်ပြီး အမေ စိတ်ချမ်းသာဖို့ အမေအတွက်ဆိုတဲ့ စိတ်ဆန္ဒနဲ့ စက်ဘီးကနေ ကားအဆင့် ရောက်ချင်တဲ့ စိတ်တွေ ပေါ်လာပါတယ်။ အမေဟာ သားသမီးအတွက်ဆို သူ့စည်းစိမ် ပျက်ရင်ပျက်ပါစေ၊ ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်မယ့်သူပါ။ သူ ကျွန်တော့်ကို ကားစီးတာမြင်ချင်တယ်။ ဒါပေမယ် သူ့မှာ ကားဝယ်ပေးနိုင်တဲ့ အင်အားမရှိတော့ဘူး။ အဖေပင်စင်အယူ ကျွန်တော်တို့ ညီအစ်ကို (၃)ယောက် တက္ကသိုလ်ပြိုင်တူ ရောက်တော့ သား(၃)ယောက်ကို တကသိုလ်ထားလိုက်ရတာ သူ့တစ်သက်လုံး စုထားတဲ့ ဘိုးစဉ် ဘောင်ဆက် စိန်ရွှေရတနာ အတွင်းပစ္စည်းအကုန်လုံး ထုခွဲရောင်းချ ပြုတ်ပြုတ်ပြုန်းတော့တာပဲ။ ဘာဆို ဘာမှ မကျန်သလောက်ဖြစ်သွားတာ။ အဲလို အခြေအနေဖြစ်တော့ ကျွန်တော့်အတွက် အရမ်းကို ကားဝယ်ပေးချင်ပေမယ်လို့ အမေဝယ်မပေးနိုင်ရှာပါဘူး။ အဲဒါဟာ သူ့အတွက် အမြဲလို စိတ်သောက ရောက်စရာတစ်ခုဖြစ်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ဆရာဝန်ပေါက်စ မန္တလေးဆေးရုံကြီးမှာ အလုပ်ဝင်ပြီး ဘုရားကြီးတောင်ဖက်က ဦးပွားဘုရားနား ကျားကြီး (၂)ကောင်မှာ (အခု ကျားကြီး နှစ်ကောင်မရှိတော့ပါ) ဆေးခန်းလေးစဖွင့်တော့ တရိပ်ရိပ်နဲ့ တော်တော်လေး အောင်မြင်လာပါတယ်။ မန္တလေးဆေးရုံကြီးက ဖီဆီရှိသာရပ်စ(စ်) အကြောဆရာ ဦးအောင်ရွှေ (ကွယ်လွန်)နဲ့ တွဲပြီး ဆေးခန်း ဖင့်တာပါ။ ဆေးရုံက ပြန်လာ၊ မလွန်ဂျင်းတန်းကအိမ်မှာ ခနနားပြီး စက်ဘီးလေးစီးလို့ ဆေးခန်း သွားလိုက်ရင် လူနာတွေ တပုတခေါင်း၊ ချမ်းမြသာစည်၊ တောင်ရွာသစ်၊ ဂံရွာ၊ အဲဒါ ကျွန်တော့် ပရိသတ် လူနာတွေရဲ့ နယ်မြေတွေပဲ။ လူနာတွေကို ကြိတ်ကြိတ်တိုး။ တစ်နေ့ကို လူနာ (၁၀၀)ကျော်လောက်

ကြည့်ရတာ။ ဆေးခန်းနေရာကလည်း ဘုရားကြီးတိုက်ကြီးရဲ့ အလယ်ဗဟိုလောက်မှာဆိုတော့ လူပရသတ်တင်မကဘူး ဘုန်းကြီးလူနာတွေကလည်း အများကြီး၊ ကိုရင်၊ ရဟန်း၊ ကျောင်းထိုင်အဆင့် မျိုးစုံပဲ။ အဲလို ဆေးခန်းအောင်မြင်လာတော့ တစတစနဲ့ ကားဝယ်နိုင်မယ့် အခြေအနေ ရောက်လာပါ တယ်။ ကျွန်တော် ဆေးခန်းအဆင်ပြေလို့ ငွေစုမိတဲ့ အကြောင်းပြောရင်း စကားမစပ် ကျွန်တော့်ဆေးခန်း နဲ့ ပတ်သက်လ့ ထင်ရှားကျော်ကြားတဲ့ ဆရာတော်တစ်ပါးအကြောင်း ပြောပြချင်ပါသေးတယ်။ လွန်ခဲ့တဲ့ (၇)နှစ်လောက်က မန္တလေးရောက်တော့ ကျွန်တော့် မိတ်ဆွေတွေက မန္တလေးနန်းရှေ့ ရန်ကင်းတောင် သွားတဲ့လမ်းမှာ မြကျောက်ဆရာတော်ဆိုတာရှိတယ်။ အရမ်းနာမည်ကြီးတယ်၊ သူ့ကျောင်းထဲက စိမ့်ထွက်နေတဲ့ သဘာဝ စိမ့်စမ်းရေလ့လည်း ပုလင်းသွင်းပြီး မြကျောက်ရေဆိုပြီး ရောဂါဘယမျိုးစုံကင်းတဲ့ အန္တရာယ်ကင်း ပရိတ်ရေကို သုံးကြတယ်။ ကြုံကြိုက်တုန်း ဒီဆရာတော်ကို ဖူးဘူးအောင် လိုက်ဖူးပါဆိုလို့ ကျွနတော်လိုက်သွားပါတယ်။ မြကျောက်ဆရာတော် ကျောင်းလည်းရောက်ရော ကျောင်းဝိုင်းကြီးက အကျယ်ကြီး သုံးဧက ကျော်ကျော်လောက်ကို ရှိမယ်ထင်တာပဲ။ ဓမ္မာရုံကြီး၊ စာသင်တိုက်ကြီးတွေ ဟိန်းနေအောင် ဆောက်ထားတာတွေ့ရတော့ ဆရာတော်ရဲ့ တန်ခိုးအာနိသင် စွမ်းပကားဟာ အံ့မခန်း စရာပါလားလို့ တွေးမတယ်။ ဒါနဲ့ ဆရာတော်ကို ဖူးဖို့ဆိုပြီး မိတ်ဆွေတွေက လိုက်ပို့တာနဲ့ ဆရာတော် အခန်းထဲလည်းဝင်လိုက်ရော ခန့်ခန့်ကြီးထိုင်နေတဲ့ ဆရာတော်က ရုတ်တရက်ထပြီး ဝမ်းပမ်းတသာနဲ့ "ဒေါက်တာခင်မောင်ဝင်း" လို့ အော်လိုက်တော့ ဆရာတော်ကို ဖူးဖို့ စောင်နေတဲ့ပရိသတ်ကော၊ ကျွန်တော့်ကိုလိုကပို့တဲ့ မိတ်ဆွေတွေကော အရမ်းအံ့ဩသွားကြပါတယ်။ ကျွန်တော်လည်း ဆရာတော်ကို မြင်လိုက်တာနဲ့ ရုတ်တရက်မှတ်မိသွားပြီး "ကိုယ်တော်က မြကျောက် ဆရာတော်ဖြစ်နေတာကိုး" လို့ ကမြောကသော ပြောလိုက်မိပါတယ်။ တကယ်တော့ မြကျောက်ဆရာတော်ဟာ လွန်ခဲ့တဲ့ အနှစ်(၂၀)က ကျွန်တော့်ရဲ့ ဘုရားကြီး ကျားကြီးနှစ်ကောင်ဆေးခန်းမှာ ရင်ကြပ်လို့ အမြဲလာပြနေကြ၊ ဘိတ်က စာသင်သား ရဟန်းပျိုတစ်ပါးပါ။ အခုတော့ ကျွန်တော့်ရဲ့ ဘုရားကြီးဆေးခန်းက လူနာ ရဟန်းပျိုက မြကျောက်ဆရာတော်ဆိုပြီး အောင်မြင် ကျော်ကြား သာသနာပြုလုပ်ငန်းတွေကို အားပါးတရ ဆောင်ရွက် နေတဲ့ နာမည်ကြီးကိုယ်တော်တစပါး ဖြစ်နေတာကိုး။ နှစ်ပေါင်းများစွာ ကွဲနေပြီး အခုတော့ ဆရာတောက လည်း နာမည်ကြီး ဆရာတော်ဖြစ်၊ ကျွန်တော်ကလည်း အင်္ဂလန်ပြန်၊ ရန်ကုန်မှာ အသည်းအထူးကု ဆရာဝန်ကြီးအဖြစ်နဲ့ ပြန်တွေ့ကြရတော့ ဆရာတော်ဟာ သိပ်ပျော်သွားပြီး ရှေ့ဟောင်းနှောင်းဖြစ် စကားစမြည်တွေ အားရပါးရ ပြောချလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်ကိုးကွယ်ဖို့ ဘုရားတစ်ဆူလည်း ပေးလိုက်ပါသေးတယ်။ တော်တော်လေးကို မှတ်လောက်သားလောက် ဘုရားကြီးက ဆေးခန်းလေးပါ။ ကျွန်တော့်ဆေးခန်း အကြောင်း ဆက်ပြောရမယ် ဆိုရင် (၁၉၇၅)ခုနှစ် လောက်က ဆေးခန်းလေးဆိုတော့ စမ်းသပ်ခက လူကြီး (၅)ကျပ်၊ ကလေး(၃)ကျပ်ပဲ ယတာပါ။ ဒါမေယ့် အဲဒီတုန်းကပိုက်ဆံက တော်တော်

လေး တန်ဖိုးရှိတော့ ကျွန်တော့်ဝင်ငွေဟာ မဆိုးဘူးပေါ့။ တော်တော်လေး ဟုတ်တယ်လို့ ပြောရမှာပေါ့။ ပြီးတော့ တစ်ပတ်တစ်ခါ ဝမ်းတွင်းကို ပြန်ပြီး ဆေးခန်းဖွင့်တာလည်း တော်တော်လေး အဆင်ပြေတော့ ပိုက်ဆံအသင့်အတင့် စုဆောင်းမိလာတာပေါ့။ အမေ့ဆန္ဒပြည့်ဝဖို့ ကျွန်တော်ကားဝယ်နိုင်သလို ဖြစ်လာပါပြီ။ ကားဝယ်ဖို့ ဟိုမေး ဒီမေး၊ ဟိုကားကြည့် ဒီကားကြည့်နဲ့ ကားဇာတ်လမ်းစပြီပေါ့။ အဲလို ပိုက်ဆံလေး နည်းနည်းရှိလာတဲ့အချိန်မှာ တစ်နေ့ "ရန်ကုန်မှာလုပ်တဲ့ ဆရာဝန်အသင်း နှစ်ပတ်လည် ညီလာခံမှာ မင်း စာတမ်းဖတ်ရမယ်" ဆိုပြီး ကျွန်တော့်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က အမိန့်ချ လိုက်ပါတယ်။ ဒါနဲ့ ရန်ကုန်ကို ကျွန်တော်သွားရပါတယ်။ ရန်ကုန်ရောက်တော့ အစ်ကိုကြီး ဦးတင်နွယ်နဲ့ ဟိုသွား ဒီသွား သွားရင်း အစ်ကိုကြီးက "ဟိုဘက်အိမ်က ဥမာတို့ကားရောင်းမယ်ပြောတယ်ကွ၊ စျေးတန်တယ် နှစ်သောင်းလောက်နဲ့ သူတို့ကားရမယ်၊ မင်း ဝယ်ပါလား"လို့ ပြောပါတယ်။ ကျွန်တော် ကလည်း စုထားတဲ့ပိုက်ဆံလေးလည်းရှိ၊ ကားစီးချင်စိတ်ကလည်း တဖွားဖွားပေါ်နေတာဆိုတော့ ကားဝယ်ဖို့ တော်တော်ကို စိတ်ပါလာပါတယ်။ ဒါနဲ့ "ကျွန်တော်မှ ကားအကြောင်း နားမလည်တာ၊ ကိုကို ကြည့်လေ" လို့ပြောတော့ "ဘာမှမပူနဲ့၊ ငါ့ ဝပ်ရှော့ဆရာရှိတယ်၊ ဒီလ တော်တယ်ကွ။ ကားမှာတော့ အိတ်စ်ပတ်ပဲ။ ဥမ္မာတို့ ကားကို သူနဲ့ သေချာပြပြီး စစ်ခိုင်းပြီး ကြိုက်မှ ဝယ်တာပေါ့ကွာ" လို့ ပြန်ပြော တယ်။ အဲလိုနဲ့ မဥမ္မာတို့ရဲ့ ဘောက်ဆောကားအပြာကြီးကို ကျွန်တော့်တို့ ညီအစ်ကိုနှစ်ယောက် ကြည့်ကြပြီး စျေးဆိုင်ပါတယ်။ နောကဆုံး နှစ်သောင်းလောက်နဲ့ စျေးတည့်ပြီးတဲ့နောက် အစ်ကိုကြီးက သူ့ဝပ်ရှော့ ဆရာဆီကို ကားကြီးမောင်းသွားပြီး ပြပါတယ်။ ဝပ်ရှော့ဆရာက "ဒီဘောက်ဆောကားက သိပ်မဆိုးပါဘူး။ ဒါပေမယ့် ဘောက်ဆောတွေဟာ စက်ကင်းဂီယာပင်နယန် ကြွေတတ်တယ်။ ပင်နယန် ကြွေသွားလည်း ဂဟေပြန်ဆော်လို့တော့ ရပါတယ်လေ။ ဒီစျေးနဲ့ ဒီကားရတာ မဆိုးပါဘူး၊ တန်ပါတယ်၊ ဝယ်လိုက်ပါ" ဆိုတာနဲ့ ငွေချေပြီး ကားဝယ်ဖြစ်သွားပါတယ်။ ကိုယ့်ကိုယ်ကိုလည်း တော်တော်လေး ဂုဏ်ယူမိ ပါတယ်။ အမေ့ကိုလည်း "ကျွန်တော် ကားစီးနိုင်တဲ့ ဆရာဝန်ဖြစ်သွားပြီ၊" လို့ပြေးပြီး ပြောလိုက်ချင်တဲ့ စိတ်တွေဝင်လာပါတယ်။ ဒါနဲ့ပဲ ကိုယ်ပိုင်မော်တော်ကားကြီးနဲ့ ရန်ကုန်ကနေ မန္တလေးကို မောင်းသွားဖို့ ပြင်ဆင်ကြတာပေါ့။ ဘောက်ဆောကားကို ဝယ်လိုက်ရပေမယ့် "ဘောက်ဆောလည်းမစီးနဲ့၊ သောက်ပြောလည်း မကြီးနဲ့" ဆိုတဲ့ ပြောနေကြစကားကိုတော့ သတိရမိပါတယ်။ ဘောက်ဆောကားတွေ ဒုက္ခပေးနိုင်တဲ့အကြောင်း၊ ပျက်တဲ့အကြောင်း အမေတို့ခေတ်က လူတွေပြောနေကြစကားပါ။ ဒီလို အဖေတို့ အမေတို့ ဘောက်ဆောကားအတွက်သတိပေး ပြောလေ့ရှိပေမယ့်လည်း အစ်ကိုကြီးရဲ့ ကားဝယ်ဖို့ ပြောစကား၊ မဥမာတို့ရဲ့ သူတို့ကားအကြောင်း အမှန်းစကား၊ အစ်ကိုကြီးရဲ့ ဝပ်ရှော့ဆရာ ထောက်ခံချက်တွေကြောင့် ကျွန်တော် ဆရာဝန်ပေါက်စတော့ အကျေနပ်ကြီး ကျေနပ်ပြီး ဘောက်ဆော

ကားကို ဝယ်လိုက်မိပါပြီ။ ဘယ်သူတွေ ဘာပြောပြော ကိုယ့်ကား ပထမဆုံးကိုယ်ပိုင်ကားဆိုတာကို ဟိုဘက်ကလှည့်ကြည့် ဒီဘက်ကလှည့်ကြည့် အမျိုးမျိုးကြည့်ပြီး တော်တော်လေး ကြည်နူးမိပါတယ်။ ရန်ကုန်မြို့ တမြို့လုံး ဘောက်ဆောကား အပြာကြီးနဲ့ ဟိုသွား ဒသွား ကားစက်သံကလည်းညက်၊ ရန်ကုန်ကလမ်းတွေကလည်း ကောင်းတော့ စီးရတာလည်း ငြိမ်လို့။ အဖေတို့ အမေတို့များ စီးလိုက်ရရင် ဘယ်လောက်များ သဘောကျကြိုက်ကြမလဲလို့တွေးပြီး ပီတိတွေ ရင်ထဲမှာအပြည့်။ ပြီးတော့ အမေ့ဆန္ဒ ဖြစ်တဲ့ သူ့သားဆရာဝန် ကားစီးတာကိုလည်း အမေမြင်စေချင်လှပြီ။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ရယ် အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်မှာ ဥပဒေဘွဲ့တက်နေတဲ့ ညီဝမ်းကွဲ မောင်သန်းနိုင် (ယခု ဥပဒေအရာရှိ အဆင့် (၃) မဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်)ရယ်၊ သုံးယောက်သား ရန်ကုန်မန္တလေး ခရီးရှည်ကြီးသွားဖို့ ဘောက်ဆောကားကို ဝပ်ရှော့မှာသွားပြီး final check တွေလုပ်၊ ကားတာယာတွေ လေညှိ၊ ဆီ၊ ရေ၊ လေ၊ မီး သတိပြုဆိုတဲ့ တောက ဘတ်စ်ကားတွေပေါ်မှာ ရေးထားတဲ့ဆောင်ပုဒ်အတိုင်း အင်ဂျင်ဝိုင်လဲ၊ ရေတိုင်ကီစစ်၊ မီးသံမှန်မမှန် ဝပ်ရှော့ဆရာကို အကြိမ်ကြိမ် ပြ၊ အကြိမ်ကြိမ်စစ်။ အာကာသယာဉ်လွှတ်ဖို့ ပြင်ဆင်တာထက်တောင်ပိုပြီး အသေးစပ်သေးတယ်။ ဟိုလူက ဟိုလိုပြော၊ စစ်လိုက်ပြန်၊ နောက်မိတ်ဆွေတစ်ယောက်က ဟင်းဝေးသွားတယ်ဆိုတာ ဘာလုပ်ရတယ်ပြော၊ လုပ်လိုက်ပြန်၊ ရန်ကုန်ကနေ မန္တလေးသွားဖို့ စိတ်ကူး စီစဉ်ရတာ လကမ္ဘာသွားတာထက်တောင် ပိုပြီး စွန့်စားရတယ်လို့ စိတ်ထဲမှာ ခံစားမိတယ်။ ကျွန်တော် စဉ်းစားထားတာကတော့ ရန်ကုန်က မနကအစော ထွက်၊ အမေရဲ့ ဝမ်းတွင်းတိုက်ရှေ့ကို ညနေရောက်၊ အဲတော့ ညနေစောင်း ဝမ်းတွင်းမြို့ လူစုံချိန်မှာ တိုက်ရှေ့ကဖြတ်သွား ဖြတ်လာ လူအားလုံးကို အမေက "ငါ့သားဆရာဝန် ကားလေ" ဆိုပြီး ကြွားနိုင်အောင် ဘောက်ဆောကားအပြာကြီးကို ခန့်ခန့်ကြီး အမေ့တိုက်ရှေ့မှာ ထိုးရပ်ထားလိုက်မယ်။ အတွေးတွေ စိတ်ကူးတွေကတော့ ရှယ်မှရှယ်ပဲ။ တယ်လီဖုန်းဆိုတာ အရမ်းခက် ခဲတဲ့ခေတ်ကြီးမှာကို ကြိုးစားပမ်းစားနဲ့ ဝမ်းတွင်းအိတ်ချိန်းကို လှမ်းပြီး ဖုန်းဆက်၊ ဂတ်အနောက်ဖက်က ဒေါ်ခင်ခင်ကို ပြောပေးပါ၊ ဒေါက်တာခင်မောင်ဝင်း ကားဝယ်ပြီး . . . . . နေ့ မနက်မှာ ရန်ကုနက ထွက်လာပါမယ်၊ အဲဒီနေ့ညနေ ဝမ်းတွင်းရောက်မှာပါ၊ ညစာပြင်ထားပါပေါ့။ အမေကြိုပြီး ပျော်နှင့်အောင် အကြောင်းကြား ထားလိုက်တယ်။ စိတ်ထဲမှာလည်း တကယ့်ကို ကြည်နူးမိတယ်။ ငါ့ကို သိပ်ချစ်တဲ့အမေ၊ ငါလည်း သိပ်ချစ်တဲ့ အမေ။ သူ ငါ့ကို ကားစီးနိုင်စေချင်တဲ့ဆန္ဒကို ငါဖြည့်ဆည်းနိုင်ပြီ။ ပြီးတော့ ငါဟာ ငါတို့အမျိုးထဲမှာ ပထမဆုံး ကိုယ်ပိုင်ကားဝယ်စီးနိုင်တဲ့သူဖြစ်ပြီ။ အမေဘယ်လောက်များ ဂုဏ်ယူလိုက်မလဲ၊ ဘာအကြောင်း ပဲတွေးလိုက်တွေးလိုက် ဒီကားအကြောင်းပဲ စိတ်က ရောက်သွားပြန်တယ်။ ကားနဲ့အမေ၊ အမေနဲ့ကား၊ ကျွန်တော့်ခေါင်းထဲမှာ လုံးလည်ချာလည်လိုက်နေပါတယ်။ ကျွန်တော် သုံးသပ်မိတာကတော့ ဘောက်ဆောကားကြီးစီးပြီး ဝမ်းတွင်းကို ရောက်ချင်လှပြီ၊ အိပ်တောင် မပျော်ဘူး

ဆိုတာဟာ အမေ့အတွက် စိတ်ဆန္ဒတွေပါ။ အမေ့ကို သိပ်ပြီး စိတ်ချမ်းသာစေချင်တယ်။ အမေပျော်ပြီး နေတာကို မြင်ချင်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ ရင်ထဲက တကယ့်ကို လှိုက်လှိုက်လဲ့လ ခံစားရချက်တွေပါ။ မိဘက သားသမီးအတွက်ဆို လုပ်နိုင်၊ မလုပ်နိုင်တာ မတွေးဘူး၊ အကုန်လုပ်ပေးချင်သလို သားသမီးတွေ ကလည်း မိဘအတွက်ဆို ဘာမဆို ဘာမှမတွက်ဘဲ အားလုံးလုပ်ပေးချင်တယ်ဆိုတာဟာ အမြဲထိန်းသိမ်း ထားရမယ့် သိပ်ကိုကောင်းတဲ့ မိဘ၊ သားသမီး မေတ္တာရောင်ပြန် မြန်မာဓလေ့၊ မြန်မာစရိုက်၊ မြန်မာစိတ်ဓါတ်တွေပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အမေ

၂၆-၂-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၄)

ရန်ကုန်မှာ ဝယ်လိုက်တဲ့ ကျွန်တော့်ရဲ့ ပထမဆုံးကိုယ်ပိုင် ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေး ခရီးရှည်ကြီး စခဲ့ပါတယ်။ အစ်ကိုကြီး ဦးတင်နွယ်၊ ညီဝမ်းကွဲ မောင်သန်းနိုင်နဲ့ အစ်ကိုကြီးရဲ့ ဝပ်ရှော့က ထည့်ပေးလိုက်တ စက်ပြင်မက်ကင်းနစ်ရယ် ကျွန်တော်ရယ် စုစုပေါင်း လေးယောက်သား စားစရာ သောက်စရာ ရိက္ခာအပြည့်အစုံနဲ့ မနက် (၇း၀၀)နာရီလောက်မှာ ရန်ကုန်က စထွက်ခဲ့ပါတယ်။ ကားမထွက်ခင် တစ်ရက်ကြိုပြီး ဝမ်းတွင်းက အမေ့ကို ဖုန်းဆက်လိုက်ပါသေးတယ်။ "အမေကျန်တော်တို့ ဘောက်ဆောကားကြီးနဲ့ ရန်ကုန်က မနက် ထွက်လာပြီး၊ ညနေလောက် ဝမ်းတွင်း ရောက်မှာ၊ အမေချက်တဲ့ ဝက်အူမကြီးဟင်းက စားလို့ သိပ်ကောင်းလို့ သတိရနေတာ၊ အဲဒါ ချက်ထားနော်။ ပြီးတော့ ခါတိုင်း အမေလုပ်နေကြ အမဲသား အတုံးလိုက်ကြီးကို ရို့စ် (Roast) လပ်တာလည်း စားချင်တယ်။ ကျွန်တော်ကြိုက်တဲ့ မုန်လာဥချဉ်ရည်လေးလည်း လုပ်ထားဦး။ လက္ခယ်ရက်ဆိုရင် ဝမ်းတွင်းဈေးထဲမှာ ဂျိုးတို့၊ ခါတို့ရတတ်တယ်၊ ရရင်ဝယ်ထားနော်၊ ပဒတ်လေး၊ ပွေးလေးပါရရင်တော့ ရှယ်ပဲ" အဲလို ကိုယ်ကြိုက်တဲ့ အညာဓလေ့ စားစရာလေးတွေရယ် အမေ့လက်ရာဟင်းလျာတွေရယ်ကို တသီကြီးအားရပါးရ ဖုန်းဆက်မှာထားတာဆိုတော့ ရန်ကုန်ကနေ ကားဘီး စလိမ့်ကတည်းက ညနေဝမ်းတွင်းရောက်ရင်တော့ တဝကြီးစားလိုက်မယ်ဆိုတဲ့ အတွေးက ဖျောက်လို့မရ။ ဒီတစ်ခါ အမေ့အိမ်ကိုပြန်ရတာ စိတ်လှုပ်ရှားစရာပါ။ ကိုယ်ကြိုက်တာတွေ အားရပါးရ စားလိုက်မယ် ဆိုတာထက် အရမ်းကို စိတ်ထဲမှာ ကျွန်တော်မျှော်လင့်ခံစားနေရတာက "သူ့သား ဆရာဝန်" ဝယ်လာတဲ့ ကားကို မြင်လိုက်ရရင် "ဒို့အမျိုးတွေထဲမှာ ပထမဆုံး ကားဝယ်နိုင်တာ ငါ့သားပဲ"လို့ တွေးပြီး အမေဘယ်လောက်များ ပျော်သွားမလဲ၊ ကြည်နူးသွားမလဲဆိုတဲ့အမေ့အတွက် အတွေးတွေပါ။ ကျွန်တော့်ကားကို မြင်ပြီး အမေ့ရဲ့ စိတ်ထဲမှာ ဖြစ်လာမယ့် ပီတိကို တွေးပြီး ကျွန်တော်က ပီတိတွေ တဖြည်းဖြည်း ထပ်ဖားနေပါတယ်။ အမေ့ပီတိကို ကျွန်တော့်ပီတိက ထပ်နေတဲ့ သဘောပေါ့။ သားသမီး၊ မိဘ အပြန်အလှန်မေတ္တာဟာ ဘာနဲ့မှ နှိုင်းယှဉ်လို့၊ တိုင်းတာလို့ မရနိုင်ပါဘူးဆိုတာကို အထူး သဘောပေါက်လာပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက်ခင်မင်တွယ်တာမှု မေတာ္နှောင်ကြိုးရဲ့ အံ့မခမ်းစွမ်းအားတွေကိုလည်း တဖြည်းဖြည်း နားလည်လာပါတယ်။ ကျွန်တော် နိုင်ငံခြားက ပြန်လာတဲ့ အခါ လေယာဉ်ပေါ်မှာ လူပေါင်းစုံကိုလေ့လာကြည့်တယ်ဆိုရင် အဲလို အမျိုးအဆွေ၊ ဇနီး၊ ခင်ပွန်း၊

သားသမီးတွေကြားမှာ ရှိကြတဲ့ မေတ္တာရေးရာ သံယောဇဉ်တရားတွေရဲ့ သဘောသဘာဝကို သိသိသာသာ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ ဘယ်လိုလဲဆိုတာကို ပြောပြပါမယ်။ အဲဒီလူတွေကို ကြည့်လိုက်ရင် ကမာ့နိုင်ငံအနှံ့အပြားကနေ အကြောင်းမျိုးစုံနဲ့ မြန်မာပြည်ကို ပြန်လာကြတဲ့သူတွေ ဖြစ်တယ် ဆိုတာတွေ့ရပါတယ်။ လက်ထဲမှာလည်း ပစည်းမျိုးစုံ ဆွဲလို့။ မဂလာဒုံလေဆိပ်ရောက်ရင် တွေ့ရမယ့် မိဘ၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို၊ မောင်နှမတွေကို စိတ်ထဲမှာ အတွေးရောင်စုံကွန့်မြူး ခံစားပြီး စိတ်ကူးတွေအပြည့်နဲ့ဆိုတော့ လေယာဉ်တစ်စင်းလုံးမှာ အတွေးတွေပျံ့ပြီး ငြိမ်နေသလို ထင်ရပါတယ်။ လေယာဉ်ပေါ်ကကျွေးတဲ့ အစားတွေလည်း မစားနိုင်၊ ကိုယ့်ရင်မှာ ချစ်ရ၊ ခင်ရ၊ မြတ်နိုးရသူတွေကို တွေ့ချင်ဇောက ကပ်နေကြပြီး နိုင်ငံခြားကဝယ်လာတဲ့ ပါလာတဲ့ ပစ္စည်းတွေကိုလည်း ချစ်သူခင်သူတွေကို ပြချင်ပေးချင်လှပြီ။ သူတို့လိုပဲ ကျွန်တော်နိုင်ငံခြားသွားရင်လည်း အမေ့အတွက် ပစ္စည်းတစ်ခုခုပါအောင် အမြဲဝယ်လာပါတယ်။ နိုင်ငံခြားပြန် လက်ဆောင်ပစ္စည်းတစ်ခုခု အမေ့ကို ပေးလိုက်ရင် အမေက အိမ်နီးနားချင်းတွေ၊ ဧည့်သည်တွေလာတိုင်း အဲဒီပစ္စည်းကို ပြပြပြီး "သား နိုင်ငံခြားက ဝယ်လာတာလေ" ဆိုပြီး ကြွားတတ်ပါတယ်။ ကြွားတယ်ဆိုတာထက် သားက သူ့အတွက် ဂရုတစိုက် နိုင်ငံခြားက ဝယ်လာတယ်ဆိုတာကို ဂုဏ်ယူတာပါ။ တစ်ခါက ပြင်သစ်ကအပြန် အမေ့အတွက် အီတလီနိုင်ငံမှာ လုပ်သည်ဆိုတဲ့ စာတန်း တံဆိပ်လေးပါတဲ့ ဆွယ်တာလေး တစ်ထည်ဝယ်လာခဲ့ပါတယ်။ အမေဟာ အဲဒီဆွယ်တာလေးကို သေချာသိမ်းထားပြီး ဝမ်းတွင်းမြို့က မြတ်စောညီနောင်ဘုရားပွဲတို့၊ သိမ်တောင်က ဆွမ်းလောင်းပွဲတို့လို လူစုံတဲ့ ပွဲလမ်း ရောက်ရင် ဆွယ်တာလေးထုတ်ဝတ်ပြီး "မောင်ခင်မောင်ဝင်း ပြင်သစ်က ဝယ်လာတဲ့ ဆွယ်တာလေ။ အတလီလုပ်လေ ကြည့်ပါဦး made in Italy ဆိုတဲ့ တံဆိပ်ပါတယ်" ဆိုပြီး ဆွယ်တာအကျီလေးကို ဂုတ်နောက်နားလေးကနေ မပြီး အီတလီစာတန်းကို ပြရတာအမော။ အဲလို အမေ့အကြောင်းသိလို့ နိုင်ငံခြားသွားရင် ရောက်တာနဲ့ အမေ့အတွက် ပစည်းတစ်ခုခုဝယ်ရတယ်။ နိုင်ငံခြားက ရန်ကုန်ကို ပြန်ခါနီးလေ ပိုပြီးပြန်ချင်လေပဲ။ လေယာဉ်စီးလာရင်လည်း ရောက်ချင်လှပြီး လေဆိပ်မှာ ကြိုနေတဲ့ အမေ့ကို ပြေးတွေးပြီး ပစည်း ပေးချင်လှပြီ။ အမေကလည်း ကျွန်တော် နိုင်ငံခြားသွားပြီး ပြန်လာတဲ့အခါတိုင်း သူကိုယ်တိုင် လေဆိပ်ကို လိုက်ကြိုဖြစ်အောင် ကြိုတယ်။ လေဆိပ်သွားကြိုမယ်ဆိုရင် အကျအန ဝတ်တော့တာပဲ။ ပါတိတ်လုံချည် ဝတ်မလားလို့ ပြောရင် "ဟဲ့ ပါတိတ်လုံချည်ကြီးနဲ့ လေဆိပ်သွားလို့ ဖြစ်ပါ့မလား၊ ဒီကောင် ဟိုတစ်ခေါက် ဂျပန်က ပြန်လာတုန်းက ဝယ်လာတဲ့ ကီမိုနိုလုံချည်ကို ထုတ်ပေး။ အဲဒါဝတ်သွားမှ သူဝယ်ပေးတာကို ငါ ဝတ်ထားတာ မြင်မှာပေါ့။ ပြီးတော့ အကျီက မောင်တင်လွင် အိန္ဒယားက ပြန်လာတုန်းက ပါလာတဲ့ ရှဲသား နံ့သာရောင်လေး ထုတ်။ ဆွယ်တာလေးတော့ ဝတ်သွားဦးမှ၊ လေဆိပ်က အရမ်းအေးတာ။ ငါ့ကို အီတလီဆွယ်တာလေးပဲ ပေးပါဟယ်" အဲလို သားသမီးတွေ နိုင်ငံခြားက ဝယ်လာတဲ့၊ ပါလာတဲ့

ပစ္စည်းမျိုးစုံထတ်ပြီးတော့မှ မိတ်ကပ်အဖွေးသားနဲ့ ငါးသုံးလုံး စီးကရက်လေး ကိုင်ပြီး စတိုင်အပြည့်နဲ့ လေဆိပ်ကို ဆင်းတော့တာပဲ။ အဲလိုတွေ အမေလုပ်တတ်မှန်း သိလို့ စဉ်းစားမိလို့ နိုင်ငံခြားသွားတိုင်း အပြန်မှာ အမေတော့ စောင့်နေမှာပဲဆိုပြီး အမေနဲ့တွေ့ဖို့ ရင်ခုန်ရတယ်လေ။ ပြီးတော့ ကျွန်တော် နိုင်ငံခြားက ပြန်လာမယ်ဆိုရင် အိမ်မှာ ပွဲကြီးပွဲငယ် အပြည့်နဲ့ ထမင်းစားပွဲကြီး ပြင်ထားတာ။ သူကိုယ်တိုင်ဦးစီး စီစဉ်ပြီးတော့ ဘယ်ဟာ ဘယ်လိုချက်၊ "ခင်မောင်ဝင်းက ဒီလိုလုပ်မှ ကြိုက်တာ။ ဒီကောင် ဘာကြိုက်တယ်ဆိုတာ ငါ အသိဆုံး" ဆိုပြီး ဘုန်းကြီးပွဲ ရှုံးလောက်တဲ့ ဟင်းမျိုးစုံကို ချက်ထားတတ်ပါတယ်။ ဒါကြောင့် လေယာဉ်ပေါ်က ဆင်းလာရင် အမေနဲ့တွေ့ဖို့ အမေ့ဖို့ ဘာပစ္စည်းပါတယ်ဆိုတာ ပြောဖို့၊ အိမ်ရောက်ရင် သေတ္တာအမြန်ဆုံး ဖွင့်၊ အမေ့လက်ထဲကို နိုင်ငံခြားပြန်လက်ဆောင် တစ်ခါတည်း ထည့်လိုက်ဖို့၊ ပြီးတာနဲ့ အမေချက်ထားတဲ့ ထမင်းဝင်းကြီးမှာ တစ်ခါထဲ ထိုင်ချလိုက်ပြီး စားလိုက်ဖို့ စတဲ့ "ဖို့" ပေါင်းများစွာကို တွေးပြီး စိတ်လှုပ်ရှားရတာ။ အမေကလည်း ကျွန်တော် ထမင်းစားနေတ အနားလာပြီး "ဒီဟင်းက မင်းကြိုက်တတ်လို့" ဘယ်လို ချက်ထားတာ။ ဟိုဟင်းက ခါတင်း ဝမ်းတွင်းမှာ ချက်သလိုပဲလေ စတဲ့ သူကိုယ်တိုင် ပြင်ဆင်ထားတဲ့ ထမင်းဟင်းဝိုင်းကြီးရဲ့ ဦကာကို ဖွင့်တော့တာပါပဲ။ ပြီးတော့ အမေဟာ ကျွန်တော်တို့ သားသမီးတွေ အပေါ် စိုးရိမ်စတ် သိပ်ကို များတတ်တဲ့သူဆိုတော့ ကျွန်တော် အနားရပ်ပြီး "ငါးဟင်းစားတာ အရိုးကြည့်စား၊ မင်းက အရိုး မက်တတ်ပါဘိနဲ့၊ နောက်ပြီး အစပ်တွေ သိပ်မစားနဲ့၊ မင်းအစပ်စားပြီးရင် နှာတွေ ချေတတ်တယ်လေ" အဲလို ဘေးကနေ တတတ်တွတ် သတိပေးနေတတ်ပါတယ်။ သူ့စိတ်ထဲမှာ ကျွန်တော့်ကို ကလေးလေးလိုပဲ မြင်နေပါသေးတယ်။ ကျွန်တော် အငယ်တုန်းက ငါးရိုးမျက်ပြီး တော်တော်လေး ဖြစ်လိုက်တုန်းကဆိုရင် အမေဟာ မျက်လုံးပြူးမျက်ဆံပြူး ပြောင်းဆန်နေတာပဲ။ ပြီးတော့ သားသမီးတွေ နေမကောင်းတစ်ခုခုဖြစ်လိုက်ရင် ပြောလေ့ရှိတဲ့ အမေ့ရဲ့ လက်စွဲစကားက "မင်းဖြစ်မယ့် အစား ငါပဲဖြစ်လိုက်ချင်တော့တယ်" တဲ့။ ဒီလို ပြောတာဟာအမေ ကြုံသလို လွယ်လွယ်ပြောလိုက်တာ မဟုတ်ဘဲ တကယ်ကို သူ့ရင်ထဲမှာ ခံစားရလို့ ပြောတာပါ။ ဒုကနဲ့ ဝေဒနာတွေ မှန်သမျှကို သားသမီးတွေဆီ မရောက်စေချင်ဘဲ သူပဲ ခါးစည်းခံလိုက်ပြီး သုခနဲ့ သာယာမှုတွေကိုသာ ကျွန်တော်တို့ကို အမေပေးချင်တာပါ။ ဒါတွေကို သိလို့လည်း အမေအပေါ်မှာ ကြီးမားတဲ့ သံယောဇဉ်နဲ့ မေတာတွေ ပိုပိုလို့ထားမိတာပါ။ မိဘ သားသမီးကြားမှာ ရှိကြတဲ့ တွယ်တာမှုတွေရဲ့ သဘောတရားတွေကို ပြောပြနေတာပါ။ ခုနကပြောခဲ့တဲ့ ချစ်သူ ခင်သူတွေအတွက် တွေ့ချင် ပေးချင်တဲ့ ပစ္စည်းမျိုးစုံသယ်လာတဲ့ လေယာဉ်ပေါ်က လူတွေအကြောင်းကို ပြန်စဉ်းစားမိလိုက်တော့ ဩော် ငါလည်း အခုဒီလိုပါပဲလား၊ ငါရဲ့ ဘောက်ဆောကားကို အမေမြင်ပြီး အမေ သိပ်ကို ပျော်သွားစေချင်တယ်ဆိုတဲ့

ငါ့ရဲ့ ဆန္ဒက ပြင်းပြလွန်းလှပါလားလို့ တွေးမိတယ်။ လူတွေရဲ့ မေတာတရားဟာ အရမ်းအံ့ဩဖို့ကောင်းလောက် အောင်ကို ကြီးမားလွန်း လှပါတယ်ဆိုတာကို သိသထက်သိလာပါတယ်။ ဒီကိစန့် ပတ်သက်လို့ အမေ့ပေါ်မှာထားတဲ့ ကျွန်တော့်ရဲ့ စေတနာ၊ မေတ္တာသံယောဇဉ်အကြောင်းကို ထပ်ပြောပြချင်ပါ သေးတယ်။ ကျွန်တော် အင်္ဂလန်ကို ပညာသင်သွားခါနီးမှာ ဖခင်ကြီး ဆုံးသွားပါတယ်။ အဲတော့ ကျွန်တော့်မှာ မြတ်နိုးကိုးကွယ်ရာဆိုလို့ အမေပဲ ကျန်ခဲ့ပါတယ်။ မတတ်သာလို့သာ ပညာသင်ဖို့ ယူကေကို ထွက်ခဲ့ရတယ်၊ အမေ့ကို ထားခဲ့ရတာ စိုးရိမ်စိတ်က အပြည့်။ နိုင်ငံခြားကို ထွက်လာခဲ့ရပေမယ်လို့ စိတ်ထဲမှာတော့ အမေ့အတွက် လုံးဝမဖြောင့်ဘူး။ ဒီလိုနဲ့ ယူကေကို ရောက်ပြီး (၆)လ လောက်အကြာ တစ်နေ့မှာ အစ်ကိုကြီး ဦးတင်နွယ်က ကျွန်တော့်ဆီကို ဖုန်းဆက်ပါတယ်။ "ခင်မောင်ဝင်း မင်းစိတ်ခိုင်ခိုင်ထားပါ၊ ပြောစရာရှိတယ်" တဲ့။ ထွက်လာခါနီး အဖေက ဆုံးထားတယ်၊ ပြီးတော့ အမေကလည်း ချောင်းလေးက တဟွတ်ဟတ်နဲ့ဆိုတော့ ကျွန်တော့်စိတ်ထဲမှာတော့ သွားပြီ၊ အမေတော့ ဆုံးပြီလို့ တွေးလိုက်မိတယ်။ ဒါနဲ့ ကျွန်တော်က "ပြောပါကိုကို၊ ကျွန်တော် နားထောင်နေပါတယ်" ဆိုတော့ အစ်ကိုကြီးက တစ်ခါထဲ မပြောရက်ဖး ထင်ပါရဲ့။ "မင်းစိတ်ခိုင်ပါစေနော်" ဆိုပြီး စိတ်အားမငယ်ဖို့ တစ်ခါထပ်ပြောတော့ ကျွန်တော်က ထပ်တွေးလိုက်ပါတယ်။ သေချာပါပြီ၊ အမေနှယ် ဘယ်လိုမျှားဖြစ်သွားတာလဲ ဆိုပြီး ကျွန်တော့်စိတ်မှာ တော်တော်လေးကို ထိခိုက်သွားပါတယ်။ ဒါနဲ့ နောက်ဆုံး ကျွန်တော်က "ပြောပါကိုကိုရယ်" ဆိုတော့မှ အစ်ကိုကြီးက "မန္တလေးက မင်းအိမ် မီးထဲပါသွားတယ်၊ ဘာမှကို မရလိုက်ဘူး၊ အတွင်းပစ္စည်း နည်းနည်းပါးပါးနဲ့ ကားပဲ ရလိုက်တယ်။ ခင်လေးရီနဲ့ မင်သမီးတွေတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဖြစ်နေတာ။ နန်းတွင်းက မောင်တင့်လွင် (အဲဒီတုန်းကဆက်သွယ်ရေးတပ်က ဗိုလ်ကြီး၊ ညီအငယ်) တပ်က တပ်မှူးဗိုလ်မှူးမောင်ကြီးက သူတို့ကို ခေါ်ထားပြီး အိမ်တစ်လုံးနဲ့ ကားတစ်စီး ပေးထားတယ်" ဆိုပြီး ကျွန်တော့်အိမ်နဲ့ ပစ္စည်းအားလုံး မီးထပါသွားပြီ၊ မင်းကိုယ်ပိုင်ပစ္စည်း ဘာမှ မကျန်ခဲ့ဘူးဆိုတဲ့ အချက်အလက်တွေ အကုန်ပါသွားအောင် စကားအရှည်ကြီးနဲ့ တစ်ခါတည်းရှင်းပြီး ပြောပြလိုက်ပါတယ်။ ကျွန်တော်ကတော့ အစ်ကိုကြီး ပြောနေတာတွေထဲက နောက်ပိုင်းပြောတာတွေကို မကြားရသလောက်ပါပဲ။ ဘာလို့လဆိုတော့ ပထမပိုင်း သူ့စကားစလိုက်ပြီး "မင်းအိမ် မီးထဲပါသွားပြီ" ဆိုကတည်းက ပျော်လိုက်တာမှ ပျော်လိုက်တာ။ ဘာလို့လဲ ဆိုတော့ ကိုယ်က ဖုန်းလာကတည်းက အမေဆုံးပြီလို့ တွက်ထားတာ။ အခုတော့ အစ်ကိုကြီး ဖုန်းဆက်တဲ့ ကိစ္စဟာ အမေအကြောင်းမဟုတ်ဘဲ ကျွန်တော့်အိမ် မီးလောင်သွားတဲ့ ကိစ္စဖြစ်နေတော့ အရမ်းကို၊ သိပကို ဝမ်းသာသွားတာပေါ့။ အိမ်နဲ့ပစ္စည်းအားလုံး မီးထဲပါသွားတာကို အရေးကြီးတဲ့ ပြဿနာတစ်ခုလို့ လုံးဝ မစဉ်းစားမိ၊ ဝမ်းမနည်းမိ၊ တွေးရကောင်းမှန်းတောင် မသိဘူး။ ပြောရမယ်ဆိုရင်တော့

ကျွန်တော့်ဘဝမှာ အမေဟာ အဓိကပဲ။ ပစ္စည်းဆိုတာ သခ်ၤါရပဲ။ ဘာမှ တပ်မက်မောတွယ်တာနေစရာ မလိုဘူး။ ကိုယ်ကန္ဓားလှည်းလည်း စီးဖူးတယ်၊ ကျောက်ကားပေါ် ထိုင်ပြီးလည်း ခရီးသွားဘးတယ်။ ဆရာဝန်ဘဝကို စက်ဘီးအစုတ်တစ်စီးနဲ့ စခဲ့တာ။ အိမ်တို့ ကားတို့ ဆိုတဲ့ အဆောင်အယောင် ပစည်းတွေဟာ အခြိန်မရွေး ပြန်ရှာလို့ရတဲ့ဟာတွေပါ။ အမေနဲ့ နှိုင်းယှဉ်လိုက်တော့ လောကကြီးမှာ ဘယ်ဟာမှ တန်ဖိုးမရှိတော့ပါဘူး။ နဂိုကကျွန်တော် ကိုယ့်ဖာသာ ကိုယ်တောင် သဘောပေါက်မထားတဲ့ အမေ့အပေါ်မှာထားတဲ့ ကျွန်တော်ရဲ့ မေတ္တာ၊ စေတနာ၊ သံယောဇဉ်တွေ ဘယ်လောက်ကြီးမားတယ် ဆိုတာဟာ ဒီလို ကျွန်တော့်အိမ်မီးလောင်တဲ့ ကိစ္စမှာ သိပ်ကို ပေါ်လွင်သွားပါတယ်။ ကျွန်တော့်အတွက် လောကကြီးတစ်ခုလုံးမှာ အမေဟာ တန်ဖိုးအရှိဆုံး အရာ၊ အနှိုင်းမဲ့ပါ။ အမေ့ကို ကျွန်တော် ဘယ်လောက်ချစ်တယ် ဘယ်လောက်မြတ်နိုးတယ်ဆိုတာကို ကျွန်တော့် ပတ်ဝန်းကျင်၊ ကျွန်တော့် သူငယ်ချင်းတွေတောင် နားလည်မှာမဟုတ်ပါဘူး။ အဲဒါကို ပြောပြရပါဦးမယ်။ အစ်ကိုကြီးဆီက ကျွန်တော့် အိမ် မီးထဲ ပါသွားပြီဆိုတဲ့ ဖုန်းလာပြီး တစ်ပတ်လောက် အကြာမှာ ကျွန်တော်တို့နဲ့အတူ အိုးအိမ်ဦးစီးဌာနကနေ ယူကေကို ပညာတော်သင်လာနေတဲ့ ကိုအောင်မြင့်နဲ့ လမ်းမှာတွေ့ပါတယ်။ သူက "ကိုခင်မောင်ဝင်း ကျွန်တော်လည်း စိတ်မကောင်းပါဘူးဗျာ" လို့ပြောပါတယ်။ ကျွန်တော်က သူဘာပြောမှန်း ရုတ်တရက် နားမလည်ဘူး။ အဲတော့ ကျွန်တော်က သူ့ကို ပြန်မေးလိုက်မိတယ်။ "ကိုအောင်မြင့်ဘာပြောတာလဲ" ဆိုတော့ သူက တအံ့တသြနဲ့ "ခင်ဗျား အိမ်မီးထဲပါသွားလို့ စိတ်မကောင်းဘူး ဆိုတာကို ပြောတာလေ" လို့ပြန် ပြောပါတယ်။ အဲတော့မှ ကျွန်တော်က "သြ ဟုတ်တယ်ဗျ၊ ကျွန်တော့် တစ်အိမ်လုံး စားစရာမရှိလောက်အောင်ကို မီးထဲ ပါသွားတယ်။ ဒါပေမယ့်ဗျာ အိမ်က ဖုန်းလာတော့ ကျွန်တော်က အမေဆုံးလို့ ဆက်တာပဲလို့ ထင်တာဗျ၊ အိမ် မီးထဲ ပါသွားတယ်ဆိုတော့ ကျွန်တော့်မှာ သိန်းဆုကြီး (၁၀)ဆုလောက် တစ်ပြိုင်နက် ပေါက်သလောက်ကို ဝမ်းသာသွားတယ်။ အမေ ဘာမှမဖြစ်ဘူး၊ အမေရှိသေးတယ်ဆိုတဲ့ အသိက ကျွန်တော့်ကို အင်အားတွေ အပြည့်ရှိအောင် လုပ်ပေးသလို ဖြစ်သွားတယ်။ အဲတော့ ကုန်ခမ်းသွားတဲ့ စွမ်းအင်တွေ ပြန်ပြည့်လာပြီး ဘဝတစ်ခုလုံးအတွက် ရှေ့လျှောက်လုပ်စရာတွေ ကျွန်တော် ဆက်လုပ်ဖြစ်တာပေါ့ဗျာ။ အမေသာ တစ်ခုခုဖြစ်သွားတယ်ဆိုရင်တော့ ကျွန်တော့်ဘဝမှာ ဘာမှ အဓိပ္ပါယ် မရှိသလို ဖြစ်သွားမယ်။ ယူကေမှာ ပညာဆက်သင်ဖို့ တောင် ခပ်ခက်ခက်၊ ကျွန်တော်အိမ်ကို ချက်ချင်းပြန်ပြေးဖြစ်သွားမှာ။ အမေက အစားထိုးလို့ မရဘူးလေ။ ကား၊ ရေခဲသေတ္တာ၊ ရေဒီယို၊ ကက်ဆက်၊ အိမ်၊ ခြံဆိုတာတွေ အားလုံးဟာ ပြန်ပြီး ဖြည့်ပေးလို့ရတယ်။ ဒါကြောင့် ကျွန်တော်လည်း ရန်ကုန်က ဖုန်းလာပြီး အိမ် မီးထဲပါသွားတယ်၊ အမေတော့ ဘာမှ မဖြစ်ဘူးဆိုတာနဲ့ သိပ်ပျော်သွားပြီး ချက်ခြင်းပဲ အိမ် မီးထဲပါတဲ့ ကိစကိုမေ့သွားတာ။ ဒါကြောင့် ကျွန်တော် အိမ်ကိစ္စကို ဘာမှ မခံစားရဘဲ အသွား၊ အလာ အလုပ်အကိုင်မပျက် ဆေးရုံမှာ

အလုပ်လုပ်၊ ညရောက်ရင် ပါတ်(ဘ) pub သွားလိုက်၊ ဒစ်စကိုသွားလိုက် လုပ်နေတာလေ။ အဲတော့ ခင်ဗျားက စိတ်မကောင်းပါဘူးဆိုပြီး ကျွန်တော့်ကို ပြောလိုက်တော့ ရုတ်တရက် ဘာကို ပြောမှန်း မသိဘဲ ကြောင်သွားတာ ကိုအောင်မြင့်ရ။ Sorry နော်" လို့ ပြောလိုက် ရပါတယ်။ ဒီလိုနဲ့ အမေ့အကြောင်း၊ အိမ်နဲ့ ဝမ်းတွင်းမြို့အကြောင်း၊ ဟိုတွေး ဒီတွေး တွေးရင်းနဲ့ ကျွန်တော်တို့ ဘောက်ဆောကားကြီး ရန်ကုန်က မနက်အစော ထွက်ခဲ့ပါတယ်။ ထောက်ကြန့်ကျော်ကတည်းက ဘောက်ဆောကားက စဖေါက်ပါပြီ။ ကားက တုံ့သွားလိုက်၊ ရပ်မလိုဖြစ်လိုက် ၊ စက်သံက မှန်တစ်ချက်၊ မမှန်တစ်ချက်၊ စိုးရမ်ဖွယ်အခြေအနေပေါ့။ ပဲခူးလွန်တာနဲ့ မကင်းနစ်က ကားခနရပ်ခိုင်းလို့ ရပ်ရပါတယ်။ ဘောနက်ကြီးဖွင့် ဟိုနှိုက်ဒီနှိုက်နဲ့ (၁၅)မိနစ်လောက် စမ်းသပ်ပြီး ဘောက်ဆောကားကြီးကို ရောဂါရှာဖွေပါတယ်။ နောက်ဆုံးမှာတော့ သူ့မှတ်ချက်က ကာဘရိုက်တာထဲမှာ ချေးပိတ်နေတယ်။ ဖြုတ်ဆေးရမယ် ဆိုပြီး ဟိုဟာဖြုတ်၊ ဒီဟာဖြုတ် လေတွေမှုတ်နဲ့ ပြီးတော့ ပြန်တပ၊ စက်နှိုးပြီး ရပြီဆိုပြီး ကျွန်တော်တို့ ခရီးဆက်ကြပါတယ်။ သိပ်မကြာခင်မှာပဲ ကားအင်ဂျင်ဟာ ဆန့်ငင်ဆန့်ငင်နဲ့ တုံ့တ့ဖြစ်ပြီး ကားထိုးရပ်သွားပါတယ်။ မက်ကင်းနစ်အလုပ်ရှုပ်ပြန်ပြီပေါ့။ ဝမ်းတွင်းကို ညနေရောက်မယ်လို့ မှန်းပြီး ထွက်ခဲ့တဲ့ ကျွန်တော်တို့ ဘောက်ဆောကားကြီးဟာ မနက် (၁၁း၀၀)နာရီမှာ ပဲခူးအထွက်မှာပဲ ရှိပါသေးတယ်။ တွေးကြည့်တော့ ဒီခရီးစဉ်ကြီးဟာ ရင်မောစရာပါ။

ဆက်လက်ဖေါ်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အမေ

၂၄-၃-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၅)

(ဆရာဝန်ပေါက်စ ကျွန်တော့်ဘဝမှာ ပထမဆုံး ကိုယ်ပိုင်ကားအဖြစ် ရန်ကုန်မှာ ဝယ်ခဲ့တဲ့ ဘောက်ဆောကားကြီးနဲ့ ရန်ကုန်ကနေ ဝမ်းတွင်း အမေ့အိမ်ကိုသွားတဲ့ မော်တော်ကား ခရီးရှည်ကြီး အကြောင်းရေးနေပါတယ်။)

ရန်ကုန်က မနက်အစောထွက်ခဲ့တာ ကားကို ဟိုပြင်ဒီနှိုက်နဲ့ မနက် ဆယ့်တစ်နာရီထိုးမှာ ပဲခူးအထွက်မှာပဲရှိပါသေးတယ်။ မကွင်းနစ်က မောင်းလို့ရပါပြီဆိုတော့ ကျွန်တော်တို့ ခရီးဆက်ထွက်ခဲ့တာ ဆယ့်နှစ်နာရီထိုးလောက်မှာ ပဲခူးအလွန်က ဘုရားကြီးရွာကို ရောက်ပါတယ်။ အစ်ကိုကြီးက "ဘုရားကြီးဆိုတာ ကားတွေ နားတဲ့နေရာကွ၊ ထမင်းဆိုင်တွေလည်း ပေါတယ်၊ ဒို့ ခနနားပြီး ထမင်းစား ကြရအောင်" လို့ ပြောပါတယ်။ ဒါနဲ့ လမ်းဘေးက နည်းနည်းခပ်သန့်သန့် ထမင်းဆိုင်တစ်ဆိုင်မှာ ဝင်ပြီးစားကြပါတယ်။ အစ်ကိုကြီးက ရန်ကုန် စိန်ပေါက်ကျောင်းမှာ အငယ်ကတည်းက ကျောင်းတက်ခဲ့တာဆိုတော့ ရန်ကုန်ပဲခူးနားတဝက်ကို ကျွမ်းတယ်။ ရန်ကုန် မန္တလေးလည်း သူက ကားနဲ့ တော်တော်လေး သွားဖူးတယ်ဆိုတော့ ဘုရားကြီးမှာ ထမင်းဆိုင်တွေ ကောင်းတာတို့ ကားတွေနားကြတာတို့ဆိုတာတွေ သိတာပေါ့။ အဲဒီတုန်းက ကျွန်တော်က ကားနဲ့ ရန်ကုန်မန္တလေး မသွားဖူးသေးပါဘူး။ ဒါပေမယ့် အမေဟာ နှစ်စဉ် နွေကျောင်းပိတ်ဆိုရင် သားသမီးတွေ အားလုံးခေါ်ပြီး အညာကို ရထားနဲ့ပြန်ပို့လေ့ရှိတာကြောင့် ကျွန်တော်က ရန်ကုန် မန္တလေးကို ရထားနဲ့တော့ အကြိမ်ကြိမ်သွားဖူးပါတယ်။ အဲလို ရထားနဲ့ သွားနေကြဆိုတော့ ကျွန်တော်တို့ အညာကို နှစ်တိုင်း ရထားနဲ့ပြန်ရင် တွေ့နေကြ ပဲခူး၊ ဘုရားကြီး၊ ဘုရားလေး၊ ရွှေလှေ ဆိုတဲ့ ရထားဘူတာနာမည်တွေက နားယဉ်နေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အညာပြန် မန္တလေး အဆန်ရထားကြီးက ဘုရားကြီးလို ဘူတာသေးသေးလေးတွေမှာ ရပ်လေ့မရှိတော့ ဘုရားကြီးဆိုတဲ့ ရွာဟာ ဘယ်လောက်ကြီးလို့ အဲဒီမှာ ဘာတွေရှိတယ်ဆိုတာ ကျွန်တော်မသိပါဘူး။ အခုဘောက်ဆောကားကြီးနားတော့မှ အစ်ကကြီးပြောလို့ ဘုရားကြီးဟာ ကားတွေနားပြီး ထမင်းစားကြတဲ့ စခန်းဆိုတာ သိပါတယ်။ အဲလိုကျွန်တော်တို့ ဘောက်ဆောကား ခရီးစဉ်ကြီး ခနနားပြီး ဘုရားကြီးမှာ ထမင်းစားနေရင်း ရထားဘူတာနာမည်တွေအကြောင်း တွေးမိတော့ အငယ်တုန်းက နွေရောက်တိုင်း အမေနဲ့ အညာကို ရထားနဲ့ပြန်ရတာကို သတိရမိပါတယ်။ ကျွန်တော်ဟာ ဝမ်းတွင်းဇာတိဆိုပေမယ့်လို့ ကျွန်တော့်ရဲ့ ကလေးဘဝဟာ အောက်ပြည်မှာ စခဲ့တာပါ။ တကယ်တော့ ဝမ်းတွင်းဟာ အမေ့ဇာတိလို့ ပြောရမှာပါ။ အဖေပင်စင်ယူမှ အမေ့ဇာတိ ဝမ်းတွင်းမှာပြန်နေပြီး ကျွန်တော်တို့ အခြေချကြတာပါ။

အဖေဟာ ရဲအရာရှိတစ်ယောက်အနေနဲ့ ရန်ကုန်၊ တောင်ကြား၊ တိုက်ကြီး၊ အင်းစိန် စတဲ့နေရာအနှံ့ ရဲစခန်းတကာလှည့်ပြီး ပြောင်းခဲ့ရပါတယ်။ အဖေ ဘယ်မြို့ရောက်ရောက် အမေဟာ နွေရောက်လို့ သူ့သားသမီးတွေ ကျောင်းပိတ်ပြီဆိုတာနဲ့ အဖေ့ကို တစ်ယောက်ထဲထားခဲ့ပြီး ကလေးအားလုံးခေါ် သူ့မြို့ သူ့ရွာ အညာကို ပြန်တော့တာပါပဲ။ ကျောင်းပိတ်တဲ့ တစနွေလုံး အခြိန်နှစ်လကျော် သုံးလနီးပါး အမေရော ကျွန်တော်တို့ပါ ဘယ်မှမသွားဘဲ ဝမ်းတွင်းမှာ နေကြပါတယ်။ အမေ ဝမ်းတွင်းကို ကလေးတသိုက်နဲ့ ပြန်သလိုပဲ အမေ့ညီမ ဒေါ်တင်တင်ဟာလည်း မြင်းခြံကနေ သူ့ကလေးအားလုံး ခေါ်လာပြီး ဝမ်းတွင်းမှာ တစ်နွေလုံးလာနေပါတယ်။ ဒေါ်လေး ဒေါ်တင်တင်ဟာလည်း အမေ့လိုပဲ သူ့အမျိုးသား ဦးစန်းနွယ် (ဆရာဝန် ရူပ်ရှင်မင်းသား စာရေးဆရာမောင်သင်ရဲ့ ညီ)ကို မြင်းခြံမှာ တစ်ယောက်တည်း ထားခဲ့ပြီး သူအမေနဲ့ကော အစ်မနဲ့ အစ်ကိုနဲ့ပါ တွေ့ရအောင် ဝမ်းတွင်းကို လာတာပါ။ အမေတို့ ညီအစ်မ နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် တော်တော် ချစ်ပုံပေါ်ပါတယ်။ "မင်း" နဲ့ "ငါ" နဲ့ တရင်းတနှီးပြောကြပြီး ခင်ခင်၊ တင်တင် အဲလို ခေါ်ကြတယ်။ အဲဒီတုန်းက အမေ့အစ်ကိုကြီး ဦးမောင်မောင်က မိတလာမြို့အရက်ချက်စက်ရုံ မန်နေဂျာပါ။ သူ့ညီမတွေ နွေကျောင်းပိတ် ဝမ်းတွင်းကို ပြန်ရောက်နေပြီဆိုတာနဲ့ ဝမ်းတွင်းမြို့ကို အရက်ပို့တဲ့ကားနဲ့ အပတ်တိုင်းလိုက်လာပြီး သူ့ညီအစ်မနှစ်ယောက် နဲ့ လာတွေ့ပါတယ်။ ညီအစ်မနှစ်ယောက်ကိုလည်း အရမ်းချစ်ပါတယ်။ ခင်ခင်၊ တင်တင် လို့ပဲခေါ်တယ်။ "မင်း" နဲ့ "ငါ" နဲ့ပဲ ပြောပါတယ်။ ညီအစ်မနှစ်ယောက်လုံးက သူတို့အစ်ကိုကြီးကို "ကိုကို" လို့ပဲခေါ်ပါတယ်။ အဲဒီလိုခေါ်တာကို သံယောင်လိုက်ပြီး ကျွန်တော်တို့ တူတွေအားလုံးကလည်း ဦးလေးဦးမောင်မောင်ကို ကိုကိုလို့ပဲ ခေါ်ကြပါတယ်။ ဦးလေး ဝမ်းတွင်း ရောက်လာပြီဆိုတာနဲ့ သူ့ညီမတွေကို အမြဲတမ်း ချစ်စနိုး နောက်ပြောင်စကားပြောတာကို တွေ့ရတာ ကြည်နူးစရာပါ။ ကျွန်တော်အငယ်တုန်းက အမေ ဘာလို့ နှစ်စဉ်အညာပြန်တယ်ဆိုတာ သေချာနားမလည်ပါဘူး။ ကျွန်တော်တို့ကတော့ ကလေးဘဝ ဆော့ရတာ ပျော်တာပဲ။ ကျွန်တော်တို့ရဲ့ တစ်ဝမ်းကွဲ ညီအစ်ကိုမောင်နှမဖြစ်တဲ့ မြင်းခြံက ဒေါ်လေးရဲ့ သားသမီးတွေ နဲ့လည်း တရင်းတနှီး တရုန်းရုန်း နည်းမျိုးစုံ တီထွင်ပြေးလွှား ဆော့ကစားကြတာပေါ့။ ဝမ်းတွင်းမှာ အမေ့ရဲ့ အမေနဲ့၊ အမေ့ အမေရဲ့အစ်မ အဒေါ်အပျိုကြီး နှစ်ယောက်ထဲ နေကြပါတယ်။ ကျွန်တော်တို့ အညာအခေါ်ကတော့ အမေကြီးအငယ် နဲ့ အမေကြီးအကြီးပေါ့။ အမေကြီးနှစ်ယောက်ဟာ ဝမးတွင်းမြို့ ဂါတ်တဲအနောက်ဖက် ခြေတိုင်ရှည်ပျဉ်ထောင် အိမ်လေးမှာနေကြပြီး ဘာအလုပ်ရယ်လ့မှ မယ်မယ်ရရ တော့ မရှိဘူး။ သူတို့ဇာတိ ဝမ်းတွင်းမြို့နယ် တောင်ဘိုရွာမှာရှိတဲ့ လယ်၊ ယာ၊ ထန်းတော၊ သရက်တော၊ စည်းကန်ကြီးဆည တွေမှာ အငှားချထားတဲ့သူ နှစ်စဉ်လာပို့ပေး သလောက် ငြုတ်၊ ကြက်သွန်၊ ဆီ၊ ဆန်လေးနဲ့ စားသောက်နေကြတာပါ။ အလှန်းပေးလေး ဘာလေး နည်းနည်းပါးပါးလုပ်တယ်။ ရင်းနှီးတဲ့

သူတွေ ရွှေ၊ ငလေး လာပေါင်တာ လက်ခံတယ်။ သူတို့ဘဝမှာ အခုခေတ်မှာလို အဲယားကွန်း၊ တီဗီ၊ ဟန်းဖုန်းစတဲ့ ခေတ်သစ်လိုအပ်ချက်တွေလည်း မရှိတော့ ပိုက်ဆံလည်း သိပ်ရှာစရာမလိုဘူး သိပ်လည်း ပူပင်စရာမလိုဘူးပေါ့။ အမေကြီးနှစ်ယောက်ဟာ ဒီလိုနဲ့ပဲ ဟိုလုပ် ဒီလုပ် တစ်နှစ်လုံး လုပ်ကိုင်နေထိုင်ကြပြီး နွေကျောင်းပိတ် မြေးတွေဖြစ်တဲ့ ကျွန်တော်တို့ အလာကိုပဲ မျှော်နေကြတာ။ အမေကြီးတွေဟာ ကျွန်တော်တို့ကို အရမ်းချစ်၊ အရမ်းအလိုလိုက်ပြီး ကျွန်တော်တို့ ကျောင်းပိတ်လို့ ဝမ်းတွင်းအိမ်ရောက်တုန်း ဘာလုပ်လုပ် ဘာဆော့ဆော့ ဘာမှ မပြောဘူး။ အမေ့ကို အမေကြီးက ခင်ခင်လို့ပဲ ခေါ်တယ်။ အမေ တို့မောင်နှမအားလုံးက အမေကြီးကို မမလို့ ခေါ်တယ်။ သူတို့ တစ်ယောက်နဲ့ တစ်ယောက် အဲလို တရင်းတနှီး ခေါ်ကြတာကို အခုပြန်တွေးကြည့်တော့ ချစ်စရာကောင်းတဲ့ အညာဓလေ့ပါလားလို့ တွေးမိတယ်။ ဒါပေမယ့် အံ့ဩဖို့ကောင်းတာက အဲဒီလိုသာ ခေါ်ကြပြောကြတာ။ ကျွန်တော်တို့တတွေ ဝမ်းတွင်းရောက်လို့ အမေနဲ့ အမေကြီးတို့ ဆက်ဆံပြောဆို နေထိုင်တာကို ကျွန်တော် မှတ်မိသလောက်ပြောရမယ်ဆိုရင်၊ အထူးတလည် အမေနဲ့ သမီး သိပ်ကို တရင်းတနှီးကြီး ချစ်ခင်နေတဲ့ နေတဲ့ပုံစံမျိုးတော့ မတွေ့ရဘူး။ အမေနဲ့ အမေကြီးတို့ဟာ သားအမိ ပုံမှန်ပဲပြောဆို ဆက်ဆံကြတာကိုပဲ တွေ့ရတယ်။ အမေ့ရင်ထဲမှာ သူ့အမေကို သမီးတစ်ယောက်ကထားတဲ့ မေတာတွေတော့ အပြည့်ရှိမှာပေါ့။ ဒါပေမယ့် အမေ့အနေနဲ့ သမီး တစ်ယောက်က အမေပေါ်မှာထားရှိတဲ့ အချစ်တွေ မေတာတွေကို ကိုယ်နှုတ်အမူအယာနဲ့ ထုတ်ဖော်ပြ တာဟာ မပေါ်လွင်ဘူးလို့ ပြောရပါမယ်။ ဒီလိုပဲ အမေဟာ အဖေ့အပေါ်မှာလည်း သူ့ရဲ့အချစ်တွေကို အပြောအဆို၊ အမူအရာနဲ့ သိသာထင်ရှားအောင်ပြခဲ့တာကို ကျွန်တော် မတွေ့ခဲ့ရပါဘူး။ ဒါပေမယ့် သားသမီးတွေအပေါ်ထားတဲ့ သံယောဇဉ်တွယ်တာမှုတွေကိုတော့ ဘေးလူတွေ အမြင်ကတ်လောက်အောင်ကို သိသိသာသာ ထင်ထင်ရှားရှားဖြစ်အောင် ပြုမူနေထိုင်တယ်လို့ ပြောရမယ်။ "သား"ချင်း မိုးမွန်အောင်ပြောပြီး စားတာ၊ နေတာ၊ သွားတာ၊ အိပ်တာကအစ သူ့သားသမီးတွေအပေါ်မှာ သိပ်ကို ဂရုစိုက်လွန်း ရှာပါတယ်။ သူ့ခမျာ ဘာလို့ ဒီလို သားသမီးတွေပေါ် ဂရုစိုက်လွန်းပြီး သူ့အမေရောက်တော့ ပုံမှန်ပဲ ပြောဆိုပြုမူနေရတာလည်းဆိုတာ ကျွန်တော် ဆန်းစစ်ကြည့်ရမယ်ဆိုရင်တော့ အမေ့မှာ ရှိသမျှ မေတ္တာ၊ ရှိသမျှ အချစ်အားလုံး တစ်ရာရာခိုင်နှုန်းလုံး ဟာ သူ့သားသမီးတွေအပေါ်မှာ အကုန်ရောက်နေတော့ တခြားလူတွေအတွက် ထုတ်ဖော်ပြစရာ မကျန်တော့လို့လားလို့ ကျွန်တော်တွေးမိပါတယ်။ အမေဟာ ဘယ်လောက်အထိမျှား သားသမီးတွေ အပေါ်မှာ မေတ္တာတွေ အချစ်တွေကို ပုံအပ်လိုက်သလဲဆိုတော့ သူ့အတွက် သူ့ကိုယ်သူ ချစ်ဖို့ အချစ်တောင် မကျန်တော့ဘူးလို့ပဲ ပြောရပါမယ်။ အရာရာတိုင်းမှာ အမေဟာ သားသမီးတွေအတွက်ပဲ ပထမဆုံးစဉ်းစားပါတယ်။ နောက်မှ သူ့အမေ၊ သူ့ယောကျ်ား၊ ဦးစားပေးအလှည့်ရောက်မယ်။ ဘာကိစ္စမှာမဆို သူ့အတွက်ကတော့ နောက်ဆုံးမှပဲ ဖြစ်မှာပါ။ ဆိုလိုတာကတော့ အမေဟာ သူ့ဘဝ

တစ်ခုလုံး သူအသက်ရှင်နေနေတာဟာ သူ့သားသမီးတွေ အတွက်ပဲလို့ ခံယူထားပုံပေါ်ပါတယ်။ နေကျောင်းပတ် ကျွန်တော်တို့ အညာပြန်တဲ့အကြောင်း ပြန်ပြောရရင် အမေဘာလို့ ကျွန်တော်တို့ကို တစ်နွေလုံး နှစ်လကျော် သုံးလနီးပါး အညာမှာ ပြန်ပို့ထားတယ်ဆိုတာ အဲဒီတုန်းက သေချာ နားမလည် နိုင်ခဲ့ပေမယ့် အခုတော့ တဖြည်းဖြည်း သိလာပါပြ။ ဝမ်းတွင်းမှာ အမေထောင်ထားတဲ့ ယကန်းစက်လည်း မရှိ၊ တခြားစီးပွားရေးလုပ်ငန်းလည်း ဘာမှမရှိ၊ သူ့အမေ သူ့အစ်ကို၊ သူ့ညီမနဲ့ တစ်နှစ်တစ်ခါဆုံရအောင် ပြန်တယ်လို့ပဲပြောရပါမယ်။ နောက်ပြီးတော့ အဲလို သူတို့ ညီအစ်ကိုမောင်နှမတွေ ဆုံကြသလို ကျွန်တော်တို့ ညီအစ်ကိုဝမ်းကွဲတေလည်း တစ်နှစ်တစ်ခါ တွေ့ကြရတော့ ဆွေမျိုးတွေ မပြတ်တော့ ဘူးပေါ့။ အမျိုးမစိမ်းတော့ဘူးပေါ့။ အမေ့ဘက်က အဲလို နှစ်စဉ် ညီအစ်ကိုမောင်နှမတွေ ဆုံကြပေမယ့် အဖေ့ဘက်မှာတော့ တစ်မျိုးတစ်ပုံစံပါ။ အဖေ့မှာ အစ်ကိုတစ်ယောက်၊ ညီတစ်ယောက်၊ ညီမတစ်ယောက် ရှိပါတယ်။ အဖေတို့ညီအစ်ကိုတွေကတော့ ညီအစ်ကို မောင်နှမချင်းစုံဖို့ သီးသန့်တွေ့ကြတယ်၊ ဆုံကြတယ်ဆိုတာမရှိသလောက် ရှားပါတယ်။ သာရေး၊ နာရေး ကိစရှိမှပဲ သွားကြ၊ လာကြ၊ တွေ့ကြတာပါ။ အဖေ့ညီမ ဆိုတာကို ကျွန်တော်ရှစ်တန်းလောက်ရောက်မှ မြင်ဘူးတာပါ။ ဒါကြောင့် အဖေ့ဘက်က ကျွန်တော့် ညီအစ်ကို၊ ညီအစ်မဝမ်းကွဲတွေန့. ကျွန်တော်တို့ဟာ သိပ်တရင်းတနှီး မရှိလှပါဘူး။ အမျိုးဆိုတာလည်း ဘယ်လိုပဲတော်တော် မတွေ့ဘူး၊ မဆုံဘူးရင် တစိမ်းသာသာပဲလို့ ပြောရမှာပါ။ အခုတော့ အမေ့ကျေးဇူးကြောင့် ကျွန်တော်တို့ ဝမ်းကွဲအမျိုးတတွေ ဆုံကြ၊ တွေ့ကြ၊ ရင်းနှီးခွင့် ရခဲ့ကြတာပါလား ဆိုတာ နားလည်လာပါတယ်။ ဒါကြောင့် အမေဟာ အဲဒီခေတ်က သွားရေးလာရေး ခက်ခဲတဲ့ ကာလကြီးမှာ သွားစရိတ်၊ လာစရိတ်၊ စားစရိတ်တေ သုံး၊ ဒုကမျိုးစုံခံပြီး မပျက်မကွက် နှစ်စဉ်အညာကို ပြန်တာဒီလို အကြောင်းကြောင်းတွေကြောင့်ကိုးဆိုတာ အခုတော့ တဖြည်းဖြည်း သဘောပေါက် နားလည်လာပါပြီ။ နောက်ပြီး အမေ အညာပြန်တဲ့ အကြောင်းတစ်ကြောင်းကတော့ လူဆိုတာ ဇာတိစွဲ၊ ဇာတိစိတ်ဆိုတာ ရှိတော့ အမေ့ရဲ့ ဖျောက်လို့ မရနိုင်တဲ့ မွေးရပ်မြေကို စွဲလမ်းတဲ့စိတ်နဲ့ ပြန်တာလည်းပါမှာပေါ့လေ။ ကျွန်တော် သုံးတန်းလောက်မှာ အဖေ တိုက်ကြီးရဲစခန်းမှာ တိုက်ပိုင် ဒါမှမဟုတ် အိုင်ပီ (Inspector of Police IP) လို့ ခေါ်တဲ့ ပခုံးပေါ်က နှစ်ဘားနဲ့ ရဲအရာရှိလုပ်တုန်းက ကျွန်တော်တို့ အညာပြန်တာကို တွေးမိပြီး အဲဒီအချိန်လေးတွေကို သတိရတမ်းတစွာနဲ့ လွမ်းမိပါတယ်။ ကျွန်တော်တို့ တိုက်ကြီး အလယ်တန်းကျောင်း အတန်းတင် စာမေးပွဲကြီး နီးပြီဆိုတာနဲ့ အမေအညာပြန်ဖို့ စပြင်ပါတယ်။ ဟိုဟာဝယ်၊ ဒီဟာဝယ်၊ အထူးသဖြင့် ငါးရံ့ခြောက်နဲ့ ငါးပိတွေဝယ်တယ်။ သတိရလို့ ပြောရဦးမယ်ဆိုရင် အမေ ငါးပိ၊ ငါးခြောက် ဝယ်တာဟာ အညာမှာ စားဖို့အဓိက မဟုတ်ပါဘူး။ ဝမ်းတွင်းရောက်ရင် ပြန်ရောင်းဖို့ ဝယ်တာပါ။ သားသမီး တပြုံတောင်ကြီးနဲ့ အညာပြန်ဖို့ စားစရိတ် လမ်းစရိတ်ဆိုတာ လွယ်တာမဟုတ်ပါဘူး။ အဖေကလည်း သူ့လခနဲ့ အဲဒီစရိတ်တွေကို လုံလုံလောက်လောက် မပေးနိုင်ရှာပါဘူး။ အဲတော့ အမေ သူ့ဖာသာသူ

လမ်းစရိတ် ရှာရတာပေါ့။ ဝမ်းတွင်းရောက်ရင် ပြန်ရောင်းဖို့ အညာမှာ ရှားတဲ့ ငါးပိ၊ ငါးခြောက်တွေ သယ်သွားပါတယ်။ နောက်ပြီး အညာမပြန်ခင် ရန်ကုန်ရောက်တာနဲ့ သိမ်ကြီးစျေးကိုသွားပြီး အညာမှာ ရောင်းဖို့ ပိတ်စ၊ ထမီစ၊ အင်္ကျီစတွေလည်း ဝယ်ပါသေးတယ်။ အမေ့ခမျာမှာ အညာကို ပြန်ချင်လွန်းလို့ တိုက်ပိုင်ကတော် မင်းကတော်တန်မဲ့နဲ့ ခရီးစရိတ်ကြေအောင် ပြန်ရောင်းစားဖို့ တနိုင်တပိုင် နိုင်သရွေ့ ပစ္စည်းလေးတွေ ဝယ်တာပါ။ အညာက ပြန်လာရင်လည်း သနပ်ခါးတုန်း၊ အညာပင်နီဖျင်ကြမ်း အစ၊ စားပွဲခင်း၊ လက်သုတ်ပုဝါနဲ့ ဝမ်းတွင်းလုံချည်တွေကို ဝယ်လာပြီး အောက်ပြည်မှာ ပြန်ရောင်းပါသေးတယ်။ အမေ အဲလို စရိတ်ရှာစျေးရောင်းတဲ့ အကြောင်းကို အသေးစိတ် ပြောမပြခင် ကျွန်တော်တို့ အညာပြန်တဲ့ အကြောင်း ဆက်ပြောချင်ပါသေးတယ်။ ကျွန်တော်တို့ ကျောင်းပိတ်ခါနီးပြီး အညာပြန်မယ့် အချိန် ကပ်လာပြီဆိုတာနဲ့ အမေအလုပ်ရှုပ်တော့တာပဲ။ ဟိုဟာဝယ်၊ ဒီဟာဝယ်၊ ကျွန်တော်တို့တတွေ အညာရောက်ရင် လိုမယ့်ပစ္စည်းတွေ၊ အညာမှာ ပြန်ရောင်းမယ့် ပစ္စည်းတွေ၊ အကုန်လုံးထုတ်ပိုးသိမ်းဆည်းရတ်ရတ်သဲသဲပဲ။ အဲလိုအချိန်မှာ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတသိုက် စာမေးပွဲ ဖြေဖို့ထက် အညာပြန်ဖို့က ပိုအားသန်နေကြပြီး စာဖတ်ရ၊ စာကျက်ရတာ စိတ်မပါဘူးဖြစ်နေကြပါတယ်။ အညာပြန်ရတော့မယ်၊ အမေကြီးတို့နဲ့ တွေ့ရမယ်၊ ဝမ်းကွဲညီအစ်ကို၊ ညီအစ်မတွေနဲ့ ကစားရတော့မယ်ဆိုတဲ့ အတွေးတွေက ဖျောက်လို့ မရအောင်ကို ခေါင်းထဲမှာ အပြည့်ရှိပါတယ်။ အိပ်မက်မက်တာတောင် ဝမ်းတွင်းက အမေကြီးအိမ်မှာ ကစားတဲ့အကြောင်းတွေ မက်တယ်။ အဲလောက်တောင် ကျွန်တော်တို့ စိတ်ထဲမှာ ဖော်ပြလို့မရနိုင်အောင် ထူးခြားတဲ့ ခံစားချက်တွေနဲ့ဆိုတော့ လူက ဘယ်လို ဖြစ်နေမှန်းတောင် မသိဘူး။ အလိုလိုနေရင်း ရယ်ချင်သလို၊ ဟိုအော်ဒီအော် သီချင်းအော်ဆိုချင်သလို၊ ပြေးချင်သလို၊ ခုန်ချင်သလို ဖြစ်နေပါတယ်။ အမေကတော့ ကလေးတွေကို သိပ်မဆော့ဖို့ အော်ငေါက်နေရင်းနဲ့ အညာကိုယူသွားမယ့် ပစ္စည်းတွေကို ကြိမ်ချင်းကြီးတေ၊ ဝါးတောင်းတွေနဲ့ထည့်၊ အပေါ်ကနေ ဂုံနီအိတ်နဲ့ဖုံးပြီး ချုပ်တယ်။ ကျွန်တော်တို့ အဝတ်အစားတွေကတော့ သံသေတ္တာထဲ ထည့်တယ်။ နွေကျောင်းပိတ်မှာ အဖေ ရွေးပေးထားတဲ့ ကျွန်တော်တို့ ဖတ်ရမယ့် အဂလိပ်စာ စာအုပ်တွေကို ထင်းရူးသေတ္တာ တစ်ခုထဲမှာ ထည့်တယ်။ နောက်ပြီး အဲဒီတုန်းက အိပ်ယာလိပ်ဆိုတာ သိပ်ခေတ်စားတာ၊ အခုခေတ်လူတွေ အိပ်ယာလိပ်ဆိုတာ သိတော့မှာမဟုတ်လို့ အိပ်ယာလိပ်ဆိုတာ ဘာလဲဆိုတာ နဲနဲလေးပြောပါရစေ။ အဲဒခေတ်က ခရီးသွားရင်၊ တက္ကသိုလ်ကျောင်းသားတွေ ကျောင်းတက်ရင်၊ အရာရှိတွေ နယ်လည့်ခရီးထွက်ရင် အိပ်ယာလိပ်ဆိုတာပါရတယ်။ ကားမိုးကာဖျင်စလိုဟာနဲ့ ချုပ်ထားတာ။ အတွင်းမှာ ခေါင်းအုံးထည့်ဖို့အိတ်၊ ခြေရင်းမှာ အဝတ်ထည့်ဖို့နေရာ၊ အလယ်မှာ စောင်၊ မွေ့ယာ၊ မျက်နှာသုတ်ပုဝါ ညှပ်ထည့်ပြီး အပေါ်ကဖုံးဖို့ အဖုံးလေးနှစ်ကတ်ပါတယ်။ အားလုံးထည့်ပြီးရင် အဲဒီအဖုံးလေးတွေစေ့ပြီး ဘပ်ကယ်လ် (Buckle) လေးတွေနဲ့ ပိတ်ရတယ်။ ပြီးတော့မှ အိပ်ယာလိပ်ကြီးကို လိပ်လိုက်ပြီး အပြင်မှာ သားရေပြားနှစ်ပြားနဲ့ ဘပ်ကယ်လ်တွေချည်ပြီး ပိတ်လိုက်တယ်။ အလယ်မှာ

အိပ်ယာလိပ်ကို ဆွဲစရာလက်ကိုင်ကွင်း ပါပါတယ်။ ဘယ်ခေတ်ဘယ်အချိန်မှာ မှေးမှိန်ပြီး အိပ်ယာလိပ်တွေ ပျောက်ကွယ်သွားသလဲ မသိလိုက်ပါ။ ကျွန်တော် မနှလေးဆေးတကသိုလ် သွားတက်တုန်းကကို အိပ်ယာလိပ်ကြီးနဲ့ သဲတောဘူတာရုံမှာ အမေလိုက်ပို့တာ မှတ်မိပါသေးတယ်။ အညာခရီးစဉ် ပြင်ဆင်တာတွေ ဆက်ပြောရမယ်ဆိုရင် ဝမ်းတွင်းအိမ်ရောက်ရင် ကိုယ့်ခြင်ထောင်၊ စောင်၊ ခေါင်းအုံးနဲ့ အိပ်ရအောင်လို့ အိပ်ယာ လိပ်ထဲကို ခေါင်းအုံး၊ စောင် အလုံအလောက်ထည့်ပြီး အိပ်ယာလိပ် အကြီးကြီးလိပ်ပါတယ်။ အဲလိုနဲ့ တဖြည်းဖြည်း အညာယူမယ့် ပစည်းတွေက တစ်ပုံတစ်ခါင်း ဖြစ်လာတော့တာပါပဲ။ အမေဟာ ဒီပစ္စည်း တစ်ပုံကြီးနဲ့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေအားလုံးကို သူတစ်ယောက်ထဲ ခေါင်းဆောင်ပြီး အညာကို ပြန်တာပါ။ အညာပြန်ခရီးမှာ လူကြီးက သူတစ်ယောက်ပဲ ပါပါတယ်။ အိမ်မှာ ကူလုပ်ပေးနေတဲ့ ကောင်မလေးတစ်ယောက်ရယ် ကျွန်တော်တို့ ညီအစ်ကို မောင်နှမ ငါးယောက်ရယ် ပစ္စည်းတွေရယ်ပေါ့။ အစ်ကိုကြီးက ရန်ကုန်စိန်ပေါလ်ကျောင်းမှာ ကျောင်းတက်ပြီး ဦးလေးအိမ်မှာ နေတာဆိုတော့ ကျွန်တော်တို့ အညာပြန်အုပ်စုထဲမှာ မပါဘူး။ အဲဒီတုန်း က အစ်ကို ဦးခင်မောင်တင့် (ရွာမလျှပ်စစ် ငြိမ်း) က ငါးတန်း၊ ကျွန်တော်က သုံးတန်း၊ ညီ မောင်တင့်လွင် (ယခု အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေး) က တစ်တန်းနဲ့ ကျောင်းမနေသေးတဲ့ ညီမ ဝေဝေခင်နဲ့ အေးအေးခိုင်၊ ညီအငယ်ဆုံး မောင်ဌေးကိုက မမွေးသေးဘူး။ ဒီ ဘုစုခရုတွေအားလုံးကို ထိန်းကျောင်း၊ ပစ္စည်းတွေကို ဖြစ်တဲ့နည်းနဲ့ရအောင်သယ်ပြီး အညာပြန် ရတာဟာ အမေ့အတွက် ရင်မောစရာကြီးပါ။ ကျွန်တော်တို့ ကလေးတွေကတော့ ဘာမှ မတွေးကြဘူး၊ အညာပြန်ရတာ ပျော်တာပဲ သိတယ်။ အမေက ဒါဆွဲဆို ဆွဲ၊ ဒါ သယ်ဆို သယ်။ အိမ်မှာ ကူညီလုပ်ကိုင်နေတဲ့ ကောင်မလေးက အသက် ဆယ့်ခြောက်နှစ်လောက် ရှိပြီဆိုတော့ တော်တော်လေး အမေ့ကို ကူလုပ်ပေးနင်ပါတယ်။ ဒီလိုနဲ့ အညာပြန်ဖို့ တစ်လလောက်ကြိုပြီး ပြင်ကြဆင်ကြနဲ့ နောက်ဆုံးတော့ ကျွန်တော်တို့တတွေ စာမေးပွဲတွေ အားလုံးပြီးသွားပြီး ကျွန်တော်တို့ သိပ်ကို မျှော်လင့်စောင့်စားခဲ့ရတဲ့ ဝမ်းတွင်း ပြန်ရမယ့်ရက်ကို ရောက်လာပါတော့တယ်။ ကျွန်တော်တို့ အိမ် ဧည့်ခန်းထဲမှာ ပစ္စည်းတွေက အပြည့်။ ကြုံတုန်း ကျွန်တော်တို့ နေခဲ့ရတဲ့ တိုက်ကြီးရဲစခန်းက တိုက်ပိုင်နေတဲ့ ရဲအိမ်အကြောင်း ပြောပြချင်ပါသေးတယ်။ အိမ်က ခြေတံရှည် နှစ်ထပ်ပျဉ်ထောင်အိမ်ပါ။ အပေါ်ထပ်မှာ လှေကားတက် ဖိနပ်ချွတ်၊ ဝရန်တာ၊ အိမ်ထဲဝင်လိုက်တာနဲ့ ဧည့်ခန်း၊ အိပ်ခန်းက နှစ်ခန်းပါတယ်။ တစ်ခန်းက အမေတို့ အိပ်ခန်း၊ ကျန်တဲ့အခန်းမှာ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ ကြမ်းမှာ စီပြီးအိပ်ကြရတယ်။ အောက်ထပ်မှာ အုတ်နဲ့လုပ်ထားတဲ့ မီးဖိုချောင်ရှိတယ်။ အိမ်အောက်ထပ်က အလွတ် ဘာအခန်းမှ မရှိဘူး၊ ဘာမှလည်း ခင်းမထားဘူး။ အပေါ်ထပ်မှာ ရှိတဲ့ဧည့်ခန်းဆိုတာက အကာ ကာမထားတဲ့ ဟင်းလင်းပြင်ကို ပြောတာ။ အဲဒီနေရာမှာ ကျွန်းဆက်တီ ထိုင်ခုံ လေးငါးလုံးလောက ချထားတယ်။ ပြီးတော့ ထမင်းစား စားပွဲကြီးလည်း ရှိတယ်။ ဧည့်ခန်းလည်း ဒီနေရာပဲ၊ ထမင်းစားတော့လည်း ဒီနားပဲ၊ ပစ္စည်းတွေ ပုံစရာကလည်း ဒီနေရာပဲရှိတယ်။ ညအိပ်

ဧည့်သည်လာရင် ဆက်တီတွေ ဖယ်ပြီး အိပ်ကြပေတော့။ အခုတော့ ဧည့်ခန်းထဲမှာ အညာပြနပစ္စည်းတွေ အစီအရီနဲ့ ပြည့်နေပြီ၊ သံသေတာ တစ်လုံး၊ ထင်းရူးသေတ္တာကြီး တစ်လုံး၊ အိပ်ရာလိပ်ကြီး တစ်ခု၊ ငါးပိ၊ ငါးခြောက်တွေ ထည့်ထားတဲ့ ဝါးတောင်းတွေနဲ့ လမ်းမှာစားဖို့ ချက်ပြုတ်ထည့်ထားတဲ့ (၅)ဆင့်ချိုင့်ကြီး (၂)ချိုင့်ထည့်ထားတဲ့ ကြိမ်ခြင်းကြီး။ အညာမှာ ပုဇွန်ရှားတော့ အညာပြန်မယ်ဆိုရင် ပုဇွန်ထုတ်ကြီးတွေ ဆန့်လို့မှ်ပြီး ချိုင့်ကြီး၊ ချိုင့်ငယ် အသွယ်သွယ်နဲ့သယ်ရတာ။ ပြီးတော့ ငါးကြင်းအကောင်ကြီးကြီးတွေကို အကွင်းလိုက်လှီးပြီး ကြောပြီးတော့လည်း ယူသွားသေးတယ်။ လမ်းမှာ ကလေးတွေ ဆာရင် အလွယ်တကူ စားလို့ရအောင်ဆိုပြီး ကြက်ရင်အုပ်တွေချည်းကြော်ထည့်တာလည်း ပါသေးတယ်။ တွေးကြည့်လက်တော့ အမေယူသွားရမယ့် ပစ္စည်းတွေက နည်းတာ မဟုတ်ဘူး။

ကျွန်တော်တို့ အညာပြန်တိုင်း အဖေက တိုက်ကြီးကနေ ရန်ကုန်အထိ ကားနဲ့ လိုက်ပို့ပေးပါတယ်။ အဲဒီတုန်းက တိုက်ကြီး ရန်ကုန်လမ်းဟာ အညိုရောင်နယ်မြေပါ။ ပြည်တွင်းသူပုန်တွေ သောင်းကျန်းပြီး ရထားလမ်းတွေ မိုင်း ခနခနခွဲ၊ တိုက်ကြီးရဲစခန်းထဲကို ကားနဲ့တိုက်လာတဲ့ အလောင်းတွေကို မကြာခန တွေ့ခဲ့ရဖူးပါတယ်။ ညဆိုရင်လည်း တိုက်ကြီးရဲစခန်း အနောက်ဖက် ရွာတွေကနေ သပုန်တွေ သေနတ်နဲ့မကြာမကြာ လာပစ်တတ်ပါတယ်။ အဲဒီတုန်းက တိုက်ကြီး ရဲစခန်းအနောက်ဖက်က လယ်ကွက်တွေ အပြည့်နဲ့ ကွင်းပြင်ကြီးပါ။ အခုတော့ အဲဒီလယ်ကွက်တွေ နေရာမှာ အိမ်တွေ အပြည့်ဆောက်ထားတာကို တွေ့ရမှာပါ။ ခုနက ပြောသလို ဂါတ်အနောက်ဖက်က လယ်ကွင်းတွေ တမျှော်တခေါ်ကြီး နောက်မှာရှိတဲ့ ရွာတွေကနေ သူပုန်တွေက လာပစ်တာပါ။ အဲလို တဖျောင်းဖျောင်းနဲ့ သေနတ်သံတွေ ကြားရရင် အမေက ကျွန်တော် တို့အားလုံးကို ခေါ်ပြီး အိမ်အောက်ထပမှာရှိတဲ့ မီးဖိုချောင်ထဲမှာ သွားပုန်းရပါတယ်။ ဘာလို့လဲဆိုတော့ ရဲအမ်တစ်အိမ်လုံးဟာ ပျဉ်ကာပျဉ်ခင်းဖြစ်ပြီး မီးဖိုချောင်တစ်ခုထဲ အုပ်နံရံနဲ့ဆိုတော့ သေနတ်ရန်လုံခြုံတဲ့ မီးဖိုထဲမှာသွားပြီး ပုန်းကြရတာပါ။ အဖေကတော့ အဲလို သူပုန်တွေ သေနတ်နဲ့ပစ်တာနဲ့ ရဲစခန်းထဲသွားပြီး သူ့တပည့် ရဲတွေနဲ့ သူပုန်တွေကို ပြန်ပစ်ရပါတယ်။ အဲဒီတုန်းက တိုက်ကြီး ရဲစခန်းဟာ အုပ်နဲ့လုပ်ထားတဲ့ တိုက်ပါ။ တံခါးတွေက သံတံခါးကြီးတွေ၊ သေနတ် ပစ်ပေါက်တွေနဲ့။ တကယ်လို့ သူပုန်က ပစ်တာ အင်အား သိပ်များတယ်ဆိုရင် အဲဒီတုန်းက ယူအင်ပီလို့ ခေါ်တဲ့ ပြည်စောင့်ရဲတပ်က တိုက်ကြီး ရဲစခန်းဘေးနားက ဘေလုံးကွင်းထဲမှာထားတဲ့ သူတို့ဘရင်းကယ်ရီယာကြီးကို စက်နှိုးပြီး သူပုန်တွေကို လိုက်ပစပါတယ်။ ဘရင်းကယ်ရီယာဆိုတာ ခြိန်းကြိုးကြီးတွေနဲ့ သွားတာ၊ သံချပ်ကာ ကားလိုပဲ၊ အဲဒီကားပေါ်မှာ ဒေါက်တိုင်နဲ့ ဘရင်းဂန်းသေနတ်တင်ထားလေ့ရှိလို့ ဘရင်းကယ်ရီယာလို့ ခေါ်တာပါ။ သူပုန်တွေဟာ ဘရင်းကယ်ရီယာကိုတော့ တော်တော်ကြောက်ကြပါတယ်။ ဘရင်းကယ်ရီယာစက်နှိုးလိုက်တာနဲ့ ထွက်ပြေးကြတော့တာပါပဲ။ သေနတ်သံတွေ ငြိမ်သွားပြီဆိုမှ အဖေက ကျွန်တော်တို့ကို မီးဖိုချောင်ထဲကနေ အိမ်ပေါ်ပြန်ခေါ်လာပါတယ်။ ကျွန်တော်တို့ကတော့ ကြောက်ရမှန်း မသိ၊ လန့်ရမှန်းမသိ။

အောက်ဆင်းလိုက်၊ တက်လိုက်၊ ဝပ်လိုက်၊ ပုန်းလိုက် ကလေးသဘာဝ ပျော်တောင် ပျော်နေပါသေးတယ်။ အမေကတော့ စိုးရိမ်စိတ်အပြည့်နဲ့. ကျွန်တော်တို့.ကို ဟိုလိုနေ၊ ဒီလိုနေ အသံ မထွက်ကြနဲ့.ဆိုပြီး တောက်လျှောက်ညွှန်ကြားချက်တွေ တစ်သီကြီး ထုတ်ပါတယ်။ ဒါ ပြည်တွင်း သောင်းကျန်းသူတွေ ထကြွနေတဲ့ မတည်ငြိမ်တဲ့ကာလက ကျွန်တော် တိုက်ကြီးမှာ နေခဲ့ရတဲ့ ဘဝပါ။ နောက်ပြီးတော့ ရန်ကုန်ကိုသွားရင် မြောင်းတကာနဲ့. မှော်ဘီကြားမှာ တခါတလေ ဓါးပြတိုက် တတ်ပါတယ်။ အဲဒီတုန်းက မြောင်းတကာတံတားဆိုတာ တစ်ဖက်တချက်မှာ ရဲအစောင့်ခံတပ်ကတုတ် မျှော်စင်လိုဟာကြီးတွေနဲ့. သေနတ် ပစ်ပေါက်တေလည်းပါတယ်။ မြောင်းတကာတံတားဟာ အချက်အချာ ကပြီး သေချာကိုရနဲ့. စောင့်ရှောက်ထားရတဲ့ တံတားတစ်ခုပါ။ အဲဒီတုန်းက သတင်းတစ်ခုထွက်နေတာက ရှိသေးတယ်။ မှော်ဘီစိုက်ပျိုးရေးခြံနားမှာ ဥစ္စာစောင့်က ကားတွေကို ထွက်ထွက်တားတတ်တယ်တဲ့။ အဲလို အကြောင်းကြောင်းတွေကြောင့် အဖေက ရဲစခန်းက ရဲဂျစ်ကားနဲ့. တိုက်ကြီးကနေ ရန်ကုန်အထိ လိုက်ပို့. ပေးတာပါ။ ကျွနတော်တို့. ကားတစ်စင်းထဲသွားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့.ရှေ့က ရဲသား လေးယောက်လောက် လက်နက်အပြည့်အစုံနဲ့.ပါတဲ့ အက်စ်ကော့ အစောင့်ကားလည်း ပါပါသေးတယ်။ အဲဒီ ခေတ်တုန်းက နှစ်ဘားနဲ့. ရဲတိုက်ပိုင် အိုင်ပီဆိုတာ တော်တော်ကို တန်ခိုးအာဏာရှိတာပါ။ အဲတော့ ကျွန်တော်တို့. ပြန်မယ့် မနက်မှာ အဖေ့မိတ်ဆွေတွေက လာပြီး အမေ့ကို လမ်းမှာစားဖို့၊ သုံးဖို့. လက်ဆောင်တွေလာပေးကြ၊ ကျွန်တော်တို့. တတွေကိုလည်း "သားလေးတို့. အညာမှာ သုံးဖို့. မုန်း့ဖိုး" ဆိုပြီး ပေးကြနဲ့. ကျွန်တော်တို့. တိုက်ကြီး ရဲစခန်းက အိမ်ရှေ့မှာ တော်တော်စည်စည်ကားကား။ ကားထွက်ခါနီးတော့ ခရာတွေ ဘာတွေ တရှီးရှီးမှုတ်ပြီး ရဲအစောင့်ဂျစ်ကားက ရှေ့က၊ ကျွန်တော်တို့. မိသားစုဂျစ်ကားက နောက်ကလိုက်ပြီး အညာပြန်ယာဉ်တန်းဟာ တိုကကြီးကနေ ရန်ကုန်ကို ထွက်ခဲ့ကြပါတော့တယ်။ တော်တော်ကို လွမ်းမော သတိရစရာ အညာပြန်ဇာတ်လမ်းပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ଅଜେ

၁၉-၄-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၆)

(ဆရာဝန်ပေါက်စ ကျွန်တော့်ဘဝမှာ ပထမဆုံး ကိုယ်ပိုင်ကားအဖြစ် ရန်ကုန်မှာ ဝယ်ခဲ့တဲ့ ဘောက်ဆော ကားကြီးနဲ့ ရန်ကုန်ကနေ ဝမ်းတွင်း အမေ့အိမ်ကိုသွားတဲ့ မော်တော်ကား ခရီးရှည်ကြီး အကြောင်းရေး ရင်းကနေ အငယ်တုန်းက အမေနဲ့အတူ နွေကျောင်းပိတ် အညာပြန်ခရီးကို ပြောပြနေပါတယ်။)

အညာပြန်ခရီး (အဆက်)

ရန်ကုန်မှာ အဖေ့ ညီအရင်း ဦးမောင်ကလေး ရှိပါတယ်။ ဦးလေးဟာ အဲဒီတုန်းက ရန်ကုန် ဆပ်ပလိုင်းမင်းကြီးပါ။ ဆပ်ပလိုင်းဆိုတဲ့ဌာနဟာ ရန်ကုန်တစ်မြို့လုံး နို့ဆီနဲ့ သကြားကို ရာရှင်နဲ့ ဖြန့်နေ တဲ့ခေတ်မှာ ဆပပလိုင်းမင်းကြီးဦးလေးဟာ စားကုန်ပစ္စည်းအားလုံးရဲ့ ဖြန့်ဖြူးရေးကိုင်နေရတဲ့ တကယ့် ရာထူးကြီးပုဂ္ဂိုလ်တစ်ယောက်ပါ။ အဲလို ရာထူးသာကြီးနေပေမယ့် ဦးလေးနေတာကတော့ သိမ်ဖြူကွင်း အရှေ့ဘက်မှာရှိတဲ့ ကနေဒီဟောက်စ် (Kennedy House) လို့ရေးထားတဲ့ နှစ်ထပ်တိုက်က အခန်းလေး တစ်ခန်းမှာပါ။ ဦးလေးတိုက်ခန်းမှာ အိပ်ခန်း တစ်ခန်းပဲပါပါတယ်။ အိပ်ခန်းရှေ့က နေရာလေးကို သစ်သားနံရံလေး ကန့်လိုက်တော့ ရှေ့ကဧည့်ခန်း၊ နောက်မှာတော့ ထမင်းစား စားပွဲတစ်လုံးပါတဲ့ ထမင်းစားခန်းဖြစ်သွားရော။ ထမင်းစားခန်းနဲ့ ဆက်လျက်မှာ မီးဖိုချောင်ရှိတယ်။ နောက်တဆက်တည်း ကပ်လျက်မှာ ရေချိုးခန်း၊ အိမ်သာတစ်ခုပါတယ်။ ဦးလေးအိမ်မှာ ဦးလေးရဲ့ဇနီး အန်တီမြ (ဒေါ်မြမြ)၊ သူ့သား မောင်ဆန်နီ (ကိုမျိုးသန့်မောင်)၊ သမီးမတူး (မသန်းသန်းနွဲ့) နဲ့ အိမ်မှာ ထမင်းချက်တဲ့ ကောင်မလေး နေကြတယ်ဆိုတော့ သူ့တို့မိသားစုနဲ့ကို တိုက်ခန်းထဲမှာ ပြည့်နေပြီ။ ပိုဆိုးတာက ကျွန်တော့် အစ်ကိုအကြီးဆုံး ဦးတင်နွယ်ကလည်း စိန်ပေါလ်ကျောင်းတက်ရင်းနဲ့ သူတို့အိမ်မှာပဲနေတာ။ ဦးလေးနဲ့ အန်တီမြက အိပ်ခန်းထဲမှာ အိပ်၊ ကျန်တဲ့သူအားလုံးက ညအိပ်ခါနီးရင် အိမ်ရှေ့ဧည့်ခန်းထဲက ဆက်တီတွေ ဘေးကပ်ပြီး အားလုံးပြားအိပ်ကြရတဲ့အခြေအနေပါ။ ဒါပေမယ့် ဦးလေးဟာ အဲဒီအချိန်က ရာထူး အာဏာပါဝါ အပြည့်ရှိပေမယ့် အတော်ကို အေးအေးနေတတ်တဲ့သူတစ်ယောက်ဆိုတော့ ခြံကျယ် ကျယ်ဝယ်မယ် တိုက်ကြီးကြီးဆောက်မယ်ဆိုတဲ့ အတွေးတွေ ရှိပုံမပေါ်ပါဘူး။ သူ့တိုက်ခန်းလေးနဲ့သူ စုစု စည်းစည်း ခပ်ကြပ်ကြပ်နေရတာကိုပဲ ကျေနပ်နေတာပါ။ ဦးလေးအိမ်ခန်းက အဲလို သဘောတရားရှိနေ တော့ အမေနဲ့ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ ငါးယောက်ပေါင်း စုစုပေါင်း ခြောက်ယောက်ဟာ ဦးလေးအိမ်မှာ တည်းဖို့ သိပ်အဆင်မပြေဘူးပေါ့။ အဲဒါကြောင့် ကျွန်တော်တို့ မိသားစု အုပ်စုကြီး

တိုက်ကြီးမြို့ကနေ အညာပြန်ဖို့ ရန်ကုန်ရောက်တိုင်း ဝမ်းတွင်းက ကျွဲရိုင်းအထည်စက် ပိုင်ရှင် ဦးတင်ကြီး-ဒေါ်တင်ကြည်ရဲ့ ရန်ကုန်က တိုက်ခန်းမှာ တည်းလေ့ရှိပါတယ်။ (၁၉၅၇) ပတ်ဝန်းကျင် အဲဒီအချိန်က ဝမ်းတွင်းမြို့ အရမ်းကို တိုးတက်ကြီးပွားနေတဲ့ကာလပါ။ စက်မှုလက်မှုဘဏ်ချေးငွေတွေနဲ့ ရွှေဥဒေါင်းချည်စက်ကို တည်တယ်၊ တရုတ်ပြည်ကနေ ရက္ကန်းစက်နဲ့ ပစ္စည်းမျိုးစုံ ဝယ်တယ်။ မြန်မာပြည်တစ်ပြည်လုံးမှာ ဝမ်းတွင်းမြို့ဟာ ရကန်းရုံ အများဆုံးပါ။ ကျွန်တော်တို့မြို့ဟာ တကယ့်ကို အထည်လောကမှာ အချက်အချာအကျဆုံး မြို့တစ်မြို့ဖြစ်နေတဲ့ အချိန်ပေါ့။ ရွှေခြူး၊ ရွှေညြ၊ ကျွဲရိုင်း၊ စွန်ညီနောင်၊ သိန်းဆိုတာတွေဟာ ဝမ်းတွင်းမြို့က နာမည်ကြီး ရက္ကန်းစက်ရုံကြီးတွေပါ။ ခုနကပြောတဲ့ ကျွဲရိုင်းစက်ရုံပိုင်ရှင် ဦးတင်ကြီးက လမ်းမတော် ရဲစခန်းနဲ့ မျက်နှာချင်းဆိုင် ဘုန်းကြီးလမ်းနဲ့ မဟာဗန္ဓုလလမ်းထောင့်မှာရှိတဲ့ နှစထပ်တိုက်ကြီးတစ်လုံး (ယခု ပင်လုံထိပ်ထားတိုက်၊ စိုးမိုးကျော် ထီဆိုင်) ကို ပိုင်တာပါ။ ပြီးတော့ ဘုန်းကြီးလမ်းနဲ့ ကျူးကြီးလမ်းထောင့် စံပြရုံနဲ့ မျက်နှာချင်းဆိုင် နှစ်ထပ်တိုက် (ယခု ကုန်းထက် ကြက်ဆီထမင်းဆိုင်နဲ့ကပ်လျက်) က စွန်ညီနောင် ရက္ကန်းစက်ရုံပိုင်ရှင် ဦးကျော်-ဒေါ်တင်အေးတို့ မိသားစုရဲ့ တိုက်ပါ။ အဲလိုပဲ ဝမ်းတွင်းက ရက္ကန်းစက်ပိုင်သူဌေးတွေ တော်တော်များများဟာ ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့ နေရာတွေကို ဝယ်ထားကြတာ။ ကြံတုန်း အဲဒီခေတ်က ဝမ်းတွင်းမြို့ တိုးတက်အောင်မြင်ခဲ့တဲ့အကြောင်းတွေ သတိရလွမ်းလွန်းလို့ ခုခေတ်လူငယ် ဝမ်းတွင်း မြို့သားတွေသိအောင် ပြောပြချင်ပါသေးတယ်။ ရကန်းရုံတွေဟာ ရက္ကန်းစင် (၅၀)ကနေ (၂၀၀)ကျော်အထိ ရှိကြပါတယ်။ လုံချည်တစ်ထည်ကို တစ်ကျပ်လောက် မြတ်ပါတယ်။ စင် (၂၀၀)ရှိတဲ့ စက်ရုံဆိုရင် တစနေ့ကို လုံချည်ရာနဲ့ချီပြီး ထွက်တယ်ဆိုတော့ ရက္ကန်းရုံပိုင်တွေ တစ်နေ့ ဘယ်လောက် ငွေဝင်မလဲ ဆိုတာ တွေးသာကြည့်တော့။ ဝမ်းတွင်း မြို့လယ်ခေါင်က နာမည်ကြီး ဒေါ်အိုးအကြော်ဆိုင်မှာ အကြော် တစကျပ်ဖိုး ဝယ်ရင် ဘူးသီးကြော အခုနှစ်ဆယ်နဲ့ အဆစ်တစ်ခု အားလုံးပေါင်း တစ်ကျပ်ဖိုး အကြော် နှစ်ဆယ့်တစ်ခု ရတဲ့ခေတ်ဆိုတော့ လုံချည်တစ်ထည် တစ်ကျပ်မြတ်နေတ ဝမ်းတွင်းက စက်သူဌေးတွေ သိပ်ကို တွက်ရေးကိုက်တဲ့ ခေတ်ပါ။ အဲလို စက်သူဌေးတွေ တအားကို ကြီးပွားလာတဲ့အချိန်မှာ ဝမ်းတင်းတစ်မြို့လုံးက ရကန်းစက်ပိုင်တွေဟာ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် နောက်ဆုံးပေါ်ပုံစံနဲ့ တိုက်တွေဆောက်ကြတယ်။ ရန်ကုန်က အင်ဂျင်နီယာပုံဆွဲဆရာတွေနဲ့ ဒီဇင်းဆွဲတာဆိုတော့ တကယ့်ကို ကြည့်လို့ကောင်းတဲ့ ခေတ်မတိုက်တွေ ဝမ်းတွင်းမြို့ရဲ့ လမ်းမကြီးတွေဘေးမှာ အစီအရုပါ။ စက်သူဌေးတွေ စီးတဲ့ကားတွေကလည်း အဲဒီ အချိန်တုန်းက ခေတ်အစားဆုံး ချက်ပလက်လို့ ခေါ်ကြတဲ့ ရှယ်ဗရိုလေး (Cheverolet) နဲ့ ဘဲလ်အဲ (Belair) ကားအခန့်ကြီးတွေပါ။ အကြမ်းစီးဖို့ လင်းရိုဗာ (Land Rover) ကားနဲ့ ဂျစ်ကားတွေ ဝယ်ကြတယ်။ ပြီးတော့ အထည်ပို့ဖို့ ဖို့ဒ်၊ အီဇူဇူး၊ တိုယိုတာ၊ ကုန်ကားကြီးတွေလည်း စက်ရုံတိုင်းမှာ နှစ်စး၊ သုံးစးရှိကြတယ်။ ရက္ကန်းစက်ပိုင်တွေဟာ သူတို့ သားသမီးတွေကို မေမြို့က စိန့်အဲလ်ဘတ်၊ ကလောက ကင်းစ်ဝုဒ်၊ မန္တလေးက စိန်ပီတာ၊ စိန်ဂျိုးဇက်၊ အဲလို ခရစ်ယာန်

သာသနာပြုကျောင်းတွေမှာပဲ ထားကြတာ။ အဲဒီ ဘိုကျောင်းတွေပိတ်လို့ ရက္ကန်းစက်သူဌေးတွေရဲ့ သားသမီးတတွေ ပြန်လာကြပြီဆိုရင် ကျောင်းတံဆိပ်နဲ့ ဘလေဇာကုတ် အင်္ကျီတွေဝတ်လို့ ကာကီ ဘောင်းဘီရှည်တွေနဲ့ အရမ်းကြည်လို့ကောင်းပါတယ်။ ကျွန်တော့်တစ်သက် မေ့မရတာဟာ ဝမ်းတွင်းမြို့က တန်ဆောင်တိုင်ပွဲပါ။ စက်ရုံတိုင်းက ကားကြီး ကားငယ် အသွယ်သွယ်နဲ့ ပဒေသာပင်ကား၊ အလှပြကား၊ အတီးအမှုတ်ကား၊ မင်းသားမင်းသမီး ကားပေါင်းစုံ လှည့်ကြတာ။ စက်ရုံရဲ့ အမှတ်တံဆိပ်တွေကို အရုပ်ကြီးတွေလုပ်ပြီး မီးရောင်စုံနဲ့ အလှပြ ကားတွေ ထွက်ကြတာပေါ့။ ဆိုကြပါစို့ ဥဩစက်ရုံကဆိုရင် ကားပေါ်မှာ ဥဩရုပ်ကြီး အကြီးကြီးပေါ့။ ကျွဲရိုင်းစက်ရုံကတော့ တကယ့်ကို ကွဲအစစ်နဲ့ တူတဲ့ ကျွဲကြီးနှစ်ကောင်လုပ်ပြီး အထဲမှာ လူတွေဝင်ပြီး ကျွဲခတ်ကြတာ။ ကျွဲအစစ်နှစ်ကောင် ခတ်နေသလား အောက်မေ့ရတယ်။ စက်ရုံတစ်ရုံကနေ အဲလို လှည့်တဲ့ကား လေးစီးလောက်ထွက်ပါတယ်။ အဲဒီကားတွေ နောက်ကမှ စက်ရုံက အချောအလှ အမျိုးသမီးငယ်လေးတွေ အင်္ကျီလုံချည် တစ်ယောက်နဲ့တစ်ယောက်ဆင်တူလေးတွေဝတ်ပြီး စတိုင်တွေထုတ်ပြီး လမ်းလျှောက်လက်ကြတာ။ အဲဒီ တန်ဆောင်တိုင် ကားတန်းလှည့်တဲ့ လူတန်းကြီးဟာ ဝမ်းတွင်းမြို့ရဲ့ တစ်ခုတည်းသော ကတရာ လမ်းမကြီးပေါ်မှာ လှည့်ကြတာ၊ မနက် ဆယ်နာရီလောက်က စလိုက်ရင် ည ခုနှစ်နာရီလောက် မှောင်မှပြီးတော့တာပဲ။ ကျွန်တော်တို့ ကလေးတစ်သိုက်လည်း ကိုယ့်ရှိသမျှ အဝတ်တွေထဲက အကောင်းဆုံးဝတ်ကောင်းစားလှတွေ ထုတ်ဝတ်ပြီး အဲဒီ ပဒေသာပင် လှည့်တဲ့အတန်းကြီးကို ရှေ့နောက် ခေါက်တုံ့ခေါက်ပြန် ကျွဲကြည့်လိုက်၊ ဥဩ ကြည့်လိုက်၊ စွန်ကိုမော့လိုက်နဲ့ အလှပြကားပေါ်က အရုပ်ကြီးတွေကို ငေးလို့ ပျော်မှပျော်ပဲ။ တစ်မြို့လုံးက ကလေး လူကြီးမကျန် လမ်းမတန်းဘေးမှာ ရပ်လို့ တန်ဆောင်တိုင် လှည့်ပွဲကြီးကို ငေးမောကြည့်ကြတာ။ အခုပြန်စဉ်းစားမိတော့ ဒို့ ဝမ်းတွင်းမြို့ ပဒေသာပင် လှည့်တာဟာ ဘရာဇီးနိုင်ငံက ကာနီဗယ်ပွဲလှည့်တာနဲ့ တော်တော်တူပါလားလို့ တွေးမိပါ တယ်။ ကျွန်တော်ဇာတိ ဝမ်းတွင်းမြို့ စည်ကားထွန်းပေါက် အောင်မြင်ခဲ့တာနဲ့ပတ်သက်လို့ နောက်တစ်ခု သတိရတာရှိပါသေးတယ်။ အဲဒါကတော့ ဝမ်းတွင်းမြို့က ရှင်ပြုအလှူပွဲကြီးတွေပါ။ ကျွဲရိုင်းစက်ရုံပိုင်ရှင် ဦးတင်ကြီး အလှူမှာ တုန်းကဆိုရင် အငြိမ့်(၇)ရက်တောင် ထည့်ပါတယ်။ အဲဒီတုန်းက လျှမ်းလျှမ်းတောက် ယိုးဒယားပြန် အမာစိန်နဲ့ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်း အငြိမ့်တွေလည်းပါတယ်။ ဆိုဗီယက်ပြန် ဦးမောင်မောင် ဆပကပ်လည်း ထည့်သေးတယ်။ ညအလှူမဏ္ဍပ်မှာ ဆိုင်းဝိုင်းကြီးက အလှူ အကြို၊ ပွဲကြီးရက်နှစ်ရက်ပါသေးတယ်။ မဏ္ဍပ်ကြီးက မီးတွေ ထိန်လင်းပြီး အတော်ကြီးကို သားနား ခန့်ညား ထယ်ဝါတာပါ။ ရှင်လောင်းတွေကို ပိုးပုဆိုး၊ ပိုးအင်္ကျီတွေ ဝတ်ပေးပြီး အကောင်းဆုံးဆိုတဲ့ မကိုင့်စလွယ်တွေဆင်၊ မိတ်ကပ်၊ နှုတ်ခမ်းနီချယ်ပြီး ပန်းပွားတန်ဆာတွေ ဆင်ထားတဲ့ မြင်းတွေပေါ်မှာ တစ်ယောက်စီတင်ပြီး လှည့်၊ အညာရှင်လောင်းပွဲတော်ကြီးပါ။ ရှေ့ဆုံးက ဆိုင်းဝိုင်းနဲ့ မင်းသားတင်ထားတဲ့ကား။ နောက်က မြင်းစီးရှင်လောင်းတွေ၊ ပြီးတော့မှ ဝမ်းတွင်းမြို့ရဲ့ အလှဆုံး ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အမျိုးသမီး

လှလှလေးတွေ၊ အဲဒီနောက် စက်ရုံဝန်ထမ်းတွေ၊ ပြီးတော့မှ လူကြီးမိဘတွေ၊ တိုက်ပုံ၊ ခေါင်းပေါင်း၊ ပုဝါနဲ့ နည်းတဲ့ လူတန်းရှည်ကြီး မဟုတ်ဘူး။ ခြေလျင်ပဲလျှောက်ကြတာ။ လူတန်းကြီးဆုံးတော့မှ နောက်ဆုံးက ဝမ်းတွင်းမြို့မှာ ခေတ်အမီဆုံး တီးဝိုင်းနဲ့ မြို့ထဲက အဆိုအကောင်းဆုံး အပျော်တန်းအဆိုတော် နှစ်ယောက် သုံးယောက်။ တီးဝိုင်းဆိုလို့ အင်္ဂါးလိုက်တဲ့ မြို့ကြီးတွေကအဖွဲ့တွေလိုဟာမျိုးမဟုတ်ပါဘူး။ ဝါသနာအလျောက် ဘင်ဂျိုတီးတဲ့သူ၊ မယ်ဒလင်သမား၊ တယောထိုးတဲ့ဦးဘသိန်းနဲ့ နဲ့တစ်လက်၊ ခြောက်လုံးပတ ဗတီးဆရာပေါ့။ အဲဒီခေတ်တုန်းက ဘင်ဂျို မယ်ဒလင်ဆိုတာ အရမ်းခေတ်စားတာ။ အဲလို သံစုံတီးဝိုင်း ပါတော့ ပွဲအရမ်းစီတာ။ ရှေ့မှာပြောခဲ့သလိုပဲ ဝမ်းတွင်းမှာ ဘာပွဲလှည့်လှည့် တစ်ခုတည်းရှိတဲ့ ကတ္တရာ လမ်းကြီးပေါ်မှာပဲလှည့်တာဆိုတော့ ရှင်လောင်း လှည့်တာလည်း ဒီလမ်းကြီးပေါ်မှာပဲ လှည့်တာ။ ညနေ သုံးနာရီလောက်က လှည့်တာ မိုးချုပ်တဲ့အထိပဲ။ မြို့ထိပ် ညောင်ပင်ကြီးအောက်က နတ်ကွန်းမှာ နတ်ပြဿီး နောက်ဆုံးမှ ဆချဖို့ ဘုန်းကြီးကျောင်းကို ရောက်သွားပါတယ်။ အဲလို အလှူရှင်လောင်း လည့်တာကို ရန်ကုန်က ရုပ်ရှင် ကင်မရာမင်းတွေ ခေါ်ပြီး ရုပ်ရှင်ရိုက်ပါသေးတယ်။ ဝမ်းတွင်းမြို့ရဲ့ စန်းထခဲ့တဲ့ခေတ်ကို ပြန်တွေးသတိရ လွမ်းမိပါတယ်။ ကျွန်တော်တို့ အညာပြန်ခရီးကို ဆက်ပြောရမယ် ဆိုရင် တိုက်ကြီးက ထွက်လာပြီး ရန်ကုန်ရောက်တာနဲ့ ဘုန်းကြီးလမ်းက ဦးတင်ကြီးတို့တိုက်ကို သွားတည်းပါတယ်။ သူတို့က ဝမ်းတွင်းမှာပဲ နေကြပြီး ရန်ကုန် ဘုန်းကြီးလမ်းမှာ တိုက်အပို ဝယ်ထားတဲ့သဘောဆိုတော့ အပေါ်ထပ် တစ်ထပ်လုံး ကျန်တော်တို့ လွတ်လွတ်လပ်လပ် တည်းလို့ ရပါတယ်။ ဦးတင်ကြီးအပါဝင် ဝမ်းတွင်းက လူတွေဟာ အဖေနဲ့အမေ့ကို တော်တော်လေး ခင်ခင်မင်မင် လေးလေးစားစား ရှိကြပါတယ်။ အဖေဟာ ဝမ်းတွင်းမြို့မှာ ဒုတိယ ကမ္ဘာစစ်အတွင်းနဲ့ စစ်ပြီးကာလ အတော်ကြာကြာ ရဲဌာနာအုပ်လုပ်ခဲ့တာပါ။ ဌာနာအုပ်ဆိုတာ ပခုံးမှာ တစ်ဘားတင်ထားတဲ့ အရာရှိပါ။ အင်္ဂလိပ်လိုတော့ (Sub-inspector of Police) အတို အက်စ်အိုင်ပီ SIP လို့ခေါ်တယ်။ မြန်မာအသံထွက်နဲ့ ဆပအင်စပက်တော်ပေါ့။ ဆပ်အင်စပက်တော် ခေါ် အက်စ်အိုင်ပ SIP ဌာနာအုပ်ဟာ တိုက်ပိုင်လို့ခေါ်တဲ့ အင်စပက်တော် အိုင်ပီ IP အောက် တစ်ဆင့်နိမ့်တဲ့ ရဲအရာရှိပေါ့။ အဖေဟာ အလွန်ကိုဖြောင့်မတ်ပြီး တည်ကြည်တဲ့ ဝမ်းတွင်းဂါတ်တဲက အက်စ်အိုင်ပီ ရဲအရာရှိ ဌာနအုပ်၊ သဘောလည်း အရမ်းကောင်းတယ်၊ သူ့ဇနီးကလည်း ဝမ်းတွင်းနယ် တောင်ဘသူ ဒေါ်ခင်ခင်ဆိုတော့ အဖေနဲ့အမေကို ဝမ်းတွင်းတစ်မြို့လုံးက ချစ်ကြ ခင်ကြတာပေါ့။ နောက်ပြီး ဝမ်းတွင်း ရဲဂါတ်တဲတစ်ခုလုံးမှာလည်း အဖေ တပည့်ဖြစ်ခဲ့တဲ့ ရဲသား၊ ရဲကြပ် အများကြီး ရှိတယ်။ ဒါကြောင့် အမေနဲ့ကျွန်တော်တို့ အညာပြန်မယ်ဆိုရင အားလုံးကဝိုင်းပြီး ကူညီကြပါတယ်။ ရန်ကုန်မှာ ခနတည်းတုန်း ဦးတင်ကြီးတို့က တိုက်ခန်းပေးထားရုံမကဘူး ဟိုနား ဒီနားသွားဖို့ ဂျစ်ကားလေးတစ်စင်း ပေးထားပါသေးတယ်။ ရန်ကုန်ရောက်တာနဲ့ ပထမဆုံးလုပ်ရတာက တော့ ဦးလေး ဦးမောင်ကလေးရဲ့ ကနေဒီအိမ်ကိုသွားပြီး ကန်တော့ရပါတယ်။ အမေက ဦးလေးထက်

အသက်ငယ်တော့ အမေ့ကို ဦးလေးက ခင်ခင်လို့ပဲ ခေါ်ပါတယ်။ တွေ့တွေ့ချင်း ဦးလေးက "ခင်ခင်တို့ ငါအိမ်တည်းရောပေါ့ဟာ" လို့ ပြောပါတယ်။ အဲဒါဟာ သူ့စိတ်ထဲက တကယ့်ကို တည်းစေချင်တဲ့ဆန္ဒနဲ့ ပြောတာပါ။ ဦးလေးဟာ အမျိုးတွေကို တော်တော်လေး ခင်တတ်တဲ့သူတစ်ယောက်ပါ။ သူ့အိမ်မှာ တူတွေ တူမတွေ တရုန်းရုန်းနဲ့ဆိုရင် ဦးလေးပျော်တာပဲ။ သူ့ရဲ့အခန်းကျဉ်းလေးထဲမှာ ကျွန်တော်တို့တတွေ ဝုန်းဒင်းကြဲ ပြေးကြ ဆော့ကြနဲ့ဆိုရင် သူ သဘောသိပ်ကျပါတယ်။ အဲဒီ မျိုးရိုးဗီဇကြောင့်ထင်ပါရဲ့၊ ကျွန်တော်လည်း အခုအိမ်မှာ အမျိုးတွေ အများကြီးရှိရင် အရမ်းသဘောကျတာ။ အဲလို ဦးလေးအိမ်မှာ ကျွန်တော်တို့ ကလေးတစ်သိုက် ဆော့ကြလို့ မောပြီဆိုရင် အန်တီမြက "ဟဲ့ မောင်တူးတို့ ခင်မောင်ဝင်းတို့ လာကြ၊ ထမင်းစားကြတော့" ဆိုပြီး တနေစီကျွေးတော့တာပဲ။ အန်တီမြဟာ ပြည်ဇာတိပါ။ အောက်သူဖြစ်လို့လား သူ့ဖာသာကို နဂိုကတည်းက ဝါသနာပါလို့လား မသိ၊ ထမင်းဟင်းချက် အရမ်းကောင်းပါတယ်။ အမေတို့ ချက်တာထက် အန်တီမြလက်ရာက ပိစားလို့ ကောင်းပါတယ်။ ဝက်သားနဲ့ငါးဟင်းချက်တာဆိုရင် ဆီလည် ရေလည်လေးနဲ့ အနှစ်ကလည်း ပျစ်ပျစ်လေး စားလို့ ဘယ်လို ကောင်းမှန်း မသိဘူး။ ဘာဟင်းချက်ချက် အန်တီမြချက်ရင် ကောင်းတာချည်းပဲ။ အန်တီမြရဲ့ ငါးခချဉ်ရည်ဟင်းကတော့ ကျွန်တော် အကြိုက်ဆုံးပါ။ မုန်လာရွက်၊ မုန်လာဥနဲ့ ငါးခူလတ်လတ်ဆတ်ဆတ နှစ်ကောင်လောက် ထည့်ချက်ထားတဲ့ အောက်ပြည်က ချဉ်ရည်ဟင်းဟာ ကျွန်တော် အညာသား ပါးစပ်မှာ စွဲနေပါတယ်။ အန်တီမြ ပြင်ပေးတဲ့ ထမင်းဝိုင်းမှာ ကျွန်တော်တို့တတွေဟာ ထမင်းကို တစ်ပန်းကန်ပြီး တစ်ပန်းကန် စားကြတာ အမေက ဝင်တားယူရတဲ့အထိပါ။ ကျွန်တော်တို့တတွေ အဲလောက် ရုပ်ပျက်ဆင်းပျက် စားကြတော့ အမေ နည်းနည်းရှက်တော့တာပေါ့။ အမေက "မြမြရယ် အိမ်မှာလည်း အမြဲတန်း သူတို့ ကြိုက်တာကို ချက်ကျွေးနေတာပဲ၊ ကလေးတွေက မြမြလက်ရာကို ကြိုက်ကြလို့ တအားစားကြတာ အားနာလိုက်တာ၊" လို့ ပြောရင် အန်တီမြက "ခင်ခင်ရယ် ကလေးတွေပဲ ကြိုက်သလောက်စားပါစေ" လို့ ပြောပါတယ်။ အန်တီမြကလည်း ဦးလေးမိန်းမဆိုပေမယ့် ကျွန်တော် တို့ကို တော်တော်လေး ချစ်ရှာပါတယ်။ ကျွန်တော်တို့ ရောက်ပြီဆိုတာနဲ့ သူ့ဘီရိုတွေမွှေ၊ လက်ဆောင် ရထားတဲ့ အင်္ကျီ၊ ဘောင်းဘီ၊ ပစ္စည်းအတိုအထွာတွေ ထုတလာ၊ "လာစမ်း မောင်တူး ဒါလေးဝတ်ကြည့် မင်းနဲ့ တော်ရင်ယူ" ဆိုပြီး ကျွန်တော်အစ်ကို ဦးခင်မောင်တင့်ကို ပေးလိုပေး၊ "ခင်မောင်ဝင်းကတော့ အကောင်းကြိုက်တဲ့ကောင် ဒါလေးယူ" ဆိုပြီး အင်္ကျီအသစ်လေး ထိုးထည့်၊ တူတွေ တူမတွေ လူစေ့တက်စေ့ ပစ္စည်းတွေ ရအောင် ဘီရိုတကာ မွှေနှောက်ရှာပါတော့တယ်။ ဦးလေးကြီးကတော့ သူ့အိမ်မှာရယ် မဟုတ်ဘူး၊ ဘယ်တော့ ဘယ်မှာတွေ့တွေ့ "လာ မင်းတို့ကို မုန့်ဖိုးပေးမယ်" ဆိုပြီး ကျွန်တော်တို့အားလုံးကို မုန့်ဖိုးနှင့်နေအောင် ပေးပါတယ်။ နှင့်နေအောင်ပေးတယ် ဆိုတာ တစ်ယောက်ကို တစ်ဆယ်လောက်ပေးတာကို

ပြောတာပါ။ ဘာလို့ ဒီလိုတင်စား ပြောရသလဲ ဆိုတော့ တစ်ဆယ်ဆိုတာ အဲဒီခေတ်က တိန်တိန်မြည်အောင် သုံးလို့ရတယ်။ ကျွန်တော်တို့ ဦးလေးပေးတဲ့ မုန့်ဖိုးရလို့ အိတ်ကပ်ထဲ သိမ်းမယ်လည်း လုပ်ရော၊ အမေက "ဟဲ့ ကလေးတေ ပိုက်ဆံတေ ပျောက်ကုန်လိမ့်မယ် အမေ့ ပေးထား၊ သိမ်းထားပေးမယ်" လို့ ပြောပါတယ်။ အဲလိုဆိုရင် ကျွန်တော်တို့ ကလည်း မုန့်ဖိုးပိုက်ဆံကို အမေ့ကို သိပ်မပေးချင်ကြဘူး။" အမေ ကျွန်တော်တို့ ပိုက်ဆံ ပြန်ပေးရမှာနော်၊ ဟိုတစခါ ဘကြီးသန်း (အဖေ့အစ်ကိုကြီး)ပေးတဲ့ မုန့်ဖိုးတွေလည်း ပြန်မရသေးဘူး" ဆိုပြီး ပြောကြတယ်။ အမေက "အမေ ပြန်ပေးမှာ၊ လာ အမေ့အပ်ထားကြ" ဆိုပြီး ချော့မော့ပြီး ကျွန်တော်တို့ အားလုံးရတဲ့ မုန့်ဖိုးတွေ သိမ်းသွားပါတယ်။ အဲဒီနောက် ဦးလေးကြီးနဲ့ အန်တီမြကို ကန်တော့ပြီး ကျွန်တော်တို့ ဘုန်းကြီးလမ်း တိုက်ကို ပြန်ကြပါတယ်။ ရန်ကုန်ရောက်တုန်း အမေကတော့ သူ့အသိအကျွမ်း ရဲမင်းကြီးကတော်၊ မြို့ပိုင်၊ နယ်ပိုင်ကတော်တွေဆီ သူတစ်ယောက်ထဲ လျှောက်လည်၊ တွေ့သင့်တဲ့လူကိုတွေ့၊ ဂါဝရပြုတာတွေ လုပ်ပါတယ်။ ကျွန်တော်တို့ကို ခေါ်ပြီး သွားလေ့ရှိတဲ့ အိမ်ကတော့ အမေ့ ညီမ ယောကျ်ားရဲ့အစ်ကို ဗိုလ်မှူးစန်းလွင် (ဒုတိယဗိုလ်မှူးကြီး၊ တပ်မတော် မော်ကွန်းတိုက်မှူး - ငြိမ်း) အိမ်ပါ။ ဦးကြီးစန်းလို့ ကျွန်တော်တို့က ခေါ်ပါတယ။ ဦးကြီးစန်းရဲ့ဇနီး ဒေါ်တင်မြဟာ ပြီးခဲ့တဲ့လကပဲ အသက် (၈၄)နှစ်မှာ ကွယ်လွန်သွားပါတယ်။ ဦးကြီးစန်းကတော့ အခုထက်ထိ ကျန်းမာလျက်ပါပဲ။ ဦးကြီးစန်းတို့အိမ်က တပ်မတော်ကပေးထားတဲ့ လုံးချင်းတစ်ထပ်တိုက် ပါ။ တော်တော်ကို ခြံကျယ်ဝန်းကျယ်နဲ့ ပြေးလို့လွှားလို့ ဆော့လို့ သိပ်ကောင်းတာ။ ဦးကြီးစန်းသမီး မာဂရက်နဲ့ ကျွန်တော်နဲ့က ရွယ်တူ။ သူတို့အိမ်မှာ ကစားစရာ အရုပ်မျိုးစုံရှိတော့ တောသား ကျွန်တော်ဟာ မာဂရက်အရုပ်တွေ သိပ်သဘောကျပါတယ်။ ကျွန်တော်က ဟိုအရုပ်ယူချင်၊ ဒီအရုပ်ယူချင် လက်ထဲက မချလုပ်ရင် အမေက "ဟဲ့ သူများအရုပ်တေ ထားခဲ့" လို့ ပြောပါတယ်။ ကျွန်တော်က ပေကပ်ကပ်လုပ်ပြီး မော်တော်ကားရုပ်လေးတစ်ရုပ်ကို ပြန်မပေးလို့ အမေ ကျွန်တော့်ကို အတော်ဆူခဲ့တာကို မှတ်မိပါသေးတယ်။ အမေဟာ အဲလို ကလေး တစ်သိုက်နဲ့ အညာပြန်ခရီး ရန်ကုန်မှာ တစ်ထောက်နားတဲ့အချိန်မှာ အလုပ်တွေကို ဇယ်ဆက်သလို လုပ်ပါတယ်။ ရှေ့မှာ ပြောခဲ့သလိုပဲ အညာရောက်ရင် ပြန်ရောင်းဖို့ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်တွေ ဝယ်တယ်၊ သိမ်ကြီးစေ့းကိုသွား ပိတ်စ၊ အထည်၊ မိန်းမဝတ်လုံချည်တွေ ဝယ်လာလိုက်တာ နည်းနည်းနောနော မဟုတ်ဘူး။ ပိတ်စတွေကို အမေဝယ်တာက ပိတ်စအတိုင်း ပြန်ရောင်းဖို့တင် မဟုတ်ဘူး။ အဲဒီ ပိတ်စတွေကို စက်ချုပ်တော်တဲ့ အမေက သူ့ဖာသာသူ ပုံစံမျိုးစုံလိုက်ပြီး အင်္ကျီလေးတွေ ပြန်ချုပ်ပြီး ရောင်းပါသေးတယ်။ အဲတော့ ပိတ်စသက်သက် ရောင်းတာထက် တွက်ခြေပိုကိုက်တာပေါ့။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ အညာပြန်ခရီးမှာ သယ်ရမယ့် ပစ္စည်းတွေဟာ တစ်တောင်းပြီးတစ်တောင်း၊

တစ်ခြင်းပြီး တစ်ခြင်း၊ တစ်ထပ်ပြီး တစ်ထုပ် တိုးသထက်တိုးလို့သာ လာတော့တယ်။ အဲဒီခေတ်က အညာမှာ ကိတ်မုန့်ကောင်းကောင်း ဆိုတာ သိပ်ရှားတော့ ရန်ကုန်မှာ နာမည်ကြီး ရှာမီးကိတ်တိုက်က အဆော့တစ်ကိတ် (၁၀)ဘူး လောက်လည်း မပါမဖြစ်ရအောင် သယ်တယ်။ နောက်ပြီး အိမ်နီးနားချင်းတွေ ဝေဖို့ ရှားမီးချိုချဉ် အထုပ်(၂၀)လောက်လည်း ပါသေးတယ်။ ဒီလိုနဲ့ ရန်ကုန်မှာ ခနနားတဲ့ သုံးရက်လောက်အတွင်းမှာ အညာကိုသယ်ဖို့ ပစည်းအားလုံးစုံသွားပါတယ်။ ကျွန်တော် အံ့ဩမိတာ ကတော့ မမောနိုင် မပမ်းနိုင် တစ်စက်မှ မညည်းမည။ ကလေးငါးယောက်ကို ထိန်းရတာ တဖက်၊ ပစည်းတွေ ဝယ် ထုပ် သိမ်းဆည်း တာလည်း အလုပ်မပျက် သိပ်ကို အလုပ်လုပ်နိုင်တဲ့ အမေပါ။ အမေ ဘယ်ကမျှား ခွန်အားစွမ်းပကားတွေရပြီး ဒီလို သားသမီးတွေအတွက် မိသားစုအတွက် လုပ်သွားနိုင်ပါလိမ့်၊ သားသမီးတွေ အတွက်ဆိုတဲ့ လှုံ့ဆော်မှုကနေ အမေ့ရဲ့ စိတ်ဓါတ်ကြံ့ခိုင် ကျန်းမာမှုကို ပေးသွားပြီး အမေဒီလို လုပ်သွားနိုင်တာ ထင်ပါရဲ့လို့ တွေးမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အမေ

၂၁-၅-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၇)

(ဆရာဝန်ပေါက်စ ကျွန်တော့်ဘဝမှာ ပထမဆုံး ကိုယ်ပိုင်ကားအဖြစ် ရန်ကုန်မှာ ဝယ်ခဲ့တဲ့ ဘောက်ဆောကားကြီးနဲ့ ရန်ကုန်ကနေ ဝမ်းတွင်း အမေ့အိမ်ကိုသွားတဲ့ မော်တော်ကား ခရီးရှည်ကြီး အကြောင်းရေးရင်းကနေ အငယ်တုန်းက အမေနဲ့အတူ နွေကျောင်းပိတ် အညာပြန်ခရီးကို ပြောပြနေပါတယ်။)

အညာပြန်ခရီး (အဆက်)

အညာမပြန်ခင် ရန်ကုန်မှာ သုံးရက်လောက်နေတဲ့ အချိန်အတွင်းမှာ အမေဟာ ဟိုသွားဒီသွား၊ တွေ့သင့်တဲ့သူတွေ တွေ့၊ ကန်တော့သင့်တဲ့လူ ကန်တော့၊ ဆွေပြမျိုးပြ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေကို ရန်ကုန်က အမျိုးတွေဆီခေါ်သွားနဲ့ လူမှုရေးကိစ္စတွေ ထောင့်စေ့အောင် လုပ်ရှာပါတယ်။ ပြီးတော့လည်း စျေးတကာလိုက်၊ လက်ဆောင်ပေးဖို့၊ ပြန်ရောင်းဖို့၊ အညာမှာရှားတဲ့ ပစ္စည်းမျိုးစုံဝယ်၊ တစ်ခုမကျန် အညာကိုသယ်ဖို့ ခြင်း၊ သေတ္တာ၊ ထန်းခေါက်ဖာတွေနဲ့ အမျိုးမျိုး ထုတပိုးပြင်ဆင်ပါတယ်။ ကျွန်တော်တို့တတွေကတော့ အမေ့ကို ကူရမှန်းလည်းမသိ၊ အမေမောနေအောင် အလုပ်မျိုးစုံ လုပ်နေတာလဲ ဂရုမစိုက်မိ၊ ပြေးလိုက်ဆော့လိုက်နဲ့ အညာပြန်ရမယ့်ရက်ကိုပဲ မျှော်နေကြတယ်။ ဝမ်းတွင်းရောက်မှ အမေကြီးတို့ချက်တဲ့ အညာထမင်း ဟင်းစား၊ အားရပါးရ ပြေးလွှားကစားကြဖို့ တာစူထားကြပါတယ်။ ကလေးသဘာဝ ဆော့ကစားနေကြပေမယ်လို့ ရန်ကုန်က သူများအိမ်မှာ တည်းပြီး နေရထိုင်ရတာဟာ ကျွန်တော်တို့အဖို့ သိပ်ကို စိတ်ကျဉ်းကြပ်လွန်းပါတယ်။ တိုက်ခန်းထဲမှာဆိုတော့ နေရတာ ကျဉ်းကျဉ်းကျုတ်ကျုတ်၊ ကျွန်တော်တို့က တိုက်ကြီးရဲစခန်းထဲမှာ ကျယ်ကျယ်ဝန်းဝန်း၊ လေကောင်းလေသန့် အပြည့်ရှုပြီးတော့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ရဲစခန်းကြီး တစ်ခုလုံးထဲမှာ နေရာမကျန်အောင် ခုန်ပေါက်ပြေးလွှားကစားနည်းမျိုးစုံနဲ့ ကစားခဲ့တာ။ အခုခေတ်မှာ ရဲစခန်းလို့ ခေါ်ပေမယ့် ကျွန်တော်တို့ အငယ်တုန်းကတော့ ဂတ်တဲလို့ခေါ်ပါတယ်။ အခုထိ ကျွန်တော်တို့ ပါးစပ်ထဲမှာ ဂတ်တဲဆိုတာ စွဲနေပါသေးတယ်။ ရဲစခန်းလို့ မနည်းကို ကြိုးစားပြီး ပြောရပါတယ်။ အဲဒီတိုက်ကြီးရဲစခန်းအနောက်ဖက်ကို မျှော်ကြည့်လိုက်ရင် လယ်ကွင်းပြင်စိမ်းစိမ်းစိုစိုတွေ မျက်စေ့တဆုံး၊ လယ်သမားတွေ လယ်ထွန်ကြ၊ ကောက်စိုက်သမတွေ စပါးစိုက်ကြတာကို ဂါတ်တဲ သံဆူးကြိုး ခြံစည်းရိုးနားသွားပြီး ကျွန်တော်တို့ တတွေ ငေးမောကြည့်ရတာ ဘယ်လိုအရသာရှိမှန်းမသိဘူး။ ဒီလယ်သမားတွေကြားထဲမှာလယ်ထဲလာပြီး ဖားနှိုက်၊ ငါးနှိုက်လုပ်တဲ့သူတွေကလည်း အများကြီးတွေ့ရတယ်။ ပြီးတော့

ဝါးလုံးနှစ်လုံးနဲ့ အလယ်မှာ စကာလေးတပ်ထားပြီး အဲဒါလေးကို လယ်ထဲလျှောက်ထိုးသွားပြီး မလိုက်ရင် ငါးတွေ၊ ပုဇွန်တွေ စကာထဲမှာ တထွေးကြီး ပါတာတွေကို လိုက်ကြည့်ရတာကလည်း အမော၊ ပုဇွန်လုံးတွေကတော့ လယ်ထဲမှာ အပေါဆုံးပါ။ အဲဒီလူတွေရဲ့ တောင်းပလိုင်းထဲက မိလာတဲ့ ငါး၊ ပုဇွန်၊ ငါးရှဉ့်၊ ဖား အကောင်ပလောင်တွေကို ကြည့်ပြီး "ဟိုလူ ငါးရံ့ကြီးရသွားတယ်၊ ငါးရှဉ့်တွေလည်း မိသွားတယ်နော်၊ ဖားအကြီးကြီး သုံးကောင်တောင် မိတယ်" ဆိုတာမျိုးတွေ ကျွန်တော်တို့ ကလေးပရိသတ် အချင်းချင်းပြောကြပြီး စိတ်ထဲမှာ အကုသိုလ်တွေ တဖွားဖွားဖြစ်ကြတာ။ အဲလိုစိတ်တွေကြောင့် တစ်ခါတလေ ငါတို့လည်း လယ်ထဲဆင်း ဖားငါးရှာကြဦးမယ်ဆိုပြီး ဂါတ်တဲ ခြံစည်းရိုး သံဆူးကြိုးခပ် လျော့လျော့ဖြစ်နေတဲ့ နေရာလေးကနေ လူထွက်ပြီး လယ်ထဲကို ကိုယ်တိုင်ဆင်းမိကြသေးတယ်။ အဲလိုလုပ်တာ အမေတွေ့လို့ကတော့ ကောင်းကောင်းအငေါက်ခံရပြီသာမှတ်ပေတော့။ ပြီးတော့ ဒီနေ့အထိ မှတ်မိနေသေးတာကတော့ အဲဒီလယ်ကွင်းအစပ်မှာတွေ့ရတဲ့ လင်းတအုပ်လိုက်ကြီးပါ။ အဲဒီတုန်းက လင်းတတွေ သိပ်ကိုပေါပါတယ်။ လင်းတတွေဟာ ခွေးသေကောင်လို အပုပအသိုးတွေ ကို စားလေ့ရှိတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ တိုက်ကြီး ရဲစခန်းအနောက်ဘက် သံဆူးကြိုး ခြံစည်းရိုး အနားမှာ အမှိုက်ပုံရှိတော့ လင်းတတွေဟာ စွန့်ပစ်ထားတဲ့ အညစ်အကြေးတွေကို လာဖွကြတာပါ။ လင်းတကြီးတွေဟာ အကြီးကြီးတွေပါ။ ကျွန်တော်တို့က လက်ခုပ်တီး၊ ရှူးရှူးနဲ့ အော်ဟစ်ပြီး ချောက်ကြ၊ လှန့်ကြလည်း လင်းတတွေက မကြောက်ကြဘူး။ ထလည်းမပျံဘူး။ အနားအထိသွားပြီး ဖမ်းမတတ်လုပ်မှ ထပြေးတာ။ အခုခေတ်လူငယ်တွေ တော်တော်များများဟာ လင်းတဆိုတာကို မမြင်ဘူးကြတော့ပါဘူး။ ပြီးတော့ အဲဒီတုန်းက စွန်တွေလည်း အရမ်းပေါပါတယ်။ ကျွန်တော်တို့ ရဲစခန်းထဲက ရဲအိမ်တွေမှာ မွေးထားတဲ့ ကြက်တွေကို ခဏခဏလာပြီး သုတ်ပါတယ်။ အဲလို လွတ်လပ်ကျယ်ပြန့်တဲ့ ပတ်ဝန်းကျင် သဘာဝကြီးထဲမှာ နေလာခဲ့တဲ့ ကျွန်တော်တို့ ရန်ကုန်တိုက်ခန်းကျဉ်းလေးထဲမှာ အိမ်ရှင်တွေနဲ့ ရောပြီး တည်းရတော့ ကြိုးတုတ်၊ ချုပ်နှောင် ထားသလို ခံစားကြရပါတယ်။ ဒါကြောင် အညာရောက်ရင် ဝမ်းတွင်းက အမေ့တိုက်ရှေ့ တမာပင်ကြီး အောက်မှာ အမျိုးစုံဆော့၊ ရုံးကြီးရှေ့က ကွက်လပ်ကြီးမှာ စက်ဘီးစး၊ ငွေလှိမ့်၊ ပိုလိုကားပစ်၊ အမျိုးစုံလုပ်ကြမယ်ဆိုတဲ့ အတွေးတွေနဲ့ အညာပြန်မယ့် ရက်ကိုပဲ စောင့်နေကြရ ပါတော့တယ်။ အဲလို ရန်ကုန်မှာ ခဏတည်းနေတုန်း ကျွန်တော်တို့ စိတ်ထဲမှာ နေရတာအဆိုးဆုံးက ရန်ကုန်က အိမ်သာပါပဲ။ နယ်မှာ တွင်းအိမ်သာကို သုံးပြီးနေလာခဲ့တာ။ ရန်ကုန်ရောက်တော့ တည်းတဲ့အိမ်က အိမ်သာက ဘိုထိုင်ကမုတ်၊ ကျန်တော်တို့တတွေ ဒုက္ခရောက်တာပဲ။ ကမုတ်ပေါ်မှာ ဖင်ချထိုင်ရမှာကို စိတ်ထဲမှာ မသန့်ဖြစ်နေတယ်။ အဲလိုထိုင်ပြီး အိမ်သာတက်လိုက်ရင် ကိုယ့်မစင်တုံးကျသွားပြီး ရေတွေ ကိုယ့်ကို လာစင်မလား တွေးမိပြန်ရော၊ သူများ ထိုင်ပြီးသားနေရာကြီးမှာ ထိုင်ရမှာကိုလည်း စိတ်ထဲမှာ တမျိုးကြီး။ နောက်ဆုံးရောက်တော့ မတတသာဘူး၊ ဘိုထိုင်ကမုတ်ပေါ်မှာ

မြန်မာစတိုင်နဲ့တက်ပြီး ဆောင့်ကြောင့် ထိုင်လိုက်ရတော့တာပါပဲ။ ကိစ္စဝိစ္စပြီးလို့ ကမုတ်ပေါ်ကလည်း ဆင်းလိုက်ရော ကိုယ့်ဖိနပ်ရာကြီးတွေ ကမုတ်ပေါ်မှာ ထင်ကျန်ခဲ့လို့ ရေနဲ့ ပြောင်အောင် ပြန်ဆေးရတာက အလုပ်တစ်ခု။ ပြီးတော့ ကမုတ်ကို ရေဆွဲမချခင် ကိုယ့်ပစည်းတွေ ရေထဲမှာ ပေါလောပေါ် နေတာ မြင်ရတာကလည်း မသတီစရာ။ တစ်ခါတလေ ဒုက္ခများတာက ရှိသေးတယ်။ ကိုယ်က အိမ်သာထဲမှာ စက္ကူလိပ် ရှိမရှိကို သေချာမကြည့်ပနဲ့ ကမုတ်ပေါ်မှာ အိမ်သာတက်လိုက်ရော၊ ကိုယ့်ဆန္ဒတွေ ပြည့်ဝသွားလို့ စက္ကူသုံးမယ်လည်း ကြည့်လိုက်ရော စက္ကူလိပ်က ကုန်နေပြီ။ အဲဒါနဲ့ ကိုယ့်ပြဿနာ ကိုယ်ရှင်းဖို့ ကုန်းကုန်းကွကွ သံစည်ပိုင်းနားရောက်အောင်သွား ရေနဲ့ ပြောင်အောင် တဝေါဝေါ ဆေးကြောလိုက် ရတာ။ ကျွန်တော်တို့ တိုက်ကြီးအိမ်၊ ဝမ်းတွင်းအိမ်တွေမှာဆိုရင်တော့ အိမ်သာထဲမှာ သတင်းစာ စက္ကူတစ်ထပ်ကြီး သုံးမကုန်အောင် ထည့်ထားတာ။ တကယ်လို့ အိမ်သာတက်ရင်း စက္ကူကုန် နေလို့ အခက်အခဲရှိရင်တောင် အိမ်သာအကာ ဝါးထရံ နံရံကို ချိုးဖဲ့ပြီး မစင်သန့်စင်ဖို့ သုံးလို့ ရသေးတယ်။ အညာတောမှာဆိုရင် အိမ်သာတက်ပြီးရင် ဒုတ်ခနောင်းကိုပဲ သုံးပြီး သန့်စင်လေ့ ရှိပါတယ်။ အမေ့ရွာ တောင်ဘိုမှာဆိုရင် တစ်ရွာလုံးမှာ အိမ်သာရှိတဲ့ အိမ်ဆိုတာ တော်တော်နည်းပါတယ်။ အဲဒီအိမ်သာရှိတဲ့ အိမ်တွေမှာလည်း အိမ်သာတွေကို သိပ်မသုံးကြပါဘူး၊ သော့ခတ်ထားလေ့ရှိပါတယ်။ မြို့ကဧည့်သည်၊ ရဲအုပ်၊ မြို့အုပ် အစိုးရအရာရှိတွေလာမှ အိမ်သာကို ဖွင့်ပေးတာပါ။ တောင်ဘိုရွာက လူကြီးလူငယ်၊ ယောကျ်ား မိန်းမတော်တော်များများဟာ ညနေစောင်းရင် အပေါ့အပါးသွားဖို့ ရွာပြင်ကို ထွက်ကြတယ်။ အဲလိုသွားတာကို တောထိုင်တယ်၊ ဒါမှမဟုတ် နောက်ဖေးသွားတယ်လို့ ခေါ်ပါတယ်။ တောင်ဘိုရွာတင် မဟုတ်ပါဘူး။ ကျွန်တော်သိတဲ့ အဲဒီနား တဝိုက်က ခံတော၊ ကုန်းကြီးစတဲ့ ရွာတွေအားလုံးမှာလည်း ဒီလိုတောထိုင်တဲ့ အကျင့်ရှိပါတယ်။ အဲဒီလို တောထင်ဖို့ အိမ်ကထွက်သွားကတည်းက ဒုတ်ခနောင်းလေးတွေ ကိုယ်စီကိုင်ပြီး သွားကြတာ။ အိမ်မှာကတည်းက မရှမယ့် ဒုတ်ခနောင်း၊ ခပ်ချောချောလေးတွေကို သေချာရွေးပြီး ယူသွားကြတာ။ တချို့အိမ်တွေရောက်တော့ နောက်ဖေးသွားခါနီး၊ တောထင်ခါနီးမှ ဒုတ်ခနောင်းရွေးမနေရအောင် အစကတည်းက တစ်ခါတည်း ဒုတ်ခနောင်း၊ ချောချောလေးတွေကို သေချာရွေးပြီး သံဗူးထဲမှာ စီပြီး ထည့်ထားတယ်။ တောထဲသွားခါနီးမှ အဆင်သင့် အဲဒီ ဒုတ်ခနောင်းလေးတွေကို သုံးလေးချောင်း ယူသွားလိုက်ရုံပဲ။ ကျွန်တော်စာတွေကို ကွန်ပြူတာရိုက်နေတဲ့ တပည့်တွေက ကျွန်တော်တို့ အညာမှာ နောက်ဖေးသွားပြီး သန့်စင်ဖို့ ဒုတ်ခနောင်း သုံးတဲ့အကြောင်းတွေကို ရိုက်ရင်းနဲ့ "ဆရာကြီး၊ အလေးသွားပြီး ဒုတ်နဲ့ သန့်စင်တယ်ဆိုတာ ဖြစ်ပါ့မလား၊ ပြောင်ရော ပြောင်ပါ့မလား၊ ဆရာကြီးရာ ရှုရော ရှုမကုန်ဘူးလား" လို့ မယုံနိုင်တဲ့ အကြည့်တွေနဲ့ ကျွန်တော့်ကို ကြည့်ပြီး မေးကြပါတယ်။ ကျွန်တော်ကလည်း ပြန်ပြောရတာပေါ့။ "ဟဲ့ ငါတို့တစ်ရွာလုံး ဒီလိုပဲ တစ်သက်လုံး ဒုတ်ခနောင်းပဲ

သုံးလာကြတာ။ ဘယ်ကမှ တွိုင်းလက်ပေပါ၊ ရေပန်း၊ လေပန်းတွေ မရှိဘူး။ ပြောင်လည်း ပြောင်ပါတယ်။ ရှလည်း မရှပါဘူး။ ငါက ကိုယ်တိုင်သုံးလာတဲ့သူပါ" လို့ ပြောပြရတာပေါ့။ တောထွက်တဲ့အကြောင်း ဆက်ပြောရဦးမယ်ဆိုရင်တော့ ရွာပြင်မှာ ယောကျ်ားလေးတွေ သွားတဲ့နေရာ သပ်သပ်၊ မိန်းကလေးတွေ သွားတဲ့နေရာက သပ်သပ်စီပါ။ တောထဲက ချုံကွယ်လေးတွေမှာ အသီးသီးထိုင်ကြပြီး အပေါ့အပါး နောက်ဖေးသွားကြတယ်။ အလေးသွားတယ်ဆိုရင် တစ်ခါသွားလိုက် နေရာရွှေ့လိုက်နဲ့ သုံးလေးခါ နေရာပြောင်းရပါတယ်။ ကိုယ့်ဟာကို ပြန်မနင်းမိအောင်လည်း ဂရုစိုက်ရပါသေးတယ်။ နောက်ဆုံး ကိစ္စပြီးတော့မှပဲ ဒုတ်ခနောင်းကိုသုံးပြီး သန့်စင်တယ်။ အဲလို နောက်ဖေးသွားကြတဲ့အခါမှာ တစ်ယောက်ထဲသွားတာ ရှိသလို အုပ်စုလိုက် သွားကြတာလည်း ရှိပါတယ်။ အဲလို ချုံလေးတွေနဲ့ကွယ်ပြီး နေရာရွှေ့လိုက်၊ တစ်ယောက်နဲ့တစ်ယောက် စကားပြောလိုက်နဲ့ တောင်ဘိုရွာက စုပေါင်းတောထိုင်တဲ့ ညနေစောင်း ရှုခင်းဟာ တကယ့်ကို သတိရစရာပါ။ ကျွန်တော်တို့ အမေနဲ့အတူ တောင်ဘိုရွာကို သွားကြရင် အမေကသာ ရွာထဲက အိမ်သာမှာ တက်တာပါ။ ကျွန်တော်တို့တတွေကတော့ အမေကြီးတို့နဲ့ အတူတူ ရွာပြင်ကိုထွက်ပြီး တောထိုင်ကြပါတယ်။ အမေကြီးတို့က တောထဲမှာ နောက်ဖေးသွားတဲ့ အကျင့်ကို တော်တော်နဲ့ ဖျောက်လို့မရပါဘူး။ ဝမ်းတွင်းရောက်ပြီး (၁၉၅၈) ခုနှစ် အမေ တိုက်ဆောက်ပြီးတဲ့ အချိန်လောက်အထိ အိမထဲက အိမ်သာကို မသုံးဘဲ ဝမ်းတွင်းတိုက်ရဲ့ နောက်က ချောင်းရိုးလေးအကျော်မှာရှိတဲ့ ချုံလေးတွေထဲမှာပဲ နောက်ဖေး အပေါ့အပါးသွားပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းမြို့ ပတ်ဝန်းကျင်ဟာ တောစပ်လေးတွေ ရှိပါသေးတယ်။ နွေကျောင်းပိတ် အညာပြန်ရင် ကျွန်တော်တို့ ကလေးတစ်သိုက်ကလည်း အမေကြီးတို့နဲ့ အမြဲလိုက်ပြီး ချုံတွေကြားမှာ တောထိုင်နေကြဆိုတော့ ရန်ကုန်အိမ်က ဘိုထိုင်ကမုတ်နဲ့ မအပ်မစပ် ကမောက်ကမဖြစ်နေတာပေါ့။ သူများအိမ်မှာ တည်းမယ် ဆိုကတည်းက အမေက ကျွန်တော်တို့ကို မြို့ကအိမ်မှာ ဘိုထိုင်ကမုတ်ကို ဘယ်လို သုံးရမယ် ဆိုတာ တစ်ခါတည်း ပြောပြီးသားပါ။ ကျွနတော်တို့ကိုက ငယ်ကျင့် တောကျင့်တွေ အရှိုးစွဲနေတော့ မနေတတ်၊ မသုံးတတ်ဖြစ်ကြရတာပါ။ နောက် ရန်ကုန်မှာ စိတ်ညစ်ရတာတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ "ရန်ကုန်ရေ" ပေါ့။ အဲဒီတုန်းက ရန်ကုန်ကိုပေးတဲ့ ဂျိုးဖြူရေဟာ ကလိုရင်းဆေးခပ်ထားတော့ ရန်ကုန်ရေသောက်ရင် ကလိုရင်းနှ.ရလို့ တောကလာတဲ့ ကျွန်တော်တို့တွေ မသောက်တတ်ဘ ဖြစ်ကြပါတယ်။ ကျွန်တော်တို့က "အမေ- ရန်ကုန်က ရေကြီး သောက်ရတာ နံလိုက်တာ" လို့ပြောရင် အမေက "ဟဲ့ ကလေးတွေ တိုးတိုး၊ သူများအိမ်မှာ တည်းနေတုန်း သူ့အိမ်က ရေသောက်ပြီး အဲလို မကောင်း မပြောရဘူးလေ။ ဒါ မင်းတို့သောက်တဲ့ ရေထဲမှာ ပိုးတွေပါလာပြီး ရောဂါဖြစ်မှာစိုးလို့ သောက်ရေကို ဆေးခပ်ထားလို့ ဆေးနံ့ရနေတာ။ စကားရှည်မနေကြနဲ့၊ သောက်ကြ" ဆိုပြီး ပြောပါတယ်။ အမေက နယ်မှာနေတဲ့ တောက ရဲတိုက်ပိုင်ကတောဆိုပေမယ့်လည်း အရမ်းခေတ်မီတဲ့

အမေပါ။ ရန်ကုန် သူများအိမ်မှာ တည်းရင် စောင့်ထိန်းလိုက်နာရမယ့် စည်းကမ်းဥပဒေ လမူရေးကျင့်ဝတ် အကတိကကတွေကို အမေ ကောင်းကောင်းနားလည်ပါတယ်။ ကျွန်တော်တို့တတွေ စားစား သွားသွား အိပ်အိပ် သူများအိမ်မှာ မဟုတ်တရုတ်လုပ်မှာစိုးလို့ အမေက အမြဲလိုပဲ ကြိုးကြပ်ဆုံးမရှာပါတယ်။ အမေ့မှာ သူ့အလုပ်တွေကလည်း လုပ်ရ၊ ကလေးတွေကိုလည်း ပြောရနဲ့ အညာမပြန်ခင် ရန်ကုန်မှာနေတဲ့ သုံးရက်လောက်မှာ တော်တော် ပင်ပန်းရှာပါတယ်။ ရန်ကုန်ရေ မကြိုက်တဲ့အကြောင်း ဆက်ပြောရရင် ကျွန်တော်တို့ အထူးသဖြင့် လုံးဝ သည်းမခံနိုင်တာရှိပါတယ်။ အဲဒါကတော့ ရန်ကုန်ရေနဲ့ ရေနွေးတည်၊ လက်ခြောက်ခတ၊ ရေနွေးကြမ်း သောက်တာပါ။ အဲလို ရေနွေးကြမ်းသောက်တယ်ဆိုရင် ကလိုရင်း ခတ်ထားတဲ့ ရန်ကုန်ရေက ထွက်တဲ့အနံ့ဟာ တော်တော် ဆိုးပါတယ်။ လက်ခြောက်အနံ့ထက် ဆေးနံ့က ပိုကဲနေလို့ ရေနွေးကြမ်းအရသာ မရှိတော့ဘဲ ဖြစ်သွားပါတယ်။ စကားစပ်လို့ ရေနွေးကြမ်းနဲ့ အညာဓလေ့အကြောင်း နည်းနည်း ပြောချင်ပါသေးတယ်။ အညာမှာ အိမ်တိုင်းဟာ အမိုးလေးဘက် လေးတန်မှာ ရေတလော်က်ခံပြီး မိုးရေကို ခံထားကြတယ်။ ပြီးတော့မှ စဉ့်အိုးတွေထဲမှာ ထည့်၊ အဝတ်စနဲ့ လုံအောင်စည်းပြီး သိမ်းတယ်။ တချို့အိမ်တွေမှာတော့ မိုးရေကို အုတ်ရေကန်ထဲမှာ လှောင်တယ်။ ရှားရှားပါးပါး အညာမှာရွာတဲ့ မိုးလေးဆီကနေ တန္ဆေလုံးစာလောက်အောင် မိုးရေကို ရသလောက် စုကြဆောင်းကြတယ်။ မိုးရေကို ဘာလို့ အဲဒီလောက် တန်ဖိုးထား ဒုက္ခခံပြီး သိမ်းကြသလဲဆိုတော့ အညာရဲ့ ထူးခြားတဲ့ စရိုက်တစ်ခုက နွေရောက်ရင် ရေနွေးကြမ်းကို အရသာခံပြီး တစ်နေကုန် သောက်ကြတာပါ။ ဘယ်အိမ်သွားသွား နေ့ခင်းသွားလည် လိုက်ရင် "လာ ထိုင် ရေနွေးကြမ်းသောက်ဦး" ဆိုပြီး ပြောလေ့ရှိပါတယ်။ အညာရဲ့ ရေနွေးကြမ်းနဲ့ ဧည့်သည်ကို နှုတ်ခွန်းဆက်နည်းပေါ့။ ရေနွေးကြမ်း လှောက်ရည်ကြမ်းကို အညာမှာ တော်တော်ကို အသားပေး အလေးထားကြတာပါ။ နောက်ပြီး အညာအတွေးအခေါ်က အဲလို ရေနွေးကြမ်းလေး သောက်ထားမှ ခွေးကလေးစ့ပြီး ကျန်းမာရေးနဲ့ ညီညွတ်မယ်၊ အညာနွေရဲ့ အပူဒဏ်ကို ခံနိုင်မယ်လို့ ယူဆကြတယ်။ တောမှာဆို အညာဖျင်ကြမ်းအကျီ အရောင်ဖျော့ဖျော့ ပွပွလေးဝတ်ထားပြီး အဲလို ခွေးလေးစိုနေရင် အပူမရှပ်တော့ဘူးလို့ ယူဆကြပါတယ်။ ကိုယ်ထဲက အပူဓါတ်တွေကို အဓိကအားဖြင့် ခွေးကတဆင့် အငွေ့ပြန်တာနဲ့ ထုတ်ပစ်တယ်ဆိုတဲ့ အခုခေတ် ဆေးသိပအယူအဆနဲ့ အညာဓလေ့တွေဟာ ကိုက်ညီတယ်လို့ ပြောရမှာပါ။ နောက်ပြီး အညာက အတွေးအခေါ်က ရေနေးကြမ်းကောင်းဖို့ဆိုတာဟာ ရေကောင်းဖို့ကလည်း သိပ်အရေးကြီးပါတယ်တဲ့။ အထူးသဖြင့် အညာမှာ ရေတွင်းတွေက ရေချိုတွင်း ရေငန်တွင်းဆိုပြီး နှစ်မျိုးနှစ်စားရှိတာ။ ရေတွင်း တော်တော်များများဟာ ရေငန်တွင်းတွေပါ။ ရေငန်တွင်းက ရေတွေဟာ ရေစေးတွေ၊ ခွဲကျိကျိနဲ့ ဆပ်ပြာတိုက်ရင် စေးကပ်စေးကပ်နဲ့ တော်တော်နဲ့ကို မပြောင်ဘူး။ ရေချိုတွင်းက ရွာတစ်ရွာ၊ မြို့တစ်မြို့မှာ နည်းနည်းပဲရှိတာ။ ဝမ်းတွင်းမြို့မှာဆိုရင် မြို့အရှေ့ဘက် ဘုန်းကြီးကျောင်းထဲက တွင်းရယ်၊

ကျွန်တော်တို့ အိမ် တောင်ဘက် သးမြောင်းဆအကျော် ရက္ကန်းစက်ထဲက ရေတွင်းရယ် ဒီနှစ်တွင်းပဲ ရှိတာ။ အဲဒါ ဝမ်းတွင်းမြို့က နာမည်ကြီး ရေချိုတွင်းတွေပါ။ ရေစည်လှည်း ဝယ်ရင်တောင် ရေငန်နဲ့. ရေချိုက စျေးကွာသေးတယ်။ ရေချိုက တော်တော်လေး ပိုပေးရတယ်။ အညာဟာ အဲလို ရေငန်တွေ များတဲ့ အရပ်ဒေသဖြစ်တော့ သန့်နေတဲ့ ချိုနေတဲ့ မးရေကို အထူးတလည် အမြတ်တနိုး စုကြဆောင်း ကြတာပေါ့။ အဲဒါကြောင့် အိမ်တိုင်းမှာ ခေါင်မိုးပတ်လည် ရေတံလျှောက် ရှိကြတာပါ။ အဲလို စုဆောင်းထားတဲ့ မိုးရေတွေကို တစ်နှစ်ပတ်လုံး ချွေပြီး တကယ် အရေးပါတဲ့ နေရာတွေမှာပဲ သုံးကြတာ။ ဧည့်သည်တွေလာလို့ ထမင်းဖိတ်ကျွေးမယ် ထမင်းချက်မယဆိုတဲ့အခါမျိုးမှာ ထမင်းအရောင် ဖြူဖွေးပြီး လှနေအောင် ဆန်ကောင်းကောင်းကို မိုးရေနဲ့ချက်တယ်။ ပြီးတော့ မိုးရေဟာ ဒီတိုင်း သောက်ရင်လည်း ချိုပြီးနေတာဆိုတော့ တစ်ခါတလေ ဧည့်သည်ကို ရေအေးတိုက်ရင် မိုးရေကိုပဲတိုက်တယ်။ ပြီးတော့ မိုးရေကို အဓိကသုံးတာကတော့ လက်ဖက်ခြောက်ကောင်းကောင်းနဲ့. ရေနွေးတည် အရသာခံပြီး သောက်ကြတာပါ။ အဲလိ မိုးရေနဲ့. ကျိုထားတဲ့ ရေနွေးကြမ်းဟာ ကျွန်တော်တို့. အညာသားတွေ ပါးစပ်မှာ ဘယ်လို အရသာရှိမှန်း မသိဘူး။ မိုးရေနဲ့.မှ လက်ဖက်ခြောက်ကောင်း တစ်ခုရဲ့ အရသာဟာ ပေါ်တယ်လို့. အညာကလူတွေက ယူဆကြပါတယ်။ အဲလိုရေကောင်းကောင်းကို နည်းမျိုးစုံနဲ့. သိပ်အရသာခံ သောက်ကြတဲ့ ကျွန်တော်တို့. အညာသားတွေ ခုနကပြောခဲ့တဲ့ ကလိုရင်းနှံ. နံနေတဲ့ ရန်ကုန်ရေနဲ့. တွေ့တော့ တော်တော် ဒုက္ခရောက်ကြပါတယ်။ ရန်ကုန်ရေကို ဒီတိုင်း သောက်လို့လည်း ကျွန်တော်တို့. ပါးစပ်က လက်မခံ၊ ရေနွေးတည်၊ လက်ဖက်ခြောက်ထည့်လည်း အရသာမရှိဖြစ်နေတော့ ကျွန်တော်တို့. တတွေ ရန်ကုန်မှာ နေရတဲ့ ရက်တိုင်း အညာကမိုးရေကို တမ်းတပြီး အညာကို တအားပြန်ချင်ကြတာပါ။ သူများအိမ်မှာ ဧည့်သည်အနေနဲ့. တည်းရတဲ့ နောက်ဒုက္ခတစ်ခု ပြောချင်ပါသေးတယ်။ ကျွန်တော်တို့. ကလေးတစ်သိုက် ဟာ ကိုယ့်အိမ်မှာ ကယ်ဆိုရင် ထမင်းကို ဇလုံကြီးနဲ့ထည့်ပြီး အသားမပါရင် နေပါစေ၊ ဟင်းအနှစ်တွေ အများကြီးနဲ့. ရွှဲနစ်နေအောင် နယ်ပြီးမှ စားကြတာ။ စားတော့လည်း လက်နဲ့. အားရပါးရ ပလုပ်ပလောင်း။ ထမင်းစားတာလည်း မြန်သလား မပြောနဲ့။ ထမင်းတစ်ဇလုံဆို ခဏလေးနဲ့. ကုန်သွားတာ။ ထမင်းစားမယ်ဆိုတော့လည်း ကြမ်းပေါ်မှာ ဖင်ချထိုင်ပြီး ညီအစ်ကိုတွေ စားပွဲဝိုင်း ပုပုလေးကို ပတ်ချာလည်နေရာယူပြီး တွယ်လိုက်ကြတာ၊ ဟင်းတွေ ထမင်းတွေ ပြိုက်ခနဲဆို ကုန်သွားတာပဲ။ အဲလို စားလာကြတဲ့ ကျွန်တော်တို့. ညီအစ်ကိုတွေ ရနကုန် တည်းတဲ့အိမ်ရောက်တော့ စားပွဲ ကုလားထိုင်နဲ့၊ ကိုယ့်နေရာနဲ့. ကိုယ်ထိုင်ကြရပြီး ကြွေထမင်းပန်းကန် ပက်လက်တွေထဲမာ အိမ်ရှင်ကဖွဖွလေး ထည့်ပေးထားတဲ့ ထမင်းကို ဂ္ဂနေရရနဲ့. ဖြေးဖြေးလေး စားကြရတာဟာ အရမ်းကို စိတ်ပင်ပန်းဖို့. ကောင်းပါတယ်။ အမေကလည်း "ဟဲ့ကလေးတွေနော် ဖြည်းဖြည်းစားကြ" ဆိုပြီး တဟဲ့ဟဲ့နဲ့. စောင့်ကြည့် သတိပေးနေတာ။ အမေ ဘယ်လောက်ပြောပြော ကျွန်တော်တို့. ဘယ်လောက်ပဲ

ထမင်းစားနှုန်းကို ထိန်းပြီး စားစား ထမင်းစားတာ အရမ်းမြန်လွန်းတော့ ခဏဆို ပန်းကန်ပြားထဲက ထမင်းက ကုန်သွားရော။ အဲတော့ အိမ်ရှင်က "ဟဲ့ ဒီကလေး ပန်းကန်ထဲ ထမင်းထည့်ပါဦးဟဲ့" ဆို ထမင်းတစ်ခါထပ်ထည့်၊ သိပ်မကြာလိုက်ဘူး ကိုယ့်ထမင်း ပန်းကန်က ပြောင်သွားပြန်ပါရော၊ နှစ်ခါလောက် ထမင်းထပ်ထပ်ထည့်ရပြီဆိုတော့ ကိုယ်လည်း နည်းနည်းရှက်ပြီး အားနာလာတာနဲ့ စားတာ ရပ်ပစ်လိုက်ရပါတယ်။ ဟင်းကလည်း အိမ်မှာလို ကိုယ်ကြိုက်သလို စိတ်တိုင်းကျ မထည့်ရ၊ အမေထည့်ပေးသလောက်ပဲ စားရတာ။ ပြီးတော့ သိပ်ပြး အနှစ်ကြိုက်ကြတဲ့ ကျွန်တော်တို့တတွေ သူများအိမ်မှာရောက်တော့ ကိုယ့်အိမ်မှာလို စိတ်တိုင်းကျ ပယ်ပယ်နယ်နယ် နယ်ပြီးမစားရ၊ ဟင်းရည်သောက်ပြန်တော့လည်း အမေပြောထားလို့ တပြတ်ပြတ် အသံမထွက်အောင် ကြိုးစားပြီး ထိန်းသောက်ရ၊ ပြောရမယ်ဆိုရင်တော့ လွတ်လပ်မှုကို သဘာဝကို သိပ်ကြိုက်တဲ့ သိပ်သဘောကျတဲ့ ကျွန်တော်တို့ညီအစ်ကိုတတွေ အောက်ပြည်အောက်ရွာ တိုက်ကြီးမာန၊ နွေကျောင်းပိတ်တော့ အညာသွား၊ အောက်ပြည်အောက်ရွာနဲ့ အညာဓလေ့၊ အညာစရိုက် တောသဘာဝတွေကြားထဲမှာ ကြီးပြင်းလာခဲ့ကြတာဆိုတော့ ရန်ကုန်က တည်းတဲ့အိမ်မှာ ခဏလေးနေရတာဟာ စိတ်ဆင်းရဲစရာဖြစ်ပြီး သိပ်ကို မဟန်တဲ့ ဧည့်သည်ဘဝပါ။ အမေ အကြောင်းကို ရေးရင်းကနေ ကျွန်တော်ဒီလို အညာအကြောင်း စာတွေရေး၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြနေရတဲ့ အကြောင်းကို ရှင်းပြချင်ပါတယ်။ ကျွန်တော် "အမေနဲ့ ကျွန်တော်" အခန်းဆက်ဆောင်းပါးတွေ ရေးနေရင်းကနေ ပျောက်ကွယ်သွားတဲ့ အညာက အလေ့အထ ဓလေ့ထုံးစံတွေ တိမ်ကော မှေးမှိန်သွားတဲ့ အညာရဲ့ လူနေမှုစနစ်တွေကို နောင်လာနောက်သားတွေ သိအောင် မှတ်တမ်းမှတ်ရာ ကျန်ခဲ့အောင် ရေးချင်တဲ့စိတ်တွေ ပေါ်လာပါတယ်။ အညာမှာ ကျွန်တော်တို့ နေကြထိုင်ကြ ပြောကြစားကြတဲ့ အညာရဲ့ အကျင့်တွေဟာ တချို့နေရာတွေမှာ အောက်ပြည်နဲ့ လုံးဝကို မတူပါဘူး။ အောက်ပြည်က လူတွေကို ပြောပြရင်လည်း ယုံမှာ မဟုတ်ပါဘူး။ ဥပမာ ပြောရရင် ခုနက ပြောခဲ့သလို အညာမှာ နောက်ဖေးသွားပြီးရင် ဒုတ်ခနောင်းပဲ သုံးကြတယ်ပြောတော့ အခုခေတ် တပည့်တွေ မယုံနိုင်အောင် ဖြစ်နေတယ်။ အဲလို ထူးခြားတဲ့ အညာရဲ့စရိုက်၊ ကြီးကြီးကျယ်ကျယ် ပြောရမယ်ဆိုရင်တော့ အညာလူနေမှုသမိုင်းကို အခုခေတ်လူတွေ သိကြတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွနတော်က ကိုယ်တွေ့ဖြစ်ရပ်တွေပေါ်မှာ အခြေခံပြီး ကိုယ်အညာမှာ ဘယ်လို စားသောက်၊ နေထိုင်ပြီး ကြီးပြင်းလာခဲ့တယ်ဆိုတာတွေကို ပြောပြနေတာပါ။ အနုပညာ စာပေနဲ့ သမိုင်းသုတသီတွေ အညာမှုတွေကို စာတမ်းရေး ပြုစုခဲ့တာလည်း အများကြီးပါ။ ကျွန်တော်ရဲ့ အညာကိုယ်တွေ့ မှတ်တမ်းတွေဟာ ကိုယ့်ရှေ့က အညာအကြောင်း ရေးသွားကြတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အညာဒေသ မှတ်တမ်းတွေကို ကျွန်တော် တတ်နိုင်သရွေ့ ပါဝင်ဖြည့်စွက်ပြီး အညာသမိုင်း ရေးနေတဲ့သဘောလည်း ပါပါတယ်။ ဒါကြောင့် ကျွနတော် အလွန်ချစ်တဲ့ အမေ့အကြောင်း

ရေးရင်းကနေ အကြောင်းသင့်လာလို့ ရေးသင့်၊ မှတ်တမ်းတင်သင့်တယ်ထင်တဲ့ အညာဓလေ့ အချက်အလက်လေးတွေကို ဖော်ထုတ်ပြီး စာပေမှတ်တမ်းအနေနဲ့ ကျန်ခဲ့အောင် ဝမ်းတွင်းမြို့နဲ့ တောင်ဘိုရွာကို နောက်ခံထားပြီး ရေးနေတာကိုနားလည်ပြီး ခံစားပေးကြပါလို့။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

၂၉-၆-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၈)

ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝမှာ အဖေဟာ အောက်ပြည်အောက်ရွာ အင်းစိန်၊ တိုက်ကြီးမြို့တွေမှာ ရဲအရာရှိအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ အဲဒီလိုကာလ အဖေတိုက်ကြီးမြို့မှာ တိုက်ပိုင်လုပ်နေတုန်း နွေကျောင်းပိတ် အမေနဲ့ ကျွန်တော်တို့ ညီအစ်ကို၊ မောင်နှမတစ်သိုက် အညာက ကျွန်တော်တို့ အခေါ် အမေကြီးလို့ ခေါ်တဲ့ အမေ့ရဲ့ အမေ နေတဲ့ ဝမ်းတွင်းမြို့ကို ပြန်တဲ့အကြောင်းတွေရေးနေပါတယ်။

အညာပြန်ခရီး(အဆက်)

တိုက်ကြီးကနေထွက်လာပြီး အမေနဲ့ ကျွန်တော်တို့ တတွေရန်ကုန်မှာ သုံးလေးရက် တစ်ထောက်နား၊ အမေက ဟိုလူတွေ့ ဒီလူနုတ်ဆက်၊ ဟိုဟာဝယ် ဒီဟာဝယ်၊ မျိုးစုံပြင်ဆင်ပြီး နောက်ဆုံးတော့ ကျွနတော်တို့ ညီအစ်ကို မောင်နှမ ကလေးအဖွဲ့ မျှော်လင့်တောင့်တနေတဲ့ အညာပြန်ရမယ့်နေ့ ရောက်လာပါတယ်။ ကျွန်တော်တို့နဲ့ ယူသွားရမယ့် ပစ္စည်းက ပေါင်းစုံ၊ ကြိမ်ခြင်းကြီး၊ ကြိမ်ခြင်းငယ်၊ အိပ်ယာလိပ်၊ သံသေတ္တာ၊ ထန်းခေါက်ဖာ၊ စက္ကူပုံး၊ ထမင်းချိုင့်၊ ရှားမီးကိတ်မုန့်ပုံး (၆)ပုံးလောက် တစ်ထပ်ကြီး၊ ရှားမီးချိုချဉ်ထုပအိတကြီး၊ စုံလို့ပဲ။ ကြဲလို့ ပြောရဦးမယ်ဆိုရင် ထန်ခေါက်ဖာဆိုတာ အညာမှာ တော်တော်လေးသုံးတာပါ။ ထန်းလက်နဲ့ ယက်ထားပြီး အခုခေတ် ခရီးသွားသေတ္တာတွေလိုပါ။ ဆိုဒ်မျိုးစုံရှိပါတယ်။ အောက်က ပစ္စည်းထည့်တဲ့ သေတ္တာလိုအခွက်ကို အပေါ်က အဖုံးစွပ်ချလိုက်ရတာပါ။ ပြီးတော့ ကြက်ခြေခတ်ပုံ လေးဘက်လေးတန်ကို အုန်းဆံကြိုးကောင်းကောင်းနဲ့ ချည်ရပါတယ်။ တော်တော်လေး ခိုင်ခန့်တဲ့ ထန်းခေါက်ဖာပါ။ ရထားပေါ်ကနေ ပလက်ဖောင်းပေါ်ပစ်ချလည်း ရပါတယ်။ အခုခေတ်မှာရှိသေးလားဆိုတာတော့ ကျွန်တော်မသိပါဘူး။ အဲလိုပစ္စည်းတွေမျိုးစုံနဲ့ ကလေးတွေကို အမေကိုယ်တိုင် ခေါင်းဆောင်ပြီး ရန်ကုန်ဘူတာကြီးကို သွားပါတယ်။ လိုက်ပို့တဲ့ ဂျစ်ကားလေးပေါ်မှာ ပစ္စည်းတွေရော လူတွေပါ ဇွတ်အတင်းတိုးကြိတ်၊ ညီအစ်ကိုတွေနေရာလုကြ၊ အော်ကြဟစ်ကြနဲ့ ဝက်ဝက်ကွဲပါပဲ။ အမေကလည်း "ဟဲ့ ကောင်လေးတွေ" နဲ့ တဟဲ့ဟဲ့နဲ့ပဲ။ အဲလို အမေက ကျွန်တော်တို့ကို ကောင်လေးတွေလို့ ခေါ်တာပြောတာဆိုတာတွေကို သတိရလို့တွေးကြည့်လိုက်တော့ အညာရဲ့ မိခင်နဲ့သားသမီး

ဆက်ဆံရေးဟာ အရမ်းရိုးရှင်းလွန်းတယ်လို့ ထင်မိပါတယ်။ အမေရဲ့ ကျွန်တော်တို့အပေါ်ထားတဲ့ မေတာ၊ အမေရဲ့ ကျွန်တော်တို့အပေါ်မှာရှိတဲ့ စေတနာဟာ အတိုင်းအဆမရှိ ကြီးမားလှပါတယ်။ ဒါပေမယ့် အမေနဲ့ ကျွန်တော်တို့ ဆက်ဆံတာ၊ စကားပြောတာကို နားထောင်ကြည့်မယ်ဆိုရင် ကဗျာဆန်ဆန်၊ စာဆန်ဆန် အနူးအညံ့ စကားလုံးတွေ မပါပါဘူး။ ကျွန်တော်အငယ်တုန်းက အမေကကျွန်တော့်ကို "ကောင်လေး" လို့ပဲ ခေါ်ပါတယ်။ ကြီးလာတော့ "မောင်ခင်မောင်ဝင်း" "မင်း" နဲ့ အစချီပြီး "ဟိုဟာလုပ်၊ ဒီဟာမလုပ်နဲ့၊ ဂရုစိုက်" ဆိုတဲ့ သာမန်အသုံးအနှုန်းတွေနဲ့ပဲ အမေက ကျွန်တော့်ကို ပြောတယ်။ အဖျားစွပ်ခေါ်တဲ့ "မောင်ဝင်း" တို့၊ အယုအယခေါ်တဲ့ "သားလေး"တို့ ဆိုတာတွေ အမေနဲ့ ကျွန်တော်ပြောတဲ့ စကားတွေမှာ ကြားရမှာမဟုတ်ပါဘူး။ တစ်ခုတော့ ရှိပါတယ်။ အညာမှာ "ကောင်လေး" ဆိုတဲ့ အသုံးအနှုန်းဟာ မိဘတွေက သားတွေကို ခေါ်နေကြစကားလုံးပါ။ ချစ်စနိုးခေါ်တဲ့ သဘောတော့ ရှိပါတယ်။ ဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့က အမေကိုတော့ "အမေ"လို့ပဲ ရိုးရိုးရှင်းရှင်းလေး ခေါ်ကြပါတယ်။ အမေ့ရဲ့ အမေရောက်တော့ "အမေကြီး" လို့ခေါ်တယ်။ အဖေကို "အဖေ"ပဲပေါ့။ အဖေရဲ့အဖေဟာ "အဖေကြီး"ပါ။ ကျွန်တော်တို့မိသားစုတင် ဒီလိုပြောဆို နေကြတာလား ဆိုတော့ မဟုတ်ပါဘူး။ အညာမှာရှိတဲ့ လူတွေအားလုံးဟာ ဒီလိုပုံစံပဲပြောဆိုကြပါတယ်။ အညာက သားအမိသားအဖတွေကြားမှာ ရှိတဲ့ တွယ်တာမှု သံယောဇဉ်မေတာ်ဟာ အရမ်းကြီးမားပါတယ်။ ဒါပေမယ့် နေတာ ထိုင်တာရောက်တော့ အမေ၊ အဖေ ရင်ခွင်ထဲကို ခေါင်းတိုးဝှေ့ပြီး မာမီ၊ ဒယ်ဒီဆိုပြီး ခွဲနေတဲ့ ပုံစံမျိုးတော့ မရှိကြပါဘူး။ ဒါဟာ အောက်ပြည်နဲ့အညာ ကွာတာပါ။ နောက် ဥပမာ တစ်ခုကို ပြောရမယ်ဆိုရင် အောက်ပြည်မှာ ခရစ်ယာန်မစ်ရှင် သာသနာပြုကျောင်းတွေရှိသလို အညာမှာလည်း စိန့်ပီတာ၊ စိန့်အယ်လ်ဘတ် ဆိုတဲ့ ကျောင်းတွေရှိတာပဲ။ ဒါပေမယ့် အောက်ပြည်က ခရစ်ယာန်ကျောင်းမှာထားတဲ့ ကျောင်းသားကျောင်းသူလေးတွေက ဂျွန်၊ ရစ်ချပ်၊ မေရီ၊ ကတ်သရင်းတွေ ဖြစ်သွားတယ်။ အညာက ဗိုလ်ကျောင်း ခရစ်ယာန်ကျောင်းနေတဲ့ ကလေးတွေရောက်တော့ ဇော်ဝင်း၊ ဇော်မင်း၊ ဟန်တင်၊ ကိုကိုကြီး၊ ကြူကြူ၊ မူမူ ဒီလိုပဲ ကိုယ့်မြန်မာနာမည်ကို ထိန်းသိမ်းနိုင်ပြီး အဲဒီကျောင်းတွေမှာ ကျောင်းတက်ကြတယ်။ ရန်ကုန်ကလူတွေ တော်တော်များများမှာကြတော့ အနောက်တိုင်း ယဉ်ကျေးမှုရဲ့ လွှမ်းမိုးမှုရှိတယ် ထင်ပါတယ်။ သားသမီးတွေက အမေအဖေတောကို ဒယ်ဒီ၊ မာမီနဲ့ ခေါ်ကြပြီး မိဘတွေကလည်း ကလေးတွေကိုလည်း နာမည်လေးတွေ အဖျားစွပ် ယုယတဲ့ လှပတဲ့ စကားလုံးလေးတွေနဲ့ ပြောဆိုတတ်ကြတယ်။ ကျွန်တော်တို့ အညာမှာကတော့ အခုနကပြောသလိုပဲ ရိုးရိုးရှင်းရှင်းပဲ အမေကို အမေ၊ အဖေကို အဖေလို့ပဲ ခေါ်ပြောပြီး တစ်သက်လုံး နေထိုင်ကြီးပြင်းလာကြတာ။ ကျွန်တော်ကိုယ်တိုင် အဖေတစ်ယောက် ဖြစ်လာတော့လည်း

အညာအကျင့်က အရိုးစွဲနေတော့ ကျွန်တော့်သားသမီးတွေနဲ့. ကျွန်တော်ဟာ အငယ်တုန်းက အမေတို့နဲ့. ခေါ်ပြောလာသလိုပဲ ပြောဆိုဆက်ဆံကြပါတယ်။ ကျွန်တော့်သားငယ် ထူးခိုင်ဝင်းဟာ ကျွန်တော် ယူကေကပြန်လာပြီးမှ သူ့ကို ရန်ကုန်မှာ မွေးတာပါ။ နေတော့လည်း ရန်ကုန်အင်တာနေရှင်နယ်ကျောင်းလို့. ခေါ်တဲ့ အမေရိကန်ကျောင်းမှာ နေတာပါ။ ဒါပေမယ့် သူဟာ သူ့မိဘ နှစ်ယောက်ဖြစ်တဲ့ ကျွန်တော်တို့ကို ဒယ်ဒီ၊ မာမီမသုံးပဲ "အဖေအမေ" ပဲခေါ်ပါတယ်။ ကျွန်တော်တို့. ကလည်း သူ့ကို "သားလေး" "ကောင်လေး" လို့ပဲ ခေါ်ပါတယ်။ ရှေးမှာ ပြောခဲ့သလိုပဲ ရန်ကုန်မွေးစစ်စစ် အမေရိကန်အထက်တန်းကျောင်းသား မောင်ထူးခိုင်ဝင်းကို ကျွန်တော်တို့. အညာသားမိသားစု တစ်အိမ်လုံးက ဒီနေ့ထိ ကောင်လေးလို့ပဲ ခေါ်ကြပါတယ်။ ရှေ့မှာပြောခဲ့တဲ့ အညာစတိုင် ခေါ်နည်းမျိုးပါ။ ကျွန်တော်တို့. သားအဖဟာ ရုပ်ရှင်ထဲကအဖေနဲ့သားလို ပလီပလာ ခွဲနွဲ့စကားပြောနေတာမရှိပါဘူး။ ကျွန်တော်ဟာ ရန်ကုန်မှာ ရောက်နေတာကြာပေမယ့် အမေမွေးပေးလိုက်တဲ့ အညာသားဟာ အညာသားပါပဲ။ အောက်ပြည်မှာရောက်တာ ------ နှစ်ကျော်ဖြစ်ပေမယ်လို့. ဘာမှ မပြောင်းလဲပါဘူး။ အမေ့အကြောင်းရေးနေရင်းကနေ အဲဒီခေတ်တုန်းက အညာနဲ့. အောက်ပြည်ပြောတာဆိုတာ ကွာတာတွေကို ပြောနေတာပါ။ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ အဲဒီတုန်းက ဆက်သွယ်ရေး မီဒီယာ၊ အိုင်တီတွေ မရှိသေးတော့ အောက်ပြည်နဲ့. အထက်အညာဆိုတာမှာ တော်တော်လေးကွာခြားတဲ့ နေရာတွေ အများကြီးရှိပါတယ်။ အဲလို လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ မီဒီယာအိုင်တီတွေမရှိတော့ မြန်မာပြည်ရဲ့. မြို့လေးတွေဟာ သူ့နေရာဒေသလေးနဲ့. သူ သီးသန့်လေးတွေလို ဖြစ်နေတာပါ။ သနပ်ခါးဟာ အညာမှာပဲ ရတယ်။ ထိုးမုန့်ဟာ မန္တလေးမှာပဲ ဝယ်ရတယ်။ ဟာလဝါကတော့ ပုသိမ်မှာပဲရှိတယ်။ ရန်ကုန်က ပြန်လာမယ်ဆိုရင် ရှားမီးကိတ်မုန့်နဲ့. ရှားမီးချိုချဉ်၊ ငါးပိရည် ပုဇွန်ခြောက်ကောင်းကောင်းပါရမယ်ပေါ့။ ကျွန်တော် ယူကေရောက်သွားတော့ သူ့တို့. ရဲ့. မြို့တိုင်းမှာ ဆိုင်တွေ၊ ပစ္စည်းတွေကိုကြည့်လိုက်ရင် အတူတူပဲ ဖြစ်နေတဲ့ စနစ်ကို တွေ့ရတဲ့အခါ ကျွန်တော်အတွက် အထူးအဆန်းဖြစ်ရပါတယ်။ ဘယ်လိုလဲဆိုတော့ ယူကေ တစ်နိုင်ငံလုံးမှာ ဘယ်ကိုပဲ သွားသွား၊ ဘယ်မြို့ရောက်ရောက် စတိုးဆိုင်၊ စူပါမာကက၊ အားလားက တစ်ပုံစံတည်း တစ်မျိုးတည်းပဲ။ ဆိုင်ကြီးတာနဲ့. သေးတာပဲကွာတယ်။ ဥပမာ မတ်ခအင်စပင်စာ (Mark & Spencer) ဆိုတဲ့ စူပါမာကက်ဟာ လန်ဒန်၊ အီဒင်ဘရာ၊ ဂလတ်စကို စတဲ့ ယူကေကမြို့ကြီးမြို့သေးတွေ အကုန်လုံးမှာ ရှိတယ်။ ရောင်းတဲ့ပစ္စည်း တံဆိပ်၊ အမျိုးမျိုး၊ အရည်အသွေး အတူတူပဲ။ တပြေးညီတည်းပဲ။ လန်ဒန်နဲ့. အီဒင်ဘရာဟာ ရန်ကုန်နဲ့. မန္တလေးလိုသီးသန့်. အထက်နဲ့. အောက် တစ်မြို့စီပါပဲ။ ဒါပေမယ့် လန်ဒန်က လူတစ်ယောက် အီဒင်ဘရာရောက်သွားရင် အဆောက်အဦ၊ ပန်းခြံ၊ ရာသီဥတု ကွဲပြားတာကလွဲလို့. ဒေသထွက် အစားအသောက်နဲ့. အဝတ်အစား

ပစ္စည်းဆိုတာ ဘာမှ သိပ်ပြီး ထူးထူးခြားခြား ကွဲကွဲပြားပြားမရှိလှပါဘူး။ ဘာလို့တုန်းဆိုတော့ ကုန်စည်ပစ္စည်းပို့ဆောင်ရေး၊ ဆက်သွယ်ရေးက သိပ်ကောင်းလွန်းနေတော့ အီဒင်ဘာရာကပစည်း ကလည်း လန်ဒန်မှာရှိတယ်၊ လန်ဒန်ကပစ္စည်းကလည်း အီဒင်ဘာရာမှာရှိတယ်။ ဘာမှ မထူးခြားတော့ဘူးပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ခေတ်တုန်းက အညာနဲ့ အောက်ပြည်၊ ရန်ကုန်နဲ့ မန္တလေးဟာ၊ အစားအသောက် ဒေသထွက်မြို့ထွက်ပစည်းတွေဟာ တစ်မြို့နဲ့တစ်မြို့ တခြားစီပဲ။ ဒါကြောင့် မန္တလေးကလူ ရန်ကုန်သွားရင် အပြန်မှာ ရန်ကုန်က ပစည်းတွေကို တပုံတခေါင်း ဝယ်သွားတယ်။ ရန်ကုန်ကလူ မန္တလေးသွားရင်လည်း ရန်ကုန်ရောက်ရင် အညာပြန်လက်ဆောင်ပစ္စည်းဆိုပြီး ဝေရအောင်လို့ မန္တလေးကပစ္စည်းတွေ မျိုးစုံဝယ်သွားကြတယ်။ ဒေသတစ်ခုနဲ့တစ်ခု၊ တစ်မြို့နဲ့တစ်မြို့ဟာ တော်တော်ကို ကွာခြားလှပါတယ်။ ဒါကြောင့် အမေလည်း အညာပြန်တော့မယ်ဆိုတာနဲ့ အောက်ပြည်အောက်ရွာကပစ္စည်းတွေ အကုန်လျှောက်ဝယ်တော့တာပါပဲ။ နောက်ဆုံးတော့ အမေရဲ့ အညာပြန်ခရီး ဗြုတ်စဗျင်းတောင်းတွေထဲမှာ ရှားမီးကိတ်၊ ရှားမီးချိုချဉ်၊ ပုစန်တပကြီး ဆီသပ်ထားတာ၊ ငါးသလောက်ကြော်၊ ငါးပိရည်ဖျော်ဖို့ ငါးပိထုတ်တွေ စတဲ့ အောက်ပြည်အောက်ရွာ ပစည်းတွေမျိုးစုံပါတော့တာပေါ့။ အမေဝယ်တဲ့ ပစ္စည်းတွေထဲမှာပါတဲ့ ရှားမီးချိုချဉ်ဆိုတာဘာလဲ ဆိုတာ အခုခေတ်လူငယ်တွေ သိအောင်ပြောရပါဦးမယ်။ အဲဒီခေတ်က ရန်ကုန်မှာ ရှားမီးဆိုတဲ့ နာမည်အကြီးဆုံးကိတ်မုန့်တိုက် တစ်တိုက်ရှိပါတယ်။ ဆူးလေဘုရားနား မဟာဗန္ဓုလ လမ်းမကြီးပေါ်မှာပါ။ ရှားမီးမုန့်တိုက်မှာ ကိတ်မုန့်၊ ချိုချဉ် ရေခဲမုန့်တွေရပြီး လက်ဖက်ရည်ဆိုင်လ ဖွင့်ထားပါသေးတယ်။ ရှားမီးကိတ်မုန့်ဆိုင်က အဆော့တစ်ကိတ်လို့ ခေါ်တဲ့ အရောင်မျိုးစုံခရင်မ်ပါတဲ့ ကိတ်မုန့်တွေဟာ မြန်မာပြည်တစ်ပြည်လုံးမှာ ပေါ်ပြူလာအဖြစ်ဆုံးပါ။ တပြည်လုံးက ရန်ကုန်ကိုလာကြရင် ရှားမီးကိတ်မုန့်ကို ဝယ်ကြရပါတယ်။ လူတစ်ယောက်ကို အနည်းဆုံး ကိတ်မုန့် ၂ဘူး၊ ၃ဘူး ဝယ်ကြတာပါ။ အဲလို ရှားမီးကိတ်မုန့်တွေဝယ်ပြီးတော့ အများကြီး ဝယ်ပြီး အညာကိုပြန်ရောက်တော့ ရန်ကုန်ပြန်လက်ဆောင်ဆိုပြီး ဝေရတာ။ ရှားမီးချိုချဉ်ဆိုတာကလဲ မြန်မာပြည်မှာ တကယ်ကိုအကောင်းဆုံး ချိုချဉ်လို့ သတမှတ်ပါတယ်။ အဲဒီတုန်းက ရန်ကုန်မြို့မှာဆို ကိတ်မုန့်ဆိုင် ချိုချဉ်ဆိုင်တွေရှားပါးတဲ့ ခေတ်ကိုး။ အညာပြန်ခရီးကို ဆက်ပြောရမယ် ဆိုရင် ပြန်မယ့်နေ့ နံနက်(၄း၀၀)နာရီလောက်ကတည်းကထပြီးအမေဟာ ထမင်း ဟင်းတွေချက်ပါတယ်။ ငါးဆင့်ချိုင့်ကြီး နှစ်ချိုင့်ထဲမှာ ထမင်းအပြည့် ဟင်းအပြည့် ဖြစ်နေအောင် ထည့်ပါတယ်။ အဲဒီတုန်းက ရထားလမ်းတလျှောက် ဘူတာတွေမှာ ရောင်းတန်းပြတ ထမင်းဟင်းဟာ သပ်ကောင်းတာပါ။ အထမ်းကြီးတွေနဲ့ ရောင်းတဲ့ ထမင်းတွေ ဟင်းတွေဟာ ပူပူနွေးနွေး ဆီပြန်ငါးဟင်း၊ ကြက်သားဟင်း ဘယ်လိုစားလို့ ကောင်းမှန်းမသိဘူး။ ဒါပေမယ့် အမေကတော့ ဖြစ်နိုင်ရင် အဲလို ဘူတာက ဟင်းတွေကို မစားစေချင်ပါဘူး။ ထမင်းဟင်းကို သူကိုယ်တိုင် ချက်ပြုတ်သွားရမှ ကျေနပ်တာပါ။ ဟင်းတွေကတော့

အကြော် အလှော်တွေ များပါတယ်။ ပုစွန်တပ် အကြီးကြီးတွေကို ဆီလေးပါလေကာ ထည့်လိုမ့်ရုံလိုမ့်ပြီး သူ့ဘာသာသူ ပုစန်ဆီနဲ့ ကျက်သွားအောင် ချက်ထားတာ။ ခင်း၊ ကြက်သွန်ဖြူနီ ခရမ်းချဉ်သီးစတဲ့ အဆာပလာဘာမှ မထည့်ပဲ ပုစွန်တုပ်ကြီးတွေကို အမေကချက်တာ။ ပုစန်တပကြေးတွေကလည်း ကြီးမှကြီး၊ သဘာဝရေခိုပုစန်တပကြီးတွေ။ အဲဒီပုစွန်ကြီးတွေကို ဆီနဲ့ပဲ အမေချက်တဲ့စတိုင်က အရမ်းစားလို့ကောင်းတာ။ ပုစန်တပကြီးတွေဟာ နီရဲနေပြီးအိုးထဲမှာ လိုမ့်လိုက်တာနဲ့ ပုစွန်ခေါင်းထဲက အနှစ်တွေနဲ့ ပုစန်ထဲကဆီတွေက အိုင်နေအောင်ထွက်လာတာ။ ဆားကလွဲပြီး ဘာမှမပါဘဲချက်တာ။ အဲဒါမျိုး ပုစွန်ခြိုင်ခြိုင်နှစ်ဆင့်လောက်ချက်ပြီးတော့ အမေက အညာသူဆိုတော့ အမဲသားကြော်ချကတာမှာ တကယ့်အတ်စ်စပါတ်ပါ။ အမဲသားကို အနေတော်အတုံးလေးတွေကို မီးလေးအေးအေးနဲ့ နှပ်၊ ရေခန်းခါနီးတော့မှ ဆီ၊ ဆားနဲ့ နနွင်းလေးနည်းနည်းထည့်လိုက်တော့၊ ကျွန်တော်တို့အခေါ် အမဲသားပြုတ်ကြော် ဖြစ်လာတာပေါ့။ အမဲသားဟာ နူးအိပြီး ခြိုင့်အောက်ခြေမှာ ဆီလေးကလည်း အိုင်နေတော့ ဆမ်းစားလို့ရတာပေါ့။ အမေ အမဲသား ကြော်နှပ်ချက်တာကလည်း ပုစန်တပချက်သလိုပဲ ဘာဟင်းအနှစ်မှ မထည့်ပါဘူး။ ရထားနဲ့ ခရီးသွားမှာဆိုတော့ ထမင်းစားတာမှာ အနှစ်တွေ ပေပွမနေအောင် အမေကထမင်းခြိုင့်မှာ အကြော်အလှော်တွေပဲ လုပ်တာထင်ပါတယ်။ အမဲသားနဲ့ ပုစန်တပအပြင် ကြက်ရင်အလေးတွေချည်းရွေးပြီး ကြော်ထားတာကတစ်ခြိုင့် ပါသေးတယ်။ နောက်ပြီးတော့ မပါမဖြစ် အမေ့ဖေါ်မြူလာ ချဉ်ပေါင်ကြော်နှပ်ကလည်း ရှယ်ပါ။ ချဉ်ပေါင်ရွက်နဲ့ ငရုတ်သီးစိမ်းကို ဆီများများနဲ့ အိနေအောင် နှပ်ထားတာ၊ ကြည့်တာနဲ့ကို စားချင်စရာပါ။ အမေဟာ ဟင်းမျိုးစုံ၊ စားစရာမျိုးစုံကို တော်တော် လုပ်တတ်ပါတယ်။ ချဉ်ပေါင်ကြော်နဲ့ လိုက်အောင်၊ ထမင်းလည်း စားလို့ဝင်အောင် နောက်ဆုံးတစ်ခု အမေထည့်ထားတာကတော့ ငါးခြောက်ကြော်ပါပဲ။ ငါးရံ့ခြောက်ကို ပြုတ်ပြီးတော့ မွမွလေးတွေဖြစ်အောင်လက်နဲ့ စိတ်ရှည် လက်ရှည်ဖွပြီးတော့၊ ဆီနိုင်နိုင်ထည့်ပြီး ငြုတ်သီးခြောက်လေး ပါလေကာနဲ့ ကြော်ထားတာ။ ကလေးတွေစားနိုင်အောင် အစပ်နဲ့အငံ လျော့ထားတော့ ငါးခြောက်ကြော်က ပေါ့ပြီးချိုနေတယ်။ ငါးခြောက်ကြော်တာကလည်း အမေကြော်သလို အနေတော်ကြော်တတ်မသိပ်မကြွပ်လွန်း၊ သိပ်လည်းမစိုထိုင်းလွန်း စားလို့ကောင်းရုံလောက် ရွနေတာ။ အမေ ချက်ပြုတ်ထုတ်ထားတဲ့ ထမင်းဟင်းချိုင့်ကြီး နှစ်ချိုင့်ဟာ ကျွန်တော်တို့ ကလေးတွေအတွက် သွားရည်ယိုစရာပါ။ ကျွန်တော်တို့တတွေ ပစည်းအစုံတင်ပြီး ဂျစ်ကားလေးနဲ့ ရန်ကုန်ဘူတာကြီးကို ရောက်သွားကြပါတယ်။ အဲဒီတုန်းက ရဲအရာရှိတွေဟာ တော်တော်နည်းသေးတော့ တိုက်ပိုင်လို ပုခုံးမှာနှစ်ဘားရှိတဲ့ ရဲအရာရှိဟာ တော်တော်လေးကို အရေးပါအရာရောက်ပါတယ်။ အဖေ ကြိုပြီးပြောထားတာ အဆင်ပြေတယ်ဆိုရင် ရန်ကုန်ဘူတာကြီးရောက်တာနဲ့ မီးရထားရဲ ရုံးခန်းကို သွားပြောလိုက်တာနဲ့ ရထားတွဲဖြူကြီး တစ်တွဲလုံးရပါတယ်။ အဲဒီခေတ်တုန်းက ရထားတွဲဖြူကြီးဆိုတာ VIP တွဲပေါ့။ အထဲမှာတော့ ရိုးရိုးပါပဲ။ အဖေပြောလို့ အဆင်မပြေတဲ့အခါနဲ့ တွေ့တော့လည်း ရိုးရိုးတွဲမှာပဲ စီးရတာပေါ့။ လက်မှတ်က

မီးရထားရဲက ကြိုဝယ်ထားပြီး ကျွန်တော်တို့ရောက်တာနဲ့ ကျွန်တော်တို့စီးရမယ့် ရထားတွဲစီက ခေါ်သွားပါတယ်။ ပစည်းတွေအားလုံးကတော့ ချပြီး ဂါလီလို တင်ထားတဲ့ ထရော်လီနဲ့ ဘူတာကြီး အလုပ်သမားတွေက လိုက်ပို့ပါတယ်။ ကျွန်တော်တို့တတွေ ကြိုးစားပမ်းစား ပစ္စည်းတွေကို တစ်ယောက်တစ်ဆင့် လက်ဆင့်ကမ်း ရထားပေါ်တင်ပြီး အမေက နေရာချပါတယ်။ "ဟဲ့ ကိတ်မုန့်တွေ ပြားကုန်မယ်၊ အပေါ်က တန်းလေးပေါ်တင်၊ သေတ္တာကို ခုံအောက်ထိုး၊ ထမင်းချိုင့်တွေက ခုံပေါ်တင်၊ ကလေးတွေ ပြတင်းပေါက်ပေါ် တက်မထိုင်နဲ့၊ ခေါင်းထုတ်လက်ထုတ် အနရာယ်များတယ်" အဲလိုအမေက စီမံရှာပါတယ်။ စဉ်းစားကြည့်တော့ သူတစ်ယောက်တည်း ကလေးတွေနဲ့ ပစ္စည်းတွေနဲ့ ဒီလောက် ဗရုတ်သုတ်ခ ပြဿနာတွေ ဗလပွနဲ့ အညာပြန်ရထားခရီးရှည်ကြီးကို ထိန်းသိမ်းစီမံအုပ်ချုပ်ပြီး ပစည်းအပျောက်အရှမရှိအောင်၊ ကလေးတွေ အန္တရာယ်ကင်းအောင်၊ ကလေးတွေကို ကျွေးမွေး လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့တာကို တွေးမိပြီး အမေ့ရဲ့ဂုဏ်ကျေးဇူးတွေကို အောက်မေ့ကန်တော့ မိပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့တတွေ ရထားတွဲပေါ် မှာ အခြေကျ နေရာလည်းကျပြီး သိပ်မကြာခင်မှာ ဂတ်ဗိုလ်က ခရာမှုတ်ပြီး အလံပြပါတော့တယ်။ ကျွန်တော်တို့ကလည်း အမေတားတဲ့ကြားထဲက ပြတင်းပေါက်ကနေ ခေါင်းပြူပြီးတော့ ဂတ်ဗိုလ်ကြီး အလံပြတာကို ကြည့်ရတာ အရမ်းအားရဖို့ ကောင်းပါ တယ်။ ငါကြီးရင် ဂတဗိုလ်လုပ်ရရင် ကောင်းမလားလို့တော့ တွေးမိပါတယ်။ ဂတ်ဗိုလ်ကြီးရဲ့ ခရာသံလည်း ဆုံးရော၊ ရထားကြီး စထွက်ပါတယ်။ ရထားခေါင်းတွဲကနေ ရေနွေးငွေ့နဲ့ မောင်းတဲ့ကျောက်မီးသွေး ခေါင်းတွဲကြီးတွေပါ။ ကျွန်တော်တို့တတွေက ခေါင်းမဲကြီးလို့ခေါ်ပါတယ်။ စထွက်ပြီဆိုကတည်းက ရှူးရှူးရဲရဲနဲ့ ရထားကြီးထွက်ပါတော့တယ်။ ကျောက်မီးသွေးနဲ့ မောင်းတဲ့ ခေါင်းတွဲတွေရဲ့ အလှအပဟာ လွမ်းစရာပါ။ သူတို့ စထွက်ပြီးရထားတွဲ ၁၀တွဲလောက်ကို ဆွဲသွားတာဟာ အံ့မခန်းစရာပါ။ တချိန်ထဲမှာပဲ သူတို့တတွေ တရှူးရှူးနဲ့ အားကြိုးမာန်တက် ဆွဲရတာကို ကြည့်ပြီး သူတို့ကိုလည်း သနားမိပါတယ်။ သတို့ရဲ့ အသံတွေကို နားထောင်ရတာ မနည်းကြီးကြိုးစားပြီး ဆွဲနေရသလိုပဲ။ အရှိန်တော်တော်ရသွားတော့မှ စက်ခေါင်းတွဲကြီးအသံလည်း တည်တည်ငြိမ်ငြိမ် ဖြစ်သွားပါတယ်။ အဲတော့မှ ကျွန်တော်တို့ရဲ့ ရင်ထဲမှာ ပေါ့သွားပါတယ်။ ရထားစက်ခေါင်းကြီးအစား စိတ်အေးသွားရတော့တယ်။ အဲဒီခေတ်က ဒီဇယ်ခေါင်းတွဲမရှိပါဘူး။ မြန်မာပြည်တပြည်လုံးမှာ ကျောက်မီးသွေးခေါင်းတွဲတွေကြီးပဲရှိပါတယ်။ ဝက်ခေါင်းကြီးမှာ စက်ခေါင်းဗိုလ်နဲ့ မီးထိုးဆိုတာ ရှိပါတယ်။ မီးထိုးဆိုတဲ့လူက ကျောက်မီးသွေးတွေကို တော်တော်ကြီးတော့ စက်ခေါင်းကြီးရဲ့ မီးတွေရဲနေတဲ့ မီးဖိုကြီးထဲကို ထည့်ရပါတယ်။ ရထားကြီးရဲ့ ရေနွေးငွေ့ ပရကရာ အနည်းအများပေါ်မူတည်ပြီး မီးထိုးရတာပါ။ ရထားကြီးရဲ့ ဘွိုင်လာထဲမှာ ထည့်ထားတဲ့ ရေတွေကို ဆူအောင် ကျောက်မီးသွေးနဲ့ အပူပေးပြီး ရေတစုလာ၊ ရေနွေးငွေ့တွေထွက်လာတော့ ရေနွေးငွေ့တွေကို ပိုက်လိုင်းနဲ့ သွယ်ပြီး

ရထားကြီးရဲ့ ဘီးလုံးတွေမှာ တပ်ထားတဲ့ မောင်းတန်၊ လက်တန်တွေကို တွန်းပြီး ဘီးတွေလည်ပြီး ရထားကြီးရွေ့တာပါ။ အခုခေတ်လူငယ်တွေ မသိမှစိုးလို့ ပြောပြနေတာပါ။ ရထားကြီးထွက်ပြီး သိပ်မကြာခင်မှာ ကျွန်တော်တို့က ဟိုဟာစားချင်၊ ဒဟာစားချင်ဖြစ်လာပါပြီး သင်္ကန်းကျွန်း၊ လေးထောင့်ကန်၊ ငါးမိုးရိပ် ကျော်လောက်ကတည်းက အမေ့ကို စားချင်ပြီဆိုပြီး ပူစာကြတယ်။ ရထားက မနက် (၆း၀၀)နာရီ ထွက်တာ (၇း၀၀)နာရီလောက်မှာ ကျွန်တော်တို့က စားချင်ပြီဆိုတော့ အမေအလုပ်ရှုပ်ရတာပေါ့။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၁-၈-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၁၉)

ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝမှာ အဖေဟာ အောက်ပြည်အောက်ရွာ အင်းစိန်၊ တိုက်ကြီးမြို့တွေမှာ ရဲအရာရှိအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ အဲဒီလိုကာလ အဖေတိုက်ကြီးမြို့မှာ တိုက်ပိုင်လုပ်နေတုန်း နွေကျောင်းပိတ် အမေနဲ့ ကျွန်တော်တို့ ညီအစ်ကို၊ မောင်နှမတစ်သိုက် အညာက ကျွန်တော်တို့ အခေါ် အမေကြီးလို့ ခေါ်တဲ့ အမေ့ရဲ့ အမေ နေတဲ့ ဝမ်းတွင်းမြို့ကိုပြန်တဲ့ အကြောင်းတွေရေးနေရင်း (၁၉၅၈) ခုနှစ်ပတ်ဝန်းကျင်လောက်က မြန်မာပြည်ရဲ့ လူမှုရေးစနစ်နဲ့ အညာဒေသစရိုက်နဲ့ အတွေးအခေါ် အယူအဆတွေကို ရေးနေပါတယ်။

အညာပြန်ခရီး(အဆက်)

ဒီလိုနဲ့ ကျွန်တော်တို့တတွေ ရထားတွဲပေါ်မှာ အခြေကျ နေရာလည်းကျလို့ သိပ်မကြာခင်မှာ ရထားရဲ့ ဟိုးနောက်ဆုံး ဂါတ်တွဲ ရှေ့ပလက်ဖောင်းပေါ်မှာ ဂတ်ဗိုလ်ကြီးက ကက်ဦးထုပ်အဖြူဆောင်းလို့ ယူနီဖောင်းက အကျီအဖြူ ဘောင်းဘီအပြာ၊ ပြောင်နေအောင် တိုက်ထားတဲ့ ရှူးအမဲနဲ့ စတိုင်ကျကျ ရပ်နေပြီး ခရာကို တရှိုးရှိုးမှုတ် အလံအစိမ်းကို ဝေ့ခါဝေ့ခါနဲ့ ရထားကြီးထွက်တော့ဆိုပြီး အချက်ရမ်းပြပါတော့တယ်။ ကျွန်တော်တို့ကလည်း အမေတားတဲ့ကြားထဲက ပြတင်းပေါက်ကနေ ခေါင်းပြူပြီးတော့ ဂတ်ဗိုလ်ကြီး အလပြတာကို ကြည့်ရတာ အရမ်းအားရဖို့ကောင်းပါ တယ်။ အဲဒီတုန်းက သူ့ကိုကြည့်ပြီး ဘယ်လောက်အထိ သဘောကျသလဲဆိုတော့ ငါကြီးရင် ဂတဗိုလ်လုပ်ရရင် ကောင်းမလားလို့တောင် တွေးမိပါတယ်။ ဂတ်ဗိုလ်ဆိုတာက ရထားတစ်စင်းလုံးမှာ အကြီးဆုံးအရာရှိပါ။ ရထားရဲ့ နောက်ဆုံးမှာ သူ့ရဲ့ ရုံးခန်းလို့ ခေါ်ရမယ့် ဂါတ်တွဲဆိုတာ ရှိပါတယ်။ ဂါတ်တွဲထဲမှာ သူ့ရဲ့ စာရွက်စာတမ်းအသုံးအဆောင်တွေ ရှိပါတယ်။ သူက ရထား ဘယ်ဘူတာမှာ ရပ်မယ်၊ မရပ်ဘူး ဆိုတာဆုံးဖြတ်ပါတယ်။ ဘယ်ဘူတာမှာ ရထား ဘယ်လောက်နားမယ်၊ ရထားဘယ်အချိန်ပြန်ထွက်မယ် ဆိုတာလည်း သူပဲ ဆုံးဖြတ်တယ်။ ကုန်တင်၊ ကုန်ချ ရထားရဲ့ ကိစ္စအဝဝဟာ သူ့ရဲ့ လက်အောက်မှာ ရှိတော့ တော်တော်လေးကို အာဏာရှိပြီး လူတိုင်းက ဂတ်ဗိုလ်ကြီးဆို လေးစားရတာ။ ဂတ်ဗိုလ်ကြီး ဘယ်လောက်တောင် အာဏာရှိတယ်ဆိုတာ ဥပမာ တစ်ခုပြောပြချင်ပါသေးတယ်။ ရထားဟာ ပုံမှန်ကတော့ သဲတောမြို့မှာ (၃)မိနစ်ပဲ ရပ်ပါတယ်။ အမေသယ်လာတဲ့ ပစည်းတွေက တစ်ပုံတစ်ခေါင်းချလို့ ပြုလို့ (၃)မိနစ်နဲ့ မပြီးနိုင်ဘူး ဆိုတော့ အမေက ဂတ်ဗိုလ်ကြီးဆီသွားပြီး

ကြုံပြောထားရပါတယ်။ "ကျွန်မ တိုက်ကြီးက တိုက်ပိုင် ကတော်ပါ။ ပစည်းတွေများလို့ သဲတောဘူတာမှာ ချတာများ နည်းနည်းကြာရင် ဂတ်ဗိုလ်ကြီး ရထား နည်းနည်းလောက် စောင့်ပေးပါ" ဆိုပြီး အဲလို အမေပြောထားတော့ အဆင်ပြေတာပေါ့။ ဒါကြောင့် ဂတ်ဗိုလ်ဆိုတာကို ကျွန်တော်တို့ သိပ်အားကျကြတာပါ။ ဒါနဲ့ ရန်ကုန်ဘူတာကြီးက ရထားထွက်တဲ့ အကြောင်းဆက်ပြောရမယ်ဆိုရင် ဂတ်ဗိုလ်ကြီးရဲ့ ခရာသံလည်း ဆုံးရော၊ ရှူးရှူးရဲရဲနဲ့ ရထားကြီး စထွက်ပါတယ်။ အဲဒီခေတ်က ရထားခေါင်းတွဲတွေဟာ ရေနွေးငွေ့နဲ့ မောင်းတဲ့ ကျောက်မီးသွေးသုံး ခေါင်းတွဲကြီးတေပါ။ ကျွန်တော်တို့ကလေးတွေက အဲဒီ ကျောက်မီးသွေး ခေါင်းတွဲကြီးတွေကို ခေါင်းမဲကြီးလို့ခေါ်ပါတယ်။ စက်ခေါင်းတွဲကြီး ဟာ စထွက်ပြီဆိုကတည်းက နားကွဲမတတ် ရထားဥဩ အသံရှည်ကြီးဆွဲပြီး အားရပါးရ တဝုန်းဝုန်းနဲ့ အရှိန်အဟုန်အပြည့်၊ ဂျုံးဂျုံး ဂျက်ဂျက်နဲ့ မောင်းတကြီးတွေ ရှေ့ထိုးနောက်ငင်နဲ့ စထွက်ပါတယ်။ အဲဒီနောက် တဖြေးဖြေးနဲ့ စက်ခေါင်းတွဲဘီးကြီးတွေလည်ပြီး ရှုန်းလိုက်ကန်လိုက်နဲ့ ဆွဲလိုက်တော့ ကျွန်တော်တို့ စီးရတဲ့ ရထားကြီး တလိမ့်လိမ့်နဲ့ ဘူတာကြီး ပလက်ဖောင်းကနေ ထွက်ပါတော့တယ်။ ခေါင်းမဲကြီး စထွက်ပြီးရထားတွဲ (၁၀)တွဲလောက်ကို တဖြည်းဖြည်း တရွေ့ရွေ့နဲ့ ရထားကြီး တစ်စင်းလုံးကို ဆွဲသွားတာဟာလည်း အံ့မခန်းစရာပါ။ တစ်ချိန်ထဲမှာပဲ ဒီခေါင်းတွဲကြီး တရှူးရှူးနဲ့ အားကြိုးမာန်တက် ရထားတွဲတွေကို ဆွဲရတာကြည့်ပြီး သူ့ကိုလည်း သနားမိပါတယ်။ ရထားစအထွက်မှာ သ.ရဲ့ ရှူးရဲနဲ့ တအား အားစိုက်ပြီး ရထားတွဲ (၁၀)တွဲလောက်ကို ဆွဲကြရတဲ့ အသံတွေကို နားထောင်ရတာဟာလည်း စိတ်မချမ်းသာစရာပါ။ အဲလိုရထားတွဲတွေကို စက်ခေါင်းတွဲကြီး ဆွဲနေမှန်း သိနေပေမယ်လို့ ခေါင်းမဲကြီး အားစိုက်ပြီး ရှုန်းနေရတဲ့ အသံကို နားထောင်ပြီး ကျွန်တော်စိတ်ထဲမှာ မည်းမည်းသတဝါကြီးတစ်ကောင်က ညည်းညူပြီး ရထားတွဲတွေကို မနည်းကြီး ကြိုးစားပြီး ဆွဲနေရသလိုပဲ ခံစားရပါတယ်။ ရထားအရှိန်တော်တော်လေး ရသွားတော့မှ စက်ခေါင်းတွဲကြီးရဲ့ အသံက တည်တည်ငြိမ်ငြိမ် ဖြစ်သွားပါတယ်။ အဲတော့မှ ကျွန်တော်ရဲ့ရင်ထဲမှာ ခေါင်းတွဲကြီးအစား ပေါ့သွားပါတယ်။ အဲလို အရှိန်ရသွားတဲ့အချိန်မှာ ရထားစက်ခေါင်းကြီးရဲ့ ရေနွေးငွေ့နဲ့ မောင်းတဲ့ မောင်းတတွေ လူပ်ရှားသံတွေဟာ ပုံမှန်ဖြစ်သွားပြီဆိုတော့ ရထားစက်ခေါင်းကြီး ဆွဲရတာ သက်သာသွားပြီဆိုပြီး သူ့အစား စိတ်အေးသွား ရတောတာပေါ့။ အဲဒီခေတ်က ဒီဇယ်ခေါင်းတွဲ ဆိုတာ မရှိသေးပါဘူး။ မြန်မာပြည်တစ်ပြည်လုံးမှာ ကျောက်မီးသွေးခေါင်းတွဲတွေချည်းပဲ ရှိပါတယ်။ အဲဒီကျောက်မီးသွေးနဲ့ မောင်းတဲ့ ရေနွေးငွေ့သုံးစက်ခေါင်းတွဲကြီးတွေရဲ့ အလှအပဟာ တကယ့်ကို လွမ်းစရာပါ။ အခုခေတ်လူငယ်တွေ မသိမှာစိုးလို့ ရေနွေးငွေ့ စက်ခေါင်းကြီးတွေအကြောင်း နည်းနည်းဆက် ပြောပြချင်ပါ သေးတယ်။ စက်ခေါင်းကြီးမှာ စက်ခေါင်းဗိုလ်နဲ့ မီးထိုးဆိုတာ ရှိပါတယ်။ မီးထိုးဆိုတဲ့လူက ဂေါ်ပြား တစ်ချောင်းနဲ့ မီးသွေးတွေကို ကော်ကော်ပြီးတော့ စက်ခေါင်းကြီးရဲ့

မီးတွေရဲနေတဲ့ မီးဖိုကြီးထဲကို ထည့်ရပါတယ်။ ရေနွေးငွေ့စက်ခေါင်းကြီးရဲ့ ဘွိုင်လာကြီးထဲမှာ ရေနွေးငွေ့ပရက်ရှာ အနည်းအများပေါ် မူတည်ပြီး မီးထိုးရတာပါ။ ခေါင်းတွဲကြီးရဲ့ ဘွိုင်လာထဲမှာ ထည့်ထားတဲ့ ရေတွေကိုဆူအောင် ကျောက်မီးသွေးကို မီးရှို့ အပူပေးပြီး ရေတဆူလာ၊ ရေနွေးငွေ့တွေ ထွက်လာတော့ ရေနွေးငွေ့တွေကို ပိုက်လိုင်းနဲ့သွယ်ပြီး ရထားကြီးရဲ့ ဘီးလုံးတွေမှာ တပ်ထားတဲ့ မောင်းတ၊ လက်တံတွေကို တွန်းခိုင်းပြီး ဘီးတွေလည် ရထားကြီးရွေ့တာပါ။ အဲဒီဘွိုင်လာထဲမှာ ရေနွေးငွေ့ပရက်ရှာ အနည်းအများကို ချိန်ဆပြီး ရထားရဲ့ အရှိန်နှုန်း စပိတွေကို စက်ခေါင်းပိုလ်ကကြည့်ပြီး စက်ခေါင်းကြီးကို မောင်းတာပါ။ ရေနွေးငွေ့ ပရက်ရှာ နည်းသွားရင် စက်ခေါင်းပိုလ်က မီးထိုးသမားကို ကျောက်မီးသွေးထပ်ထည့်ခိုင်းတယ်။ ဘွိုင်လာထဲမှာ ပရက်ရှာသိပ်များနေရင်လည်း ရေနွေးငွေ့တွေကို အပြင်ထွက်ပေါက် ပိုက်လိုင်းကနေ တရှူးရှူးနဲ့ ထုတပစ်လိုက်တယ်။ ဒီလိုရေနွေးငွေ့ ပရက်ရှာကို ချိန်ပြီး စက်ခေါင်းပိုလ်ကြီးက စက်ခေါင်းကြီးကို လိုသလို ချိန်ဆပြီး မောင်းရတာပါ။ စက်ခေါင်းကြီးကို လိုသလောက် စပိရအောင် ရေနွေးငွေ့ပရက်ရှာနဲ့ ကြည့်မောင်းရတာ တော်တော်ကို မလွယ်တဲ့ စက်ခေါင်းပိုလ်ရဲ့ အလုပ်ပါ။ ရထားလမ်းတွေကလည်း ရှုတ်တရက်ကြည့်လိုက်ရင် တပြေးတည်း၊ တဖြောင့်တည်းလို့ ထင်ရပေမယ်လို့ မသိမသာ အကွေ့အကောက်လေးတွေ နည်းနည်းလေး မြင့်သွားလိုက်၊ နိမ့်သွားလိုက် ဂရေးဒီရင့်တွေက ရှိပါသေးတယ်။ အဲဒ ရထားလမ်းရဲ့ အကွေ့အကောက်၊ အနိမ့်အမြင့်တွေပေါ် မူတည်ပြီး ရထားလမ်းဘေးမှာ စက်ခေါင်းကို အရှိန်ဘယ်လောက်နဲ့ မောင်းရမယ် ဆိုတာ အချက်ပြဆိုင်းဘုတ်လေး တွေရှိပါတယ်။ ခေါင်းတွဲကို ဘယ်နှစ်မိုင်မောင်းရမယဆိုတာ (၁၅)၊ (၂၀)၊ (၃၀) ဆိုပြီး မိုင်နှုန်းပြတဲ့ ဆိုင်းဘုတ်လေးတွေ သံလမ်းဘေးမှာရှုပါတယ်။ အဲလို သတိပေးဆိုင်းဘုတ်တွေကိုကြည့်ပြီး စက်ခေါင်းပိုလ် က ခေါင်းတွဲကြီးရဲ့ စပိကိုချိန်ပြီး မောင်းရတာပါ။ နောက်ပြီးတော့ တံတားပြင်နေတယ် နှေးနှေးလေး မောင်းပါဆိုရင် Slow ဆိုတဲ့ ဆိုင်းဘုတ်တွေလည်း ရှိပါသေးတယ်။ သိပ်ကို နှေးရမယ်၊ ရထားဟာ ရွေ့တယ်ဆိုရုံလေးပဲ ရွေ့ရမယ်ဆိုရင် ဒက်စလိုး (Dead Slow) လို့ ဆိုင်းဘတ်ပေါ်မှာ ရေးထားပါတယ်။ ကျွန်တော်အငယ်လေးတန်းကျောင်းသားလောက် ရထားစီးတုန်း ကတည်းက အဖေက Dead Slow ဆိုတာ လုံးဝကို နှေးတာ မရွေ့သလောက် မောင်းတာပါလို့ ပြောပြီး အဂလိပ်စာသင်ထား ရှင်းပြတာကို မှတ်မိနေပါသေးတယ်။ ရထားလမ်းဘေးက ဆင်းဘုတ်တွေက စက်ခေါင်းပိုလ်ကို သတိပေးဖို့ သင်္ကေတမျိုးစုံ၊ စာမျိုးစုံနဲ့ ရေးထားတာပါ။ ဒီဆိုင်းဘုတ်လေးတွေဟာ စက်ခေါင်းပိုလ်ရဲ့ အသက်သွေးခဲပါပဲ။ ညမှာ စက်ခေါင်း မောင်းရင်လည်း စက်ခေါင်းကြီးရဲ့ မီးဟာထိန်လင်းနေပြီး ရှေ့ပေ ၁၀၀ လောက်အထိ ရှင်းရှင်းလင်းလင်း မြင်ရတာဆိုတော့ ဒီလို သတိပေး ဆိုင်းဘုတ်တွေကို ထင်ထင်ရှားရှား မြင်ရပါတယ်။ ခေါင်းတွဲကြီး သွားနေရင် ခေါင်းတွဲကြီးရှေ့မြင်ကွင်းဟာ မီးတွေ လင်းထိန်ရှင်းလင်းနေပြီး ညဆိုပေမယ်လို့ နေ့ခင်း အတိုင်းပဲ မြင်ရပါတယ်။ ခေါင်းမဲကြီးတွေရဲ့ မီးတန်းကြီးအကြောင်းပြောရမယ်ဆိုရင် တစ်ခါတလေ ကျွန်တော်တို့

သဲတောဘူတာမှာ ည ရထားစီးဖို့ စောင့်နေတုန်း ခေါင်းမဲကြီး အဝေးကနေ ပြေးလာတာကို ညမှာ ကြည့်လိုက်မယ်ဆိုရင် (၁)မိုင် (၂)မိုင်လောက် အဝေးကတည်းက မီးအလင်းတန်းကြီး အရှိန်ပြင်းပြင်းနဲ့ ကိုယ့်ဆီ ပြေးလာနေတာကို မြင်ရပါတယ်။ ခေါင်းမဲကြီးတွေရဲ့ မီးဟာ အဲလိုကို လင်းတာပါ။ ဒလို ခေါင်းတွဲကြီးမီးကောင်းတာကြောင့် စက်ခေါင်းဗိုလ်ဟာ ည မှာစက်ခေါင်းမောင်းလည်း သံလမ်းဘေးက သတိပေး ဆိုင်းဘုတ်တွေကို နေ့ခင်းအတိုင်း ကြည့်လို့ရပြီး စက်ခေါင်းကြီးရဲ့ စပိ အနှေးအမြန် ချိန်ဆမောင်းလို့ရတာပါ။ စက်ခေါင်း မောင်းတဲ့သူဆိုလို့ အထင်တော့ မသေးလိုက်ပါနဲ့။ အဲဒီခေတ်က စက်ခေါင်းဗိုလ်ဟာ စတိုင်အပြည့်နဲ့ ယူနီဖောင်းဝတ်ထားတာ ဂါတ်ဗိုလ်ကြီးနဲ့ နင်လား ငါလားပါ။ စက်ခေါင်းဗိုလ်ကတော့ စက်ခေါင်းကြီးတစ်ခုလုံး သူ့လက်အောက်မှာ ရှိပြီး မောင်းသင့်သလို သူမောင်းတာပေါ့။ ဒါပေမယ့် ရှေ့မှာ ပြောခဲ့သလို ရထားရပ်မယ်၊ ထွက်မယ်ဆိုတာရောက်တော့ ဂတဗိုလ်ရဲ့ အမိန့်ကို နာခံပြီး လုပ်ရတာပါ။ စက်ခေါင်းကြီးအကြောင်း ပြောချင်ပါသေးတယ်။ ရေနွေးငွေ့စက်ခေါင်းကြီးဆိုတော့ ပါဝါ မှန်သမျှဟာ ရေနွေးငွေ့ကို သားထားတာပါ။ ဥဩဆွဲချင်တယ် ဆိုရင်လည်း စက်ခေါင်းထဲက ခလုတတစ်ခုကို ဆွဲလိုက်ရင် ရေနွေးငွေ့တွေ ပွင့်ထွက်သွားပြီးတော့ ဥဩသံထွက်အောင် လုပ်ထားတဲ့ အပေါက်ထဲကို ရေနွေးငွေ့တွေ ဖြတ်သွားပြီး "တူး" ဆိုပြီး ဥဩရှည်ကြီးမြည်ပါတယ်။ အဲဒီ ခလုတကို ဆွဲထားသရွေ့ ရေနွေးငွေ့တွေ ဥဩအပေါက်ကျဉ်းလေးထဲကို ဖြတ်ထွက်နေပြီး ဥဩသံရှည်ကြီးမြည်နေမှာပါ။ ဒါပေမယ့် စက်ခေါင်းဗိုလ်တွေဟာ ဥဩကို တဆက်တည်း အကြာကြီးဆွထားလိုက်၊ ခနလေးဆွဲသံတိဥဩပေးလိုက်နဲ့ ရထားဥဩသံစဉ်ကို မျိုးစုံပြောင်းကြပါတယ်။ ဥဩသံတွေဟာ တူတူဆိုပေမယ့်လည်း အတိုအရှည် အသံတွေမျိုးစုံ ရှိပါတယ်။ စက်ခေါင်းဗိုလ်ရဲ့ ဥဩခလုတ် လက်ဆွဲပညာပေါ်မှာ မူတည်ပြီး ဥဩသံစုံ မျိုးစုံ ထွက်ပါတယ်။ နဲ့သမားတွေ နဲ့ကို လေမှုတ်အပေါက်လေးတွေကို ပိတ်လိုက်ဖွင့်လိုက်၊ မှုတ်တဲ့လေကို လျှော့လိုက် တင်းလိုက်နဲ့ နဲ့သံစုံထွက်အောင် လုပ်တာနဲ့ တစ်သဘောတည်းပါပဲ။ နဲ့မှာ သီချင်းသံတွေ ထွက်လာ သလိုပဲ ရေနွေးငွေ့ စက်ခေါင်းဥဩသံတွေမှာကလည်း အချက်ပေး သင်္ကေတတွေ ပါပါတယ်။ ရန်ကုန်ဘူတာကြီးက စထွက်တော့မယ်၊ ကြားဘူတာမှာ နားတာက ပြန်ထွက်မယ်၊ ရှေ့ဘူတာကို ရောက်တော့မယ်၊ အရှိန်လျှော့ပြီ၊ ရထားလမ်းကူး ကားတို့ လှည်းတို့ မဖြတ်ဖို့ သတိပေးတာ၊ ရထားထွက်ခါနီးပြီ၊ အရှိန်တအားလျှော့လိုက်ပြီ ဆိုတဲ့ သတင်းပေး၊ သတိပေးအချက်ပေးတဲ့ ဥဩသံတွေဟာ တစ်ခုနဲ့ တစ်ခု ကွာပါတယ်။ ဥဩသံတွေမှာ ဘယ်ဟာမှာ ဘယ်လိုတွေ ကွာသလဲတော့ မသိဘူး။ ဒါပေမယ့် စက်ခေါင်းကြီးရဲ့ ဥဩသံတွေဟာ နည်းနည်းဆီတော့ ကွာသွားပြီး ရထားဥဩသံ ကြားလိုက်တာနဲ့ စက်ခေါင်းဗိုလ်ဘာကို ပြောချင်တယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ ခေါင်းတွဲဥဩသံကို နားထောင်လိုက်ပြီးရင် "ဟေ့ ရထားထွက်တော့မယ်၊ တက်ကြလာကြ" လို့ ပြောနိုင်ပါတယ်။ ဒါမှမဟုတ်

ဥဩသံကို နားထောင်ပြီး "ရှေ့မှာ တံတားပြင်နေတယ် ထင်တယ်"၊ တချို့ ဥဩသံကြားလိုက်ရင် "အလံမချိုးသေးဘူးထင်တယ်၊" အဲလို ကျွန်တော်တို့တတွေ ရထားဥဩသံအဓိပါယ် ဖော်နိုင်ကြပါတယ်။ အခုခေတ်လို PA စနစ်လည်းမရှိ၊ ဟင်းဖုန်းတွေ၊ လမ်းလျှောက်စကားပြောစက်တွေ ဝေလာဝေးခေတ်က အခုပြောခဲ့သလို စက်ခေါင်းဗိုလ်က ရထားစီးခရီးသည်တွေကို ဥဩသံနဲ့ ဆက်သွယ်အကြောင်းကြားတာဟာ အခုခေတ်လူတွေကိုပြောပြရင် ယုံနိုင်စရာရှိမှာ မဟုတ်ပါဘူး။ ရထားကြီးဟာ ဘူတာနဲ့ နီးလာပြီဆိုရင် အဝေးကြီးကတည်းက ဥဩရှည်ကြီးကို ဆွဲပြီး "ငါလာနေပြီ" ဆိုတဲ့ သဘောမျိုးကို အချက်ပေးရှာပါတယ်။ အဲတော့မှ ဘူတာမှာရှိတဲ့ ရုံပိုင်က အလံချိုးနိုင်မှာလေ။ တကယ်တော့ ဘူတာတစ်ဘူတာကနေ ရထားထွက်ပြီဆိုကတည်းက အဲဒီဘူတာကနေ နောက်ဘူတာကို ရထားကြီးထွက်သွားပြီဆိုတာကို ကြေးနန်းပို့ထားပြီးသားပါ။ အဲလို ကြေးနန်းရတာနဲ့ နောက်ဘူတာရုံပိုင်က ဘူတာအဝင် အလံတိုင်မှာလာလို့ရပြီ ဝင်လာခဲ့တော့ဆိုတဲ့ အချက်ပေး အလံချိုးထားပါတယ်။ ဒါပေမယ့် တစ်ခါတလေ တခြားဘက်က ရထားလာမှာမို့လို့၊ ဒါမှမဟုတ် ဘူတာထဲမှာ ရထား နောက်တစ်စင်းရောက်နေတဲ့အခါမျိုးမှာ အလံမချိုးထားပါဘူး။ ဒါကြောင့် ဘူတာဝင်လာတဲ့ ရထားကြီးဟာ အလံချိုးမထားဘူးဆိုရင် ဘူတာထဲကို ဝင်လို့မရပဲ အလံတိုင်နားမှာ ရပနေပြီး "ငါရောက်နေပြီ" ဆိုတဲ့ အကြောင်းကြား အချက်ပေး ဥဩသံအရှည်ကြီးကို ဆွဲပြီး စောင့်နေရပါတယ်။ အဲဒီခေတ်က ရန်ကုန်၊ မန္တလေး ရထားလမ်းဟာ တစ်လမ်းတည်းပဲ ရှိတာပါ။ အဲတော့ ရထားတစ်စင်းနဲ့ တစ်စင်း မတိုက်မိဖို့ဆိုတာ ရုံပိုင်ပေါ်မှာ တာဝန်အများကြီး ရှိပါတယ။ ရုံပိုင်ဆိုတဲ့အတိုင်း ဘူတာရုံတစ်ခုလုံးရဲ့ ကိစတွေ အားလုံးကို ဆိုင်တာပိုင်တာပါ။ ဒါပေမယ့် ခုနကပြောသလို ရုံပိုင်ရဲ့ အရေးအကြီးဆုံးတာဝန်ကတော့ ရထားတွေ အဝင်အထွက်မှန်အောင် သံလမ်းတွေကို ချိုးပေးပြီး ဟိုရထား လာလို့ရပြီ၊ ဒီရထား ထွက်လို့ရပြီ ဆိုတာတွေကို စီမံခန့်ခွရတာပါ။ ဘူတာတွေရဲ့ ပလက်ဖောင်းအစန်မှာ သံလမ်းတွေကို လင်းခွဲပေးတဲ့ လိုင်းခရုံကလေးရှိပါတယ်။ အဲဒီရုံလေးထဲမှာ သံချောင်းမောင်းတံလေးတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ အငယ်တုန်းက ရထားစောင့်ရင်း သဲတောဘူတာရုံမှာ ရုံပိုင်ကြီး သံလမ်းခွဲတာကို ကြည့်ရတာ သိပ်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လိုင်းခွဲရုံကလေးက နှစ်ထပ်ပါ။ အပေါ်ထပ်မှာ သံမောင်းတံတွေ အများကြီးပါ။ အောက်ထပ်မှာ သံကြိုးတွေနဲ့ ဘီးလုံးတွေ ရှိပါတယ်။ ရုံပိုင်ကြီးဟာ ဟိုဘက်ဘူတာက ရထား ထွက်လာပြီဆိုတဲ့ တတီတီမြည်တဲ့ ကြေးနန်းဝင်လာတာနဲ့ လိုင်းခွဲရုံပေါ်ကိုတက်ပြီး သံမောင်းတံတွေကို အောက်ဆွဲ၊ အပေါ်တင်နဲ့ သံလမ်းတွေကို ပြောင်းပါတော့တယ်။ အဲဒီလိုင်းခွဲတာ မှားရင် ရထားချင်းတိုက်နိုင်တယ်။ ရထားတွေ လိုင်းချော်နိုင်တယ်။ မြို့ကြီးဘူတာကြီးတွေက ရုံပိုင်ကြီးတွေမှာ တာဝန်တွေကြီးသလို တောမြို့ကလေးက ဘူတာသေးသေးလေးမှာ လုပ်ရတဲ့ရုံပိုင်တွေမှာလည်း ရာထူးသေးပေမယ့် တာဝန်ကတော့ မသေးပါဘူး။ ဘူတာအသေးလေးက

ရုံပိုင်ရဲ့ ဆုံးဖြတ်ချက်မှားလိုက်ရင် သံလမ်းခွဲတာ လွဲမယ်ဆိုရင် ရထားတွေတိုက်ပြီး ခရီးသည် ရာပေါင်းများစွာရဲ့ အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါတယ်။ ရုံပိုင်ကြီးဆိုတာလည်း ကျွန်တော်တို့ အငယ်တုန်းက သဲတော၊ ဝမ်းတွင်းမှာ အဆင့်မြင့်တဲ့ အရေးပါတဲ့ ထိပ်တန်းအရာရှိစာရင်းထဲမှာ ပါပါတယ်။ တကယ်တော့ သဲတော ဘူတာဆိုတာ သေးသေးလေးပါ။ ဘူတာအဆောက်အဦကလည်း ငယ်ငယ်လေး၊ လက်မှတ်ဝယ်စရာ နေရာရယ် ရုံပိုင်ကြီးအခန်းရယ်ပဲရှိတယ်။ ခရီးသည်တွေက ပလက်ဖောင်းပေါ်မှာပဲ ပစည်းတွေပုံပြီး နေကြ၊ စောင့်ကြရတာ။ ဘူတာရဲ့ တောင်ဘက် မြောက်ဘက် နှစ်ဘက်လုံး သဲတောဆိုပြီး အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ အဖြူပေါ်မှာ အမဲနဲ့ ရေးထားတဲ့ ဆိုင်းဘုတ်လေးတွေ ရှိပါတယ်။ အဲဒီဆိုင်းဘုတ်နှစ်ခုအထိ ပလက်ဖောင်းရှိပါတယ်။ ဘူတာကနေ ပလက်ဖောင်းအဆုံးအထိကို သံဆံခါခြံစည်းရိုးကာထားပါတယ်။ ရထားပေါ်က ဆင်းလာရင် အဲဒီ သံဆံခါဘေးက မထွက်ရပါဘူး။ သံဆံခါဘေးကထွက်ရင် ရထားခိုးစီးပြီး လက်မှတ်မပါလို့ ရှောင်ပြေးတယ် လို့ ယူဆမှာပါ။ ရထားစီး ခရီးသည်တွေဟာ ဘူတာထဲကပဲ ဖြတ်ပြီးထွက်ကြရပါတယ်။ ဘူတာက အထွက်မှာ တံခါးပေါက်သေးသေးလေးထဲက ထွက်ရပါတယ်။ တောဘူတာဆိုပေမယ့် ရထားဆိုက်လာရင် အဲဒီ အပေါက်မှာ ဘူတာဝန်ထမ်းတစ်ယောက်က စောင့်ပြီး စနစ်တကျ လက်မှတ်စစ်ပါတယ်။ သဲတော ရုံပိုင်ကြီးဆိုတာ ကျွန်တော် အငယ်တုန်းက ငေးပြီးကြည့်ခဲ့ရတဲ့ သူတစ်ယောက်ပါ။

စက်ခေါင်းဗိုလ်အကြောင်း တလကစတည်း ဆက်ပြောရမယ်ဆိုရင်တော့ စက်ခေါင်းဗိုလ်ကြီးနဲ့ ကြိမ်ကွင်းကြီးရဲ့ အံ့သြစရာ အကြောင်းပါ။ ရထားကြီး ဘူတာနားရောက်ခါနီးပြီဆိုတာနဲ့ ကြက်တောင် ရိုက်တံလို လက်ကိုင်နဲ့ ကွင်းကြီးပါတဲ့ ကြိမ်ကင်း အကြီးစားကြီးကို ဘူတာအဝင်မှာ စက်ခေါင်းဗိုလ်က စက်ခေါင်းအပြင်ဘက်ကို လက်ထုတ်ပြီး ကိုင်ထားပါတယ်။ ရထားစက်ခေါင်းကြီးလည်း ဘူတာထဲ ဝင်လာရော ဘူတာရှေ့ ပလက်ဖောင်းပေါ်မှာ ရပ်နေတဲ့ရုံပိုင်က ကြိမ်ကင်းကြီးကို လှမ်းယူလိုက်ရပါတယ်။ အဲဒီ ကွင်းကြီးအလယ် ဂွဆုံနေရာလေးမှာ သူတို့ချင်း ဆက်သွယ်ရေးသားထားတဲ့ စာလေးပါတယ် လို့ သိရပါတယ်။ ဒါဟာ ဟိုတုန်းက ဟင်းဖုန်း၊ အင်တာနက်၊ လမ်းလျှောက်စကားပြောစက် ဝေါကီတော့ကီ မရှိတဲ့ခေတ်က ရထားနဲ့ရုံပိုင် ဆက်သွယ်ရေးစနစ်ပါ။ ဘာလို့ဒီလို ရထားအကြောင်း အသေးစိတ်တွေ လျှောက်ရေးနေရ သလဲဆိုတော့ နောင်လာနောက်သားလူငယ်တွေ ဟိုတုန်းကရထားတွေ၊ စက်ခေါင်းတွေ နဲ့ ဘယ်လို ရထားစီးခရီး သွားကြတယ်ဆိုတာ မသိကြတော့မှာစိုးလို့ ခေတ်တစ်ခေတ်ရဲ့ လူနေမှုသမိုင်း မှတ်တမ်းတင်ရေးနေတာပါ။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ ကလေးတစ်သိုက်အမေနဲ့ အညာပြန်ခရီး ရေနွေးငွေ့ ခေါင်းမဲကြီးတွေဆွဲတဲ့ ရထားနဲ့သွားရတာဟာ တကယ့်ကို သတိရ လွမ်းစရာပါ။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၃၁ -စ-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၀)

အညာပြန်ခရီးနဲ့ ဘောက်ဆောကား

ကျွန်တော်အလွန်ချစ်တဲ့ အမေ့အကြောင်းတွေကို "အမေနဲ့ ကျွန်တော်" ဆိုပြီး လစဉ် စာစုလေးတွေ_ရေးနေရင်းကနေ ကျွန်တော်ကားစီးတာကို သိပမြင်ချင်တဲ့အမေ ကျေနပ်အောင် ကျွန်တော် ဆရာဝန်ပေါက်စဘဝမှာ ရန်ကုန်တက် ဘောက်ဆောကားကြီးဝယ်ပြီး ကျွန်တော်တို့ ညီအစ်ကိုတစ်သိုက် အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်း သုံးလဆက်ရေးမိပါတယ်။ အဲလိုရေးနေတုန်းမှာ ပဲခူးကအထွက် ဘောက်ဆောကားကြီး ပျက်သွားလို့ ရပ်နားရတဲ့အထိ ပြောမိပြီး ဘောက်ဆောကားကြီး အကြောင်း ဆက်မရေးဖြစ်တော့ပါဘူး။ ဘာလို့တုန်းဆိုတော့ ဘောက်ဆောကားနဲ့ ရန်ကုန်ကနေ မန္တလေးကို ပြန်တဲ့အကြောင်း ရေးနေရင်းကနေ တိုက်ကြီးဂါတ်တဲ (ရဲစခန်း)မှာ အဖေ တိုက်ပိုင် (ပုခုံးပေါ်မှာ နှစ်ဘားရှိတဲ့ ရဲအရာရှ) လုပ်နေတုန်းက နွေကျောင်းပိတ် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ အမေနဲ့အတူ ရန်ကုန်ကနေ အညာပြန်ကြတာကို သတိရလို့ ဘောက်ဆောကားကြီးကို ခဏနားပြီး "အညာပြန်ခရီး" ဆိုတဲ့ စာစုတွေကို ရေးဖြစ်သွားလို့ပါ။ အဲလို အညာပြန်ခရီးရေးနေရင်းကနေ အမေနဲ့ နေခဲ့သွားခဲ့ရတာတွေကို သိပ်သတိရ လွမ်းဆွတ်မိပါတယ်။ သားသမီးတွေအပေါ်မှာ သိပ်ကို ဂရုစိုက်အနစ်နာခံပြီး ကျွန်တော်တို့ စားရေး၊ နေရေး၊ သွားရေးလာရေး အတွက်ကို အမေဘယ်လောက် လုံးပန်းခဲ့ရတယ်ဆိုတာကို ဟိုတုန်းက ကလေးဘဝမှာ သဘောမပေါက်ခဲ့ပဲ အခုမှ စာတွေရေးရင်း တစိမ့်စိမ့် အမေ့ရဲ့ မေတ္တာကို သိသထက်သိ ပိုနားလည်လာမိတယ်။ အညာပြန်ခရီးစဉ်မှာ အမေနဲ့အတူ တိုက်ကြီးကနေ ဝမ်းတွင်းပြန်တဲ့အကြောင်း ရေးလိုက်တာ လေးလလောက်ဆကတိုက် ဖြစ်သွားပါတယ်။ အဲလိုအမေ့အကြောင်းတွေ ရေးနေရင်းမှာပဲ အညာရဲ့ ထူးခြားတဲ့အချက်လေးတွေ အောက်ပြည်နဲ့ ကွာတာလေးတွေကို အခုခေတ် လူငယ်တွေ သိတော့မှာ မဟုတ်ဘူးဆိုတဲ့ အတွေးတွေ ဝင်လာပြီး ငါတို့ အညာအကြောင်းတွေ ဘယ်သူမှမသိလိုက်ပဲ ကွယ်ပျောက်သွားတော့မှာပဲဆိုတဲ့ စိုးရိမ်စိတ်တွေ ဝင်လာတယ်။ ဒါနဲ့ အမေနဲ့ အညာခရီးသွား သက်သက်မဟုတ်ဘဲ အညာရဲ့အမူအကျင့် လူနေမှုစရိုက်တွေကိုပါ မှတ်တမ်းတင်သဘောမျိုးတွေပါ ရေးရင်း ရေးရင်းနဲ့ ရေးရတာ ရပ်မရဘဲ ဖြစ်သွားပါတယ်။ ဒီလိုနဲ့ ကျွန်တော်ရေးနေတဲ့

အညာပြန်ဇာတ်လမ်းဟာ အမေနဲ့ ကျွန်တော်တို့ စီးတဲ့ ကျောက်မီးသွေးခေါင်းမဲကြီးဆွဲတဲ့ ရထားကြီး ရန်ကုန်ဘူတာကနေ ထွက်တဲ့အထိ ရောက်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ရဲ့ စာဖတ်ပရိတ်သတ် တော်တော်များများက ရပ်ထားတဲ့ ဘောက်တောကားကြီးအကြောင်း ဆက်ဖတ် ချင်နေကြပါတယ်။ ဘောက်ဆောကားကြီးကို ပဲခူးအထွက်မှာ ရပ်ထားခဲ့တာကို အားမလိုအားမရ ဖြစ်နေကြပါတယ်။ အဲတော့ "ဆရာ့ ဘောက်ဆောကားကြီး မနေ့လေးဘယ်တော့ရောက်မလဲ" လို့ မေးတဲ့လူတွေ တော်တော်များလာ ပါတယ်။ ဒေါ်ကလျာကလည်း "ဆရာ့ကို သတိပေးပါဦး၊ ဘောက်ဆောကားက ရပ်နေတာကြာသွားပြီ၊ ဆရာအညာပြန် ခရီးအကြောင်းနဲ့ အညာအကြောင်းတေရေးတာ သိပ်စျာန်ဝင်သွားပြီး ဘောက်ဆော ကားကိုမေ့သွားဦးမယ်နော်။ ဘောက်ဆောကားအကြောင်း ဆက်ရေးပေးဖို့ မဂဇင်းတိုက် ကိုလည်း စာဖတ်ပရိတ်သတ်တွေက ခဏခဏဖုန်းဆက်တယ်" လို့ ကျွန်တော့်တပည့်တွေကို သေချာပြောရှာပါ တယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ဘောက်ဆောကားကြီးအကြောင်း တောင်းဆိုတဲ့ သူတွေသိပ်များလာပါတယ်။ သူတို့ပြောမယ်ဆိုလည်း ပြောလောက်ပါတယ်။ ဟိုရေးဒီရေး ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ဘောက်ဆောကားအကြောင်း ရေးရင်းကနေ အညာပြန်ခရီး အကြောင်းရောက်သွားတော့ ဒေါ်ကလျာ ပြောသလို "ဆရာမေ့ပြီး ရေးတာတွေ လွဲကုန်သလား" လို့ ထင်စရာဖြစ်နေတာပေါ့။ အဲဒီလို စာရေး တာမှာ ဒီရေးဟိုရောက်၊ ဟိုရေးဒီရောက်ကိစန့်၊ ပတ်သက်လို့ ပြောရမယ်ဆိုရင် စာရေးတယ် ဆိုတာကို ကျွန်တော့်ကိုယ်တွေ့ ကျွန်တော်စာရေးတဲ့အကြောင်းပေါ် အခြေခံပြီး နည်းနည်းပြောပြ၊ ရှင်းပြချင်ပါတယ်။ ကျွန်တော်စာရေးမယ်ဆိုရင် ရေးမယ့်အကြောင်းအရာတစ်ခုကို ပထမဆုံးစဉ်းစားပြီး စာရေးစားပွဲမှာ ထိုင်လိုက်ပါတယ်။ ဘောပင်လေးထုတ်၊ စာရွက်ဖြူတွေပေါ်မှာ မင်အမဲနဲ့ စာကြောင်းတစ်ကြောင်းချင်း ရေးလိုက်ရင်းနဲ့ တဖြည်းဖြည်းအရှိန်ရလာတော့ စာရေးတဲ့နှုန်းကလည်း တအားသွက်လာပြီး စာကြောင်း တွေ ပလူပျံအောင် တစ်လိုင်းပြီးတစ်လိုင်းပေါ်လာ၊ ကျွန်တော်ရဲ့ ပဲပင်ပေါက်လက်ရေးနဲ့ ရေးပြီးသား စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက် ကွန်ပြူတာစာရိုက်တဲ့ တပည့်တွေ လိုက်ရိုက်လို့ မမီနိုင်အောင်ကို တသီကြီး ဆက်တိုက်ထွက်လာပါတော့တယ်။ အဲဒီအချိန်မှာတော့ စာရေးနေတဲ့ အကြောင်းအရာတွေဟာ စာမရေးခင် ကိုယ်တွေးထားတာတွေ၊ စဉ်းစားထားတာတွေ မဟုတ်တော့ပဲ ဖြစ်ချင်ရာတွေ ဖြစ်ကုန် ပါတယ်။ စာရေးနေတဲ့ ကျွန်တော့်အတွေးတွေဟာ ပျံ့လွင့်သွားပြီး စာတွေကို ကျွန်တော်ကိုယ်တိုင် ရေးနေတာနဲ့ မတူဘဲ ဘောပင်လေးက သူရေးချင်ရာတွေကို မရပ်မနား လျှောက်ရေးနေတော့တာလို့ ပြောရမလိုဖြစ်နေတယ်။ တစ်ခါတလေရောက်တော့ ရေးနေတဲ့စာတွေဟာ အထိန်းအကွပ်ကို လုံးဝမရှိပဲ အဆက်အစပ်မရှိ ရောက်ချင်ရာတွေကို ရောက်သွားတတ်ပါသေးတယ်။ ဒါပေမယ့် အဲလိုပုံစံမျိုး စာရေး

ရတာကို ကျွန်တော်သိပ်ကြိုက်တယ်။ အခုပြောခဲ့သလိုပဲ ကျွန်တော်စာရေးတဲ့ စတိုင်ကတော့ အတွေးတွေကို ချုပ်ပြီး ဒါပဲရေးမယ်ဆိုပြီး အကြောင်းအရာတစ်ခုကို ကြိုတင်စဉ်းစား ပုံသေထားရေးတဲ့ သဘောမျိုးမဟုတ်ပဲ အတေးတွေကို ဖွင့်ပြီးရေးချင်တာတွေကို စိတ်လွတ်ကိုယ်လွတ် ရေးလေ့ရှိပါတယ်။ ရောက်ချင်တဲ့ အကြောင်းရောက်၊ ရေးချင်တဲ့ အကြောင်းရေးဆိုပြီး ကလောင်ကို မင်းစိတ်ရှိတဲ့အတိုင်း လုပ်ပေရော့ဆိုပြီး သူ့စိတ်ကြိုက် လွှတ်ပေးထားလိုက်ပါတယ်။ ဟိုတုန်းကတော့ စာရေးတာဟာ ကလောင်နဲ့၊ အခုခေတ်မှာတော့ ဘောပင်သုံးရတာပေါ့။ ဒါပေမယ့် မြန်မာစကားမှာ စာရေးတဲ့ ကရိယာ မှန်သမျှကို ကလောင်လို့ တင်စားသုံးကြလို့ တစ်ခါတလေ ဘောပင်ကိုလည်း ကလောင်လို့ပဲ သုံးမိတာပါ။ အဲဒီ စာရေးတဲ့ဘောပင်ဒါမှမဟုတ် ကလောင်ဟာ တကယ်တော့ ကိုယ်ကကိုင်ပြီး ကိုယ့်လက်ကလုပ်တာကို လိုက်ပြီးရေးနေတယ်ဆိုတာ သိတော့သိတယ်။ ဘောပင်ဟာ ကိုယ်ခိုင်းတာကို လုပ်နေရတဲ့ စာရေး ကရိယာလို့ နားတော့လည်ထားတယ်။ ဒါပေမယ့် အံ့ဩဖို့ကောင်းတာကတော့ တကယ် ကျွန်တော် စာရေးနေတော့ အဲလိုမခံစားရဘူး။ ကလောင်လေးတလှုပ်လှုပ်နဲ့ သူ့ဖာသာ သူ့အလုပ်သူ လုပ်နေတာကို ကျွန်တော်က ဘေးကနေ စိတ်ဝင်တစား ထိုင်ကြည့်ပြီး ငေးနေရသလို ခံစားရတယ်။ ဒီဘောပင်လေးဟာ သက်ရှိသတ္တဝါလေး တစ်ခုပဲ ဒါတင်မကသေးဘူး၊ သူ့မှာ အတွေးအခေါ်တွေရှိပြီး ဦးနှောက်ကောင်းတဲ့ ဘောပင်လေးပဲလို့ တဖြည်းဖြည်းထင်လာတယ်။ ကြည့်ပါဦး၊ သူစာတွေ ရေးနေလိုက်တာလို့ စိတ်ထဲမှာ တကယ်ကိုထင်လာပြီး စာရွက်ပေါ်မှာ ပေါ်လာတဲ့စာတွေကို အားရပါးရ ဖတ်ပြီး သဘောတွေကျ ကြည်နူးမိပါတယ်။ ဒီဘောပင်လေးဟာ တော်တော် အရေးကောင်းတာပဲလို့ စိတ်ထဲမှာလည်း ကြိတ်ပြီး ချီးကျူးမိတယ်။ စာတွေတစ်တန်းပြီးတစ်တန်း ပေါ်နေတာဟာ ကျွန်တော့်ရဲ့ အသိစိတ် အတွေး လေဟာနယ်ကြီးထဲက ထိန်းချုပ်ရေးသားပြီး ဘောပင်လေးကို လှုပ်ရှားခိုင်းနေတယ် ဆိုတာက မေ့သွား တယ်။ ဒီစာတွေနဲ့ ကျွန်တော်နဲ့ ဘာမှမဆိုင်သလိုပဲလို့ ထင်လာတယ်။ ကိုယ့်ကိုကိုယ် စာရေးသူလို့ မထင်တော့ဘဲ စာရွက်ပေါ်က စာကြောင်းတွေကို ဖတ်နေတဲ့ စာဖတ်သူတစ်ယောက်လို့ ခံစားလာရတယ်။ အဲဒါဟာ ကျွန်တော် စာရေးတဲ့စတိုင်ပါ။ မဂဇင်းထွက်လာလို့ ကိုယ်ရေးတဲ့စာစုတွေကို ပြန်ဖတ်ကြည့်ရင်း ကျေနပ်မိတယ်။ အားရသဘောကျမိတယ်။ ကိုယ်ကိုတိုင်ရေးထားပေမယ့် စာတွေကို ကျွန်တော်ရေးတယ် လို့တောင် မထင်မိဘူး။ အဲဒါဟာ ကျွန်တော့်ရဲ့ဖြစ်ရပ်မှန် စာရေးတဲ့ပုံစံပါပဲ။ စာဖတ်ပရိသတ်တွေ ထင်ကြတာက အလုပ်သိပ်များတဲ့ ကျွန်တော်ဟာ အားတဲ့အချိန်လေးတွေမှာ အသံသွင်းပြီး တပည့်တွေက စာပြန်ရိုက်တယ်လို့ ထင်ကြတယ်။ တကယ်တော့ ဒီလို ဘောပင်လေးနဲ့ စာရေးတာကို ထိုင်ကြည့်ရတာ သိပ်သဘောကျတဲ့ ကျွန်တော်ဟာ ကိုယ့်မှာ အသံဖမ်း အသံသွင်း ပီဒီအေ၊ လက်တော့၊ ကွန်ပြူတာ စတဲ့ အီလက်ထရောနစ်ပစည်းမျိုးစုံ အကုန်ရှိပေမယ့်လို့ ဘောပင်လေးကို ကိုယ့်လက်နဲ့ကိုယ် ကိုင်ပြီးရေးရတာ

ကို ကြိုက်ပါတယ်။ စိတ်ကြိုက်ယူနီဘောအိုင်း ယူဗီ(၁၅၀)ဘောပင်ကို ကိုင်ပြီး အားရပါးရရေးလိုက်ရတဲ့ အရသာဟာ ဘာနဲ့မှ ယှဉ်လို့မရဘူး။ ဒါကြောင့် ဘောပင်နဲ့ပဲ ကျွန်တော်အမြဲ စာရေးပါတယ်။ ကျွန်တော် ရေးချင်ရာတွေ ရေးပြီး တပည့်တွေက ကွန်ပြူတာနဲ့ရိုက်၊ အဲဒါကို ကျွန်တော့်အစ်ကိုကြီး ဦးတင်နွယ်ကဖတ်၊ ပြန်ပြင်၊ ပြန်ရေး၊ ပြန်ပြင်၊ ပြန်ရေး သုံးခါလောက် လုပ်လိုက်တဲ့အခါမှာ စာချော ထွက်လာပါတယ်။ ဒီလို ကျွန်တော်ရေးချင်သလို ဖရီးစတိုင်ရေးတာဟာ မြင်းရင်းတစ်ကောင်ကို စီးရသလို ကျွန်တော်ခံစားရပါတယ်။ ကျွန်တော်စာရေးနေတာဟာ ဘာနဲ့တူလဲဆိုတော့ မြင်းရိုင်းပေါ်တက်လိုက်ပြီး ကိုယ့်ကိုယ်ကို မြင်းရိုင်းပေါ်က ပြုတ်မကျသွားအောင် နည်းနည်းပါးပါးလေးပဲ ထိန်းရုံထိန်းထာပြီး မြင်းရိုင်း သူလုပ်ချင်ရာလုပ် ခုန်ပေါက်ပြေးလွှား ဆော့ကစားတာ၊ တအားလှုပ်ရှားနေတာတွေကို ကိုယ်က အပေါ်က ထိုင်ပြီး သာသာလေး လိုက်ကြည့်နေရသလိုပဲလို့ ကျွန်တော်ထင်မိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်စာရေးနေတုန်းမှာ ကျွန်တော့်ကလောင်က ကျွန်တော့်စာတွေကို သူဆွဲချင်ရာဆွဲ၊ သူရေးချင်ရာ ရေး လုပ်နေတာ။ ကျွန်တော်က လုံးဝကိုမဆိုင်တဲ့ အကြောင်းအရာတွေကို ရောက်မသွားရင်ပြီးရောဆိုပြီး စာရေးတဲ့စိတ်အာရုံနဲ့ အကြောင်းအရာကို နည်းနည်းလေးထိန်းရုံ ထိန်းပေးထားတာ။ စာရေးတာဟာ မြင်းရိုင်းစီးသလိုပဲလို့ ပြောတာဟာ ကျွန်တော်စာရေးနေတုန်းမှာ စာရေးတယ်ဆိုတာရဲ့ စျာန်နဲ့ စာရေးတာ ရဲ့ အတွေးပုံစံတွေ ဟိုအကြောင်းဒီအကြောင်း ရောက်ချင်ရာရောက် ရေးချင်ရာရေး စာလုံးတွေ ပေါ်လာတာကို ကိုယ်ကအသာလေးပဲ ကြည့်နေလိုက်ပြီး အတွေးတွေကို လွှတ်ထားတာလို့ ပြောတာ၊ အဲဒါဟာ ကျွန်တော်စာရေးတဲ့ စတိုင်ပါ။ ဒါကြောင့် ကျွန်တော်စာရေးတာဟာ မြင်းရိုင်းစီးသလိုပါပဲလို့ ပြောတာပါ။ မြင်းရိုင်းကို စီးရင်းစီးရင်းနဲ့ ကိုယ်က မြင်းဇက်ကြိုးကို လျှော့လိုက်တင်းလိုက်၊ လွှတ်လိုက်ထိန်းလိုက်၊ လိုသလို ပြင်သွားပေးရပါတယ်။ မြင်းရိုင်းဟာ နောက်တော့ တဖြေးဖြေး ထိန်းကွပ် သွန်သင်ပြုပြင်မှုတွေကြောင့် မြင်းလိမ္မာတစ်ကောင် ဖြစ်သွားပါတယ်။ ဒီလိုပဲ ကျွန်တော့်ရဲ့ ဟိုရောက် ဒီရောက် ကလောင်ခြစ်သွားတဲ့ အတွေးရိုင်းစကားလုံးလေးတွေကလည်း တဖြေးဖြေး ဟိုပြင်ဒီဆက် လုပ်သွားတော့မှ စာချောတွေထွက်လာပါတယ်။ ဒါကြောင့်တစ်ခါတလေ ကျွန်တော့်ရဲ့ စာတွေကိုဖတ်ပေး၊ အယ်ဒစ်လုပ်ပေးတဲ့ ကျွန်တော့်ရဲ့ အစ်ကိုကြီး အယ်ဒီတာဦးတင်နွယ်ဟာ ကွန်ပြူတာရိုက်ပေးတဲ့ ကျွန်တော့်ရဲ့ တပည့်မလေးတွေကို ပြောတတ်ပါတယ်။ "ဟဲ့ နင်တို့ ဆရာဘာတွေရေးထားမှန်းမသိဘူး။ ရှေ့နောက်လည်း ဘယ်လိုမှ ဆက်စပ်လို့မရဘူး" တဲ့။ သူ အဲလိုပြောမယ်ဆိုလည်း ပြောလောက်ပါတယ်။ ခုနကပြောခဲ့သလိုပဲ မြင်းရိုင်းစီးခါစနဲ့တူတဲ့ ကျွန်တော့်ရဲ့ စာရိုင်းတွေဟာ တစ်ခါတလေရောက်တော့ သိပ်ကို အတွေးတွေပျံ့လွန်းပြီး ရေးထားတော့ ရှုတ်တရက်ဖတ်ကြည့်လိုက်ရင် ရှေ့နောက် အကျိုးအကြောင်းဆက်စပ်ဖို့ ခက်တာပေါ့။ ဒီလိုစတိုင်မျိုးနဲ့ စာရေးတတ်တဲ့ ကျွန်တော့်ရဲ့ သဘော

သဘာဝကို နားလည်ပြီး ကျွန်တော့်ရဲ့ ဟိုရောက်ဒီရောက် "အမေနဲ့ကျွန်တော်" စာစုတွေကို ခွင့်လွှတ်ပြီး ဖတ်ပေးပါ။ ရေးလက်စ "ဘောက်ဆောကားကြီး" အကြောင်းကို ရပ်ပြီး အညာကို ရထားစီးတာ အညာဓလေ့တွေ အကြောင်းကို ရောက်သွားတဲ့ ကျွန်တော့်ရဲ့ စာစုတွေဟာ ကျွန်တော်ခုနကပြောခဲ့တ မြင်းရိုင်းပုံစံစာရေးတဲ့ဟန်ကြောင့် ဆိုတာကို သဘောပေါက်ပေးကြပါလို့ တောင်းပန်ချင်ပါတယ်။

ပြောရမယ်ဆိုရင်တော့ အားလုံးတောင်းဆိုချက်အရ အညာပြန်ခရီးရေးတာကို ခဏနားပြီး ရပ် ထားတဲ့ ဘောက်ဆောကားအကြောင်းကို ပြန်ရေးပေးချင်ပါတယ်။ ဒါပေမယ့် အညာပြန် ကျောက်မီးသွေး ခေါင်းတွကြီးဆွဲတဲ့ ရထားကြီးကလည်း "တတူတူ"နဲ့ ရထားဥဩသံကုန်ဆွဲပြီး အရှိန်ပြင်းပြင်းနဲ့ ရန်ကုန်ဘူတာကြီးက ထွက်လာတာ ရပ်မရတော့ဘူးလို ဖြစ်နေပါတယ်။ အဲဒီ ရထားကြီးပေါ်မှာ အမေကလည်း ကျွန်တော်တို့ကို ထမင်းကျွေးဖို့ အသင့်ပြင်ထားပြီ၊ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ ကလည်း ထမင်းဆာပြီ၊ စားချင်လှပြီမို့လို့ အညာပြန်လက်စခရီးကို ဆက်ပြီး အဲဒီခေါင်းမဲကြီးဆွဲတဲ့ ရထားကြီးကို သဲတောဘူတာ ရောက်အောင်တော့ သွားခွင့်ပေးပါလို့ စာဖတ်ပရိသတ်ကို တောင်းပန် ပါရစေ။ ဘောက်ဆောကားကြီးအကြောင်း ပြန်ရေးမှာပါဆိုတာကို စာဖတ်ပရိသတ်ကို ဘယ်လိုပြောရမလဲ စဉ်းစားရင်း "သိပ်မကြာခင်မှာပဲ ကိုရွှေဘကြီး ပြန်လာပါတော့မယ်" ဆိုတဲ့ ကျွန်တော်တို့အငယ် ကလေး ဘဝ ကျောင်းသားတုန်းက ဝမ်းတွင်းရှုပ်ရှင်ရုံမှာ ရှုပ်ရှင်အော်ပရေတာက ကြေညာတာကို သတိရသွား ပြန်ပါတယ်။ ကျွန်တော်တို့ အငယ်တုန်းက ရှုပ်ရှင်ထဲမှာ ဖိုက်တင်ချရင်း အရမ်းခေတ်စားတဲ့ ရှုပ်ရှင် မင်းသား ကိုရွှေဘဆိုတာ ရှိပါတယ်။ ညနေစောင်း ကျောင်းဆင်းချိန်လောက်မှာ ဝမ်းတွင်းမြို့ရဲ့ တစ်ခု တည်းသောပေလမ်းမကြီး (ပေတစ်ရာလမ်း၊ ကတ္တရာလမ်းကို အညာအခေါ်နဲ့ ပြောတာ) ပေါ်မှာ လောက်စပီကာနှစ်လုံး ရှေ့တစ်ခု၊ နောက်တစ်ခု တပ်ထားတဲ့ ရှုပ်ရှင်ကြော်ငြာမြင်းလှည်းက ဗုံကို ဒုတ်တံနဲ့ တတုံတုံထုပြီး "ယနေ့ည ကျွန်တော်တို့ ဝမ်းတွင်းမြို့ အောင်ရတနာစီနီမာရုံကြီးမှာ တကယ်ချတဲ့ ကိုရွှေဘရဲ့ နာမည်ကြီး-----ဇာတ်ကားကြီးကို ပြပါမယ်။ မိုးပဲရွာရွာ၊ လေပဲတိုက်တိုက် အောင်ရတနာ စီနီမာကြီးကတော့ ရှုပ်ရှင်ပြမှာပါပဲ။ အချိန်မီ နေရာကောင်းရအောင် စောစောကြွခဲ့ကြပါ" လို့ လောက်စပီကာနဲ့ အော်ပြောပြီး ဗုံကို တစ်ခါတတုံတုံထပ်ထုပြီးတော့ ရုပ်ရှင်ကြော်ငြာစာရွက်တွေကို ဖွားကနဲ မြင်းလှည်းနောက်ကနေ ပေလမ်းမပေါ်ကို ကျဲခဲ့တာ။ ကျွန်တော်တို့ ကလေးအုပ်စုကြီးဟာ ဘာရယ်မဟုတ်ဘူး၊ ကိုရွှေဘကြီး ရှုပ်ရှင်ကြော်ငြာစာရွက်လေးရဖို့၊ ကြော်ငြာမြင်းလှည်းနောက်ကနေ အသားကုန်အပြေးလိုက်ကြတာ။ လုယက်ကြ၊ တွန်းကြ၊ တိုက်ကြ လဲကြ ဆဲကြ ဆိုကြ ရန်ဖြစ်ကြနဲ့ ကြော်ငြာစာရွက်လေးတစ်ရွက်ရဖို့ လုပ်လိုက်ကြရတာ အမောပဲ။ အမေကတော့ "တဟဲ့ဟဲ့" နဲ့ မြင်းလှည်း

နောက်မလိုက်ဖို့ ပြောနေတာအမော။ ဒါပေမယ့် ကျွန်တော်တို့ကလေးတစ်သိုက်ရဲ့ အသိုင်းအဝိုင်းထဲမှာရောက်တော့ ရုပ်ရှင်ကြော်ငြာ မရလိုက်ဘူးဆိုရင် သိပ်ကို ဂုဏ်သိကာကျတာ။ "ဒီကောင်ကွာ ကိုရွှေဘကြီးကြော်ငြာရအောင် လိုက်မကောက်နိုင်ဘူး" လို့ အပြောခံရမှာ။ အဲတော့ အမေ ဘာပြောပြော ကိုရွှေဘ ကြော်ငြာရဖို့ အဓိကဆိုတော့ ညနေကြော်ငြာမြင်းလှည်း တတုံတုံနဲ့ လာတဲ့အချိန်မှာ ကျွန်တော်တို့ကလေးတွေ ကြော်ငြာလုပွဲ အသားကုန်နွဲကြရတော့တာပဲ။ ကျွန်တော်တို့ အရပ်မှာ အဲလောက်တောင် ပေါ်ပြူလာဖြစ်တဲ့ မင်းသားကြီးကိုရွှေဘပါ။ ရန်ကုန် တော်လှန်ရေးပန်းခြံနဲ့ မျက်နှာချင်းဆိုင် လမ်းကြားလေးထဲမှာ ကိုရွှေဘအိမ်ရှိပါတယ်။ အဲဒီအိမ်ဘေးမှာ ကျွန်တော်နဲ့ အရမ်းရင်းနှီးတဲ့ လှလှရဲ့ "လှမြန်မာ" ဆိုတဲ့ ထမင်းဆိုင်ရှိပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ မြန်မာထမင်းဆိုင်တွေထဲမှာ အကောင်းဆုံးလို့ ပြောကြတဲ့ ထမင်းဆိုင်ပါ။ လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော်ကတည်းက အောင်မြင်ကျော်ကြား ရပ်တည်နိုင်ခဲ့တဲ့ မြန်မာထမင်းဆိုင်ပါ။ အဲဒီဆိုင်မှာ "လှမြန်မာ" လို့ ဆိုင်းဘုတ်ကြီးတင်ထားပေမယ့် ဟိုးအရင်ကတည်းကနေ အခထကတိုင် ကိုရွှေဘအိမ်နားမှာရှိလို့ "ရွှေဘထမင်းဆိုင်" လို့ပဲ ခေါ်ကြတယ်။ ဒီနေ့အထိ ဘယ်သူကိုမေးမေး ရွှေဘထမင်းဆိုင်ဆိုမှပဲ သိကြပါတယ်။ "လှမြန်မာ" ထမင်းဆိုင်လို့ ပြောရင် ဘယ်သူမှ မသိကြပါဘူ။ မြန်မာပြည်မှာ ကိုရွှေဘကြီးဘယ်လောက်နာမည်ကြီးခဲ့တယ်ဆတာကို ပြောချင်တာပါ။ အဲဒီ ကိုရွှေဘဟာ ရုပ်ရှင်ကားတွေထဲမှာ လူဆိုးတွေနဲ့ ချရင် ကိုရွှေဘပဲ အမြဲနိုင်ပါတယ်။ တစ်ဖက်ကလူ ဘယ်လောက်များများ ကိုရွှေဘကပဲ နိုင်ပါတယ်။ အဲဒါကို မြန်မာတစ်နိုင်ငံလုံးက ပရိသတ်က သဘောကျကြပါတယ်။ ဝမ်းတွင်းကလူတွေကတော့ အဆိုးဆုံးပေါ့။ ကိုရွှေဘကို ဘယ်လောက်ကြိုက်ကြလဲဆိုရင် တစ်ခါက ကိုရွှေဘပါတဲ့ ရုပ်ရှင်ပြနေတုန်း ရုပ်ရှင်ရုံထဲမှာ လူတစ်ယောက်က "ရွှေဘကွ၊ နိုင်အောင်ချနော်" လို့ အော်လိုက်တော့ ဘေးကလူတွေက မခံနိုင်ဘူး။ "ဟေ့လူ ရွှေဘမခေါ်ပါနဲ့၊ ကိုရွှေဘလို့ခေါ်ပါ" လို့ ခြိမ်းခြောက်သတိပေးတဲ့ပုံစံ ပြောလိုက်တော့ "ရွှေဘ" လို့ အော်မိတဲ့သူ တစ်ခါတည်း ငြိမ်ဝပ်သွားပြီး အသံတိတ်သွားတယ်တဲ့။ "ရွှေဘ" လို့ သူဆက်ခေါ်ရင် "ကိုရွှေဘ" ပရိသတ်က သူ့ကို ဝိုင်းဆော်ကြမှာလေ။ အဲဒီလောက်တောင် ကိုရွှေဘကို ကြိုက်ကြတဲ့ ကျွန်တော်တို့ ဝမ်းတွင်းမြို့ပါ။ ကိုရွှေဘရုပ်ရှင်ကားဆိုရင် ဝမ်းတွင်းမြို့ အောင်ရတနာစီနီမာ ရုပ်ရှင်ရုံကြီးဟာ ကြိတ်ကြိတ်တိုး ရုံလျှံလာပါတယ်။ ရုပ်ရှင်ထဲမှာ ချပြီဟေ့ဆိုရင် ကိုရွှေဘနိုင်ကိုနိုင်မှ ကြိုက်တာ။ တစ်နေ့တော့ ကိုရွှေဘရဲ့ဇာတ်ကားတစ်ကားပြနေတုန်း ရုပ်ရှင်ထဲမှာ လူဆိုးတွေနဲ့ ကိုရွှေဘထိုးကြတာ လူဆိုးတွေက သိပ်များလို့ ကိုရွှေဘ ခဏထွက်ပြေးသွားပါတယ်။ အဲဒီမှာတင် ရုပ်ရှင်ကြည့်ပရိသတ်က ကိုရွှေဘ ထွက်ပြေးရတယ်

ဆိုတာကို လုံးဝသည်းမခံနိုင်ဘဲ ရရာပစည်းတွေ ကောက်ပြီး ရှုပ်ရှင်ပိတ်ကားကြီးကို ပေါက်ကြပါတယ်။ ဘူးခွံ၊ ဖိနပ်စုတ်၊ ပြောင်းဖူး၊ ခဲလုံး၊ ငှက်ပျောသီး ရရာပစ္စည်းတွေနဲ့. ပစ်၊ လောက်လေးခွနဲ့. ဆော်ကြဆဲကြအော်ကြတာဟာ ရှုပ်ရှင်ပွဲပျက်မတတ်ပဲ။ အဲဒီမှာတင် ဝမ်းတွင်းရှုပ်ရှင်ရုံ အော်ပရေတာက ပရိသတ်ကျေနပ်အောင် "ကိုရွှေဘကြီး မကြာခင် ပြန်လာတော့မှာပါ ခင်ဗျား၊ ခဏလေးသည်းခံကြပါ" လို့ အကြိမ်ကြိမ်အော်ပေးရတယ်။ အဲတော့မှ ပရိသတ်ငြိမ်သွားတယ်။ ခဏနေတော့ ကိုရွှေဘပြန်ပေါ်လာပြီး လူဆိုးတွေကို တစ်ယောက်ပြီးတစ်ယောက် ထိုးတော့တာပဲ။ လူဆိုးဆယ်ယောက်လောက် မြေကြီးပေါ်မှာ ပုံလဲသွားတယ်။ အတော့မှ ပရိသတ်က ကျေနပ်သွားပြီး "ရှိ၊ ရှိ" ဆို လက်ခေါက်တွေမှုတ်၊ လက်ခုတ်တွေတီး အကျေနပ်ကြီးကျေနပ်ကြတယ်။ အဲဒီဖြစ်ရပ်ကို သတိရပြီး ကျွန်တော်ကလည်း "ဘောက်ဆောကားကြီး မကြာခင် ပြန်လာတော့မှာပါ ခဏသည်းခကြပါ" လို့ ပြောလိုက်ချင်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၁)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်းရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တသိုက် အမေနဲ့ အညာပြန်ရတာ အမေ့ကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာရပ်မရပဲ ဆက်ရေးမိနေပါတယ်။ အဲဒီ အညာပြန် ရထားကြီး သဲတော ဘူတာဆိုက်ပြီးရင် ဘောက်ဆောကားကြီးခရီးစဉ်ကို ပြန်ရေးပါမယ်။

<u>ရထားပေါ်မှာ စားရတဲ့ ထမင်း</u>

အညာပြန်ခရီး အကြောင်းဆက်ပြောရမယ်ဆိုရင်တော့ ရထားကြီးထွက်ပြီး သိပ်မကြာခင်မှာ ကျွန်တော်တို့က ဟိုဟာစားချင်၊ ဒီဟာစားချင်ဖြစ်လာပါပြီ။ သင်္ကန်းကျွန်း၊ လေးထောင်ကန်ကျော်လာပြီး ငမိုးရိပ်လည်းရောက်ရော အားလုံးက အမေ့ကို ဗိုက်ဆာပြီဆိုပြီး ဝိုင်းပူဆာကြတယ်။ ရထားက ရန်ကုန်ဘူတာကြီးက မနက် (၆း၀၀)နာရီကမှ ထွက်တာ (၇း၀၀)နာရီ လောက်မှာ ကျွန်တော်တို့က စားချင်ပြီဆိုတော့ အမေအလုပ်ရှုပ်တော့တာပေါ့။ နောက်ဆုံးတော့ အမေလည်း မနေနိုင်တော့ပဲ "ကဲကဲ ထမင်းပဲ စားကြတော့ဆိုပြီး" ကျွန်တော်တို့ကို ထမင်းကျွေးပါတော့တယ်။ အငယ်တုန်းက ရန်ကုန် ဘူတာကြီးကနေ ရထားထွက်လာပြီး ငမိုးရိပ်တံတားရောက်ပြီဆိုရင် တော်တော်ကို ခရီးပေါက်ခဲ့ပြီလို့ ထင်တာ။ ဘာလို့လဲဆိုတော့ ရေနွေးငွေ့ခေါင်းတွဲဆွဲ ရထားကြီးဟာ စထွက်ပြီး ပထမဆုံး ပုဇွန်တောင် ဘူတာမှာ ရပ်၊ ပြီးတော့ ရန်ကုန်ထဲက ဘူတာပေါင်းစုံမှာ တစ်ခုပြီးတစ်ခု ရပ်တာကို ငမိုးရိပ်တံတား ရောက်ဖို့က တော်တော်လေးကြာပါတယ်။ အဲတော့ ငမိုးရိပ်တံတားကို ရထားကြီးဖြတ်သွားတယ်ဆိုတာနဲ့ ခရီးအဝေးကြီးကို ရောက်လာပြီလို့ ကျွန်တော်တို့က ထင်တာ။ အခု ကျွန်တော် ပင်လုံဆေးရုံကို မြို့ထဲက သွားလို့ရှိရင် မိနစ် (၂၀)ကျော်ဆို ငမိုးရိပ်တံတားကို ရောက်နေပြီ။ ဘာမှကြာလိုက်တယ် မထင်ရဘူး။ အသက်အရွယ်ကြောင်လား၊ ဆက်သယ်ရေးလမ်းကြောင်းတွေ ကောင်းလို့ အတွေးအခေါ်အယူအဆတွေ ကွာကုန်တာလားမသိ။ ကလေးတုန်းကတော့ ငမိုးရိပ်တံတားမြင်တာနဲ့ ရန်ကုန်ကနေ အဝေးကြီး ရောက်လာပြီဆိုပြီး ထမင်းစားချင်စိတ် ပေါ်လာတာတော့အမှန်ပါပဲ။

ကျွန်တော်တို့က အဲလို စားချင်ပြီဆိုပြီး အော်ကြဟစ်ကြတာနဲ့ အမေက ငါးဆင့်ချိုင့် အကြီးကြီး ထဲက ထမင်းတွေကိုလက်နဲ့ ခွဲချေလိုက်ပြီး ကြွေရည်သုတ်ပန်းကန်ပြားတွေနဲ့ တစ်ယောက် တစ်ပန်းကန်စီ ထည့်ပေးပါတယ်။ အဲဒီတုန်းက ကြွေရည်သုတ်ထားတဲ့ သံပန်းကန်ပြားတွေ အရမ်း ခေတ်စားပါတယ်။

ကျွန်တော်တို့အိမ်မှာ အဲလို ကြွေရည်သုတ် ပန်းကန်ပြားတွေနဲ့ပဲ ထမင်းစားကြရတာပါ။ ကျွန်တော်တို့ အိမ်မှာ ကြွေပန်းကန်ပြားကြီးတွေလည်း ရှိပါတယ်။ အဲလို ကြွေပန်းကန်ပြား ကြီးတွေကို အညာမှာ တိုက်ပန်းကန်ပြားလို့ ခေါ်ပါတယ်။ အိမ်က ထမင်းဝိုင်းမှာ အဖေ တစ်ယောက်ထဲ တိုက်ပန်းကန်ပြားနဲ့ စားရပြီး ကျွန်တော်တို့အားလုံးက ကြွေရည်သုတ် သံပန်းကန်တွေနဲ့ပဲ စားကြရပါတယ်။ ဧည့်သည်လာရင် အမေ သေချာသိမ်းထားတဲ့ ရိုးကုမ္ပဏီက ဝယ်ထားတဲ့ မိတ်အင် အင်္ဂလန်လို့ရေးထားတဲ့ အင်္ဂလန်လုပ် တိုက်ပန်းကနပြားကြီးတွေနဲ့ ကျွေးပါတယ်။ အမေဟာ တော်တော်ကို စည်းစနစ်ရှိပြီး အိမ်ထောင်ပစ္စည်း အထိန်းအသိမ်းလည်း အတော်ကို ကောင်းတဲ့သူတစ်ယောက်ပါ။ မီးဖိုချောင်ထဲက သော့ခတ်ထားတဲ့ အမှေရဲ့ ထင်းရှူးသေတ္တာတွေထဲမှာ ရိုးတိုက်က ကြွေပန်းကန်တွေမျိုးစုံကို တစ်ခုချင်းကို သတင်းစာ စက္ကူပတ်ပြီး အထပ်လိုက် သိမ်းထားပါတယ်။ တိုက်ပန်းကန်ပြားကြီးတွေ၊ ဟင်းရည်သောက်ဖို့ ပန်းကန်လေးတွေ၊ အလယ်မှာတည်ဖို့ ဟင်းရည်သောက်ကြွေပန်းကန်အကြီးကြီး၊ ပန်းကန်ပြားသေးသေး လေးတွေ၊ ပန်းကန်ပြားဆိုဒ်စုံ အထပ်လိုက်၊ ရိုးတိုက်က ကြွေဇွန်း၊ ကော်ဖီပန်းကန်စုံတွေ၊ တီးဆက်တွေအားလုံးကို စကျန်. အထပ်ထပ် ပတ်ထားပြီး သိမ်းထားပါတယ်။ ရန်ကုန်က ဧည့်သည်တွေ လာတယ်ဆိုမှ အဲဒီပန်းကန်တွေ ထုတ်ပြီး သုံးတာ။ ရန်ကုန်က ဧည့်သည်လို့ ဘာလို့ပြောရတယ်ဆိုတော့ ဝမ်းတွင်းမှာ မိတလာ၊ မန္တလေး ကိုယ်အညာသူ၊ အညာသားအချင်းချင်း လာတဲ့ဧည့်သည်ဟာ အောက်ပြည်အောက်ရွာကလာတဲ့ ဧည့်သည်လောက် အရေးမပါပါဘူး။ ရန်ကုန်က ဧည်သည်လာမယ် ဆိုရင် ကျွန်တော်တို့ တစ်အိမ်လုံး သိပ်ကို ထူးခြားတဲ့ အရေးပါတဲ့ အခမ်းအနားကြီးလိုပါပဲ။ ရန်ကုန်ဧည့်သည်ကလည်း တစ်နှစ်နေလို့ တစ်ခေါက်မလာပါဘူး။ အဲလို ရန်ကုန်ဧည့်သည် လာမယ် ဆိုတာနဲ့ အမေ အလုပ်ရှုပ်တော့တာပဲ။ အစစအရာရာ ပြင်ဆင်တော့တာပါပဲ။ အမေဟာ တကယ့်ကို စေ့စပ်သေချာလုပ်တတ်တဲ့သူ တစ်ယောက်ဆိုတော့ ထမင်းစားတာ၊ ရေခဲ့ုတာကနေ ဧည့်သည်တွေ ထမင်းစားဖို့ရာအထိ အသေးစိတ်ကို စဉ်းစားပြင်ဆင်တာ။ ဒါကြောင့် ရန်ကုန် ဧည့်သည် ရောက်လာမယ် ဆိုတော့မှ အမှေရဲ့ နှစ်ပေါင်းများစွာသိမ်းထားတဲ့ ရိုးတိုက်က ပန်းကန်တွေကို ထုတ်သုံးတော့တာပါ။ ကျွန်တော်တို့ နေ့စဉ်စားဖို့ကတော့ တကယ့်ကို ထူပေဒဏ်ပေခံတဲ့ ကြွေရည်သုတ် သံပန်းကန်ပြား တွေပဲပေါ့။ လွတ်ကျလို့ ထိမိခိုက်မိရင် အပေါ်ကကြွေရည် နည်းနည်းပါးပါး ကွာသွားမယ်၊ ဘာမှ သိပ်မဖြစ်ဘူး။ ဈေးလည်း မကြီးဘူး။ နည်းနည်းကြာလာလို့ ကြွေရည်တွေ ကွာတာ များပြီး အထဲက သတွေပေါ်လာ သံချေးကိုက်ပြီဆိုမှ အမေက နောက်တစ်ပန်းကန် လဲပေးတာ။ တကယ့်ကို စည်းကမ်းကြီး တဲ့အမေပါ။ အမေ သုံးခဲ့တဲ့ ကြွေရည်သုတ် သံပန်းကန်တွေ အခုခေတ်မှာတော့ မတွေ့သလောက် ရှားသွားပါပြီ။ သတိရစရာ ကြွေရည်သုတ် ပန်းကန်ပြားလေးတွေပါ။ အမေ ထမင်းကျွေးတာကို ဆက်ပြော ရမယ်ဆိုရင် ကလေးတွေကို ထမင်းခူးပြီး ပန်းကန်တွေထဲ ထည့်ပြီးတာနဲ့ ဟင်းတွေ ပုံပေးပါတယ်။

"မင်းတို့တတွေ အခု ပုဇွန်အကောင်ကြီးတွေကို မစားကြနဲ့ဦး"ဆိုပြီး တစ်ယောက်ကို အမဲကြော်တစ်တုံးစ ထည့်ပေးတယ်။ ပြီးတော့ ချဉ်ပေါင်ရွက်ကြော် နည်းနည်းစီပုံ၊ အဲဒီအပေါ်မှာ ငါးခြောက်ကြော် တစ်ဇွန်း လောက ဖြူးပေးလိုက်တယ်။ ပြီးတော့မှ အမဲသားကြော်ချိုင့်ထဲက အောက်မှာအိုင်နေတဲ့ ဆီနဲ့ အသား အကြေ အနှစ်လေးနည်းနည်းကို ကော်ပြီး ထပ်လောင်းပေးလိုက်တယ်။ လူစုံတက်စုံ ကျွန်တော်တို့ အားလုံး ကို မျှတ ဝေခြမ်း ထည့်ပြီးတာနဲ့ "ကဲ စားကြတော့၊ ငါးခြောက်ကြော်ထဲမှာ အရိုးပါလားဆိုတာ ကြည့စား ကြဦးနော်၊ ထမင်းစားတုန်း စကားမပြောကြနဲ့၊ ပြီးတော့ ထမင်းတစ်လုပ် ရေတစ်ခွက် လုပ်မနေနဲ့၊ ရေ ဆိုတာ ထမင်းစားပြီးမှ သောက်ရတယ်" လို့ပြောပါတယ်။ အဲလို ထမင်းစားတုန်း ရေမသောက်ဖို့ အမေပြောတာဟာ တကယ့် အညာထမင်းဝိုင်း အယူအဆပါ။ ထမင်းစားနေတုန်းမှာ စကားကျယ်ကျယ် မပြောရဘူး။ ထမင်းစားတယ်ဆိုတာ ထမင်းကိုပဲ အာရုံစိုက်စားရတယ်၊ ထမင်းစားတယ် ဆိုတာ အရေးကြီးတဲ့ အလုပ်တစ်ခု။ အဲလို ထမင်းစားတာလို အရေးကြီးတာ လုပ်နေတုန်းမှာ အလုပ်ပျက်မယ့် ထမင်းစားတာကို အနှောက်အယှက်ဖြစ်မယ့် စကားတွေ မပြောရဘူး။ ထမင်းစားနေ တုန်းမှာ ရေမသောက်ရဘူး၊ ထမင်းစားရင်းနဲ့ ထမင်းပန်းကန် ဘေးမှာ ရေခွက်ချပြီး သောက်ရင် အညာသူအညာသားတွေရဲ့အမြင်မှာ တော်တော်ရိုင်းတယ်လို့ ယူဆကြတယ်။ ထမင်းတစ်လုပ် ရေတစ်မှုတ်ဆိုတာ သေခါနီး ကားစင်တက်ခါနီး လူတွေကို ကျွေးတာ၊ လူယဉ်ကျေးတွေဟာ ဘယ်တော့မှ ထမင်းစားတုန်းမှာ ရေ မသောက်ဘူးလို့ ယူဆကြတယ်။ အခုလို အညာအယူအဆတွေကို အောက်ပြည်အောက်ရွာက လူတွေ ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ အငယ်က ကြီးပြင်းလာခဲ့တဲ့ အညာ လူနေမှုစနစ် အဖြစ်မှန်တွေပါ။ ထမင်းစားတုန်း ထမင်းနင်လို့ အရည်သောက်ချင်ရင် အချဉ်ရည်ဟင်း၊ ဟင်းချိုရည်တွေကိုသောက်၊ ရေကိုတော့မသောက်ရဘူး။ ကျွန်တော်တို့ အငယ်ကတည်းက အမေတို့ အမေကြီးတို့က အဲလို သွန်သင်ဆုံးမခဲ့တာ။ ကျွန်တော်တို့ အိမ်က ထမင်းဝိုင်းမှာ အဖေက "ဟေ့ ငါ့ကို ရေတစ်ခွက်လောက်ပေးစမ်းပါ" လို့တောင်းရင် အမေက "ဦးဘချမ်းနော် ရှင် ကလေးတွေ အတုမြင် အတတ်သင် မကောင်းတာတွေ မြင်အောင် လုပ်ပြ နေတာ လား" လို့ ပြောလေ့ရှိပါတယ်။ အဲလို ထမင်းဝိုင်းနဲ့ ရေနဲ့ဟာ လုံးဝ မအပ်စပ်တာလို့ ငယ်ငယ်လေးထဲက သင်ကြားဆုံးမ ခံယူခဲ့တဲ့ ကျွန်တော်တို့ တတွေဟာ တခြားလူတွေနဲ့ ဆက်ဆံကြုံတွေ့ ရတော့ တမျိုးတွေ ဖြစ်နေတဲ့ ကိစ္စလေးတွေ ပြောပြချင်ပါသေးတယ်။ ကျွန်တော်ဟာ (၁၀)တန်း ရောက်တော့ ဝမ်းတွင်းမြို့မှာ (၁၀)တန်း ကျောင်းသား (၂၀)မပြည့်လို့ (၁၀)တန်းမဖွင့်နိုင်တဲ့ အတွက် မိတ္ထလာမှာ (၁၀)တန်း သွားတက်ရတယ်။ မိတ္ထီလာက ပေါက်ချောင်း ဘောလုံးကွင်း အနောက်ဖက်မှာနေတဲ့ သူငယ်ချင်း ကိုမြင့်ကြည် (အင်ဂျင်နီယာ-ကွယ်လွန်) အိမ်မှာ စာအတူကျက်ရင်း ထမင်းစားကြတော့ ကိုမြင်ကြည်က ထမင်းဝိုင်းမှာ စထိုင်ကတည်းက ရေခွက်ချပြီး ထမင်းလည်းစားရော၊ ထမင်းစားလိုက် ရေတစ်ချက်

သောက်လိုက် လုပ်နေတာ တွေ့ရတော့ ကျွန်တော်တော်တော်ကို အံ့ဩမိပါတယ်။ သူ့အဖေအမေတွေက မဆုံးမဘူးလားလို့လည်း တွေးမိပါတယ်။ ကျွန်တော် အဲလို စိတ်ထဲမှာ တွေးမိတာကို ရိပ်မိတယ်ထင်ပါရဲ့။ ကိုမြင့်ကြည်အမေက "မောင်မြင့်ကြည်ကတော့လေ အငယ်ကတည်းက ရေခွက်မပါရင် ထမင်းမစား တတ်တာ၊ အန်တီတို့လည်း ပြောပါရဲ့၊ သူက အခုတော့ ရေခွက်ကြီးနဲ့ ထမင်းစားတာ အကျင့်ကြီး ဖြစ်နေပြီ" လို့ပြောရှာပါတယ်။ ကျွန်တော် အင်္ဂလန်ရောက်တော့ ကျွန်တော့်ကို အင်္ဂလိပ်တွေက ထမင်းဖိတ်ကျွေးကြတဲ့အခါ ထမင်းဝိုင်းမှာ စထိုင်ကတည်းက ရေခွက်က ချပြီးသား၊ ပြီးတော့ အင်္ဂလိပ်ထမင်းဝိုင်းက အစားအသောက်ကို အရသာခံစားတာထက် တကယ့်ကို မိတ်ဆုံစကားဝိုင်းကြီး လိုဖြစ်ပြီး စကားပြောတာက အဓိကဖြစ်နေတယ်။ အစားလေး တစ်ဖတ်စားလိုက် (၁၅)မိနစ်လောက် စကားပြောလိုက် နောက် ရေလေးသောက်လိုက်၊ ဝိုင်လေးသောက်လိုက်၊ (၃)နာရီလောက်ကြာတဲ့ ဒင်နာပြီးသွားတဲ့အခါမှာ ငါ ဘာ စားလိုက်ရသလဲလို့ သေချာစဉ်းစားကြည့် လိုက်တော့ အမဲသားတစ်တုံး၊ အာလူးတစ်ခြမ်း၊ မန်လာဥနီ နှစ်စိတ်နဲ့ ပန်းကော်ဖီတစ်ပွင့် လောက်ပဲဖြစ်နေတာ တွေ့ရတယ်။ အမေပြောခဲ့တဲ့ ထမင်းဝိုင်းမှာ လိုက်နာကျင့်သုံးရမယ့် စည်းကမ်းတွေနဲ့ အနောကတိုင်းဒင်နာရဲ့ ပရိုတိုကော စည်းမျဉ်းတွေဟာ လုံးလုံးကြီးကို ဆန့်ကျင်နေတာ တွေ့ရပါတယ်။ အမေက ထမင်းဝိုင်းမှာ စကားမပြောရဘူး၊ အနောက်တိုင်းဒင်နာဆိုတာက စကားပြောဖို့ကို စီစဉ်ထားတဲ့ အခမ်းအနား။ အမေက ထမင်းစားတုန်း ရေမသောက်ရဘူး၊ အနောက်တိုင်း ဒင်နာက အစားအသောက်မချခင် ရေအရင ချထားတာ။ အမေနဲ့ အနောက်တိုင်း ဒင်နာအယူအဆတွေက လုံးဝ ဆန့်ကျင်နေပြီ။ အမေ့အယူအဆက ထမင်းစားတုန်း ရေတွေသောက်လိုက်ရင် ဗိုက်ပြည့်သွားပြီး ထမင်းဟင်းရဲ့ အရသာတွေကို မခံနိုင်ဘဲ ဖြစ်သွားမယ်၊ ထမင်းဟင်းဆိုတာ ဆာမှ ဗိုက်မပြည့်မှ စားကောင်းတာလို့ အမေက ပြောတယ်။ အင်္ဂလိပ်ခေတ်က ဆပ်ကျောင်းဆင်း ပုလိပ်အင်စပက်တော် အဖေ ဦးဘဂျမ်းက အမေပြောတာကို ထောက်ခံပြီး ဝင်ပြောတတ်သေးတယ် "ခင်ခင်ပြောတာ ဟုတ်တယ်ကွ၊ ထမင်းစားတုန်း ရေတွေ သောက်ရင် မင်းတို့အဆာပြေသွားပြီး အစားအသောက်တွေရဲ့ အရသာက ဘယ်ပေါ်တော့မလဲ၊ အင်္ဂလိပ်လို ပြောရရင်တော့ Hunger is the best sauce တာ၊ ဆာလေ စားကောင်းလေပဲလေ။ ဒါကြောင့် ထမင်းစားတုန်းမှာ ထမင်းကိုပဲ အာရုံစိုက်စား၊ ဒီပြင်ဟာတွေမလုပ်နဲ့" တဲ့။ အဖေကလည်း အသက် (၂၀)လောက်ငယ်တဲ့ အမေ့ကိုယူထားတော့ အမေက အော်မယ်၊ ဆူမယ်၊ ဆောင့်မယ် ဆိုတာကို ကြောက်ရပါတယ်။ "ဟင်းနော် ဦးဘဂျမ်း --------" အစချီပြီးပြောမှာကို လန့်နေရတော့ ထမင်းဝိုင်းမှာ အမေပြောတဲ့ ရေမသောက်ကြနဲ့နော်ဆိုတာကို မျက်နှာလိုမျက်နှာရလုပ်ပြီး အဖေကဝင်ပြီး ထောက်ခံတာပါ။ အဲလို အညာအယူအဆ ရေနဲ့ထမင်းဝိုင်း လုံးဝမအပ်စပ်ဘူးဆိုတာဟာ အနောက်တိုင်းဒင်နာနဲ့ ရောက်တော့ ပြောင်းပြန်ဖြစ်နေပြန်ရော။ ကျွန်တော် တွေးကြည့်တာကတော့ အင်္ဂလိပ်ဒင်နာမှာ ဆု(ပ်)

soup လို့ခေါ်တဲ့ ဟင်းရည်ကို ပထမဆုံးချပြီး သီးသန့်သောက်လိုက်တယ်၊ တကယ့်စားစရာ အသား၊ အသီး၊ အရွက် လာချတော့ သောက်စရာဟင်းရည် မရှိတော့ဘူး။ အင်္ဂလိပ်လိုပြောရမယ်ဆိုရင် wash it down ဆိုတဲ့ အသားဖတ်တွေ လည်ချောင်းထဲမှာ နင်မနေအောင် အရည်တစ်ခုခုနဲ့ သောက်ချဖို့အတွက် သောက်စရာမရှိတော့လို့ ရေကိုသောက်ရတာလို့ ထင်ပါတယ်။ အဲလို အနောက်တိုင်း ဒင်နာမှာ ရေမသောက်ချင်ရင် ဝိုင်သောက်ပေါ့။ အဲတော့ အင်္ဂလိပ်ဒင်နာမှာ ရေဟာ မရှိမဖြစ် အရာတစ်ခု ဖြစ်နေပါတယ်။ တကယ်လို့ ဒင်နာဟာ two course meal လို့ခေါ်တဲ့ တကယ့်စားစရာ အသားငါး နှစ်မျိုးလောက် လာချလာတယ်ဆိုရင် ပိုဆိုးတော့တာပေါ့။ အရည်သောက်မပါပဲ အစားတွေချည်း ဆက်တိုက်ကို အရည်မပါဘဲ ဒီတိုင်းကြီးစားရတော့ လည်ချောင်းထဲမှာ ချောက်တောက်တောက်ကြီးနဲ့ ပိုပြီးနင်တော့မှာပေါ့။ သောက်စရာအရည် ဆု(ပ်)ကလည်း ဒင်နာစစချင်း သောကလိုက်လို့ ကုန်သွားပြီလေ။ အဲတော့ အစာတွေ အသားတွေ အရွက်တွေ မနင်ဘဲ ရှောရှောရှူရှူမျိုပြီး အောက်ကျသွားအောင် သောက်ဖို့က ရေပဲရှိတော့တာပေါ့။ မြန်မာ အညာထမင်းဝိုင်းမှာတော့ အချဉ်ဟင်း ဒါမှမဟုတ် ဟင်းချိုတွေကို ထမင်းဝိုင်းအလည်ခေါင်မှာ ကြွေရည်သုတ်ဇလုံကြီးနဲ့ ချထားပြီး သောက်ချင်တဲ့အချိန် ကြိုက်သလောက် သောက်၊ ထမင်းစားတာတလျှောက်လုံး စ၊ လည်၊ဆုံး ဒီဟင်းရည်ခွက်ကြီးက ရှိနေတော့ ထမင်းလုပ်အကြီးကြီး အားရပါးရ တွယ်လိုက်ပြီး နင်မလိုဖြစ်မယ်ထင်ရင် ဇလုံကြီးထဲက ချဉ်ရည်ဟင်းကို တချူးချူးနဲ့ ခပ်သောက်လိုက်ရုံပဲ။ အဲတော့ အညာသူ အညာသားတွေ ထမင်းစားတဲ့အခါ သောက်စရာရေ ဘယ်လိုပါ့မလဲ။ ဒါကြောင့် ထမင်းစားတုန်း ရေသောက် တာတွေ့ရင် အမေအော်တာပေါ့။ အမေဟာ သူ့သားသမီးတွေကို သူယုံကြည်တဲ့ စံနစ်အတိုင်း စားတတ် နေတတ်အောင် သွန်သင်ပြင် ဆုံးမခဲ့တာတွေကို သိပ်ကို သတိရမိပြီး အမေ့ကို လွမ်းမိပါတယ်။ အရမ်းချစ်ဖို့ ကောင်းတဲ့ အမေပါ။ ငမိုးရိပ်တံတားကိုမြင်တိုင်း အမေ ရထားပေါ်မှာ ကျွန်တော်တို့ကို ထမင်းကျွေးတာကို အထူးပဲ သတိရမိပါတယ်။ ရထားပေါ်မှာ အမေ ထမင်းကျွေးတာကို ဆက်ပြောရရင် အမေဟာသားသမီး အားလုံးကို ထမင်းဟင်းထည့်ပြီးတော့မှ ညီအစ်ကို မောင်နှမတွေ သူ့မှာ ဟင်းများတယ်၊ ကိုယ့်မှာ ဟင်းနည်းတယ် ဆူညံပူညံတွေကို လိုက်ဖြေရှင်းရတယ်။ ဥပမာပြောရရင် "ရော့ မင်းအမဲသားတုံး နည်းတယ်ဆရင် နောက်ထပ် အဖတ်သေးလေး တစ်ခုယူ" ဆိုပြီး ပြဿနာအားလုံး ပြေလည်သွားအောင် လုပ်တယ်။ ကိစအားလုံးပြီးမှ သူ့အတွက် ထမင်း ထည့်ပါတယ်။ အမေ့အတွက် သားသမီးအရေးက ပထမ၊ သူ့ကိစ္စက ဒုတိယပါ။ အဲလို ဟင်းအနည်းအများ အကုန်လုံးအတွက် ညှိနှိုင်းပြီးတဲ့အခါရောက် တော့မှ ကျွန်တော်တို့တတွေ ထမင်းဟင်းတွေကို လက်နဲ့ အားရပါးရစားကြပါတယ်။ အငယ်တုန်းကတော့ ဟင်းနည်းနည်းနဲ့ ထမင်းအများကြီး စားတတ်အောင် အမေက သင်ကြားပေးထားတာဆိုတော့ ကိုယ်ရတဲ့ ကိုတာ အမဲသားအတုံး သေးသေးလေးကို နည်းနည်းလေး ဖဲ့လိုက် ထမင်းအများကြီးနဲ့ တစ်လုပ်စားလိုက်၊

ခင်ဉ်ပေါင်ကြော်လေး တစ်မျှင်လောက်နဲ့ ငါးခြောက်ကြော် တစ်တို့လောက်နဲ့ နောက်အလုပ်ကြီး တစ်လုပ် အားရပါးရစားလိုက်၊ ဟင်းနဲ့ထမင်းမျှအောင်ချိန်ပြီးတော့ ကိုယ့်ပန်းကန်ထဲက ထမင်းနဲ့ဟင်းနဲ့ လောက်အောင် ပြိုင်တူကုန်အောင် စားရတာပါ။ တကယ်လို့ ဟင်းစားတာများသွားပြီး ဟင်းကုန်သားရော၊ ဒါပေမယ့် ကိုယ့်ပန်းကန်ထဲမှာ ထမင်းတွေက ကျန်သေးတယ်ဆိုရင် အမေ့ကို မျက်နှာချိုသွေးပြီး "အမေ ကျွန်တော်ရတဲ့ အမဲသားတုံးက သေးသေးလေးဆိုတော့ အခုကုန်သွားပြီ၊ ထမင်းတွေကကျန်သေးတယ် ဟင်းနည်းနည်းထပ်ပေးဦးနော်" ဆိုပြီးပြောရပါတယ်။ အဲဒါဆိုရင် အမေက ငြီးငြူ ပြီး "မင်းဟာလေ ကိုယ့်ဟင်းနဲ့ကိုယ်လောက်အောင် မစားတတ်ဘူး" ဆိုပြီး ပြောတတ်ပါတယ်။ ဘယ်လိုပဲ ပြောပြော နောက်ဆုံးတော့ နောက်ထပ် အမဲသားကြော် ခပ်သေးသေးတစ်တုံး ထပ်ထည့်ပေးပါတယ်။ ပြီးတော့ "အခုတစ်ခါတည်း ပြောကြနော်၊ ချဉ်ပေါင်ကြော်ကော ယူဦးမှာလား၊ ငါက ဟင်းချိုင့်တွေ တစ်ခါတည်း ဆင့်လိုက်တော့မှာ" လို့ပြောပါတယ်။ အဲဒီမှာတင် ကျွန်တော်တို့တတွေ ဝိုင်းဝိုင်းလည် "ကျွန်တော့်လည်း နည်းနည်းပေးဦး" "ကျွန်မလည်းထပ်ပေးဦး" ဆိုပြီး ချည်ပေါင်ကြော်ကို အလုအယက် ဝိုင်းပြီး စက်ကင်းရောင်း တောင်းကြပါတယ်။ ကျွန်တော်တို့ အဲဒီခေတ်က အညာမှာကြီးတဲ့သူတွေဟာ အမေကို အမေပ ခေါ်ကြတယ်။ ကိုယ့်ဖာသာ ကိုယ်လည်း "သား" တို့ ဘာတို့ ပြောလေ့မရှိပါဘူး၊ ကျွန်တော် ကျွန်မပဲ ပြောပါတယ်။ အမေကလည်း ကျွန်တော်တို့ကို သားလေးတွေ ဘာတွေ ခေါ်မနေပါဘူး၊ နာမည်ပဲ တပ်ခေါ်ပါတယ်။ ကျွန်တော့်အစ်ကိုကြီးကို "မောင်တင်နွယ်" အစ်ကိုလတ် ခင်မောင်တင့်ကိုတော့ "မောင်တူး" ကျန်တော့်ကို "မောင်ခင်မောင်ဝင်း"၊ ညီကို "မောင်တင့်လွင်"၊ ညီငယ်ကို "မောင်ဌေးကို"၊ ညမအကြီး ဝေဝေခင် ကို "မိဝေ" ညီမအငယ် အေးအေးခိုင်ကို "မိအေး" အဲလိုပဲ အမေကခေါ်ပါတယ်။ အမေက ကျွန်တော်တို့ကို ဘယ်လိုပဲ ခေါ်ခေါ်၊ ဘယ်လိုပဲပြောပြော ကျွန်တော်တို့တတွေဟာ အမေကို သိပ်ချစ်ကြတယ်။ အမေရဲ့ ကျွန်တော်တို့ အပေါ်ထားတဲ့ ကြီးမားတဲ့ မေတ္တာနဲ့သံယောဇဉ်ကို ကိုယ်ထဲမှာ စိမ့်ဝင်နေအောင် ခံစားရတယ်။ ကျွန်တော်တို့ အပေါ်ထားတဲ့ အချစ် မေတ္တာတွေကို အမေ့ရဲ့ပါးစပ်က ဖော်ထုတ်မပြောပေမယ့်လည်း သူ့ရဲ့ စေတနာ၊ မေတ္တာ အချစ်တွေရဲ့ ပမာဏအတိုင်းအတာကို ကျွန်တော်တို့ သိနားလည်ခစားကြရပါတယ်။ ထမင်းဝိုင်းမှာ အမေက ကျွနတော်တို့ကို တစ်ခုခု ဆုံးမ ပြောဆိုတယ်ဆိုရင်လည်း ကျွန်တော်တို့တတွေ အမေဘာလို့ ဒီလိုပြောတယ်ဆိုတာကို သဘောပေါက် ကြတယ်။ နေ့ဖို့ညစာချွန်ပြီး ဟင်းတွေကို ဘုံးဘောလအော စားမပစ်ဖို့အမေဘာလို့ ပြောတယ်ဆိုတာ ကိုလည်း ကျွန်တော်တို့နားလည်တယ။ အမေက ကျွန်တော်တို့ကို ဟင်းတွေ ဘာလို့ ချွေတာခိုင်းရတာလဲ ဆိုတော့ အဲဒီခေတ်က ရေနွေးငွေ့ ခေါင်းမဲရထားကြီးဟာ ရန်ကုန်၊ မန္တလေး နေ့ချင်းမပေါက်ပါဘူး။ ရထားဟာ ပျဉ်းမနားမှာ ညအိပ်ရတာပါ။ အမေက ဟင်းတွေတစ်ပုံကြီး ချက်လာတယ်ဆိုပေမယ့်လို့

ကျွန်တော်တို့က မနက် (၇း၀၀)နာရီ ငမိုးရိပ်တံတားမှာ ထမင်းတစ်နပ်စားနေပြီ၊ နေ့လည်စာ စားရဦးမယ်၊ ပျဉ်းမနားမှာ ညအိပ်တော့ တစ်ခါစားရဦးမယ်။ ပျဉ်းမနားကအထွက် မနက်၊ နေ့လည်စာ စားရဦးမယ်။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတစ်တွေ စားမယ့်ပါးစပ်ပေါက်တွေကလည်း တဝတပြဲ စားကြမှာ။ ထမင်းက ဝယ်စားရင် ရတယ်၊ ဟင်းတွေကုန်သွားရင် အမေက အပြင်ဆိုင်တွေက ဟင်းတွေကို သူ့သားသမီးတွေကို လုံးဝ ဝယ်ပြီးမကျွေးချင်ဘူး။ အပြင်စာတွေကို မကြိုက်ဘူး။ သူ့သားသမီးတွေအတွက် အစစအရာရာ သိပ်ကို စိုးရမ်ပူပန်တတ်တာ၊ အပြင် ဟင်းတွေဝယ်စားလို့ သူ့ကလေးတွေ တစ်ခုခုများ ဖြစ်မလားဆိုတာကို အမေက တအားစိတ်ပူပါတယ်။ ထမင်းကတော့ ပူပူနွေးနွေးဆိုတော့ အရေးမကြီးဘူး။ ဆိုင်ကဝယ်တဲ့ ဟင်းဆိုတာက ပိုးမျိုးစုံ ပါနိုင်တယ်၊ ပြီးတော့ ငြုတ်သီးအစပ်တွေ ငံ့သားသမီးတွေ စားနိုင်ပါ့မလားဆိုတဲ့ အတွေးနဲ့ ဆိုင်က ဟင်းတွေမှာ အရိုးတွေ ပါလာရင်တော့ ငံ့သားသမီးတွေ ဒုက္ခပဲ ဆိုတာကလည်း အမေ့အတွက် တကယ့်သောက၊ အဲတော့ အမေက ကျွန်တော်တို့ ထမင်းစားတာကို သေချာကွပ်ကဲပြီး အိမချက် ထမင်းဟင်းပဲ လောက်လောက်ငင့ ဝဝလင်လင် စားနိုင်အောင် စီစဉ် ညွှန်ကြားပေးနေတာပါ။ ကျွန်တော့်တို့ကလည်း ကိုယ့်ပန်းကန်ထဲမှာ တောင်လိုပုံနေတဲ့ ထမင်းတွေကို ကိုယ်ရတဲ့ခွဲတန်း ဟင်းနဲ့လောက်အောင် ဟင်းဖတ်လေးတွေကို တို့ကာဖဲ့ခါနဲ့ ထမင်းတွေကို လွှေးလိုက်ကြတာ ခဏလေးနဲ့ ပန်းကန်တွေ ပြောင်သွားကြရော။ ဟင်းရည်သောက်မပါ။ အမဲသားကြော် ဆီနဲ့ နယ်ပြီး စားလိုက်ကြတာ နင်ရမှန်းမသိ၊ အရည်သောက်လိုမှန်းမသိ ပန်းကန်တွေပြောင်နေအောင် စားလိုက်ကြတာ ဘာမှ မကြာလိုက်ပါဘူး၊ တက်တက်စင် ပြောင်သွားပါတော့တယ်။ အားလုံးလည်း စားပြီးရော အမေက ကလေးတွေ လက်ဆေးကြဆိုပြီး စစ်ရေဘူးလေးကို ကိုင်၊ ဆပ်ပြာခဲထုတ်ပြီး "မင်းတို့ လက်တွေ တံခါးပေါက်အပြင်ကို ထုတ်၊ ငါ ရေလောင်းပေးမယ် ဆပ်ပြာနဲ့ လက်ဆေးကြ။ လက်ပဲထုတ်၊ ခေါင်းတွေ ကိုယ်တွေ မထုတ်ကြနဲ့ ကြားလား" ဆိုပြီးတော့ ကျွန်တော်တို့ တစ်ဦးချင်း လက်ဆေးဖို့ စစ်ရေဘူးလေးနဲ့ ရေလောင်းပေးပါတယ်။ ဘယ်တုန်းက ဘယ်မှာ ရထားသလဲ မသိဘူး၊ အလယ်မှာ ချိုင့်နေတဲ့ စစ်ရေဘးလေးဟာ အမေ ခရီးသွားတိုင်း ပါပါတယ်။ အားလုံးလက်ဆေးပြီးတော့ အညာဖျဉ်နဲ့ ရက်ထားတဲ့ လက်ရက် လက်သုတ်ပုဝါနဲ့ တစ်ယောက်တစ်လှည့်စီ သုတ်ရပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ အိမ်မှာသုံးတဲ့ အဝတ်အထည်၊ လက်သုတ်ပုဝါ၊ မျက်နှာသုတ်ပုဝါ မှန်သမျှဟာ အမေတို့ရွာဘက်ကထွက်တဲ့ အညာဖျဉ် လက်ရက် ချည်ထည်တွေချည်းပါပဲ။ အဲလိုနဲ့ ထမင်းစား လက်ဆေးပြီးတာနဲ့ အမေက "ကလေးတွေ မနက်အစောကြီး ထလာကြတာ၊ အခု ထမင်းလည်း စားပြီးပြီး မင်းတို့ အိပ်ကြစမ်း" ဆိုပြီး အိပ်ဖို့ စီစဉ်ပေးပါတယ်။ ရထားထိုင်ခုံပေါ်မှာ တချို့အိပ်၊ ရထားထိုင်ခုံ အောက်မှာလည်း စောင်တွေ ခင်းပြီး အိပ်ဖို့ ပြင်ပေးထားတယ်။ ကျွန်တော်တို့ကတော့ ရထားထိုင်ခုံအောက် ကြမ်းပေါ်မှာ အိပ်ရတာကို အရမ်း သဘောကျလို့ နေရာလုရင်းနဲ့ ဝုန်းဒိုင်းကြဲ

ရုန်းရင်းကန်ရင်း ဆော့ကစားပြီး အမေ ဒေါ်ခင်ခင် ကြီးကြပ်ကွပ်ကဲတဲ့ အညာပြန်ရထားကြီး ခရီး ဆက်ခဲ့ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၁၂-၁၁-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၂)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်းရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တသိုက် အမေနဲ့ အညာပြန်ရတာ အမှေကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာရပ်မရပဲ ဆက်ရေးမိနေပါတယ်။

အညာရထားခရီးစဉ်

မနက်အစောထပြီး ဘူတာဆင်းရလို့ အိပ်ရေးပျက်နေတဲ့ ကျွန်တော်တို့တတွေဟာ ငမိုးရိပ်၊ လေးထောင့်ကန် ဘူတာအကျော် မနက် (၇း၀၀)နာရီလောက်မှာ အမေကျွေးတဲ့ထမင်း အဝစားပြီးတာနဲ့ အသီးသီးရထားခုံပေါ်ခုံအောက် အလျှိုအလျှို ဝင်အိပ်လိုက်ကြတာ ဆူဆူညံညံအသံတွေကြားတော့မှ နိုးလာကြပါတယ်။ ဒါနဲ့ ညီအစ်ကိုအားလုံး ကုန်းရုန်းထပြီး ဘာတွေလဲလို့ စိတ်ဝင်တစားကြည့်လိုက်ကြတော့ ရထားက ပဲခူးဘူတာထဲရောက်နေပြီး အပြိုင်အဆိုင် အော်ကျယ်ဟစ်ကျယ် ရောင်းနေကြတဲ့ ဘူတာပလက်ဖောင်းပေါ်က ဈေးသည်တွေကို အံ့မခန်း တွေ့ရပါတယ်။ ပလက်ဖောင်းပေါ်မှာ ဈေးသည်တွေက တပုံကြီး၊ အမျိုးစုံမှ အမျိုးစုံပဲ၊ ပလာတာ၊ ဘူးသီးကြော်၊ ဗယာကြော်၊ အကြော်စုံ၊ ကောက်ညင်းပေါင်း၊ မုန့်စိမ်းပေါင်း၊ နံပြားနဲ့လက်ဘက်ရည်၊ ကောက်ညင်းကျည်တောက်၊ ငှက်ပျောသီး၊ မာလကာသီး၊ အသီးမျိုးစုံ နားကို ငြီးမတတ်ဘဲ။ ကျွန်တော်အငယ်ကတည်းက စိတ်ဝင်စားတာကတော့ အထမ်းကြီးတွေနဲ့ ထမင်း ရောင်းတာပါ။ ဆေးအနီ သုတ်ထားတဲ့ နှစ်တစ်လက်မ သစ်သားတန်းတွေကို လေးထောင့်ကျကျ ရိုက်ထားတဲ့ ခွက်လိုဟာထဲမှာ တစ်ဘက်က ထမင်းအိုး၊ ကျန်တဲ့တစ်ဘက်က ဟင်းအိုးကြီးတွေ အဆင့်ဆင့် ထပ်ပြီးထည့်တင်ထားတယ်။ အဲလို တစ်ဘက်က ထမင်း၊ တစ်ဘက်က ဟင်းအိုးတွေထည့်ထားတာ နှစ်ခုကို ဝါးအဆိုင်းကြီးနဲ့ ထမ်းပြီး ပလက်ဖောင်းပေါ်မှာ လိုက်ရောင်းတဲ့ ထမင်းသည်ကြီးတွေပါ။ ဟင်းကတော့ များသောအားဖြင့် ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ဝက်သားဟင်းတွေပါ။ ဟင်းအိုးတွေကို အဆင့်လိုက် တင်ထားပြီး ရောင်းတာ၊ ဟင်းအိုးအဖုံးတွေ ဖွင့်လှစ်လို့ ငြုပ်သီးရောင် နီနီရဲရဲအနှစ်နဲ့ ဟင်းတွေကို မြင်လိုက်ရရင် သိပ်ကိုစားချင်စရာကောင်းပါတယ်။ ဟင်းတွေကလည်း အနှစ်အပြည့်နဲ့၊ လုံးဝ ဆီပြန်ဟင်းချည်းလည်း မဟုတ်ဘဲ ဆီလည်ရေလည် ထမင်းနဲ့ နယ်စားလို့ကောင်းတဲ့ အနေအထားမျိုးပါ။ "ကြက်သားဟင်း၊ ရင်အုပ်နဲ့တစ်ပွဲ" လို့ ဝယ်တဲ့လူက ပြောလိုက်ရင် အင်ဖက်ကို ကန်တော့လိုထိုးလိုက်ပြီး ထမင်းပူပူနွေးနွေး အငွေ့တထောင်းထောင်းကို

ဇွန်းအကြီးကြီးနဲ့ ကော်ထည့်လိုက်တယ်။ ပြီးတော့ ကြက်သားဟင်းအိုးကို ဆီနဲ့ရေနဲ့သမနေအောင် ရောမွှေလိုက်ပြီးမှ ကြက်ရင်အုပ် ဖတ်ကို ထမင်းပေါ်ထည့်ပြီးတော့ အပေါ်က အရည်တစ်ဇွန်း ဆမ်းပြီး အင်ဖက်ကို လုံအောင်ထုတ်ပေးတာပါ။ ကျွန်တော်တို့ တွဲထဲက ဘေးခုံကလူ အဲလို ထမင်းမျိုး တစ်ပွဲမှာပြီး သတင်းစာစက္ကူကို ရထားထိုင်ခုံပေါ် ဖြန့်ခင်း၊ အင်ဖက်ထုပ်ကို ဖြေ၊ လက်နဲ့အားရပါးရ ဟင်းအနှစ်နဲ့ထမင်းနယ်ပြီး တစ်လုပ်စားလိုက်၊ ကြက်ရင်အုပ်အသားမွှာဝါးလိုက်နဲ့ ဝါးနေတာ ကြည့်ရတာ အရမ်းကို အားရဖို့ကောင်းပါတယ်။ အဲဒီလူဟာ ကြက်ရင်အုပ် အသားကန်သွားတော့ အရိုးတွေကို တဂျမ်းဂျမ်း ဆက်ကိုက်ပြန်ရော၊ နောက်ဆုံးရောက်တော့ အင်ဖက်လည်း တက်တက်စင်ပြောင်သွားတော့မှ အင်ဖက်ကို သတင်းစာစက္ကူနဲ့လုံးပြီး ပြတင်းပေါက်ကနေ အောက်ကို လွှင့်ပစ်လိုကပါတယ်။ ပလက်ဖောင်းပေါ်မှာ ပြတင်းပေါက်ကို ကြည့်ပြီး မျှော်နေတဲ့ ခွေးအုပ်က အဲဒီ အမှိုက်ထုပကို ဟောင်ကြ၊ ကိုက်ကြ လုယက်စားကြပါတယ်။ အဲဒီအချိန်မှာ အပေါက်ဝ နားမှာ ရေအိုးခေါင်းပေါ်ရွက်ပြီး "ရေရမယ် ရေ" လို့ တကြော်ကြော်အော်နေတဲ့ ရေသည်ကောင်မလေးဖြတ်လာတော့ အဲဒီလူက လှမ်းခေါ်လိုက်ပါတယ်။ ကောင်မလေး ပလက်ဖောင်းပေါ်မှာရပ်ပြီး ရေအိုးခေါင်းရွက်ထားတာဟာ ရထားပြတင်းပေါက်နဲ့ အပေါ်က လက်လှမ်းလိုက်ရင် ရေအိုးနဲ့ လက်နဲ့ ကွက်တိအံကိုက်ပါပဲ။ ထမင်းစားပြီးတဲ့ သူက ရေအိုးရဲ့ ဒန်ပြားအဖုံးလေးကိုဖယ်ပြီး အိုးကို ဖွင့်၊ အဖုံးလေးပေါ်မှာတင်ထားတဲ့ ဒန်ခွက်လေးကိုယူပြီး ရေအိုးထဲက ရေကိုခပ်၊ လက်ကိုအားရပါးရဆေး၊ ပလုပ်ကျင်း၊ နောက်တစ်ခွက်လောက်လည်း ခပ်ပြီး သောက်လိုက်သေးတယ်။ ပြီးတော့ ရေသည်ကောင်မလေးကို ပိုက်ဆံ (၁၀)ပြား ပေးလိုက်ပါတယ်။ အဲဒီတုန်းက ရေသည်တွေရဲ့ ရေရောင်းတဲ့စနစ်က သုံးချင်သလောက်သုံး၊ (၁၀)ပြားပဲ ယူတာပါ။ တစ်ချို့က ရေတွေကို ခပ်ပြီး မျက်နှာသစ်၊ လက်ဆေးရုံမကဘဲ ဖန်ပုလင်း ရေဗူးထဲ ယူတဲ့သူက ယူသေးတယ်။ ဘယ်လိုပဲ ယူယူသုံးသုံး (၁၀)ပြားပဲ ပေးရပါတယ်။ ရေသန့်ဗူးဆိုတာ မရှိတဲ့ ခေတ်ဆိုတော့ ရထားခရီးသည် အများစုက ရေသည်ကောင်မလေးတွေ ရွက်လာတဲ့အိုးထဲက ရေတွေကိုပဲ အားထားပြီး သုံးကြရပါတယ်။ အမေကတော့ အိမ်ကတည်းက ရေနွေးတည်၊ ရေကျက်အေးလုပ်ပြီး ဗူးတွေပုလင်းတွေနဲ့ နိုင်သရွေ့ ရေတွေကို သယ်လာတတ်ပါတယ်။ ဒီရေသည်ကောင်မလေးတွေ အများစုဟာ ရေနွေးငွေ့ မီးရထားခေါင်း ရေထည့်တဲ့ ဆင်နှာမောင်းလိုဟာကြီးတွေအောက်ကို ရေသွားခံပြီး ပလက်ဖောင်းပေါ်မှာ ရောင်းကြတာပါ။ အဲလို ရေအေးရောင်းကြသလို ရေနွေးရောင်းတဲ့လူလည်း ရှိပါသေးတယ်။ "ရေနွေးနော် ရေနွေး" ဆိုပြီး ဆွဲဆွင်ငင်အော်ပြီး ရေနွေးခရားအကြီးကြီးတွေကိုကိုင်ပြီး ဘူတာတောင်မြောက် လမ်းလျှောက် ရောင်းပါတယ်။ သူအော်တဲ့အသံက အမြဲ သတိရစရာလေသံလေးနဲ့ပါ။ စာနဲ့ရေးပြလို့ သိပ်ပြီး သရုပ်ပေါ်မှာမဟုတ်ပါဘူး။ ရေနွေးက နှစ်ခရားကိုင်ထားပါတယ်။ "ရေနွေးလာပါဦး" လို့ခေါ်လိုက်ရင် "အဖြူလား၊ အကြမ်းခြောက်နဲ့လား" လို့ မေးပါတယ်။ ကျွန်တော်တို့ နေ့စဉ်ရေနွေးနဲ့သောက်တဲ့

လက်ဘက်ခြောက်ကို အညာမှာ အကြမ်းခြောက်လို့ ခေါ်ပါတယ်။ လက်ဘက်ရည် နို့ဆီနဲ့ ဖျော်သောက်တာရောက်တော့ အချို့ခြောက်ပေါ့။ အကြမ်းခြောက်ခပ်ပြီးသားယူယူ၊ ရေနွေးအဖြူကိုပဲ ယူယူ၊ တစ်ပုလင်း (၅)ပြားပါ။ လက်ဘက်ခြောက်က အကောင်းစားကြီးမဟုတ်ပေမယ့် သောက်လို့ ကောင်းပါတယ်။ အဲဒီခေတ်က ဘူတာပလက်ဖောင်းပေါ်မှာ ရေရောင်းကြပုံလေး သိကြရအောင် ပြောပြရတာပါ။ ခုနကပြောနေတဲ့ ကျွန်တော်တို့ ဘေးနားကလူ ထမင်းစားတဲ့အကြောင်း ဆက်ပြော ရမယ်ဆိုရင် အရည်သောက်မပါဘဲ ဟင်းအနှစ်အရည်ကျဲကျဲကို ခပ်ရွဲရွဲလေးနယပြီး ထမင်းတစ်လုတ်ပြီး တစ်လုတ် ရှောကနဲရှောကနဲ ဝင်သွားအောင် စားတာကိုကြည့်ပြီး ကျွန်တော်တို့တတွေလည်း ထမင်းစားချင်စိတ် ပေါ်လာကြပါတယ်။ ဒီလိုပြောတော့ အခုခေတ် အခြေအနေနဲ့ ရုတ်တရက် တွေးကြည့်မယ်ဆိုရင် "ဘယ်နဲ့ ငမိုးရပ်မှာ အဝစားထားတာ၊ ငမိုးရိပ်နဲ့ပဲခူး နီးနီးလေးပဲရှိသေးတာ ဘယ်လိုလုပ်ပြီးပဲခူးမှာ ထမင်းစားချင်ကြရတာလဲ" လို့ ထင်စရာရှိပါတယ်။ အဲဒါ ဘယ်လိုလဲဆိုတာ ရှင်းပြပါမယ်။ အဲဒီတုန်းက ရေနွေးငွေ့ခေါင်းနဲ့ ဆွဲတဲ့ ရထားတွေဟာ နှေးပါတယ်။ ဥဩသံ အသံအရှည်ကြီးဆွဲလိုက်ပြီး ခေါင်းတွဲကြီးဟာ တရှူးရှူးနဲ့ တအားကြီးပြေးတယ် ထင်ရပေမယ့် တကယ်တော့ သိပ်မမြန်ပါဘူး။ ရန်ကုန်၊ မန္တလေး နေ့ချင်းမပေါက်ပါဘူး။ ပျဉ်းမနားမှာ ညအိပ်ရပါတယ်။ ပြီးတော့ ဘူတာတိုင်းလိုလိုမှာလည်း ရပ်သေးတယ်ဆိုတော့ ပိုဆိုးတာပေါ့။ မနက်လင်းအားကြီး ရန်ကုန်ဘူတာကြီးက ထွက်ခဲ့ပေမယ်လို့ မိုင်(၅၀)ကျော်လောက်ပဲ ဝေးတဲ့ ပဲခူးရောက်တော့ နေ့လည် (၁၁း၀၀)နာရီကျော်လောက် ဖြစ်နေပါပြီ။ ဒါကြောင့် ပဲခူးမှာ ခရီးသည်တွေ မနက်စာထမင်း စားကြတာပေါ့။ ကျွန်တော်တို့လည်း သူများတွေ စားကြတဲ့ အင်ဖက်နဲ့ထုပ်ထားတဲ့ ကြက်သား ထမင်းကိုကြည့်၊ သွားရည်တများများနဲ့ အဲဒီအဆိုင်းကြီးက ထမင်းစားချင်တယ်ဆိုပြီး အမေ့ကို နားပူကြတာပေါ့။ အမေကတော့ "ဟ ငါချက်လာတဲ့ဟင်းတွေ တပုံကြီး၊ မင်းတို့ ဟို ပလက်ဖောင်းပေါ်က တွေ့ရာတွေစားလို့ ဘယ်ဖြစ်မလဲ" ဆိုပြီး ကျွန်တော်တို့ကို ဆူတယ်၊ ငေါက်တယ်၊ ပြောတယ်ပေါ့။ ကျွန်တော်တို့ကလည်း ဘယ်ရမလဲ "အမေ့ဟင်းတွေက ပြုတ်လုံးတွေ၊ ဟင်းအနှစ်လည်း မပါဘူး၊ ကျွန်တော်တို့က အဲဒီ အထမ်းကြီးထဲက ဟင်းတွေလို အနှစ်တွေနဲ့မှ စားချင်တာ၊ ထမင်းနဲ့ အနှစ်နဲ့ နယစားရင် သိပ်ကောင်းမှာလို့" ပြောပြီး နားပူကြပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်၊ ကျွန်တော်တို့ အညာသားတွေဟာ ထမင်းစားမယ် ဆိုရင် ဟင်းအနှစ်ကို အရမ်းကြိုက်ကြတာပါ။ အသားမပါရင် နေပါစေ၊ အနှစ်နဲ့ ထမင်းချည်း နယ်စားရရင် ထမင်းတစ်ဇလုံကို အသာလေး ပြိုက်ကနဲကုန်အောင် စားနိုင်ကြပါတယ်။ အမေကတော့ ရထားပေါ်မှာ ကြာသွားရင် ဟင်းတွေ သိုးကုန်မှာစိုးလို့၊ အနှစ်နဲ့ မချက်ဘဲ အမဲပြုတ်လုံး၊ ပုဇွန်ဆီပြန်၊ ချဉ်ပေါင်ကြော်၊ ငါးခြောက်ကြော်၊ အဲလို အခြောက်အခြမ်းဟင်းတွေ ချကခဲ့တာပါ။ ဒါပေမယ့် အနှစ်ကြိုက်တဲ့ ကျွန်တော်တို့ကတော့ ပလက်ဖောင်းပေါ် ဆိုင်းထမ်းထဲက

ဟင်းအိုးတွေထဲက အနှစ်ရေကျဲနဲ့ ဟင်းတွေကိုပဲ စားချင်နေကြပါတယ်။ နောက်ဆုံးတော့ အမေလည်း လက်လျှော့ပြီး ကဲကဲ မင်းတို့ဒီလောက်တောင် စားချင်နေကြရင် မင်းတို့ငါးယောက်ကို သုံးပွဲလောက်ဝယ်၊ ပြီးတော့ ထမင်းအလွတ် အပိုနှစ်ထုပ်လောက်ပါ ဝယ်ပြီး မျှစားကြလို့ ပြောလိုက်ပါတယ်။ အဲတော့မှ ဘာဟင်းတွေစားမယ်ဆိုတာ ကျွန်တော်တို့တတွေ အငြင်းအခုံ ဖြစ်ကြပါတယ်။ ကျွန်တော်ကတော့ ငါးသိပ်ကြိုက်တဲ့သူဆိုတော့ "ငါးဟင်းစားမယ်" လို့ ဦးအောင် အော်လိုက်ပါတယ်။ အမေက "ငါးအရိုးမျက်မယ်" ဆိုတော့ ကျွန်တော်က "အမေ ဟိုမှာ ဟင်းအားထဲကိုကြည့်လေ၊ ငါးရံ့ပိုက်သား အကွင်းကြီးတွေ ချက်ထားတာ ဘာအရိုးမှပါမှာမဟုတ်ဘူး" ဆိုတော့ ကျွန်တော့်တောင်းဆိုချက်ကို အမေ လက်ခံလိုက်ပါတယ်။ နောက် အမေက "ငါပြောမယ် မင်းတို့တစ်ယောက်တစ်ပေါက် လျှောက်မှာနေလို့ ပြီးမှာမဟုတ်တော့ဘူး။ ငါးတစ်ပွဲ၊ ကြက်တစ်ပွဲ၊ အမဲတစ်ပွဲ သံးမျိုးမှာလိုက်၊ သူ့ဟင်းကိုယ့်ဟင်း လုပ်မနေနဲ့၊ အားလုံးရောစားကြပေါ့" ဆိုပြီး ဟင်းနဲ့ထမင်း သုံးပွဲ၊ ထမင်းအလွတ် နှစ်ပွဲ မှာပေးပါတယ်။ ကျွန်တော်တို့လည်း ရထားပေါ်က နှစ်လက်မအကျယ် ကြမ်းအတန်းလေးတွေ ခပ်ကျဲကျဲ ရိုက်ထားတဲ့ ရထားထိုင်ခုံလေးပေါ်မှာ သတင်းစာစကူတွေ တစ်ထပ်ကြီးခင်း၊ ထမင်းထုပ်တွေကို ဖြေပြီး အားရပါးရ နယ်၊ တိုးဝှေ့လုယက်ပြီး စားကြပါတယ်။ အဲဒီတုန်းက ဘူတာပလက်ဖောင်းပေါ်က ထမင်းဟင်းဟာ တကယ့်ကို အရသာရှိတာပါ။ ငယ်သေးလို့ ကလေးမို့လို့ ဘာမသိညာမသိ စားရပြီးရောမို့လို့ ကောင်းတယ်ထင်တာ မဟုတ်ပါဘူး၊ တကယ့်ကို ကောင်းမှကောင်းပါ။ ကျွန်တော ကြီးလာလို့ ဆရာဝန်ပေါက်စ ရထားစီးခရီးသွား၊ ပလက်ဖောင်းပေါ်က ထမင်းကို စားတဲ့အခါမှာ အရင် ကလေးဘဝတုန်းကလို ဘူတာက ထမင်းဟင်းတွေဟာ မကောင်းတော့ပါဘူး။ ဟင်းသိုးလို့ ထမင်းအနံ့ ထွက်လို့ဆိုပြီး ထမင်းရောင်းတဲ့သူကို ပြောကြဆိုကြတာတွေလည်း ကြားနေရပါတယ်။ ပစ္စည်းတွေ စျေးတက်လာတဲ့အခါမှာ ရောင်းစျေးကို သိပ်မမြှင့်ချင်တော့၊ အရင်လို ကောင်းကောင်း ထမင်းဟင်းကို မချက်တော့ဘဲ ရောင်းစျေးထိန်းနိုင်အောင် ထမင်းဟင်း အဆင့်ကို လျှော့ချလိုက်ကြတယ် ထင်ပါရဲ့။ ကျွန်တော် ကြီးမှစားရတဲ့ ပလက်ဖောင်းထမင်းဟင်းဟာ အနှစ်ကလည်း ရေကျဲမှ တကယ့်ရေကျဲ၊ ဆီကို မပါတော့ဘူး။ အသားကလည်း ပါလေကာ၊ အရသာကလည်း မရှိပါဘူး။ ကျွန်တော်တကယ်ကို သတိရလွမ်းမိတာက ဟိုတုန်းက ရထားဘူတာ ပလက်ဖောင်းပေါ်က ဆိုင်းထမ်းကြီးနဲ့ရောင်းတဲ့ ထမင်းပါ။ အခုတော့ ဘူတာပလက်ဖောင်းပေါ်မှာ ဆိုင်းထမ်းကြီးတွေနဲ့ ထမင်းဆိုင်တွေ မတွေ့မိတော့ပါ၊ ရှိမှရှိသေးရဲ့လား မသိ။ နောက်ပြီးတော့ အဲဒီတုန်းက ပလပ်စတစ်ဆိုတာ မရှိဘဲ အထုပ် ထုပ်တင်း အင်ဖက်နဲ့ပဲ ထုပ်တာပါ။ ထမင်းဟင်းအားလုံးကို အင်ဖက်နဲ့ပဲ ထုပ်တာဆိုတော့ အခုခေတ် ပြောနေကြတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလပ်စတစ်အိတ် မသုံးရေးဆိုတာတွေဟာ အမေတို့ ခေတ်တုန်းက ပြဿနာမရှိပါဘူး။ အင်ဖက်ကောင်းကောင်းသန့်သန့်လေးတွေကို ရွေးပြီး ထမင်းရောင်းတဲ့သူတွေ

လိပ်သလို စနစ်တကျ လိပ်တတ်မယ်ဆိုရင် ဟင်းရည်တွေအောက်ကို မယိုပါဘူး။ အင်ဖက်ကို လွှင့်ပစ်လိုက်ရင် အမှိုက်ရှုပ်တာပဲ ရှိမယ်၊ ပတ်ဝန်းကျင်ကို မထိခိုက်ပါဘူး။ အင်ဖက်ဟာ ဓါတုဗေဒပစ္စည်းလည်း လုံးဝမထွက်ပဲ ပတ်ဝန်းကျင်ထဲမှာ အလွယ်တကူကွယ် ပျောက်သွားပြီး မြေဩဇာတောင် ဖြစ်ပါဦးမယ်။ ဘယ်အချိန်က ဘယ်လို မြန်မာပြည်မှာ အင်ဖက်ထုပ်တဲ့စနစ် ကွယ်ပျောက်သွားပြီး ပလပ်စတစ်တွေဝင်လာလဲမသိလိုက်၊ သတိရစရာအညာက အင်ဖက်တွေပါ။ အဲလို ကျွန်တော်တို့ အင်ဖက်ဖြန့်ခင်း၊ ထမင်းဟင်းအနှစ်နဲ့ စားနေကြတာကို အမေက အနားမှာ မတ်တပ်ရပ်ပြီး သေချာကြီးကြပ်ပါတယ်။ စးရိမ်စိတ်အပြည့်နဲ့ မိခင်တစ်ယောက်ဆိုတော့ ငါးရိုးလည်း စိုးရိမ်၊ ကြက်ရိုးလည်း ပူပင်၊ ငြုပ်သီးတွေများ သိပ်စပ်မလား၊ ထမင်းတွေတအားစားတာ ရထားစီးလို့မူးရင် အန်ထွက်မလားဆိုတဲ့ လားပေါင်းများစွာနဲ့ ကျွန်တော်တို့ထမင်းစားတာကို အစအဆုံး စောင့်ကြည့်လိုက်တာ နောက်ဆုံး သတင်းစာစက္ကူနဲ့ အင်ဖက်သိမ်းတဲ့အထိပါ။ "အမှိုက်တွေကို ရမ်းမပစ်နဲ့နော်" လို့ပြောပြီး စားကြွင်းစားကျန် အရိုးလေးတွေကို ရထားသံလမ်းဘေးမှာ စောင့်မျှော်နေတဲ့ ခွေးတွေကို ကျွေးပါတယ်။ ပြီးတော့မှ ကျန်တဲ့အမှိုက်တွေကို ပစ်သင့်တဲ့နေရာကို ပစ်၊ ထိုင်ခုံတွေမှာ ပေနေတဲ့ ဆီတွေကို အဝတ်စုတ်နဲ့ သုတ်ပါတော့တယ်။ အမေဟာ တကယ်ကို ဇယ်ဆက်သလို လက်မလည်အောင် လုပ်နိုင်တဲ့သူတစ်ယောက်ပါ။ ဒါထက် အခုပြောခဲ့သလို ဘူတာမှာ ထမင်းကို ဘာလို့ စမ်ပြေနပြေ စားနိုင်တယ် ဆိုတာကို ပြောရမယ်ဆိုရင် အဲဒခေတ်က ရေနွေးငွေ့ခေါင်းတွဲဆွဲ ရထားကြီးတွေဟာ ပဲခူးလို ညောင်လေးပင်လို ဘူတာကြီးတွေမှာရပ်ရင် နာရီဝက်လောက်ကြာအောင် ရပ်တာပါ။ အဲဒါကြောင့် ရထားရပ်တုန်း စိတ်တိုင်းကျ ဝယ်ကြစားကြ ဆူညံနေတဲ့ ဘူတာပတ်ဝန်းကျင်ဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ လောကလေးတစ်ခုပါ။ ပဲခူးမှာ အဲလို ထမင်းစားလိုက်ကြရတော့ ကျွန်တော်တို့တတွေ တော်တော်လေး ကျေနပသွားကြပါတယ်။ အိပ်ရေး ကလည်း ဝ၊ သိပ်လည်းမအိပ်ချင်ကြတော့ဘူးဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ဟိုစဒီစ နောက်လိုက်ပြောင်လိုက်နဲ့ ညီအစ်ကို တစ်သိုက် ဝုန်းဒိုင်းကြဲပါပဲ။ ရထားပေါ်က ခရီးသည်တွေလည်း မျက်စေ့နောက်ရော့မယ်။ ဆော့လို့ မောလာတော့ "အမေ ရေသောက်မယ်၊ ဘာစားစရာရှိသေးလဲ" ဆိုပြီး နားပူနားဆာ လုပ်ကြပြန်ရော။ ကိုယ့်အလုပ်နဲ့ကိုယ် ဟိုသိမ်းဒီသိမ်း အလုပ်ရှုပ်နေတဲ့ အမေဟာ ကျွန်တော်တို့ပြောသမျှကိုလည်း မည်းမည။ လိုက်လုပ်ပေးရှာပါတယ်။ ကျွန်တော်တို့ကလည်း ဘူတာတစ်ဘူတာရပ်တိုင်း လာသမျှစျေးသည်ကို တားပြီး အမေ့ကို ဝယ်ခိုင်းကြပါတယ်။ ပြောင်းဖူးပြုတ်၊ ကန်ဇွန်းဥပြုတ်၊ လာချင်တာလာ၊ "အမေ့" ဆိုပြီး နားပူကြနဲ့ ရထားကြီးဟာ ဒိုက်ဦး၊ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဖြူး စတဲ့ ဘူတာတွေကို ကျော်လာပြီး တောင်ငူဘူတာကြီးကို ရောက်လာပါတော့တယ်။ အဲတော့ နေ့လည် (၃း၀၀)နာရီလောက် ဖြစ်နေပါပြီ။ ရှေ့မှာဘူတာ ပလက်ဖောင်းပေါ်က စျေးသည်တွေအကြောင်း ပြောခဲ့ပြီးတဲ့ နောက်ရထားတွဲတွေပေါ်မှာ လျှောက်ပြီး

ရောင်းတဲ့ စျေးသည်တွေ အကြောင်း ဆက်ပြောချင်ပါသေးတယ်။ ကျွန်တော်တို့ အညာပြန်ခရီးသွား ရထားကြီးဟာ လူအပြည့်ပါ။ ခုံတန်းတွေကြားက အလည်လျှောက်လမ်းလေးမှာ ပစည်းတွေချ၊ ဖျာခင်း ထိုင်ကြအိပ်နေကြတဲ့ လူတွေကအပြည့်နဲ့. အဲဒီ စျေးသယ်တွေဟာ အလယ်တန်းအပြည့် နေရာယူ ထားကြတဲ့ လူတွေကို အစ်ကို၊ အမ၊ ဦးလေး၊ ဒေါ်လေး၊ ညီလေး၊ အစ်ကိုကြီး တောင်းပန်ပြီး ကျော်ခွ ရထားတွဲရှေ့နောက် အပြည့်လျှောက်ပြီး စျေးရောင်းကြရတာပါ။ အဲဒီတုန်းက ရထားတွဲ တစ်တွဲနဲ့ တစ်တွဲ အလယ်မှာ အပေါက်နဲ့ ဆက်ထားတာမဟုတ်တော့ ဒီစျေးသည်တွေ တစ်တွဲမှာ စျေးရောင်းပြီး နောက်တစ်တွဲကူးတဲ့အခါ သက်စွန့်ဆံဖျား ကူးရတာပါ။ ရောင်းစရာ ပစည်းတွေကို အပြည့်ကိုင်ပြီး ရထားအစွန်ဆုံး တံခါးပေါက်မှာ ခြေတစ်ဖက်ထောက်၊ ဟိုဖက်တွဲက လက်ကိုင်ကို ဖတကနဲ မိအောင် လှမ်းကိုင် ခြေထောက်မိအောင် ထောက်လိုက်ပြီး တစ်ကိုယ်လုံး လကူးတာ မျောက်လွှဲကျော် ရှုံးလောက်အောင်ပါ။ အဲလို ကူးကြတာကို ကျွန်တော်တို့တတွေ ငေးမောပြီး တအံ့တသြ ကြည့်ကြ ရပါတယ်။ သူတို့ အဖို့ကတော့ နေ့စဉ်လုပ်နေကြဖြစ်နေတော့ ဘက်စ်ကား စပယ်ရာတွေ ကားနောက်မှာ ခြေမတစ်နေရာစာလောက်နဲ့ တွယ်ပြီး လိုက်သလို ဘာမှ ခက်ခဲပုံ မပေါ်ပါဘူး။ ကြည့်ရတဲ့ သူတေအဖို့ ကတော့ စိတ်မောစရာပါ။ ကျွန်တော်တို့က စျေးသည်တွေ တွဲကူးတာကို ပြတင်းပေါက်ကနေ ခေါင်းပြူပြီး ကြည့်ကြရင် "ဟဲ့ ကောင်လေးတွေ ပြတင်းပေါက် အပြင်ကို ခေါင်းမထုတ်ကြနဲ့. နင်တို့. ပြုတ်ကျမှာ မကြောက်ဘူးလား" ဆိုပြီး အမေအော်တော့တာပဲ။ အဲတော့ကျွန်တော်တို့. စျေးသည်တွေကို ကြည့်တာ စိတ်လျှော့ပြီး ကိုယ်နေရာကိုယ် ပြန်ထိုင်ကြပါတယ်။ ဒီကြားထဲ တစ်ယောက်ယောက်ကနေ "ဟေ့ ဟိုမှာ ကြည့်စမ်း၊ စျေးသည်ကြီး ရထားခေါင်မိုးပေါ် လျှောက်သွားနေပြီ" ဆိုရင် တစ်ခါ ဝုန်းကနဲ ကျွန်တော်တို့. တတွေ ပြတင်းပေါက် ကျဉ်းကျဉ်းလေးကို မဆန့်မပြဲ ခေါင်းတွေ ထုတ်ကြည့်ကြရပြန်ရော။ စျေးသည်တွေ ဟာ တွဲတစ်တွဲကို ကူးပြီး တွဲဝကနေ မျှော်ကြည့်လိုက်လို့. အလယ်လျှောက်လမ်းက ဘယ်လိုမှ လျှောက်မရတော့ဘူးဆိုရင် အဲဒီတွဲအမိုးပေါ်ကို တက်လိုက်ပြီး လျှောက်သွား၊ အဲဒီတွဲကို ကျော်ပြီး နောက်တွဲကို ကူးကြပါတယ်။ ဒီစျေးသည်တွေဟာ အသက် ငယ်ငယ်၊ အသက် ကြီးကြီး၊ အရွယ်မျိုးစုံ၊ ပြီးတော့ ရောင်းကြတဲ့ ပစ္စည်းကလည်း အမျိုးမျိုး စိတ်ဝင်စားစရာပါ။ အဲလို စျေးသည်တွေ တွဲထဲမှာလျှောက်လာရင် ကျွန်တော်တို့. မျှော်ကြတာကတော့ ရေခဲမုန့်ပါ။ ရေခဲမုန့်ပုံးကြီးကို မနိုင့်တနိုင် လက်ကဆွဲပြီး "ရေခဲမုန့်၊ ရေခဲမုန့်." လို့ အော်ရောင်းတဲ့ ကုလားကြီးကို သတိရနေပါသေးတယ်။ နောက် သတိရတာက လက်ဘက်ရည် အချိုလိုက်ရောင်းတဲ့ သူတွေပါ။ လက်ဘက်ရည်ရောင်းတဲ့ လူက နှစ်ယောက်ပါ။ တစ်ယောက်က လက်ဘက်ရည်ခရား အကြီးကြီးကို ကိုင်ပြီး တွဲထိပ်မှာ ရပ်နေပါတယ်။ နောက်တစ်ယောက်က ရေခွက်ကြီးထဲမှာ စိမ်ထားတဲ့ လက်ဘက်ရည် ပန်းကန်တွေကိုင်ပြီး "လက်ဘက်ရည် ချိုချိုလေး၊ အပ်ချင်ပြေ လက်ဘက်ရည် ချိုချိုလေး" ဆိုပြီး အားရပါးရအော်ပါတယ်။

လက်ဘက်ရည်တစ်ခွက်လို့ မှာလိုက်ရင် ပန်းကန်ကိုင်တဲ့သူက ခရားကြီးဆီ လက်ဘက်ရည်ပန်းကန်ကို ယူသွားပြီး လက်ဘက်ရည်ထည့်၊ မှာတဲ့သူစီ အရောက်သွားပို့ပေးပါတယ်။ ပြီးတာနဲ့ သယ်ပြီးတဲ့ ခွက်တွေ ပြန်သိမ်း၊ ရေလေးကျင်းပြီး ရေဇလုံကြီးထဲမှာ ပြန်ထည့်၊ အလုပ်ကို ရှုပ်လို့။ ဒီလနဲ့ ဟိုလူမှာ၊ ဒီလူမှာ ကျွန်တော်တို့လည်း ပါတာပေါ့။ လက်ဘက်ရည်အချို့ဆိုတာက ကျွန်တော်တို့ အိမ်မှာ ဧည့်လာမှ ဝယ်တာ။ နှစ်လ၊ သုံးလနေလို့ ဧည့်သည်တစ်ယောက် ရောက်လာလို့ လက်ဘက်ရည်ဝယ်တိုက်ပြီး ဧည့်သည်အကျန်လေးရှိမ ကျွန်တော်တို့ သောက်ရတာ။ အမေက ကျွန်တော်တို့ ကို ဘယ်တော့မှ လက်ဘက်ရည်ဆိုတာ ဝယ်တိုက်လေ့မရှိဘူး။ ဆိုင်မှာလည်း သွားပြီး လက်ဘက်ရည် မသောက်ရဘူး။ အဲတော့ ရထားပေါ်မှာ အခွင်အရေးရတုန်း အမေ့ကို ဟိုပြော ဒီပြော လျှောက်ပြောပြီး လက်ဘက်ရည် ဝယ်ခိုင်းကြပါတယ်။ ကျွန်တော်တို့က လာရောင်းတာ မှန်သမျှ ဝယ်စားချင်သလို အမေကလည်း အိမ်မှာ လုပ်တာကလွဲလို့ ဆိုင်ကဟာ၊ ရောင်းတဲ့ ဟာတွေကို လုံးဝမစားစေချင်ဘူး။ အမေဟာ အသန့်ကြိုက်၊ အကောင်းကြိုက်၊ သိပ်လည်း ရွံတတ်တယ်။ လမ်းဘေးမှာ ဆေးထားတဲ့ ပန်းကန်နဲ့ လုံးဝမစားနိုင်တဲ့ သူတစ်ယောက်ပါ။ ဝမ်းတွင်းနယ် တောင်ဘိုရွာမှာ ကြီးခဲ့ပေမယ်လို့ အငယ်ကလေးဘဝ ကျောက်ဆည် ရဲဝန်ထောက်ရဲ့ သမီး ဖြစ်ခဲ့တယ်၊ ခေတ်ကျောင်းဆို (၇)တန်းလောက်အထိ စာသင်ခဲ့တဲ့ သူဆိုတော့ အမေ့ရဲ့ စရိုက်အကျင့် စနစ်တွေဟာ တခြားလူတွေနဲ့ ပုံစံတစ်မျိုးစီဖြစ်နေပါတယ်။ ဒါကြောင့် အမေက ကျွန်တော်တို့ကို လမ်းဘေးက ရောင်းတန်းစားစရာတွေကို ဝယ်မစားစေချင်တာပါ။ ရထားတွဲပေါ်က စျေးသည်တွေအကြောင်း ဆက်ပြောရရင် ဒိုက်ဦး ကျော်တာနဲ့ ဘဲကင်၊ ဘဲဥ၊ ငါးရံ့ခြောက်တွေ ရောင်းတော့တာပဲ။ ဘဲကင်တစ်ကောင်ကို (၅)ကျပ်ပါ။ ငါးရံ့ခြောက်ကတော့ ဘယ်လောက်နဲ့ ရောင်းတယ်ဆိုတာ မမှတ်မိတော့ပါဘူး။ ကျွန်တော် ဆရာဝန်ဖြစ်တော့ ဘဲကင် တစ်ကောင် (၁၀)ကျပ်နဲ့ (၁)ကျပ်ဖိုး ဘဲဥ (၁၀)လုံး ရောင်းတာကို မှီလိုက်ပါသေးတယ်။ ရထားပေါ်မှာ စျေးသည်တွေက သိပ်ကို စုံပါတယ်။ ဆေးလိပ်၊ ကွမ်းယာ၊ ပလာတာ၊ အကြော်၊ ထမင်းထုပ အင်ဖက်နဲ့ ထုတ်ပြီးသားတွေ တောင်းကြီးနဲ့ ထည့်ပြီး လိုက်ရောင်းတာလည်း ရှိတယ်။ ပြောရမယ်ဆိုရင်တော့ ပလက်ဖောင်းပေါ်မှာ ရောင်းသမျှအားလုံးကို ရထားတွဲပေါ်မှာ လိုက်ရောင်းတဲ့ သဘောပါပဲ။ ဒါပေမယ့် သူတို့မှာ စည်းကမ်းရှိပုံ ပေါ်ပါတယ်။ ရထားဘူတာမှာ ရပ်ထားရင် ရထားပေါ်မှာ စျေးလိုက်ရောင်းတာ မရှိပါဘူး။ ရထားထွက်ပြီဆိုမှ အဲဒီတွဲပေါ်လိုက်ရောင်းတဲ့ စျေးသည်တွေ အလျှိုအလျှို ဘယ်ကနေ ဘယ်လို ပေါ်လာမှန်းမသိဘူး။ ရောင်းလိုက်ကြတဲ့ စားစရာတွေကလည်း ပြောလို့မကုန်အောင်။ ကျွန်တော်တို့ကလည်း လာသမျှစျေးသည်စီက စားစရာတွေ အားလုံးကို ဝယ်ချင်၊ စားချင် ဖြစ်နေပါတယ်။ အဲတော့ အမေက ကျွန်တော်တို့ကို အော်ပြီပေါ့။ ကျွန်တော်တို့ကလည်း နွေကျောင်းပိတ်ထားလို့ စာမသင်ရဘူး ဆိုကတည်းက အမြူးပြီး အော်လိုက်ဟစ်လိုက် တွေ့ရာအကုန်စားမယ်ဆို ကြွေးကြော်နေကြတဲ့ ညီအစ်ကို မောင်နှမတွေပါ။ ကလေးဆိုတာ ကျောင်းမတက်ရဘူး၊ စာမလုပ်ရဘူးဆို ပျော်တာပဲ။ နွေကျောင်းပိတ်

နှစ်လအနားပေးတုန်းမှာ ကျူရှင်လည်းမရှိ၊ အညာကိုပြန် ဝမ်းတွင်းမှာ ကမြင်းချင်သလိုကမြင်း၊ ဆော့ချင်သလိုဆော့ ပျော်မှပျော်ပဲ။ အခုပြန်တွေးကြည့်တော့ ဒုက္ခမျိုးစုံခံပြီး ကျွန်တော်တို့က နှစ်စဉ်အညာကို ပြန်လိုက်ပို့ပေးတဲ့အမေကို ကျေးဇူးတင်မိပါတယ်။ ပြီးတော့ အညာပြန်ရထားကြီး စီးရတာဟာလည်း တော်တော်ကို စိတ်ဝင်စားစရာကောင်းပါတယ်။ ရထားပေါ်မှာ အဲဒီတုန်းက ဘယ်လိုစီးရအိပ်ရတယ် ဆိုတာလေးတေ နောင်လာနောက်သားတွေသိအောင် မှတ်တမ်းလေးတင်တဲ့ သဘောနဲ့ ပြောပြနေတာပါ။ မီးသွေးခေါင်းရထားရဲ့ သဘောသဘာဝ၊ အဲဒီခေတ်က ဘူတာပလက်ဖောင်း စျေးသည်၊ ရထားတွဲပေါ်မှာ ရောင်းတဲ့စျေးသည်တွေ အခုခေတ်နဲ့တော်တော်ကို ကွာခြားခဲ့ပါတယ်။ အခုခေတ်မှာ စားစရာတွေကလည်းပြောင်း၊ ဘူးသီးကြောနဲ့ ကောက်ညင်းပေါင်း မဟုတ်တော့ပဲ ဟမဘာဂါ၊ ကော်ဖီမစ်လို့ အော်ရောင်းနေကြပြီ။ ရေသည်တွေ ပျော်လို့ ရေသန့်ဗူးတွေနဲ့ ပက်စီ၊ ကိုကာကိုလာတွေလည်း ပလက်ဖောင်းပေါ်ကဆိုင်တွေမှာ ရောက်လာတယ်။ အင်ဖက်တွေပျော်၊ ပလပ်စတစ်တွေရောက်၊ ဆိုင်းထမ်းကြီးနဲ့ထမင်းသည်အစား ပုဇွန်ချဉ်စပ် စတ ရယ်ဒီမိတ်ခေါက်ဆွဲထုပ် ဆိုတာတွေ ဖြစ်ကုန်တယ်။ အခုခေတ် အညာပြန်ရထားကြီးကိုသာ အမေစီးရရင် အမေ ဘယ်လိုတွေ တွေးလို့ ဘာတွေပြောမလဲဆိုတာ သိချင်လိုက်တာ။ အမေမျှားရှိလိုက်ရင် သိပ်ကောင်းမှာပဲလို့ တွေးပြီး မျက်ရည်ကျမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၄-၁၂-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၃)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်းရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တသိုက် အမေနဲ့ အညာပြန်ရတာ အမှေကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာရပ်မရပဲ ဆက်ရေးမိနေပါတယ်။

အညာပြန်ရထားပေါ်မှာ

အညာပြန် ရန်ကုန်မန္တလေးရထားကြီးဟာ သိပ်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။ ရထားပေါ်မှာ လူတွေ၊ စျေးသည်တွေ၊ အလှူခံတွေနဲ့ လူပ်ရှားသွားလာနေကြတာကို ကြည့်ရတာဟာ တကယ့်ကို အသက်ဝင်ပါတယ်။ အဲဒီရထားပေါ်ကအကြောင်းတွေကို ပြောရမယ်ဆိုရင် ပထမဆုံး ကျွန်တော်တို့တတွေ ရထားကို ဘယ်လိုစီးကြတယ်ဆိုတာက စရမှာပါ။ အမေကတော့ အညာကို နှစ်စဉ်ပြန်နေကြ ဖြစ်နေတော့ ရထားလက်မှတ်ဝယ်ကတည်းက မိသားစုအတူတူ နီးနီးနားနားထိုင်ရအောင် ထိုင်ခုံနံပါတ်ကို ဘယ်လို ရွေးယူရမယ်ဆိုတာ သိပြီးသားပါ။ အဲလို အညာပြန်တုန်းက အမေရယ်၊ ကျွန်တော်တို့ညီအစ်ကိုမောင်နှမ (၅)ယောက်ရယ်၊ အိမ်ဖော်ကောင်မလေးရယ်၊ စုစုပေါင်း(၇)ယောက် ပြန်ကြတာပါ။ ရထားထိုင်ခုံတွေက နှစ်တန်းရှိပြီး အလယ်မှာ လျှောက်လမ်းရှိပါတယ်။ ထိုင်ခုံတွေက မျက်နှာချင်းဆိုင်၊ တစ်ခုံကို (၂) ယောက်ထိုင်ဆိုတော့ ၊ မျက်နှာချင်းဆိုင် (၄) ယောက် တစ်တွဲ ထိုင်လို့ရအောင်လုပ်ထားပါတယ်။ အဲတော့ အမေက လေးယောက်ထင် မျက်နှာချင်းဆိုင်နှစ်ခုံတွဲကို လမ်းဟိုဘက်ဒီဘက်ကပ်လျက် (၈)ယောက်စာ ဝယ်လိုက်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့တတွေ လမ်းလေးပဲခြားပြီးတော့ မျက်နှာချင်းဆိုင်နှစ်တွဲ အုပ်စုလိုက်ကြီးဖြစ် ထိုင်ဖြစ်သွားတာပေါ့။ ကျွန်တော်နဲ့ အစ်ကို ကိုခင်မောင်တင့်ကတော့ ကျောင်းအတန်းနဲ့ပြောရရင် (၅)တန်းနဲ့ (၃)တန်းဆိုတော့ နဲနဲလေး အရွယ်ရလာပေမယ့်လို့၊ ညီငယ်မောင်တင့်လွင်နဲ့ ညီမတွေက သိပ်ငယ်သေးတော့ သူတို့လေးတွေ ထိုင်ခုံပေါ်မှာ ချောင်ချောင်ချိချိ အိပ်နိုင်အောင် ထိုင်ခုံ(၈) ယောက်စာ ဝယ်ရတာပါ။ ကျွန်တော်တို့ အကြီးတွေကတော့ ရထားထိုင်ခုံအောက်က ကြမ်းပြင်မာ အမေခင်းပေးတဲ့ အညာဖျင်စောင်ပေါ်မှာ အိပ်ကြတာပါ။ ယောကျ်ားလေးတွေဆိုတော့ မျိုးစုံဆော့ကစား၊ ဟိုဘက်ခုံနဲ့ ဒီဘက်ခုံ လမ်းပေါ်ကျော်ခွ ကူးလိုက်ကြနဲ့၊ ဝုန်းဒိုင်းကြဲပါပဲ။ အခုခေတ် စာဖတ်ပရိသတ်တွေ မျက်စေ့ထဲမှာ အဲဒီခေတ်တုန်းက ရထားဘယ်လိုစီးတယ်ဆိုတာ သိပ်ကိုမြင်စေချင်ပါတယ်။ အမေ ရထားထိုင်ခုံ (၈)နေရာ ဝယ်ထားလို့

ကျွန်တော်တို့တတွေ သိပ်ပြီးချောင်ချောင်ချိချို ကျယ်ကျယ်ဝန်းဝန်းကြီး စီးရတယ်လို့ မထင်လိုက်ပါနဲ့။ အမေယူလာတဲ့ပစ္စည်းတွေနဲ့.ကို ကျွန်တော်တို့.ရထားတဲ့နေရာက ခြေချစရာမရှိအောင် ပြည့်နေပါပြီ။ အဲ့ဒီတုန်းက ရထားစီးတဲ့သူတိုင်းဟာ တောင်းတွေ၊ ပလုံးတွေ၊ သေတ္တာကြီးတွေ၊ အိပ်ယာလိပ်ကြီးတွေနဲ့။ ခရီးသည် တစ်ယောက် တစ်ယောက်ကို ပစ္စည်းတွေ မတန်တဆ သယ်လာကြတာ။ အဲဒီ ဆိုဒ်စုံအရွယ်စုံ ပစ္စည်းပုံစံမျိုးစုံကို ရထားထိုင်ခုံတွေအောက်မှာ အပြည့်ထိုး၊ လမ်းကြားမှာလည်း ကြပ်ညပ်နေအောင် ပစည်းတွေချထား၊ ကျွန်တော်တို့.ခေါင်းအထက ရထားတွဲနံရမှာပါတဲ့ ပစ္စည်းတင်တဲ့ သံဇကာတန်းလေးပေါ်မှာလည်း မဆန့်မပြဲ ထိုးထည့်ထားကြတာ။ အဲလို ပစ္စည်းတွေ လူတွေနဲ့. ပြည့်နေတဲ့ ရထားကြီးပေါ်မှာ အိမ်သာသွားချင်ရင် တော်တော်ကို ဒုက္ခရောက်ပါတယ်။ အိမ်သာရောက်ဖို့အရေး အလယ်ကောင်မှာ ချထားတဲ့ ပစည်းတွေကို ကျော်ရ၊ ခွရ၊ အလယလမးမပေါ်မှာ ပစ္စည်းအကုန်ချပြီး စောင်ခင်းအိပ်နေတဲ လူတွေကလည်း အများကြီးဆိုတော့ နည်းနည်းလောက်နော်ဆိုပြီး တောင်းပန်ရတာ တစ်မျိုး၊ အခက်အခဲမျိုးစုံ ကျော်လွှားပြီးမှ အိမ်သာကိုရောက်တာပါ။ ပစ္စည်းတွေ တပုံတစ်ခေါင်း သယ်တဲ့ ခရီးသည်တွေ အထဲမှာ အမေကတော့ ထိပ်ဆုံးကပေါ့။ အမေဟာ ပုရွက်ဆိတ်တွေ ရရာပစ္စည်းသယ်ပြီး တွင်းထဲစုသလိုပဲ အညာအတွက် တွေ့.ကရာပစ္စည်းတွေစု၊ အကျစုတ်၊ လုံချည်စုတ်၊ ဘူးခွံပုလင်းခွံကအစ အကုန်သယ်တော့တာပါ။ အညာက သူ့မိတ်ဆွေတပည့်တပန်း ရွာကလူတွေတွေ့၊ သာမန်လူအားလုံးကို ပေးနိုင်အောင်ဆိုပြီး ဘယ်လောက်ပဲတန်တန် အကုန်လုံး အမေ့အတွက်ကတော အညာကို ယူစရာပစည်းတွေ ဖြစ်နေပါတယ်။ အမေရဲ့ ထန်းခေါက်ဖာ၊ ထန်းခေါက်တောင်းတွေ၊ ထင်းရူးသေတ္တာ၊ သံသေတာတွေဟာ ကျွန်တော်တို့ ရထားထိုင်ခုံတွေရဲ့ဘေး၊ အောက်၊ လမ်းမပေါ်မှာ အကုန်အပြည့်အသိပ်၊ အိပ်ယာလိပ်ကြီးကလည်း ပါသေးတယ်။ အမေဟာ ထန်းခေါက်ဖာထဲကို ပစည်းတွေ အပြည့်ထည့်ပြီး အဖုံးကို မနိုင်မနင်း တအားဖိပြီးပိတ်၊ ပြီးတော့ အုန်းဆံကြိုး ခပ်ကြီးကြီးနဲ့ လေးဘက်လေးတန်ကနေချည်၊ အလယ်ကောင်မှာ ကြက်ခြေခတ်ပုံ ချုပ်ထားလိုက်ပါတယ်။ အမေတင်မကပါဘူး၊ အဲဒီခေတ်က လူတွေတော်တော်များများဟာ ခရီးသွားရင် အဲလို ထန်းခေါက်ဖာကို သုံးကြပါတယ်။ ပြီးတော့ ထန်းခေါက်တောင်းဆိုတာ အညာမှာ စျေးလိုက်လိုက်၊ ခရီးသွားသွား၊ ဘာလုပ်လုပ် ပစ္စည်းသယ်ဖို့ သုံးတဲ့ ဘက်စုံသုံး မာလ်တီပါပါစ် (Multi purpose) ပါ။ ကျွန်တော်တို့ ဝမ်းတွင်းမြို့မှာ စျေးလိုက်တဲ့သူ၊ ရွာတွေက စျေးလာရောင်းတဲ့သူတွေ အားလုံးဟာ ထန်းခေါက်တောင်းကိုပဲ သုံးကြတာ။ ထန်းခေါက်တောင်းကို ခါးဘေးမှာ တစောင်းတင်ပြီး သယ်သွားလို့လည်းရတယ်၊ ပစ္စည်းသိပ်လေးရင် ခေါင်းပေါ်မှာ ရွက်သွားကြတယ်၊ နေရာတကာမှာ တွေ့ရတဲ့ ထန်းခေါက်တောင်းပါ။ ထန်းခေါက်ဖာတို့၊ ထန်းခေါက်တောင်းတို့ ဆိုတာဟာ ထန်းရွက်၊ ထန်းလက်တွေကို သုံးပြီးလုပ်ထားတဲ့ အညာလက်ဖြစ် အသုံးအဆောင်ပစည်းတွေပါ။ ခေတ်ရွှေ့လျော လာတော့ ဒီလို အညာသုံး သဘာဝပစည်းတွေ ကွယ်ပျောက်သွားပြီး ပလပ်စတစ်နဲ့ လုပ်ထားတဲ့ပစ္စည်းတွေ ဝင်ရောက်အစားထိုးလာတာပေါ့။

အမေတို့ခေတ်က ခရီးသွားရင် ခေတ်စားတာနောက်တစ်ခုက သံသေတာပါ။ ကျွန်တော် တက္ကသိုလ်တက်တဲ့ အထိ သံသေတ္တာဆိုတာ ခရီးသွားရင် မပါမဖြစ်ပါ။ သံသေတ္တာက မာတယ်၊ သော့ခတ်လို့ရတယ်ဆိုတော့ မကွဲနိုင်၊ မရှုနိုင်၊ အရေးကြီးတဲ့ပစ္စည်းတွေကို သံသေတ္တာထဲမှာ ထည့်ပြီးသယ်လေ့ရှိပါတယ်။ အဲဒီခေတ်က စတိုင်က အဲလို သံသေတာတွေကို ဆေးအစိမ်းရောင်၊ ဒါမှမဟုတ် အမဲရောင်သုတ်လေ့ရှိပြီး သေတ္တာအဖုံးပေါ်မှာ နာမည်၊ ရာထူးတွေကို သင်္ဘောဆေးအဖြူနဲ့ ရေးထားလေ့ရှိပါတယ်။ အမေကတော့ သံသေတ္တာပေါ်မှာ အဖေ့နာမည်နဲ့ ရာထူးကို ထင်းနေအောင် အင်္ဂလိပ်လို ရေးထားပါတယ်။ U BA GYAN, SUB-INSPECTOR OF POLICE လို့ စာတန်းထိုးပါတယ်။ Sub Inspector of Police ဆိုတာကို အတို၊ SIP လို့ ခေါ်လေ့ရှိပါတယ်။ မြန်မာလိုခေါ်မယ်ဆိုရင်တော့ တိုက်ပိုင်ပေါ့။ ပုခုန်းပေါ်မှာ ငွေရောင်ဘားနှစ်ဘားပါတဲ့ ရဲအရာရှိပါ။ အဲဒီတုန်းက အဖေဟာ တိုက်ပိုင်ရာထူးနဲ့ တိုက်ကြီးဌာနာမှာ တာဝန်ထမ်းဆောင်နေတာပါ။ ရဲစခန်းကို ရဲဌာန၊ ဒါမှမဟုတ် ဂါတ်တဲလို့ ခေါ်ကြပါတယ်။ SIP တိုက်ပိုင်ဟာ အဲဒီခေတ်က တော်တော်လေး အာဏာရှိတဲ့ရာထူးပါ။ ဒါကြောင့် တိုက်ပိုင်ကြီးကတော် ကျွန်တော့်အမေ ဒေါ်ခင်ခင်ဟာ ခရီးသွားရထား စီးတဲ့အခါမှာ တခြားလူတွေလေးစားအောင် တိုက်ပိုင်ကြီး ဦးဘဂျမ်းနာမည်ကို ထင်းနေအောင်၊ ပေါ်နေအောင် သင်္ဘောဆေးအဖြူနဲ့ စာလုံးကြီးကြီးတွေ ရေးထားတာပါ။ အဲဒီတုန်းကတော့ ခရီးသွားမယ်ဆိုရင် ကျွန်တော်တို့တတွေအတွက် သံသေတ္တာတွေဟာ မရှိမဖြစ် အသုံးအဆောင်ပါ။ ရန်ကုန်ကလမ်းမကြီးတွေမှာရှိတဲ့ စျေးဆိုင်တန်းတွေမှာ သံသေတ္တာအမျိုးမျိုး၊ ဆိုဒ်ပေါင်းစုံ၊ အရောင်မျိုးစုံ၊ သံအထူအပါး၊ အကောင်းစား အပေါစား၊မျိုးစုံရှိပါတယ်။ တက္ကသိုလ်တက်မယ်၊ သင်တန်းတက်မယ်၊ ခရီးထွက်မယ်ဆိုရင် အဲလို သံသေတ္တာတန်းမှာ သွားပြီး ငေးမော၊ ကိုယ့်အသုံးနဲ့ကိုယ်၊ ကိုယ်ဝယ်နိုင်တဲ့ သံသေတ္တာကို ရွေးဝယ်ရတာပါ။ အခုခေတ် ဆူးလေ၊ အနော်ရထာ၊ ဗိုလ်ချုပ်စျေး ကသေတာဆိုင်တွေကို သွားကြည့်ရင် သံသေတ္တာတွေ မတွေ့ရတော့ဘဲ ဆင်မဆိုနိုက် Samsonite ၊ ဘဲလားနိုး (Baleno) ဆိုတဲ့ နိုင်ငံခြားတံဆိပ်မျိုးစုံပါတဲ့ နိုင်လွန်၊ ပလပ်စတစ်တွေနဲ့ လုပ်ထားတဲ့ အိတ်တွေချည်းပဲ ဖြစ်နေပါပြီ။ ပြီးခဲ့တဲ့လက မန္တလေးကမိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ အမေတို့ခေတ်က သံသေတာအကြောင်း ပြောမိတော့ သံသေတ္တာလုပ်ငန်းဟာ မန္တလေးဘက်မှာ ဒီနေ့အထိရှိနေပြီး အဓိက ရောင်းရတာကတော့ နယ်စပ်ကနေ အိန္ဒိယဘက်ကို ထွက်တာတဲ့။ ဟိုဘက်မှာတော့ သံသေတ္တာ ခေတ်စားတုန်းပဲတဲ့။ ကျွန်တော်တို့ဆီမှာ ခုအခါ သံသေတ္တာတွေဟာ တိမ်ကောသွားပေမယ်လို့ ခရီးသည်တွေအတွက် တကယ့်ကို အသုံးကျတဲ့ သံသေတ္တာတွေပါ။ တစ်ခါတလေ အမေဟာ ပစ္စည်းတွေကို ထန်းခေါက်ဖာ၊ သံသေတ္တာနဲ့ထည့်လို့ မဆန့်ဘူးဆိုရင် ထင်းရှူးသေတ္တာဆိုတာနဲ့ ထည့်ပါသေးတယ်။ ထင်းရှူးသေတ္တာ ဆိုတာဘာလဲလို့ ပြောချင်ပါသေးတယ်။ နိုင်ငံခြားကနေ ပစ္စည်းအကြီးကြီးတွေသဘော်နဲ့ပို့တော့ ထင်းရှူးသားတွေနဲ့ ပုံးကြီးတွေဖြစ်အောင်ရိုက်ပြီး ပို့တာပါ။ အဲလိုပို့တဲ့ ထင်းရှူးပုံးအခွံကြီးတွေဆီက

ထင်းရှူးသားတွေကို ခွာပြီး သေတာပြန်ရိုက်ထားတာပါ။ ပုံးခွံအမှိုက်တွေ၊ ထင်းရှူးသားတွေကို အလဟသမဖြစ်အောင် မြန်မာတွေက ရီဆိုက်ကယ် (recycle) လုပ်ပြီး သေတ္တာရိုက် ပြန်သုံးကြတာပါ။ အဲဒီလို ပုံးကြီးတွေက ထင်းရှူးသားနဲ့ သေတ္တာလေးတွေဖြစ်အောင် ပြန်ရိုက်ကြတဲ့ ထင်းရှူးသေတ္တာတွေက အခုခေတ်အထိ တွေ့နေရပါသေးတယ်။ အမေဟာ ခရီးသွားရင် ပစ္စည်းထည့်ဖို့ ထင်းရှူးသေတ္တာတွေကိုလည်း သိပ်ကြိုက်ပါတယ်။ ထင်းရှူးသေတ္တာ ကိုလည်း သံသေတ္တာလိုပဲ သဘော်ဆေးအကုန်သုတ်၊ အပေါ်က အဖေ့နာမည်ထိုးထားပြီး ဘေးတစ်ဘက် တစ်ချက်မှာ မလို့ရအောင် လက်ကိုင်ကွင်းလေး တွေလည်း တပ်ထားပါသေးတယ်။ ကျွန်တော်တို့ မိသားစု ဒီလိုပစ္စည်းတွေကို ဘယ်လိုသယ်လို့ ဘယ်လိုရထားပေါ် တင်ကြမလဲလို့ တွေးမိကြပါလိမ့်မယ်။ အမေနဲ့ အိမ်ဖော်ကောင်မလေးနှစ်ယောက်နဲ့ ကလေးငါးယောက် ဘယ်လိုလုပ်လို့ ဘယ်လိုသယ်ပြီး ထန်းခေါက်ဖာ၊ ထန်းခေါက်တောင်း၊ သံသေတ္တာ၊ ထင်းရှူးသေတ္တာတွေကို ရထားပေါ်တင်၊ ခရီးသွားကြမလဲလို့ တအံ့တသြ ဖြစ်နေပါလိမ့်မယ်။ မစိုးရိမ်ကြပါနဲ့၊ ကျန်တော်တို့ အညာပြန်မယ်ဆိုပြီး တိုက်ကြီးက ထွက်လာကတည်းက ရဲတပ်ကြပ်ကြီး တစ်ယောက်နဲ့ ရဲသားတစ်ယောက်ပါလာပြီး သူတို့တာဝန်က တိုက်ပိုင်ကတော် ဒေါ်ခင်ခင် ရထားပေါ် ပစ္စည်းတွေတင်၊ အားလုံး နေသားတကျဖြစ်ပြီးမှ ရထားပေါ်ကဆင်း၊ ဘာလိုသေးလဲ စောင့်ကြည့်ပြီး ရထားထွက်မှ ပြန်တာပါ။ ဒါကြောင့်အမေဟာ စိတ်တိုင်းကျ သယ်နိုင်သရွေ့ ပစ္စည်းတွေကို အညာပြန်ရထားကြီးပေါ်မှာ တင်ပြီး သယ်တော့ တာပါ။ အဲဒါ ရှေးခေတ်ကျွန်တော်ငယ်ငယ်တုန်းက စီးခဲ့တဲ့ရထားပါ။ ကျွန်တော် ဆရာဝန်ဖြစ်လာတော့ ရထားဟာ သုံးမျိုးလောက်ကွဲသွားပါတယ်။ လော်ကယ်ရထားဆိုတာက ခရီးတိုသွားတဲ့ ရထားတွေပါ။ ဥပမာ- ရန်ကုန်ကနေ ညောင်လေးပင်၊ သာစည်နဲ့ မန္တလေး၊ အဲလို ဒေသအတွင်းသွားတဲ့ ရထားတွေကို လိုကယ်ထရိန်း (local train) လို့ခေါ်တဲ့ အနီးအနားသွားတဲ့ရထားဆိုတဲ့ အင်္ဂလိပ်စာအသုံးအနှုန်းက မြန်မာမှုပြုလိုက်တော့ လော်ကယ်ရထားလို့ အခေါ်အဝေါ်ဖြစ်သွားတာပေါ့။ ဒီလိုလော်ကယ်ရထားမျိုးကတော့ လမ်းလျှောက်လို့ မရအောင်ကို ပစ္စည်းပေါင်းစုံတင်တာပါ။ ကျွန်တော်တွေ့ဘူးတာကို ပြောရမယ်ဆိုရင် ထင်းစည်းတွေ၊ ကြက်ခြင်းတွေ၊ ဂေါ်ဖီထုပ်ခြင်းကြီးတွေ၊ ကန်စွန်းရွက်စည်းတွေ၊ ပြောမယ်ဆို တွေ့ကရာမြင်ကရာ တင်ချင်ရာတင်တဲ့ ရထားပါ။ နောက်ရထားတစ်မျိုးဖြစ်တဲ့ စာပို့ရထားကြီးကတော့ ရန်ကန်မန္တလေးသွားတဲ့ ရထားကြီးပါ။ ဒါပေမယ့် စာပို့ဆိုတဲ့အတိုင်း နေရာတိုင်းကစာတွေ ပို့လို့ရအောင်မြို့တိုင်း ဘူတာတိုင်းမှာ ရပ်ပါတယ်။ ဒီစာပို့ ရထားကြီးဟာလည်း လူအပြည့် ပစည်းအပြည့်ပါ။ ရန်ကုန်၊ မန္တလေးရထားတွေထဲမှာ အမြန်ဆုံးရထားကတော့ ရွှေမန်းမေနဲ့ ဒဂုန်မေလို့ခေါ်တဲ့ အမြန (express) ရထားကြီးတွေပါ။ ဒီအမြန် ရန်ကုန် မန္တလေး စုန်ဆန်ရထားကြီးတွေကတော့ ဘူတာတိုင်းမှာ မရပ်ပါဘူး။ ရန်ကုန် မန္တလေး ခရီးစဉ်တလျှောက်လုံးမှာ ဘူတာသုံးလေးခုပဲရပ်ပြီး ရန်ကုန် မန္တလေးကို ၁၂နာရီနဲ့ အရောက် မောင်းပါတယ်။ အခုပြောခဲ့တဲ့ ရထားတွေဟာ ကျွန်တော် တက္ကသိုလ်ရောက်မှ တိုးတက်ပြီး ဖြစ်ပေါ်လာတဲ့

ရထားတွေပါ။ ဒါပေမယ့် ကျွန်တော် ကလေးဘဝက အမေနဲ့ အတူအညာပြန်တဲ့ ရထားစီးရတဲ့ ခေတ်တုန်းကတော့ ရန်ကုန် မန္တလေး စုန်ဆန်ရထား တစ်မျိုးပဲ ရှိပါတယ်။ ခေါင်းမဲ ရေနွေးငွေ့ ခေါင်းတွဲကြီး ဆွဲတဲ့ ရထားကြီးပါ။ ရန်ကုန် မန္တလေး နေ့ချင်းမပေါက်ပါဘူး။ ပျဉ်းမနားမှာ ညအိပ်ရတဲ့ စိတ်ဝင်စားစရာ ရထားကြီးပါ။ အဲတော့ ဒီရထားကြီးဟာ ပစ္စည်းတွေ လူတွေ အပြည့်နဲ့ တော်တော်ကို စည်စည်ကားကား လှုပ်လှုပ်ရှားရှားနဲ့ သွားလာနေတဲ့ တစ်ခုတည်းသော ရန်ကုန်၊ မန္တလေးရထားကြီးပါ။

<u>ရထားပေါ်က အလှူခံတွေ</u>

ကျွန်တော် ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ အသည်းရောဂါပညာသင် ဘဝနဲ့ တစ်နှစ်နေခဲ့ဘူးပါတယ်။ အဲဒီတုန်းက ပဲရစ်မှာ မက်ထရိုလို့ ခေါ်တဲ့ မြေအောက်ရထားကို စီးရတော့ ကျွန်တော်အငယ်က ရန်ကုန်မန္တလေး ရေနွေးငွေ့ခေါင်းမဲရထားကြီး စီးရတာကို သိပ်သတိရမိပါတယ်။ ဘာလို့လည်းဆိုတော့ ပဲရစ်က မက်ထရိုပေါ်မှာ အလှူခံတွေ သိပ်ပေါတာကို တွေ့ရလို့ပါ။ ပဲရစမက်ထရိုကိုစီးမယ်ဆိုရင် ဘူတာတစ်ခုရပ်လိုက်တိုင်း အလှူခံတစ်ဖွဲ့ တက်လာပါတယ်။ တချို့အဖွဲ့တွေက တစ်ယောက်က သီချင်းဆို၊ တစ်ယောက်က ဦးထုပ်လေး ပက်လက်လှန်ပြီး မက်ထရိုရထားတွဲပေါ်မှာ လိုက်အလှူခံတယ်။ နောက်တစ်ဖွဲ့ရောက်တော့ ရထားပေါ်က တိုင်လေးနှစ်တိုင်မှာ တန်းလေးတန်း လိုက်ကာလေးကာပြီး ရုပ်သေးရုပ်လေးတွေပြ၊ ကျန်တဲ့နှစ်ယောက်လောက်က တစ်တွဲလုံးလိုက်ပြီး ပိုက်ဆံအလှူခံ၊ အဲဒီအဖွဲ့ ဆင်းသွားပြီး ခဏနေတော့ ခြေထောက်ပတ်တီးတွေ စီးထားတဲ့ လူနာကြီး တစ်ယောက်ကို တွန်းလှည်းနဲ့ တင်တွန်းလာပြီး ရထားပေါ်တက်လာတယ်။ ကျန်တဲ့လူ တစ်ယောက်က ခရီးသည်တွေကို စာရွက်လေးတွေ လုက်ဝေပါတယ်။ စာရွက်လေးတွေထဲမှာ ဒီလူနာဟာ အခုမှ ဆေးရုံက ဆင်းလာတာပါ၊ သူ့မှာ ငွေရေးကြေးရေး အခက်အခဲရှိလို့ ကူညီနိုင်သလောက် ကူညီကြပါပေါ့။ ပြီးတော့မှ စာရွက်တွေပြန်သိမ်း၊ အလှူခံခွက်လေးကို တချောက်ချောက်နဲ့ အသံတွေမြည်အောင် လှုပ်ပြီး အလှူခံပါတော့တယ်။ လူတွေဟာ လူတွေပါပဲလား။ မြန်မာပြည်မှာဖြစ်ဖြစ်၊ ပြင်သစ်မှာဖြစ်ဖြစ် အလှူခံကြတာ တပုံစံတည်းပဲလို့ တွေးမိပါတယ်။ အဲဒီ အလှူခံလူနာ ဆင်းသွားတာနဲ့ နောက်ပုံစံတစ်မျိုးနဲ့ အလှူခံတွေတစ်ဖွဲ့ ရောက်လာပြန်ရော။ အဲလို တစ်ယောက်ဆင်းတစ်ယောက်တက် ရထားပေါ်က အလှူခံတွေ ပဲရစ်မှာတွေ့ရတော့ ကျွန်တော အငယ်က စီးခဲ့ရတဲ့ ရန်ကုန် မန္တလေး ရထားကြီးကို သတိရမိတာပေါ့။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့ရဲ့ အညာပြန်ရထားကြီးပေါ်မှာလည်း အလှူခံတွေက မျိုးစုံပဲလေ။ သီချင်းဆိုပြီး အလှူခံမယ်၊ အခက်အခဲပြဿနာတွေ ပြောပြီး ကြုက်သလောက် ပိုက်ဆံထည့်ပါပြောမယ်၊ နောက်ပြီးတော့ ဘုရားပွဲ တရားပွဲ ဘာသာရေးနဲ့ ပတ်သက်တဲ့ အလှူခံတွေကလည်း အများကြီး။ ဒီလောက်တောင် ကျပ်သပ်နေတဲ့ ရထားကြီးပေါ်မှာ ဖြစ်အောင်သွားလာပြီး အလှူခံကြတာပါ။ ကျွန်တော်တို့ အညာပြန်ရထားကြီးပေါ်မှာ အလှူခံတွေ ပေါတာက တကယ့်ကို ပဲရစ်မက်ထရိုနဲ့

တူတာပါ။ အမေကတော့ လာသမျှအလှူခံ ပိုက်ဆံငါးမူးစေ့ တစ်စေ့ ထည့်တော့တာပဲ။ ကျွန်တော်တို့က အမေ အလှူခံထည့်တာက နည်းလှချည်လားဆိုရင် "ဟဲ့ ငါက သူဌေးမဟုတ်ဘူးလေ၊ မင်းတို့ကိုလည်း ကျွေးရမွေးရသေးတယ်၊ လာသမျှ အလှူခံ ကျပ်တန်ထည့်ရရင် ငါ မွဲရချည်ရဲ့" လို့ ပြောပါတယ်။ ကလေးအတွေးနဲ့ အမေ့အတွေး ကွာကြတာကိုး။ အမေ့မှာတော့ သူ့ဘဝတစ်ခုလုံးဟာ ဒီသားသမီးတွေအတွက်ပဲဆိုပြီး လူပ်ရှားရှုန်းကန်နေတာ သူ့အတွက်သူတောင် ဘာမှစဉ်းစားတာ မဟုတ်ဘူး။ အဲတော့ အလှူခံတွေကိုလည်း တတ်နိုင်သလောက်ပဲ အမေက ထည့်တာပေါ့လေ။

<u>ကြော်ငြာစွေးသည်တွေ</u>

ငယ်ငယ်လေးကတည်းကနေ ရထားပေါ်မှာ တွေ့ခဲ့ရပြီး မျက်စေ့ထဲမှာ ဖျောက်မရသေးတဲ့ ရထားပေါ်က နောကမြင်ကွင်းတစ်ခုကတော့ ကြော်ငြာစွေးသည်တွေပါပဲ။ ရထားပေါ်မှာ ပစည်းမျိုးစုံရဲ့ ကောင်းကြောင်း အကုန်ပြောပြီး စွေးလိုက်ရောင်းတဲ့ စွေးသည်တွေကို ကျွန်တော်ကတော့ ကြော်ငြာစွေးသည်တွေလို့ပဲ ခေါ်လိုက်ချင်ပါတယ်။ သူတို့တတွေဟာ တကယ်ကို သူတို့ရောင်းမယ့် ပစည်းတွေကို ကြေငြာပြီးတော့မှ ရောင်းတာပါ။ နည်းမျိုးစုံနဲ့ ကြော်ငြာတယ်၊ နည်းမျိုးစုံနဲ့ စွေးရောင်းကြပါတယ်။ အမေက ကျွန်တော်တို့ကို ထမင်းကျွေးပြီးတော့ "ခလေးတွေ ငြိမ်ငြိမ်သက်သက် နေကြနော်၊ အိပ်ရင်လည်းအိပ်ကြ၊ ရထားပြတင်းပေါက်အပြင်ဘက် ခေါင်းမထုတ်ကြနဲ့၊ ရေတွေ ပြတင်းပေါက်ကနေ အရမ်းသွန်မချနဲ့၊ နောက်ကလူတွေ ရေစိုကုန်မယ်၊ အိမ်သာသွားချင်ရင် ပြော၊ အောင့်မထားကြနဲ့၊ စွေးသည်တွေ ဘာလာရောင်းရောင်း မဝယ်ရဘူးနော်" စတဲ့ ရထားစီး ကလေးသူငယ်များ လိုက်နာရန် ညွှန်ကြားချက်အရှည်ကြီးကို ပြောပါတယ်။ အဲလို အမေ ပြောပေမယ့်လည်း ကျွန်တော်တို့က အငြိမ်ကိုမနေနိုင်ပါဘူး။ ဟိုလှုပ်ဒီလှုပ်နဲ့၊ ဟိုဘက်ကူး ဒီဘက်ကူး ဖြစ်နေကြတာ ဘာလို့တုန်းဆိုတော့ စွေးသည်တွေကလာလိုက်၊ အလှူခံတွေက လာလိုက်၊ ပြီးတော့ ကြော်ငြာစွေးသည်တွေကလည်း အများကြီးဖြစ်နေတော့ ကျွန်တော်တို့ စိတ်ဝင်စားစရာတွေ ဖြစ်တာကိုး။ ကျွန်တော်တို့က စွေးသည်တွေလာရင် လာသမျှကို ဝယ်စားချင်တယ်၊ အလှူခတွေရောက်တော့ သိပ်စိတ်မဝင်စားဘူး။ ဒါပေမယ့် သီချင်းဆိုပြီး အလှူခံရင်တော့ သီချင်းနားထောင်ရတာ ကြိုက်တယ်။ ကြော်ငြာစွေးသည်တွေရောက်တော့ ကျွန်တောတို့ကလေးတစ်သိုက် ဘယ်လိုကြိုက်ကြမှန်း မသိဘူး၊ သူတို့ပြောကြဆိုကြတာတွေကို တသက်လုံးမမေ့နိုင်အောင်ကို မှတ်မိနေပါတယ်။ တွေ့ကြုံခဲ့ရဘူးတဲ့ ကြော်ငြာစွေးသည်လေးတွေကို နမူနာပြောပြပါမယ်။ လူငယ်နှစ်ယောက် ခုံလေးတစ်ခုဆွဲလာပြီး တစ်ယောက်က ခုံလေးတစ်ခုပေါ် တက်ရပ်လိုက်ပါတယ်။ ပြီးတော့ မရပ်မနား ကြော်ငြာစကားတွေ ပြောတော့တာပါပဲ။ "ကျွန်တော်တို့ မြန်မာလူငယ်တစ်စု သက်စွန့်ဆံဖျား၊ မြစ်ကြီးနား၊ ပူတာအိုအထက်၊

ဆီးနှင်းတွေခဲနေတဲ့ ရေခဲတောင် ကြီးတွေကြားထဲမှာ "အဲဒီမှာတင် ကျွန်တော်တို့က တော်တော်လေး စိတ်ဝင်စားနေပြီ။ ရေခဲတောင်ကြီး တွေမှာ ဘာဖြစ်မှာလဲပေါ့၊ မြစ်ကြီးနား၊ ပတာအိုဆိုတာကြားတော့ ကြားဘူးတယ်၊ ဘယ်လိုနေလို့ ဘယ်လိုဒေသမှန်း မသိ၊ အဲဒါကြောင့် ကျွန်တော်တို့တတွေ ပါးစပ်အဟောင်းသားနဲ့ အဲဒီလူပြောတဲ့ ရေခဲတောင်တွေ၊ ကချင်ပြည်နယ်က မြင်ကွင်းတွေကို မှန်းဆပြီး မြင်နေကြပါတယ်။ အဲဒီအချိန်မှာ သူက ဆက်ပြော ပါတော့တယ်။ "အဲဒီလို ကချင်ပြည်နယ်အဆုံး၊ တဘက်နယ်အစ ဆီးနှင်းရေခဲတွေကြားမှာ ကျောက်ခက်ကျောက်မွှာတွေ ကြားကနေ တစ်စက်တစ်စက် ကျနေတဲ့ ကျောက်သွေးဆိုတာကို ကျွနတော်တို့တတွေ သက်စွန့်ဆဲဖျား ပုလင်းလေးနဲ့ တစ်စက်ချင်း ခံလာပြီး ဒီနေ့ပြည်သူလူထု မိဘတွေဆီကို အရောက်ပို့ လာရောက်ရောင်းချခြင်းဖြစ်ပါတယ်။ ကျောက်သွေးရဲ့အာနိသင်ကို ပြောရမယ်ဆိုရင်တော့ ဓဖပါးတွင် မကပါဘူး၊ ဓဂပါးရောဂါလောက်တောင် ပျောက်နိုင်ပါတယ်။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါလောက်ကတော့ အပျော့ပေါ့။ ကျောက်သွေးဟာ ကင်ဆာရောဂါကိုတောင် အမြစ်ဖြတ်နိုင်ပါတယ်။ ကျောက်သွေးရဲ့အစွမ်းကို ကျွန်တော် လက်တွေ့ ပြပါမယ်။ ငါ့ညီ ညစ်ညမ်းနေတဲ့ ရေခွက်ပေးစမ်းဆိုပြီး သူ့လက်ထောက်ကို လှမ်းပြောလိုက်ပါတယ်။ အဲတော့ သူ့လက်ထောက်က အပြာရောင်ရေတွေပါတဲ့ ရေတစ်ခွက်ပေးပါတယ်။ အဲတော့ သူက "အခုကြည့်ကြပါ၊ ဒီရေဟာ ပြာနှမ်းညစ်ပတ်နေပြီး မသောက်သင့်ပါဘူး။ ကျွန်တော် ကျောက်သွေး ထည့်လိုက်ပါမယ်၊ ကြည့်ကြပါခင်ဗျား" ဆိုပြီး အဲဒီ ရေအပြာခွက်ထဲကို ကျောက်သွေးတစ်စက် ထည့်လိုက်တော့ ရေတွေဟာ ချက်ချင်းကြည်သွားပါတယ်။ "ဒီလ ညစ်ပတ်နေတဲ့ရေကိုတောင် ချက်ချင်းသန့်စင်အောင် လုပ်ပေးနိုင်တဲ့ ကျောက်သွေးပါ။ အခု ဒီရေဟာ ကျောက်သွေးတန်ခိုးကြောင့် စကန့်ပိုင်းအတွင်းမှာ ကြည်လင်သန့်ရှင်း သွားပါပြီ။ စိတ်ချစွာ သောက်သုံးလို့ ရပါပြီ၊ ကျွန်တော် အခုသောက်ပြပါမယ်" ဆိုပြီး ဂလွတ်ဆို တစ်ခါတည်း သောက်ချလိုက်ပါတယ်။ ပြီးတော့ ဆက်ပြောတော့ တာပါပဲ။ "ဒီလောက်စွမ်းတဲ့ ကျောက်သွေးကို ခက်ခက်ခဲခဲ အန္တရာယ်တွေကြားကနေ ရှာဖွေယူဆောင်လာပြီး ယနေ့ ကျွန်တော်တို့ မြနမာလူငယ်တစ်စု အမြတ်အစွန်းလုံးဝမယူဘဲ ကျောက်သွေးပုလင်းလေးတွေကို မိဘပြည်သူတွေကို တစ်ပုလင်းသုံးကျပ်နဲ့ ရောင်းပါတယ်။ ကျွန်တော်တို့ရဲ့စေတနာကို တန်ဘိုးထားရင် ဝယ်ယူအားပေးကြပါ။ တစ်နေ့တစ်ခါ ရေတစ်ခွက်ထဲကို ကျောက်သွေးတစ်စက် ထည့်သောက်ရင် ရောဂါဘယကင်းစင် သက်ရှည်ကျန်းမာနုပျိုလန်းဆန်းမှာပါ" ဆိုပြီး ကြော်ငြာအရှည်ကြီး ပြောပြီးတဲ့နောက် သူ့တပည့်က ကျောက်သွေးပုလင်းလေးတွေ လိုက်ရောင်းပါတယ။ တစ်ကျပ်ဖိုး ဘူးသီးကြော် အခုနှစ်ဆယ်ရတဲ့ခေတ်မှာ သုံးကျပ်ဆိုတာ နည်းတဲ့ပိုက်ဆံမဟုတ်ပါဘူး။ ဒါပေမယ့် ကြော်ငြာစျေးသည် အပြောကောင်းတာနဲ့ ကျောက်သွေးပုလင်းလေးတွေကို တစ်ပုလင်းသုံးကျပ်ပေးပြီး

ခရီးသည်တွေ အလုအယက် ဝယ်ကြပါ လေရော။ ဒီလောက် ကျပ်သိပ်နေတဲ့ရထားကြီးပေါ်မှာကို ကျော်ခွပြီး အော်ဟစ်ကြော်ငြာ စျေးရောင်းကြ တာပါ။ နောက်ထပ် ကျွန်တော်မှတ်မိနေသေးတဲ့ ရထားကြော်ငြာစျေးရောင်းတာတစ်ခုကို ဆက်ပြောချင် ပါသေးတယ်။ အဲဒီလူကတော့ "ယနေ့ ကျွန်တော် ပထမဆုံးပြောချင်တာက မီးရထားနဲ့ ခရီးသွားတဲ့ လူတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကျွန်တော် စီးပွားရေးသမား မဟုတပါဘူး၊ စျေးရောင်းဖို့လာတာလည်း မဟုတ်ပါဘူး၊ မိဘပြည်သူတွေကို ကုသိုလ်ပြုဖို့ လာတာပါ။ ကျွန်တော်တို့ မြန်မာလူငယ်တစ်စုဟာ (ကျွန်တော်မှတ်မိသလောက် ပြောရမယ်ဆိုရင် ကြော်ငြာ စျေးရောင်းတွေဟာ မြန်မာလူငယ်တစ်စုဆိုတာကို လက်ကိုင်ထားပြီး သုံးလေ့ရှိပါတယ) ချင်းပြည်နယ်က မြင့်မားတဲ့ တောင်တန်းတွေစီကို သက်စွန့်ဆဲဖျားသွားပြီး သရက္ခန်ဆိုတဲ့ အထူးမြင့်မြတ်တန်ခိုးကြီးလှတဲ့ သစ်သားထူးသစ်သားမြတ်ကို ရအောင် သွားရောက်ရှာဖွေလာခဲ့ပါတယ်။ ပြီးတော့မှ သရက္ခန်သားနဲ့ အထူးကို ကြည်ညိုဖွယ်ကောင်းတဲ့ ရှင်သီဝလိရူပ်တုလေးတွေကို အလွယ်တကူ ဆောင်ထားနိုင်တဲ့ တစ်လက်မအရွယ်လေးတွေ ထုခဲ့ပါတယ်။ ရှင်သီဝလိရူပ်ထုလေးတွေရဲ့ အကျိုးကျေးဇူး ကတော့ သိန်းဆုပေါက်မယ်၊ ချမ်းသာမယ်၊ စီးပွားတက်မယ်၊ အသက်ရှည်မယ်၊ နေရင်းထိုင်ရင်း ရာထူးဂုဏ်ထူး တိုးတက်အောင်မြင် ကြီးပွားစေနိုင်ပါတယ်။ ကျွန်တော်တို့ သာသနာပြုဖို့ဆိုတဲ့ ရည်ရယ်ချက်နဲ့ ဒီရှင်သီဝလိရူပ်ထုလေးတွေကို မိဘပြည်သူတွေကို အခမဲ့ဝေပါမယ်၊ ငါ့ညီရေ တစ်ယောက်ကို ရူပ်ထတစ်ခုပဲပေးနော်" ဆိုပြီး သူ့လက်ထောက်ကို ပြောလိုက်တဲ့အခါမှာ ရထားပေါ်က ခရီးသည်ပရိသတ်ကြီးဟာ မျက်စေ့တွေ ပြူးပြဲလာပြီး "အခမဲ့ဝေတာ၊ သရက္ခန်သားဆိုတာကလည်း နာမည်ကြီး၊ ရှင်သီဝလိကလည်း စွမ်း" ဆိုတဲ့ အတွေးနဲ့ ရတုန်းယူထားဦးမှဆိုပြီး အလုအယက် "ကျွန်တော့်ကို ရူပ်ထုတစ်ခုပေးပါ၊ ကျွန်မလည်း တစ်ခုပေးပါ" အော်ဟစ်လို့ တစ်ယောက်တစ်ခု မရမနေ တောင်းကြပါလေရော။ အဲလိုနဲ့ ခဏနေတော့ ရူပ်တုလေးတွေဝေနေတဲ့လူငယ်က သူ့ဆရာကို "ရှင်သီဝလိရူပ်တုလေးတွေ ကုန်သွားပါပြီဆရာ" ဆိုပြီး လမ်းပြောပါတယ်။ အဲဒီမှာတင် ဆရာဖြစ်တဲ့သူက အသံခပ်ကျယ်ကျယ်နဲ့ ဆက်ပြောပါတယ်။ " ယခုလို တန်ဖိုးအလွန်ကြီးမားတဲ့ ရှင်သီဝလိရူပ်ထုလေးတွေကိုရ ထားတဲ့ ကံထူးရှင် ပုဂ္ဂိုလ်တွေကို ကျွန်တော် ဂုဏ်ပြုပါတယ်။ ကျွန်တော်တို့လူငယ်တစ်စုရဲ့ ရည်ရွယ်ချက်အောင်မြင်ပါပြီ၊ ဒါပေမယ့် တစ်ခု ကျွန်တော် သတိပေး ပြောကြားလိုပါတယ်။ ဒီရှင်သီဝလိ ရူပ်ထုတွေဟာ တန်ခိုးသိပ်ကြီးမားလွန်းတဲ့ အတွက် ဒီတိုင်းထားလို့ မရပါဘူး။ ကျွန်တော်တို့ ဂုဏ်တော်ကိုးပါး ရွတ်ဖတ်သရဇ္ဈယ်ထားတဲ့ ဒီရေမွှေးပုလင်းလေးတွေထဲမှာ စိမ်ထားရပါမယ်" ဆိုပြီး ရေမွှေးပုလင်း ငယ်လေးတစ်ခုကို ကိုင်ပြီး အများမြင်သာအောင် ပြပါတယ်။ "တစ်ပုလင်းမှ တစ်ကျပ်ပါ။ ရှင်သီဝလိရူပ်ထုရထားပြီးတာပဆိုပြီး အထူး

ဂုဏ်တော်ရေမွှေးနဲ့ စိမ်မထားပဲ ဂရုမစိုက်ပဲ ဒီတိုင်းထားမယ်ဆိုရင်တော့ ဒီရုပ်ထုကို ပိုင်ဆိုင်ထားတဲ့ သူဟာ ကားတိုက်၊ မြွေကိုက်၊ အိမ်မီးလောင် စီးပွားပျက်၊ ဘဝပျက်၊ အသက်သေတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သာသနာပြု အခမဲ့ ဝေထားတဲ့ ရှင်သီဝလိရုပ်ထုလေးတွေကို လေးစားကြည်ညို ပူဇော်ဂုဏ်ပြုစိမ်ထားဖို့ ဒီဂုဏ်တော် ရေမွှေး ပုလင်းလေးတွေကို ဝယ်ပြီးရုပ်ထုလေးတွေကို သေချာစိမ်ပြီးမှ ဆောင်ကြပါဆိုတာကို စေတနာအပြည့်နဲ့ သတိပေးလိုက်ပါရစေ။ ငါ့ညီရေ မင်းရေမွှေး ပုလင်းလေးတွေ လိုက်ရောင်းပေးလိုက်ပါကွာ" ဆိုတော့ စောစောက သရက္ခန်သားနဲ့ ထုထားတဲ့ ရှင်သီဝလိရုပ်ထုလေးတွေရ ထားလို့ ပျော်နေကြတဲ့ သူတွေဟာ ဒီရုပ်ထုလေးတွေကို ဂုဏ်တော်ရေမွှေးနဲ့ ပူဇော်မထားရင် ဖြစ်လာမယ့် ဆိုးဆိုးဝါးဝါး အကျိုးဆက်တွေကို တွေးမိစဉ်းစားမိလန့်ပြီးတော့ "ကျွန်တော်ကို ရေမွှေးတစ်ပုလင်း ပေးပါ" ဆိုပြီး အလုအယက် ရေမွှေးပုလင်းလေးတွေကို ဝယ်ကြရပြန်ပါရော။ ရထားပေါ်က ကြော်ငြာစျေးရောင်းသူ တွေရဲ့ ထူးခြားတဲ့ မားကက်တင်းပါ။ အမေကတော့ ဘာကြော်ငြာလာလာ ဘာမှကို စိတ်မဝင်စားဘူး။ ကျွန်တော်တို့ တတွေကိုလည်း "ကလေးတွေ ဘာမှ မဝယ်ရဘူးဆိုတာ အခုတည်းက ပြောထားမယ်နော်" ဆိုပြီး သတိပေးပါတယ်။ ကျွန်တော်တို့က အထွန့်တက်ပြီး "ကျွန်တော့်မှာ မုန့်ဖိုးစုထားတဲ့ ငါးကျပ်ရှိတယ်" လို့ ပြောရင် "မင်းတို့မှာ ဘာပိုက်ဆံပဲ ရှိရှိ ကြော်ငြာစျေးသည်တွေဆီက ဘာမှ မဝယ်ရပါဘူး" ဆိုပြီး လုံးဝကို ပိတ်ပင်ပါတယ။ အမေ့ရဲ့ ရထားစီးရတဲ့ဘဝ၊ အမေ့ရဲ့ ကလေးတစ်သိုက်နဲ့ ပစည်းတွေကို ဘေးမသီရန်မခ အညာပြန်ရောက်အောင် အုပ်ချုပ်စီမံရတာကို အခုပြန်တွေးကြည့်တော့ တော်တော်ကို မလွယ်ပါလားလို့ သဘောပေါက် နားလည်လာပါတယ်။ အမေ့ရဲ့ ကလေးတွေအပေါ် စိုးရိမ်စိတ်၊ ပစ္စည်းတွေအပေါ် ကြောင့်ကြစိတ်တွေကြောင့် အမေဟာ ရထားခရီးစဉ်တစ်လျှောက်လုံးမှာ အစစအရာရာကို သိပ်ဂရုစိုက်ပါတယ်။ ကလေးတွေ ဆော့ရင်၊ ပြုရင် မထိခိုက်မိဖို့၊ ရထား ပြတင်းပေါက်အပြင်ကို ခေါင်းထုတ်ဖို့ဝေးသား၊ လက်ထုတ်ရင်ကို အော်ပြီ၊ စျေးသည်တွေ လာရောင်းရင် မဝယ်ရဘူး၊ မစားရဘူး၊ ခရီးသွားရင်း ဝမ်းပျက်ဝမ်းလျှောဖြစ်မယ်ဆိုပြီး တဟဲ့ဟဲ့တား၊ ဘူတာမှာ ရထားရပ်တိုင်းကိုယ်ပစ္စည်းတွေ သူများဆွဲသွားမလား ဆိုတာ ကြည့်ရ၊ ဘေးခုံ၊ နောက်ခုံ၊ ရှေ့ခုံနားမှာ လူလိမ်၊ လူရွှပ်တွေ ပါလာမှာလားဆိုတာကိုလည်း ဘေးဘယ်ညာလေ့လာတယ်။ အမေ့ပစ္စည်းတွေ ခပ်များများကို နေရာတကာ ထိုးထားတာဆိုတော့ မသိမသာ ဘေးနားကဆွဲသွားမာလားဆိုတဲ့ အတွေးနဲ့ ဝါရင့် ရထားစီး ဗက်ထရင် (Veteran) အမေဟာ ကျွန်တော်တို့တတွေရဲ့ လုံခြုံစီမံရေးကို သတိဝီရိယ အပြည့်နဲ့ ထိန်းသိမ်း စောင့်ရှောက် ကွပ်ကဲပြီး အညာပြန်ရထားကြီးစီးသွားရတာကို တွေးမိတော့ အမေ့ကို အထူးပဲ သတိရမိ ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

၃၁-၁၂-၂၀၀၇

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၄)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်းရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တစ်သိုက် အမေနဲ့ အညာပြန်ရတာ အမှေကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာရပ်မရပဲ ဆက်ရေးမိနေပါတယ်။

ရထားကြီးညအိပ်ချိန်

အမေနဲ့ကျွန်တော်တို့တတွေ အညာကိုပြန်တဲ့ခေတ် ၁၉၅၆ခုနှစ် ပတ်ဝန်းကျင်လောက်က ကျောက်မီးသွေးခေါင်းမည်းကြီးတွေ ဆွဲတဲ့အညာပြန်စာပို့ရထားကြီးဟာ ရန်ကုန် မနလေးကို နေ့ချင်း မပေါက်ပါဘူး။ ရန်ကုန်က မနက်အစောထွက် တစ်ဘူတာဝင် တစ်ဘူတာရပ်နဲ့ ညနေစောင်း ငါးနာရီ လောက်မှာ ပျဉ်းမနားကို ရောက်သွားပါတယ်။ ရေနွေးငွေ့နဲ့မောင်းတဲ့ ရထားကြီးတွေဆိုတော့ သတ်မှတ်ထားတဲ့ဘူတာတွေမှာ ခေါင်းတွဲကြီးထဲက ဘွိုင်လာထဲကို ရေဖြည့်ရပါတယ်။ ရေဖြည့်တဲ့တိုင်ကြီး တွေမှာ ရေပိုက်ခေါင်းကြီးတွေဟာ အရင်းတုတ်အဖျားချူးပြီး ဆင်နာမောင်းလို မည်းမည်းကြီးတွေ တွဲလောင်းကျ နေပါတယ်။ ဘူတာမှာ ရထားကြီးရပ်ပြီးရင် ရထားခေါင်းမည်းကြီးဟာ ရထားတွဲကြီးကို ဖြုတ်ထားခဲ့ပြီး အဲဒီရေတိုင်ကြီးဆီကို မောင်းသွားရပါတယ်။ ခေါင်းတွဲမောင်းအကူ မီးထိုးသမားက ခေါင်းတွဲကြီးဘေးကနေ ခေါင်းတွဲကြီးပေါ် တက်သွားပြီး ရေဖြည့်တဲ့ ဆင်နှာမောင်းကြီးကို မပြီး ခေါင်းတွဲကြီးအပေါ်က ရေထည့်တဲ့အပေါက်ထဲကို ရေတွေဘွိုင်လာအပြည့် ထည့်ပါတော့တယ်။ ပြီးတော့မှ ကျောက်မီးသွေး ထည့်တဲ့နေရာကို ခေါင်းတွဲကြီးက မောင်းသွားပါတယ်။ ကျောက်မီးသွေးတွေကို ဂေါ်ပြားကြီးနဲ့ ကော်ကော်ပြီး ခေါင်းမည်းကြီးပေါ်က စက်ဗလ်ခန်းရဲ့ နောက်မှာရှိတဲ့ ကျောက်မီးသွေး ထားတဲ့ အကန့်ထဲကို ကျောက်မီးသွေးခဲ မည်းမည်းကြီးတွေကို အပြည့်ထည့်ရပါတယ်။ ကျွန်တော် မှတ်မိသလောက် ပြောရရင် ညောင်လေးပင်နဲ့ တောင်ငူမှာ ရေနွေးငွေ့မောင်း ခေါင်းမည်းကြီးတွေ ရေဖြည့်၊ ကျောက်မီးသွေးဖြည့် လုပ်ရပါတယ်။ ခေါင်းမည်းတွဲရထားကြီးဟာ ဘာကြောင့် ရန်ကုန် မန္တလေးကို နေ့ချင်းပေါက်မမောင်းဘဲ ပျဉ်းမနားမှာ ညအိပ်ရသလဲဆိုတာတော့ ကျွန်တော် သေချာမသိပါဘူး။ ခေါင်းတွဲကြီးရဲ့ ရိက္ခာတွေဖြည့်ရလို့ ကြာတာရှိသလို ရထားရှားပါးတဲ့ခေတ်မို့လို့ ဘူတာတိုင်းနီးပါး ရပ်ရတာကြောင့်လည်း ခရီးမတွင်တာလည်း ပါမှာပါ။ ပြီးတော့ အဲဒီခေတ် ကာလက ပြည်တွင်းသူပုန်တွေ ထကြွသောင်းကျန်းနေတဲ့ ခေတ်ဆိုတော့ ကွန်မြူနစ်သောင်းကျန်းသူတွေဟာ

ရထားလမ်းတွေကို အကြိမ်ကြိမ် မိုင်းခွဲပြီး အပြစ်မဲ့တဲ့ ခရီးသည် အမြောက်အများ အသက်ဆုံးရှုံး နေရတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရန်ကုန်၊ မန္တလေး ရထားကြီးဟာ ခရီးသည်တွေ အန္တရာယ် ကင်းအောင် ညမှာ မမောင်းတာလည်း ဖြစ်နိုင်ပါတယ်။ အဖေက အဲဒီ တုန်းက တိုက်ကြီးဂါတ်တဲမှာ တိုက်ပိုင်ပါ။ ကျွန်တော်တို့နေရတဲ့ အဖေ့ရဲ့ တိုက်ပိုင်အိမ်က ဂါတ်တဲနဲ့ ကပ်လျက် အနီးဆုံးအိမ်ဆိုတော့ ရဲစခန်းထဲမှာ ဖြစ်သမျှအကုန် မြင်ရပါတယ်။ ရထားမိုင်းခွဲတာနဲ့ ပတ်သက်လို့ ကျွန်တော် မှတ်မိ နေသေးတာ ရှိပါသေးတယ်။ ရန်ကန်ပြည်ရထား ဝါးနက်ချောင်းနားမှာ မိုင်းထိလို့ဆိုပြီး အလောင်းတွေ အများကြီး ကုန်ကားကြီးနဲ့ တိုက်လာပြီး တိုက်ကြီးရဲစခန်းကို လာပို့တာ မျက်စိထဲမှာ မြင်ယောင်နေ ပါသေးတယ်။ ခရီးသည် အလောင်းတွေဟာ ပိုးလိုးပက်လက် ကားကြီးပေါ်မှာ အတုံးအရုံးပါပဲ။ ရဲစခန်းမှာ အဲဒီအလောင်းတွေကို စစ်ဆေးပြီးမှ ဆေးရုံကို ပို့ရတာပါ။ အဖေတိုက်ကြီးဂါတ်တဲမှာ တိုက်ပိုင်လုပ်တဲ့ (၃)နှစ်အတွင်းမှာ ရထားမိုင်းခွဲတာ နှစ်ကြိမ်လောက်ကျွန်တော်တွေ့ရခဲ့ဘးပါတယ်။ အဖေတို့ တိုက်ကြီး ရဲစခန်းက ရဲတွေဟာ ရဲလုပ်ငန်းအပြင် ရန်ကုန်ပြည် ရထားလမ်းနဲ့ ဂျိုးဖြူပိုက်လိုင်း လုံခြုံရေးကိပါ တာဝန်ယူရပါတယ်။ သောင်းကျန်းသူတွေဟာ ဂျိုးဖြူပိုက်လိုင်းကိုလည်း မိုင်းခွဲတတ်ကြ ပါသေးတယ်။ အခုခေတ်မှာ တိုင်းပြည်အေးချမ်းသာယာနေလို့ ဓါးပြ တိုက်တယ်၊ သူပုန်တိုက်တယ် ဆိုတာကို မသိကြတဲ့ လူငယ်တွေကို ကျွန်တော်တို့ နေခဲ့ရတဲ့ခေတ်အကြောင်း သိကြရဖို့ ပြန်ပြောပြ နေတာပါ။ အဲဒီတုန်းက ဘယ်လောကဆိုးသလဲဆိုရင် တိုက်ကြီးကနေ ရန်ကုန်လောက်သွားတာကိုလမ်းမှာ စိတ်မချရပါဘူး။ မှော်ဘီစိုက်ပျိုးရေးကျောင်းနားမှာ ဓါးပြတိုက်တတ်တယ်။ မြောင်းတကာတံတားနားမှာ သူပုန်ဝင် တတ်တယ်။ အဖေ တိုက်ကြီးကနေ ရန်ကုန်ကိုသွားရင် လက်နက်ကိုင်အစောင့်အရှောက် ရဲအက်စကော့နဲ့ သွားရတာပါ။ အဲလို တိုင်းပြည်မအေးချမ်းတဲ့ ကာလမို့လို့ ရန်ကုန်မန္တလေးရထားကြီးကို နေ့ခင်း မြင်မြင် ထင်ထင်မှာပဲ မောင်းပြီး ညနေစောင်းတာနဲ့ ရပ်ပစ်လိုက်တယ်ထင်ပါတယ်။ သူပုန်တွေ ရထားမိုင်းခွဲ ရထားကို ဝင်စးတတ်တာ နာမည်ကြီးတဲ့ နေရာတွေက ကညွတ်ကွင်း၊ တောကျွဲအင်းလို ဖြူးနဲ့တောင်ငူတဝိုက်ပါ။ အဲလိုမြို့တွေကို နေ့လည်ခင်းအချိန်လောက်မှာ ရထားကြီးဖြတ်သွားအောင် အချိန်ကိုက်မောင်းထားတယ်လို့ ထင်ပါတယ်။ ပျဉ်းမနားတဝိုက်က သူပုန်တွေပေါတဲ့ ပဲခူးရိုးမနဲ့လည်း နီးတော့ ပျဉ်းမနားကို ညနေခင်း နေရောင်ရှိတုန်း ရောက်အောင်မောင်းပြီး ပျဉ်းမနားမှာ ရထားကြး ညအိပ် တာလားလို့လည်း တွေးမိပါတယ်။ ပျဉ်းမနားမှာ ရန်ကုန်ကလာတဲ့ရထားနဲ့ မန္တလေးကလာတဲ့ စာပို့ရထားကြီး နှစ်စင်းဆုံပြီး ညအိပ်ကြပါတယ်။ ရထားကြီးနှစ်စင်းလုံးဟာ ပျဉ်းမနားမှာ ညအိပ်တာ ဆိုတော့ ညနေပိုင်း ရထားကြီး နှစ်စင်းဆိုက်တဲ့အချိန်မှာ ပျဉ်းမနားဘူတာဟာ တော်တော်လေးကို စည်ကားတာပါ။ ဘုရားပွဲကြီးလား အောက်မေ့ရပါတယ်။ ရထားခေါင်းတွဲကြီးတွေဟာ ရထားတွဲကြီးတွေကို ဘူတာထဲမှာ ဖြုတ်ထားခဲ့ပြီး ခေါင်းမည်းကြီးတွေ အိပ်တဲ့နေရာကို သွားကြပါတော့တယ်။ အဲဒီတုန်းက သတိရတာ ပြောချင်ပါသေးတယ်။ ရထားခေါင်းတွဲကြီးတွေ ရန်ကုန်ဘက် မန္တလေးဘက် တောင်ဘက်

မြောက်ဘက လှည့်တဲ့ အဝိုင်းကြီးတွေရှိပါတယ်။ ဆိုကြပါစို့၊ ရန်ကုန်ကနေ မန္တလေးဘက်ကို ဦးတည်ပြီး မောင်းလာတဲ့ ရထားကြီးဟာ ရန်ကုန်ဘက်ကို ပြန်လှည့်ချင်တယ်ဆိုရင် အဲဒီအဝိုင်းကြီးပေါ်ကို ရထားခေါင်းတွဲကြီးက မောင်းတက်လိုက် ရပါတယ်။ အဲဒီ အဝိုင်းကြီးရဲ့အချင်းက ရထားခေါင်းတွဲနဲ့ ကွက်တဖြစ်အောင် ချိန်ကိုက်လုပ်ထားတာပါ။ ရထားခေါင်းတွဲကြီး အဲဒီအဝိုင်းပေါ်ကိုရောက်ပြီဆိုတာနဲ့ အဝိုင်းကြီးကို တစ်ပတ်အပြည့်လှည့်လိုက်ရင် ရထားကြီးဟာ ရန်ကုန်ဘက်ကို ခေါင်းလှည့်လျှက် ဖြစ်သွားပါရော။ စိတ်ဝင်စားဖို့ ကောင်းတဲ့ ခေါင်းတွဲလှည့် နည်းပါ။

ကျွန်တော်တို့ ပျဉ်းမနားဘူတာမှာ ညအိပ်ကြတဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့ ရထားတွဲကြီးဟာ ဘူတာနဲ့ကပ်လျက် ပလက်ဖောင်းနံပါတ် (၁)မှာ ရပ်ချင်ရပ်ရတယ်၊ ဒါမှမဟုတ် သံလမ်းဂုံးတံတားန ကျော်ပြီးထားတဲ့ လမ်းကျော်ပလက်ဖောင်း နံပါတ်(၂) လို နေရာမျိုးမှာ ရပ်ရပါတယ်။ ရထားကြီး ပျဉ်းမနားဘူတာကို ဝင်တဲ့အချိန်ဟာ ညနေ (၅း၀၀)နာရီလောက်ပါ။ နေရောင် လင်းထိန်နေပါသေးတယ်။ အဲလို အချိန်ရထားကြီး ဆိုက်ပြီးတော့ ရထားရော လူတွေပါ နားကြရပါတယ်။ ဘူတာပလက်ဖောင်းပေါ်မှာ လူတွေကပေါင်းစုံ စျေးသည်တွေကလည်း အမျိုးပေါင်းမရေမတွက်နိုင်အောင် များပါတယ်။ ထူးခြားတာလေးတွေ ပြောရမယ်ဆိုရင် ရေချိုးဖို့ လာအော်တာမျိုးပေါ့။ "ရေတစ်ခါ အဝချိုးရင် တစ်မတ်နော် တစ်မတ်" ဆို လိုက်ပြီး အော်နေ၊ ဆွယ်နေတဲ့လူတွေကို တွေ့ရပါလိမ့်မယ်။ ဘူတာ ခြံစည်းရိုးရဲ့ အပြင်ဘက် ခပ်လှမ်းလှမ်း ရထားန့ မြင်သာတဲ့နေရာမှာ ရေစည်ပိုင်းတွေ အစီအရီကို မြင်နိုင်ပါတယ်။ သံစည်ပိုင်းနားမှာ အုတ်ခဲလေးတွေ စီထားတဲ့ ရေချိုးစရာ၊ အဝတ်လျှော်စရာ နေရာလေးနဲ့ ပစ္စည်းတင်ဖို့ ခုံလေးတစ်ခုံချထားပါတယ်။ ကောင်မလေးတွေက ရေအိုးလေးတွေ ခေါင်းပေါ်မှာ ရွက်လာပြီး ရေစည်ထဲမှာ ရေလျှောတိုင်း ရေထပ်ဖြည့်ပါတယ်။ အဲတော့ ရထားတွဲ နားလာပြီး ရေချိုးဖို့ဆယ်တဲ့လူနဲ့ စျေးတည့်ပြီဆိုရင် ရေဝတ်ချိုးဖို့ လုံချည်ကို ဝတ်၊ ရေဝတ်လဲဖို့ လုံချည်နဲ့ မျက်နှာသုတ်ပုဝါ ဆပ်ပြာခဲတွေကို ယူသွားပြီး အဲဒီ လူနောက် လိုက်သွားပေါ့။ ပြီးတော့ သူပြတဲ့ သံစည်ပိုင်းနားမှာ မျက်နှာသုတ်ပုဝါတင်စရာ ခုံလေးပေါ်မှာ တင်ပြီး ရေဖလားနဲ့ သံစည်ပိုင်းထဲက ရေကို တဗွမ်းဗွမ်း ခပ်ချိုးပေတော့ပဲ။ ကျွန်တော်တို့ ကလေးတစ်သိုက် ရေချိုးဖို့အတွက် အမေက စျေးဆစ်ပါတယ်။ ကလေးတွေပဲ တစ်ယောက် တစ်မတ် လုပ်မနေပါနဲ့ သုံးယောက်ကို ငါးမူး (ပြားငါးဆယ်)ပဲ ထားလိုက်ပါပေါ့။ အဲလို အမေစျေးဆစ်လို့ စျေးတည့် သွားရင် ကျွန်တော်တို့နဲ့ပါလာတဲ့ အိမ်ဖော် အစမလေးကို ကျွန်တော်တို့နှ့ ထည့်လိုက်ပြီး ရေသွားချိုးခိုင်းပါတယ်။ ရထားတွဲပေါ်က မဆင်းခင်မှာ "ငါ တွဲပေါ်မှာ ပစည်းစောင့် နေခဲ့မယ်၊ မင်းတို့တတွေ ကောင်းကောင်းမွန်မွန်ချိုးကြနော်၊ သိပ်မဆောကြနဲ့ ချော်လဲမယ်၊ လူကွဲသွားဦးမယ်နော် ပြီးတော့ တွဲနံပါတ်ကိုလည်း မှတ်သွားဦး" စတဲ့ သတိပေးစကားတွေနဲ့ သားသမီးတွေအပေါ်မှာ စိုးရိမ်စိတ် သိပ်ကြးတဲ့ အမေဟာ တတွတ်တွတ် မှာစရာ

တွေကို မှာပြီး ကျွန်တော်တို့အတွက် မျက်နှာသုတ်ပုဝါနဲ့ ဆပ်ပြာခဲတွေ ထည့်ပေးပြီး ရေချိုးလတ်လိုက်ပါတယ်။ ကျွန်တော်တို့ကတော့ ပျော်တာပေါ့။ ရထားပေါ်မှာ ကျဉ်းကျဉ်းကြပ်ကြပ် တစ်နေကုန် စီးလာရတာကနေပြီး ပလက်ဖောင်းပေါ်ရောက်တာနဲ့ ပြေးလွှားနောက်ပြောင်ပြီး မျိုးစုံကို ဆော့ကြတော့တာပဲ။ ပြေးတန်းလိုက်တန်း၊ ဖိနပ်တွေကို ချွတ်ပြီး ဖိနပ်တစ်ခုနဲ့တစ်ခုထိအောင် ပစ်ပေါက်ကစား နည်း၊ စစ်တိုက်တမ်း၊ ခွေးရူးလိုက်တမ်း ကစားနည်းတွေက သိပ်များလွန်းတော့ အကုန်မမှတ်မိတော့ပါဘူး။ ရေချိုးရမယ့် သံစည်ပိုင်းနားလည်း ရောက်သွားရော ကျွန်တော် တို့က ကလေးတွေဆိုတော့ ရှက်ရမှန်းမသိ တုံးလုံးချွတ်ပြီး ရေချူးကြတော့တာပါပဲ။ ရေက သံစည်ပိုင်း အပြည့်ဆိုရင် ကိုယ့်ဖာသာ ဖလားကင်ပြီး အားရပါးရ ခပ်ချိုးပါတယ်။ ရေလျော့ပြီး အောက်နားကျသွားလို့ ကျွန်တော်တို့လက်နဲ့မမှီရင်တော့ အိမဖော်အစ်မလေးက ခပ်ချိုးပေးပါတယ်။ ရေတွေ အားရပါးရချိုးပြီးရင် ဆပ်ပြာတိုက်ပါတယ်။ ကလေးဘဝတုန်းက မျက်နှာကို ဆပ်ပြာတိုက်မှာ သိပ်ကြောက်တာပါ။ ခေါင်းလျှော်ရမှာလည်း ကြောက်တယ်။ ဆပ်ပြာရေတွေ မျက်စိထဲ ဝင်မှာကို ဘယ်လိုကြောက်မှန်း မသိပါဘူး။ အမေနဲ့ရေချိုးရင်လည်း ဆပ်ပြာနဲ့ ခေါင်းလျှော် မျက်နှာသစ်ရတာဟာ တကယ့်ပြဿနာပါ။ အမေကျွန်တော်တို့ ခေါင်းကို ဆပ်ပြာတိုက်လိုက်ရင် ပူးပူးဝါးဝါးအော်ကြတော့တာပဲ။ အခု သံစည်ပိုင်းနားမှာ အစ်မလေးက ဆပ်ပြာတိုက်ရင်း ကျွန်တော်တို့ ထွက်ပြေးကြတော့ "ဟဲ့ ကလေးတွေ သိပ်မကဲနဲ့လာကြစမ်း၊ လျှောက်ပြေးရင် ခြေထောက် ရှတွေပေကုန်မယ်နော်" လ. အစ်မလေးကလိုက်ခေါ်တော့မှ ပြန်လာကြပါတယ်။ အဲဒီတုန်းက ရေချိုးကြတယ်ဆိုရင် ကျွန်တော်တို့ တစ်သိုက်လုံး ဆပ်ပြာခဲတစ်ခုတည်းနဲ့ ခြေထောက်ကနေ ခေါင်းအထိ တိုက်တဲ့သဘောပါပဲ။ အခုခေတ်လို ရှန်ပူတွေ ဟယားကွန်ဒီရှင်နာတွေသုံးရတာမဟုတ်ပါဘူး။ ယူနီလီးဗား ကာဘော်လစ်ဆပ်ပြာအနီ ရောင်အခဲကြီးကို အမေက ခါးနဲ့ ထက်ဝက်စီပိုင်းပြီး တစ်ဝက်ကို ကျွန်တော်တို့ ရေချိုးဖို့ ပေးလိုက်တာပါ။ အဲဒီကာဘော်လစ် ဆပ်ပြာခဲထက်ခြမ်းနဲ့ ခေါင်းလျှော်၊ မျက်နှာတိုက်၊ ပေါင်ကြား ခြေထောက် ကြားတွေတိုက်၊ အဲဒီဆပ်ပြာတစ်ခဲတည်းနဲ့ပဲ တစ်ကိုယ်လုံးတိုက်ပြီး ရေချိုးရတာပါ။ ရေချိုးပြီးရင် မျင်နှာသုတ်ပုဝါအမွှေးပွကြီးတွေနဲ့ သုတ်ရမယ်လို့ မထင်လိုက်ပါနဲ့။ အညာဖျင်မျက်နှာသုတ်ပုဝါ အဖြူလေးတစ်ခုနဲ့ ကျွန်တော်တို့ ညီအစ်ကသုံးယောက်လုံးကို ပွတ်တော့တာပဲ။ မျက်နှာသုတ်ပုဝါနဲ့ တိုက်တယ်လို့ ခေါ်ရင်လည်း ရပါတယ်။ ချည်ကြမ်းလက်ယက် မျက်နှာသတပုဝါနဲ့ တစ်ကိုယ်လုံး နေရာအနှံ့မကျန်တိုက်ပေးပြီးတော့မှ အလာတုန်းက ဝတ်လာတဲ့ ရှုံကြိုးဘောင်းဘီအတိုလေးတွေကို ပြန်ဝတ်ရပါတယ်။ ရှေ့မှာတုန်းက ပြောခဲ့ဖူးသလိုပဲ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ အားလုံးဟာ အမေ ချုပ်ပေးတဲ့ အင်္ကျီဘောင်းဘီပဲ ဝတ်ရတာပါ။ စက်ဆိုင်မှာ အပတာ မဟုတ်ပါဘူး။ အမေ့ရဲ့ ဆင်းဂါး (Singer) တံဆိပ်ချုပ်စက်တစ်လုံးနဲ့ အမေကိုယ်တိုင် ချုပ်ပေးထားတဲ့ အင်္ကျီဘောင်းဘီတွေကို ဝတ်ရတာပါ။

ကျွန်တော်တို့ (၆)တန်းလောက်အထိ အမေ့ရဲ့ ယူနီဖေါင်းပုံစံ ချုပ်ထည်တွေပဲ ဝတ်ရပါတယ်။ ကျွန်တော်တို့တတွေ အဲဒီတုန်းက လုံချည်မဝတ်ရပါဘူး။ ကျွနတော်တို့ဝတ်ဖို့ ရှုံ့ကြိုးဘောင်းဘီ အတိုလေးတွေ အမေက ချုပ်ပေးပါတယ်။ အမေဟာ ကျွန်တော်တို့ တစ်နှစ်စာ ဝတ်ဖို့ကို နွေကျောင်းပိတ် အညာပြန် နှစ်လအတွင်းမှာ အပြီးချုပ်ပါတယ်။ ဝမ်းတွင်းတိုက်မှာ စက်ဖုံးနဲ့ အုပ်ထားခဲ့တဲ့ ဆင်းဂါးစက်နဲ့ တစ်နွေလုံး ကျွန်တော်တို့ အဝတ်အစားတွေက ချုပ်တော့တာပဲ။ အညာပြန်ဖို့ ရန်ကုန်မှာ စျေးဝယ်ရင်း သိမ်ကြီးစျေးကနေ မျှော့ကြိုးတွေကို ကိုက်နဲ့တိုင်းပြီး ဝယ်တာ မှတ်မိပါသေးတယ်။ အမေဟာ မျှော့ကြိုးအခွေလိုက်ကြီး ဝယ်လာပြီး ကျွန်တော်တို့ အားလုံးအတက် ရှုံ့ကြိုးဘောင်းဘီအတိုတွေ ချုပ်တာပါ။ အကျီကတော့ ဝမ်းတွင်းထွက် လံချည်စကို ချုပ်ရင် ချုပ်တယ်၊ ပွဲနေပွဲထိုင်သွားဖို့ဆိုပြီး တစခါတလေ ဘောဘီရှပ်စကင် ခပ်ပျော့ပျော့အစလေးတွေနဲ့ ချုပ်တယ်။ ပန်းပွင့်တွေနဲ့ လူရှပ်ပုံ ရောင်စုံ ပါတဲ့အစဆိုရင် အမေက ဟာဝေယံရှပ်ဆိုပြီး (Hawaiian shirt) ချုပ်ပေးပါတယ်။ တစ်နှစ်ကို ကျွန်တော်တို့အတွက် အဝတ်သံးစုံလောက် ချုပ်ပေးပါတယ်။ အကျီ ဘောင်းဘီချုပ်တာမှာ အမေဟာ လုံးဝကို စိတ်မှန်းလက်မှန်းနဲ့ချုပ်တာပါ။ ကျွန်တော်တို့ကို အကျီ၊ ဘောင်းဘီချုပ်ဖို့ ဘာမှ တိုင်းတွာနေတာ မရှိပါဘူး။ ပေကြိုးလည်း မရှိဘူး။ သူ့ဖာသာ "ဒါ မောင်တူးအတွက်" ဆိုပြီး ကပ်ကျေးနဲ့ အဝတ်စ တွေကို ကိုက်ချလိုက်ရင် ပြီးသွားတာပါပဲ။ ချုပ်လိုက်တော့ ကွက်တိ ဖြစ်သွားရော။ ဘောင်းဘီအတို အရှည်လည်း ဒီလိုပဲ။ စိတ်မှန်းနဲ့ချုပ်တာပါ။ တော်တော်ကို တတ်နိုင်တဲ့ စွမ်းတဲ့ အမေပါ။ ရေချိုးတဲ့ အကြောင်းဆက်ပြောရရင် ရေချိုးပြီး ဘောင်းဘီတိုလေးတွေနဲ့ အပေါ်က ကိုယ်တုံးလုံးနဲ့ ကျွန်တော်တို့ တတွေ ရထားတွဲပေါ် ပြန်ရောက်လာကြတအခါ အမေက လာကြ လာကြ သနပ်ခါးလိမ်း ရမယ် ဆိုပြီး ခေါ်တော့တာပဲ။ ကျွန်တော်တို့ ရေချိုးသွားနေတုန်း အမေက ကျောက်ပျဉ်ထုတ် သနပ်ခါးတွေ အားရပါးရ သွေးထားတာပါ။ အမေတို့ အညာမှာက သနပ်ခါးအခဲတို့ သနပ်ခါးဖူးနဲ့ ကြိုပြီးသွေးထားတာတို့ကို လုံးဝမကြိုက်ပါဘူး။ သနပ်ခါးဆိုတာ လတ်လတ်ဆတဆတ် အခုသွေး အခုလိမ်းမှ ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ယူဆကြပါတယ်။ ဒါကြောင့် ဘယ်ကိုသွားသွား ကိုယ့်ကျောက်ပျဉ်နဲ့ ကိုယ့်သနပ်ခါးတုံး ပါပါတယ်။ အိမ်မှာနေရင်တောင် သနပ်ခါးလိမ်းဖို့ ကြိုပြီး သွေးမထားပါဘူး။ အမေဟာ ရေချိုးပြီး အခန်းထဲရောက်မှ ထဘီရင်ရှားနဲ့ သနပ်ခါးကို ကိုယ်တိုင် တစ်ခါတည်းသွေး၊ တစ်ခါတည်း လမ်းတာပါ။ အညာရဲ့ အမေတို့ရဲ့ အယူအဆဟာ ဘယ်ဟာမဆို လတ်လတ်ဆတ်ဆတမှ ကြိုက်ပါတယ်။ ကြိုပြီး လုပ်ထားတာတို့ သံဖူးနဲ့ထည့်သွတ်ထားတာ တို့ဆိုတာတွေကို လုံးဝမကြိုက်ပါဘူး။ ကုန်ကုန်ပြောရရင် ရေခဲသေတ္တာထဲကဟာတွေ ဆိတာကိုတောင် ကြိုက်တာ မဟုတ်ပါဘူး။ အမေပြောလေ့ရှိတာကို ပြန်ပြောရမယ်ဆိုရင် "ဒို့ အညာက လူတွေက အောက်ပြည်ကလို ရေခဲရိုက်တွေ စားတာ မဟုတ်ဘူး" လို့ ဂုဏ်ယူပြီး ပြောလေ့ရှိပါတယ်။ အသား ငါး ရေခဲစိမ်ထားတာကို ရေခဲရိုက်တယ် ပြောတာကိုး။ ရေခဲရိုက်

ထားတယ်ဆိုတာ အဆင့်နိမ့်တဲ့သဘောလ့ အညာမှာ ယူဆကြတာ။ ဟင်းတောင် မနက်က ဟင်းကို ညနေပြန်စား လေ့ မရှိပါဘူး။ မနက် ည ဟင်းနှစ်ခါ ချက်စားတဲ့ အမေပါ။ စျေးကို နေ့တိုင်း လိုက်တယ်။ သဘာဝအစားအစာတွေ အသုံးအဆောင်တွေကိုပဲ ကြိုက်တယ်။ ရေခဲရိုက်တွေ၊ သံဗူးတွေ၊ ဆေးရည်စိမ်၊ ဓါတုဗေဒမွမ်းမံပစ္စည်းတွေကို မကြိုက်ဘူး။ ကျန်တော်တို့ (၈)တန်း (၉)တန်းရောက်တဲ့အထိ တစ်ပတ်တစ်ခါ အမေက ကင်ပွန်းရွက်နဲ့တရော်ကို အိမ်မှာတင် သူကိုယ်တိုင် ကျိုပြီး ကျွန်တော်တို့ကို ခေါင်းလျှော်ပေးတယ်။ စျေးထဲမှာ ရောင်းတဲ့ တရော် ခေါင်းလျှော်ရည်ကိုတောင် မဝယ်ဘူး၊ မသန့်မှာ စိုးလို့တဲ့။ တရောခေါက်ကို စျေးကဝယ်လာပြီး အိမ်မှာတင် ကင်ပွန်းရွက်နဲ့ ခေါင်းလျှော်ရည် သူ့ဘာသာသူ ကျိုတာပါ။ တွက်ကြည့်ရင် အနှစ် (၅၀)လောက်က ဖြစ်ရပ်တွေပါ။ အခုခေတ်မှာပြောတော့ ပုံပြင်လို ဖြစ်နေမလား မသိပါဘူး။ သဘာဝ နချရယ်လ် ဖြစ်ရပ်တွေကို အားပေးတဲ့၊ ဓါတုဗေဒ ပြုပြင်မွမ်းမံမှုတွေကို မကြိုက်တဲ့ အမေ့ရဲ့အယူအဆ အတွေးအခေါ်ဟာ အခုခေတ်နဲ့ သိပ်ကို ကိုက်ညီနေပါတယ်။ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က အမေရိကန်က ကျွန်တော့် ဧည့်သည်တွေလာလို့ ပုဂံ၊ညောင်ဦးလိုက်ပို့တော့ ရွှေစည်းခုံဘုရားပွဲနဲ့ ကြုံနေပါတယ်။ ဘုရားစျေးမှာ တရော် ခေါင်းလျှော်ရည်တွေ ရောင်းနေတာတွေ့တော့ ကျွန်တော့်မိတ်ဆွေရဲ့ဇနီး အမေရိကန်အမျိုးသမီးဟာ "ကောင်းလိုက်တာ သဘာဝခေါင်းလျှော်ရည်ပဲ၊ ငါစမ်းကြည့်ဦးမယ်" ဆိုပြီး ဝယ်ပါလေရော။ သူက ဘာဆက်ပြောလဲဆိုရင် "ငါဟာ တတ်နိုင်သရွေ့ အကုန် လတ်လတ်ဆတဆတ၊ ဓါတုဗေဒတေ၊ ယူဗီရောင်ခြည်တွေနဲ့ မပြုမပြင် လုပ်ထားတဲ့ အစားအစာတွေကို စားတယ်"တဲ့။ သံဗူးနဲ့လုပ်တဲ့ အစာတွေဆို မစားဘူးတဲ့။ ဘာလို့တုန်းဆိုတော့ သံဗူးတွေကို ပိုးသန့်စင်အောင် ယူဗီရောင်ခြည်အောက်မှာ ဖြတ်ထားလို့တဲ့။ သူတို့တတွေ ပြောတာဆိုတာတွေ ကြားရတော့ အမေ ကျွန်တော်တို့ ကလေးဘဝတုန်း တစ်လျှောက်လုံး ပြောလာခဲ့တဲ့ အမေ့ရဲ့ အညာဒေသအယူအဆတွေနဲ့ အခု ခေတ်ပေါ်သဘာဝနဲ့ အော်ဂဲနစ်၊ နဲချရယ်လ် အတွေးအခေါ်တွေဟာ တစ်ထပ်တည်းပါလားလို့ စဉ်းစားမိပါတယ်။ ဆက်ပြောရမယ်ဆိုရင် အမေဟာ ကျွန်တော်တို့ ရေချိုးပြီး ရထားပေါ်ရောက်တာနဲ့ ကျွန်တော်တို့ကို သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းပါတော့တယ်။ ခြေဆုံးခေါင်းဆုံးဆိုတာ တကယ့်ကို ခြေဖဝါးကနေ ခြေသလုံး၊ ပေါင်၊ လက်ဖျားကနေ လက်မောင်းအထိ၊ ပြီးတော့မှ မျက်နှာတစ်ခုလုံး နားရွက်တွေဖုံးတဲ့အထိ အားရပါးရ ထူထူပိန်းပိန်း လိမ်းပေးတာပါ။ သနပ်ခါးလိမ်းမှ အသားအရေချောမွေ့ပြီး ကျန်းမာရေးနဲ့ ညီညွတ်မှာတဲ့။ "မင်းတို့အညာ ရိုးရာသနပ်ခါးကို ဘယ်တော့မှ မမေ့ရဘူး၊ မပစ်ပယ်ရဘူး " ဆိုပြီး အမြဲဆုံးမပြောလေ့ရပါတယ်။ အဲလိ အမေ သနပ်ခါးလိမ်းပေးရင် ကျွန်တော်တို့မျက်နှာလေးတွေမော့ပြီး မျက်လုံးလေးတွေ မှိတ်ထားပေးတုန်း အမေ့လက်ဖဝါး လက်ချောင်းနုနုလေးတွေနဲ့ ကျွန်တော်တ့ မျက်နှာပေါ်ကို သနပ်ခါးစိုစို အေးအေးလေး တွေ ပွတ်လိမ်းပေးနေတာကို အခုထက်တိုင် မေ့မရဘဲ အမေ့ကို အထူးသတရ လွမ်းမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

အမေနဲ့ကျွန်တော် (အပိုင်း ၂၅)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်းရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တစ်သိုက် အမေနဲ့ အညာပြန်ရတာ အမေ့ကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာရပ်မရပဲ ဆက်ရေးမိနေပါတယ်။

ပျဉ်းမနားဘူတာ

ပျဉ်းမနားဘူတာဟာ ရန်ကုန်မြို့နဲ့မန္တလေးရထားလမ်းမှာ အစည်ကားဆုံးရထားဘူတာလို့ ကျွန်တော် ထင်မိပါတယ်။ တောင်တွင်းကြီးသွားတဲ့ ရထားလမ်းဆုံလည်းဖြစ်၊ မြန်မာပြည်အလယ်ပိုင်းရဲ့ စီးပွားရေး အချက်အချာကျတဲ့ မြို့ကြီးလည်းဖြစ်တော့ တော်တော်ကြီးကိုကြီးတဲ့ ရထားဘူတာကြီးပါ။ ရန်ကုန်ကလာတဲ့ ရထားကလည်း ပျဉ်းမနားမှာ အိပ်၊ မန္တလေးကလာတဲ့ ရထားကလည်း အဲဒီမှာပဲ အိပ်ဆိုတော့ ပျဉ်းမနားဘူတာဟာ ညအိပ်စာပို့ရထားကြီး နှစ်စင်းရဲ့ ခရီးသည်တွေနဲ့ တကယ့်ကို ရှုပ်ထွေးပြီး တစ်ညလုံး ငြိမ်သက် အိပ်စက်ရပ်နား မသွားဘဲ လှုပ်ရှားမှုတွေအပြည့်ရှိနေတဲ့ စိတ်ဝင်စားစရာ ဘတာပလက်ဖောင်းကို တွေ့ရမှာပါ။ ကျွန်တော် ကလေးဘဝ သုံးတန်းလောက်က မြင်ခဲ့တွေ့ခဲ့ရတာတွေ တတ်နိုင်သလောက်ပြန်စဉ်းစားပြီး မှတ်မိတာတွေ ပြန်ရေးနေရင်း အခုထက်ထိ မျက်စိထဲမှာ ပျဉ်းမနားဘူတာ ပလက်ဖောင်းမြင်ကွင်းကို သတိရနေ ပါသေးတယ်။ စာရေးဆရာကြီး ရန်ကုန်ဘဆွေရဲ့ 'ရေသည်' ဆိုတဲ့ ဝတ္ထုတိုလေးကတော့ ပျဉ်းမနားဘူတာရဲ့ မြင်ကွင်းကို တကယ်သရုပ်ပေါ်စေပါတယ်။ အဲလို ပျဉ်းမနားဘူတာရဲ့ စည်ကားလှတဲ့ ညပလက်ဖောင်းပေါ်မှာ ပြေးလွှားဆော့ကစား ချင်ပေမယ့ အမေရဲ့ အထိန်းအကွပ်၊ အစီအမံအောက်မှာ နေပြီး အညာပြန်ခရီးကိုသွားရတာဆိုတော့ ကျွန်တော်တို့ ကလေးတစ်သိုက်ဟာ မီးရောင်မှိန်မှိန် ပျဉ်းမနားဘူတာ ပလက်ဖောင်းပေါ်မှာ ခဏတဖြုတ်ပဲ သွားလာပြီး ဟိုငေးဒီငေးပဲကြည်ခွင့်ရပါတယ်။ အမေက မင်းတို့ ဘယ်မှ လျှောက်သွားမနေနဲ့လို့ တစ်ချက်ပြောလိုက်ရင် ပြီးပြီ။ အဲဒါ ကျွန်တော်တို့အတွက် အမိန့်ပဲ။ ကျွန်တော်တို့တတွေ တုတ်တုတ်မှ မလှုပ်ရဲပါ။ ကြုံတုန်း အမေ ကျွန်တော်တို့ကို ဘယ်လိုအုပ်ချုပ်လာတယ်ဆိုတာ ပြောပြချင်ပါသေးတယ်။ အမေဟာ ကျွန်တော်တို့ကို တစ်ခါမှလက်ဖျားနဲ့တောင် မထိဘူး၊ မတို့ဘူး၊ မရိုက်ဘူးပါ။ ဆူတာငေါက်တာပဲ ရှိတယ်။ ဒါတောင် ဆိုးဆိုးဝါးဝါး ပြင်းပြင်းထန်ထန်ပြောတာမျိုးမဟုတ်ပါဘူး။ လေသံနည်းနည်းမာမာလေးနဲ့ "ဟင်းနော်" တစ်ခွန်းနဲ့ ကျွန်တော်တို့ကို ထိန်းကျောင်းအုပ်ချုပ်လာတာပါ။ အမေဟာ ကလေးစိတ်ပညာ၊ မိသားစု အုပ်ချုပ်ရေး၊ ကလေးသူငယ်

ဘယ်လိုထိန်းသိမ်းမယ်ဆိုတဲ့ စာအုပ်တွေ ဖတ်ဘူးတာမဟုတ်ပါဘူး။ ဒါပေမယ့် သူ့ရဲ့ပင်ကိုယ်သဘာဝ မွေးရာပါ အိမ်ထောင်စုထိန်းသိမ်းရေးစနစ်နဲ့ ကျွန်တော်တို့ကို ပြုပြင် သွန်သင်ဆုံးမလာတာပါ။ အညာရဲ့ မြန်မာဆန်လှတဲ့ မိဘ သားသမီးဆက်ဆံရေးပါ။ ကျွန်တော်တို့ကသာ အမေကို အမေလို့ ခေါ်ပေမယ့် အညာကျေးလကက လူတွေကတော့ အမေကို အမလို့ပဲ ခေါ်ကြပါတယ်။ အညာဒေသ ရွာကလူတွေဟာ "အမ"ပြောတဲ့ စကားအားလုံးကို စွဲစွဲမြဲမြဲ လိုက်နာရှိသေကြရတာပါ။ အဖေကိုတော့ အညာမှာ "အဘ"လို့ ခေါ်ကြတာများပါတယ်။ အညာကမိသားစုတွေက "အဘ"နဲ့ နည်းနည်းလေးစိမ်းပြီး "အမ"နဲ့ ပိုရင်းနှီးပါတယ်။ အဖေတွေကတော့ စိတ်တိုင်းမကျတာတွေ့ရင် သားသမီးတေကို ဆူမယ်၊ ဟောက်မယ်၊ ငေါက်မယ်။ နောက်ဆုံး လက်ပါသွားပြီး ရိုက်တဲ့အဆင့်အထိ ရောက်သွားတတ်တယ်။ အဲတော့ သားသမီးတွေက "အဘ"ထက်"အမ"ကို ပိုခင်တယ်။ ပိုပြီးလည်း ရိုသေချစ်ခင်ကြတယ်။ "အမ"ပြောလိုက်ရင် တစ်ခွန်းပဲ။ "အမ"ခေါ် အမေကို သိပ်ကိုချစ်ကြရိုသေကြတာပါ။ ဒါပေမယ့် မိဘနှစ်ပါးစလုံးရဲ့စကားကို တလေးတစား လိုက်နာကြတဲ့ သူတွေချည်းပါပဲ။ အဲလို သားသမီးတွေက မိဘကို အရမ်း ချစ်ကြောက်ရိုသေတဲ့ ဓလေ့ရှိကြတာကြောင့် ဘာကိစ္စပဲဖြစ်ဖြစ် အမေရဲ့ ဆုံးမတဲ့၊ အမိန့်ပေးတဲ့အသံကို ကြားလိုက်တာနဲ့ကို ကျွန်တော်တို့တတွေ ကြောက်နေကြရပါပြီ။ အမေ ကျွန်တော်တို့ကို သူလုပ်ချင်စေသလို လုပ်ခိုင်းဖို့၊ ဒတ်ကိုင်စရာ မလိုပါ။ အမေစကားတစ်ခွန်း ပြောလိုက်တာဟာ ကိုယ်ထိ လက်ရောက် ဆုံးမတာထက်တောင် ပိုပြီး ထိရောက်ပါတယ်။ ကလေးလေးတွေကို ရိုက်တယ်၊ ကလေးတွေရဲ့ ကိုယ်ခန္ဓာကို တစ်နည်းနည်းနဲ့ နာကျင်အောင် ညှင်းပမးနှိပ်စက်တယ်ဆိုတာကို အမေက လုံးဝ လက်မခံ ပါဘူး။ ကလေးဟာ ကလေးပဲ၊ ရိုက်နေလို့လည်း ပြီးမှာမဟုတ်ဘူး။ ကလေးတွေကို ကိုယ်လိုချင်တဲ့ပုံစံသွင်းဖို့ဆိုတာမှာ မိဘတွေက ဘယ်လိုနည်းစနစ်ကိုသုံးပြီး သားသမီးတွေအပေါ်မှာ ဆက်ဆံမယ်ဆိုတာပေါ် မူတည်တယ်။ အတင်းအဓမရိုက်တယ်နှက်တယ် ဆိုတာက ကိုယ့်ရဲ့ ရည်ရွယ်ချက်ကို ပျက်ပြားစေတယ်။ အဲလို ရိုက်လို့လည်း ကလေးတစ်ယောက်ရဲ့ အကျင့်တွေဟာ ပျောက်သွားမှာ မဟုတ်ဘူး။ ရိုက်နှက်ပြုပြင်ထားတဲ့ အပြုအမူတစ်ခုဟာ ဒုတ်ရှေ့မှာပဲ တည်မြဲပြီး မျက်ကွယ်ရောက်သွားတာနဲ့ ပျောက်ကွယ်သွားပြီး သူလုပ်ချင်ရာလုပ်မှာပဲ။ သဘောပေါက်အောင် ရှင်းပြ သွန်သင်ဆုံးမ တာကသာ ခိုင်မြဲတဲ့ ပြုပြင်ပြောင်းလဲမှု အမူအကျင့်တွေရနိုင်တယ်လို့ အမေက ထင်ပါတယ်။ ကျွန်တော်တ့ အငယ်တုန်းက သားသမီးတွေပေါ်ထားတဲ့ သဘောတရားတေကို အမေပြောပြတန်းကတော့ အခု ကျွန်တော်ပြောခဲ့သလို ကြီးကျယ်တဲ့ စကားလုံး တွေနဲ့ ရှင်းပြခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် အမေ့ရဲ့ ဟိုနား၊ ဒီနား ဆုံးမစကားတွေ ပြောခဲ့တာတွေကို အနှစ်ချုပ်ပြီး သုံးသပ်လိုက်ရင်တော့ သူ့ရဲ့ ကလေးတွေကို ထိန်းကျောင်းတဲ့ အယူအဆ သဘောတရားက အခုရှေ့မှာ ကျွန်တော်ရှင်းပြခဲ့တဲ့ အတိုင်း ဖြစ်နေပါတယ်။ အမေ့ရဲ့ အတွေးအခေါ်တွေဟာ သိပ်ကို ခေတ်ရှေ့ပြေးနေပါတယ်။ ကလေးစိတ်ပညာ (child psychology) စာအုပ်ထဲက အယူအဆတွေနဲ့ ကိုက်ညီနေပါတယ်။ အမေရဲ့အဲဒီအယူအဆတွေဟာ

ကျွန်တော့်ခေါင်းထဲကို ငယ်ငယ် လေးကတည်းက သံမှိုနဲ့စွဲအောင် ရိုက်ထားသလို စွဲနေပါတယ်။ အဲဒါကြောင့် ကျွန်တော် သားသမီးတွေကို မွေးလာကတည်းက ဒီနေ့အထိ ကျွန်တော် ရိုက်တယ်၊ နာအောင်လုပ်တဲ့စနစ်နဲ့ ဆုံးမတယ်ဆိုတာ တစ်ခါမှ မရှိခဲ့ဘူးပါဘူး။ သမီးကြီး၊ သမးလေးနဲ့ သားလေးတို့ကို ရိုက်ဖို့နေနေသာသာ ဆူတယ်၊ ငေါက်တယ်ဆိုတာတောင် တစ်ခါမှ မလုပ်ခဲ့ပါဘူး။ ကလေးတွေနဲ့ ပတ်သက်လာရင် အမေရဲ့ အယူအဆတွေ အရှိုးစွဲနေတဲ့ ကျွန်တော်ရဲ့စိတ်ဟာ ပျော့ပျောင်းနူးညံ့နေပြီး ကလေးတွေကို သိပ်ပြီး ညင်ညင်သာသာ ဆက်ဆံလေ့ရှိပါတယ်။ အမေဆီကရခဲ့တဲ့ ချစ်စရာကောင်းတဲ့ စိတ်ဓါတ် အမွေတစ်ခုပါ။ ဒါကြောင့် ဘယ်မှာပဲဖြစ်ဖြစ်၊ ဘယ်သူ့ကလေးပဲဖြစ်ဖြစ် မိဘတွေက ကလေးတွေကို ရိုက်နေတာမြင်ရင် ကျွန်တော် တော်တော်လေးကို စိတ်ဆင်းရဲမိပါတယ်။ ရထားနဲ့ အညာပြန်ခရီးသွားရင်း အမေက ကျွန်တော်တို့ကို ဘယ်လိုကြီးပြင်းအောင် ထိန်းသိမ်းလာတာကို သတိရလို့ တွေးမိလို့ ကျွန်တော် သိပ်လေးစားတဲ့ အမေရဲ့ကလေးတွေအပေါ်ထားတဲ့ သဘောတရားမူဝါဒ ပေါ်လစီကို ရေးမလိုက်တာပါ။ ပျဉ်းမနားဘူတာအကြောင်း ဆက်ပြောရမယ်ဆိုရင် ညနေစောင်းပြီး နေရောင်ပျောက်သွားတာနဲ့ ဘူတာ ပလက်ဖောင်းပေါ်မှာ ကင့်ကော့တ် (camp cot) လို့ ခေါ်တဲ့ ကန့်လန့်ဖြတ် ကြက်ခြေခတ်ဒေါက်တိုင် နှစ်ခုတစ်ဖက်တစ်ချက်မှာပါတဲ့ ဂုံနီဖျင်စနဲ့ လုပ်ထားတဲ့ ခေါက်ကု တင်လေး တွေတွေ့ရပါတယ်။ ရေမိုးချိုး စားသောက်ပြီး သွားလာနေကြတဲ့ ခရီးသည်တွေ တစ်ညတာ ပလက်ဖောင်းပေါ်မှာ လေတဖြူးဖြူးနဲ့ အိပ်လို့ ရအောင် ဂုံနီအဝတ်ပျော့နဲ့ လုပ်ထားတဲ့ ကင့်ကော့တ် ခေါက်ကုတင်လေးတွေ လိုက်ငှားတာပါ။ တောခရီးထွက်တဲ့ ကင် (camp) မှာ အလွယ်တကူ သယ်သွားပြီး ခေါက်ထားတာကို ဖြန့်လိုက်ရင် တစ်ယောက်အိပ် ကုတင်လေး ဖြစ်သွားရော။ ပျဉ်းမနားဘူတာ ပလက်ဖောင်းပေါ်က ဂုံနီခေါက် ကုတင်လေးတွေဟာလည်း နှစ်တစ်သစ်သားတန်းလေး တွေနဲ့ ရိုက်ထားပြီး ဖြန့်ချလိုက်တာနဲ့ လူတစ်ယောက် ခါးလောက်အမြင့် ကုတင်လေး ဖြစ်သွားပါတယ်။ အဲလိုတောထဲက ကင့်မှာသုံးတဲ့ ကုတင်နဲ့တူတာကို အစွဲပြုပြီး ၊ ကင့်ဆိုတာ တောစခန်း၊ ကော့တ်က ကုတင်ဆိုတော ကင့်ကော့တ်လို့ ခေါ်တာထင်ပါရဲ့။ ဒီစာရေးနေတုန်း ဒစ်ရှင်နာရီမှာ ကင့်ကော့တ်ဆိုတာ လိုက်ကြည့်တော့ မတွေ့ပါ။ ဒါပေမယ့် ကျွန်တော် သုံးတန်းကျောင်းသား ပျဉ်းမနားဘူတာမှာ ညအိပ်ကတည်းက ကင့်ကော့တ်ဆိုတာကို ကြားဘူးနေတာပါ။ အဲဒီခေတ်က မြန်မာတွေ ခေါက်ကုတင်လေး တွေကို ခေါ်ဝေါ်သုံးစွဲခဲ့တဲ့ စကားလုံးမို့လို့ မှတ်တမ်းမှတ်ရာဖြစ်အောင် ထည့်ရေးလိုက်ရပါတယ်။ တဆက်တည်း ပြောရမယ်ဆိုရင် အဲလို ပျဉ်းမနားဘူတာမှာ ကင့်ကော့တ်တွေကို ဘာလို့ လိုက်ငှား နေတာလဲဆိုတာကို ရှင်းပြချင်ပါတယ်။ ပျဉ်းမနားရဲ့ မတ်လနွေရာသီဟာ အိုက်စပ်ပူလောင်ပြီး အိပ်လို့မရလောက်အောင် ဆိုးတဲ့ရာသီဥတုမျိုးပဲ။ အဲလိုကာလမျိုးမှာ ခရီးသည်တွေ၊ ပစ္စည်းတွေနဲ့ ပိတ်နေပြီး လမ်းသွားလို့ မရလောက် အောင် ညပ်သပ်နေတဲ့ ရထားတွဲပေါ်မှာ အိပ်ရမယ်ဆိုတာကို တွေးကြည့်မယ်ဆိုရင် တော်တော်လေးကို ဆိုးတဲ့အနေအထားမျိုးပါ။ ညရေးညတာ အပေါ့အပါး သွားမယ်ဆိုရင်လည်း အတော် ခက်ခဲပါတယ်။ မိတ်ဆွေအမျိုးသမီးတစ်ယောက် ပြောပြခဲ့ဘူးတာက အဲဒီလို ညပ်ပိတ်နေတဲ့ ရထားပေါ်မှာ တစ်ခါက

သူဆီးသိပ်သွားချင်လို့ ရထားအိမ်သာကို သွားတာမှာ ဟိုကျော်ဒီခွနဲ့ အိမ်သာကို တော်တော်နဲ့မရောက်နိုင် ဘူးတဲ့။ အဲလိုနဲ့ ဆီးတွေက လမ်းမှာ တစိမ့်စိမ့်ထွက်လာတာ အိမ်သာလဲရောက်ရော သူ့မှာ ဆီးသွားစရာ ဆီးတစ်စက်မှ မကျန်တော့လို့ သူ့နေရာသူ ပြန်လာခဲ့ရတယ်တဲ့။ အဲလောက်တောင်ဆိုးတဲ့ အဲဒီခေတ်က ရထားတွဲပေါ်က လမ်းပိတ်ဆို့မှုပါ။ ရထားတွဲတွေအကြောင်း ဆက်ပြောရမယ်ဆိုရင် အဲဒီတုန်းက ရန်ကုန်-မန္တလေးခရီးမှာ ပျဉ်းမနား ညအိပ် ရတဲ့ခေတ်၊ ရထားဟာ အခုခေတ်ရထားလို မီးချောင်းတွေနဲ့ လင်းထိန် နေတာ မဟုတ်ပါဘူး။ မီးလုံးအဝါ မှိန်မှိန်လေးတွေ ထွန်းထားပြီး မမြင်တမြင် နေရသွားရတဲ့ ခရီးသည်တင် ရထားတွဲတွေပါ။ လေဝင်လေထွက် ကိစ္စနဲ့ရှင်းပြရရင် ရထားတွဲတစ်ခုမှာ မျက်နှာကျက်မှာ ကပ်ထားပြီး လည်နေတဲ့ ပန်ကာသုံးလေးခ လောက်တော့ ပါပါတယ်။ ဒါပေမယ့် ပျဉ်းမနားညရဲ့ အပူရှိန်ပြင်းနေတဲ့ ရထားတစ်တွဲလုံးကို ဒီပန်ကာလေးတွေက ဘယ်လိုမှ မတားဆီး မထိန်းနိုင်ဘဲ အအေးဓါတ်ရအောင် လုပ်မပေးနိုင်ပါဘူး။ အညာမှာ ပူတယ်ဆိုတာက နေ့တင်မကပါဘူး၊ ညအထိ တရှိန်ရှိန်ပူတာပါ။ တနေကုန် နေရဲ့ အပူတွေကို စုပ်ယူထားတဲ့ ပစ္စည်းတွေက ညရောက်တော့ အပူတွေကို တစိမ့်စိမ့် ပြန်ထုတ် ပေးနေတာဆိုတော့ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးဟာ ပူနေတာပါ။ လေကလည်း လုံးဝမတိုက်၊ ဟိုဟာထိလည်းပူ၊ ဒီဟာထိလည်းပူ၊ ညသန်းခေါင်ကျော်အထိ ပူနေတဲ့ အညာနွေပါ။ မနက် သုံးနာရီ၊ လေးနာရီလောက်ရောက်မှ နည်းနည်းလေးအေးသွားတတ်တာ။ အဲလို လေငြိမ်ပြီး မီးဖိုကြီးထဲမှာ နေရသလို ပူနေတဲ့ညမှာ လျှောင်ပိတ်နေတဲ့ ရထားတွဲထဲက ခရီးသည်တွေနဲ့ ပစည်းတွေကြားမှာ အိပ်ရမှာကို ကြောက်ကြတဲ့ သူတွေကတော့ ကင့်ကော့တ်လေး တွေ တစ်ညအိပ် နှစ်ကျပ်နဲ့ငှားပြီး ဘူတာ ပလက်ဖောင်း ပေါ်မှာ လေတဟူးဟူးနဲ့ ကြယ်မြင်လမြင် အိပ်လို့ရပါတယ်။ ဒါကြောင့် ညနေစောင်းတာနဲ့ ပလက်ဖောင်းမှာ "ကင့်ကော့တ်တွေ နှစ်ကျပ်နော် နှစ်ကျပ်" ဆိုပြီး လိုက်အော်နေတဲ့ ကင့်ကော့တ်အငှားသမားလေးတွေရဲ့ တစာစာအသံကို ကြားရပါတယ်။ အပူဒဏ်မခံချင်ကြတဲ့ မခံနိုင်ကြတဲ့သူတွေကတော့ ကင့်ကောတ်ငှားပြီး ပလက်ဖောင်းပေါ်မှာ စိတ်အေးလက်အေးအိပ်ကြတော့ တာပေါ့။ ဒါကြောင့် ည၉နာရီလာရင် ပလက်ဖောင်းပေါ်မှာ ကင့်ကော့တ်လေးတွေ အစီအရီနဲ့ အိပ်နေကြတာ ကို တွေ့ရပါတယ်။ ကင့်ကော့တ်ပေါ် မှာအိပ်တသူတွေဟာ ညအိပ်မပျော်ရင် တစ်ညလုံး ဖွင့်ထားတဲ့ ပလက်ဖောင်းပေါ်က လက်ဘက်ရည်ဆိုင် တွေမှာ စားသောက်လို့ရတယ်။ စိတ်ပါရင် မိုးလင်းဖွင့်ထားတ အဖျော်ယမကာဆိုင် တွေကလည်း သွားလို့ ရပါတယ်။ ယမကာဆိုင်တွေမှာ အရက်အစုံတော်တော်များများရပါတယ်။ အဲဒီတုန်းက ကလေးဘဝမှာ ကတည်းက ရွှေလိမ္မော်ဆိုတဲ့ ရှမ်းပြည်ကထွက်တဲ့ အရက်နာမည်ကို ကြားဖူးနေပါတယ်။ အဲဒီတုန်းက လူကြီးတွေပြောသံကြားရတာကတော့ ရွှေလိမော်အရက်ဟာ တော်တော်ကောင်းတယ်လို့ ပြောပါတယ်။ ရွှေလိမ္မော်အရက်ဟာ တစ်ပုလင်းမှ တစ်ကျပ်လောက်ပဲ ပေးရပါတယ်။ ဘီယာတစ်ပုလင်းကို တစ်ကျပ်ပေး ရတဲ့ ခေတ်ကပါ။ အဲလို အဖျော်ယမကာဆိုင်တွေကလည်း မိုးလင်းဖွင့်ပါတယ်။ ဒါပေမယ့် အရက်ကို ရောင်းချင်တိုင်းတော့ ရောင်းလို့ မရပါဘူး။ အရက်ရောင်းခွင့်လိုင်စင်ရှိမှ အမန့်ရအရက်ဆိုင်ဆိုပြီး ဆိုင်းဘုတ်တင်ပြီး ရွှေလိမ္မော်၊

မန္တလေးရမ်၊ ဘီယာစတဲ့အရက်တွေကို ရောင်းကြရတာပါ။ ဆရာကြီး ရန်ကုန်ဘဆွေရဲ့ ဝတ္ထုတိုထဲမှာဆိုရင် အပျော်အပါး လိုက်စား တတ်ကြတဲ့ အမျိုးသားတွေအတွက် လည်း ဒီလိုညမှာ ပျော်စရာအပြည့်လို့ ဆိုပါတယ်။ စိတ်ဝင်စား ဖွယ်ရာအပြည့် အသက်ဝင်လှုပ်ရှားမှု အပြည့်နဲ့ လုံးဝမအိပ်စက်တဲ့ ပျဉ်းမနားဘူတာ ပလက်ဖောင်းကြီးပါ။။

ကျွန်တော်တို့ ညီအစ်ကိုတတွေကတော့ တနေကုန် စားလိုက်သောက်လိုက်ဆော့လိုက်၊ ရန်ကုန်ဘူတာ ထွက်ကတည်းက မရပ်မနားလှုပ်ရှားခဲ့တာဆိုတော့ တော်တော်ပင်ပန်းနေကြပြီ။ ဘူတာအပြင်ဘက်မှာ ရောင်းတဲ့ ရေသံစည်ပင်းမှာ ရေသွားချိုးလာပြီး၊ အမေလိမ်းပေးတဲ့ သနပ်ခါးအဖွေးသားနဲ့ အမေခူးပေးတဲ့ ညစာ စားကြပါတယ်။ ထုံးစံအတိုင်း အမေက အိမ်ကပါလာတဲ့ အကြော်အလှော်တွေနဲ့ ဆိုင်ကနဲနဲပါးပါး ဝယ်ထားတဲ့ ဟင်းနှစ်ဟင်းရည်တေကို ထမင်း ပူပူလေးပေါ်မှာ ဖြူးပြီး ကျွေးပါတယ်။ ကျွန်တော်တို့က လက်တစ်ဆုပ်အပြည့် ထမင်းလုပ်ကြီးတွေနဲ့ အားရပါးရစားလိုက်ကြတာ သနပ်ခါးလိမ်းထားတဲ့ မျက်နှာပေါ်မှာ နှုတ်ခမ်းတစ်ဝိုက် ဆီကွက်ကြီးတွေ ကျန်ခဲ့တာကို ညီအစ်ကိုတွေ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဟားတိုက်ရယ်ခဲ့ကြတာ သတိရစရာပါ။ ထမင်းစားပြီးတော့ ည(၈း၀၀)နာရီ ကျော် လောက်ဖြစ်နေပါပြီ။ အမေက ကလေးတွေ အိပ်ကြတော့ဆိုတော့ ကျွန်တော်တို့ နေရာလုကြရတာပေါ့။ အားလုံးအကြိုက်ဆုံးနေရာက ရထားထိုင်ခုံတွေအောက်က ခင်းထား တဲ့ အိပ်စရာနေရာတွေပါ။ ထိုင်ခုံပေါ်မှာ ဘယ်သူမှ မအိပ်ချင်ကြဘူး။ အခုပြန်တွေးကြည့်မယ်ဆိုရင် ရှေ့မှာ ပြောခဲ့သလို ပူလောင်ပိတ်နေတဲ့ ရထားတွဲကြီးပေါ်မှာ အိပဖို့ဆိုတာ မစဉ်းစားဝံ့အောင်ပါ။ ခုံအောက်မှာ အိပ်ဖို့ဆိုတာတော့ ဝေလာဝေး အခုသာ အဲလို ရထားတွဲရဲ့ ထိုင်ခုံအောက်မှာ နေရမယ်၊ အိပ်ရမယ်ဆိုရင် သေများသေသွားမလားလို့ တွေးမိပါတယ်။ ဒါပေမယ့် ဟိုတုန်းက ငယ်စဉ်ကလေးဘဝ မှာတော့ ပူတာလည်းမသိ။ ဒါကြောင့်လူတစ်ယောက်ရဲ့ အသအာရုံတွေကို ခံစားမှုမှာ စိတ်ဆိုတာ သိပ်အရေးကြီးတယ်ဆိုတာကို သဘောပေါက်မိပါတယ်။ လက်ကို အပ်နဲ့ စိုက်ထားတာကို နာတယ်လို့ သတ်မှတ်ရင် နာတယ်ပေါ့။ စိတ်ကနေ ဒါဟာနာစရာမဟုတ်ဘူးဆိုရင် မနာဘူးပေါ့။ ဒါကြောင့် ဟိန္နဘုရားပွဲ တွေမှာ တစ်ကိုယ်လုံးကို အပ်တွေ ဗရပွစိုက်ထားပြီး လျှောက်သွားနေနိုင်တာပေါ့။ သူတို့အဖို့ အပ်စိုက်တာ ဟာ မနာဘူးပေါ့။ နာတာကို နာတယ်လို့ တရားနဲ့ မှတ်ယူ ဖျောက်ပစ်နိုင်တဲ့ သဘောလည်းရှိတာပဲလေ။ စိတ်ဆိုတာ တော်တော်ကို အရေးကြီးတဲ့အရာပါ။ အငယ်တုန်းက ဝမ်းတွင်းမြို့ရဲ့ အညာနွေမှာ ပြေးလွှား ဆော့ကစားခဲ့တာ ပူတယ်ဆိုတာ ဘာမှန်းမသိဘူး။ အညာနွေဟာ ဘယ်လောက်ပဲပူပူ ကျွန်တော်တို့ စိတ်ထဲမှာ ဝမ်းတွင်းပြန်ရမှာကို ပျော်နေတာပါ။ ပူလောင်နေတဲ့ မီးဖိုကြီးထဲ ဝင်ရသလို ပူနေတဲ့ဝမ်းတွင်းတိုက်ရှေ့က သဲပြင်ကြီးထဲမှာ နည်းမျိုးစုံနဲ့ ဆော့ကြတယ်။ အမေက "ကလေးတွေ ငါးနာရီကျော်မှ အိမ်ပြင်ထွက်ရမယ်နော်၊ အပြင်မှာ သိပ်ပူလွန်းတယ်၊ မင်းတ့ အပူရှုပ်လိမ့်မယ်" ဆိုပြီး ဆော့ရမယ့် အချိန်ကို သတ်မှတ်ပေးထားပါတယ်။ ကျွန်တော်တို့မှာ ညနေ

ငါးနာရီမရောက်နိုင်လွန်းလို့ စိတ်ထဲမှာ နေမထိထိုင်မသာ၊ အိမ်ပေါ်တက်လိုက် အိမ်အောက်ဆင်းလိုက်၊ စောင့်လိုက်ရတာ၊ တကယ် တွေးကြည့်မယ်ဆိုရင် ဝမ်းတွင်းမြို့ရဲ့ ညနေ ငါးနာရီဆိုတာ တောတော်ကြီးကို ပူသေးတာ။ ညနေ ငါးနာရီထိုးပြီးဆိုတာ အပူချိန်ဖာရင်ဟိုက် (၁၀၀)ကျော်လောက်ရှိတဲ့ အချိန်ပါ။ အဲလိုအခါမျိုးမှာ ဝမ်းတွင်းတိုက်ရှေ့က သဲပြင်ကြီးပေါ်ကို ကျွန်တော်တို့တတွေ မြင်းဇောင်းကလွှတ်လိုက်တဲ့ မြင်းတွေလို တဟုန်ထိုးပြေးထွက်သွားပြီး ဆော့ကြတော့တာပါ။ အဲဒီတုန်းက ဝမ်းတွင်းမြို့မှာ ပေတစ်ရာလမ်း၊ ဒါမှမဟုတ် ကတ္တရာလမ်းကလွဲလို့ လမ်းဘေးတွေမှာ သဲပြင်ကြီးနဲ့ လှည်းလမ်းကြောင်း တွေပဲ ရှိပါတယ်။ (ကျွန်တော်ပြောနေတာဟာ ဝမ်းတွင်းမြို့လည်ခေါင်က ပေတစ်ရာလမ်းမကြီး အခြေအနေပါ) ပလက်ဖောင်းမရှိ၊ ပန်းပင်ပန်းချုံမရှိ၊ ကတ္တရာလမ်းဘေးက ခြစ်ခြစ်တောက်ပူနေသေးတဲ့ သဲပြင်ကြီးပေါ်မှာ ပူရမှန်းမသိ၊ ဖိနပ်မပါဘဲ ပြေးခဲ့လွှားခဲ့တာတွေကို သိပ်သတိရမိပါတယ်။ အခုသွားပြီး အဲလို ပြေးကြည့်ပါလားဆိုရင် ပူတာနဲ့များ တစ်ခါတည်းပဲ လဲသွားမယ်ထင်တာပဲ။ အငယ်တုန်းကတော့ အဲလို အပူဒဏ်၊ အပူတော၊ အညာနွေမှာနေချင်သလို နေခဲ့ထိုင်ခဲ့ပေမယ့်လို့ ကျွန်တော် ရန်ကုန်ရောက်ကတည်းက အိပ်တော့လည်း အဲယားကွန်း၊ ကားထဲမှာ အဲယားကွန်း၊ ဆေးခန်းမှာ အဲယားကွန်း၊ နေရာတကာမှာ အဲယားကွန်းနဲ့နေနေတာ အနှစ်(၂၀)ကျော်ပါပြီ။ အညာတောက ဝမ်းတွင်းသားကျွန်တော်ဟာ အဲယားကွန်းပျော် ရန်ကုန်သားဖြစ်နေတော့ အခုသာ အငယ်တုန်းကလို မွန်းကြပ်ပူလောင်နေတဲ့ ရထားခုံ အောက်ကို ဝင်အိပရမယ်ဆိုရင အိပ်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီလို ဘာလို့မလုပ်နိုင်တော့ တာလဲဆိုတော့ အသက်အရွယ်ကြီးလာလို့ နေကျင့်မရှိတော့လို့ အဲလို အပူဒဏ်တွေ ခက်ခက်ခဲခဲ နေရတာတွေ ခံနိုင်ရည် မရှိတာက အဓိကပါ။ နောက်အရေးကြီးတာတစ်ခုကတော့ စိတ်ရဲ့ခံယူချက်ပါ။ စိတ်ပိုင်းဆိုင်ရာက အဲလို နေရမှာကို ကလေးဘဝကလို ပျော်နိုင်သေးလား၊ စိတ်ကကော အပူဒဏ်တွေကို ခံနိုင်သေးရဲ့လား ဆိုတာကလည်း အထူးအရေးကြီးတဲ့ အချက်ပါ။ ကလေးဘဝတုန်းကတော့ ခနာကိုယ်ကလည်း အခက်အခဲ ဒဏ်တွေကို ခံနိုင်သလို စိတ်ကလည်း အပူကို အပူလို့မမှတ်ယူဘဲ ရထားခုံအောက်မှာ နေရတာကို ဝေဒနာလို့ မသတ်မှတ်ဘဲ အရသာလို့ မှတ်ယူခဲ့တာကိုး။ ဒါကြောင့် ခုံအောက်မှာ အိပ်ဖို့ကို လုယက်ပြီးနေရာဦးကြရတာပါ။ ပူပူလောင်လောင် ရထားပေါ်မှာ အိပ်ရတဲ့အကြောင်း ဆက်ပြောရရင် ကျွန်တော်တို့အိပ်ပြီဆိုတာနဲ့ အမေက ပြတင်းပေါက်ကို ပိတ်တော့တာပါပဲ။ ရထားတွဲပြတင်းပေါက်က နှစထပ်ရှိပါတယ်။ မှန်တစ်ထပ်၊ တရုတ်ကပ်လို အမြောင်း အမြောင်းလေးတွေနဲ့ လေပေါက်ပါတဲ့ သံတံခါးတစ်ထပ်ပါ။ ညအိပ်တော့ လုံခြုံမှုရှိအောင်၊ လေလည်း ရအောင်၊ လေပေါက်လေးတွေပါတဲ့ သံတံခါးလေးကို ဆွဲချပြီး ပိတ်လိုက်ပါတယ်။ ရထားတံခါးကိုဖွင့်ပြီး အိပ်ရင် ညရောက်တော့ ပြတင်းပေါက်ကနေ လက်ကြီးတွေပေါ်လာပြီး ရရာပစည်းကိုဆွဲယူသွားတတ်တယ်လို့ အမကပြောပါတယ်။ "အဲလို ပြတင်းပေါက်ကနေ ပစည်းဆွဲဆွဲသွားတာ ငါတို့ ခဏခဏတွေ့ဘူးတယ်။ အဲတော့ မင်းတို့ ပြတင်းပေါက်တွေအားလုံး ပိတ်ရမယ်"လို့

အမေကပြောပါတယ်။ ဒါနဲ့ အမေက ကျွန်တော်တို့ ခုံတွေနဲ့နီးတဲ့ ပြတင်းပေါက်နှစ်ခုလုံးကို ပိတ်ချလိုက်တာဆိုတော့ အပြင်လည်းမမြင်ရ၊ လေလည်း ကောင်းကောင်း မရတော့ပါဘူး။ ဒါပေမယ့်လည်း ခုနက ပြောသလို ကလေးစိတ် ဆော့ချင်စိတ်တွေ အပြည့်နဲ့ဆိုတော့ ပူတာလည်းမသိ၊ လှောင်တာလည်း မသိ၊ ပျော်ဖို့ဆော့ဖို့ပဲသိတဲ့ ကလေးဘဝမှာ ရထားတွဲခုံအောက်မှာ အိပ်ရတာဟာ တကယ့်အရသာပါ။ ခအောက်က ရထားကြမ်းခင်းပေါ်မှာ အမေ ခင်းပေးထားတဲ့ အညာစောင် အိပ်ယာခင်းပါးပါးလေးပေါ်မှာ ခေါင်းအုံးမပါ၊ ဘာမှမပါဘဲ အိပ်ရင်းကနေ ညီအစ်ကိုချင်း တွန်းလိုက်တိုးလိုက်စလိုက်နဲ့ တခိုးခိုးတခစ်ခစ် ရယ်လိုက်ကြ၊ တော်တော်နဲ့ မအိပ်နိုင်ပါဘူး။ တစ်ယောက် ခေါင်းကိုတစ်ယောက်တို့ပြီးတော့ "ဟာ သူရဲကြီးလာတယ်" လို့ ပြောလိုက်စလိုက်၊ အမေက "ဟဲ့ ကလေးတွေ မဟုတ်တာတွေ လျှောက်မပြောနဲ့ အိပ်ကြတော့" ဆိုတော့မှ ကျွန်တော်တို့ နည်းနည်း ငြိမ်သွားကြပါတယ်။ တကယ့်ကို ပျော်စရာကောင်းတဲ့ လွမ်းမောဘွယ်ရာ ပျဉ်းမနားဘူတာမှာ ညအိပ်ခဲ့ရတဲ့ အတွေ့အကြုံတွေပါ။ ငယ်ငယ်တုန်းက အမေနဲ့အတူသွားအတူလာ၊ နေခဲ့စားခဲ့တာတွေ အညာပြန်ရထား ခရီးရှည် သွားခဲ့ရတာကို သိပ်သတိရပြီး ဖြစ်နိုင်ရင် အမေနဲ့အညာပြန် ရထားတစ်ခေါက်လောက်တော့ စီးလိုက်ချင်ပါ သေးတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၀၆-၀၃-၀၈

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၆)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်း ရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်သိုက် အမေနဲ့ အညာပြန်ရတာ အမှေကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာ ရပ်မရဘာ ဆက်ရေးမိနေပါတယ်။

ပျဉ်းမနားဘူတာအထွက်

ကျွန်တော်တို့ညီအစ်ကိုတွေ ရထားထိုင်ခုံတွေအောက်မှာ ကျဉ်းကျဉ်းကြပ်ကြပ်နဲ့ တိုးဝှေ့ပြီး တချို့းတည်း အိပ်လိုက်ကြတာ မနက်(၅း၀၀)နာရီလောက်ရောက်တော့မှ ရထားတွဲကြီး တစ်တွဲလုံး လူပ်လူပ်ရှားရှား၊ ရုတ်ရုတ်သဲသဲဖြစ်ပြီး ဆူညံလာတာကြောင့် အားလုံးနိုးလာကြပါတယ်။ ဒီလောက် ပူအိုက် လှောင်နေတဲ့ ရထားထိုင်ခုံအောက်မှာ အိပ်ရတာကို တစ်ညလုံး တစ်ရေးမှမနိုးဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ကြတာ။ ပြန်တွေးကြည့်တော့ သတိရစရာ ကလေးဘဝပါ။ ဘာမှလည်း တွေးစရာ ပူစရာမလို၊ စားမယ်၊ ဆော့မယ်၊ ကစားမယ်၊ အိပ်မယ်ဆိုတဲ့အရွယ်ပေါ့။ စိုင်းထီးဆိုင်ရဲ့ ငယ်စဉ်ကလေးဘဝကို တမ်းတတဲ့ သီချင်းလေးကို သတိရမိပြီး ဟိုဟာဒီဟာ ဘာတွေကိုမှ တွေးစရာ မလိုဘဲ စိတ်ထဲမှာရှိုးစင်းပြီး အပြစ်ကင်းမဲ့တဲ့ ကလေးအရွယ်ကို တကယ့်ပဲ တမ်းတလွမ်းမိပါတယ်။ ဒါနဲ့ ဆက်ပြောရရင် လူတွေ စကားပြောသံ၊ ဈေးသည်တွေအော်နေတဲ့ အသံပေါင်းစုံကြောင့် ညီအစ်ကိုတတွေ ဆက်အိပ်လို့ မရတော့ဘူး။ ဈေးသည်တွေ အော်နေတာတွေကလည်း စိတ်ဝင်စားစရာတွေ ဖြစ်နေတော့ ကျွန်တော်တို့ မထဘဲ မနေနိုင်၊ ထကြရတော့တာပေါ့။ ဈေးသည်တွေက ဘယ်လိုအော်နေသလဲဆိုတာ နမူနာ ပြောပြရမယ်ဆိုရင် "လက်ရည် လွှက်ရည် လွှက်ရည်"၊ "နွားနို့စစ်စစ် လေးနော်"၊ "နံပြား၊ အီကြာကွေး"၊ "ပပြုတ်ရမယ်"၊ "အကြော်ပူပူလေး"၊ "ကောက်ညင်းပေါင်း၊ ပဲပြုတ်"၊ "ထမင်းကြော်၊ ကြက်ဥကြော် ရမယ်"၊ "ထမင်းဟင်းတွေ ပူပူနွေးနွေးနော်"၊ "ငါးကြော်၊ ကြက်ကြော်၊ ကောင်းမှကောင်း" ဆိုတာ မျိုးတွေပေါ့။ တော်တော်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ အဲဒီခေတ်က ရထားပလက်ဖောင်းပေါ်က ဈေးသည်တွေပါ။ အစားအသောက်ကလည်း အမျိုးမျိုးရွေးလို့ရအောင် လုပ်ပေးထားပြီး သွားလာ လိုက်ရောင်းနေတဲ့ ဈေးသည်တွေကို ကြည့်ရတာ လူပ်ရှား၊ ရှေ့လျှားနေတဲ့ ဘူဖေးဘရိတ်ဖတ်စ် ပွဲကြီးလိုပါပဲ။ ဟိုတယ်မှာ ဘူဖေးစားရင် ကောင်တာတကာလျှောက်ကြည့်ပြီး ဘာစားစရာတွေ

ပါသလဲဆိုတာကို လိုက်ကြည့်ရတယ်။ ဘာဟင်းလဲဆိုတာသိရအောင် စားစရာတွေပြင်ထားတဲ့ အိုးခွက်တွေရဲ့ အောက်ခြေမှာရေးထားတဲ့ စာတန်းလေးတွေကိုလိုက်ပြီး ဖတ်ရတယ်။ ရထား ပလက်ဖောင်းပေါ်က ဘူဖေးကတော့ ရထားခုံအောက် အိပ်နေတာကမထဘဲ ဘာစားစရာတွေ ရှိတယ်ဆိုတာကို သိနေရတယ်။ စားစရာတွေအားလုံးကို အော်တိုအသံစုံထွက်ပြီး ဈေးသည်တွေက အော်ပေးနေတော့ တကယ်ကို အဆင်ပြေတဲ့ ပလက်ဖောင်းပေါ်က ဘရိတ်ဖတ်ဘူဖေးပါ။ မြန်မာဆန်ဆန် ဘရိတ်ဖတ် စားစရာတွေ အများကြီးရှိပါတယ်။ ကောက်ညင်းပေါင်း၊ အကြော်စုံ၊ မုန့်ဟင်းခါး၊ မြန်မာစတိုင် ပဲပြုတ်ထမင်းကြော်၊ မုန့်စိမ်းပေါင်း၊ မုန့်ပၢားသလက်၊ ရေနွေးကြမ်း၊ စတော်ပဲပြုတ် စံမှစုံပဲ။ ဈေးသည်တွေ အော်နေတဲ့ စားစရာတွေကို ပြောရမယ်ဆိုရင်တော့ ပြီးနိုင်မှာ မဟုတ်တော့ ပါဘူး၊ အစုံမှ တကယ့်ကို အမျိုးပေါင်းစုံတဲ့ ဈေးသည်တွေပါ။ ပလက်ဖောင်းပေါ်မှာ အော်နေသလို ရထားတွဲထဲမှာလည်း စားစရာ မျိုးစုံကို သယ်သွားပြီး လမ်းလျှောက်ရင်း အော်နေပါတယ်။ တကယ်ကို စိတ်ဝင်စားစရာကောင်းတဲ့ အသံစုံပါပဲ။ ကျွန်တော်တို့ကတော့ ကြားသမျှ စားစရာအကုန်လုံးကို စိတ်ဝင်စားပြီး စားချင်တာပဲ။ လက်ရည်ဆိုတာကတော့ ကျွန်တော်တို့ စိတ်အဝင်စားဆုံးပါ။ ကြုံတုန်း ကျွန်တော်တို့နဲ့ လက်ရည် အကြောင်း နည်းနည်းပြောပြချင် ပါသေးတယ်။ အမေက ကျွနတော်တို့ကို အိမ်မှာ ကော်ဖီ၊ လွှက်ရည် မတိုက်ပါဘူး။ ကလေးတွေ လူကြီးသောက်တဲ့ကော်ဖီ၊ လက်ရည်တွေ မသောက်ရဘူးဆိုပြီး တားမြစ်ထားပါတယ်။ ကျွန်တော့် သားလေးထူးခိုင်ဝင်း ရန်ကုန်က အင်တာနေရှင်နယ်ကျောင်းမှာ ထားတော့ သူတို့ကျောင်းမှာ (၅)တန်း အောက် လက်ရည်၊ ကော်ဖီ ဝယ်လို့မရဘူး။ ကဖင်း (Caffeine) ပါတဲ့ ပက်ပစီ၊ ကိုကာကိုလာလို သောက်စရာတွေကိုလည်း မရောင်းဘူးတဲ့။ သားလေးပြန်ပြောပြတာ အဲလိုကြားရတော့ အမေ့ကို အထူးပဲ သတိရမိပါတယ်။ ခေတ်ပညာမတတ်တဲ့အမေဟာ ကျွန်တော်တို့ ကလေးဘဝကတည်းက ကျွန်တော်တို့ကို ကော်ဖီ၊ လက်ရည် မတိုက်ခဲ့ပါဘူး။ ဘယ်လိုသဘောနဲ့ ဘာစိတ်ကူးရလို့ အမေ ကျွန်တော်တို့ကို လွှက်ရည်၊ ကော်ဖီ မတိုက်သလဲတော့ မသိဘူး။ အမေ့ရဲ့ အဲဒီခေတ်က အဲလို အတွေးအခေါ်ဟာ ကျွနတော့်သားလေးရဲ့ အခုခေတ် အမေရိကန အင်တာနေရှင်နယ်ကျောင်းက အယူအဆစနစ်နဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။ တကယ်ကို ချီးမွမ်းဖို့ ကောင်းတဲ့ အမေပါ။ အဲလို အမေက အိမ်မှာ လက်ရည်၊ ကော်ဖီ မတိုက်တော့ ကျွန်တော်တို့ဟာ လက်ရည်၊ ကော်ဖီကို သိပ်သောက်ချင်ကြတာ။ အထူးသဖြင့် လက်ရည်ကို ပိုပြီး စွဲလန်းတယ်။ ဘာလို့တုန်းဆိုတော့ အမေက အိမ်မှာနေ့တိုင်း ကော်ဖီဖျော်သောက် တာမို့ အမေ့အကျန်ကော်ဖီလေး နည်းနည်းပါးပါးတော့ သောက်ရပါသေးတယ်။ လွှက်ရည်ဆိုတာကတော့ လံးဝမသောက်ရသလောက်ပါပဲ။ ရှားရှားပါးပါး တစ်ခါတစ်လေ အိမ်ကို ဧည့်သည်လာမှ ဝယ်တိုက်ပြီး ဧည့်သည်ပြန်သွားမှ ပိုတဲ့ လွှက်ရည် နည်းနည်းလေးကို ညီအစ်ကိုတွေ အလုအယက်သောက်ရတာပါ။ အဲဒါကြောင့် လွှက်ရည်ကို ကျွန်တော်တို့

သိပ်စွဲလန်းကြပါတယ်။ ကြံ့တုန်း အမေဖျော်တဲ့ ကော်ဖီအကြောင်း ပြောရမယ်ဆိုရင် အမေဟာ ရန်ကုန်ကို ကော်ဖီမှုန့် အမြဲမှာပြီး သောက်လေ့ရှိပါတယ်။ အမေ စွဲစွဲမြဲမြဲသောက်တဲ့ ရွှေခြသေ့ကော်ဖီ သံဗူး လေးတွေကို ဒီနေ့အထိ မျက်စိထဲမှာ မြင်နေပါသေးတယ်။ ရွှေခြသေ့ ပြင်သစ်ကော်ဖီလို့ ရေးထားပြီး ချိုကရီ ၃၀% ရောစပ်ထားပါတယ်ဆိုပြီး ရေးထားတဲ့ စာတန်းလေးကိုလည်း သတိရ နေပါသေးတယ်။ ကော်ဖီမှုန့်ကလည်း အဖတ်အဖတ် ခပ်ကြမ်းကြမ်း လေးတွေပါ။ ကျွန်တော်ဟာ ငယ်ငယ်လေးတုန်းက တွေ့ခဲ့မြင်ခဲ့ဘူးတာတွေကို ဒီနေ့အထိအောင် တော်တော်လေး မှတ်မိနေပါသေးတယ်။ ဘယ်လောက်အထိ ကျွန်တော်မှတ်မိလဲဆိုရင် ကျောင်းမနေခင်က ဖြစ်ရပ်တွေကိုတောင် မယုံကြည်နိုင်လောက်အောင် ကွက်ကွက်ကွင်းကွင်း မျက်စိထဲမှာမြင်ပြီး သတိရ မှတ်မိနေပါသေးတယ်။ ဒါကြောင့်လည်း အညာပြန် ရထားခရီးအကြောင်းကို ကျွန်တော် အသေးစိတ်ပြန်ပြောပြ၊ ရေးပြ နေနိုင်တာပါ။ ကျွန်တော် ဆေးခန်းအပြီး ည(၈း၀၀)နာရီလောက်ကနေ (၁၂း၀၀)လောက်အထိ ညတိုင်းစာရေးရပါတယ်။ ကျွန်တော့် သားလေးက "အဖေ စာရေးတာ သိပ်များလွန်းတယ်" လို့ ပြောဘူးပါတယ်။ ဟုတ်ပါတယ်၊ တစ်ပတ်လုံး စနေ၊ တနင်္ဂနွေမနား၊ နေ့စဉ်စာရေးနေမှ ကျွန်တော့်စာမူ တွေဟာ အလျင်မှီပါတယ်။ ဘာလို့ အဲလောက် တောင် ကြိုးစားအားထုတ်ပြီး စာတွေရေးနေရတာလဲ ဆိုတော့ ကျွန်တော်အငယ်တုန်းက ကျွန်တော်တို့ ခေတ်ရဲ့ စားဝတ်နေထိုင်သွားလာမှုတွေကို မှတ်တမ်းတင်စာစုတွေအနေနဲ့ ကျန်နေခဲ့အောင်ဆိုတဲ့ စိတ်ကူးလေးရှိနေလို့ပါ။ အခု ဒီအသက်အရွယ် အခုအချိန်မှာ ကျွန်တော့်ရဲ့ မှတ်ဉာဏ်ကောင်းတုန်း၊ သတိတွေကောင်းတုန်း၊ ဖြစ်ရပ်တွေအကုန်လုံး မျက်စိထဲမှာ မြင်နေတုန်း၊ ကျန်းမာရေးကောင်းနေတုန်း၊ စာကို ရေးချင်တဲ့စိတ် ရှိနေတုန်း၊ အဲလို "တုန်း"ပေါင်းများစွာကြောင့် ကျွန်တော့်မှာ စာရေးဖို့ ကိုယ်ရော စိတ်ပါ စွမ်းအင်တွေ အားအင်တွေထုတ်ပြီး ရေးနေတာပါ။ ရထားပေါ်ကအကြောင်း ဆက်ပြောရရင် မနက် အိပ်ရာနိုးလာကြတာနဲ့ ကျွန်တော်တို့တတွေ အိမ်သာတက်ဖို့၊ မျက်နှာသစ်ဖို့ အလုပ်ရှုပ်ကြပါပြီ။ ကျွန်တော်တို့နဲ့ အတူပါလာတဲ့ တောင်ဘိုရွာကနေ အိမ်မှာ ခေါ်ထားတဲ့ အစ်မလေးက ကျွန်တော်တို့ ညီအစ်ကိုတွေကလေးတစ်သိုက်ရဲ့ ကိုယ်လက် သန့်ရှင်းရေး၊ အိမ်သာတက်ရေး ဝေယျာဝစ္စအားလုံးကို လိုက်လုပ်ပေးပါတယ်။ ထိုင်ခုံတွေ အလယ် ရထားကြမ်းခင်းပေါ်မှာ ထိုင်နေ၊ အိပ်နေကြတဲ့ သူတွေကို ကျော်ခွပြီးတော့ အကြိမ်ကြိမ်တောင်းပန်၊ ကလေးတွေ သူများကို မထိခိုက်အောင် ဆွဲခေါ်ပြီး ရထားတွဲ အစွန်က အိမ်သာကို ရောက်အောင်သွားပါတယ်။ အမေကတော့ "ဟဲ့ ထွေးတင် ကလေးတွေကို သေချာ ဂရုစိုက်နော်၊ အိမ်သာပေါက်ထဲ ကလေးတွေ ကျွံကျဦးမယ်" ဆိုပြီး အော်သတိပေးလိုက်ပါသေးတယ်။ အိမ်သာထဲ ရောက်တော့ ဗိုလ်ထိုင်အိမ်သာ ကမုတ်တွေဖြစ်နေတော့ ကျွန်တော်တို့ မထိုင်တတ်ပါဘူး။ ကမုတ်ပေါ်တက်ပြီး မြန်မာစတိုင် ဆောင့်ကြောင့်ထိုင်ပြီး အိမ်သာတက်ကြတော့တာပ။ ရန်ကုန်ရောက်လို့

ဦးလေးဦးမောင်လေးရဲ့ သိမ်ဖြူကွင်း အရှေ့ဘက်က ကနေဒီအိမ် (Kennedy house) မှာ တည်းတိုင်း ကျွန်တော်တို့ ဒုက္ခနဲ့ရင်ဆိုင်ရတဲ့ ကမုတ်ပါ။ ဖိနပ်စီးပြီး အညာအိမ်သာလို တက်ခွထိုင်လိုက်ရင် ဖိနပ်ရာက ကမုတ်ခုံတန်းပေါ်မှာ အတိုင်းသားကျန်ခဲ့တာဟာ စိတ်ညစ်စရာပါ။ ရထားပေါ်က ကမုတ်အိမ်သာ ဆိုတာကတော့ အထူးတလည်ကြီး မဟုတ်ပါဘူး။ ရထားကြမ်းခင်းပေါ်မှာ ကမုတ် တင်ထားပြီး အောက်ကို ဟောင်းလောင်းဖွင့်ထားတာပါ။ ရထားက တလှုပ်လှုပ်သွားနေတုန်း အောက်ကို ငုံ့ကြည့်လိုက်တော့ ကမုတ်အောက်မှာ အပေါက်က တိုးလျှိုပေါက်၊ တိုက်ရိုက်ရထားသံလမ်း ဇလီဖာ တုံးတွေ၊ ကျောက်ခဲတွေကို မြင်နေရတာပါ။ ရထားသွားနေတုန်း အိမ်သာတက်လိုက်မယ် ဆိုရင်တော့ ရထားသံလမ်းတလျှောက် တွေ့ရာနေရာမှာ မစင်တွေ ဒီလိုပဲ အောက်က ရထားလမ်းပေါ်ကို တိုက်ရိုက်ကျသွားမယ့် တွိုင်းလက်စနစ်ပါ။ ကိစ္စပြီးသွားရင် စက္ကူသုံးပြီးတော့ သန့်စင်လိုက်၊ စက္ကူက အောက်မကျဘဲ ကမုတ်နံရံမှာ ကပ်နေရင် ရေဘုံဘိုင်ခေါင်းမှာ ရေခွက်နဲ့ ရေနည်းနည်းခံပြီးတော့ လောင်းချပေးလိုက်ရုံပါပဲ။ အိမ်သာတက်ပြီးတော့ ကျွန်တော်တို့ မျက်နှာသစ်၊ သွားတိုက်ပါတယ်။ ကျွန်တော် ဘယ်အသက်အရွယ်မှာ သွားပွတ်တံ၊ သွားတိုက်ဆေး စသုံးရသလဲဆိုတာ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် အဲဒီရထားစီးနေတဲ့အရွယ်တုန်းကတော့ ကျွန်တော်တို့ သွားပွတ်တံ သွားတိုက်ဆေး မသုံးရသေးပါဘူး။ ဆားနဲ့ပဲ သွားတိုက်ရပါတယ်။ မျက်နှာသစ်တယ်ဆိုတာလည်း ဆပ်ပြာတွေ၊ ဖေရှယ်ကရင်တွေနဲ့ မဟုတ်ပါဘူး။ ရေနဲ့ပဲ မျက်နှာကို ဆေးလိုက်ပြီး အမေရဲ့ အညာဖျင်ကြမ်း တဘကနဲ့ မျက်နှာကို ပြောင်နေအောင် သုတ်လိုက်တာပါပဲ။ ကျွန်တော်တို့မှာ ချည်ပွမျက်နှာသုတ်ပဝါ ဆိုတာ မရှိပါဘူး။ အညာဖျင်ကြမ်းတဘက်ကိုပဲ သုံးရတာပါ။ ဒါတောင် တစ်ယောကကို မျက်နှာသုတ်ပုဝါ တစ်ထည်စီ ရှိတာမဟုတ်ပါဘူး။ မျက်နှာသုတ်ပဝါ တစ်ထည်ကို ညီအစ်ကိုတွေ အားလုံး မျက်နှာသုတ်ပဝါ အဖျားပိုင်း၊ အလယ်ပိုင်းမျှပြီး သတ်ကြရတာပါ။ ပြောရမယ်ဆိုရင်တော့ မျက်နှာကို ရေနဲ့ တပွမ်းပွမ်း ပွတ်လိုက်ပြီးရင် ညီအစ်ကိုတွေလုယက်ပြီး ချည်ကြမ်းတဘကနဲ့ အားရပါးရ မျက်နှာသုတ်ရတာဟာ ကျွန်တော်တို့ရဲ့ မျက်နှာသစ်တာပါပဲ။ ရထားပေါ်မှရယ် မဟုတ်ပါဘူး၊ အိမ်မှာ နေ့တိုင်း မျက်နှာသစ်လည်း ဒီလိုပါပဲ။ ကျွန်တော်တို့တတွေ မျက်နှာသစ်၊ အိမ်သာတက်တဲ့ ကိစ္စတွေ ပြီးစီးသွားတော့ မိုးစင်စင်လင်းပြီး မနက် (၆း၀၀)နာရီ ကျော်နေပါပြီ။ အဲတော့မှ ကျွန်တော်တို့ ဘရိတ်ဖတ်စ်စားရမယ့် ဇာတ်လမ်း စပါတော့တယ်။ ဈေးသည်တွေ အော်သွားတဲ့ စားစရာတွေကမျှားတော့ အမေ့ကို ဘာဝယ်ခိုင်းရမယ်ဆိုတာ ကျွန်တော်တို့ မဆုံးဖြတ်နိုင်ဘူး ဖြစ်နေပါတယ်။ အကြော်နဲ့ ကောက်ညှင်းလည်း စားချင်၊ ပဲပြုတ် ထမင်းကြော်ကလည်း မက်စရာ။ ဒါပေမယ့် နောက်ဆုံးတော့ အိမ်မှာမစားရတဲ့ အီကြာကွေးနဲ့ အိမ်မှာ သောက်ခွင့်မရတဲ့ လက်ဘက်ရည် ဝယ်ပေးဖို့ အမေ့ကို ဝိုင်းပြီး နားပူကြရတယ်။ ဒါနဲ့ အမေက အစိမ်းရောင် စစ်မတခွက်တစ်ခွက်နဲ့ အပြည့်လက်ဘက်ရည် ဝယ်ပြီး ထည့်ပေးပါတယ်။ လက်ဘက်ရည်နဲ့

အတူတူ ဝယ်ပေးပြီး တစ်ယောက်ကို တစ်ချောင်းနှုန်းနဲ့ ချပေးထားတ အီကြာကွေးတွေကလည်း စားချင်စရာ ပူနွေးပြီး ရွှနေပါတယ်။ ကျွန်တော်တို့တတွေ အီကြာကွေး တစ်ယောက်တစ်ချောင်းကိုင် အလည်ကနေ ခွဲလိုက်တော့ အသေးလေးနှစ်ချောင်း ဖြစ်သွားရော၊ အဲတော့မှ လက်ဘက်ရည်ထဲကို နှစ်လိုက်ပြီး အီကြာကွေးလေး နူးသွားမှ ဆွဲထုတ်လိုက်တော့ လွှက်ရည်တွေစက်လက်ကျပြီး ပါလာပါရော။ အဲဒီမှာတင် အီကြာကွေးကစုပ်ထားတဲ့ လက်ရည်တွေ အောက်မကျကုန်အောင် အမြန်ဆုံး ပါးစပ်ထဲသွတ်ထည့်လိုက်ပြီး လက်ရည်တွေစိုနေတဲ့ အီကြာကွေး အပျော့ပိုင်းကို အမြန်ဝါးစားလိုက်ရ ပါတယ်။ ကြံတောင့်ကြံခဲ စားရတဲ့ အီကြာကွေးနဲ့ ရှားရှားပါးပါးတစ်ခါတလေမှ မြည်းရတဲ့ လက်ရည်တွေ ကုန်သွားမှာစိုးလို့ အီကြာကွေးကို လွှက်ရည်ထဲမှာ နည်းနည်းချင်းပဲနှစ်ပြီး မြှင်းစားရပါတယ်။ အီကြာကွေးတစ်ခြမ်း ကုန်သွားတော့မှ နောက်တစ်ခြမ်းကို အဲလိုပဲ ခွေတာပြီး ဖြည်းဖြည်းချင်း စားကြ ရပါတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ အလို စားရတယ်ဆိုတာ အကြောင်းရှိပါတယ်။ ကိုယ်က မြန်မြန် စားလိုက်လို့ ကိုယ့်ရဲ့အီကြာကွေး ကုန်သွားရင် အီကြာကွေး ရှိသေးတဲ့လူက ဗိုလ်ဖြစ်သွားပြီး တထောင်ထောင်နဲ့ သူ့အီကြာကွေးလေး ပြပြပြီး ဇိမ်ခံစားပါလိမ့်မယ်။ အဲလိုအခါမျိုးမှာ ညီအစ်ကိုတွေ အီကြာကွေးကိစ္စစကားများပြီး ရန်ဖြစ်ကြတော့တာပါပဲ။ အဲလိုအစားအသောက်နဲ့ ကျွန်တော်တို့တတွေ စကားများရ၊ ရန်ဖြစ်ရတာကို သတိရလို့ ပြန်ပြောပြချင်ပါသေးတယ်။ ရထားပေါ်မှာ ကျွန်တော်က အစား မြန်ပြီး ကျွန်တော့်ကိုယ်တာ အီကြာကွေးကုန်သွားပါတယ်။ အဲဒီအချိန်မှ အစ်ကိုလတ်မှာ သူဖြည်းဖြည်း စားထားလို့ အီကြာကွေး ကျန်နေပါသေးတယ်။ အဲဒီတော့ ကျွန်တော်က "ကိုတူး၊ ကျွန်တော်ကို အီကြာကွေး နည်းနည်းပေး၊ နောက်တစ်ခါမုန့်စားရင် မုန့်အစားပြန်ပေးမယ်လေ" လို့ ပြောလိုက်ပါတယ်။ အဲတော့ သူက "မင်းနဲ့ငါ အတူတူရတာပဲလေကွာ၊ မပေးနိုင်ဘူး" ဆိုပြီး သူ့အီကြာကွေးလေးကို တပြပြနဲ့ မခံချင်အောင် တမင်ဟန်ရေး ပြပြီး ကျွန်တော့်ရှေ့မှာ လာစားပြပါတယ်။ သိပ်ပြီး စတာများလာတော့ ကျွန်တော် သည်းမခံနိုင်တော့ပဲ ဖျတ်ကနဲဆို သူ့အီကြာကွေးကို လုပြီး စားပစ်လိုက်ရော။ အဲဒီမှာတင် ညီအစ်ကိုချင်းရန်ဖြစ်၊ ကိုတူးက အမေ့ကို အော်တိုင်တော့ အမေရောက်လာတော့တာပဲ။ ဘာဖြစ်ကြတာ တုန်းဆိုပြီး အမေကမေးတော့၊ သူမှန်ကိုယ်မှန် ကိုယ့်ဘက်ကအကြောင်း အမှန်ဆိုပြီး လုယက် ပြောကြတာပေါ့။ ကိုတူးကလည်း "ကျွန်တောအီကြာကွေးကို သူလုစားတယ်" ဆိုပြီး ငိုတိုင်၊ ကျွန်တော်က လည်း "နည်းနည်းလေးပေးပါဆိုတာ ပေးမှမပေးတာကိုး" ဆိုပြီး ကာကွယ်ဖြေရှင်း၊ ဒီလိုနဲ့ နောက်ဆုံး အမေဝင်ပြီး ဖြန်ဖြေတော့ ပြေလည်သွားရော။ ကျွန်တော်တ့ ညီအစ်ကိုတွေ ရထားပေါ်မှာ အဲလို အီကြာကွေး၊ လွှက်ရည် လုစားကြ သောက်ကြတာ သတိရတော့ ပြုံးမိပါတယ်။ ကျွနတော်တို့ အဲလို ရန်ဖြစ်ကြပေမယ့် ကျွန်တော်တို့ ညီအစ်ကို မောင်နှမချင်း ဘယ်တော့မှ တစ်ယောက်နဲ့တစ်ယောက်

ရန်ဖြစ်လို့ ကိုယ်ထိလက်ရောက် လုပ်ကြတယ် ဆိုတာမျိုး လုံးဝမရှိပါဘူး။ ရိုက်တယ်၊ ထိုးတယ်ဆိုတာ ဝေလာဝေး၊ ညီအစ်ကိုမောင်နှမတတွေ တစ်ယောက်ကိုတစ်ယောက် စကြနောက်ကြနဲ့ အရိုပ်တကြည့်ကြည့်နဲ့ ချစ်လိုက်ကြရတာ ဒီနေ့အထိပါပဲ။ နောက်ကြပြောင်ကြလို့ ဒါမှမဟုတ် ကိစ္စတစ်ခုခုမှာ သဘောကွဲလွဲလို့ ကျွန်တော်တို့တတွေ တစ်ခါတလေ ကတောက်ကဆ စကားများတာတွေတော့ ရှိပါတယ်။ ဒါပေမယ့် ခိုက်ရန်ဖြစ်တယ်ဆိုတာမျိုး အကြီးအကျယ် သတ်ဖြတ်တယ်ဆိုတာတော့ ကျွန်တော်တို့ဘဝမှာ လုံးဝ မရှိခဲ့ကြပါဘူး။ အမေရဲ့သွန်သင်ဆုံးမမှုကြောင့် ညီအစ်ကိုမောင်နှမတွေ တစ်ယောက်နဲ့တစ်ယောက် သိပ်ကိုချစ်ကြပြီး သူ့စီးပွားကိုယ့်စီးပွားတောင် မခွဲတဲ့သဘောနဲ့ နေကြတာပါ။ ညီအစ်ကိုမောင်နှတွေ အဲလို သိပ်ချစ်ကြလွန်းတော့ တစ်ခါတလေ အိမ်ထောင်ဘက်အမျိုးသမီး၊ အမျိုးသားတွေတောင် ကျွန်တော်တို့ကို နားမလည်နိုင်ကြပါဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ဖြစ်ရပ်မှန်တစ်ခုကို ပြောရမယ်ဆိုရင် တစ်ခါက ကျွန်တော့်အစ်ကိုကြီး အိမ်ကို ညီတော်မောင် လာတည်းတော့ ညီငယ်ဝတ်လာတဲ့ ဂျာကင်အင်္ကျီကို အစ်ကိုကြီးက ကြိုက်လို့ "ငါ့ပေးခဲ့ကွာ" လို့ပြောတော့ ညီကလည်း "ယူထားလိုက်လေ" ဆိုပြီး ကြည်ကြည်ဖြူဖြူပဲ ပြောလိုက်ပါတယ်။ ဒါပေမယ့် မနက်ရောက်တော့ ကျွန်တော်တို့ ညီအစ်ကိုတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုသဘောထားကြတယ်ဆိုတာကို နားမလည်တဲ့ ညီတော်မောင်ရဲ့အမျိုးသမီးက အဲဒီဂျာကင်ကို ဝှက်ထားလို့ အစ်ကိုကြီး မရလိုက်ပါဘူး။ အမေရဲ့အုပ်ထိန်းမှု၊ သွန်သင်မှုတွေကို အငယ်တည်းက အမြဲကြားနေခဲ့ရပြီး အမေ့ရဲ့ အတွေးအခေါ် အယူအဆသဘောတရားတွေဟာ ကျွနတော်တို့ထဲကို တစိမ့်စိမ့် ဝင်လာခဲ့တာ ဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ စည်းစည်းရုံးရုံးနဲ့ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတာဟာ အထူးအဆန်းမဟုတ်ပါဘူး။ အဲဒီ မျိုးဆက်တွေ ပါလာကြတာကြောင့် ကျွန်တော့် သားသမီးတွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်တဲ့ မျိုးရိုးက ဆက်ပါနေတုန်းပါပဲ။ အညာပြန် ရထားပေါ်မှာ ခုနကပြောသလို ညီအစ်ကို ဟိုစဒီစ အော်ကြဟစ်ကြ ဖြစ်ကြတာမျိုးကတော့ မကြာခဏဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တတွေဟာ သိပ်ကိုချစ်ကြတဲ့ ညီအစ်ကို မောင်နှမတွေပါ။ ဒါနဲ့ ကျွန်တော်တို့ ဘရိတ်ဖတ်အကြောင်းကို ဆက်ပြောရမယ်ဆိုရင် အီကြာကွေးကုန်သွားတော့ ကျွန်တော်တို့ ပဲပြုတ်နံပြားစားချင်လာကြပြန်ပါတယ်။ နံပြားဆိုတာကတော့ ရန်ကုန်ရောက်မှ တစ်ခါတလေ စားကြရတဲ့စားစရာပါ။ ရန်ကုန် ကနေဒီအိမ်မှာ တည်းတဲ့အခါ ဦးလေးကြီးနဲ့အန်တီမြတို့က မနက်အိပ်ယာထမှာ နံပြားနဲ့ ပဲပြုတ်ကျွေးတဲ့အခါ စားရတာဟာ နံပြားမစားဘူးတဲ့ ကျွန်တော်တို့အတွက် သိပ်ကို အရသာရှိပါတယ်။ ဒါကြောင့် ရထားပေါ်မှာ ကျွန်တောတို့ အီကြာကွေးစားပြီးတော့ အမေ့ကို နံပြားနဲ့ပဲပြုတ် ဆက်ဝယ်ခိုင်းကြတာပါ။ အမေကလည်း ဝယ်ကျွေးရှာပါတယ်။ ဒီလိုနဲ့ အားလုံးစားသောက်ပြီးတော့ မနက်

(၇း၀၀)နာရီလောက် ဖြစ်နေပါပြီ။ ရထားထွက်ဖို့ အချိန်နီးပြီလို့ အမေက ပြောပါတယ်။ ခဏနေတော့ ဂါတ်ဗိုလ်ကြီးမှူတ်လိုက်တဲ့ ခရာသံစူးစူးရှရှကို ကြားရပါတော့တယ်။ ကျွန်တော်တို့တတွေ ခေါင်းပြူပြီး ကြည့်လိုကတော့ ဂါတ်ဗိုလ်ကြီးဟာ ဂါတ်တွဲနားမှာရပ်ပြီး သူ့ခရာကို အားရပါးရ မှူတ်နေတာပါ။ ခရာလည်းမှူတ်ပြီးရော သူ့ဂါတ်တွဲပေါ်တက်ပြီး အလံ အစိမ်းလေးကိုဝှေ့ကာ ဝှေ့ကာနဲ့ အားရပါးရ လှူပ်ပြီးပြပါတော့တယ်။ အဲဒီမှာ ဂျုံးဂျုံးဂျက်ဂျက် အသံတွေပေးပြီး ရထားကြီး တဖြည်းဖြည်း ဘူတာထဲကနေ တလိမ့်လိမ့်နဲ့ စထွက်ပါတယ်။ ဂါတ်ဗိုလ်ကြီး ခရာမှူတ်ကတည်းက ခရီးသည်တွေကတော့ အပြေးအလွှား ရထားပေါ်ကို တက်ကြပါတယ်။ စျေးသည်တွေကလည်း အမြန်ရောင်းကြ၊ ပြန်အမ်းဖို့ ပိုက်ဆံလေးတွေကိုရှာ၊ ရထားအနောက်ကိုပြေးလိုက်ပြီး ပေး၊ ရထားပေါ်လိုက်ရောင်းမယ့် စျေးသည်တွေကလည်း အပြေးအလွှား ခုန်ခက်တက်ကြနဲ့ ရှုတ်ရှုတ်သဲသဲပါ။ ဒီလိုနဲ့ ရထားကြီး ပျဉ်းမနားဘူတာကနေ မန္တလေးဘက်ဦးတည်ပြီး စထွက်ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၇)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်း ရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်သိုက် အမေနဲ့ အညာပြန်ရတာ အမေ့ကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာ ရပ်မရဘာ ဆက်ရေးမိနေပါတယ်။

အညာဘူတာရုံ

ပျဉ်းမနားဘူတာမှာ ညအိပ်ပြီး ရထားထွက်ကတည်းက ကျွန်တော်တို့တတွေ တော်တော် ပျော်နေကြပါပြီ။ ဘာလို့တုန်းဆိုတော့ ဝမ်းတွင်းရောက်တော့မယ်၊ အမေကြီးတို့နဲ့ တွေ့ရတော့မယ်၊ မျိုးစုံဆော့ကြကစားကြမယ်ဆိုတဲ့ အတွေးတွေနဲ့ အလိုလိုနေရင်းကို ရယ်ချင်သလို အော်ချင်သလို ဖြစ်နေတာပါ။ ဘူတာပလက်ဖောင်းပေါ်က စျေးသည်တွေဆီက အမေဝယ်ကျွေးတဲ့ မနက်စာ စားသောက်ပြီးကြတော့ အမေက "ကလေးတွေ စားလည်း ပြီးပြီ၊ ပိုက်လည်းဝပြီနော်၊ ငြိမ်ငြိမ်နေကြ၊ သိပ်မဆော့ကြနဲ့" လို့ ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ရထား ထိုင်ခုံပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် တွန်းလိုက်တိုက်လိုက် စလိုက်ပြောင်လိုက်နဲ့ ဝန်းဒိုင်းကြဲပါပဲ။ ဒီလိုနဲ့ ရေနွေးငွေ့စက်ခေါင်းမဲကြီးဆွဲတဲ့ ရထားကြီးဟာ တရွေ့ရွေ့နဲ့ မန္တလေးဘက်ကို ဦးတည်ပြီး ထွက်လာပါတယ်။ ကျွန်တော်တို့ စီးလာတဲ့ အညာပြန်စာပို့ရထားကြီးဟာ ဘူတာတော်တော်များများမှာ ရပ်ပါတယ်။ အဲဒီခေတ်က ရထားလမ်းတလျှောက်က အညာဘူတာလေးတွေရဲ့ မြင်ကွင်းဟာ လွမ်းစရာပါပဲ။ ဘူတာဆိုတာ တစ်ထပ်တိုက် အဖြူလေးပါ။ ပလက်ဖောင်းနဲ့ ဘူတာက ခပ်မြင့်မြင့်လေးပါ။ ဒါကြောင့် ဘူတာအဝင်မှာ အုတ်လှေကားလေး သုံးလေးထစ် အမြင့်တက်လိုက်တော့မှ ဘူတာထဲရောက်သွားပါတယ်။ ညာဘက်မှာ လက်မှတ်ရောင်း တဲ့အပေါက်နဲ့ ကောင်တာလေး၊ ဘယ်ဘက်မှာက ဘူတာလကရည်ဆိုင်၊ စားသောက်ဆိုင်ပေါ့။ အဲဒီကတစ်ဆင့် ရှေ့ဆက်သွားလိုက်မှ ဘူတာပလက်ဖောင်းပေါ်ကို ဝင်တဲ့ အပေါက်လေးကို တွေ့ရမှာပါ။ အဲဒီ အပေါက်လေးက သစ်သားတံခါးလေးနဲ့၊ အဲဒီ တံခါးလေးကိုဖြတ်ပြီး ဝင်လိုက်တော့မှ အမိုးမိုးထားတဲ့ ဘူတာအဆောက်အဦလေးရဲ့ မျက်နှာစာ ရင်ပြင် အုတ်သမံတလင်းနေရာ သေးသေးလေးကို တွေ့ရပါတယ်။ ဒီလို ဘူတာအတွင်းထဲကနေ ပလက်ဖောင်းကိုသွားလို့ရတဲ့ တံခါးလေးဟာ

အချိန်ပြည့်ဖွင့်ထားပြီး ရထားဆိုက်တဲ့အချိန်မှာတော့ ပိတ်ထားပါတယ်။ ရထားဆိုက်လို့ ခရီးသည်တွေ ဆင်းလာပြီဆိုတော့မှ ယူနီဖောင်းအပြည့်အစုံဝတ်ထားတဲ့ လက်ထောက်ရုံပိုင်က တံခါးလေးကို စေ့လိုက်ပြီးတဲ့နောက် တံခါးဝကနေ ဆးပြီး ရထားဆင်း ခရီးသည်တွေဆီက ရထားလက်မှတ်တွေ တောင်းယလက်မှတ်စစ်ပါတယ်။ အဲဒီခေတ်က တောဘူတာလေးတွေဖြစ်ပေမယ့်လို့ ရထားဆိုက်လာရင် အထွက်မှာ လက်မှတ်ကို သိမ်းပြီး လက်မှတ်စစ်လေ့ရှိပါတယ်။ ဘူတာသေးသေးလေးတွေမှာ လက်မှတ်စစ်လို့ သီးသန့်မထားနိုင်ပါဘူး။ လက်ထောက်ရုံပိုင်ကပဲ လက်မှတ်စစ်ပါတယ်။ အညာ ဘူတာတွေအကြောင်းဆက်ရမယ်ဆိုရင် ပလက်ဖောင်းအကြောင်းပြောရမှာပါ။ ဘူတာနဲ့ သံလမ်းကြားမှာ ကျောက်စရစ်ခဲသေးသေးလေးတွေနဲ့ ခင်းထားတဲ့ ဘူတာပလက်ဖောင်း ရှိပါတယ်။ ဘူတာအဆောက်အဦ ကနေ ဘယ်ဘက်၊ ညာဘက် တစ်ဘက်ကို ပေ ၃၀၀ လောက် ပလက်ဖောင်း ဧရိယာလို့ သတ်မှတ်ပြီး သံဇကာခြံစည်းရိုး ကာထားပါတယ်။ သံဇကာအဆုံး တစ်ဘက်တစ်ချက်မှာ ဘူတာဆိုင်းဘုတ်လေးတွေ ရှိပါတယ်။ သစ်သားတိုင်နှစ်ချောင်းထောင်ထားပြီး သစ်သားပြားနဲ့လုပ်ထားတဲ့ သစ်သားဆိုင်းဘုတ် အဖြူလေးတွေပါ၊ ဘူတာနာမည်ကို အပေါ်က မြန်မာလို၊ အောက်က အင်္ဂလိပ်လို နှစ်ဘာသာ ရေးထားပါတယ်။ ဆိုင်းဘုတ်မှာရှိတဲ့ သစ်သားပြားကို စာလုံးတွေထွင်းပြီး ဘူတာနာမည်ရေးထားတာပါ။ ဆိုင်းဘုတ်ကို ဆေးအဖြူသုတ်၊ နာမည်စာလုံးတွေကို ဆေးအမဲနဲ့ ခြယ်ထားပါတယ်။ ဆိုင်းဘုတ်လေးတွေရဲ့ မျက်နှာ နှစ်ဘက်လုံးမှာ ဘူတာနာမည် စာလုံးတွေကို တပုံစံထဲရေးထားပါတယ်။ အဲလိုနှစ်ဘက်ရေးထားတော့ ရထားအဝင်မှာကော အထွက်မှာပါ ဘူတာနာမည်ကို ဖတ်လို့ရတာပေါ့။ ဆိုင်းဘုတ်ဟာ ဘူတာ ပလက်ဖောင်းရဲ့ နယ်နမိတ်အဆုံးပါပဲ။ ခရီးသည်တွေဟာ လက်မှတ်စစ်နဲ့ မတွေ့ချင်ရင် ဘူတာထဲမဝင်ဘဲနဲ့ ဆိုင်းဘုတ်ဘေးကနေ ထွက်သွားလို့တော့ရပါတယ်။ ဒါပေမယ့် အဲလို ဘယ်သူမှ မလုပ်ကြပါဘူး။ အညာဘူတာ ပလက်ဖောင်းဟာ အရိပ်မရှိ၊ အမိုးမရှိနဲ့ နွေခေါင်ခေါင်နေ့လည်လိုအချိန်မျိုးမှာ သိပ်ကိုပူပြင်းလှပါတယ်။ ဘူတာပလက်ဖောင်းရဲ့ ဘယ်ဘက်အဆုံး ဘူတာ ဆိုင်းဘုတ်အနီးမှာ ရထားလိုင်းတွေ ခွဲနိုးဖို့လုပ်တဲ့ သံဇကာကာထားတဲ့ နှစ်ထပ် အဆောက်အဦလေး ရှိပါတယ်။ အပေါ်ထပ်မှာရော အောက်ထပ်မှာပါ လိုင်းခွဲနိုးဖို့ သံဂီယာ အတံကြီးတွေ အများကြီး ရပါတယ်။ ဒီလိုင်းခွဲနိုးရုံဟာ ရုံပိုင်ကြီးပဲ သေ့ကိုင်ပြီး ဝင်ခွင့်ရှိပါတယ်။ လိုင်းတွေပြောင်းတဲ့လူကို 'ဂျမဒါ' လို့ခေါ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ သဲတောဘူတာရဲ့ အခေါ်အဝေါ် ပေါ့လေ။ ဘယ်လိုအဓိပါယ်ရှိလို့ ဘယ်လိုအဆက်အစပ်ရှိလဲတော့ မသိဘူး။ ကျွန်တော်တို့ ကလေးဘဝမှာ ဂျမဒါကြီး လိုင်းခွဲနိုးတယ်လို့ ပြောသံကြားခဲ့ရတာပါ။

ရထားတွေ့

ဘူတာရုံရဲ့ ညာဘက်မှာ ရုံပိုင်ကြီး ရုံးခန်းရှိပါတယ်။ အပြင်ရုံးခန်းလေးကတော့ စားပွဲနဲ့စာရွက်တွေနဲ့ ရုံပိုင်ကြီး ရုံးကိစ္စတွေလုပ်တဲ့နေရာပါ။ ဘူတာလေးက သေးပေမယ်လို့ ရထားနဲ့ဘူတာနဲ့ပတ်သက်တဲ့ ရုံးကိစက အတော်များပါတယ်။ ဘာလို့လည်းဆိုတော့ အဲဒီတုန်းက အညာဒေသထွက်ကုန် ပစ္စည်းတွေဟာ ရထားကို အခြေခံပြီး ကုန်စည် စီးဆင်းလည်ပတ်တာပါ။ ဥပမာပြောရမယ်ဆိုရင် သဲတော ဘူတာမှာ ဒေသတစ်ခုလုံး ထွက်တဲ့ ငြုပ်သီး၊ ပြောင်းဆန်၊ ပဲအမျိုးမျိုး၊ လုံချည်စတဲ့ သဲတောဝမ်းတွင်း တစ်နယ်လုံး ကပစည်း အားလုံးလိုလိုဟာ သဲတော ဘူတာက ရထားနဲ့တင်ပြီး တစ်ပြည်လုံးကို ဖြန့်တာပါ။ အဲလိုပဲ ရန်ကုန်၊ မန္တလေးက သစ်၊ ဘိလပ်မြေ၊ ကျောက်စရစ်၊ သဲ စတဲ့ ဒေသတစ်ခုလုံးမှာသုံးတဲ့ ကုန်ကြမ်းကုန်ချောပစည်းတွေ အားလုံးဟာလည်း ရထားနဲ့ပဲ သယ်လာပြီး သဲတောဘူတာမှာ ချတာပါ။ ဒါကြောင့် အညာဘူတာလေးတွေဟာ သေးပေမယ့် ဒေသကုန်စည်စီးဆင်းရေးမှာ တော်တော်ကို အရေးပါပါတယ်။

စာပို့ရထား

ဘူတာလေးတွေမှာရပ်တဲ့ ရထားတေအကြောင်းကို ပြောရမယ်ဆိုရင် သဲတောလို ဘူတာသေးသေးလေးမှာ အညာအဆန်၊ အောက်ပြည်သွား စာပို့ရထားကြီးတွေ ဆိုက်ပါတယ်။ ဟိုတုန်းက အခေါ်အဝေါ်တွေနဲ့ ပြောရမယ်ဆိုရင် အညာဆန်စာပို့ကို ဝမ်းအပ်(ပ်) 1 up ၊ မန္တလေးက ရန်ကုန်ကိုသွားရင် တူးဒေါင်း 2 down ဆိုပြီး အစန်နဲ့ အဆန်ကို up နဲ့ down သုံးပြီး ပြောလေ့ရှိပါတယ်။ စာပို့ကြီးတွေကတော့ နာမည်က စာပို့ဆိုတဲ့အတင်း ဘူတာတိုင်းလိုမှာ ရပ်ပါတယ်။ ရထားရဲ့နောက်ဆုံး ဂါတ်ဗိုလ်တနားမှာ စာပို့တွဲရှိပြီး ရထားနံရံမှာ စာထည့်ရမယ့်အပေါက်လေး ရှိပါတယ်။ ကျွန်တော်တို့ အငယ်တုန်းက ရန်ကုန်ကို အရေးတကြီး စာပို့စရာရှိရင် အမေ့ရဲ့ညွှန်ကြားချက်အရ ဝမ်းတွင်းစာတိုက်ပုံး ထဲကို သွားထည့်မနေတောဘဲ စာပို့ရထားကြီးလာမယ့်အချိန် သွားစောင့်ပြီး စာပို့တွဲထဲကို တိုက်ရိုက် သွားထည့်ရပါတယ်။

လော်ကယ်ရထား

စာပို့ရထားကြီးအပြင် လော်ကယ်ရထားဆိုတာတွေ ရှိပါသေးတယ်။ လော်ကယ်ဆိုတာ အဝေးကြီးသွားတာ မဟုတ်ဘဲ မန္တလေး-သာစည်၊ ကူမဲနဲ့ ကျောက်ဆည်ဆိုပြီး အနီးတဝိုက်ဒေသ လိုကယ်ဧရိယာ local area ထဲမှာပဲ သွားတဲ့ ရထားတွေကို ခေါ်တာပါ။ Local ကို မြန်မာမှုပြုပြီး ခေါ်လိုက်တော့ လော်ကယ်ရထား ဖြစ်သွားတာပေါ့။ လော်ကယ်ရထားကတော့ ရှိသမျှဘူတာတိုင်း ရပ်ပါတယ်။ အညာက တစ်ချို့ဘူတာ အသေးလေးတွေမှာ ဘူတာသာဆိုတယ် ဘူတာအဆောက်အဦ မရှိပါဘူး။ ဘူတာဆိုင်းဘုတ်လေးနဲ့ ပလက်ဖောင်းလေးပဲရှိတာ။ စောင့်နေတဲ့ခရီးသည်တွေရှိရင် ရထားက အဲလို ဘူတာမှာရပ်တယ်၊ ဆင်းမယ့်

တက်မယ့် ခရီးသည်မရှိရင် မရပ်ဘူး။ အဲလိုတောဘူတာမျိုးမှာ ဘူတာအဆောက်အဦ မရှိတော့ လက်မှတ်ရောင်းစရာနေရာလည်းမရှိ ရောင်းမယ့်လူလည်း မရှိပါဘူး။ ခရီးသည်တွေ ရထားပေါ်တက်ပြီးမှ ဂါတ်ဝိုလ်ကြီးက လက်မှတ်လိုက်ရောင်းပါတယ်။ ကျွန်တော့်ကိုယ်တွေ့ လော်ကယ်ရထားအကြောင်း ပြောရရင် မိတလာနဲ့ မြင်းခြံကြားသွားတဲ့ လော်ကယ်ရထားဟာ ခရီးသည်က ဘူတာမရောက်သေးဘူး ဟိုးအဝေးကြီးကနေ ရထားကို လက်တွေ့ရမ်းပြီး လှမ်းတားတာနဲ့ ရထားကြီးက ရပ်စောင့်ပြီး ခရီးသည် တင်တာ တွေ့ဘူးပါတယ်။ လော်ကယ်ရထားဆိုတာကတော့ ရိုးရိုးတောကဘတ်စ်ကားလိုပဲ ရပ်ချင်တဲ့ နေရာမှာ ကြုံသလိုရပ်၊ တင်ချင်တဲ့ပစ္စည်း အကုန်တင်ပဲ။ ဘေးအကာအရံအမိုးမရှိတဲ့ ကုန်တွဲနှစ်တွဲ လောက်ကလည်း ချိတ်ထားသေးတယ်။ အဲဒီလို အမိုးပွင့် ကုန်တွဲတွေပေါ်မှာ လူတွေက အပြည့်အညပ်၊ ထင်းစည်းတွေ၊ ကြက်တွေ၊ ချဉ်ပေါင်ရွက်အစည်းကြီးတွေ၊ ထန်းသီးခိုင်တွေ၊ ပြောရမယ်ဆိုရင်တော့ တင်ချင်တာကို တင်ချင်သလိုကတင်လာတော့တာပါပဲ။ လော်ကယ်ရထားမှာ ခရီးသည်အတွက်ပဲ လက်မှတ်ဖြတ်ပြီးတော့ တင်လာတဲ့တိုလီမိုလီ ကုန်တွေအတွက်တော့ ပိုက်ဆံ မပေးရပါဘူး။ ဆန်အိတ်တွေ၊ ပဲအိတ်တွေလို ကြီးကြီးမားမားပစ္စည်းတွေ ပါလာတယ်ဆိုမှ ဂါတ်ဝိုလ်ကြီးက သူ့စိတ်နဲ့မှန်းပြီး တန်ဆာဘိုးဆိုတဲ့ ကုန်ပစည်းဘိုးကို ဖြတ်ပါတယ်။ ရထားပေါ်မှာ ပစ္စည်းတင်တဲ့အခကို တန်ဆာခလို့ ခေါ်ပါတယ်။ အဲလို တန်ဆာခတွေကို လော်ကယ်ရထားပေါ်မှာ ဂါတ်ဝိုလ်ကြီး စိတ်ကြိုက်ဖြတ်တာဆိုတော့ ခရီးတိုသမားတွေအတွက် လော်ကယ်ရထားဟာ စျေးချိုချိုနဲ့ ကုန်သယ်လို့ ရတဲ့အတွက် သိပ်ကို အသုံးဝင်ပါတယ်။ ဘူတာမှာ ကုန်တင်မယ်ဆိုရင် ပစ္စည်းတေကို တန်ဆာချိန်ပြီး ဘောက်ချာဖြတ်၊ ငွေသွင်းပြီဆိုရင် စျေးသိပ်ကြီးသွားမှာပေါ့။ ဒါကြောင့် ကုန်သည်လေးတွေ၊ လယ်ယာသမားတွေ၊ အသေးစားလုပ်ငန်းရှင်လေးတွေဟာ လော်ကယ် ရထားကိုပဲ အားကိုးကြရတာပါ။ လော်ကယ်ရထားကို စီးမယ်ဆိုရင် တော်တော်ကို စိတ်ရှည်ရပါတယ်။ အညာနေပူပူမှာ ရပ်ချင်သလိုရပ်၊ သွားချင်သလို သွားနေတဲ့ လော်ကယ်ရထားကို ရန်ကုန်ကလူတွေ စီးရင် စိတ်ရှုပ်မှာပါ။ အညာဒေသကလူတွေရဲ့ လူမှုရေးစနစ်ပုံစံ life styleကိုက နှေးနေတယ်၊ လို့ပြောရမှာပါ။ သူတို့ပုံစံတွေက slow pace လို့ ခေါ်ရမှာပေါ့။ သူတို့မှာ ဘာမှလည်း အပူအပင်မရှိ၊ လောစရာ အကြောင်းလည်း မမြင်၊ ဒီလော်ကယ်ရထားပေါ်မှာ ပစည်းတွေတင်ပြီးပြီဆိုတာနဲ့ အေးအေးဆေးဆေး သွားရုံပဲ၊ ပါလာတဲ့ ထမင်းချိုင့်ဖွင့်၊ ဘူတာမှာ လာရောင်းတဲ့အကြော်သည်ဆီက ဘူးသီးကြော် ဒါမှမဟုတ် ဘယာကြော်နှစ်ခု လောက်ဝယ်၊ အကြော်နှစ်ခုကို လူလေးယောက်လောက်မျှပြီး ဖဲ့ကာဖဲ့ကာနဲ့ အကြော်ပါလေကာကို အေးစက်ပြီးမာနေတဲ့ ထမင်းခဲတေထဲမှာ မြှုပ်ပြီးအားရပါးရ ကိုက်စားကြမယ်။ နည်းနည်းလေး အဆင့်မြင့်တဲ့လူတွေရောကတော့ အိမ်ကသုပ်ပြီးယူလာတဲ့ လွှက်သုပ်၊ ကြက်သွန်ဖြူ၊ ငြုပ်သီးတောင့်ပွလေးတွေနဲ့ ရထားပေါ်မှာ ထမင်းမြိန်ရေယှက်ရေနဲ့စားကြပါတယ်။ ပြီးတော့မှ ဆေးပေါလိပ် ပြောင်းဖူးဖက်လေးတွေကိုယ်စီဖွာပြီး နားနား

နေနေ စကားစမြည် ပြောပြီး လော်ကယ်ရထားစီးကြတာကြာလို့ ကြာမှန်းလည်းမသိ။ ရထား ရပ်တာကြာလို့ တစ်ယောက်ယောက်က "ဟေ့ ရထားရပ်တာ ဘာလို့ကြာနေတာလဲ" လို့ မေးရင် တစ်ယောက်က "ငါသွားမေးပြီးပြီ၊ ဂါတ်ဗိုလ်ကြီး ထမင်းစားနေလို့ကွ၊ သူလည်း ဆာမှာပေါ့ကွာ၊ ကျောက်ဆည်က ထွက်ကတည်းက ရထားကြီးက ဘူတာတိုင်းမှာရပ်ရ၊ ကုန်တွေလူတွေတင်ရတာလည်း နည်းမှမနည်းကိုး" ဆိုပြီး လော်ကယ်ရထားကြီးကို ရပ်စောင့်ခိုင်းပြီး ဂါတ်ဗိုလ်ကြီးဘူတာမှာ ထမင်းစားတာက အေးအေးဆေးဆေး ခွင့်လွှတ်နားလည်ခံယူနိုင်တဲ့ လော်ကယ်ရထားစီး ခရီးသည်တွေပါ။ အဲလို လော်ကယ်ရထားတွေကို မြို့သူမြို့သား ရန်ကုန် မနေလေးကလူတွေ လာစီးရင် ဘယ်လိုမှ စိတ်ရှည်မှာ မဟုတ်ပါဘူး။

<u>ကုန်ရထား</u>

ဘူတာမှာရပ်တဲ့ရထားတွေအကြောင်းကို နောက်ဆက်ပြောရမယ်ဆိုရင် နောက်ကျန်သေးတ ရထားတစ်မျိုးက ကုန်ရထားတွေပါ။ ကုန်ရထား တွေဟာ ဘူတာမှာ ရပ်တုန်း ကုန်တွဲပေါ်မှာ တစ်ခါတည်း တင်လို့ရတာတွေကို တင်သွားတယ်။ အချိန်ယူပြီး ခပ်ကြာကြာတင်ရမယ့် ပစ္စည်းတွေရောက်တော့ အေးအေးဆေးဆေးတင်လို့ရအောင် ကုန်ရထားကြီးက ကုန်တွဲတချို့ကိုဖြုတ်ပြီး ဘူတာမှာ ထားခဲ့ပေးတယ်။ ကုန်တွေတင်ပြီးပြီဆိုတော့မှ နောက်တစ်ခါလာတဲ့ ကုန်ရထားနဲ့ အဲဒီတွဲတွေကို ပြန်ချိတ်ပေးလိုက်ပါတယ်။ ကုန်ချတာမှာလည်း ဒီလိုပဲ၊ ကုန်ချရမှာ ကြာတဲ့တွဲတွေကို ဘူတာမှာ ဖြုတ်ချခဲ့၊ ကုန်တွေချပြီး ဒေသထွက်တွေ ပြန်တင်၊ နောက်ကုန်ရထားက ပြန်လာမှ ပြန်ချိတ်ပေါ့။ ဒီလို ကုန်တင် ကုန်ချတွေလုပ်ဖို့၊ ဘူတာတဖက်နားမှာ ကုန်ရထားတွေရပ်ဖို့ ရှုန်တိန်ဧရိယာရှိပါတယ်။ ရထားလမ်းတွေကို ဟိုပြောင်း ဒီပြောင်း၊ တွဲတွေ ခေါင်းတွဲတွေ လိုင်းပြောင်းပြီး တွဲတွေကို နေရာရွှေ့တာကို အင်္ဂလိပ်လို (shunting) လို့ ခေါ်ပါတယ်။ မြန်မာလိုခေါ်လိုက်တော့ ရှုန်တိန်ပေါ့။ ရှုန်တိန်လုပပြီး ရထားတွဲတွေ၊ ကုန်တွဲတွေကို ခေါင်းတွဲကြီးကနေ ဖြည်းဖြည်းလေးဆွဲ၊ နေရာပြောင်း၊ ကြိုက်တဲ့နေရာရောက်တဲ့အခါ ဖြုတ်ပြီး ကုန်တင်ကုန်ချလုပ်ပါတယ်။ အဲလို ရှုန်တိန်လုပ်တာမှာ ဂါတ်ဗိုလ်ကြီးက တော်တော်ကို အရေးပါပါတယ်။ ဘာလို့လည်းဆိုတော့ ဘူတာရုံပလက်ဖောင်းရှေ့မှာ ရထားသံလမ်းက နှစ်လမ်းပဲရှိပေမယ့်လို့ ရှုန်တိန်ဧရိယာမှာတော့ သံလမ်းတွေက အများကြီး၊ ကုန်ရထားတွေ၊ တွဲတွေ အများကြီး။ ရုံပိုင်ကြီး ရှုန်တိန်လမ်းလွှဲတာမှားရင် ရထားတွဲတွေ လမ်းချော်ကုန်မယ်၊ တိုက်ကုန်ပါမယ်။ အဲလို ရှုန်တိန်ဧရိယာမှာ တစ်ခါတလေ တချို့ကုန်တွဲတွေမှာ ပစ္စည်းတွေတင်ပြီး ကုန်ရထားလာမဆွဲရင် အကြာကြီးရပ်ထားတာလည်း တွေ့ရဘူးပါတယ်။

ရုံပိုင်ကြီး

ခုနကပြောသလိုပဲ အညာဘူတာလေးတွေဟာ သေးသာသေးတာ၊ အလုပ်တွေက တော်တော် များပါတယ်။ ဒါကြောင့် တောဘူတာလေးမှာ အကြီးဆုံးတာဝန်ယူပြီး အုပ်ချုပ်နေရတဲ့ ရုံပိုင်ကြီးရဲ့ တာဝန်တွေက တော်တော် ကြီးပါတယ်။ ရုံပိုင်ကြီးအောက်မှာ လက်ထောက်ရုံပိုင်ရှိပါတယ်။ ရုံပိုင်ရော၊ လက်ထောက်ရုံပိုင်ဟာ ယူနီဖောင်းအမြဲဝတ်ကြပါတယ်။ စဉ်းစားကြည့်မယ်ဆိုရင် သဲတောလို တောဘူတာ လေးမှာ ဘယ်သူမှလည်းလာပြီး စစ်မှာ ဆေးမှာ မဟုတ်ပေမယ့် ကျွန်တော်တို့ အငယ်တုန်းကတွေ့ခဲ့ရတဲ့ ရုံပိုင်ကြီးတွေဟာ စမတ်ကျကျ ကော်တောင်နေတဲ့ယူနီဖောင်းကို နေ့တိုင်းတာဝန်ချိန်မှာ ဝတ်ထားတာ တွေ့ရပါတယ်။ အကျအဖြူ၊ ဘောင်းဘီအပြာ၊ ရှူးအမဲနဲ့ ဦးထုပ်အဖြူ ဆောင်းထားပြီး အလုပ်တွေကို လုပ်ပါတယ်။ အလံအဖြူ၊ အနီနဲ့ ခရာဟာ သူ့အတွက် မရှိမဖြစ် လုပ်ငန်းသုံးပစ္စည်းတွေပါ။

ကြေးနန်း

ရှေ့မှာပြောခဲ့တဲ့ရုံပိုင်ကြီးအခန်းအကြောင်း ဆက်ပြောရမယ်ဆိုရင် အပြင်ဘက်မှာ သူ့ရုံးခန်းလေး ရှိပြီး အတွင်းခန်းမှာ ကြေးနန်းစက်လေး ရှိပါတယ်။ ကျွန်တော်တို့ကတော့ အဖေ့ရဲ့ အရှိန်အဝါ အဆက်အသွယ်နဲ့ဆိုတော့ ရုံပိုင်ကြီးရဲ့အတွင်းခန်း ကြေးနန်းစက်ကို ဝင်ကြည့်ခွင့်ရှိပါတယ်။ "က ရာ ကတ်တူ------" စတဲ့ အသံလေးတွေ မြည်ပါတယ။ ခလုတ်လေးကို လက်နဲ့နှိပ်လိုက် လွှတ်လိုက် လုပ်တော့ လျှပ်စစ်ကားရင့်စီးလိုက်၊ မစီးလိုက်ဖြစ်ပြီး အသံလေးတွေ မြည်ပါတယ်။ အဲဒီအသံတွေကို အေ၊ ဘီ၊ စီ၊ ဒီ အဓိပ္ပါယ်ဖော်ပြီးတော့ စကားလုံးတွေလုပ်ပြီး တစ်နေရာနဲ့တစ်နေရာ ဆက်သွယ်ရတာပါ။ ကြေးနန်းရိုက်တဲ့စက်ပေါ့။ အင်္ဂလိပ်လိုတော့ တယ်လီဂရပ်(ဖ်) telegraph လို့ ခေါ်ပါတယ်။ ရထားဘူတာရုံမှာတင် သုံးတာမဟုတ်ပါဘူး။ အဲဒီတုန်းက ကြေးနန်းဆိုတာ သိပ်ခေတ်စားပြီး မြန်မာတစ်နိုင်ငံလုံး အရမ်းအသုံးဝင်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းပါ။ ကြေးနန်းကို အင်္ဂလိပ်လို တယ်လီဂရမ် (telegram) လို့ ခေါ်ပါတယ်။ အဖေတို့ကတော့ ရိုးရိုးအင်္ဂလိပ်အရပ်သုံးစကားနဲ့ ဝိုင်ယာ (wire) လို့ အလွယ်တကူ ခေါ်တာလည်း ကြားခဲ့ဘူးပါတယ်။ တယ်လီဖုန်းတောင် မြို့တိုင်းမှာ မရှိတဲ့ ခေတ်ကာလဆိုတော့ တစ်ပြည်လုံးမှာ တစ်နေရာနဲ့တစ်နေရာ ဆက်သွယ်ဖို့ရာ ကြေးနန်းကိုပဲ အားလုံးသုံးရပါတယ်။ ကြေးနန်းပို့ရင် ပိုက်ဆံကန်သက်သာအောင် စာသားတွေကို အတိုပဲရေးကြပါတယ်။ ဥပမာ- ကျွန်တော့်အစ်ကို ကိုခင်မောင်တင့်(ကိုတူး) စာမေးပွဲအောင်စာရင်းထွက်လို့ အောင်တယ်ဆိုရင် ရန်ကုန်ကပို့လိုက်တဲ့ ကြေးနန်းမှာ passed လို့ပဲ ရေးလိုက်ပါတယ်။ ကြေးနန်းပို့တာကို ကြေးနန်းရိုက်လိုက်တယ်လို့လည်း သုံးကြပါတယ်။ ရန်ကုန်ကအစ်ကိုကြီးက ကြေးနန်းပို့လိုက်တာ

ဝမ်းတွင်းအိမ်မှာ အဲလို passed လို့ ကြေးနန်းရရင် "ဩော် ကိုတူးတော့ ဒီနှစ်စာမေးပွဲ အောင်သွားပြန်ပြီ" လို့ ကျွန်တော်တို့အားလုံး သိရတာပေါ့။ ဒီလို ကြေးနန်းကို အတိုပို့တာနဲ့ ပတ်သက်လို့ အဖေပြောခဲ့တဲ့ ဟာသတစ်ခုကို သတိရမိပါသေးတယ်။ တစ်ခါက မြို့လေးတစ်မြို့ကမိဘတွေဟာ ကလေး(၄)ယောက်ကို ရန်ကုန်ကအင်္ဂလိပ်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ပို့ထားတယ်တဲ့။ တစ်နေ့တော့ အဲဒီ အင်္ဂလိပ်ကျောင်းက သူ့ကလေးတွေက သူ့မိဘဆီကို ကြေးနန်း ရိုက်လိုက်တယ်တဲ့။ All well, 3 up လို့ ကြေးနန်းထဲမှာ အတိုပဲ ရေးပို့လိုက်တာပါ။ ဒါနဲ့ ကလေးတွေအဖေက အင်္ဂလိပ်စာ မတတ်တော့ ကြေးနန်းရရခြင်း ဘေးအိမ်က (၁၀)တန်းကျောင်းသားကို ကြေးနန်းဖတ်ပြီး ဘာသာပြန်ပေးပါလို့ သွားပြောတယ်တဲ့။ အဲဒီ (၁၀)တန်းကျောင်းသားက ကြေးနန်းကိုဖတ်ပြီး "ဦး စိတ်ခိုင်ခိုင်ထားပါ၊ ဦး ကလေး(၄)ယောက်လုံး ရေတွင်းထကျသွားပြီ၊ (၃)ယောက်တော့ ဆယ်လို့ရတယ်" လို့ ပြောလိုက်ပါတယ်။ မှတ်ကရောပဲ။ တကယ်တော့ ပြောချင်တာက All well အားလုံးနေကောင်းတယ်၊ 3 up အမှတ်သုံး အဆန်ရထားနဲ့လာမယ်လို့ရေးတာ။ ကြေးနန်းမှာ အတိုတွေရေးလိုက်တာကို အင်္ဂလိပ်စာ မတောက်တခေါက်တတ်တဲ့ ကျောင်းသားက ဘာသာပြန်လိုက်တော့ အဲလိုကမောက်ကမ အဓိပ္ပါယ်တော ဖြစ်ကုန်တာပေါ့။ ကြေးနန်းစာမှာ အတိုတွေ သိပ်ရေးလွန်းတော့ အဓိပါယ်လွဲတတ်တဲ့ အကြောင်း အဖေပြောခဲ့တဲ့ ဟာသလေးပါ။ ကြေးနန်းတွေအကြောင်း ဆက်ပြောရမယ်ဆိုရင် သားသမီးတွေ စာမေးပွဲကိစ္စနဲ့ အမေဟာ ကြေးနန်းကို မောအောင်မျှော်ရတာပါ။ အထူးသဖြင့် ကိုတူးဟာ ရန်ကုန်စက်မှုတက္ကသိုလ်မှာ နှစ်ခါလောက် စာမေးပွဲကျဖူးတော့ စက်မှုတက္ကသိုလ်စာမေးပွဲ အောင်စာရင်းတွေထွက်ခါနီးရင် အမေဟာ ရန်ကုန်က ကြေးနန်းတွေ ကို တအားမျှော်ပါတယ်။ ဘာလို့တုန်းဆိုတော့ အောင်စာရင်းထွက်ပြီဆိုတာနဲ့ ရန်ကုန်က အစ်ကိုကြီးက အောင်စာရင်းသွားကြည့်ပြီး ကိုတူး အောင်၊ မအောင် အမေ့ဆီကို ကြေးနန်းပို့တာကိုး။ ကြေးနန်းကို စာတိုက်ကပဲ ဝေပါတယ်။ ဝမ်းတွင်းစာတိုက်က စာဝေချိန်တွေမှာ ကြေးနန်းတွေကိုရောပြီး ဝေလေ့ရှိပါတယ်။ ဝမ်းတွင်းမြို့က စာပို့သမားကြီး ကိုပဲလှော် စက်ဘီးလေးနဲ့လာပြီဆိုရင် အမေဟာ ဝေ့ကာဝိုက်ကာ တစ်အိမ်ဆီ သွားနေတ ကိုပဲလှော်ကိုကြည့်ပြီး ကိုယ့်အိမ်ဘက်ကို လာနိုးနိုး မျှော်ရတာ အမော။ ဘယ်အချိန် ငါတို့တိုက်ဘက် လှည့်လာမလ ငါ့သား စာမေးပွဲ အောင်မှအောင်ပါ့မလားဆိုတဲ့ အတွေးနဲ့ အမေ ကြေးနန်းစောင့်ရတာပါ။ ကိုပဲလှော်ကြီး ကျွန်တော်တို့အိမ် ကျော်သွားပြီဆိုရင် အမေ မောသွားပြန်ရော။ "ဒုက္ခပဲ၊ ဒီကောင် ဒီနှစ်လည်း ကျပြန်ပြီလား မသိပါဘူး၊ ဒါမှမဟုတ် အောင်စာရင်းများ မထွက်သေးလို့လား၊ မောင်တင်နွယ် အောင်စာရင်း သွားမကြည့်လို့ ကြေးနန်းမပို့ဖြစ်တာလည်း ဖြစ်နေပါဦးမယ်၊ ဒီကောင် စာမေးပွဲ ထပ်ကျရင်တော့ ငါ ရွှေဆွဲကြိုးကြီး ကုန်တော့မှာပဲ" ဆိုပြီး စိတ်မောလမော ညည်းရှာပါတယ်။ အမေဟာ

သူ့ရဲ့ အတစ်လိုက်အတောင့်လိုက် အဆစ်လေးတွေပါတဲ့ အမ်စီ ရွှေဆွဲကြိုးကြီးကို ဖြတ်ဖြတ်ရောင်းပြီး ကျွန်တော်တို့တတွေကို ကျောင်းထားနိုင်ဖို့ ကျောင်းစားရိတ် ရှာရတာပါ။ ကိုတူးစာမေးပွဲ တစ်နှစ်ကျလိုက်တိုင်း စက်မှုတက္ကသိုလ် အဆောင်ကထွက်ရပြီး အပြင်ဆောင်တွေမှာ သွားနေရပါတယ်။ အဲဒီမှာသူ့ကို ထောက်ရတဲ့ စရိတ်က တက်သွားတော့ အမေ့ရွှေဆွဲကြိုးကြီး တိုသွားတာပေါ့။ အညာပြန်ရထားအကြောင်းရေးရင်းကနေ အငယ် တုန်းက ကြေးနန်းတွေသုံးကြတာကို သတိရသွားလို့ ကိုတူးအောင်စာရင်းကြေးနန်းကို အမေ မျှော်ရတဲ့အကြောင်း ရေးဖြစ်သွားမိပါတယ်။ ၁၉၈၃ ခုနှစ်က ကျွန်တော် အင်္ဂလန်မှာ MRCP သွားဖြေတုန်း အောင်စာရင်း ထွက်တော့ စာမေးပွဲအောင်တယ်ဆိုတာ မြန်မာပြည်ကို ကြေးနန်းပို့ခဲ့ဘူးပါတယ်။ အဲဒါ ကျွန်တော့်ဘဝမှာ နောက်ဆုံးသုံးခဲ့တဲ့ ကြေးနန်းပဲထင်ပါရဲ့။ မြန်မာပြည်မှာ ဘယ်အချိန်ကဘယ်လို ကြေးနန်းဆိုတာ ပျောက်ပျက်သွားလည်းတော့ မသိပါဘူး။ အခုခေတ် အင်တာနက်၊ အီးမေး၊ ဖက်(စ်)နှ့ မိုဘိုင်းလ်ဖုန်း IDD တိုက်ရိုက်နိုင်ငံခြားခေါ်တဲ့ဖုန်း စတဲ့ ဆက်သွယ်ရေး လမ်းကြောင်းတွေ တိုးတက်လာတော့ ကြေးနန်းဟာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားတယ် ထင်ပါတယ်။ ခုနကပြောနေတဲ့ ကျွန်တော်တို့အငယ်က တောဘူတာရုံပိုင်ကြီးတွေ အတွက်ကတော့ ကြေးနန်းဟာမရှိမဖြစ် တကယ့်ကိုအသုံးဝင်တဲ့ ဆက်သွယ်ရေး နည်းစနစ်ပါ။ ဘူတာတစ်ခုမှာ ရထားရောက်နေပြီ လွှတ်လိုက်ရမလားဆိုတာ ရှေ့ဘူတာကို ကြေးနန်းနဲ့ မေးတယ်။ ဒီဘက်ဘူတာထဲမှာ ရထားရှင်းရင် အိုကေလို့ ကြေးနန်းနဲ့ ပြန်ရိုက်တယ်ပေါ့။ ရထားတစ်စီးရှိနေသေးရင် ငါ အရင်လွှတ်မယ်၊ မင်းတို့ စောင့်ဆိုတဲ့ ရထားသွားလာရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်ပေါင်းစုံကို ကြေးနန်း "က ရာ ကတ်တူ" အသံလေးတွေနဲ့ ဆက်သွယ်ပြီး ရုံပိုင်တွေ ရထားကိစထိန်းကွပ်ရေးအလုပ် လုပ်ကြရတယ်။ သတင်းဆက်သွယ်တာ တစ်ချက် မှားသွားရင် ရထားချင်းတိုက်မယ်၊ ရုံပိုင်ကြီးတွေဟာ အဲဒီလိုရထားတွေရဲ့ အခြေအနေပေါ်ကြည့်ပြီး ကြေးနန်းရက်မယ် ပြီးတော့၊ ပလက်ဖောင်းအစွန်က ဂီယာတန်ရုံလေးကိုသွားပြီး ဂျမဒါနဲ့အတူ ဟိုလမ်းပြောင်းလိုက် ဒီလမ်း ပြောင်းလိုက် သံလမ်းတွေကို လိုသလိုပြောင်းပြီး ရထားတွေ မတိုက်မပြု ချောချောမွေ့မွေ့ သွားလာနေအောင် လုပ်ပါတယ်။ ရာထူးအရ ရုံပိုင်ကြီးသာခေါ်တယ်၊ ဘူတာကလေးက သေး၊ တောဘူတာရုံပိုင် လစာအဆင့်ကလည်း နိမ့်သေးတယ်။ ရုံပိုင်ကြီးဟာ ပြန်ထမ်းဝင်အရာရှိ အဆင့်တောင် မဟုတ်ပါဘူး။ ဒါပေမယ့် သူတာဝန်ယူရတာက ရာနဲ့ချီတဲ့ရထားစီး ခရီးသည်တွေရဲ့ အသက်အန္တရာယ် ကင်းရှင်းရေးအတွက်ကိုး လို့ ပြောရမှာပါ။ ဘာလို့လည်းဆိုတော့ ရုံပိုင်တစ်ချက် မှားလိုက်လို့ ရထား လမ်းကြောင်းတွေလွဲရင် ရထားချင်းခေါင်းချင်း ဆိုင်ပြီး တိုက်နိုင်ပါတယ်။ နိုင်ငံတော်အတွက်လည်း ငွေကြေးသန်းနဲ့ချီပြီး ဆုံးရှုံးနိုင်တယ်။ လူတွေ အများကြီးရဲ့အသက် ဆုံးရှုံးနိုင်တယ်။ ရာထူးကြီးတယ်၊

ငယ်တယ်မဟုတ်ဘဲ လူတိုင်းမှာ အရေးပါတဲ့ ကဏ္ဍရှိတယ်ဆိုတာကို သရုပ်ဖော်တဲ့ တောဘူတာက ရုံပိုင်တွေရဲ့ဘဝပါ။

<u>အလုပ်သိပ်လုပ်တဲ့အမေ</u>

အမေကတော့ ဒီရုံပိုင်ကြီးတွေကို အရမ်းလေးစားပါတယ်။ အမေ့ရဲ့မတ်ဆွေ သဲတောဘူတာ ရုံပိုင်ကြီးဟာ ဘူတာနားမှာရှိတဲ့ မီးရထားဝိုင်းထဲက ခြေတရှည် (၁)ထပ်ပျဉ်ထောင်အိမ်လေးမှာ နေပါတယ်။ အမေနဲ့ ကျွန်တော်တို့ အောက်ပြည်ကနေ အညာပြန်လာတိုင်းလည်း ကူညီတတ်ပါတယ်။ သတောကနေ ရန်ကုန်ကိုရထားပြန်စီးမယ်ဆိုလည်း ကျွန်တော်တို့ ရထားစီးဖို့ကိစ္စ သူပဲ အားလုံး လုပ်ပေးတာပါ။ ရန်ကုန်ကနေ သဲတောကိုပြန်လာတဲ့အခါ ကျွန်တော်တို့ ရထားပေါ်မှာသယ်လာတဲ့ ပစ္စည်းတွေ တစ်ပုံတစ်ခေါင်းနဲ့ သူလုပ်ပေးမှ အကုန်ချလို့ရမှာပါ။ သူလုပ်ပေးတယ်ဆတာက ရုံပိုင်ဆိုတဲ့အတိုင်း ဘူတာရုံဟာ သူ့လက်အောက်မှာ သူလုပ်ချင်သလို လုပ်လို့ရတာဆိုတော့ ရထားဟာ ဘူတာလေးတွေမှာ ထုံးစံ သုံးမိနစ်ရပ်ပေမယ့်လို့ သူက ထွက်ဆိုမှထွက်ရတာပါ။ ကျွန်တော်တို့ ပစည်းတွေချတာမပြီးရင် ရထားကိုသူက တားထားပေးပါတယ်။ ပြီးတော့အမေက ကျွန်တော်တို့ကို ဘူတာမှာ ဒေါ်ဂျစ်ကားနဲ့ လာကြိုဖို့ ဝမ်းတွင်းဂါတ်တဲက ယာဉ်မောင်း ရဲကြပ်ကိုခင်မောင်ကိုလည်း ကြေးနန်းပို့ပြီးသားဆိုတော့ ကျွန်တော်တို့ ရထားပေါ်ကဆင်းဖို့ စိတ်အေးလက်အေးပါ။ အဲလို အားလုံးစီစဉ်ပြီးသားဖြစ်ပေမယ်လို့ ပျဉ်းမနားက ရထားထွက်ပြီဆိုတာနဲ့ အမေကဟိုဟာသိမ်း ဒီဟာသိမ်း ပစ္စည်းတွေကို စသိမ်းပါတော့တယ်။ သဲတော ဘူတာကို နေ့လည်(၁း၀၀)နာရီလောက်မှာ ရောက်မယ်လို့ ပြောပါတယ်။ ကျွန်တော်တို့က "အမေကလည်း အစောကြီးရှိသေးတယ၊ ဘာလို့ပစ္စည်းတွေကို သိမ်းနေရတာလဲ" လို့ပြောတော့ "ဟဲ့ မင်းတို့တစ်သိုက်နဲ့ ဒီပစ္စည်းတွေ တစ်ပုံတစ်ခေါင်း၊ အခုထဲကစပြီး သိမ်းဆည်းလုပ်စရာရှိတာ လုပ်ထားမှ တော်ရုံကျမှာပေါ့၊ မင်းတို့ပျင်းမနေကြနဲ့၊ ငါလုပ်တာ ဝိုင်းကူကြဦး" ဆိုပြောပြီး မရပ်မနား ဇယ်ဆက်သလိုလုပ်တော့တာပါပဲ။ ထိုင်ခုံတွေအောက်မှာခင်းထားတဲ့ သင်ဖြူးတွေ၊ အိပ်ရာခင်းတွေသိမ်း၊ သင်ဖြူးတွေလိပ်၊ အိပ်ရာခင်းတွေခေါက်၊ ကျွန်တော်တို့ကို အဝတ်အစားအသစ်လဲပေး၊ အဟောင်းတွေ သေတ္တာထဲ ပြန်ထည့်၊ တိုးလိုးတန်းလန်း စားစရာတွေရှင်း၊ ပေါင်းသင့်တာပေါင်း၊ သွန်သင့်တာသွန်၊ ခ်ိုင့်တွေဆေး၊ ပစ္စည်းတွေသပ်သပ်ရပ်ရပ်ဖြစ်အောင်ထုပ်ပိုး၊ အမေဟာ အလုပ်တွေ ဆက်တိုက် လုပ်တော့တာပါပဲ။ တော်တော်ကို အလုပ်လုပ်နိုင်တဲ့အမေပါ။ အမေ ပြောလေ့ရှိတာက "ဘယ်မှာမဆို ကြည့်တတ်ရင် အလုပ်ချည်းပဲ၊ မင်းတို့အလုပ်မရှိလို့ ထိုင်နေတယ်၊ အားနေတယ် ဆိုတာ ငါနားမလည်ဘူး" တဲ့။ အဲဒါဟာ အလုပ်နဲ့ပတ်သက်တဲ့ အမေ့ရဲ့ ဆောင်ပုဒ်ပါ။ ကျွန်တော်အငယ်

ကလေးဘဝမှာ အိမ်အလုပ် မရှိလို့ဆိုပြီး အမေ ထိုင်နားနေတယ်၊ အားအားယားယား ရှိနေတယ်ဆိုတာ လုံးဝမတွေ့ဖူးပါဘူး။ အခုခေတ်လူငယ်တွေကို အလုပ်နဲ့ပတ်သက်တဲ့ အမေ့ရဲ့ အတွေးအခေါ် အယူအဆတွေကို သေချာမှတ်ယူကျင့်သုံးစေချင်ပါတယ်။ တစ်ချိန်လုံး အလုပ်နဲ့လက်နဲ့ မပြတ်တဲ့ အမေပါ။ အံ့မခန်း အလုပ်လုပ်နိုင်တဲ့ အမေ့အကြောင်းကို တွေးမိရင် အမေကိုအထူးသတိရမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

၁၃-၀၄-၀၈

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၈)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်း ရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်သိုက် အမေနဲ့ အညာပြန်ရတာ အမှေကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာ ရပ်မရဘာ ဆက်ရေးမိနေပါတယ်။

<u>အညာသူအမေ</u>

အညာမှာ မွေးပြီး အညာမှာ ကြီးခဲ့တဲ့ အမေဟာ အဖေနဲ့ အိမ်ထောင်ကျပြီးတဲ့နောက် အဖေ အလုပ်ပြောင်းတဲ့ နေရာတကာ အောက်ပြည်အောက်ရွာ ရန်ကုန် အင်းစိန် တိုက်ကြီးမြို့တွေမှာ လိုက်နေ ရပါတယ်။ အဲလို အောက်ပြည်မှာ နေနေရပေမယ့်လို့ အညာစိတ်က လုံးဝမပျောက်တဲ့အမေဟာ ကျွန်တော်တို့တတွေ နွေကျောင်းပိတ်ပြီဆိုတာနဲ့ မပြန်မဖြစ် ကျောင်းပိတ်တဲ့ (၂)လလောက်မှာ အဖေ့ကို တစ်ယောက်တည်း ထားခဲ့ပြီး အညာဒေသ သူ့မြို့က ဝမ်းတွင်းနဲ့ သူ့ရွာ တောင်ဘိုရွာကို ပြန်ဖြစ်အောင် ပြန်ပါတယ်။ ကျွန်တော်တို့တတွေကလည်း အောက်ပြည်မှာကြီးတဲ့ ကလေးတွေ ဖြစ်ပေမယ့်လို့ အညာကိုပဲ တမ်းတနေကြတဲ့သူတွေပါ။ အဲလို ပြောတော့ အညာက ဘာထူးလို့ ဘာတွေကောင်းနေလို့ တန်းတန်းစွဲနေရတာလဲလို့ တွေးစရာပါ။ အထူးသဖြင့် အညာသားနှစ်ယောက်တွေ့ကြပြီဆိုရင် စကား ပြောလို့မပြီးနိုင်တော့ဘူး။ အဲလိုအညာသားတွေ အညာအကြောင်းပြောကြတာကို အောက်သားတွေက နားမလည်ကြဘူးပေါ့။ သူတို့ အညာသားတွေတွေ့ရင် ပြောပြောနိုင်ကြလွန်းတယ်ပေါ့။ ဟုတ်လည်း ဟုတ်ပါတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ ပဲ။ အခုထက်ထိ ဆေးရုံ ဆေးခန်းမှာ လူနာတွေ့လို့ "ဘယ်ကလာလဲ" မေးလိုက်လို့ "မန္တလေးကပါ" ဆိုရင် ကျွန်တော်မေးတဲ့ ပြောတဲ့ စကားတွေက အညာနဲ့ မန္တလေးအကြောင်း ရောက်တတ်ရာရာတွေ ဖြစ်ကုန်ရော။ နောက်ဆုံး မန္တလေးအကြောင်းတွေ သိပ်များလာတော့ တပည့်ဆရာဝန်လေးတွေက "ဆရာပြောတာ အညာအကြောင်းတွေများသွားပြီနော်၊ လူနာရဲ့ ရောဂါလက္ခဏာအကြောင်းလည်း နည်းနည်းမေးပါဦး" လို့ သတိပေးလိုက်မှ အညာအကြောင်း ဆွေးနွေးပွဲဟာ ရပ်သွားပါတယ်။ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ အညာသား ကျွန်တော်တို့

တတွေဟာ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ထူးခြားတဲ့လူစုတစ်စုလို့ မြင်ကြတယ်လို့ ထင်ပါတယ်။ အမေက ပြောလေ့ရှိပါတယ်။ "ဟဲ့ ဒို့ အညာသူ အညာသားဆိုတာ ရိုးတယ်၊ အတယ်၊ ဖြောင့်တယ်။ ရန်ကုန်မှာ ဒို့အညာက နေပုံမျိုးနဲ့နေလို့ ဘယ်ရမလဲ။ အလိုက်အထိုက်ကြည့်ပြီး ပေါင်းရသင်းရတယ်။ ကိုယ်မကြိုက်လည်း အခြေအနေအရ သိပ်ကြိုက်တာပဲလို့ ပြောရတဲ့အခါလည်း မနည်းဘူး။ မချစ်သော်လည်း အောင့်ခါနမ်းဆိုတဲ့ ဆက်ဆံရေးတွေဟာ အများကြီး။ ဒါပေမယ့် မင်းတို့အဖေ ပုလိပ်ကြီးက သိပ်အ လွန်းတော့ ငါက လူကြီးတေ အိမ် ဝင်ထွက်၊ ပြောသင်တာပြော၊ လုပ်သင့်တာ လုပ်ရတာပေါ့ဟာ" တဲ့။ အညာသားတွေ ကိုယ့်အကြောင်း ကောင်းကြောင်း သိပ်ပြောတယ်လို့တော့ မထင်ပါနဲ့။ တကယ်တော့ အမေပြောတာလည်း ဟုတ်ပါတယ်။ အမေဟာ (၇)တန်းအောင် မိတ္ထလာခရိုင်၊ ဝမ်းတွင်း မြို့နယ် တောင်ဘိုရွာသူဖြစ်ပေမယ့်လို့ ရန်ကုန်အသိုင်းအဝိုင်းထဲမှာ တိုက်ပိုင်ကတော်၊ မင်းကတော် တစ်ယောက်အနေနဲ့ ဝင်ဆန့်အောင် ပေါင်းနိုင်ခဲ့ပါတယ်။ ရွာတုန်းက အမေကြီးတွေ ဆေးလိပ်ညှိခိုင်းတာကနေ အမေဟာ ဆေးလိပ်သောက်တတ်သွားပါတယ်။ အဲတော့ တောင်ဘိုရွာတုန်းကတော့ ပြောင်းဖူးဖက်လိပ် သောက်ပါတယ်။ အဲဒီကနေ ဝမ်းတွင်းကိုရောက်တော့ တိုးတက်ပြောင်းလဲပြီး ပြောင်းဖူးဖက် ကနေ သနပ်ဖက်လိပ်ကို ပြောင်းသောက်တယ်။ ရန်ကုန်ရောက်ပြီး မင်းကတော်လို့ အခေါ်ခံ ရတဲ့အခါမှာ စီးကရက် လက်ကြားညှပ်တဲ့ မင်းကတော် ဒေါ်ခင်ခင် ဖြစ်သွားပါတယ်။ တတ်လည်း တတ်နိုင်တဲ့အမေပါ။ ကယ့်ယောကျ်ား၊ ကိုယ့်သားသမီးတွေဘဝ တိုးတက်ရေးအတွက် ခေတ်နဲ့အညီ လိုက်ပြောင်းပြီး ကာလဒေသ လိုက်လျောညီထွေ နေတတ်ပေါင်းတတ် ပြောတတ်တဲ့သူပါ။ အမေဟာ သွက်သွက်လက်လက် ချက်ချက်ချာချာနဲ့ အကွက်မြင် တွက်ချက်တတ်တဲ့သူ တစ်ယောက်ဖြစ်တော့ အဖေ့ကို အများကြီး အကြံဉာဏ်ပေး ဝင်ကူပေးတာတေ အများကြီးပါ။ အဖေ့အလုပ် အပြောင်းအရွှေ့ကိစ္စမှာ သူ ဝင်ကယ်ခဲ့ရတာကို အမေတစ်ခါက ပြောဘးပါတယ်။ ဘယ်လိုလဲဆိုတော့ (၁၉၅၅)ခုနှစ်မှာ အဖေဟာ ရှမ်းပြည်တစ်ခုလုံးရဲ့ ရဲ S.B မှာ အကြီးဆုံး ရာထူးနဲ့ တောင်ကြီးမှာ ရုံးစိုက် တာဝန် ထမ်းဆောင်ရပါတယ်။ S.B ဆိုတာ Special Branch ဆိုတဲ့ ရဲထောက်လှမ်းရေးဌာနကို အတိုခေါ်တာပါ။ အခုခေတ် အခေါ်နဲ့ပြောရမယ်ဆိုရင်တော့ ရဲသတင်းတပ်ဖွဲ့ပေါ့။ အဖေဟာ အဲဒီတုန်းက ရှမ်းပြည်နယ် ရဲ S.B ရဲ့ အကြီးဆုံးဆိုပေမယ့်လို့ ရဲရာထူးအနေနဲ့ပြောရရင် ပခုံးပေါ်မှာ (၂)ဘား၊ ရဲစခန်းက ရဲရာထူး အိုင်ပီ (Inspector of Police) လို့ခေါ်တဲ့ တိုက်ပိုင်နဲ့ တန်းတူပေါ့။ အဲဒီတုန်းက ပြည်နယ်ရဲမင်းကြီးဆိုတာက ရာထူးအရ အဖေ့ထက်အများကြီး မြင့်ပါတယ်။ ရှမ်းပြည် ရဲတွေရဲ့ အကြီးဆုံး အမြင့်ဆုံး ရာထူးရှိတဲ့သူ တစ်ဦးပါ။ ဒါပေမယ့်လို့ အဖေက ရိုးရိုးရဲမဟုတ်ပဲ S.B ရဲဖြစ်နေလို့ ပြည်နယ်ရဲမင်းကြီးရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ မဟုတ်ဘူးတဲ့။ အဲလိုသဘောတရား ဖြစ်နေတာဆိုတော့ အဖေဟာ တောင်ကြီးက

ရဲမင်းကြီးဆီကို သတင်းမပို့ရဘဲ ရန်ကုန်က ရဲ S.B ဌာနချုပ်ကို တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရပါတယ်တဲ့။ အဖေဟာ အလုပ်နဲ့ပတ်သက်ရင် သိပ်ကို စည်းကမ်းရှိပြီး တိတိကျကျ လုပ်တတ်သူဆိုတော့ သူ့ရဲ့ S.B ရဲ အလုပ်ကိုပဲလုပ်တယ်။ သူနဲ့ တိုက်ရိုက်မပတ်သက်တဲ့အတွက် ပြည်နယ် ရဲမင်းကြီးဆီ အဝင်အထွက် မရှိဘူးတဲ့။ နောက်ဆုံး အမေပြောပြတာကတော့ အဲလို အဖေရဲ့ ကိုယ့် အလုပ်ပဲ ကိုယ်လုပ်၊ အပိုဆာဒါး ပေါင်းသင်းဆက်ဆံရေးမရှိတာဟာ အပြစ်လို ဖြစ်နေပြီး တောင်ကြီးက ရဲမင်းကြီးနဲ့ အဆင်မပြေဘူးတဲ့။ ဒါနဲ့ တောင်ကြီးမှာ (၂)နှစ်လောက် နေပြီးတဲ့နောက် အဖေ့ကို ရခိုင်ပြည်နယ်က မြို့သေးသေးလေးတစ်ခုကို ပြောင်းဖို့ အမိန့်ထွက်လာပါတယ်။ ရဲမင်းကြီးက အဖေ့ကို မကြိုက်လို့ ပြောင်းပစ်တဲ့ သဘောပေါ့။ ကျွန်တော်တို့က ငယ်ငယ်လေးတွေပဲ ရှိသေးတော့ သေချာ ဘာမှ မသိပါဘူး။ အမေပြောတာ မှတ်မိသလောက် ပြန်ပြောပြနေတာပါ။ ဘယ်မြို့ကို ပြောင်းရမယ်ဆိုတာ အမေ ပြောခဲ့တာတော့ ကျွန်တော် မေ့သွားပါပြီ။ အဲဒီအပြောင်းမိန့်ရတော့ အဖေက ခပ်အေးအေးပဲတဲ့။ "တောင်ကြီးကနေ ရခိုင်သားဆိုတော့လည်း သွားရမှာပေါ့ကွာ။ ဒို့ ပစ္စည်းတွေ စသိမ်းကြ ပြင်ကြလို့" ပြောပါတယ်တဲ့။ အမေကတော့ အဲလို ဘာအပြစ်မှ မရှိဘဲ အမြင်ကပ်ပုဒ်မနဲ့ ရှမ်းပြည်နယ်ကနေ ရခိုင်ပြည်နယ်ကို ပြောင်းခိုင်းတာကို လုံးဝ လက်မခံနိုင်ဘူးတဲ့။ ဒါနဲ့ အမေက "ဦးဘဂျမ်း၊ ရှင်သာ ပြောင်းချင်ပြောင်း၊ ကျွန်မကတော့ မပြောင်းဘူး၊ ကိုယ့်သားသမီးငယ်ငယ်လေးတွေနဲ့ ဒီလို မြန်မာပြည်ရဲ့ အရှေ့ဖျားကနေ အနောက်ဖျားပြောင်းတာကို လုံးဝသည်းမခံနိုင်ဘူး" လို့ ပြန်ပြောတယ်တဲ့။ အခုပြန်တွေးကြည့်တော့ အမေပြောတာလည်း ဟုတ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ အစ်ကိုအကြီးဆုံး ဦးတင်နွယ်ကတော့ ရန်ကုန်မှာ ဦးလေး ဦးမောင်ကလေးကခေါ်ပြီး စိန်ပေါလ်ကျောင်းမှာ ထားပေမယ့်လို့ ကျွန်တော်တို့ ညီအငယ် (၃)ယောက်က အဖေ အမေနဲ့ပဲ နေတာဖြစ်ပြီး သိပ်လည်း ငယ်လွန်းပါသေးတယ်။ အစ်ကိုလတ် ဦးခင်မောင်တင့် (ကိုတူး) က တောင်ကြီး စိန့်အန်းကျောင်းမှာ (၂)တန်း၊ ကျွန်တော်ကလည်း စိန့်အန်းကျောင်းမှာ K.G ခေါ်တဲ့ ကင်ဒါကာတင် (Kindergarten) အတန်းမှာ နေနေတာပါ။ ညီအငယ်ဆုံး မောင်တငလွင်က ကျောင်းတောင် မနေရသေးဘူး၊ (၃)နှစ်ပဲ ရှိသေးတယ်။ ဒီလို ကလေးငယ်(၃)ယောက်နဲ့ တောင်ကြီးကနေ ရခိုင်ပြည်နယ်ထဲက မြို့လေးတစ်မြို့ကို သွားရမယ်ဆိုတာ မလွယ်ရေးချ မလွယ်တဲ့ အဖြစ်မျိုးပါ။ ရခိုင်ပြည်နယ် သွားရတာများ ဒီလောက်တောင် ဇာခွဲ့ပြောနေသလားလို့ မတွေးလိုက်ကြပါနဲ့။ အဲဒီတုန်းက (၁၉၅၅) ပတ်ဝန်းကျင်ခေတ်ဆိုတော့ လမ်းပန်းဆက်သွယ်ရေးဆိုတာ အရမ်းခက်ခဲပါတယ်။ ပြောရမယ်ဆိုရင် ဒုတိယကမ္ဘာစစ်ပြီးကာလ မြန်မာနိုင်ငံရဲ့ သိပ်ကို ညံ့ဖျင်းလှတဲ့ ပို့ဆောင်ရေးစနစ်တွေပါ။ ပိုဆိုးတာက လွတ်လပ်ရေးရပြီးကာလ၊ ပြည်တွင်းသူပုန်သောင်းကျန်းမှုတွေက တစ်ပြည်လုံးအနှံ့အပြား ပျံ့နှံ့ဆူပူနေကြတော့ တစ်နေရာက

တစ်နေရာကို သွားဖို့ဆိုတာ သိပ်ပြီး ခက်ခဲလှပါတယ်။ ဥပမာပြောရမယ်ဆိုရင် ဝမ်းတွင်းနဲ့ မိတ္ထီလာ မိုင် (၂၀)ခရီးကို အသွားအပြန် တစ်နေကုန်ပါတယ်။ ဝမ်းတွင်း၊ မိတ္ထလာ သွားတဲ့ကားက ဝမ်းတွင်း တစ်မြို့လုံးမှာ ဦးဟန်မူကားနဲ့ ကိုကင်အန်းကား နှစ်စင်းပဲရှိပါတယ်။ မနက် (၆း၀၀)နာရီက စထွက်သွားလိုက်တာ လမ်းမှာ လူရိပ်မြင်ရင် ရပ်စောင့်၊ လူတင်၊ တွေ့ရာနေရာတိုင်း ရပ်ဆိုတော့ မိုင် (၂၀)ဝေးတဲ့ မိတ္ထီလာကို မနက် (၁၁း၀၀)နာရီလောက်မှ ရောက်သွားပါတယ်။ စျေးရှေ့မှာ ကားရပ်ထားပြီး ညနေ (၃း၀၀)နာရီလောက်မှ ပြန်ထွက်လာတာ ဝမ်းတွင်းမြို့ကို ညနေစောင်း (၆း၀၀)နာရီကျော်လောက်မှ ပြန်ရောက်ပါတယ်။ အဲလို သွားရေးလာရေး ခက်တဲ့ ကာလကြီးမှာ ကလေးငယ်လေး (၃)ယောက်၊ ပစ္စည်းတွေ တစ်ပုံတစ်ခေါင်းနဲ့ တောင်ကြီးကနေ ရခိုင်ပြည်ကို ပြောင်းရမယ့်အလုပ်ဟာ အမေ့အတွက် လုံးဝ မလွယ်တဲ့ကိစ္စပါ။ ဘာလို့လဲဆိုတော့ အဖေက ပြောင်းဆိုလည်း ပြောင်းတာပေါ့လို့ ပြောပေမယ့် တကယ်တမ်းကျတော့ အဖေက ဘာမှ လုပ်မှာ မဟုတ်ဘူး။ ပစ္စည်းသိမ်း၊ ပစ္စည်းတွေထုတ်၊ ရထားနဲ့ တန်ဆာပို့ဖို့ ကုန်ရထားတွဲ ဘွတ်ကင်လုပ်မယ်၊ ဘယ်ပစ္စည်းက ရထားနဲ့ ပို့လို့ ဘယ်ဟာတွေကို ကားနဲ့ပို့ရမယ်ဆိုတာတွေ၊ အိမ်လခ၊ မီးလခတွေ ငွေရေးကြေးရေးကိစ္စတွေကို ရှင်းခဖို့၊ ရန်ကုန်မှာ ပစ္စည်းတွေ တစ်ပုံတစ်ခေါင်းကို ရွှေးပြီး ဘယ်မှာထားမလဲ၊ ဘယ်လိုရွှေးလို့ ဘယ်မှာ အပ်မလဲ၊ တွေးကြည့်လိုက်ရင် အမေလုပ်ရမှာတွေက နည်းတဲ့ကိစ္စတွေ မဟုတ်ဘူး။ ဒီကိစ္စအားလုံးကို အမေကိုယ်တိုင် ခါးစည်းပြီး လုပ်ရမှာ။ ပစ္စည်းတွေ လူတွေ အားလုံးရန်ကုန်ရောက်တော့မှ ရင်မောစရာ ရခိုင်ပြည်နယ်ခရီးစဉ် ဆက်ရမှာပါ။ တောင်ကြီးနဲ့ ရန်ကုန် ကားရထားနဲ့ ပို့တာတောင် ဒီလောက် ခက်ခဲလှတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်လုပ်ရမှာဆိုတော့ ရခိုင်ပြည်နယ်ကို ရေလမ်းခရီးနဲ့ သွားဖို့ဆိုတာ ဘယ်လိုလုပ်ရမလဲ အမေစဉ်းစားလို့ မရဘူး။ ကိုယ့်အသိအကျွမ်းဆိုလို့ လုံးလုံးမရှိတဲ့အရပ်ဖြစ်တဲ့ ရခိုင်ပြည်နယ်ကို သွားဖို့ဆိုတာ ဘယ်ကစလို့ ဘယ်လိုလုပ်ရမလဲ၊ အမေ့အတွက် လုံးဝကို လမ်းစ မပေါ်ဘူးတဲ့။ ဒါပေမယ့် အမေပြောတာက ဒီလို အခက်အခဲတွေအားလုံးကို သူရင်ဆိုင်နိုင်တယ်၊ လုပ်နိုင်တယ်တဲ့။ သူ့အနေနဲ့ လုံးဝနားမလည် လက်မခံနိုင်တာဟာ ဘာကြောင့် ဒီလို အပြောင်းခံရတာလဲဆိုတာပါ၊ "မင်းတို့ အဖေလောက် ရိုးတဲ့ ရဲဆိုတာ ရှားမှ ရှားပဲကွဲ့။ ရှမ်းပြည်နယ် ရဲ S.B အကြီးဆုံးဆိုတာ တော်တော်ကို အာဏာရှိတာ။ ဒါပေမယ့် မင်းတို့အဖေဟာ အရမ်း ရိုးဖြောင့်ပြီး ဘာမှကို မဟုတ်တာ မလုပ်ခဲ့တဲ့ လူရိုး လူဖြောင့်ကြီး၊ အဲလိုလူကို အပြစ်သဘောမျိုးလိုနဲ့ ဝေးလံခေါင်းပါးတဲ့ အရပ်ကို အပြောင်းခံရတာ။ ငြိမ်ခံနေလို့တော့ ဘယ်ဖြစ်ပါ့မလဲ။ မင်းအဖေကတော့ ဘယ်မှ လိုက်ပြောမှာ မဟုတ်ဘး။ ငါပဲသွားပြီး ပြောသင့်တဲ့လူကို လိုက်ပြော ရတော့တာပေါ့" လို့ပြောပါတယ်။ တောက တက်လာတဲ့ သာမန် တိုက်ပိုင်ကတော်လေးတစ်ယောက်ဖြစ်ပေမယ့်လို့ အရမ်းကို ခိုင်းကျူးလောက်အောင်

သတရတဲ့ အမေရဲ့ စိတ်ဓါတ်ပါ။ ဒီလိုနဲ့ အမေ ရန်ကုန်ဆင်းပြီး အညာအဆက်အသွယ်ရှိတဲ့ အညာသား ပါလီမန်အမတ် တစ်ယောက်အိမ်ကို သွားပြီး ဖြစ်စဉ်ကို တင်ပြပါတယ်။ အဲဒီ အညာသားအမတ်ကလည်း အညာသားရဲအရာရှိ ကျွန်တော့် အဖေဟာ ရိုးတယ် ဖြောင့်တယ်ဆိုတာ နဂိုကတည်းက သိပါတယ်။ အဲဒါနဲ့ အဲဒီအမတ်က "မင်းကတော် ဒေါ်ခင်ခင စိတ်အေးအေးနဲ့ပြန်၊ ဒီကစ မဖြစ်သင့်တာ မဖြစ်အောင် ကျွန်တော် တာဝန်ယူပြီး ရှင်းပေးမယ်လို့" ပြောပြီး ပြန်လတ်လိုက်တယ်တဲ့။ အမေ ပြန်ရောက်ပြီး တစ်ပတ်လောက်ကြာတော့ အဖေ့ကို ရခိုင်ပြည်နယ်ပြောင်းတဲ့ အမိန့်ကိုဖျက်ပြီး တိုက်ကြီးမြို့ကို တိုက်ပိုင် အင်ပီရာထူးနဲ့ ပြောင်းပေးလိုက်ပါတယ်။ အညာသားတွေရဲ့ တစ်ယောက်နဲ့ တစ်ယောက်ရှိကြတဲ့ သံယောဇဉ် အညာသား လင့်ခ် (link) တွေပါ။ ခုနက ပြောခဲ့သလိုပဲ အမေဟာ တောင်ဘိုရွာက ဖြစ်ပေမယ့် ရန်ကုန်ရဲ့အခြေအနေကိုကြည့်ပြီး လိုသလို ပြောင်းလဲဆက်သွယ် ဆောင်ရွက် နိုင်တာဟာ အံ့မခန်းခြီးမွမ်းရမှာပါ။ အခုပြန်စဉ်းစားကြည့်လိုက်တိုင်း၊ အညာသူအမေ့ရဲ့ အရည်အချင်း တွေကို လေးစားမိလေပါပဲ။

<u>ခေတ်ရှေ့ပြေးအမေ</u>

ပျဉ်းမနားက ရထားကြီးထွက်လာပြီးတဲ့နောက် အမေ ပစည်းတွေ စသိမ်းတာ တပ်ကုန်းဘူတာ အကျော်လောက်မှာ အားလုံး သူ့နေရာနဲ့သူ နေသားတကျဖြစ်သွားပါတယ်။ ကျွန်တော်တို့ ဆင်းမယ့် သဲတောဘူတာရောက်ဖို့ အဝေးကြီး လိုနေပေမယ့်လို့ စောစောစီးစီး အားလုံး သိမ်းဆည်းတဲ့ အမေ့ရဲ့ ဝိရိယကက ကျွန်တော် ခြီးမွမ်းလေးစားမိပါတယ်။ အမေက "ဟဲ့ ငါက လုပ်စရာ ရှိတာ မှန်သမျှကို အကုန်လုပ်လိုက်ပြီးမှ စိတ်အေးလက်အေး နေတတ်တာ၊ အလုပ်တစ်ခုခုလုပ်ဖ့ ကျန်နေသေး တယ်ဆိုရင် ကို ငါ့စိတ်ထဲမှာ မရှင်းဘူး၊ မနေတတ်ဘူး၊ အလုပ်ဆိုတာကို ဘယ်တော့မှ မရွေ့ဆိုင်းချင်ဘူး" လို့ပြောပါတယ်။ အမေ့ရဲ့ အယူအဆဟာ ဘာနဲ့သွားတူလဲဆိုတော့ ကျွနတောတို့ မန္တလေး ဆေးတက္ကသိုလ် ရောက်ခါစက ဆေးကျောင်းအဆောင်မှာ မှန်ဘောင်သွင်း ချိတ်ထားတဲ့ အင်္ဂလိပ်စာ တိုလေးကို သွားသတရမိပါတယ်။ အဲဒါကဘာလဲဆိုတော့ "Procrastination is the thief of time" တဲ့။ ပရိုခရပ်စတီနေးရှင်း ဆိုတာက ရွှေ့ဆိုင်းတာကို ပြောတာပါ။ အလုပ်တစ်ခုလုပ်ဖို့ကို ရွှေ့ဆိုင်းတယ် ဆိုတာဟာ အချိန်ရဲ့သူခိုးပဲတဲ့။ ဒါဟာ မနလေးဆေးတက္ကသိုလ်ရဲ့ ပထမဆုံး ပါမောက္ခချုပ် ဒေါက်တာ ဦးဘသန်းရဲ့ အိုင်ဒီယာနဲ့ ရေးပြီး ချိတ်ဆွဲထားခဲ့တဲ့ ဆောင်ပုဒ်လေးလို့ မှတ်သားခဲ့ရဘူးပါတယ်။ အဲဒီ စာတန်းကိုမြင်တိုင်း အမေရဲ့ အတွေးအခေါ်နဲ့ တူနေပါလားလို့ စဉ်းစားမိပြီး ခေတ်ရှေ့ပြေး အမေ့က သတိရမိပါတယ်။

ဒီလိုပစ္စည်းတွေ သိမ်းပြီးတာနဲ့ အမေဟာ ကျွန်တော်တို့ကို နေ့လည်ထမင်းကျွေးဖို့ စပြင်ပါတယ်။ အမေချက်ပြုတ်လာတဲ့ ချိုင့်ကြီးချိုင့်ငယ်အသွယ်သွယ်ထဲက ဆီပြန် လုံးလာတဲ့ အမဲသားနဲ့ပုဇွန်၊ အကျွတ်ကြော်လာတဲ့ ငါးနဲ့ ကြက်သား၊ ချဉ်ပေါင်ရွက်ကြော်တွေဟာ တော်တော်ကြီးကို ကျန်ပါသေးတယ်။ ကျွန်တော်တို့က ရထားစထွက်ကတည်းက (၂)နပတိတိ ဆက်တိုက် ဒါတွေပဲ စားလာရတော့ ဒီတစ်ခါလည်း ဒီချိုင့်တွေထဲက ဟင်းတွေပဲ ပြန်စားရဦးမှာပဲဆိုပြီး ထမင်းစားရမှာ နည်းနည်းစိတ်မပါပဲ ဖြစ်နေကြပါတယ်။ ဒါနဲ့ "အမေ ဘယ်ဘူတာရောက်ရင် ထမင်းစားရမှာလဲ" လို့မေးလိုက်တော့ "သာစည်ဘူတာမှာ စားတာကောင်းတယ်၊ ရမည်းသင်း၊ ပျော်ဘွယ်ဘူတာမှာ ရထားရပ်တာက ခဏလေးရယ်၊ ပြီးတော့ စားစရာလည်း မစုံဘူး။ ငါလုပ်လာတဲ့ အကြော်နဲ့ပြုတ်လုံးတွေကို မင်းတို့ နည်းနည်းအီနေပြီ မဟုတ်လား၊ သာစည်ရောကရင် ငါ ဟင်းထပ်ဝယ်ပေးဦးမယ်၊ သာစည်ဘူတာ ပလက်ဖောင်းပေါ်က ဟင်းတွေက သန့်လည်းသန့်တယ်၊ စျေးလည်းမှန်တယ်၊ စားလို့လည်းကောင်းတယ်" လို့ အမေက ပြောလိုက်တဲ့အခါ ကျွန်တော်တို့ တော်တော်လေးကို ဝမ်းသာသွားပါတယ်။ အမေဟာ ကလေးတွေ ဘယ်လိုတွေးနေတယ်ဆိုတာကို သူ့စိတ်ထဲမှာ သိနေပါတယ်။ ချိုင်းဆိုင်ကော်လော်ဂျီ (Child Psychology) လည်း ကျွမ်းတဲ့အမေပါ။ ပြီးတော့ အမေ့ရဲ့ အရည်အချင်းတစ်ခုကို ထပ်ပြောရဦးမယ်ဆိုရင် ပိုက်ဆံကို မလိုဘ မကုန်အောင် ချွေတာတတ်တဲ့စိတ် ရှိပါတယ်။ ဒါကြောင့် "သာစည်ဘူတာက ဟင်းတွေက စျေးလည်းမှန်တယ်" လို့ အမေပြော သွားတာပါ။ ဒီလို ဘာလို့ ပြောရတာလဲဆိုတော့ ရထားဘူတာ ပလက်ဖောင်းတွေပေါ်မှာ ရောင်းကြတဲ့ တချို့စျေးသည်တွေဟာ ရထားပေါ်က ခရီးသည်တွေကို ခဏပဲ ဆက်ဆံရတဲ့သူတွေပဲ၊ ရထားရပ်တုန်းလေး သတို့ဆီက ပိုက်ဆံ မတန်တဆရအောင် မဟုတ်တရုတ်နည်းလမ်းတွေ အကုန်သုံးလိုက်ပြီး ယူလိုက်မယ်ဆိုတဲ့ စိတ်ဓါတ်တွေ ရှိကြပါတယ်။ ဒီလိုလုပ်ဖို့ ထမင်းကိုလျှော့ထည့်၊ ဟင်းတွေကို ဆီနဲ့ ကြက်သွန်တွေ ခိုပြီး လျှော့ထည့်ချက်၊ တစ်ခါတလေ အရင်နေ့က ကျန်နေတဲ့ ထမင်းကျန် ဟင်းကျန်တွေကို ထမင်းထပထဲထည့်တယ်၊ ဂါတ်ဗိုလ် ဝီစီမှုတ်ပြီး ရထားထွက်ကာနီးမှာမှ စျေးပိုပြောယူတတ်တဲ့ တစ်ခါစား အကြံအစည်တွေလုပ်ပြီး စျေးရောင်းတာလည်းတွေ့ဘူးတယ်လို့ အမေက ပြောပါတယ်။ အမေ့ရဲ့အယူအဆအရဆိုရင် ဒါမျိုးတွေဟာ မလုပ်သင့်ဘူး။ အဲလိုလုပ်ရင်တစ်ခါပဲ ကိုယ်စားရမှာပေါ့တဲ့၊ ကောင်းကောင်းလပ်၊ စျေးမှန်မှန်နဲ့ရောင်းမှ ကိုယ့်ဆိုင်၊ ကိုယ့်ဘူတာ နာမည်ရပြီး ခရီးသည်တွေက အမြဲကိုယ့်စီမှာ ကိုယ့်ဘူတာမှာပဲ စားကြမှာပေါ့တဲ့။ အမေ့ရဲ့အတွေးအခေါ်ဟာ တကယ့်ကို ခေတ်မီတိုးရစ်အင်ဒတ်စရီကွန်ဆက် (modern tourist industry concept) အယူအဆတွေနဲ့ ကိုက်ညီနေပါတယ်။ တိုရစ်ဆင်မာလည်း ဒီလိုပဲလေ၊ တစ်ခါစားအကြံမျိုးနဲ့ တိုးရစ်စီက ရသလောက် ညစ်ယူလိုက်မယ်ဆိုပြီး လုပ်ရင်တော့ နာမည်ပျက်ပြီး နောက်ကို တိုးရစ်တွေ ကိုယ့်စီ

မလာတော့ဘဲ ဖြစ်သွားမှာပေါ့။ ကိုယ့်ဒေသ၊ ကိုယ့်မြို့ ကိုယ့်နိုင်ငံကို တိုးရစ်တွေ အမြဲလာ ပိုပြီးလာသည် ထက်လာစေချင်ရင် လုပ်ရမှာက တိုးရစ်တွေရဲ့အကျိုးစီးပွားကို မထိခိုက်အောင် စောင့်ရှောက်ပြီး ရောင်းဝယ်ရမှာပါ။ ဒါဟာ ဘူတာပလက်ဖေါင်းတွေပေါ်က စျေးသည်တွေအကြောင်းပြောသွားတဲ့ အမေ့ရဲ့ အယူအဆနဲ့ အတူတူပဲ ဖြစ်နေပါတယ်။

<u>ချွေတာတာနဲ့နှမြောတာ</u>

အမေ့ရဲ့ ချွေတာရေးဇာတ်လမ်းကို ပြောရမယ်ဆိုရင် အမေဟာ ပကာသန ကြွားဝါမှုတွေကို မလိုက်စားဘဲ တစ်အိမ်လုံးရဲ့ ကိစ္စအဝဝမှာ ချွေတာသင့်တာကို ချွေတာတယ်၊ ဒါပေမယ့် သုံးသင့်တာ တွေကိုတော့ ရက်ရက်ရောရောသုံးပါတယ်။ "နှမြောတယ်၊ တွန့်တိုတယ်ဆိုတာနဲ့ ချွေတာတာက တစ်မျိုးစီပဲ" လို့ အမေက အမြဲပြောပါတယ်။ သူဟာ ချွေတာတာတဲ့၊ မနှမြောတတ်ဘူးတဲ့။ ချွေတာတယ် ဆိုတာ မသုံးသင့်တဲ့နေရာမှာ မသုံးဘဲ သုံးသင့်တဲ့နေရာမှာ ဘာမှ မဆဘဲ သုံးတာကို ပြောတာတဲ့။ အမေက အဲဒီအယူအဆအတိုင်း လက်ခံကျင့်သုံးခဲ့တယ်ဆိုတာကို ကျွန်တော်တို့ ကြီးလာမှ သဘောပေါက်လာပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့ရဲ့ ကျန်းမာရေးနဲ့ ပညာရေးဟာ အမေ့အတွက် အဓိက အရေးကြီးတဲ့ ကိစ္စတွေပါ။ ကလေးတစ်ယောက်ယောက် ကိုယ်ပူလို့ အဖေက "အက်စပရင်နဲ့ တက်ထရာ ဆိုင်ကလင်းလေး တိုက်လိုက်လေ" ဆိုရင် အမေက မရဘူး။ "ကလေးဆိုတာနုတယ်၊ ကလေးဖျားတာ ကိုယ်ပူတာကို ကိုယ့်ဖာသာကိုယ် လျှော်ကုနေလို့ မဖြစ်ဘူး။ ပိုက်ဆံကုန်ချင် ကုန်ပါစေ၊ ဆရာဝန်ချက်ချင်းခေါ်မှ"ဆိုပြီး တစ်ခါတည်း အဖော့တပည့် ရဲသားတစ်ယောက်ကို "ဆရာဝန်ကြီးကို ပင်ပေးစမ်း၊ ကလေးနေမကောင်းလို့ တိုက်ပိုင်ကြီးအိမ်ကို ကြွခဲ့ပါဦးလို့ ပြောပြီးပင့်ခဲ့နော်" လ့ပြောပြီး လွှတ်ပါတယ်။

<u>ဆရာဝန်ကြီးနဲ့ ကွန်ပေါင်ဒါ</u>

ဟိုခေတ်က မြို့လေးတွေမှာ အခုခေတ်မြို့နယ်ဆရာဝန်လ၊ ဆေးရုံက ဆရာဝန်က ဆရာဝန်ကြီးလို့ပဲ ခေါ်ကြပါတယ်။ ကျွန်တော်တို့ တိုက်ကြီးမှာ နေတုန်းက တိုက်ကြီးဆေးရုံမှာ ဒေါက်တာစိုးတင့်ဆိုတဲ့ ဆရာဝန်တစ်ယောက်ပဲရှိပါတယ်။ အဒါဆရာဝန်ကြီးပဲပေါ့။ တစ်မြို့လုံးက အရမ်းလေးစားရတယ်။ အိမ်ပင့်တိုင်းလည်း ကြွတာ မဟုတ်ဘူး၊ ဒါကြောင့် အမေက တိုက်ပိုင်ကြီး အိမ်ကလို့ ပြောပြီး ပင့်ခိုင်းရတာပါ။ အဲလို ဆရာဝန်ကြီး သွားပင့်တယ်ဆိုလို့ ချက်ချင်းလိုက်လာမှာ မဟုတ်ပါဘူး။ ဆရာဝန်ကြီးက လာချင်တဲ့အချိန်မှ လာတာပါ။ ဆရာဝန်ကြီးက အိမ်ကို လိုက်တယ်ဆိုရင် ဂျစ်ကားနဲ့ ရောက်လာတတ်ပါတယ်။ အဲဒီခေတ်တုန်းက တစ်ခါသုံး အပ်တွေ မရှိသေးတဲ့ခေတ်ဆိုတော့

ဆရာဝန် ကြီးပင့်ထားပြီဆိုရင် ဆေးထိုးအပ်ပြုတ်ဖို့ ရေနွေးပွက်ပွက်ဆူအောင် တည်ထားပြီး ခါတ်ဘးထဲ ထည့်ထားရပါတယ်။ ဆရာဝန်ကြီး ကားဆိုက်ပြီဆိုတာနဲ့ ကျွန်တော်တို့တတွေ အိမ်ခန်းထဲ ပြေးဝင်ပုန်းကြ ရတာပဲ။ အမေက ဆရာဝန်ကြီးကိုဧည့်ခံပြီးတော့ "ကော်ဖီလေးသောက်လိုက်ပါဦး ဆရာဝန်ကြီးရယ်။ အခုလို အိမ်ကိုကြွလာတာ ကျေးဇူးတင်လိုက်တာ" စတဲ့ အာလာပသလာပ စကားတွေပြောပြီး ဧည့်ခံ ပါတယ်။ အဖေကတော့ အဲလိုဧည့်သည်တွေနဲ့ တွေ့ရမှာ အရမ်းကြောက်တဲ့သူဆိုတော့ ဆရာဝန် လာခါနီးရင် ကိစတစ်ခုခုရှိလို့ဆိုပြီး အပြင်ထွက်သွားပြီး ရှောင်နေတတ်ပါတယ်။ ဆရာဝန်ကြီး အဲလို ဧည့်ခန်းထဲထိုင် ကော်ဖီသောက်ပြီးပြီဆိုတာနဲ့ အားလုံးအဆင်သင့်ဖြစ်အောင် အိမ်နောက်ဖေးမှာ နေကြတဲ့လူတွေက လုပ်ကြရပါတယ်။ ခါတ်ဘးထဲက ရေနွေးကို ပွကပွကဆူအောင် ပြန်တည်ရပါတယ်။ ဆရာဝန်ကြီးလက်ဆေးဖို့ ရေဇလုံအကြီးကြီးကို ရေဖြည့်၊ လက်သုတ်ပုဝါနဲ့ ဆပ်ပြာခဲကို ဘေးနားမှာ အသင့်ပြင်၊ လူနှစ်ယောက်ကရပ်ပြီး အသင့်စောင့်နေရပါတယ်။ ဆရာဝန်ကြီးက လူနာခေါ်ခဲ့ဆိုတော့ ဖျားနေတဲ့ကလေးကိုခေါ်ခဲ့ပြီး သူနဲ့အတူပါလာတဲ့ ကွန်ပေါင်ဒါကို "ပြဒါးတိုင် တိုင်းလိုက်စမ်း" ဆို ပြောလိုက်ပါတယ်။ ဒီနေရာမှာ ကြံ့တုန်း ကျွန်တော်တို့ ကလေးဘဝက ဆေးရုံတွေမှာ မရှိမဖြစ် ကွန်ပေါင်ဒါဆိုတ ဆေးဝန်ထမ်းတွေအကြောင်းကို ပြောပြချင်ပါတယ်။ အဲဒီခေတ်က ဆေးရုံတွေမှာ ဆရာဝန်က ဆေးညွှန်ရင် ဆေးရည်တေကိုစပ်ပြီး ဆေးပေးလေ့ရှိပါတယ်။ အဲဒီလို ဆေးစပ်ပေးတဲ့သူကို ကွန်ပေါင်ဒါ (compounder)လို့ ခေါ်ပါတယ်။ မြို့လေးတွေက ဆေးရုံမှာ ကွန်ပေါင်ဒါဆိုတာဟာ တော်တော်လေးအဆင့်ရှိတာပါ၊ ဆရာဝန်ကြီးပြီးရင် သူက ဆေးရုံမှာ ဗိုလ်ပဲ။ "ကွန်ပေါင်ဒါကြီးရယ်၊ ဝမ်းသွားနေလို့ ဆေးလေးစပ်ပေးစမ်းပါ" လို့ ပြောရင် သူက တင်ချာအိုပီအိုင် (Tincture Opii) ဆိုတဲ့ ဝမ်းပိတ်ဆေးရည်ကိုစပ်ပြီး တစ်ဇွန်း(၃)ကြိမ် ဘယ်နှရက်သောက်ဆိုပြီး ပုလင်းလေးနဲ့ ဆေးဖျော်ပေးလိုက် ပါတယ်။ တင်ချာအိုပီအိုင်ကို တင်ချာ လို့ပဲ မြို့လေးတွေမှာအတို ခေါ်ကြပါတယ်။ ဝမ်းလျှောရင် ခပ်ညည်တင်ချာသောက် ချက်ချင်းဝမ်းရပ်တယ်ဆိုတာ ကျွန်တော်တို့မြို့လေးတွေမှာ အားလုံးသိကြ ပါတယ်။ ကွန်ပေါင်ဒါတွေရ့ စပ်ဖျော်ဆေးရည်တွေထဲမှာ နောက်ထပ်နာမည်ကြီးတဲ့ ဆေးရည်တစ်မျိုး ကတော့ မစ်ကာမိနေးတစ် (Mist Carminative) ဆိုတဲ့ အစာကြေဆေးရည် ပန်းရောင်ပျစပျစပါ။ သောက်ခါနီးရင် လှုပ်သောက်ရပါတယ်။ ကျွနတော်အလုပ်သင်ဆရာဝန်ဖြစ်တဲ့အထိ မေမြို့စစ်ဆေးရုံမှာ အဲလိုဆေးတွေ စပ်ပြီး တင်ချာတို့၊ ကာမိနေးတစ်တို့ ပေးတုန်းပါ။ နယ်က ဆေးရုံလေးတွေမှာ ကန်ပေါင်ဒါအခန်း ဆိုပြီး သီးသန့်ရှိပါတယ်။ အဲဒီအခန်းမှာ ပြူတင်းပေါက်လို အပေါက်လေးတစ်ပေါက် ဖောက်ထားပြီး လက်တင်ပြားလေးနဲ့ ကောင်တာလေးလုပ်ထားပါတယ်။ အဲဒီကောင်တာ အပေါက်လေး ပေါ်မှာ "ကွန်ပေါင်ဒါ" ဆိုပြီး စာတန်းလေးခွိုတ်ထားပါတယ်။ ကျွန်တော် ခပ်ငယ်ငယ် ဝမ်းတွင်းမြို့မှာ

နေတုန်းက ဆေးပြားဆေးတောင့်ဆိုတာ မရှိပါဘူး။ ဆေးရုံကဆေးမှန်သမျှ အကုန်လုံးဟာ အရည်တွေ ချည်းပါပဲ။ ဆရာဝန်က လူနာကြည့်ပြီးရင် စာရွက်လေးပေါ်မှာ ဘာဆေးရည်တိုက်ရမယ်ဆိုတာ ရေးပေး လိုက်ပါတယ်။ လူနာက အဲဒီစာရွက်လေးကိုကိုင်ပြီး ကွန်ပေါင်ဒါကောင်တာမှာ သွားပြတော့မှ ကွန်ပေါင်ဒါကြီးက နံရံမှာစီထားတဲ့ ပုလင်းတွေကိုကြည့်ပြီး ဆရာဝန်ညွှန်လိုက်တဲ့ ဆေးဟာ ဖျော်ပြီးသား ရှိရင် တစ်ခါတည်းပေးတယ်၊ ဒါမှမဟုတ် ရယ်ဒီမရှိသေးရင် ဟိုပုလင်းဒီပုလင်းတွေကိုယူ၊ ဟိုစပ်ဒီစပ်နဲ့ ဆေးစပ်ပြီးတော့မှ ပေးပါတယ်။ တစ်ခါတလေ တောကလူနာတွေက ကွန်ပေါင်ဒါကို ဆရာဝန် ထက်တောင် လေးစားပါသေးတယ်။ ဘာလို့လဲဆိုတော့ ကွန်ပေါင်ဒါကြီး ဆေးစပ်တော်လို့ လူနာ သက်သာတယ်လို့ ယူဆကြလို့ပါ။ ဒါကြောင့် ကွန်ပေါင်ဒါကြီးတွေကလည်း ဆရာကြီးတွေလိုပဲ ဆေးထိုးအပ်ကိုင်ပြီး မြို့ထဲမှာ ဆေးလိုက်ကုကြပါတယ်။ သူတို့တွေကလည်း တော်ရုံတန်ရုံတော့ ဆေးကုတတ်နေပါတယ်။ ဘာလို့လဲဆိုတော့ ဆရာဝန်ကြီး လက်ထောက်အနေနဲ့ အိမ်တွေကိုလိုက်ပြီး ဆေးကုရတာဆိုတော့ နှစ်တွေကြာလာတဲ့အခါ ဘယ်ရောဂါကို ဘာဆေးထိုးလို့ ဘာဆေးပေးတယ်ဆိုတာ အတော်အသင့်တော့ သိနေပြီလေ။ အဲတော့ သူလည်း တောမြို့လေးမှာ ဆရာကြီးတစ်ဆူပါပဲ။ ကျွန်တော်တို့ ဝမ်းတွင်းမြို့မှာတော့ ကွန်ပေါင်ဒါကြီးဆိုတာ တလေးတစား ဆရာတစ်ယောက်ပါ။ နည်းနည်းပါးပါး နေမကောင်းတာလောက်ကတော့ သူနဲ့ပဲ ပြကြတယ်။ ရောဂါဆိုးတယ်ဆိုမှ ဆရာဝန်ကြီးကို ခေါ်ကြတာပါ။ ခုနကပြောနေတဲ့ ဆရာဝန်ကြီး အိမ်ကြွလာတအကြောင်းကို ဆက်ပြော ရမယ်ဆိုရင် ဆရာဝန်ကြီး လူနာစမ်းပြီးတာနဲ့ ဆေးထိုးဖို့ပြင်ပါတယ်။ အဲဒီခေတ်က နယ်တွေမှာ ဆရာဝန်ဆေးကုတယ်ဆိုတာ ဆေးအမြဲထိုးရပါတယ်။ ဆေးမထိုးဘူးဆိုရင် ဆေးကုတယ်လို့ မထင်ကြ ပါဘူး။ ဆေးကုခ၊ ခြေကြွေခ ပေးရတာ မတန်ဘူးလို့ ယူဆကြပါတယ်။ အဲတော့ ဆရာဝန်တွေက လူနာတွေကို အမြဲတန်း ဆေးထိုးရတာပေါ့။ ဆရာဝန်ကြီးဆေးထိုးတော့မယ်ဆိုရင် ကြွေဇလုံ ခပ်သေးသေး လေး ချပေးထားပြီး ရေနွေးပက်ပွက်ဆူကို လောင်းထည့်ပေးရပါတယ်။ အဲတော့မ ဆရာဝန်ကြီးက သူ့ဆေးသေတ္တာကို ဖွင့်ပါတယ်။ အဲဒီခေတ်မှာ ဆရာဝန်တွေဟာ လူနာအိမ်တွေကိုလိုက်ပြီး ဆေးကုရင် ဆေးသေတာဆိုတာလေးတွေ ကိုင်ပြီးသွားကြတာပါ။ ဆေးသေတ္တာဆိုတာက သားရေကဒ်ပြားအမာနဲ့ ချုပ်ထားတဲ့ အပိတ်အဖွင့်ရတဲ့ သေတ္တာလေးပါ။ ဘေးတိုက်အဖုံးကို ဖွင့်ချလိုက်ရင် အံလေးတွေကို တွေ့ရပါမယ်။ အဲဒီအံလေးတွေကို ဆွဲ ထုတ်လိုက်ရင် ဆေးထည့်တဲ့အကန့်၊ ဆေးပစ္စည်းကိရိယာထည့်တဲ့ အကန့်ဆိုတဲ့ အကန့်လေးတွေ ပါပါတယ်။ ကွန်ပေါင်ဒါကြီးက ဆေးသေတာ ဖွင့်ပေးလိုက်တော့ ဆရာဝန်ကြီးက ဆေးထိုးအပ်တွေထားတဲ့ အကန့်ထဲကနေ အပ်နဲ့ဆလင်း (syringe ကို အညာက နယ်ကလူတွေမှာက ဆလင်းလို့ ခေါ်ကြတယ်) ထုတ်ပြီး ရေနွေးဇလုံထဲကို ထည့်လိုက်တယ်။ ခဏနေတော့မှ ဆလင်းနဲ့အပ်ကို တပ်ပြီး ဆေးပုလင်းဖွင့် ဆေးစုပ်ပြီး ဆေးထိုးပေးပါတယ်။ အပ်ကို

ရေနွေးပူထဲမှာစိမ်တာဟာ အလွန်ဆုံး (၂)မိနစ်လောက်ပဲ ရှိမှာပေါ့။ ဒပြင်အရပ်တွေမှာ ဘယ်လို လုပ်ကြသလဲတော့ မသိ၊ ကျွန်တော်တို့မြို့မှာတော့ ဒီလိုပဲ ရေနွေးနဲ့စိမ်ပြီး ဆေးထိုးကြပါတယ်။ ဆေးထိုးတဲ့ အကြိမ်သိပ်များသွားလို့ အပ်တုံးသွားပြီဆိုတော့မှ နောက်အပ်တစ်ချောင်းလဲပါတယ်။ သိပ်ရင်းနှီးတဲ့သူဆိုရင်တော့ အပ်အသစ်လေးနဲ့ ထိုးပေးမယ်နော်လို့ ပြောပြီး အပ်အသစ်ထုတ်သုံးပါတယ်။ အားလုံးပြီးစီးတော့မှ အမေက ခြေကြွေခ ပိုက်ဆံကို စာအိတ်လေးထဲထည့်ပြီး ကွန်ပေါင်ဒါကြီးလက်ထဲထည့်လိုက်ပါတယ်။ "ဆရာကြီးရယ် ကလေးမသက်သာရင် မနက်ဖြန်လည်း ပင့်ပါရစေနော်" ဆိုပြောပြီး ဆရာဝန်ကြီးကို ကားအထိရောက်အောင် လိုက်ပို့ရပါတယ်။ အဲဒီတုန်းက အိမ်လိုက်ကြည့်ပေးတဲ့ ဆရာဝန်ကြီးကို ခြေကြွခငွေ (၃၀)ကျပ်လောက် ပေးရပါတယ်။ ရွှေတစ်ကျပ်သား (၁၀၀)ကျပ် မပြည့်တဲ့ ခေတ်က (၃၀)ဆိုတာ နည်းတဲ့ပိုက်ဆံမဟုတ်ပါဘူး။ ဒါပေမယ့် ရှေ့မှာ ပြောခဲ့သလိုပဲ၊ အမေဟာ ဒပြင်နေရာတွေမှာ ချွေတာသလောက် ကျွန်တော်တို့ ကျန်းမာရေးအတွကဆိုရင်တော့ နည်းနည်းလေးမှကို မတွန့်မတိုဘဲ ရက်ရက်ရောရော သုံးတတ်ပါတယ်။ ချွေတာတာနဲ့ နှမြောတာဟာ တခြားစီပဲဆိုတဲ့ ဘဝမှာ အရေးကြီးတဲ့ အယူအဆတစ်ခုကို သင်ပေးသွားတဲ့ အမေ့အကြောင်းတွေရေးရင်းနဲ့ ဒီဆောင်းပါးနဲ့ အမေ့ကို ဂါဝရပြုလိုက်ရပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒေါ်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

၁၀-၀၇-၀၈

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၂၉)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်း ရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်သိုက် အမေနဲ့ အညာပြန်ရတာ အမေ့ကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာ ရပ်မရဘာ ဆက်ရေးမိနေပါတယ်။

ဝမ်းတွင်းနဲ့သဲတော

အမေနဲ့ကျွန်တော်တို့တတွေ နှစ်စဉ်နွေကျောင်းပိတ်တိုင်း အမေ့မြို့ဝမ်းတွင်းကို ရထားနဲ့ ပြန်ကြတာပါ။ ဝမ်းတွင်းမြို့က ရန်ကုန် မန္တလေးကားလမ်းပေါ်မှာရှိပြီး ရထားဘူတာရုံ မရှိပါဘူး။ အဲဒါကြောင့် အညာကို ရထားနဲ့သွားမယ်ဆိုရင် ဘူတာရှိတဲ့သဲတောမှာဆင်းပြီး ၂မိုင်လောက်ဝေးတဲ့ ဝမ်းတွင်းမြို့ကို မြင်းလှည်းနဲ့ ဒါမှမဟုတ် ကားနဲ့ ဆက်သွားရပါတယ်။ ဒီနေရာမှာ ဝမ်းတွင်းနဲ့သဲတောမြို့အကြောင်းကို နည်းနည်းပြောပြချင်ပါတယ်။ ဒါကြောင့်မို့လို့ ဝမ်းတွင်းနဲ့ သဲတော ခေါင်းစဉ်လေးနဲ့ ရေးဖို့ ဖြစ်လာတာပါ။ ဒီ ခေါင်းစဉ်ကို ဘယ်လိုရေးမလဲ စတွေးလိုက်တန်းက သဲတောနဲ့ဝမ်းတွင်းလို့ ရေးရမလား၊ ဝမ်းတွင်းနဲ့ သဲတောဆို ခေါင်းစဉ်ပေးမလားဆိုတာ ခဏစဉ်းစားလိုက်ရပါသေးတယ်။ ဘာလို့လဲဆိုတော့ ဝမ်းတွင်းနဲ့ သဲတောဆိုတာ အမြဲပြိုင်နေတဲ့ မြို့နှစ်မြို့ ဖြစ်နေတော့ ဘယ်မြို့ နာမည်ကို ရှေ့က ထည့်ရမလဲ ဆိုတာ စဉ်းစားရတာပေါ့။ အထူးသဖြင့် ကျွန်တော်က ဝမ်းတွင်းသားဖြစ်နေတော ဝမ်းတွင်းဆိုတဲ့နာမည်ကို ရှေ့ကထည့်ချင်တာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ နားထဲမှာ အငယ်ထဲကစွဲနေတာကတော့ သဲတော ဝမ်းတွင်းပါ။ ဘာလို့အဲသလစနေသလဲ ဆိုတော့ ကျွန်တော်တို့ရဲ့ ကျောင်းနာမည်ကို 'သဲတော ဝမ်းတွင်း အထက' ဆိုပြီး ပေးထားတော့ တစ်သက်လုံး သဲတောဝမ်းတွင်းပဲ ခေါ်နေကျဖြစ်နေတာပါ။ ဒါပေမယ့် ဒီဆောင်းပါးရေးရင်တော့ တစ်တိုင်းပြည်လုံးက ဖတ်ကြမှာ၊ အဲတော့ ကိုယ့်မြို့နာမည်ကို ရှေ့ကတပ်ပြီး ဝမ်းတွင်းသဲတောလို့ ရေးလိုက်ဦးမယ်လို့ ဆုံးဖြတ်လိုက်ပြီး ဝမ်းတွင်းနဲ့သဲတောလို့ ခေါင်းစဉ်ပေး ရေးချလိုက်ပါတော့တယ်။ ကျွန်တော်တို့ အညာက လူတွေဟာ အဲလို ဒေသစွဲအရမ်းရှိကြတာပါ။ ဝမ်းတွင်းနဲ့သဲတော အကြောင်း ဆက်ပြောရမယ်ဆိုရင် ဒီမြို့ နှစ်မြို့ဟာ မိတလာခရိုင်ထဲက မြို့နှစ်မြို့ပါ။ ၂မိုင် ပဲ ဝေးတဲ့ နီးနီးစပ်စပ် မြို့နှစ်မြို့ ဖြစ်ပေမယ်လို့ ဝမ်းတွင်းနဲ့ သဲတောဟာ တစမြို့နဲ့တစ်မြို့ အစစအရာရာ တကယ်ကို

ပြုင်ကြပါတယ်။ ဝမ်းတွင်းမြို့က ရန်ကုန် - မန္တလေး ကားလမ်းပေါ်မှာရှိပါတယ်။ ရန်ကုန်ကနေ ကားနဲ့လာရင် မိတ္ထီလာမြို့ ကျော်ပြီး (၂၁)မိုင်ရောက်တာနဲ့ ပထမဆုံးတွေ့တဲ့မြို့ဟာ ဝမ်းတွင်းမြို့ပါပဲ။ ဝမ်းတွင်းကျော်သွားရင် ကူမဲမြို့ကို တွေ့ရမှာပါ။ ဒါကြောင့် ဝမ်းတွင်းဟာ မိတလာနဲ့ကူမဲကြားမှာရှိတဲ့ မြို့လေးတစ်မြို့ပါ။ သဲတောကတော့ ရထားနဲ့ ရန်ကုန်ကလာရင် သာစည်ကထွက်လာပြီး ဘူတာသေးသေးလေးတွေကို ကျော်လာရင် ပထမဆုံးတွေ့ရတဲ့ ဘူတာအကြီးတစ်ခုပါ။ သဲတောဘူတာကို ကျော်သွားရင် နောက်ထပ်တွေ့ရမယ့် မြို့ကတော့ ကူမပါ။ အဲတော့ သဲတောဟာ သာစည်နဲ့ ကူမဲကြားမှာ ရှိတဲ့ ဘူတာလေးတစ်ခုပါ။ ဒီနေရာမှာ သဲတောမြို့ ဆိုတဲ့ကိစန့်ပတ်သက်လို့ ရှင်းပြချင်ပါသေးတယ်။ သဲတောမြို့ လို့ခေါ်တာကို ကျွန်တော်တို့ ဝမ်းတွင်းသားတွေက လုံးဝ လက်မခံနိုင်ကြပါဘူး။ ကျွန်တော်တို့ အငယ်တုန်းက အဖေပြောခဲ့ဘူးတဲ့ သဲတောမြို့ဆိုတဲ့ အကြောင်းကို ပြန်ပြောရမယ်ဆိုရင် "မင်းတို့ မြို့လို့ခေါ်နေတဲ့ သဲတောဟာ မြို့ မဟုတ်ဘူးကွ။ မြို့တစ်မြို့ဖြစ်ဖို့ဆိုတာ မြို့ပဉ္စပဒေ Town Act နဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြီး၊ အဲဒီ ဒေသက မြို့လို့ ဂဇက် (gazette) ပြန်တမ်းမှာထည့်ပြီး ကြေငြာပေးမှ မြို့ဖြစတာကွ။ မင်းတို့ မှတ်ထားဖို့ရာက ဂဇက်ထဲမှာပါမှ အားလုံးတရားဝင်တာ။ သဲတောက Town Act နဲ့ ပြဋ္ဌာန်းပြီး ဂဇက်ထဲမှာ ကြေငြာ ထားတဲ့ မြို့မဟုတ်ဘူးကွ။ သူတို့ဖာသာသူတို့ မြို့လို့ နာမည်ပေးထားတ မြို့လေ" လို့ အဖေက ရှင်းပြဖူးပါတယ်။ ဟုတ်မဟုတ်တော့ သေချာမသိပါ။ ကျွန်တော်တို့ အငယ်တုန်းကတော့ "ဝမ်းတွင်းက မြို့၊ သဲတောက မြို့မှ မဟုတ်တာ မြို့အင်္ဂါ ဘာမှ မရှိဘူး" ဆိုတဲ့ ပြောသံတွေကို ကြားခဲ့ရဘူးပါတယ်။

<u>ဂဇက် (gazette)</u>

အဖေတို့ခေတ်က ဂဇက် (gazette) လို့ခေါ်တဲ့ ပြန်တမ်း ဟာ သိပ်ကို အရေးပါပါတယ်။ လူတစ်ယောက်ကို အလုပ်ခန့်တဲ့အခါမှာ ပြန်တမ်းထဲမှာထည့်ပြီး ဖော်ပြရတဲ့ အရာရှိ အဆင့်ရှိတဲ့လူကို ပြန်တမ်းဝင်အရာရှိ ဂဇက်တက် အော်ဖစ်ဆာ (gazetted officer) လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ အငယ်တုန်းက ဝမ်းတွင်းတစ်မြို့လုံးမှာ ပြန်တမ်းဝင်အရာရှိဆိုတာဟာ ဆရာဝန် တစ်ယောက်ပဲ ရှိတာပါ။ ဝမ်းတွင်းမြို့မှာ ရှိတဲ့ မြို့အုပ်၊ ရဲဌာနာအုပ်၊ မြေတိုင်းအရာရှိ၊ သမဝါယမ တာဝန်မှူး ဆိုတဲ့ ဌာနပေါင်းစုံက ဝန်ထမ်းတွေ၊ အရာရှိတွေအားလုံးဟာ ပြန်တမ်းဝင်အရာရှိအဆင့် မဟုတ်ကြပါဘူး။ အများဆုံးလစာ ၃၂၀ ကျပ်ပဲ ရကြတဲ့သူတွေပါ။ မြို့နယ် ဆရာဝန်ကြီးကတော့ ပြန်တမ်းဝင် အရာရှိဆိုတော အနိမ့်ဆုံး လစာနှုန်းထား (Basic Pay) ၃၅၀ကျပ် ရပါတယ်။ ပြီးတော့ CLA လို့ခေါ်တဲ့ ရှားပါးစရိတ် (Cost of Living Allowance) က ၁၀၀ကျပ်၊ စုစုပေါင်းလစာက ၄၅၀ကျပ်ရတဲ့အဆင့်ရှိပါတယ်။ အဲလို လစာ

အဆင့်ရှိတဲ့ လူကို ပြန်တမ်းဝင် အရာရှိ အဆင့်လို့ ခေါ်ပါတယ်။ အဲလို ပြန်တမ်းဝင် အရာရှိတွေဟာ စုစုပေါင်း လစာ ၄၅၀ကျပ်ရတဲ့ အတွကကြောင့် ဟိုတုန်းက ပြန်တမ်းဝင်အရာရှိလစာနှုန်းထားကို ခပ်လွယ်လွယ် ဖိုးဖစ်တီးစကေး 450 scale လို့ ခေါ်ကြပါတယ်။ ကျွန်တော်ဆရာဝန်ဖြစ်လို့ အလုပ်ဝင်တဲ့အခါ မူလ လစာ basic pay ၃၅၀ ကျပ်နဲ့ CLA ၁၀၀ကျပ်၊ ပေါင်း ၄၅၀ကျပ် ရတဲ့ပြန်တမ်းဝင်အရာရှိအဆင့်နဲ့ စပြီး လုပ်ခဲ့ရပါသေးတယ်။ ဂဇက်အကြောင်းဆက်ပြောရရင် ဂဇက်ထဲမှာ ပါတာမှန်သမျှဟာ အရေးကြီးတဲ့ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုတဲ့ ဖြစ်ရပ်တွေ၊ မှတ်တမ်းတွေလို့ ပြောရမှာပါ။ ပြန်တမ်းထဲမှာပါတဲ့ ရုံးပိတ်ရက် ဟောလီးဒေးဆိုရင် ဂဇက်တက်ဟောလီးဒေး (gazetted holiday) လို့ ခေါ်ပါတယ်။ ပြန်တမ်းထဲမှာ ပါတဲ့ ဘုရားပွဲဆိုရင်တော့ နယ်ကလူတွေက ဂဇက်ဝင်ဘုရားပွဲလို့ ခေါ်ပါတယ်။ အငယ်တုန်းက မှတ်မိတာကို ပြောရရင် မလှိုင်မြို့က ပန်းအိုင်ဘုရားပွဲဟာ ဂဇက်ဝင် ဘုရားပွဲလို့ အဖေက ပြောခဲ့ဘူးပါတယ်။ ဒါကြောင့် ဂဇက်ဝင်မြို့မဟုတ်တဲ့၊ Town Act ဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့မြို့ မဟုတ်တဲ့ သံတောမြို့ကို ကျန်တော်တို့ ဝမ်းတွင်းကလူတွေက မြို့လို့ မသတ်မှတ်ပါဘူး။ ပြီးတော့ မြို့ မဟုတ်ဘဲ မြို့လို့ခေါ်တာကိုလည်း သရောချင် ကြပါတယ်။ ဝမ်းတွင်းဟာ မြို့ဖြစ်လို့ ဆေးရုံရှိတယ်၊ မြို့အုပ်ရှိတယ်၊ ရဲဌာန (ရဲစခန်း)ရှိတယ်။ ဒလောက်နဲ့ကို ဝမ်းတွင်းက သံတောထက် သာနေပြီ။ သံတောကလူတွေက ဝမ်းတွင်းမှာ အစိုးရရုံးတွေ စိုက်ထားတာကို ဘယ်လိုမှမငြင်းနိုင်ကြပါဘူး။ သံတောက မြို့ မဟုတ်ဘူးလို့ ဘာလို့ပြောတာတုန်း ဆိုတော့ သံတောမှာ ဆေးရုံမရှိဘူး၊ ဆေးပေးခန်းပဲရှိတယ်။ မြို့အုပ်မရှိဘူး၊ မြို့မဟုတ်ပဲ ရွာကြီးဆတော့ သူကြီးပဲရှိတယ်။ ရဲစခန်းလည်းမရှိဘူး၊ ရဲကင်းပဲရှုပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးခေတ်အထိ သံတောမှာကော ဝမ်းတွင်းမှာပါ အထက်တန်းကျောင်းမရှိပါဘူး။ ဒါနဲ့ လွတ်လပ်ရေးရပြီး 'ဖဆပလ' ခေတ်ရောက်တော့ သံတောနဲ့ဝမ်းတွင်းအတွက် အထက်တန်းကျောင်း တစ်ကျောင်း အစိုးရက ဆောက်ပေးမယ်လို့ စီမံကိန်းချလာတအခါ သံတောကလူတွေနဲ့ ဝမ်းတွင်းကလတွေဟာ ကိုယ့်မြို့မှာ အစိုးရအထက်တန်း ကျောင်းရဖို့ လုကြပါတယ်။ အဲဒီလို ပြဿနာတွေရှိနေတော့ ပညာရေးဝန်ကြီးဌာနက သံတောနဲ့ဝမ်းတွင်း ဘယ်မြို့မှာမှ ကျောင်းဆောက်မပေးဘဲ မြို့နှစ်မြို့ရဲ့ အလယ်ခေါင်တည့်တည့် တောထဲမှာ 'သံတော ဝမ်းတွင်း အထက' အထက်တန်းကျောင်းကြီးကို ဆောက်ပေးခဲ့ပါတယ်။ အခုခေတ် မှာ သံတောနဲ့ ဝမ်းတွင်းဆိုတာ အိမ်တွေတိုက်တွေနဲ့ တဆက်တည်းဖြစ်သွားပေမယ်လို့ ကျွန်တော်တို့ အငယ်တန်း ကတော့ သံတောနဲ့ဝမ်းတွင်းကြားဟာ တကယ့်တောကြီးပါ၊ ဘာအိမ်မှမရှိပါဘူး။ သံတောနဲ့ ဝမ်းတွင်းဟာ (၂)မိုင်အတိ ဝေးပါတယ်။ သံတောဝမ်းတွင်း အထကဟာ မြို့နှစ်မြို့ရဲ့ အလယ်တည့်တည့်မှာ ရှိတဲ့အတွက် ကျောင်းက သံတောနဲ့ (၁)မိုင်ဝေးတယ်၊ ဝမ်းတွင်းနဲ့လည်း (၁)မိုင်ပဲဝေးပါတယ်။ ကျွနတော်တို့

ကျောင်းသား အများစုဟာ စက်ဘီးကိုယ်စီနဲ့ ကျောင်းတက်ရတာပါ။ ဒီလို အထက ကျောင်းဆောက်တဲ့ ကိစ္စမှာတော့ မြို့နှစ်မြို့အလယ်မှာ ကျောင်းဆောက်ထားတာမို့လို့ သဲတောနဲ့ ဝမ်းတွင်းဟာ ဘယ်သူက သာတယ်လို့ ဘာမှ ငြင်းလို့ မရကြပါဘူး။ ဆေးရုံနဲ့ပတ်သက်လို့ပြောရမယ်ဆိုရင် သဲတောမြို့မှာ ဆေးရုံ မရှိဘဲ ကျေးလက်ကျန်းမာရေး ဌာနလို့ခေါ်တဲ့ RHC (Rural Health Centre) လေးနဲ့ ဆေးမှူး တစ်ယောက် ရှိပါတယ်။ သဲတောသားတွေဟာ အဲဒီအဆောက်အဦးလေးကို အကြီးအကျယ် ပြင်ဆောက်လိုက်ပြီး ဆေးရုံအနေနဲ့ အဆင့်မြှင့်ပြီး ဆရာဝန်တစ်ယောက်ရအောင် ကြိုးစားပေမယ်လို့ မအောင်မြင်ခဲ့ပါဘူး။

<u>ဝမ်းတွင်းမြို့</u>

ဝမ်းတွင်းနဲ့သဲတော မြို့နှစ်မြို့ဟာ စီးပွားရေး၊ လူမှုရေးနဲ့ ဖွဲ့စည်းတည်ဆောက်ထားပုံလေးဝ မတူပါဘူး။ ဝမ်းတွင်းတစ်မြို့လုံးဟာ ယက္ကန်းကိုအခြေခံပြီး ချမ်းသာကြတဲ့ ယကန်းစက်ပိုင်ရှင် သူဌေးတွေ များပါတယ်။ လွတ်လပ်ရေးရပြီး ဖဆပလအစိုးရခေတ်မှာ ဝမ်းတွင်းမြို့ကလူတွေဟာ အစိုးရဘဏ် ချေးငွေတွေနဲ့ ယက္ကန်းစက်တွေ တည်ကြပါတယ်။ ယက္ကန်းစက်တွေတင်မကဘူး အစိုးရချေးငွေနဲ့ တရုတ်ပြည်ကနေ အင်ဂျင်နီယာတွေခေါ်၊ စက်ပစ္စည်းတွေ သွင်းပြီးတော့ ဝမ်းတွင်းမြို့ အဝင် သိမ်တော်ကုန်း ထိပ်မှာ "ရွှေဥဒေါင်း" ချည်စက်ဆိုတာကိုတောင် တည်ခဲ့ပါတယ်။ အဲဒီ ချည်စက်ဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံး ပုဂလိက ချည်စက်လို့တောင် ပြောရမလား မသိပါဘူး။ ဝမ်းတွင်းမြို့က လူတွေဟာ ဖဆပလခေတ်မှာ နေ့ချင်းညချင်း ယက္ကန်းသူဌေးတွေ ဖြစ်ကုန်ကြပါတယ်။ ဝမ်းတွင်းမြို့က ယက္ကန်းစက်သူဌေးကြီးတွေ တော်တော်များများဟာ ခေတ်ပညာ မတတ်ကြပါဘူး။ ဒါပေမယ့် စီးပွားရေးအတွေးအခေါ်၊ အမြော်အမြင်ရှိတဲ့ ဥာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတွေလို့ ခေါ်ရပါမယ်။ ခေတ်ပညာ၊ တက္ကသိုလ်ပညာ မတတပေမယ်လို့ ယကန်းရုံ အကြီးတွေ ဆောက်နိုင်တဲ့ အဆင့်အထိ ရောက်အောင်၊ စီးပွားရေး တိုးတက်ကြီးပွားအောင် လုပ်နိုင်ခဲ့ကြတဲ့ သူတွေပါ။ အဲဒီ ပုဂ္ဂိုလ်ကြီးတွေဟာ ယက္ကန်းစက်ကိစ္စ၊ အထည်တွေ လုံချည်တွေ ရောင်းဖို့၊ ချည်တွေ၊ ဆိုးဆေးတွေ ဝယ်ဖို့ဆိုတဲ့ ယက္ကန်းနဲ့ဆိုင်တဲ့ စီးပားရေးရာ ဆက်ဆံမှုပတ်ဝန်းကျင်ကြီးတွေထဲမှာ လည်ပတ်တတ်လာပါတယ်။ လုပ်ငန်းတွေ ကျယ်ပျံ့လာတော့ ဝမ်းတွင်းကသူဌေးတွေဟာ ရန်ကုန်တက်၊ ဟိုတယ်တည်း၊ မြင်းလောင်း၊ ရန်ကုန်သူဌေးတွေနဲ့ပေါင်းတဲ့အဆင့်အထိကို ရောက်လာပါတယ်။ မျက်စိကြီး၊ နားကြီးတွေဖြစ်လာပြီးတော့ လုပ်ငန်းတွေတိုးချဲ့ လုပ်နိုင်လာပြီး အောင်မြင်သည်ထက် အောင်မြင်လာပါတယ်။ တစ်မြို့လုံး ဘဲလ်အဲ (Bel Air) ၊ မြန်မာတွေ ချက်ပလက်လို့ အသံထွက်ဖြစ်တဲ့ ရှယ်ဗလိုက် (Chevrolet) နဲ့ လင့်ရိုဗာ (Land Rover) ကားတွေ စီးနိုင်လာတဲ့ အဆင့်အထိ ဖြစ်လာပါတယ်။ ဝမ်းတွင်းမြို့က ယက္ကန်းသူဌေးတွေဟာ

အုပ်စုလိုက်ကြီးဖွဲ့ပြီး တစ်ယောက်က ဒီကားတစ်မျိုးမျိုးဝယ်လိုကတယ်ဆိုရင် အားလုံး အဲလိုကားတွေပဲ လိုက်ဝယ်ကြပါတယ်။ စီးပွားရေးကို လုံးပန်းနေပေမယ့်လို့ သူတို့ သားသမီးတွေရဲ့ ပညာရေးကိုလည်း မမေ့ကြပါဘူး။ ခေတ်ပညာ တတ်ဖို့ သိပ်အရေးကြီးတယ်ဆိုတဲ့ အချက်ကို သဘောပေါက်နားလည်ပြီး တလေးတစား ကလေးတွေ ပညာရေးကို အထူးအားပေးကြပါတယ်။ ဘယ်လို၊ ဘယလောက်သားသမီးတွေ ပညာရေးကို ဂရုစိုက်ကြသလဲဆိုတော့ ယက္ကန်းစက်ပိုင်သူဌေးတွေဟာ သူတို့သားသမီးတွေကို သဲတောဝမ်းတွင်း အထကမှာ မထားပဲ ရန်ကုန်၊ မန္တလေး၊ မေမြို့၊ ကလောမှာရှိတဲ့ ခရစ်ယာန်သာသနာပြု မစ်ရှင်ကျောင်း (Mission School)တွေဖြစ်တဲ့ စိန့်ပေါလ် (Saint Paul)၊ စိန့်ဂျွန်း (Saint John)၊ စိန့်အဲလ်ဘတ် (Saint Albert)၊ ဘုရင့်တောလို့ အဓိပ္ပါယ်ရတဲ့ ကင်း(စ်)ဝုဒ် (King's Wood) ဆိုတဲ့ ကျောင်းတွေမှာ ဘော်ဒါဆောင်၊ ကျောင်းအိပ် ကျောင်းစား ကျောင်းသားတွေအနေနဲ့ ကျောင်းထားကြပါတယ်။ အဲဒီအချိန်မှာ ရဲတိုက်ပိုင်သား ကျွန်တော်တို့က တိုက်ကြီးက ပျဉ်ထောင် နှစ်ထပ်အစိုးရအလယ်တန်းကျောင်းကြီးမှာ နှစ်တန်း၊ သုံးတန်း တက်နေရကြတာပါ။ နွေကျောင်းပိတ်လို့ ဝမ်းတွင်းပြန်ရောက်ရင် ကျွန်တော်တို့က ဘောင်းဘီတို၊ စွပ်ကျယ်ဝတ်နဲ့ဂွေလှိမ့်၊ ဖုန်တွေသဲတွေထဲမှာ ချွေးတွေ သံတွေနဲ့ ပိုလိုကားပစ်၊ သားရေကွင်းပစ်၊ ကစားကြပါတယ်။ ကျွန်တော်တ့ အဲလို နေနေကြတဲ့ အချိန်မှာ ယက္ကန်းစက်ပိုင်ရှင် သားသမီး ဘိုကျောင်းတက်နေတဲ့ ကျောင်းသူကျောင်းသားတွေကတော့ ဘဲလ်အဲကားကြီး တဝီးဝီးနဲ့ ဝမ်းတွင်း မြို့လည်က ကတရာလမ်းပေါ်မှာ အခန့်သားစီးသွားလိုက်၊ ညနေစောင်းရင် ကာကီ ဘောင်းဘီရှည်၊ မစ်ရှင်ကျောင်းက တံဆိပ်တွေတပ်ထားတဲ့ ဘလေဇာကုတ် (blazer coat)တွေဝတ်ပြီး တစ်မြို့လုံးမှာ တစ်လမ်းပဲရှိတဲ့ ရုံးကြီးရှေ့က ကတ္ရာပေတစ်ရာလမ်းပေါ်မှာ တစ်မြို့လုံး မြင်အောင် ရှိုးအပြည့်နဲ့ လမ်းသလားပြီး ဟန်ရေးလျှောက်ပြ လုပ်ကြပါတယ်။ ၁၉၅၈ ခုနှစ်လောက်မှာ ဝမ်းတွင်းမြို့ရဲ့ ယကန်းသူဌေးတွေ စီးပွားအမြင့်ဆုံးတက်တဲ့ အချိန်လို့ပဲ ပြောရမှာပါ။ တကယ်ကို ခေတ် ကောင်းပြီး သူဌေးတွေ ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနဲ့ ရှူးစီး၊ ဘဲလ်အဲကားတွေနဲ့ သွားနေကြတဲ့ ကာလပါ။ ဒီလိုနဲ့ ဝမ်းတွင်းမြို့က ယက္ကန်းလုပ်ငန်းတွေဟာ သိပ်အောင်မြင်လာတော့ မုံရွာ၊ မန္တလေး၊ အမရပူရ စတဲ့ ယက္ကန်းလုပ်ငန်းတွင်ကျယ်တဲ့ နယ်ပေါင်းစုံက ယကန်းစက်တွေကို ဝယ်ရင်းဝယ်ရင်းနဲ့ ဝမ်းတွင်းရဲ့ ယက္ကန်းအင်ပါယာကြီးဟာ တအားကြီး ကြီးလာပါတယ်။ တစ်ပြည်လုံးက ယက္ကန်းစက် တော်တော်များများ ဟာ ဝမ်းတွင်းကို ရောက်လာပါတယ်။ ဝမ်းတွင်းမြို့ဟာ မြန်မာတစ်နိုင်ငံလုံးရဲ့ အဓိက ယကန်းစင်တာကြီး ဖြစ်လာပါတယ်။ ဝမ်းတွင်းမြို့ကထွက်တဲ့ လုံချည်တွေ၊ ယက္ကန်းအထည်တွေကို တစ်ပြည်လုံးကို ကားနဲ့ ဒါမှမဟုတ် သဲတောဘူတာကနေတစ်ဆင့် ရထားနဲ့ တစ်နိုင်ငံလုံးကို ဖြန့်ပို့ပါတယ်။ ဝမ်းတွင်းက ယက္ကန်းသူဌေးတွေဟာ ရန်ကုန်မှာ အိမ်မြေတွေ၊ တိုက်တွေ ဝယ်တဲ့အဆင့်အထိ ကြီးပွားလာခဲ့ပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းမြို့သူမြို့သားတွေထဲမှာ အစိုးရဝန်ထမ်း

လုပ်တဲ့သူ သိပ်ရှားပါတယ်။ အားလုံးဟာ တစ်နည်းမဟုတ်တစ်နည်း ယက္ကန်းကို မှီခိုလုပ်ကိုင်စားသောက်နေကြတဲ့သူတွေ များပါတယ်။ အဲလို ဝမ်းတွင်းမြို့ရဲ့ ယက္ကန်းလုပ်ငန်းတွေ အောင်မြင်နေတဲ့အချိန်မှာ အမေတို့လည်း ယကန်းစက်ဝယ်ပြီး ယက္ကန်းရုံထောင်၊ ယက္ကန်းသူဌေးဖြစ်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် လူ့ကံလို့ပဲ ပြောရမှာပဲ။ အမေတို့ ပိုက်ဆံထုတ်ပေးပြီး ယကန်းစက်ဝယ်ခိုင်းလိုက်တာ အညာမိသွားပြီး ကိုယ့်ပိုက်ဆံ ပြန်ရအောင်ကို မနည်းပြန်တောင်းယူရတယ်။ အဲဒါကြောင့် ကျွန်တော်တို့လည်း ယကန်းစက်သူဌေး သားသမီးတွေဘဝနဲ့ ကပ်လွဲခဲ့ရပြီး ရဲဝန်ထောက် ဦးဘဂျမ်း၊ မင်းကတော် ဒေါ်ခင်ခင်တို့ရဲ့ ကလေးတွေဘဝနဲ့ပဲ ကြီးပြင်းကျေနပ်ခဲ့ရပါတယ်။ ဒါက ဝမ်းတွင်းမြို့ရဲ့ အခြေခံသဘောတရားကို ပြောပြရတာပါ။

<u>သဲတော</u>

သဲတောကလူတွေတော့ ကုန်မျိုးစုံ ရောင်းဝယ်ဖောက်ကား၊ ပွဲရုံ၊ ကုန်ရုံလုပ်ငန်းတွေကို လုပ်ကြတာပါ။ ယက္ကန်းစက် နည်းနည်းပါးပါးရှိပေမယ့် သဲတောကလူတွေ အဓိကလုပ်ကြတာဟာ ကုန်ကူးတာပါ။ သဲတောက လူတွေဟာ ပဲ၊ ငရုတ်တွေ ဝယ်ပြီး တစ်နိုင်ငံလုံးကို ပို့တယ်။ သဲတောသားတွေဟာ ဟိုကဟာကိုဝယ် ဒီပို့၊ ဒီကဟာကို ဟိုပို့ဆိုတဲ့ ကုန်သွယ်ဖောက်ကားရေး လုပ်ငန်းတွေကို အရမ်းကျွမ်းပါတယ်။ အဲလို စီးပွားရေး၊ ရောင်းဝယ်ရေး ကျွမ်းကျင်တာကြောင့် သဲတော စျေးဆိုတာ အရမ်းစည်ကားပြီး မိတလာခရိုင်ထဲမှာ နာမည်ကြီးတဲ့ စျေးကြီးတစ်ခုပါ။ ဝမ်းတွင်းမြို့က ဝမ်းတွင်းစျေးကတော့ ချောက်တီးချောက်ချက်ပါ။ ဝမ်းတွင်းဟာ မြို့လို့သာခေါ်တယ်၊ ဝမ်းတွင်းစျေး ရောက်တော့ စျေးဆိုင်တန်းလည်း မရှိ၊ စျေးအဆောက်အဦလည်း မရှိ၊ ဝမ်းတွင်းမြို့အရှေ့ ဘုရားလေး စျေးကုန်းပေါ်မှာ စျေးသည်တွေ ပုံကျ ကြဲရာကို ကြဲသလိုချပြီး ရောင်းကြ၊ ဝယ်ကြပါတယ်။ အဲဒီလို မြေကြီးပေါ်ချရောင်းတဲ့စျေးလေးကို ဝမ်းတွင်းစျေးလို့ ခေါ်တာပါ။ ဝမ်းတွင်းမြို့က လူတွေဟာ ပစ္စည်း စုံစုံလင်လင်ရှိတဲ့ သဲတောစျေးကိုပဲ အားကိုး ဝယ်ကြပါတယ်။ ဝမ်းတွင်းစျေးမှာ အရွက်သည်တွေ၊ ခေါင်းပေါ်မှာ လင်ပန်းတင်ပြီး ချရောင်းတဲ့ ငါးသည်၊ အသားသည်တွေလောက်ပဲ အဓိက ရှိတာပါ။ အမေဆိုရင် တစ်နေ့စာ အသားငါးတွေကို ဝမ်းတွင်းစျေးကုန်းလေး သွားပြီး နေ့စဉ် စျေးလိုက်ပါတယ်။ ဒါပေမယ့် တစ်ပတ်စာ ကန်ကြမ်း၊ အခြောက်အခြမ်း ဟင်းချက်စရာတွေကိုတော့ သဲတောစျေးကိုပဲ သွားဝယ်ပါတယ်။ အညာအခေါ် ပြောရရင်တော့ အမေ သဲတော စျေးလိုက်တယ်ပေါ့။ ဒီလိုဝမ်းတွင်းစျေးလေးက သေးသိမ်ပြီးနေရတာ ဘာလို့လဲဆိုတော့ ခုနက ပြောခဲ့သလို ဝမ်းတွင်းကလူတွေဟာစီးပွားရေး မလုပ်တတ်မကိုင်တတ်၊ ယကန်းစက်ရုံ၊ ယက္ကန်းလုပ်ငန်းတွေပဲ လုပ်တတ်တာကြောင့် ထင်ပါရဲ့။ သဲတောကလူတွေကတော့ ရောင်းဝယ် ဖောက်ကား ကုန်စည်ကူးသန်းလုပ်ငန်းတေမှာ ကျွမ်းကျင် ကြီးပွားကြတဲ့ သူတွေ

ဖြစ်တော့ သဲတောစျေးကြီးက စည်တာပေါ့။ ဝမ်းတွင်းက လူတွေက ယကန်းစက်တွေထောင်၊ ယက္ကန်းထည်တွေ ထုတ်ရောင်းတယ်။ သဲတောက လူတွေက အဲဒီလုံချည်တွေ၊ အထည်တွေကို တစ်ပြည်လုံးကို ပို့ပြီး ရောင်းတယ်၊ ကုန်ကူးတယ်။ ငရုတ်သီးနဲ့လဲမယ်၊ ပဲနဲ့ ဖလှယ်မယ်။ ဒါကြောင့် ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်၊ ဝမ်းတွင်းက လူတွေဟာ သမားရိုးကျ ကုန်ထုတ်လုပ်ငန်း၊ ယက္ကန်းစက်ရုံ၊ ဝန်ထမ်းအလုပ်တွေကိုပဲ လုပ်တတ်ပြီး သဲတောလူတွေကတော့ ကုန်သွယ် ရောင်းဝယ်တတ်တဲ့ သဘောတရားရှိပါတယ်။

<u>ဝမ်းတွင်းသားနဲ့ သဲတောသား</u>

အခု ကျွန်တော် ပြောခဲ့သလို ဝမ်းတွင်းနဲ့ သဲတောဟာ မြို့တစ်မြို့နဲ့ တစ်မြို့ အစစ၊ အရာရာမှာ တအား ပြိုင်ကြတယ် ဆိုပေမယ့်လည်း ဝမ်းတွင်းသားတွေနဲ့ သဲတောသားတွေ တစ်ဦးချင်း ဆက်ဆံပေါင်းသင်းကြတာရောက်တော့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် စည်းစည်းရုံးရုံး ရှိကြပါတယ်။ သတောသားတွေနဲ့ ဝမ်းတွင်းသားတွေ တစ်ယောကနဲ့ တစ်ယောက် ရန်လိုမုန်းတီး ပြိုင်ဆိုင်ပြီး ရန်တွေ ဖြစ်နေကြတာမဟုတ်ပါဘူး။ ကိုယ့်မြို့အစွဲလေးနဲ့ကိုယ် သံယောဇဉ်တွယ်တဲ့၊ ကိုယ့်နေရာ ကိုယ့်ဒေသလေး အတွက် ကိုယ့်စိတ်ထဲမှာ တခြားမြို့တွေ၊ရွာတွေနဲ့ ပြိုင်ဆိုင်ချင်တဲ့ သဘောပဲရှိတာပါ။ တကယ်တော့ သဲတောသားနဲ့ ဝမ်းတွင်းသား တွေဟာ တကယ့်ကို ချစ်ခင်ရင်းနှီး စည်းရုံးကြပါတယ်။ ဘာလို့လဲဆိုတော့ သဲတော ဝမ်းတွင်းအထကဟာ မြို့နှစ်မြို့ အလယ်မှာ ဆောက်ထားပြီး မြို့နှစ်မြို့အတက် ကျောင်းက တစ်ကျောင်းတည်းရှိတော့ ဝမ်းတွင်းသားတွေလည်း ဒီကျောင်းတက်၊ သဲတောသားတွေလည်း ဒီကျောင်းတက်ကြရတာပါ။ သဲတော၊ ဝမ်းတွင်းသားအားလုံးဟာ ဒီသဲတော၊ ဝမ်းတွင်း အထက တစ်ကျောင်းတည်း ထွက်တွေဆိုတော့ အငယ်ကတည်းက ချစ်ခင်ရင်းနှီးလာတဲ့ ငယ်သူငယ်ချင်းတွေပါ။ အဲတော့ လူပုဂိုလ်တွေ အချင်းချင်းသိပ်ကို ရင်းနှီးကြတဲ့ ဝမ်းတွင်းသားနဲ့ သဲတောသားတွေလို့ ပြောရမှာပါ။ ဒါပေမယ့် ခုနက ပြောသလို ကိုယ့်မြို့ ကိုယ့်ရွာ၊ ကိုယ့်ဒေသဆိုတဲ့ အစွဲ သိပ်ကြီးကြတဲ့ အညာသားတွေရဲ့ သဘော သဘာဝအတိုင်း ဝမ်းတွင်းသဲတော ဆိုတာ ပြိုင်ကြဆိုင်ကြတာတော့ ရှိတာပေါ့။

<u>အညာသားတွေရဲ့ ဒေသစွဲစိတ်ဓါတ်</u>

အညာသားတွေ ဘယ်လိုကိုယ့်အရပ်စွဲ၊ ဒေသစွဲ ရှိတယ်ဆိုတာလေး ပြောချပေါတယ်။ ဝမ်းတွင်းသဲတော ဘောလုံးကန်ကြတယ်ဆို တစ်ယောက်နဲ့ တစ်ယောက် ထမသတ်ရုံ တမယ်ပါပဲ။ ဒီလိုပဲ ဝမ်းတွင်းမြို့နယ် ဘောလုံးဗိုလ်လုပွဲမှာဆိုရင် ကျားသေကန်၊ နတ်ကန်၊ ရွှေတောင်၊ ပင်းတလဲ စတဲ့ ဝမ်းတွင်းနယ်ထဲက ရွာတွေက ဘောလုံးအသင်းတွေ ဘောလုံးလာကန်ကြရင် ရွာအသီးသီးက ဘောလုံး ပရိသတ်တွေကလည်း အစီအရီနဲ့ လှည်းဦးမှာ ဓါးတင်ပြီး ကိုယ့်အရပ်သားတွေအတွက်ကို စိတ်ရော ကိုယ်ပါ အင်တိုက်

အားတိုက် လာအားပေးကြတာပါ။ အညာသားတွေရဲ့ ဒေသစွဲစိတ်ဓါတ်ဟာ တော်တော်ကို ဖောက်ရခက်ပါတယ်။ ဒီလို သဘောတရားကြောင့် အမေဟာ နှစ်စဉ် နွေကျောင်းပိတ်ချိန်ရောက်တိုင်း သားသမီးတစ်စုနဲ့ ပစည်းတစ်ပုံတစ်ခေါင်းကို ထိန်းသိမ်းစောင့်ရှောက် ကြီးကြပ် တာဝန်ယူပြီး သူ့ဒေသ ဝမ်းတွင်းမြို့ကို မဖြစ်မနေ ပြန်ပါတယ်။ တကယ်တမး စဉ်းစားကြည့်မယ်ဆိုရင် အမေ့ရဲ့ အညာပြန်ခရီးဟာ အထူးပင်ပန်းပြီး သိပ်ကို ရင်မောစရာ ကောင်းလှပါတယ်။ ဒါပေမယ့် ကိုယ့်မြို့ဆိုတဲ့ ဝမ်းတွင်းကို ပြန်ချင်တဲ့ဇောနဲ့ နှစ်စဉ် မဖြစ်မနေ ကျွန်တော်တို့ကလေးတစ်သိုက်ကို ခေါ်ပြီး၊ အညာပြန်ရထားကြီးကိုစီး၊ အညာပြန်ခရီးစဉ်ကြီးကို မဖြစ်မနေ သွားခဲ့တဲ့ အညာဒေသစွဲ ကိုယ့်မြို့၊ ကိုယ့်ရွာကို သိပ်စွဲလန်းလှတဲ့ အမေ့ကို အထူးသတိရမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၀)

ဘောက်ဆောကားကြီးနဲ့ ရန်ကုန် မန္တလေးသွားတဲ့အကြောင်း ရေးနေရင်းကနေ အငယ်တုန်းက ရထားကြီးစီးပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်သိုက် အမေနဲ့ အညာပြန်ရတာ အမေ့ကို သတိရလွန်းလို့ အညာပြန်ခရီးအကြောင်း ရေးတာ ရပ်မရဘာ ဆက်ရေးမိနေပါတယ်။

သဲတောဘူတာအဆင်း

ကျွန်တော်တို့ စီးလာတဲ့ အညာပြန် ခေါင်းမဲရထားကြီး သာစည်ဘူတာကထွက်ပြီး ဟံဇာဘူတာ ကျော်လာတာနဲ့ အမေက ကျွန်တော်တို့ အားလုံးကို "လုပ်ကြတော့ သဲတောရောက်တော့မယ်" ဆိုပြီး ပြောပါတယ်။ အမေက လုပ်ကြတော့ဆိုတာ ဘာကိုလုပ်ရမလဲ ကျွန်တော်တို့ သေချာတော့ မသိပါဘူး။ ဒါပေမယ့် အသင့်ပြင်ထားရမယ် ဆိုတဲ့ သဘောကို အမေပြောတယ်ဆိုတာတော့ နားလည်ပါတယ်။ အမေက အဲလိုပြောလိုက်တော့ ညီအစ်ကိုမောင်နှမ တစ်သိုက်လှုပ်လှုပ်ရွရွ တောင်ကိုင်၊ မြောက်ကိုင်နဲ့ ရေရေရာရာ ဘာမှ မလုပ်ကြပဲ တစ်ယောက်နဲ့ တစ်ယောက် စလိုက် နောက်လိုက် ဆော့လိုက် လပ်နေကြပါတယ်။ အမေ့ အပြောနဲ့ ပြောရမယ်ဆိုရင် "ဒီကောင်တွေ အူမြူးနေကြတယ်" ဆိုတာ မျိုးပေါ့။ ကျွန်တော်တို့တတွေ အဲလို နည်းမျိုးစုံနဲ့ ဆော့နေကြပေမယ့် အမေနဲ့ အိမ်ဖော် အစ်မလေးတို့ကတော့ ရထားတွဲအလယ်မှာ ပြည့်ကျပ်နေတဲ့ လူတွေ၊ ပစ္စည်းတွေကို တောင်းပန်ကျော်ခွပြီး ကျွန်တော်တို့ ပစ္စည်းတွေ တောင်းတွေ အားလုံးကို ကျွန်တော်တို့ ဆင်းရမယ့် သဲတောဘူတာ ပလက်ဖောင်းနဲ့ ကိုက်တဲ့ဘက်က လူအတက်အဆင်း ရထားတွဲ တံခါးပေါက်နားကို ရွှေ့ပါတယ်။ ဟိုလူ့ပေါ်ကျော်လိုက်၊ ဒီလူ့ပေါ်ခွလိုက်နဲ့ ပစည်းတွေကို တဖြည်းဖြည်းခြင်းတစ်ခုချင်း သယ်လိုက်တာ နောက်ဆုံးမှာတော့ အမေ့ပစည်း အကုန်လုံး ရထားတွဲ တံခါးပေါက်နား ရောက်သွားပါတယ်။ အမေ ဘာလို့ ဒီလောက်တောင် ပစ္စည်းတွေကို ကြိုးစားပြီး တံခါးအဝနားအထိ ရွှေ့နေသလဲဆိုတော့ စာပို့ရထားကြီးဟာ သဲတောဘူတာမှာ (၃)မိနစ်ပဲ ရပ်လို့ပါ။ အချိန်ကို သိပ်ပြီး တိတိကျကျလိုက်နာတဲ့ အညာဆန်စာပို့ကြီးဆိုတော့ သဲတောဘူတာမှာ (၃)မိနစ် ရပ်မယ်ဆိုရင် တကယ့်ကို (၃)မိနစ်အတိအကျပဲ ရပ်တာပါ။ အဲတော့ အမေ့ရဲ့ ပစည်းတစ်ပုံကြီးကို ပြတင်းပေါက်က ထိုးထုတ်၊ တွေ့ရာနေရာကနေ ဖြစ်သလိုကျော်ချ၊ တိုးချ၊ ပစ်ချလို့ (၃)မိနစ် အတွင်းမှာ ပစ္စည်းအားလုံး ပလက်ဖောင်းပေါ်ရောက်အောင် ချနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင

တစ်ခါတည်း အလွယ်တကူ မြန်မြန်ဆန်ဆန် ပလက်ဖောင်းပေါ်ကို ဆွဲချလို့ရအောင် အမေဟာ ကြိုးစားပမးစားနဲ့ လူတကာကို ကျော်ခွပြီး သူ့ရဲ့ အညာပြန်ပစ္စည်းတွေအားလုံးကို ရထားတံခါး အပေါက်ဝရောက်တဲ့အထိ တရွွေ့ရွွေ့ ပို့ထားတာပါ။ အမေ ဒီလိုပစ္စည်းတွေကို ရွှေ့တယ်ဆိုတာကို အခုလိုပြောပြတော လွယ်လွယ်လေးနဲ့ လူတွေကြားထဲက ဖြတ်လို့ ကျော်လို့ ရတယ်လို့ ထင်ပါလိမ့်မယ်။ ဒါပေမယ့် တကယ်တမး အမေနဲ့ အိမ်ဖော်မိန်းကလေး နှစ်ယောက်တည်း အဲဒီလိုလူတွေကို ကျော်ပြီး ပစ္စည်းတွေ ရွှေ့ရတယ်ဆိုတာဟာ လုံးဝကို လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ခုနက ပြောသလို ကျွန်တော်တို့ ကလေးတွေကလည်း ဆော့တာကို စိတ်ဝင်စားပြီး အမေ့ကို ကူညီရမယ် ဆိုတာကို လုံးဝ စိတ်မဝင်စားကြ အသိမရှိကြတဲ့အရွယ်တွေ ဖြစ်နေတော့ တကယ်တမး ပစ္စည်းရွှေ့ရတဲ့ကစအားလုံး လုပ်ရတာဟာ အမေနဲ့ အစ်မလေးပါပဲ။ ခြင်းတောင်းကြီးတွေ ထန်းခေါက်ဖာ ကြိမ်ခြင်းကြီးတွေ သံသေတ္တာဆိုတဲ့ ကြီးကြီးမားမား ပစ္စည်းတွေအပြင် တိုလီမိုလီပစုခရူ လက်ဆွဲ ဆွဲရတဲ့ ပစည်းဗရပွတွေကလည်း များတယ်ဆိုတော့ အမေတို့နှစ်ယောက်တည်း ဒပစ္စည်းတွေကို ကျော်ခွမပြီး သယ်ရတာ မလွယ်ပါဘူး။ အဆိုးဆုံးကတော့ ဧရာမအိပ်ယာလိပ်ကြီးပါပဲ။ အဲဒီအိပ်ယာလိပ်ထဲမှာ ခင်းအိပ်ဖို့ မွေ့ယာပါးပါးလေး၊ ချည်စောင်တွေ၊ ခေါင်းအုံး၊မျက်နှာသုတ်ပဝါ၊ ပြောရမယ်ဆိုရင် ကျွန်တော်တို့အိပ်ဖို့၊ နေဖို့ ပစ္စည်းအားလုံးပါတော့ အိပ်ယာလိပ်ကြီးက သိပ်ကြီးသွားတာပေါ့။ အမေနဲ့ ကျွန်တော်တို့ဟာ ဒီလောက်ပစ္စည်းတွေ အများကြီး သယ်ပြီးတော့ ရထားစီး ခရီးသွားတယ်ဆိုပြီး တအံ့တသြ မဖြစ်လိုကပါနဲ့။ အဲဒီတုန်းက ကျွန်တော်တို့ တတွေဟာ တကယ့်ကို ပစ္စည်းတပုံကြီးနဲ့ အဲလို ခရီးသွားကြတာပါ။ အဲဒီခေတ်က ကျွန်တော်တို့တင် မဟုတ်ဘူး၊ လူတိုင်းဟာ အဲလိုကို ပစ္စည်းတွေအများကြီးနဲ့ ရထားခရီးသွားကြတာပါ။ ကျွန်တော့်အထင် ပြောရရင်တော့ အဲဒီတုန်းက ခရီးသွားရင် ဆိုင်မှာ ဝယ်စား ခဲတယ်။ ရောက်တဲ့အရပ်မှာလည်း တည်းခိုခန်း၊ ဟော်တယ် ဆိုတာ တည်းလေ့မရှိပါဘူး။ အသိမိတ်ဆွေ၊ အမျိုးအဆွေတွေ အိမ်မှာပဲ တည်းကြတာပါ။ အဲတော့ ခရီးသွားတုန်း ကိုယ့်မိသားစုစားဖို့ နေဖို့ လိုတဲ့ပစ္စည်းကိရိယာ အသုံးအဆောင်တွေကို တစ်ခါတည်း သယ်ပြီး သွားကြလို့ ပစည်းတွေများတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ ဒီလောက်များတဲ့ ပစ္စညးတွေ ရထားတွဲပေါ်မှာ ဘယ်နား ဘယ်လို ထားသလဲ၊ အဲလောက် အများကြီး သယ်တယ်ဆိုတာ ဖြစ်နိုင်ပါမလား၊ ဟုတ်ပါ့မလားလို့ ယခုခေတ် စာဖတ်ပရိသတ်တွေ တွေးမိ၊ သံသယ ရှိမိကြပါလိမ့်မယ်။ အမေဟာ ဒီပစ္စည်းတွေကို ရထားပေါ်မှာ စနစ်တကျ သူ့နေရာနဲ့သူ ဖြစ်အောင် ဘယ်လိုနေရာချထား ခရီးသွားတယ်ဆိုတာ ပြောပြပါဦးမယ်။ အမေဟာ ခရီးမထွက်ခင်ကတည်းက လူတွေ ပစ္စည်းတွေ နေရာတကျဖြစ်အောင် ဘယ်လို ထားရမယ်ဆိုတာ သေချာစဉ်းစားပြီး စီစဉ်ထားတာပါ။ သူဟာ တွက်ချက်ပြီးတော့ ရထားလက်မှတ် ဝယ်ကတည်းက လူ(၈)ယောက်စာကို ရထားထိုင်ခုံ မျက်နှာချင်းဆိုင် နှစ်ခုံတွဲဘေးတိုက်ဝယ်လိုက်ပါတယ်။ အဲတော ကျွန်တော်တို့တတွေ လူနေဖို့၊ အိပ်ဖို့၊

ပစ္စည်းတွေထားဖို့ နေရာက တော်တော် ကျယ်ကျယ်လေးကို ရသွားပါတယ်။ အဲဒီလို အမေကိုယ်တိုင် မီးရထားရဲအုပ်ဆီလိုက်သွားပြီး မျက်နှာချင်းဆိုင် နှစ်ယောက်ထိုင် ထိုင်ခုံ နှစ်လုံးကို ဘေးတိုက် ရအောင် လက်မှတ်ဝယ်ထားလိုက်တာဟာ တော်တော်ကို အဆင်ပြေတယ်လို့ ပြောရပါမယ်။ ဘာလို့လဲဆိုတော့ အမေရဲ့ အစီအစဉ်အရ ပထမဆုံး သံသေတ္တာကြီးကို မျက်နှာချင်းဆိုင် ခုံနှစ်ခု အလယ်မှာ ချလိုက်ပါတယ်။ အဲတော့ သေတ္တာကြီးဟာ မျက်နှာချင်းဆိုင် ခုံနှစ်ခုံအလယ်မှာ ထမင်းစားပွဲလို ဖြစ်သွားရော၊ အဒီသံသေတ္တာပေါ်မှာ သတင်းစာစကျူတွေ ခင်းလိုကတော့ ရထားပေါ်မှာ စတိုင်နဲ့ စားလို့ရတဲ့ စားပွဲခင်းနဲ့ ထမင်းစားပွဲလိုဖြစ်သွားပါတယ်။ အဲတော့ ကျွန်တော်တို့ ထမင်းစားဖို့ နေရာက တော်တော်လေးကို ဟန်ကျသွားပါရော။ ပြီးတော့ ထန်းခေါက်ဖာကြီးကို ခုံတစ်ခုံအောက်မှာ ထိုးလိုက်ပါတယ်။ ထန်းခေါက်တောင်းကြီးနဲ့ ကြိမ်ခြင်းကြီးကို ခုံနှစ်ခုံရဲ့ အလယ လူလျှောက်လမ်းမှာ လမ်းကိုပိတ်ပြီး ချထားလိုက်ပါတယ်။ အဲလို အစားအသောက် ပန်းကန်ခွက်ရောက်အပြည့်အစုံပါတဲ့ ထန်းခေါက်တောင်းနဲ့ ကြိမ်ခြင်းကြီးကို ခုံနှစ်ခုံရဲ့ အလယမှာ ချထားလိုက်တာဆိုတော့ ဘယ်နဲ့ညာ မျက်နှာချင်းဆိုင် နှစ်ယောက်ထိုင်ခုံ အတွဲလိုက်ပေါ်မှာ ထိုင်နေတဲ့သူတွေဟာ ဟိုဘကခုံတွေကရော ဒီဘက်ခုံတွေကပါ စားစရာတွေကို အလွယ်တကူ နှိုက်ယူလို့ရပါတယ်။ အိပ်ယာလိပ်ကြီးကိုတော့ သံသေတ္တာချတဲ့ဘက်က မဟုတ်တဲ့ ခုံနှစ်ခုံရဲ့အောက် ကြမ်းပေါ်မှာ ဖြန့်ခင်းပြီး ကျွန်တော်တို့ကလေးတွေ အိပ်ဖို့ အိပ်ယာနေရာကြီးကို ပြင်လိုက်ပါတယ်။ အမေဟာ အဲလို အိပ်ယာလိပ်ကြီး ကြမ်းပေါ်မှာ ချမခင်းခင် သူသယ်လာတဲ့ သင်ဖြူးဖျာကိုအရင်ဆုံး ဖြန့်ခင်းထားလိုက်ပါတယ်။ အိပ်ယာခင်း၊ မွေ့ယာ အားလုံး ပြင်ဆင်ပြီးတော့ အမေရဲ့အိပ်ယာဟာ ကျွန်တော်တို့အတွက် ဟိုတယ်က အိပ်ယာထက် မက်မောစရာ ကောင်းတဲ့ ဂွမ်းကပ်၊ ခေါင်းအုံး၊ စောင် အကုန်ပါတဲ့ အိပ်ယာကြီးတစ်ခု ဖြစ်သွားပါတယ်။ ရထားခုံနှစ်ခုကြားနဲ့ ထိုင်ခုံတွေ အောက်က ရထားကြမ်းခင်းပေါ်မှာ ခင်းထားတဲ့ အဲဒီ အမေ့ အိပ်ယာကြီးဟာ ကျွန်တော့်ဘဝ တစ်သက်တာမှာ မမေ့နိုင်စရာပါ။ ရထားပေါ်မှာ အမေအဲလို နေရာတွေကို စနစ်တကျ စဉ်းစားထား စီစဉ်ထားတာကို မျက်စေ့ထဲမှာမြင်အောင် ပြန်ပြောရမယ်ဆိုရင် အလယ်လျှောက်လမ်းရဲ့ တဘက်က မျက်နှာချင်းဆိုင်ခုံ နှစ်ခုကြားမှာ ခုနကပြောတဲ့ သံသေတ္တာထမင်းစားပွဲကြီး ချထားပြီး ဆီတွေ၊ ထမင်းလုံးတွေလို အညစ်အပေတွေ ကျနိုင်တဲ့ ထမင်းစားစရာနေရာလုပ်လိုက်ပါတယ်။ တခြားတဖက်က ခုံနှစ်ခုကြားနဲ့ အောက်မှာ သင်ဖြူးခံပြီး မွေ့ယာခင်းထားတဲ့ ကျွန်တော်တို့ရဲ့ အိပ်ယာနေရာ အသန့်အပြန့်နေရာဖြစ်သွားတာပေါ့။ အခုခေတ်အခေါ်နဲ့ ပြောရမယ်ဆိုရင် အမေက အညစ်အပေ dirty area နဲ့ အသန့်အရှင်း clean area ဆိုပြီး နေရာ နှစ်ခု သတ်မှတ် ခွဲထားပေးတဲ့ သဘောပါ။ စားစရာသောက်စရာ ပန်းကန်ခွက်ယောက် ဓါတ်ဘူး ဟင်းချိုင့်တွေပါတဲ့ ထန်းခေါက်တောင်းကြီးက ခုံနှစ်တန်းရဲ့ အလယ်လျှောက်လမ်းမှာ ချထားတာဟာ ဘာနဲ့တူသလဲဆိုတော့ စားစရာ အစုံအလင်ရှိတဲ့

မီးဖိုချောင်သဘောမျိုးလေးပေါ့။ ဘာလို့တုန်းဆိုတော့ အဲဒီ တောင်းကြီးထဲမှာ အမေချက်ပြုတ်လာတဲ့ အကြော်အလှော်၊ အမေ သိမ်းကြီးစွေးက ဝယ်လာတဲ့ ကျွန်တော်တို့အတွက် မုန့်ပဲ သရေစာ၊ အားလုံးအတွက် စားစရာ သောက်စရာလိုတာ အကုန်ရှိပါတယ်။ ခရီးသွားရင်း သယ်လာတဲ့ ကျန်တဲ့ ပစ္စည်း တိုလီမိုလီတွေကတော့ အမေက ကျွန်တော်တို့ ထမင်းစားတဲ့ dirty area ခုံတွေ အောက်ကို အကုန်လုံး ထိုးသိပ်တော့တာပါပဲ။ အမေဟာ ခရီးသွားရင် သူ့ပစည်းတွေ ဘယ်နှစ်ခုရှိတယ် ဆိုတာကို အမြဲရေ ထားပါတယ်။ ရထားပေါ်က ဆင်းမယ်ဆိုရင် သူ့ပစည်းတွေကို သူမှတ်ထားတဲ့ အရေအတွက်နဲ့ ကိုက်ရဲ့လားဆိုတာ နံပါတ်ရေပြီး ပြန်စစ်လေ့ရှိပါတယ်။ ဒါမှ ရထားပေါ်မှာ ဟိုဟာကျန်ခဲ့ ဒီဟာကျန်ခ မဖြစ်မှာလို့ အမေကပြောပါတယ်။ အမေဟာ တက္ကသိုလ်ပညာ သင်ခွင့်မရခဲ့ပေမယ့်လို့ ဘာကိစ္စမဆို လပ်တာကိုင်တာမှာ တော်တော်လေးကို စေ့စပ်သေချာပြီး မရပ်မနား အလုပ် လုပ်နိုင်တဲ့သူပါ။ အဲလို အလုပ်လုပ်ရင် ကြိုတင်စီစဉ်လုပ်တတ်တဲ့ အကျင့်ရှိတာကြောင့် ကျွန်တော်တို့ သာစည်ဘူတာက ထွက်ကတည်းက အမေက ပစ္စည်းတွေအကုန်လုံးကို သမ်းပြီးသား ဖြစ်နေပါပြီ။ အိပ်ရာလိပ်ကြီးလည်း ပြန်လိပ်ပြီးသားဖြစ်ပြီး၊ ထန်းခေါက်တောင်းထဲကိုလည်း ဓါတ်ဘူး၊ ပန်းကန် စတာတွေ အကုန်ပြန်ထည့်ပြီး အကုန်လုံး သပ်သပ်ရပ်ရပ် ထုတ်ပိုးပြီးသား ဖြစ်နေပါပြီ။ အမေ့ရဲ့ အရည်အချင်းတွေကို ဆက်ပြောရမယ်ဆိုရင် ဒီလိုလုပ်တတ်ကိုင်တတ်တာတင်မကဘူး၊ တာဝန်သိ ပြည်သူတစ်ယောက်ရဲ့ စိတ်ဓါတ်ရှိတယ်လို့ ပြောရမှာပါ။ အဲဒါကတော့ အမေဟာ ကျွန်တော်တို့တတွေ စားရင်း သောက်ရင်း၊ ဆော့ရင်း နောက်ရင်းနဲ့ ထိုင်ခုံတွေအောက်မှာ ချထားခဲ့တဲ့ အမှိုက်သရိုက်တွေ ဘာမှ မကျန်ခဲ့အောင်လည်း တံမြက်စည်းလှဲ၊ ရှင်းလင်း၊ ဆေးကြောတာတွေကို သူကိုယ်တိုင် အကုန် လုပ်ပါတယ်။ ငါတို့ သဲတောဘူတာမှာ ဆင်းသွားတော့မှာပဲဆိုပြီး ကိုယ်နေခဲ့တဲ့ ထိုင်ခုံပတ်ဝန်းကျင်ကို ပစ်စလက်ခတ် မထားခဲ့တဲ့ အမေပါ။ ဒီလိုနဲ့ ဂျုံးဂျုံးဂျက်ရထားကြီး သာစည်ဘူတာက ထွက်ခဲ့တာ ကျွန်တော်တို့ သဲတောဘူတာဝင်ကာနီးတော့ နေ့လည်(၂)နာရီလောက် ဖြစ်နေပါပြီ။ အညာနွေရဲ့ ခြစ်ခြစ်တောက်ပူနေတဲ့ နေလုံးကြီးအောက်မှာ ကျောက်မီးသွေးခေါင်းမဲကြီး ဆွဲအားနဲ့ တအားပြေးလာနေတဲ့ ရထားကြီးရဲ့ ပြတင်းပေါက်ထဲကို ပူပြင်းလှတဲ့ လေပူတွေ အရှိန်နဲ့ ပြေးဝင်လာပြီး အညာမြေရဲ့ပူလောင်မှုက ကျွန်တော်တို့ကို ကြိုနေပါတယ်။ ကလေးသဘာဝအတိုင်း ကျွန်တော်တို့တတွေဟာ ပူတာကိုမသိ၊ ချွေးတွေ နစ်အောင် ထွက်နေတာလည်း ဂရုမစိုက်၊ နေထိုးနေတဲ့ ပြတင်းပေါက်အဝကို ခေါင်းပြူပြီး သဲတောဘူတာဘကကို လှမ်းမျှော်ရင်း မကြာခင်တွေ့ရတော့မယ့် အမေကြီးတို့နဲ့ ဝမ်းတွင်းက ဆော့ဖော်ဆော့ဖက် အပေါင်းအသင်းတွေကို မြင်ယောင်မိရင်း စိတ်လှုပ်ရှား နေပါတယ်။

သဲတောဘူတာရောက်ခါနီးမှာ ရထားပြတင်းပေါက်ကနေ အနောက်ဘက်တခင်ကို လှမ်းကြည့်လိုက်ရင် မြေအနေအထား နည်းနည်းနိမ့်ဆင်းသွားတဲ့ အနိမ်ပိုင်းလွင်ပြင်ကြီးလို ဖြစ်သွားတာကို တွေ့ရ

ပါတယ်။ အဲဒီကနေ တစ်ခါ မြေပြန့်ကြီးဟာ ဝမ်းတွင်းမြို့အနောက်ဘက် သိမ်တောင်ကုန်းဘက်ကို မြင့်တက်သွားပြီး ဟိုးနောက် ဘက်ဂရောင်းအနေနဲ့ တောင်တွေထိပ်က သိမ်တောင်ဘုရားကို ခပ်ရေးရေးလေး လှမ်းမြင်ရပါတယ်။ ပြီးတော့ သဲတောဘူတာနဲ့ နီးလာတဲ့အခါ မန်းကျည်းပင်၊ ထနောင်းပင်၊ တမာပင်တွေ ကျို့တို့ကျဲတဲရှိတဲ့ မွဲခြောက်ခြောက် သဲတောအနောက် အနိမ့်ပိုင်းလွင်ပြင်ကြီးကို မျက်စေ့တဆုံး မြင်ရပါတယ်။ ဝမ်းတွင်းမြို့ရဲ့ တိုက်တွေ၊ အိမ်တွေကိုလည်း ဟိုးအနောက်ဖက် ခပ်လှမ်းလှမ်းမှာ ဝါးတားတား မြင်ရပါတယ်။ အညာရဲ့ နွေရာသီဖြစ်တော့ စိမ်းစိမ်းစိုစိုဆိုတာ လုံးဝ မတွေ့ရပဲ နီညိုရောင် မြေကြီးတွေနဲ့ မွဲမွဲခြောက်ခြောက် ချုံပုတ်လေးတွေ ပြန့်နေပြီး သဲတွေလမ်းနေတဲ့ မြေပြန့်ကြီးပါ။ ကလေးဘဝတုန်းက ရထားပေါ်က လှမ်းတွေ့ခဲ့ရတဲ့ အဲဒီလွင်ပြင်ကြီးကို သဲတော ဝမ်းတွင်းချိုင့်ဝှမ်း လွင်ပြင် (Thedaw-Wundwin Basin) လို့တောင် နာမည် ပေးလိုက်ချင်ပါတယ်။

ဒီလိုနဲ့ ရထားကြီးခုတ်မောင်းလာတာဟာ သဲတောဘူတာအဝင် အလံတိုင်ကို မြင်သာတဲ့ နေရာနားကို ရောက်လာပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အားလုံးဟာ သဲတောဘူတာ အလံတိုင်ကို စိတ်ဝင်တစား ကြည့်ကြပါတယ်။ ဘာလို့လဲ ဆိုတော့ အမေတို့ အဖေတို့ ပြောဖူးလို့ ကြားဖူးနားဝနဲ့ ရထားအလံတိုင်မှာ အလံချိုးမှ ရထားကြီး ဘူတာထဲကို ဝင်ရတယ်ဆိုတာ နားလည်ထားတော့ အလံတိုင်က အလံချိုးမချိုးကို ခေါင်းတွေပြူပြီး ကြည့်ကြတာပေါ့။ အလံတိုင်ဆိုတာက ဘူတာ မရောက်ခင် တစ်မိုင်ကျော်ကျော်လောက်မှာ ထောင်ထားတဲ့ သံပန်းသံချောင်းတွေနဲ့ လုပ်ထားတဲ့ သံတိုင်ပါ။ အဲဒီသံတိုင်ထိပ်မှာ ခြောက်လက်မလောက်အကျယ်ရှိပြီး လေးပေလောက်အရှည် ဆေးအဖြူတစ်ခြမ်း၊ အမဲတစ်ခြမ်း သုတ်ထားတဲ့ သံပြားကြီးကို အလံအနေနဲ့ တပ်ထားပါတယ်။ ပုံမှန်အားဖြင့် အလံတိုင်ထိပ်မှာ အဲဒီသံပြားအလံကြီးဟာ တည့်တည့်ကြီးရှိနေပြီး ရထားတွေကို ဘူတာထဲဝင်ခွင့်ပြုလိုက်တယ် ဆိုတဲ့အခါမှ ရုံပိုင်ကြီးရဲ့အမိန့်နဲ့ အဲဒီအလံကို အောက်ကို ချိုးရင်ချိုး၊ ဒါမှမဟုတ် အပေါ်ကိုထောင်ပြီး တင်လိုက်ပါတယ်။ အဲဒီလို အတည့်ရှိနေတဲ့အလံကို အထကကိုတင်၊ ဒါမှမဟုတ် အောက်က နှိမ့်ပစ်လိုက်တာကို အလံချိုးတယ်လို့ ခေါ်ပါတယ်။ အဲဒီလို အလံကို ချိုးပြလိုက်တယ် ဆိုတာက ရထားကြီးကို ဘူတာထဲကို ဝင်လာခဲ့တော့လို့ အဓိကခွင့်ပြုချက် ပါမစ်ပေးလိုက်တဲ့သဘောပါ။

ရထားကြီးဟာ အလံတိုင်မရောက်ခင် တော်တော်ဝေးဝေးကတည်းက ဥဩဆွဲပြီး အသံအကျယ်ကြီးပေးပါတယ်။ "သဲတောဘူတာက ရုံပိုင်ကြီးရေ ငါဒီနားရောက်နေပြီ၊ ဝင်ခွင့်ပေးပါတော့၊ အလံချိုးပေးပါ" လို့ လှမ်းအော်ပြောတဲ့သဘောပါ။ အဲတော့မှ ဘူတာက ရုံပိုင်ကြီးက ရထားကြီး ဘူတာထဲဝင်လာလို့ ရ၊ မရ ဝင်ခွင့် ပြုသင့်မပြုသင့်ဆိုတာ ဆုံးဖြတ်ပြီးတော့ ဝင်လို့ရပြီဆိုတော့မှ ပလက်ဖောင်းပေါ်မှာရှိတဲ့ လိုင်းခွဲရုံလေးကိုသွားပြီး အလံကို ချိုးတာပါ။ အဲလို အလံမချိုးမခြင်း ရထားကြီး

ဟာ ရောက်တဲ့နေရာမှာ ရပ်နေရပြီး ဥဩသံအရှည်၊ အတို၊ အကျယ်မျိုးစုံဆွဲပြီးနေတာဟာ "ငါလာချင်လှပြီ" လို့ အော်နေသလိုပြောနေသလို ထင်ရပါတယ်။ ဒါပေမယ့်လည်း ရုံပိုင်ကြီးက သူ့ဘူတာရဲ့ ရထားတွေ အဝင် အထွက်ပေါ် ကြည့်ပြီး သံလမ်းတွေ အား မအား၊ ပလက်ဖောင်းတွေ လွတ်မလွတ်ဆိုတာပေါ် မူတည်ပြီး ရထားကြီးကို လာခွင့်မပြုနိုင်သေးရင် အလံချိုးမပေးပဲ မဝင်နဲ့လို့ တားထားပါတယ်။ အဲဒီအခါမှာ ရထားကြီးဟာ အလံတိုင်ရှေ့မှာ ရပ်စောင့်နေရတာဟာ တကယ့်ကို သနားစရာပါ။ ဘာလို့လဲဆိုတော့ အဲလို ရပ်စောင့်ရင်းကနေ သည်းမခံနိုင်တဲ့အခါ တစ်ခါ ဥဩတစ်ချက် ဆွဲလိုက်၊ ခဏနားလိုက်၊ ပြန်ပြီး အသံကျယ်ကြီးနဲ့ အော်လိုက်နဲ့ ရထားကြီးဟာ ဝင့်ခံနေရသလိုပါပဲ။ ကျွန်တော်တို့ခေတ်က ရထားတွေ အဲလို ဘူတာအဝင်အထွက် ရုံပိုင်ရဲ့လက်အောက်မှာ ပြားပြားဝပ် ခံနေရတယ်ဆိုတာ အခုခေတ်လူငယ်တွေ သိဖို့ ပြောပြရတာပါ။ တကယ်တော့ အလံချိုးပြီး ဝင်ခွင့်ပြုမှ ရထားဘူတာထဲကို ဝင်ခွင့်ပေးတဲ့စနစ်ဟာ ရထားချင်းမတိုက်မိအောင် လမ်းမချော်အောင် တီထွင်ထားတဲ့ စနစ်ပါ။ အခုခေတ် နိုင်ငံခြားမှာတော့ ဒီလို ရုံပိုင်ကြီးချိုးတဲ့ အလံချိုးစနစ်မျိုးမဟုတ်တော့ပဲ ကွန်ပြူတာ တွေနဲ့ ရထားလိုင်းတွေ အဝင်အထွက်တွက်ချက်ပြီး မီးစိမ်း၊ မီးနီနဲ့ ရထားအဝင်အထွက်တွေကို ထိန်းပါတယ်။ အဲဒီအခါ တစ်ခါတလေ ကွန်ပြူတာ ချို့ယွင်းရင် ရထားတွေ ထိပ်တိုက် ခေါင်းချင်းဆိုင် တိုက်ကြတာပေါ့။ သဲတောဘူတာရုံပိုင်ကြီးကတော့ မှားစရာမရှိဘူးလေ၊ သူကိုယ်တိုင် သံလမ်းနဲ့ ပလက်ဖောင်းတွေကို တွက်ချက်၊ မျက်စေ့နဲ့ကြည့်ပြီး ကိုယ်တိုင် အလံချိုးဝင်ခွင့်ပေးတာကိုး။ ရထားကြီးအကြောင်း ဆက်ပြောရမယ်ဆိုရင် အဲလို ဘူတာကို ရထားဝင်ခွင့်မရပဲ အလံတိုင်ရှေ့မှာ စောင့်နေရတဲ့ အခြေအနေမျိုးနဲ့ ကြုံရတဲ့အခါ ကျွန်တော်တို့တတွေ တော်တော်လေးကို ဂနာမငြိမ်ပဲ ဖြစ်ကြရပါတယ်။ ကိုယ်က သဲတောဘူတာကို သိပရောက်ချင်နေတဲ့ အချိန်မှာ အလံကမချိုး၊ ရထားကြီးက ဆက်သွားလို့ မရဆိုတော့ ဝမ်းတွင်းကို တော်တော်ကို ရောက်ချင်၊ အမေကြီးတို့က တွေ့ချင်တဲ့ဇောတွေ အပြည့်ရှိနေတဲ့ ကလေးတသိုက် ဘာလုပ်ရမှန်းမသိ ဖြစ်ရတော့တာပေါ့။ တစ်ခါတလေ ကျွန်တော်တို့ အဲလို အလံတိုင်မှာ စောင့နေတုန်း သဲတောဘူတာကို မနှလေးဘက်က ရထားတစ်စင်းစင်း ဝင်လာတာကို စောင့်နေရတယ်ဆိုရင် ပိုတောင် ဆိုးသေးတယ်။ အဲဒီကိစ္စနည်းနည်းရှင်းပြချင်ပါသေးတယ်။ ကျွန်တော်တို့ ခေတ်တုန်းက ရန်ကုန် မန္တလေး ရထားလမ်းဟာ တစ်ခုပဲရှိတယ်။ အဲဒီလို အခြေအနေမျိုးမှာ အဆန်ရထားတစ်စင်းဟာ ရန်ကုန်က လာတယ်၊ အစုံရထားတစ်စင်းက မနှလေးကလာတယ်ဆိုရင် ဒီရထား နှစ်စင်းဟာ ဘူတာထဲမှာပဲ ရှောင်ရမှာပါ။ တစ်လမ်းတည်း ရှိတဲ့လမ်းမှာ ဘယ်လိုမှ ရထားချင်း ရှောင်လို့ မရပါဘူး။ လမ်းမှာတွေ့ရင် ရထားနှစ်စင်း ခေါင်းဆိုင်တိုက်ရုံပဲရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ ရထားကြီးဟာ သဲတောဘူတာအဝင် အလံတိုင်ရှေ့ရောက်တဲ့ အချိန်မှာ မန္တလေးက 2 down အမှတ် ၂ အစုံရထားကြီးဟာ ကိုယ့်ထက် နည်းနည်းလေးစောပြီး သဲတောဘူတာကို ဝင်လာတယ်ဆိုရင် အဲဒီ

ရထားကြီး သဲတောဘူတာထဲ မဆိုက်မခြင်း ကိုယ့်ရထားကြီးက အလံတိုင်မှာ ရပ်ပြီး စောင့်ပေဦးတော့ပဲ။ ဘာလို့တုန်းဆိုတော့ အခုနကပြောခဲ့သလို ရထား(၂)စင်းဟာ ဘူတာမှာပဲ ရှောင်လို့ ရတာကိုး။ မနှလေးဘက်ကလာတဲ့ ရထား သဲတော ဘူတာထဲကို ဝင်ရပ်ခိုင်း၊ ပြီးတော့မှ ဘူတာထဲက သံလမ်းကို နေရာပြောင်းပေးပြီး ဟိုဘက်က ဝင်လာတဲ့ရထား ရပ်ဖို့နေရာရပြီဆိုတော့မှ အလံတိုင်ထိပ်က အလံကို ချိုးပေးပြီး ရန်ကုန်ဘက်ကလာတဲ့ ရထားကြီးကို ဘူတာထဲ အဝင်ခံပါတယ်။ အဲဒါကြောင့် ဘူတာထဲမှာ ကိုယ့်ရထားကြီး ရပ်ဖို့ သံလမ်းအဆင်မပြေသေးရင် ရုံပိုင်ကြီးက ရထားကို ဘူတာထဲ အဝင်မခံပဲ အလံချိုးမပေးပဲ စိတ်ချရတဲ့အထိ ထားတတ်ပါတယ်။ သဲတောလို ဘူတာသေးသေးလေးမှာ သံလမ်းက သုံးခုလောက်ပဲ ရှိပါတယ်။ အဲတော့ ရထားလမ်း အဝင်အထွက်ပေါ်မှာကြည့်လို့ ရန်ကုန်ကရထား၊ ဒါမှမဟုတ် မန္တလေးက ဆင်းလာတဲ့ ရထား၊ အဲဒီလို ရထားနှစ်စင်းယှဉ်ပြီး သဲတောဘူတာထဲမှာ ရပ်လို့ ရမရဆိုတာပေါ်မူတည်ပြီး ဘယ်ရထားက ဝင်လို့ ရမရ ဆိုတာကို ရုံပိုင်ကြီးက ဆုံးဖြတ်ပြီး ဝင်ခွင့် အလံကို ချိုးပေးပါတယ။ ကျွန်တော်တို့ အညာပြန်ရထားကြီးအကြောင်း ဆက်ပြောရမယ်ဆိုရင်တော့ ရုံပိုင်ကြီးက ရထားကြီးကို ဘူတာထဲဝင်ခွင့်ပြုလိုက်ပြီဆိုတဲ့ သဘောနဲ့ အလံချိုးပေးလိုက်တယ်ဆိုရင် ရထားကြီးဟာ တော်တော်လေးကို ပျော်သွားတဲ့ပုံနဲ့ ဥဩသံရှည်ကြီး ဆွဲလို့ ဂျုံးဂျုံးဂျက်ဂျက် အားနဲ့ မာန်နဲ့ တရှိန်ထိုး ဘူတာဘက်ကို ဦးတည်ပြီး မောင်းတော့တာပါပဲ။ ဘယ်လောက်တောင် မောင်းလဲဆိုရင် ရေနွေးငေ့တွေ ရထားခေါင်းတိုင်ကနေ တရှူးရှူး ပန်းထုတ်ပြီး တအားကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဘူတာဘက်ကို သွားနေတဲ့ ရထားကြီးသွားတဲ့အသံကို နားထောင်ရတော့ သူ့အစား စိတ်မောလာရတဲ့ အထိပါ။ သူ့ခမျာ စောင့်နေရတာကြာလို့ ထိန်းထားရတာတွေ စိတ်လွတ်၊ ကိုယ်လွတ် တအားရှုန်းပြီး ခုတ်သွားတာပါလားလို့လည်း သူ့ကို သနားမိပါတယ်။ အဲဒီလို အလံတိုင်ရှေ့မှာ အကြာကြီးရပ်ပြီး စောင့်နေရာကနေ ရထားကြီး အရှိန်အဟုန်နဲ့ မောင်းပြီး ဘူတာထဲ ဝင်ခွင့်ရပြီဆိုတော့ ကျွန်တော်တို့ ကလေးတသိုက် တအားကို ပျော်သွားကြပြီး တရွှီးရွှီးနဲ့ လေတွေခွန်၊ လက်ခေါက်မှုတ်၊ လက်ခုပ်တွေတီး ပျော်မှပျော်ပဲ။ အခုတွေးကြည့်တော့ ကျွန်တော်တို့ အဲလို စိတ်လွတ်ကိုယ်လွတ် ပျော်ခဲ့ကြတာဘဝဟာ တကယ်ကိုလွမ်းစရာ၊ သတိရစရာပါ။ ရထားကြီး ဘူတာအနားကို ရောက်လာတာနဲ့ အဝေးက ကျွန်တော်တို့ လှမ်းမြင်လိုက်ရတာကတော့ ဘူတာရဲ့ နယ်နမိတ် သံဇကာခြံစည်းရိုး အဝမှာ ထိုးထားတဲ့ ရဒေါ်ဂျစ် (Dodge) ကားကြီးပါပဲ။ အဲလို ဒေါ်ဂျစ်ကားကြီး မြင်လိုက်ရတာနဲ့ ကျွန်တော်တို့တတွေ အလုအယက် "အမေ ဦးခင်မောင်ကားကြီးနဲ့လာကြိုတယ်" ဆိုပြီး အော်ကြပါတယ်။ ဒေါ်ဂျစ်ကား ဆိုတာဟာ အမေရိကန်လုပ် (Dodge) ကား ခပ်ပြားပြားကြီးတွေကို ခေါ်တာ၊ ကုန်တွေတင်လို့ အရမ်းကောင်းတဲ့ ကားကြီးတွေပါ။ ၁၉၈၇ ခုနှစ်လောက်အထိ ရန်ကုန်ကမ်းနားလမ်း တလျှောက်မှာ အဲလို ဒေါ်ဂျစ်ကားကြီးတွေကို အစီအရီ တွေ့ရပါသေးတယ်။ ရနကုန်မှာ အိမ်ပြောင်းကြမယ်ဆိုရင် ဒေါ်ဂျစ်ကား

ကိုပဲ ငှားကြရတာပါ။ ကမ်းနားလမ်းတလျှောက်က ဒေါ်ဂျစ်ကားတွေ အခုဘယ်များ ရောက်သွားပါလိမ့်လို့ တွေးမိပါတယ်။ ဝမ်းတွင်းမြို့ရဲစခန်းမှာ ဘယ်တုန်းကဘယ်လို ဘယ်ကရထားတာမှန်းမသိတဲ့ အဲလို ရဲဒေါ်ဂျစ်ကားကြီး တစ်စင်းရှိပါတယ်။ အဖေ ဦးဘဂျမ်း ဝမ်းတွင်းရဲစခန်းမှာ ဌာနာအုပ် လုပ်ကတည်းက ရှိတဲ့ ဒေါ်ဂျစ်ကားကြီးပါ။ အဲဒီကားကို ဦးခင်မောင်လို့ ခေါ်တဲ့ ရဲတပ်ကြပ်ကြီးက အမြဲမောင်းတာပါ။ ပြောရမယ်ဆိုရင်တော့ ဦးခင်မောင်ဟာ ရဲဒရိုင်ဘာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ စိတ်ထဲမှာ ဒရိုင်ဘာ တစ်ယောက်လို့ တွေးလို့မရဘူး။ ဦးခင်မောင်ဟာ ကျွန်တော်တို့ အိမ်သားတစ်ယောက်လိုပါပဲ။ ဦးခင်မောင်ဟာ အဖေ့ရဲ့ တပည့်အရင်းခေါက်ခေါက်ပါ။ ဒုတိယကမာစစ် ဖြစ်တုန်းက ဂျပန်တွေကိုရှောင် တောင်ဘိုရွာကို သွားပြီး ဂျပန်ခုခံရေး၊ တော်လှန်ရေးလုပ်ငန်းတွေကို အဖေနဲ့တွဲပြီး လုပ်ခဲ့တဲ့သူ တစ်ယောက်ပါ။ အဲဒီလို ဂျပန်ခေတ်ကတည်းကနေပြီး အဖေနဲ့ တောက်လျှောက်တွဲခဲ့တဲ့ ဦးခင်မောင်ဟာ ကျွန်တော်တို့ မိသားစုကို တအားချစ်၊ တအားခင်ပါတယ်။ ဦးခင်မောငဟာ အဖေကို "ဆရာ" လို့ခေါ်ပြီး အမေ့ကို "မင်းကတော"လို့ ခေါ်ပါတယ်။ အဖေ ဘယ်မြို့ကို ပြောင်းသွားသွား ဝမ်းတွင်းရဲစခန်းမှာ ကျန်နေခဲ့တဲ့ ဦးခင်မောင်ဟာ ကျွန်တော်တို့ မိသားစု ဝေယျာဝစ၊ ကိစ္စအဝဝကို လိုလေသေးမရှိ လုပ်ပေးပါတယ်။ အဲဒါကြောင့် အမေနဲ့ ကျွန်တော်တို့ တိုက်ကြီးကနေ ဝမ်းတွင်းကို ပြန်လာမယ်ဆိုတော့ ဘူတာကို လာကြိုဖို့ ဦးခင်မောင်ဆီကို ကြေးနန်းရိုက်လိုက်ရုံပါပဲ။ ဒီနေရာမှာ ကြားဖြတ်ပြီး ကြေးနန်းဆိုတာ အဲဒီခေတ်က သိပ်ကို အသုံးဝင်တဲ့ ဆက်သွယ်ရေး လမ်းကြောင်းဆိုတာ ပြောပါရစေ။ ကြေးနန်းကလည်း တကယ့်ကို လျင်မြန်ထိရောက်တဲ့ သတင်းပေးစနစ် တစ်ခုပါ။ မြန်မာပြည်တပြည်လုံး ကြေးနန်းရုံးရှိတဲ့ မြို့တွေကို ကြေးနန်းရိုက် အကြောင်းကြားလိုက်ရင် ၂၄ နာရီအတွင်း ကြေးနန်းရပါတယ်။ ကြေးနန်းဟာ မြန်ဆန်တယ် ယုံကြည်ရတယ်ဆိုတော့ လူတိုင်းဟာ ကြေးနန်းကို သုံးကြတာပေါ့။ ကြေးနန်းဝေတာကို စာတိုက်ကပဲ တာဝန်ယူဆောင်ရွက်ပါတယ်။ ဒါကြောင့် စာတိုက်နဲ့ ကြေးနန်းဌာန ဆိုတဲ့ စကားလုံးအသုံးအနှုန်းဟာ ရှိနေတာပါ။ အဲဒီခေတ်က တယ်လီဖုန်းဆိုတာ တော်တော်ကို ရှားပါးပြီး ဆက်ဖို့ ခက်သေးတော့ တစ်နေရာက တစ်နေရာကို ဆက်သွယ်ဖို့ တယ်လီဖုန်းကို အားကိုးလ့ မရပါဘူး။ ကြေးနန်းကို အခြေခံဆက်သွယ်ပြီး လုပ်ငန်းတွေ လုပ်ဆောင်ကြရတာပါ။ ခုနကပြောခဲ့သလို ကြေးနန်းရိုက် အကြောင်းကြားထားတော့ ဦးခင်မောင်ကြီး သဲတောဘူတာမှာ ကျွန်တော်တို့ကို လာကြိုနေတာပေါ့။ ရထားကြီးဟာ သဲတောဘူတာအဝင်မှာ အရှိန်နှေးသွားပြီး တဖြေးဖြေးနဲ့ ဘူတာပလက်ဖောင်းဧရိယာ အတွင်းလည်း ဝင်လာရော ကျွန်တော်တို့ကို လာကြိုတဲ့ ရဲတပ်ကြပ်ကြီး ယူနီဖောင်းဝတ်ထားတဲ့ ဦးခင်မောင်ကို ဘူတာရှေ့တည့်တည့် ပလက်ဖောင်းပေါ်မှာ ရပ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့က ဦးခင်မောင်ကြီးလည်း တွေ့လိုက်ရော ပြတင်းပေါက် အပြင်ဘက်ကို ခေါင်းပြူပြီး "ဦးခင်မောင်"

လို့ အသံကုန်ဟစ်လိုက်ပါတယ်။ အဲလို သံစုံဟစ်အော်သံတွေလည်း ကြားရော ဦးခင်မောင်ကြီး ကျွန်တော်တို့ကို မြင်သွားပြီး နေခြစ်ခြစ်တောက်ပူနေတဲ့ သဲတောဘူတာ ပလက်ဖောင်း ပေါ်မှာ ယူနီဖောင်းကြီး တကားကားနဲ့ ကျွန်တော်တို့ ရထားတွဲနောက်ကို ပြေးလွှားလိုက်လာပါတော့တယ်။ ဒီလိုနဲ့ အညာပြန်ခရီးဆုံး သဲတောဘူတာကို ရောက်ခဲ့ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၁)

အညာပြန် ခရီးနဲ့ ဘောက်ဆောကားကြီး

ဘောက်ဆောကားကြီး ဝယ်ပြီး ရန်ကုန်ကနေ မန္တလေးပြန်တဲ့အကြောင်းရေးနေရင်းကနေ အမေနဲ့ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ ကျောက်မီးသွေးခေါင်းတွဲ ဆွဲတဲ့ရထားကြီးနဲ့ အညာပြန်တာကို သတရလို့ ဘောက်ဆောကားကြီးအကြောင်းခဏရပ်ပြီး အညာပြန်တဲ့အကြောင်းတွေကို ရေးလိုက်တာ လအတော် ကြာသွားပါတယ်။ ပြီးခဲ့တဲ့လက အညာပြန်ရထားကြီး သဲတောဘူတာ ရောက်သွားပြီ ဆိုတော့ အခုလကစပြီး ဘောက်ဆောကားအကြောင်း ပြန်ရေးပါအုံးမယ်။

ဘောက်ဆောကားကြီး

ကျွန်တော်ဆရာဝန်လုပ်သက် တစ်နှစ်မှာ ခွေးနဲစာနဲ့ စုထားလို့ ရတဲ့ ပိုက်ဆံ ၅၀၀၀ ကို ကျစ်ကျစ်ပါအောင် ကိုင်ပြီး ကားဝယ်ဖို့ ရန်ကုန်ကို တက်လာခဲ့တာပါ။ အရင်လတွေမှာ ရေးခဲ့ပြီးတဲ့အတိုင်း ကျွန်တော့်အစ်ကိုကြီးနဲ့ သူ့မိတ်ဆွေ ရန်ကုန်က ဝပ်ရှော့ဆရာရဲ့ ထောက်ခံချက်ကောင်းတာနဲ့ ကျွန်တော့် ဦးလေး ဦးမောင်လေးတို့နေတဲ့ သိမ်ဖြူကွင်း အရှေ့ဘက်က ကနေဒီဟောက်စ် (Kennedy House) အိမ်က အိမ်နီးနားချင်း အပြောကောင်း မဉ္ဇမာတို့ရဲ့ ဘောက်ဆောကားကြီးကို ၇၀၀၀ နဲ့ ဝယ်လိုက်ပါတယ်။ ကားဖိုး ပေးဖို့ လိုတဲ့ ပိုက်ဆံကို ဟိုကချေး၊ ဒီကချေးနဲ့ နောက်ဆုံးတော့ ငွေအပြည့် ချေနိုင်သွားပါတယ်။ ကားဝယ်ပြီးတာနဲ့ ကျွန်တော့်အစ်ကို ဦးတင်နွယ်၊ ညီဝမးကွဲ မောင်သန်းနိုင် (ယခု ဥပဒေအရာရှိ - မင်္ဂလာတောင်ညွန့်မြို့နယ်)ရယ်၊ ဝပ်ရှော့က ထည့်ပေးလိုက်တဲ့ မကွင်းနစ်ရယ်၊ ကျွန်တော်ရယ် လေးယောက် ရန်ကုန်ကနေ မန္တလေးကို မနက် အစောထွက်ခဲ့တာ ဟိုပျက်၊ ဒီပျက်နဲ့ မနက်(၁၁း၀၀)နာရီထိုးလောက်မှ ပဲခူးကဆက်ထွက်နိုင်ခဲ့ပါတယ်။ ဒီဘောက်ဆောကားကြီးဟာ ပျက်မယ့် သာပျက်တယ်၊ ဘောက်ဆောကားကြီးနဲ့ ရန်ကုန်က မန္တလေးသွားမယ်ဆိုကတည်းက တစ်ပတ်လောက် ကြိုပြီးတော့ ကျွန်တော်နဲ့ အစ်ကိုကြီးတို့ ကားကြီးကို သေချာပြင်ဆင် ဝပ်ရှော့ဆရာနဲ့ အသေအချာ အကြိမ်ကြိမ်စစ်ဆေးပြီးမှ ရန်ကုန် မန္တလေး ခရီးရှည်ကြီးကို ထွက်ခဲ့တာပါ။ အဲဒီလို ခရီးဝေး မထွက်ခင် ကားကို စစ်တယ်၊ ဆေးတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ အဲဒီခေတ်က ကားကို ဟိုနှိုက် ဒီနှိုက် ဘယ်လိုနှိုက်ကြ၊ ပြင်ကြတယ်ဆိုတာ နည်းနည်းပြောပြချင်ပါတယ်။ ဘာလို့တုန်းဆိုတော့ ခေတ်ရဲ့ပုံရိပ်

တွေဟာ အစစအရာရာ ပြောင်းလွဲသွားတယ်ဆိုတာကို ကားအကြောင်းပြောရင်းနဲ့ မှတ်တမ်းတင်ရေးထားချင်လို့ပါ။ အဲဒီတုန်းက ကားကို ခရီးရှည် ဟင်းဝေးသွားမယ်ဆိုရင် စစ်ရဆေးရလုပ်ရ တာတွေက အများကြီးပါ။ အဲဒီခေတ်မှာကြီးပြင်းလာတဲ့ လူကြီးလူငယ်၊ ကျား၊ မ မရွေး ကားတွေအကြောင်းကို အနည်းနဲ့အများဆိုသလို ကြားဖူးနားဝရှိပြီး သိကြပါတယ်။ ဒါကြောင့်မို့လို့ (၁၉၅၀)လောက်က အညာကတော ဘတ်စ်ကားတွေမှာ ကားကိုမျိုးစုံစစ်ဖို့ သတိပေးရေးထားတဲ့ "ဆီ၊ ရေ၊ လေ၊ မီး" ဆိုတ စာတန်းကို ကားတိုင်းလိုမှာတွေ့ပါတယ်။ ဆီ၊ ရေ၊ လေ၊ မီးထဲက ဆီ ဆိုတာဟာ ဓါတ်ဆီ၊ ဘရိတ်ဆီ၊ စက်ဆီ အင်ဂျင်ဝိုင်တွေကို စစ်ဖို့ သတိပေးဖို့ အတို ရေးထားတာပါ။ ကားထဲမှာ ဓါတ်ဆီ၊ စက်ဆီ၊ ဘရိတ်ဆီ ပြည့်ရဲ့လားဆိုတာ သေချာမကြည့်ထားရင် လမ်းမှာ ဒုက္ခရောက်မှာပေါ့။ (၃)နာရီလောက်ကြာမှ ကားတစ်စီးလောက် သွားတဲ့ခေတ်ကာလဆိုတော့ လမ်းမှာကားတစ်ခုခု ဖြစ်နေရင် ကယ်မယ့်လူ မရှိတစ်နေကုန် တောလမ်းမှာ သောင်တင်နေမှာပါ။ ဒါ့ကြောင် ဆီတွေကို စစ်ပါလို့ သတိပေးရေးထားတာပါ။ ဆီထဲက တစ်ခုဖြစ်တဲ့ စက်ဆီ၊ အင်ဂျင်ဝိုင်အကြောင်းကို ဆက်ပြောချင်ပါတယ်။ အဲဒီခေတ်က ကားအင်ဂျင်ဝိုင်တွေဟာ အခုခေတ်လို မာလ်တီဂရိတ်ဆီတွေမဟုတ်ဘဲ ၃၀၊ ၄၀၊ ၅၀၊ ၆၀ ဆီဆိုပြီး ဆီအပျစ်၊ အကျဲ ကိုလိုက်လို့ ဂရိတ်တွေခွဲထားပါတယ်။ အဲတော့ ခရီးဝေးသွားမယ်ဆိုရင် ကိုယ့်ကားမှာ အင်ဂျင်ဝိုင် ဘယ်ဂရိတ် ထည့်ရမယ်ဆိုတာ သေချာရွေးပြီးမှ ထည့်ရပါမယ်။ ဟင်းဝေးသွားရင် ကား အင်ဂျင်ပူပြီး ဆီကျဲလာမှာ၊ အင်ဂျင်ဝိုင်ကျဲသွားရင် အပူတက်ပြီး အင်ဂျင်ကွဲတတ်ပါတယ်။ ဒါကြောင့် ကိုယ့်ကားကလည်း အသစ်မဟုတ်ဘူး၊ ကျွန်တော်ဝယ်လာတဲ့ ဘောက်ဆောကား အဟောင်းဆိုရင်တော့ ခရီးဝေးသွားရင ခုပြောခဲ့သလို အင်ဂျင်ပူပြီးတော့ အင်ဂျင်ဝိုင်ဆီကျဲမသွားအောင် အစကတည်းက အင်ဂျင်ဝိုင်ဆီ ခပ်ပျစ်ပျစ်ကို ထည့်သွားရပါတယ်။

ရေဆိုတာကတော့ ကားရေတိုင်ကီထဲမှာ ရေအပြည့်ရှိမရှိ စစ်ဖို့ ပြောတာပါ။ ရေမရှိပဲ ကားကို မောင်းလိုက်ရင် ရေဆူ အင်ဂျင်ပူပြီး အင်ဂျင်ကွဲနိုင်ပြန်ပါတယ်။ ဂတ်စကက်လို့ခေါ်တဲ့ အင်ဂျင် ဘလောက်တး နှစ်ခု ကြားမှာခံပြီး ပိတ်ထားတဲ့ အပြားကြီး ပေါက်သွားပြီး ဆီနဲ့ရေလိုင်းတွေ ရောကုန်နိုင်ပါတယ်။

အဲဒီခေတ်က ကားတစ်စင်းရှိရင် လုပ်ရတဲ့အလုပ်က လုံးဝက မလွယ်တာပါ။ အခုခေတ်လို ကားဝပ်ရှော့တွေ ပေါပေါများများ မရှ၊ ကားပစ္စည်း စပယ်ယာပတ်တွေကလည်း ရှားမှရှား။ အကုန်လုံးလိုလို ကိုယ့်ဘာသာ ထွင်ထည့်ရတာပါ။ ဒါကြောင့် ကားအုံနာတွေဟာ ကားအကြောင်း တော်တော်ကို လေ့လာနားလည်ပြီး ကားရဲ့ အစိတ်အပိုင်းတွေ ဟိုဟာမဖြစ်၊ ဒဟာမဖြစ် ဒုက္ခမရောက်အောင ဆိုပြီး ဂရုစိုက်ရတာတွေက အများကြီးပါ။ ဆီ၊ ရေ၊ လေ၊ မီး ထဲက လေအကြောင်းကို ဆက်ပြောရမယ်ဆိုရင် လေဆိုတာဟာ ကားတာယာထဲမှာ ထိုးထားတဲ့ လေကို စစ်ဖို့၊ လေချိန်ကြည့်ဖို့ သတိပေးထားတာပါ။

အဲလို လေကို ဂရုစိုက်ဖို့ သတိပေးရတဲ့ အကြောင်းရင်းကတော့ ကားဘီးတွေထဲမှာ လေပေါင်သိပ်များနေရင် ကားဟာ တဒိုင်းဒိုင်း ခုန်နေမယ်။ ကားအောက်က ဆပ်စပင်းရှင်းတွေ နာမယ်။ လေသိပ်နည်းရင် ဘီးတွေအိပြီး ချိုင့်ထဲကျတဲ့အခါ တာယာတွေ ခေါက်ပြီး ဘီးဂွေတွေလိမ်ကုန်မယ်။ ဒါကြောင့် လေအနေတော်ဖြစ်အောင် ချိန်ရမှာပါ။ နောက်ပြီးတော့ ခရီးဝေးဟင်းဝေးသွားတာနဲ့ မြို့ပေါ်မှာ မောင်းတာမှာ ကားတာယာလေပေါင်ထိုးရတာ မတူပါဘူး။ ဒါကြောင့် ဟိုင်းဝေးခရီးမောင်းဖို့အတွက် ဆိုရင် ကားတာယာ လေကို ဘယ်လောက် ထိုးရမလဆိုတာလည်း တွက်ရပါသေးတယ်။ မြို့ထဲ မောင်းတာနဲ့ ဟိုင်းဝေး မောင်းတာ၊ ကားဘီး လေထိုးတာ ဘာလို့ မတူတာလဲဆိုတာ ဆိုင်က ရှင်းပြတာကတော့ ခရီးဝေးသွားတဲ့အခါ အရှိန်နဲ့အကြာကြီး တောက်လျှောကမောင်းရတော့ ကားတာယာနဲ့ ကားလမ်း ထိတာကြာလာတာနဲ့အမျှ တဖြည်းဖြည်းနဲ့ ကားဘီးထဲမှာ အပူတွေ တက်လာပြီး ကားတာယာထဲက လေတွေ ပွတက်လာလို့ တာယာထဲမှာ ပရက်ရှာ မျှားလာတတ်တယ်တဲ့။ အဲဒါကို လေပူလို့ခေါ်ပါတယ်။ ဒါကြောင့် ဟိုင်းဝေးသွားရင် လေပူကိုတွက်ပြီး လေလျှော့ထိုးရမယ်လို့ လေထိုးတဲ့ ဆိုင်က ပြောပါတယ်။

ဆီ၊ ရေ၊ လေ၊ မီး ထဲက နောက်ဆုံးဖြစ်တဲ့ မီးဆိုတာကို ဆက်ပြောပြချင်ပါသေးတယ်။ မီးဆိုတာက ကားတွေမှာရှိတဲ့ မီးပွားပေးတဲ့စပတ်ပလပ် (spark plug) တွေကို သေချာစစ်ဆေးဖို့သတိပေးတာပါ။ ဒီပလပ်တွေကို သေချာဆေးရပါတယ်။ ပလပ်ဆီရိုက်နေရင် မီးကောင်းကောင်း မကူးတော့ပဲ ကားက ဖွတ်ချက်ဖွတ်ချက်နဲ့ လိပသွားသလိုပဲ သွားနေမှာပါ။ အဲဒါကြောင့် ကားသမားတွေဟာ တစ်ပတ်တစ်ခါလောက် ပလပ်ခေါင်းလေးတွေကို ပြောင်နေအောင် ကော်ပတ်လေးနဲ့စားရပါတယ်။ ပြီးတော့ မီးဆိုတဲ့ကိစ္စဟာ ပလပ်နဲ့တင် မပြီးသေးဘူး။ မီးပွင့်ဖို့ လျှပ်စစ်ကူးအောင် လုပ်ပေးရတဲ့ ဒစ်စတာဘတာကက်လို့ခေါ်တဲ့ အဝိုင်းကြီးထက ပွိုင့်ဆိုတာလေးတွေ ရှိပါသေးတယ်။ ခရုဝေးသွားမယ်ဆိုရင် ပွိုင့်လေးတေကို သေချာစစ်ရပါတယ်။ ပွိုင့်ကြောင်ရင် ကားမနိုးပါဘူး။ အခုလိုရေးထားတဲ့ ဆီ၊ ရေ၊ လေ၊ မီးဟာ ကားတွေရဲ့ အခြေခံသဘောတရားတွေ အကုန်ပါပြီး လူတိုင်းလိုလို ဘာကိုဆိုလိုတယ်ဆိုတာ သိကြတဲ့ ၁၉၅၀ ပတ်ဝန်းကျင်ခေတ်ရဲ့ သဘောတရားတွေပါ။

ကျွန်တော်က အခုလို ဆီ၊ ရေ၊ လေ၊ မီး သတိပြုလို့ ရေးထားတဲ့ အညာ တော ဘတ်(စ်)ကားတွေပေါ်က ဒရိုက်ဘာကို သတိပေး စာတန်းလေးအကြောင်း ဒီဆောင်းပါးထဲမှာ ရေးထားတာကို ဖတ်ပြီးတော့ ကျွန်တော့် တပည့်အားလုံးက ဗိုက်ပူတွေ (ရန်ကုန်က ရှေးဘတ်(စ်)ကားကြီးတွေကို အခုခေတ်လငယ်တွေ ခေါ်ကြတဲ့အသုံးအနှုန်း) ပေါ်မှာ "ဆီ၊ ရေ၊ လေ၊ ဝိုင်" လို့ပဲ ရေးထားတာတွေ့ဖူးတယ်။ ဆီ၊ ရေ၊ လေ၊ မီး လို့ ရေးထားတာ မတွေ့ဖူးဘူးလို့ ဝိုင်းပြောကြပါတယ်။ သူတို့က ကျွန်တော့်စာထဲက မီး ဆိုတာကို ဝိုင် လို့ ပြင်ဖို့ ကြံုးစားကြပါတယ်။ ဒါနဲ့ ကျွန်တော်က မင်းတို့ အခုခေတ် ရန်ကုန်က ဗိုက်ပူဘတ်(စ်)ကားတွေပေါ်မှာ အဲလို ဆီ၊ ရေ၊ လေ၊ ဝိုင်လို့ ရေးချင်

ရေးထားမှာပေါ့။ ငါတို့ စီးခဲ့ရတဲ့ ၁၉၅၇ ခုနှစ် ပတ်ဝန်းကျင်လောက်တုန်းက ဝမ်းတွင်းမြို့က ဦးဟမူ၊ ဦးအောင်သင်း၊ ကိုကင်အန်းတို့ ကားတွေ ပေါ်မှာတော့ ဆီ၊ ရေ၊ လေ၊ မီး ဆိုပြီးပဲ ရေးကြတာ။ ခေတ်ကာလ ကွာခြားသွားလို့ ဘတ်(စ်)ကားတွေပေါ်ရေးတာလဲ ပြောင်းလွဲသွားတဲ့ သဘောနေမှာပေါ့လို့ ပြောလိုက်ရပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ကျွန်တော်တို့ ခေတ်က ဘတ်(စ်)ကားတွေပေါ်မှာတော့ ဆီ၊ ရေ၊ လေ၊ မီး သတိပြုဆိုတာတင် မကပဲ သူ့ခေတ်အလိုက်ဖတ်မနိုင်အောင်ကို စာတန်းမျိုးစုံ ရေးကြတာပါ။

အခုလိုကားအကြောင်းတွေ ဘာလို့အသေးစိတ် ပြောပြနေရတာလဲဆိုတော့ အငယ်ကတည်းက အဖေတို့ အမေတို့နဲ့ ကားစီးသွားရင် အမြဲတမ်းကြားနေရတဲ့ ကားနဲ့ပတ်သက်တဲ့ စကားလုံးတွေကို သတိရမိလို့ပါ။ ကျွန်တော်ကလေးဘဝကတည်းက အခုပြောနေတဲ့ကားအကြောင်းတွေကို ကြားဖူးပြီး သိနားလည်နေတာပါ။ ဒါကြောင့်မို့လို့ ဟတုန်းကနဲ့ အခုခေတ်ကားပိုင်ရှင်တွေ ကားစီးရတာ၊ ကားပြင်ရတာ ဘယ်လို ကွာတယ်ဆိုတာလေး ပြောပြ မှတ်တမ်းတင်ထားချင်ပါတယ်။ ခေတ်ကပြောင်းလာတော့ အခုခေတ် ကားထဲမှာပါတဲ့ စက်ကရိယာတွေဟာလည်း တိုးတက်ပြောင်းလဲလာတယ်။ ခေတ်သစ်ကားတွေဟာ ဆီစားသက်သာပြီး အပျက်နည်းအောင် မောင်းရတာ လွယ်ကူအောင် တီထွင်လာပါတယ်။ ပြီးတော့ ကျွန်တော်တို့ အဲဒီခေတ်တုန်းက စီးရတဲ့ကားတွေဟာ သိပ်ကို ဟောင်းနေတဲ့ ကားတေပါ။ ဒုတိယကမ္ဘာစစ်ပြီးနောက် ကျန်ခဲ့တဲ့ကားတွေကို ဟိုပြင်ဒီပြင် ပြည်တွင်းဖြစ် (local made) ပစ္စည်းတွေနဲ့ ဖြစ်သလို တထွင် ပြုပြင်ပြီး စီးကြရတာပါ။ အဲဒီတုန်းက ကားတွေဟာ အခုခေတ် ကားတွေလို အသစ်တွေ မဟုတ်တော့ ကားရှိတဲလူဟာ ကားအကြောင်းမသိလို့၊ နားမလည်လို့မဖြစ်ပါဘူး။ ကျွန်တော့်သားသမီးတွေခေတ်ရောက်တော့ သူတို့စီးရတဲ့ ကားတွေဟာ အသစ်စက်စက်ကြီးမဟုတ်တောင် ရှေးတုန်းက ကားတွေလို အဟောင်းကြီးတွေ မဟုတ်တော့ပါဘူး။ ကျွန်တော်တို့တုန်းကလို ဝပ်ရှော့ဆရာနဲ့ အမြဲလိုတွေ့၊ ဆွေလိုမျိုးလိုရင်းနှီးပြီး ကိုယ့်ကားကို တစ်ချိန်လုံး ယုယ ပြုစု ပြင်ဆင်နေစရာ မလိုတော့ပါဘူး။ ဒါကြောင့် သူတို့ခေတ်မှာ ကားပေါ်တက် လက်တင်မောင်းလိုက်ရုံပါပဲ။ သူတို့တတွေဟာ ကားအကြောင်းလည်း နားမလည်ကြတော့ပါဘူး။ နားလည်စရာလည်း မလိုတော့ဘူးလ. ပြောရမှာပါ။ အခုခေတ် ကားပြင်တာဟာ စက်ပစ္စည်းကိရိယာ စပယ်ယာပတ်ပြည့်စုံတဲ့အတွက် ကျွန်တော်တို့တုန်းကနဲ့ စာရင် သိပ်ကိုလွယ်သွားပါပြီ။

ကျွန်တော်တို့အငယ်တုန်းကတော့ အဖေက ကားအကြောင်း နားလည်သလို အမေကလည်း ကားအကြောင်း အတော်အသင့်တော့ သိပါတယ်။ ဒုတိယကမာစစ်ပြီးတဲ့နောက် ကျန်ခဲ့တဲ့ ဒေါဂစ်နဲ့ ဂျစ်ကားတေ အခြေခံပြီး သုံးစွဲလာခဲ့တဲ့ အဖေနဲ့အမေဟာ ဒီလိုကားဟောင်းတွေကိုပဲ အမြဲလိုလို ပြင်ပြီး စီးကြရတဲ့အတွက် ကားအကြောင်း နောကျေအောင် သိနေကြပါတယ်။ ကားပျက်ပြီဆိုတာနဲ့ ဘာဆိုရင်

ဘာလုပ်ရမလဲဆိုတာကို ကောင်းကောင်း သိကြပါတယ်။ အဲဒီအချိန်က ကားရှိတဲ့လူတွေဟာ ကားတွေရဲ့ အခြေခံသဘောတရားတွေကို နားလည်ပြီး ကားအကြောင်းကို ကောင်းကောင်း သိကြပါတယ်။ ခုနက ပြောသလို အဖေဟာ ကားအကြောင်း နားလည်သလို အမေဟာလည်း ကားနဲ့ မစိမ်းတဲ့ သူ တစ်ယောက်ပါ။ မင်းကတော် ဒေါ်ခင်ခင်ဟာ သကိုယ်တိုင်လည်း ကားကိုမောင်းတတ်တဲ့ သူဆိုတော့ ကားကို ပိုပြီး အကျွမ်းတဝင်ရှိတာပေါ့။ ဒါကြောင့် ဒရိုင်ဘာအသစ်အလုပ်ဝင်လို့ အမေစီးတဲ့ကားကို စမောင်းတဲ့အခါ နံပါတ်တစ် ဂီယာနဲ့ 'မထွက်ရင်' အမေက "ဟဲ့ ကားစထွက်ရင် နံပါတ်တစ်ဂီယာကို သုံးရတယ်။ နံပါတ်နှစ်ဂီယာနဲ့ ထွက်တယ်ဆိုရင် အင်ဂျင်လည်း နာတယ်၊ ကလပ်ပြားတွေလည်း တုံးကုန်လိမ့်မယ်လေ" လို့ ပြောပါတယ်။ ကားကိုအရှိန်ပြင်းပြင်းနဲ့ မောင်းလာပြီး အိမ်နားရောက်မှ ဘရိတ်ကို တအားနင်းပြီး ရပ်ရင်လည်း "မင်း ဒီလိုမောင်းနေရင်တော့ ငါ့ကားက ဘရိတ်ရှူးတွေ ကုန်တော့မှာပဲ" လို့ ပြောပါတယ်။ အမေဟာ မီးဖိုချောင်ထိန်းသိမ်းရုံတင် မကဘူး၊ စွယ်စုံရတဲ့သူ တစ်ယောက်ပါ။

ကျွန်တော်တို့ အငယ်က ဝမ်းတွင်းနဲ့ မိတ္ထီလာ (၂၁)မိုင်ခရီးသွားရင်၊ ဒါမှမဟုတ် ဝမ်းတွင်းနဲ့ (၁၆)မိုင်ဝေးတဲ့ ရွှေတောင်ကိုသွားရင် အဲဒါကို ကျွန်တော်တို့အဖို့ တော်တော်ကိုဝေးတဲ့ ခရီးရှည် သွားတယ်လို့ သတ်မှတ်ကြပါတယ်။ အဲဒီလို မိတလာနဲ့ ဝမ်းတွင်းသွားတဲ့ ကျွန်တော်တို့ရဲ့ခရီးဝေးမှာ အမေ့ရဲ့ ဂျစ်ကားဟာ တစ်ခေါက်တစ်မျိုး မရိုးအောင် ဒုက္ခမျိုးစုံပေးတတ်ပါတယ်။ လမ်းခရီးမှာ ကား ဘယ်လိုပဲဖြစ်ဖြစ် အမေနဲ့ သူ့တပည့်တွေဟာ ကားကို ရအောင်ပြင်ကြပါတယ်။ အဲလို အမေနဲ့ ကျွန်တော် ဝမ်းတွင်းပတ်ဝန်းကျင် ကားနဲ့သွားတုန်း ကြုံရတဲ့ ကားပြဿနာလေးတွေကို ပြေပြချင်ပါသေးတယ်။ တစ်ခါက ကျွန်တော်တို့ ကားမောင်းသွားရင်း ကားအင်ဂျင်စက်သံ မမှန်တော့ပဲ ထိုးရပ်သွားလို့ စက်ခေါင်းအဖုံး ဖွင့်ကြည့်လိုက်တော့ ရေတိုင်ကီထဲက ရေနွေးအငွေ့တွေ တအားထွက်ပြီး ကားရှေ့ ဘောနက်ခန်းကြီး တစ်ခုလုံးဟာလည်း ပူလောင်နေပါတယ်။ အဲဒီတုန်းက အဖေပါမလာတော့ အမေ ကိုယ်တိုင ဆင်းပြီး ကားကို ကြည့်ပါတယ်။ ပြီးတာနဲ့ အမေက "ဟဲ့ နင်တို့ ရေတိုင်ကီ ပေါက်နေပြီ ထင်တယ်၊ ရေတိုင်ကီ အဖုံးဖွင့်စမ်း၊ ဂရူစိုက်နော် လက်တွေ ရေနွေးပူလောင်လိမ့်မယ်၊ အဝတ်စုတ် ခပ်ထူထူပတ်ပြီး ဖွင့်နော်" ဆိုပြီး တပည့်တွေကို သတိပေးရှာပါတယ်။ ဒါနဲ့ ကားသုတ်တဲ့ လုံချည်စတ် ခပ်ထူထူနဲ့ ရေတိုင်ကီအဖုံးကို မြန်မြန်ဆန်ဆန် ဖွင့်ချလိုက်တာနဲ့ ဝေါကနဲ ရေနွေးငွေ့တွေ ပန်းထွက် လာပါတယ်။ အဲတော့မှ ရေတိုင်ကီထဲကို ကြည့်လိုကတော့ ရေတွေတော်တော်ခန်းနေပြီး ပလိပ်ပြားတွေ ပေါ်နေတာကို တွေ့ရပါတယ်။ အဲတော့ အမေပြောတဲ့ ရေတိုင်ကီပေါက်ပြီဆိုတာ မှန်နေပြီပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့ကားကလည်း မိတလာရောက်ဖို့ သုံးမိုင်လောက်ပဲ လိုပါတော့တယ်။ အဲတော့ အမေက "ဒို့မှာ နန္တင်းပါတယ်မဟုတ်လား၊ ရေတိုင်ကီကို ရေအပြည့်ဖြည့်ပြီး နန္တင်းကို နှစ်ဇွန်းလောက်

ထည့်မောင်း၊ တိုင်ကီ အပေါက်သိပ်မကြီးဘူး ဆိုရင် ဒီခရီးလောက်ကတော့ နန္ဒင်းက ရေတင်ကီ ရေယိုတာကို ထိန်းသွားနိုင်တယ်" လို့ပြောပါတယ်။ ကျွန်တော်တို့ကတော့ အမေပြောတာ နားမလည် နိုင်ပါဘူး။ ဘယ်နဲ့ ရေတိုင်ကီပေါက်တာ ရေထဲ နန္ဒင်းထည့်မောင်းရင် ဘယ်လို မောင်းလို့ရတာလဲ၊ နန္ဒင်းက အမှုန့်၊ ရေက ရေ၊ တိုင်ကီအပေါက်က အပေါက် ဘယ်လိုက ဘယ်လို နန္ဒင်းက ရေတိုင်ကီအပေါက်ကို ဖာမလဲ၊ မဖြစ်နိုင်ပါဘူးလို့ တွေးမိကြပါတယ်။ ဒါပေမယ့် တကယ်တမ်း နန္ဒင်း ၂ဇွန်းထည့်၊ ရေတိုင်ကီ ရေအပြည့်ဖြည့်မောင်းသွားတော့ အမှေ့ဂျစ်ကားဟာ ရှောရှောရှူရှူ ဘာမှမဖြစ်ပဲ မိတလာကို ရောက်သွားပါတယ်။ အံ့ဩစရာ အမေ့ရဲ့ မော်တော်ကား ဆေးမြီးတိုပါ။

နောက်တစ်ခု ပြောရဦးမယ်ဆိုရင် တစ်ခါက အမေ ဂျစ်ကားနဲ့ ရွှေတောင်ကိုသွားတာ လမ်းမှာ ဘရိတ်ဆီနည်းပြီး ဘရိတ်ကောင်းကောင်း အုပလို့မရပဲ ဘရိတ်က ရှောနေပါတယ်။ ကားဒရိုင်ဘာ ကိုလှတင်က ဆက်မမောင်းရဲတော့ပဲ "မင်းကတော်ရယ် အခု ဘရိတ်ဆီ သိပ်လျော့နေပြီ၊ ဘရိတ်ဆီလည်း အပိုပါမလာဘူး။ ဘရိတ်က သိပ်လျှောနေတော့ ကျန်တော် ဆက်မောင်းလို့ မဖြစ်တော့ဘူးထင်တယ်" လို့ ပြောပါတယ်။ အဲတော့ အမေက "ဟဲ့ ဒါမျှားလွယ်လွယ်လေး ငါ့တောင်းထဲမှာ လက်ဆေးဖို့ ဆပြာတုံး ပါတယ်။ အဲဒီဆပ်ပြာတုံးကို ပါးပါးလေးတွေ စိတ်ပြီး ရေနွေးနဲ့ ဖျော်လိုက် ဆပ်ပြာရည် ရလိမ့်မယ်။ အဲဒါကို ဘရိတ်ဆီအစား သုံးလို့ ရတယ်။ ဆပြာရည်ကို ခပ်ပျစ်ပျစ်လေး ဖျော်နော်။ ပြီးတော့ ဘရိတ်ဆီ ဆလင်ဒါထဲကို ဆပ်ပြာရည်အပြည့်ဖြည့်ပြီးမောင်း၊ မင်းဘရိတ်နင်းရတာ ပျော့သွားရင် ကားရပ်၊ ဆပ်ပြာရည်ထပ်ဖြည့် အဲလို ဖြည်းဖြည်းချင်း ထိန်းပြီး ရွှေတောင်ရောက်အောင် မောင်းသွား၊ ရွှေတောင်ရောက်မှ ဘရိတ်ဆီ ဘယ်နားက ယိုနေလဲ ကြည့်ပြီး ပြင်ကြတာပေါ့" လို့ အမေက ပြောလိုက်ပါတယ်။ အမေပြောတဲ့အတိုင်းလုပ်လိုက်တာ အဆင်ပြေသွားပြီး ကားဘာမှမဖြစ်ပဲ ရွှေတောင်ကို ရောက်သွားပါတယ်။ အမေ့ရဲ့ဆပ်ပြာရည် ကားဆေးမြီးတို နောက်တစ်မျိုးပါ။

အမေတို့ခေတ်က ကားနဲ့ ခရီးသွားရင် တကယ့် အထူးအဆန်း ပြဿနာတွေ မျိုးစုံအောင် တွေ့ရပါတယ်။ တစ်ခါကလည်း ညဘက် ကားမောင်းသွားရင်း ကျောက်ဆည်နားလောက်မှာ ကားမီးတွေ မှိန်ကျသွားပါတယ်။ အမေကပဲ "ဟဲ့ ကားရပ်လိုက်စမ်း၊ မင်းတို့ ဒိုင်နမို တစ်ခုခု ဖြစ်ပြီထင်တယ်" လို့ ပြောလိုက်ပြီး ကားရပ်တော့ စက်ဖုံးကိုဖွင့်ပြီး ဒိုင်နမိုကို ကြည့်ကြပါတယ်။ "မောင်လှတင် ဒိုင်နမို ညှော်စော်နံလား နမ်းကြည့်စမ်း၊ ပြီးတော့ ဒိုင်နမိုကြိုး လျော့နေလား ဆိုတာလည်း ကြည့်" ဆိုပြီး ညကြီး မှောင်မဲမဲထဲမှာ ဒိုင်နမိုကို လက်နှိပ်ခါတ်မီးနဲ့ ထိုးကြည့်ကြပြီး ဒင်နမို ကိုနမ်း၊ ကြိုးကို စမ်းကြပါတယ်။ ကိုလှတင်က "မင်းကတော် ဒိုင်နမိုက ညှော်နံ့တော့ မရဘူး၊ ကျန်တော် ဒိုင်နမိုကြိုးကို စမ်းကြည့်ဦးမယ်"

လို့ ပြောပြီး ဓါတ်မီးလေး တရမ်းရမ်းနဲ့ စမ်းကြည့်လိုက်ယင်း "ဟော ဗျာ၊ ဒိုင်နမို ကြိုးမရှိတော့ဘူး မင်းကတော်ရဲ့၊ ကြိုးပြတ်ကျခဲ့ပြီ" လို့ ပြောပါတယ်။ ကိုလှတင် စိတ်ပျက်လက်ပျက်နဲ့ ဘာဆက်လုပ်ရမှန်း မသိပဲ ဖြစ်နေတုန်းမှာ အမေက "မောင်လှတင် ဒီနားက အိမ်တစ်အိမ်ကို သွားပြီး နွားနဖားကြိုးချည်တဲ့ ကြိုး ခပ်တိုတိုများ ရမလား သွားမေးစမ်း" လို့ ပြောလိုက်ပါတယ်။ ဒါနဲ့ ဘေး ဘယ်ညာ ကြည့်လိုက်တော့ ကားလမ်းဘေး တစ်လျှောက် မှောင်မှောင်မဲမဲ ဟင်းလင်းပြင် လယ်ကွင်းပြင်ကြီးထဲမှာ မီးခွက်မီးမှိန်မန်လေး လင်းနေတဲ့ လယ်သမား တဲလေးတစ်တဲကို တွေ့ရပါတယ်။ ကိုလှတင် တစ်ယောက် လယ်တဲဆီသွား၊ လယ်သမားကို မိတ်ဆက် အာလာပ သလာပ စကားတွေကို ပြောပြီး နဖားကြိုး တစ်ချောင်းကို ရအောင် ယူလာခဲ့ပါတယ်။ အမေက " မင်းအဲဒ ကြိုးကို ဒိုင်နမို ပလီမှာတပ် အနေတော်လောက်ဖြစ်တဲ့ နေရာကို မှတပြီးတော့ ကြိုးကိုထုံး၊ အထုံးသေးသေးလေး ဖြစ်အောင် ထုံး၊ အဲဒါ ယာယီ ဒိုင်နမို ပလီကြိုးပေါ့ကွာ။ မင်းတို့ ဒိုင်နမို မလည်၊ ချာချင်မဝင်ပဲ ဆက်မောင်းရင် ကားထိုးရပ်သွားပြီး ဘတ်ထရီပါ လုံးလုံး သုံးမရအောင် ပျက်သွားလိမ့်မယ်" လို့ ပြောပါတယ။ ဒီလိုနဲ့ ဒိုင်နမိုကြိုးပြတ်တာကို နဖါးကြိုးနဲ့ ကြံဖန်တီထွင်ပြုပြင် မောင်းခဲ့တဲ့ အမေ့ရဲ့ မော်တော်ကားပညာတွေကိုလည်း ကျွန်တော် တွေ့ခဲ့ရဘူးပါတယ်။

ပစည်းကိရိယာ စပယ်ယာပတ် မပြည့်မစုံနဲ့ နေခဲ့ရတဲ့ ခေတ်ကာလမှာ ကျွန်တော်တို့တတွေ အဲသလိုကြံဖန်ပြီး ကားတွေကို ရပ်မသွားအောင် ပြင်ဆင် မောင်းခဲ့တာကို သတရစရာပါ။ ဒီလို အကြောင်းကြောင်းတွေရှိနေတဲ့ ခေတ်ကာလမို့လို့ ကျွန်တော်ရ့ ဘောက်ဆောကားကြီးကလည်း ရန်ကုန်ကထွက်ကတည်းက ပျက်လိုကတာ၊ ပဲခူးအထိပဲ။ ပဲခူးကနေ အထွက်မှာတော့ လမ်းကလည်း ကောင်း၊ ဘောက်ဆောကားကြီးကလည်း စိတ်လိုလက်ရ တဝူးဝူးနဲ့ မောင်းကောင်းဆိုတော့ ကျွန်တော် တို့တွေ တော်တော်ကို စိတ်ချမ်းသာသွားပါတယ်။ ပဲခူးကနေ နာရီဝက်လောက် မောင်းလိုက်တော့ ဘုရားကြီးရွာကို ရောက်သွားပါတယ်။ ဘုရားကြီးဆိုတာ ရန်ကုန် မန္တလေးနဲ့ ရန်ကုန် မော်လမြိုင် လမ်းဆုံပါ။ ထမင်းဆိုင်တွေအစီအရီနဲ့ ကားတွေနားပြီး ထမင်းစားကြတဲ့ ကားနားတဲ့ စခန်းကြီးတစ်ခုပါ။ ဘောက်ဆောကားကလည်း ကောင်းနေရင် အင်ဂျင်ပါဝါအပြည့်နဲ့ တအားပြေးတဲ့ ကားကြီးဆိုတော့ ပဲခူးကနေ ဘုရားကြီးအထိ (၁၅)မိုင်လောက် ဘာမှမဖြစ်ပဲ ရောက်လာတော့ ကျွန်တော်တို့ ပျော်သားကြ ပါတယ်။ အဲဒီအချိန်မှာ မနက်(၁၁)နာရီခွဲကျော်လောက်လည်းဖြစ်နေ၊ ထမင်းဆိုင်တန်းလည်း မြင်၊ ဗိုက်တွေကလည်း ဆာနေကြဆိုတော့ အစ်ကိုကြီး ဦးတင်နွယ်က "ဒို့ ဘုရားကြီးမှာ ခဏနားပြီး ထမင်းစား ကြရင် ကောင်းမယ်ကွ" လို့ပြောတော့ အားလုံးကန့်ကွက်သူမရှိ၊ ထမင်းစားဖို့ သဘောတူ ထောက်ခံကြ

ပါတယ်။ ဒါနဲ့ ဘောက်ဆောကားကြီးကို အရှိန်သပ် စက်ရပ်လိုက်ပြီး သပ်သပ်ရပ်ရပ် ရှိပုံပေါ်တဲ့ ထမင်းဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်လိုက်ပါတယ်။ ပြီးတော့ ရန်ကုန် မနလေး သွားရမယ့် ခရီးရှည်ကြီးမှာ ပဲခူးဘုရားကြီး (၁၅)မိုင် ကျော်ကျော်လောက်ကို အမှောက်အဖျက် အနှောင့်အယှက်မရှိပဲ အင်ဂျင်သံမှန် စက်မှန်သွားခဲ့တဲ့ ဘောက်ဆောကားကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့တတွေ ဘုရားကြီးက ထမင်းဆိုင်ထဲကိုဝင်ပြီး ဂုဏ်ပြုနေ့လည်စာ စားလိုက်ကြပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး



ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၂)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့ အကြောင်းရေးနေပါတယ်။

ဘုရားကြီး ထမင်းဆိုင်

ရန်ကုန်က မနက်ခုနှစ်နာရီကတည်းက ထွက်ခဲ့တဲ့ ဘောက်ဆောကားကြီးဟာ ဟိုပျက် ဒီပျက်နဲ့ မနက် ဆယ့်တစ်နာရီခွဲမှာ ပဲခူးအလွန်က ဘုရားကြီးရွာပဲ ရောက်နေပါသေးတယ်။ အဲဒီအချိန်မှာ ထမင်းစားချိန်ဖြစ်နေတာနဲ့ နားပြီး ထမင်းစားကြဦးမှပဲ ဆိုပြီး ဘောက်ဆောကားကြီးကို ဘုရားကြီးက ထမင်းဆိုင်တန်းရှေ့မှာ ထိုးရပ်လိုက်ပါတယ်။ အဲဒီတုန်းက ဆလွန်းကားဆိုတာ သိပ်မရှိသေးတဲ့ခေတ် ဆိုတော့ ထမင်းဆိုင်တန်းထဲကလူတွေ အကုန်လုံးက ကျွန်တော်တို့ကားကြီးကို ဝိုင်းကြည့်နေပါတယ်။ ကျွန်တော်တို့လည်း တံခါးတွေကို ရှေးခေတ်ကားတွေ စတိုင်အတိုင်း ဝုန်းကနဲပိတ်၊ ကားပေါ်ကဆင်းပြီး ဆိုင်တွေဘက်ကို မျှောကြည့်လိုက်ပါတယ်။ ပြီးတော့မှ ထမင်းဆိုင်တန်းမှာ အသားနားဆုံးလို့ ထင်ရတဲ့ ထမင်းဆိုင်တစ်ဆိုင်ထဲကို ဝင်လိုက်ကြပါတယ်။ အသားနားဆုံးလို့ ဆိုပေမယ့်လည်း တောရွာလေးက ကားဂိတ်ထမင်းဆိုင်ဆိုတော့ သာမန်ထမင်းစားပွဲ၊ သာမန် ကုလားထိုင်၊ ထုံးစံအတိုင်း ရွာက ထမင်းဆိုင်တွေမှာ ရှိလေ့ ရှိကြတဲ့ ပုံစံမျိုး ပြင်ဆင်မှုမျိုးကိုပဲ တွေ့ရပါတယ်။ ဆိုင်ထဲကလူတွေကလည်း ကျွန်တော်တို့ကို ပျူပျူငှာငှာ ကြိုကြပြီး သူတို့ဆိုင်ရဲ့ အသားနားဆုံး စားပွဲဝိုင်းတစ်ဝိုင်းမှာ ထိုင်ဖို့နေရာ ချပေးလိုက်ကြပါတယ်။ ဘောက်ဆောကားအပြာကြီးပေါ်က ဆင်းလာတဲ့ မြို့ကဧည့်သည်တွေ ထမင်းစားဖို့ ဝင်လာတယ်ဆိုတော့ ဆိုင်ထဲကလူတွေ ပျာပျာသလဲပါ။

ဆိုင်ရှင်အဒေါ်ကြီးလည်း အော်ဟစ်ဆူညံပြီး "လုပ်ကြစမ်း၊ ကောင်လေးတွေ၊ စားပွဲသုတ်ကြစမ်း၊ ကုလားထိုင်တွေ သေချာချကြလေ" ဆိုပြီး ကျွန်တော်တို့ဝင်လာတာကို အသိအမှတ်ပြုပေး၊ အလေးထားတဲ့ သဘောနဲ့ ဟိုအော်ဒီအော် ကြိုဆိုနှုတ်ဆက်ပါတယ်။ အဲဒီခေတ်က မြန်မာထမင်းဆိုင်ဆိုတာ အခုခေတ်လို ကောင်တာတွေဘာတွေ မရှိပါဘူး၊ ဆိုင်ရှင်တွေက ဆိုင်ထဲမှာပဲ ထိုင်ပြီး ဟိုလျှောက်သွား ဒီလျှောက်သွားနဲ့ တောက်တိုမယ်ရ ဆိုင်ကိစ္စအမြင်မတော်တာတွေ ကိုယ်တိုင်အကုန် ဝင်လုပ်ရပါတယ်။ အခုခေတ်လို ဆိုင်ရှင်က ကောင်တာမှာ အမိန့်သားကြီးထိုင်မနေပဲ လုပ်သားတေနဲ့ အတူတူ ဝိုင်းလုပ်

ဝိုင်းစား နေကြတသဘောပါ။ ဟင်းအိုးတွေစီ တင်ထားတဲ့စားပွဲပေါ်မှာ ပိုက်ဆံသိမ်းဖို့ သစ်သား သေတ္တာလေး တစ်ခုကို တင်ထားပြီး အဲဒီသစ်သားသေတ္တာလေးထဲကို ပိုက်ဆံတွေထည့်လိုက်၊ ပိုက်ဆံတွေ ယူအမ်းလိုက်နဲ့ ဖြစ်သလို ကြိုသလို နေကြတဲ့ထမင်းဆိုင်ရှင်တွေပါ။

ဟင်းအိုးတွေကို ဆိုင်အတွင်း နောက်ပိုင်းမှာ ခုံတန်းရှည်ကြီးနဲ့စီပြီး တင်ထားပါတယ်။ ထမင်းအိုးကြီးနဲ့ ဟင်းရည်သောက်အိုးကြီးတွေကိုတော့ အဲဒီခုံတန်းရှည်ကြီး နောက်ဘက် မီးဖိုချောင်လို နေရာမှာ တည်ထားပါတယ်။ ထမင်းဆိုင်လေးဟာ ဝါးထရံကာ သွပ်မိုးပါ။ ကြမ်းခင်းကတော့ သမံတလင်း သစသားခင်းတွေမဟုတ်ပါဘူး။ ခပ်ပြေပြေဖြစ်အောင် ညထားတဲ့ မြေသားကြမ်းခင်းပါ။ ထမင်းဆိုင် နံရံဘေးတစ်ဖက်တစ်ချက်မှာ ပြတင်းပေါက်တစ်ပေါက်စီ ပါပါတယ်။ အဲတော့ ထမင်းဆိုင်အတွင်းမှာ သိပ်လင်းလင်းချင်းချင်းမရှိလှပါဘူး။ ခပ်မှောင်မှောင် ထမင်းဆိုင်လေးတွေပါ။ ဘုရားကြီးကားဂိတ်က ထမင်းဆိုင်အကြောင်းပြောရင်းနဲ့ အဲဒီခေတ်က တောကထမင်းဆိုင်လေးတွေမှာ တွေ့ရမယ့်ပုံစံ အနေအထားလေးတွေကိုပါ မှတ်တမ်းတင် ရေးပြချင်ပါသေးတယ်။ အဲလိုတောထမင်းဆိုင်ရဲ့ ဘေးတစ်ဖက် တစ်ချက် ဝါးထရံတွေမှာ တွေ့ရတဲ့မြင်ကွင်းတွေဟာ စိတ်ဝင်စားစရာပါ။ နံရံတွေမှာ အဓိက တွေ့ရမှာ ကတော့ ရုပ်ရှင်ကြော်ငြာတွေပါ။ စီးကရက်ကြော်ငြာ၊ မုန့်ကြော်ငြာ၊ ကြော်ငြာမျိုးစုံ ကပ်ထားတာလည်း တွေ့တော့တွေ့နိုင်ပါသေးတယ်။ ဒီလိုကြော်ငြာတွေကို ဘယ်ကားဂိတ်က တောထမင်းဆိုင်ကို သွားသွား၊ ဒီလိုပုံစံမျိုး ကပ်ထားတာကို တွေ့ရမှာပါ။ တောထမင်းဆိုင်တွေမှာ ကြော်ငြာဘယ်လိုကပ်တယ်ဆိုတာ ပြောရမယ်ဆိုရင် ထရံတွေမှာ ကြော်ငြာတွေကို ကော်နဲ့ အသေအချာကပ်၊ နောက်ကြော်ငြာတစ်ခု ထပ်ပြီးကပ်မယ်ဆိုရင်လည်း နဂိုကြော်ငြာပေါ်မှာ ကပ်ရင်ကပ်၊ မကပ်ရင် ဟိုဟာခွာလိုက်၊ ဒီဟာပြန်ကပ်လိုက်နဲ့ နံရံတစ်ခုလုံးမှာ ကြော်ငြာ ကပ်ရာခွာရာ ကြော်ငြာပေါင်း အထပ်ထပ်နဲ့ တွေ့ရပါလိမ့်မယ်။ ဒါကြောင့် နံရံမှာ ကျွန်တော့်တပည့်တွေ ကြော်ငြာတွေ၊ စာရွက်တွေကို ထောင့်လေးထောင့်မှာ ကော်သုတ်ပြီး ကပ်တာမြင်ရင် "ဟဲ့ အဲလိုကြော်ငြာတွေကို ကော်နဲ့ ကပစ်လိုက်၊ ပြန်ခွာလိုက်လုပ်တော့ နံရံကထုံးတွေ ကွာရင်ကွာ၊ ဒါမှမဟုတ် ကြော်ငြာစတွေနံရံမှာ ကပ်ကျန်ခဲ့နဲ့ တောထမင်းဆိုင် တောလွှက်ရည်ဆိုင်လို ဖြစ်မှာပေါ့" လို့ ကျွန်တော်က အော်လေ့ရှိပါတယ်။ ဘာလို့လည်း ဆိုတော ကျွန်တော် ဖြတ်သန်းကြီးပြင်းလာခဲ့ရတဲ့ ကလေးဘဝ အညာလွှက်ရည်ဆိုင်တွေ၊ ရန်ကုန် မန္တလေး ကားလမ်း တစ်လျှောက်မှာ ကားရပ်လိုက်ပြီး ထမင်းစားရရင် တွေ့ခဲ့ရတဲ့ ထမင်းဆိုင်နံရံတွေရဲ့ ပုံရိပ်က ကျွန်တော့်ရဲ့ စိတ်အာရုံမှာ ဖျောက်လို့မရအောင် အမြဲထင်ဟပ်နေလို့ပါ။ အဲဒါကြောင့် ကြော်ငြာတွေ အထပ်ထပ်ကပ်ထားတဲ့ နံရံတွေမြင်တိုင်း အငယ်ကတွေ့ခဲ့ရတဲ့ ထမင်းဆိုင်နံရံမြင်ကွင်းဟာ အမြဲတမ်း ပြန်ပေါ်လာနေပါတယ်။

ရုပ်ရှင်ကြော်ငြာ

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လာလို့ ဟိုတုန်းက ရုပ်ရှင်ကြော်ငြာတွေအကြောင်း ပြောပြချင်ပါသေးတယ်။ ကျွန်တော်တို့ကလေးဘဝက ရုပ်ရှင်ကြော်ငြာဆိုတာ သိပ်ကို ခေတ်စားခဲ့တာပါ။ ကျွန်တော်တို့ အငယ်တုန်းကလည်း ရုပ်ရှင်ကြော်ငြာစာရွက်တွေကြဲသွားလို့ တစ်ရွက်လောက်ရလိုက်ရင် ဂုဏ်ယူဝမ်းမြောက်လို့ကို မဆုံးနိုင်ပါ။ ရတဲ့ကြော်ငြာလေးကို အမြတ်တနိုး နံရံမှာကပ်ကြတော့တာပါပဲ။ ရုပ်ရှင်ကြော်ငြာတယ်ဆိုတာ တောမြို့လေးတွေမှာတင် လုပ်ကြတာမဟုတ်ပါဘူး၊ ရန်ကုန်မှာလည်း ရန်ကုန်မြို့လည်ခေါင်မှာ ရုပ်ရှင်ကြော်ငြာကားတွေ အများကြီးတွေ့ရပါတယ်။ အဲဒီကြော်ငြာကားတွေ ပေါ်ကနေ ကြော်ငြာတွေ ဖွေးကနဲနေအောင် ကြဲချသွားတာ အငယ်တုန်းက တွေ့ရဖူးပါတယ်။ ရုပ်ရှင်ကားရဲ့ သရုပ်ဆောင်မင်းသား၊ မင်းသမီးတွေပုံ မြင်ကွင်းတွေကို ကြော်ငြာ ပိတ်ကားပေါ်မှာ ပန်းချီဆွဲပြီး အဲဒီပိတ်ကားကြီးတွေကို ဂျစ်ကား ဒါမှမဟုတ် ဒေါ့ဂျစ်ကားတွေရဲ့ တစ်ဘက်တစ်ချက်မှာ ချိတ်ပြီး ကြော်ငြာကားလုပ်ပါတယ်။ အဲဒီကားပေါ်မှာ လော်စပီကာနှစ်လုံးကို ကားခေါင်းဘက်မှာ၊ တစ်ခုတပ်၊ တံခါးရဲ့နောကဘက်မှာ တစ်ခုတပ်လိုက်ပြီး ကြော်ငြာသမားက မိုက်ကိုင အပြော ကောင်းကောင်းနဲ့ ရုပ်ရှင်ကားအကြောင်း အော်ပြီးကြော်ငြာရင်း ရန်ကုန်တမြို့လုံးပတ်မောင်းတာကို တွေ့ရခဲ့ဘူးပါတယ်။ အခုတော့ ရန်ကုန်မှာ ရုပ်ရှင်ကြော်ငြာကားတွေ ဘယ်တုန်းကစပြီး သိပ်မတွေ့ရတော့ပါဘူး။ ဒီလို အရမ်းပေါ်လွင်ခေတ်စားခဲ့တဲ့ ရုပ်ရှင်ကြော်ငြာကားတွေ မေ့မှိန်ခေတ်မစားတော့ပဲ ဖြစ်သွားလည်း မသိပါဘူး။ ဗီစီဒီတွေ၊ ဒီဗီဒီတွေပေါ်လာလို့ ရုပ်ရှင်တွေရဲ့ အခန်းကဏ္ဍကျဆင်းသွားလို့များ ကြော်ငြာ ခေတ်မစားတော့ဘူးလားလို့ တွေးမိပါတယ်။ အဲဒီကြော်ငြာကားတွေရဲ့ နောက်အစွန်မှာ ကောင်လေး တစ်ယောက်က မတ်တပ်ရပ်တွယ်လိုက်ပြီး လက်ထဲက တပွေ့တစ်ပိုက် ကြော်ငြာတွေကို ဖွာကနဲ ဖွာကနဲ ကြဲပြီး ချသွားလေ့ရှိပါတယ်။ လမ်းဘေးက ဖြတ်သွားဖြတ်လာခရီးသွားတွေက အဲဒီလို ကြဲသွားတဲ့ ကြော်ငြာလေးတွေကို တလေးတစား ကောက်ယူဖတ်ကြပါတယ်။ လော်စပီကာ ကြော်ငြာသမား ကလည်း အပြောကောင်းကောင်းနဲ့ ကြည့်ချင်စိတ်ပေါ်လာအောင်ကို မရပ်မနား စကားလုံးတွေ ဝေဝေဆာဆာ ပြောတော့တာပါပဲ။ သူတို့ရုပ်ရှင်ကြော်ငြာဖို့ ဘယ်လိုပြောလဲဆိုတာ ဥပမာ ပြောရမယ်ဆိုရင် "မရိုးဆန်းစီနီမာ အဆင့်မြင့်ရုပ်ရှင်ရဲ့ကြီးမှာ အခုပြသနေတာက တကယ်ချတဲ့ ကိရွှေဘရဲ့ အံ့မခန်း စွန့်စားခန်း ဇာတ်ကားအသစ်ကြီးပါ။ ဒါရိုက်တာလက်စွမ်းပြ၊ ကင်မရာမင်း အစွမ်းကုန်ကြိုးစားပြီး ကိုရွှေဘရဲ့ ထိုးကွက်ရိုက်ကွက် ရင်သပ်ရှုမောဖွယ်ရာ သိုင်းပညာတွေကို တွေ့ရမှာပါ။ အရင် ကိုရွှေဘရဲ့ ကားတွေနဲ့မတူ တမူထူးခြားပြီး နိုင်ငံကျော်မင်းသမီး မေသစ်နဲ့တွဖက်လို့ အချစ်ဇာတ်လမ်းလေးကလည်း ပါပါသေးတယ်။ ရှိသမျှအလုပ် အကုန်ရပ် မနှေးသာ ပြေးလာ မဖြစ်မနေကြည့်ရမယ့် ဇာတ်ကားကောင်းကြီးမို့လို့

မလွတ်တန်းကြည့်ကြပါလို့ ဖိတ်ခေါ်နှိုးဆော် လိုက်ရပါတယ် ခင်ဗျား" ဆိုပြီး ခြောက်လုံးပတ်ဗလေးနဲ့ တုချမ်းချမ်းလင်းကွင်းတွေတီးပြီး ရန်ကုန်မြို့ကြီးရဲ့နေရာအနှံ့ကို ကြော်ငြာ ကားမောင်းတေ့တာပါပဲ။ တစ်ခါတလေ ဒီထက်အဆင့်မြင့်တဲ့ဇာတ်ကားတွေ ကြော်ငြာတယ်ဆိုရင် အဆိုတော်တွေ၊ တီးဝိုင်းတွေ၊ အကောဒီယံတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ခမ်းခမ်းနားနား ကြော်ငြာလှည့်တာပါ။ ကားဘေးမှာ ကပ်ထားတဲ့ ရုပ်ရှင်ကြော်ငြာ ပိတ်ကားပေါ်က ဆေးရေးပန်းချီတွေဟာလည်း ဖြစ်ကတတ်ဆန်း ကြုံသလိုဆွဲတာ မဟုတ်ပါဘူး၊ တော်တော်ကို အဆင့်မြင့်ပါတယ်။ အခုပြောခဲ့သလို ဟိုအရင်တုန်းက ရုပ်ရှင်တွေကို တော်တော်လေး အသားပေး ကြော်ငြာခဲ့ကြတာပါ ဆိုတာကို အခုခေတ်လူငယ်တွေ သိအောင် ပြောပြလိုက်ရပါတယ်။

<u>အမေပြောတဲ့ဓါတ်ရှင်</u>

ကျွန်တော်တို့ အငယ်တုန်းက လူကြီးတော်တော်များများက ရုပ်ရှင်ကို ဓါတ်ရှင်လို့ပဲ ခေါ်ကြပါတယ်။ နောက်တော့မှ ဘယ်လိုကဘယ်လို ကာလရွှေ့လျားလာတော့ ဓါတ်ရှင်ကနေ ရုပ်ရှင် ဖြစ်သွားလည်း မသိပါဘူး။ ဘယ်သူတေက ဘယ်လိုပဲ ခေါ်ခေါ် အမေကတော့ ဓါတ်ရှင်လို့ပဲ အမြဲ ခေါ်ပါတယ်။ ပြီးတော့ ရုပ်ရှင်ရုံတေရဲ့ နောက်မှာ စီနီမာဆိုတာ အမြဲထည့်ပါသေးတယ်။ ကျွန်တော်တို့ ဝမ်းတွင်းက ရုပ်ရှင်ရုံဆိုရင် "အောင်ရတနာစီနီမာ" လို့ ခေါ်ပါတယ်။ အမေ ပြောတာကတော့ "ဒို့ ငယငယ်တုန်းက ရုပ်ပုံတွေက လှုပ်မနေပဲ ရုပ်သေတွေထိုးပြတာ ကြည့်ခဲ့ရသေးတယ်။ အဲဒီနောက်မှ အရုပ်တွေက လှုပ်လာတာ။ ဒို့ ပထမဆုံးကြည့်ရတဲ့ ဓါတ်ရှင်တွေက အခုခေတ်လိုလူတွေက အပြင်မှာ မြင်ရတွေ့ရတဲ့အတိုင်း လှုပ်နေတာ မဟုတ်သေးဘူး။ လူတွေရဲ့ လက်တွေ ခြေတွေ ခေါင်းတွေလှုပ်တာက ဆန့်ငင်ဆန့်ငင်နဲ့ ဆတ်တောက်ဆတ်တောက် လှုပ်ကြတာ။ အဲဒီနောက်တော့မှ ဒို့အခုတွေ့ရတဲ့ ဓါတ်ရှင်တွေလို လူတွေပုံမှန်လှုပ်နေတာ ပေါ်လာပြီး။ စီနီမာဆိုတဲ့ စကားလုံး အဲဒီတော့မှ ပေါ်လာတာ။ ဒါတောင် ပထမဆုံးပေါ်တဲ့ စီနီမာ ဓါတ်ရှင်တွေမှာ အသံ မပါသေးဘူး။ အသံတိတ်ကားတွေတော့ မင်းတို့လည်း ကြည့်ဘူးသားပဲ။ နောက်ကနေစကားပြောနဲ့ တီးဝိုင်းလည်းပါသေးတယ်လေ" လို့ အမေက သူကြုံခဲ့ရတဲ့ ရုပ်ရှင်သမိုင်းကို ရှင်းပြပါတယ်။ နေရာတကာမှာ သိလည်း သိတဲ့ အံ့မခန်းအမေပါ။ အမေပြောတဲ့ အသံတိတ် ဓါတ်ရှင်ဆိုတာ ကျွန်တော်တို့ သုံးတန်း လေးတန်းလောက်တုန်းက ဝမ်းတွင်းမြို့ အောင်ရတနာစီနီမာ ရုပ်ရှင်ရုံမှာ ကြည့်ခဲ့ရပါသေးတယ်။ အဲဒီ အသံတိတ်ဓါတ်ရှင်ပြတဲ့အခါမှာ ရုပ်ရှင်ပြစက်ထားတဲ့ ရုပ်ရှင်ရုံရဲ့ နောက်ပိုင်း ထပ်ခိုးအမြင့်လေးပေါ်မှာ တီးဝိုင်းလေးနဲ့ စကားပြောတဲ့သူ တစ်ယောက်ထားပါတယ်။ အဲဒီလူကနေပြီး အသံတိတ်ပြနေတဲ့ ဇာတ်လမ်းကို သရုပ်ဖော်လေးပြောလိုက်၊

တီးဝိုင်းလေးက သီချင်းတွေဆိုလိုက်နဲ့ပါ။ အဲဒီတုန်းက ကျွန်တော်သိပ်ငယ်သေးတော့ အသံတိတ်ကား နောက်ခံပြောတဲ့သူတွေ ဘယ်လို စကားတွေပြောလို့ ဘာတွေပြောတယ် ဆိုတာ သေချာ မမှတ်မိတော့ ပါဘူး။ အသံတိတ်ကား ကြည့်ခဲ့ရဘူးတယ် ဆိုတာလောက်ပဲ ခပ်ရေးရေးပဲ မှတ်မိပါတယ်။ ကြုံတုန်း တစ်ခုပြောချင်တာက ကျွန်တော်တို့ ကလေးပေါက်စန (အညာမှာ ပေါက်စဆိုတာက ပေါက်စန လို့ ပြောလေ့ရှိပါတယ်) ဘဝတုန်းက ကျွန်တော်တို့ ဝမ်းတွင်းမြို့အဆင်မြင့် အောင်ရတနာစီနီမာရုံကြီး ဆိုတာ မှာ သီးသန့်ခင်းထားတဲ့ ကြမ်းခင်းဆိုတာ မရှိပါဘူး။ သဲတွေအပြည့်နဲ့ မြေကြီးကြမ်းခင်းပေါ်မှာပဲ ရုပ်ရှင်ရုံ ခုံတန်းတွေ စီထားတာပါ။ ပိတ်ကားနဲ့အနီးဆုံးရှေ့ဆုံးတန်းကတော့ ထိုင်ခုံလုံးဝမရှိတဲ့ တမတ် (၂၅ပြား) တန်းပါ။ အဲဒီ တစ်မတ်တန်းမှာတော့ မြေကြီးပေါ်က သဲတွေပေါ်မှာ ဖျာလေး သုံးလေးချပ် ခင်းပေးထားပါတယ်။ ဖျာပေါ်မှာစိမပြေနပြေ ဖိနပ်ဖင်ခုထိုင်ပြီး အားရပါးရ ရုပ်ရှင်ကြည့်ရုံပါပဲ။ တစ်မတ် တန်းမှာတော့ ကလေးတွေပဲ ကြည့်တာများပါတယ်။ ဖျာခင်းမထားတဲ့ တစ်မတ်တန်း သဲဖုတ်ကြီးထဲမှာ ကလေးတွေ ပြေးလိုက်လွှားလိုက် ဆောလိုက၊ ပြောင်းဖူးပြုတ်တွေ ဝယ်စားပြီး ပြောင်းဖူးရိုးနဲ့ တစ်ယောက်နဲ့တစ်ယောက် လိုက်ပစ်ကြပါတယ်။ ကလေးတွေ သားရေကွင်းတွေနဲ့ တစ်ယောက် တစ်ယောက် အလစ်မှာ ချောင်းပြီးပစ်ကြ၊ ပြေးတန်းလိုက်တန်း၊ စစ်တိုက်တန်း ကစားကြတဲ့ တစ်မတ် တန်းပါ။ တစ်မတ်တန်းပြီးတော့ ငါးမူး (ပြား ၅၀) တန်းပါ။ တမတ်တန်းနဲ့ ငါးမူးတန်းကို သုံးပေ လောက်မြင့်တ သစ်သားချောင်းတွေ တန်းစီရိုက်ထားတဲ့ အတန်းလေးနဲ့ ခြားထားပါတယ်။ ငါးမူးတန်း ပြီးတော့ နောက်ဆုံးမှာ တစ်ကျပ်တန်းပါ။ ဝမ်းတွင်းမြို့မှာ အဲဒီလို တစ်မတ်တန်း၊ ငါးမူးတန်း၊ တစ်ကျပ်တန်းဆိုပြီး အတန်းသုံးတန်းပဲ ရှိပါတယ။ ရုပ်ရှင်ရုံရဲ့ထိုင်ခုံတွေမှာ နံပါတ်ဆိုတာ မရှိပါဘူး။ ကြုံသလို ဝင်ကြည့်၊ တွေ့ရာနေရာ ကြိုက်တဲ့နေရာမှာ ထိုင်ရုံပါပဲ။ ကျွန်တော်တို့ကတော့ အဖေ့ရဲ့ တပည့် ဝမ်းတွင်းရဲစခန်းက ရဲကြပ် ဦးခင်မောင်နဲ့ သွားတဲ့အခါ ဦးခင်မောင်က အပေါက်ဝက လက်မှတ်စစ်တဲ့ လူကို "ဟေ့ ဒါ တိုက်ပင်ကြီးသားတွေ" လို့ ပြောလိုက်ရင် ပိုက်ဆံမပေးရပါဘူး။ အဲလို ရုပ်ရှင်ရုံအဝင် မှာ လက်မှတ်စစ်တဲ့ လူရှိပေမယ့် ကျွန်တော်တို့ အိမ်ရှေ့အိမ်က ဦးဟန်မူဆိုတဲ့ ဦးလေးကြီးဟာ ဘယ်တော့မှ လက်မှတ်မပေးပဲ ဒီတိုင်း ခပ်တည်တည်နဲ့ ဝင်ကြည့်လေ့ရှိပါတယ်။ တစ်နေ့တော့ လက်မှတ်စစ် ကောင်လေး တစ်ယောက်က "ဦးလေး လက်မှတ်" လို့ တောင်းတော့ ဦးဟန်မူက မျက်နှာထားတင်းတင်းနဲ့ အဲဒီကောင်လေးကို ကြည့်လိုက်ပြီး "မင်း အသစ်ထင်တယ်" လို့ပြောပြီး ဝင်သွားပါတယ်။ အဲလိုပြောလိုက်တော့ လက်မှတ်စစ်ကောင်းလေးကလည်း ဘာမှန်းမသိပဲဖြစ်သွားပြီး လန့်သွားတော့ လက်မှတ်မတောင်းရဲတောဘူးပေါ့။ မှတ်လောက်သားလောက် ဦးဟန်မူရဲ့ အပြောလေးပါ။

အမေဟာ စည်းကမ်းကြီးတဲ့သူဆိုတော့ ရုပ်ရှင်လက်မှတ်ဖိုးမပေးရပဲ အလကားကြည့်လို့ ရပေမယ်လို့ ကျွန်တော်တို့ကို လာသမျှ ရုပ်ရှင် အကုန်ကြည့်ခွင် မပေးပါဘူး။ အမေက "မင်းတို့ ဓါတ်ရှင်သွားကြည့်ကြ" ဆိုတဲ့အခါရောကမှပဲ ရုပ်ရှင်ကြည့်ရပါတယ်။ ကျောင်းပိတ်ရက် မဟုတ်ရင်လည်း ရုပ်ရှင်လုံးဝ မကြည့်ရပါဘူး။ သောကြာနဲ့စနေမှာပဲ အမေက ကြည့်ခွင့်ပေးပါတယ်။ ဒါတောင်အမေက "မင်းတို့ အိမ်စာတွေပြီးမှ ဓါတ်ရှင်ကြည့်ရမှာနော်" ဆိုပြီး ကျွန်တော်တို့ရဲ့ စာအုပ်တွေကို အကုန်စစ်တယ်၊ တကယ့်ကို အိမ်စာပြီးမှ ကျွန်တော်တို့ ရုပ်ရှင်ရုံကို သွားခွင့်ရပါတယ်။ အမေဟာ ကျွန်တော်တို့ရဲ့ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်စားသောက်ရေးအားလုံးကို တကယ့် မိခင်စိတ်အပြည့်အဝနဲ့ ထိန်းသိမ်းစောင့်ရှောက်ခဲ့တာပါ။ ကျွန်တောတို့ ရုပ်ရှင်ကြည့်တာအစ ဘယ်နေ့ကြည့်ရမယ်၊ ဘယ်ကားကြည့်ရမယ် ဆိုတာကိုပါ အမေက သူကယ်တိုင်ဆုံးဖြတ်ပေးတာပါ။ ဒါကြောင့် အမေရဲ့ သားသမီးတွေအပေါ်မှာ ထားတဲ့ ကြီးမားလှတဲ့ မေတ္တာတရားကို ပေါ်လွင်အောင် ဖော်ပြလို့မရနိုင်အောင် ပါလားလို့ တွေးမိတယ်။ ဘုရားကြီးက ထမင်းဆိုင်မှာထိုင်ခဲ့တဲ့အကြောင်း ရေးရင်းကနေ အတွေးနယ်ချဲ့သွားလို့ အငယ်က ရုပ်ရှင်ရုံ ရုပ်ရှင်ကြော်ငြာတွေအကြောင်းကို ရောက်သွားမိပါတယ်။

<u>အလှူဓါတ်ပုံ</u>

တောထမင်းဆိုင်တွေအကြောင်း ဆက်ပြောရမယ်ဆိုရင် ဒီလိုရုပ်ရှင်ကြော်ငြာတွေ ပိုစတာတွေကို နံရံမှာ နေရာမလွတ် ဗရပွ ပွနေအောင် ကပ်ထားရုံမကပဲ နောက်ထပ်နံရံမှာ တွေ့နိုင်တာကတော့ ဓါတ်ပုံတွေ မှန်ဘောင်သွင်းပြီး နံရံ ထောင်ထားတာပါ။ ဓါတ်ပုံဆိုတာကို ရှင်းပြရမယ်ဆိုရင် ခုနက ပြောခဲ့သလို လူပ်ရှားနေတဲ့ ပုံတွေကိုတော့ ဓါတ်ရှင်လို့ခေါ်ပြီး ရုပ်သေတွေကိုတော့ ဓါတ်ပုံလို့ခေါ်တာပါ။ ကျွန်တော်တို့အငယ်တုန်းက ကင်မရာဆိုတာဟာ ဓါတ်ပုံဆိုင်မှာပဲရှိတာပါ။ တောမြို့လေးတွေမှာ ကိုယ်ပိုင်ကင်မရာဆိုတာ မရှိသလောက်ကို ရှားပါတယ်။ ကျွန်တော် အငယ်တုန်းက ဝမ်းတွင်းတစ်မြို့လုံးမှာ ကင်မရာဆိုလို့ မြို့အရှေ့ပိုင်း မြို့ပိုင်ရုံးနားက ဦးသိန်းဆွေ ဓါတ်ပုံဆိုင်မှာပဲ ရှိပါတယ်။ ဘယ်သူ့မှာမှ ကိုယ်ပိုင်ကင်မရာ မရှိပါဘူး။ ဓါတ်ပုံရိုက်တယ်ဆိုတာ တကယ့်ကို မှတ်လောက်သားလောက် အခမ်းနားလို ဟာမျူးမှာပဲ ရိုက်လေ့ရှိတာပါ။ အဓကပြောရမယ်ဆိုရင် ရှင်ပြုပေါ့။ ရှင်ပြုအခမ်းအနားတွေမှာ မဖြစ်မနေ ဓါတ်ပုံတွေမျိုးစုံ ရိုက်ကြပါတယ်။ ပြီးတော့ အဲဒီဓါတ်ပုံတွေကို မှန်ဘောင်သွင်းပြီး အိမ်နံရံတွေမှာ ချိတ်ထားပြီး ဘဝရဲ့သမိုင်းမှတ်တိုင်တစ်ခုလို မှတ်တမ်းတင်ကြပါတယ်။ ဗုဒ္ဓဘာသာ မြန်မာတစ်ယောက်ရဲ့ ဘဝမှာ သားသမီးကို ရှင်ပြုပေးနိုင်တယ်ဆိုတာဟာ တကယ့်ကို မှတ်လောက်သားလောက်တဲ့ အခမ်းအနား တစ်ခုဖြစ်သလို ဘဝရဲ့အောင်မြင်မှုတစ်ခုလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ရှင်ပြုတာကို အညာမှာ သိပ်ကို

အလေးထားတန်ဖိုးထားပြီး ကြီးကြီးကျယ်ကျယ် ခမးခမးနားနားလုပ်လေ့ရှိပါတယ်။ ဒါကြောင့် ရှင်ပြုဓါတ်ပုံဟာ တောဓလေ့တောသဘာဝအရဆိုရင် သိပ်ကိုဂုဏ်ယူကြတဲ့ မှတ်တမ်းဝင် ဓါတ်ပုံပါ။ အလှူမဏ္ဍပ်ကြီးကို နောက်ခံထား၊ မိစုံဖစုံ၊ ညီအစ်ကိုမောင်နှမတွေ တန်းစီရပ်၊ ရှင်လောင်းလေးတွေကို ခုံနဲ့တန်းစီထိုင်ခိုင်းပြီး ကွမ်းတောင် ပန်းတောင်ကိုင်တွေ ခြံလို့ရံလို ရိုက်ထားတဲ့ ဓါတ်ပုံဟာ ဘဝတစ်သက်တာ မမေ့လောက်စရာပါ။ ရွှေရောင်တွေ တောက်နေပြီး ဝင်းလက်နေတဲ့ မဏ္ဍာပကြီးကို နောက်ခံထားပြီး သားသားနားနား ခန့်ခန့်ညားညား ခင်းထားတဲ့ကော်ဇော်ကြီးပေါ်မှာ ရှင်လောင်းဝတ်စုံတွေနဲ့ မောင်ရင်လောင်းတွေ၊ ဝတ်ကောင်းစားလှ ဝတ်ထားကြတဲ့ မိဘဆွေမျိုးတွေ အစီအရီ ရပ်လို့ ရိုက်ထားတဲ့ ရှင်ပြုအမှတ်တရဓါတ်ပုံကြီးကို အကျယ်ချဲ့ မှန်ဘောင်သွင်းထားလေ့ရှိပါတယ်။ အဲလို ရှင်ပြုဓါတ်ပုံတွေကို တောထမင်းဆိုင်က နံရံတွေမှာ တွေ့နိုင်ပါတယ်။ နံရံမှာ သံမှိုလေးနှစ်ချောင်း နည်းနည်းခွာရိုက်လိုက်ပြီး အဲဒီသံမှိုနှစ်ခုပေါ်မှာ ဓါတပုံကို တင်ပြီးတော့ ဓါတ်ပုံပေါ်မှာပါတဲ့ ငုတ်လေးနှစ်ခုမှာ ကြိုးလေးတပ်ပြီး အဲဒီကြိုးလေးကို ဓါတ်ပအပေါ်နားလေးက သံငုတ်မှာ ချိတ်ထားတော့ မှန်ဘောင်သွင်း ဓါတ်ပုံကြီးဟာ နံရံမှာ တစောင်းလေးရှိနေတာပေါ့။ တောထမင်းဆိုင်ရဲ့ နံရံမှာ အဲဒီလို ရှင်ပြုဓါတ်ပုံတွေအပြင် မန္တလေးဘုရားကြီးကို ဘုရားဖူးရောက်တုန်းကပုံ၊ မန္တလေးတောင်ပေါ်မှာ မြွေကြီးနှစ်ကောင်နဲ့ ရိုက်ထားတဲ့ပုံ၊ စစ်ကိုင်းတောင်ပေါ်က ဆွမ်းဥးပညရှင်မှာ ရိုက်ထားတဲ့ပုံ ဆိုတဲ့ အမှတ်တရ ဘုရားဖူး ဓါတ်ပုံမျိုးစုံကို အစီအရီ ချိတ်ထားတာတွေလည်း တွေ့ရနိုင်ပါတယ်။ အဲလို ကြော်ငြာဓါတ်ပုံတွေပြီးတော့ နံရံပေါ်မှာ နောက်တွေ့ရမှာကတော့ စာတန်းလေးတွေပါ။ ဘယ်လိုစာတန်းတွေလည်းဆိုတာ ဥပမာပြောရမယ်ဆိုရင် "ယနေ့အကြွေးမရောင်းပါ" "လူကိုယုံပါ၏၊ အကြွေးသီးခံပါ" "မိတ်ဆွေ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" "ယနေ့ကြွလာမိတ်သဟာ" ဆိုတာမျိုး အဓိပ္ပါယ်မျိုးစုံ၊ အကြောင်းအရာမျိုးစုံ စာတန်းပေါင်းစုံကို တွေ့ရမှာပါ။ အဲလို စိတ်ဝင်စားဖို့ကောင်းတဲ့ အညာတောထမင်းဆိုင်ရဲ့ နံရံမှာတွေ့ရတဲ့ မြင်ကွင်းပေါင်းစုံကိုကြည့်ပြီး နေလိုက်ရင်းကနေ ဟိုတွေးဒီတွေး ကလေးဘဝတုန်းက သိပ်ချစ်တဲ့ အမေနဲ့နေခဲ့ရတာတွေ သတိရမိပါတယ်။ အမေ့ကို သတိရနေလိုက်ရင်းက နောက်ဆုံးရောက်တော့ ဘောက်ဆောကားကြီးအကြောင်း စိတ်ပြန်ရောက်သွားပြီး ဘုရားကြီးကနေ မန္တလေးအထိ ဒီကားကြီးနဲ့ ရွှေ့ဆက်ရမယ့် ခရီးကို တွေးမိပြီး စိတ်တွေ မောသွားမိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၃)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်ရင်းနဲ့ ပဲခူးဘုရားကြီးမှာ ခဏနား၊ ထမင်းစားတဲ့ အကြောင်းရေးနေပါတယ်။

ဘုရားကြီးကထမင်းဆိုင်

မြန်မာထမင်းဆိုင်တွေရဲ့ အနှစ်သာရကတော့ အလယ်မှာ ပုံထားတဲ့ အတို့အမြုပ်၊ အရွက်ပုံကြီးနဲ့ တို့စားဖို့ ငါးပိရည်ပါပဲ။ ချဉ်ရည်တစ်ခွက်နဲ့ ငါးပိရည် အတို့အမြုပ်ပါရင် ထမင်းကို အားရပါးရစားနိုင်ကြတဲ့ ကျွန်တော်တို့ မြန်မာတွေဟာ အဲလို အတို့အမြုပ်နဲ့ငါးပိရည်ကို ထမင်းစားပအလယ်မှာ စပါယ်ရှယ်ပြင်ပြီး ချထားတဲ့ မြန်မာထမင်းဆိုင်မျိုးမှာ ဘာဟင်းမှမပါပဲ ငါးပိရည်၊ အတို့အမြုပ်နဲ့ကို ထမင်းနှစ်ပန်းကန် သုံးပန်းကန်လောက် စားနိုင်ကြပါတယ်။

အတို့အမြုပ်တေရဲ့ အကြောင်းပြောရမယ်ဆိုရင် ဘုရားကြီးက မြန်မာထမင်းဆိုင်ရဲ့ အတို့အမြုပ်တွေဟာ အံ့မခန်းလောက်အောင်ကို အမျိုးအမည်တွေ စပါတယ်။ အဲဒီဆိုင်က တို့စရာတွေကို ကြည့်လိုက်ရင် 'ဩော် ဒို့တတွေဟာ အရွက်ပေါင်းစုံ၊ အသီးပေါင်းစုံအကုန်လုံးကို တို့စားကြတော့တာပါလား'လို့ တွေးမိပါတယ်။ ဥသျှစ်ရွက်၊ ပိန္နဲရွက်၊ တမာရွက်၊ ထနောင်းရွက်၊ ကက္ကုလ်ရွက်၊ အရွက်တွေပေါင်းစုံ တို့စရာတွေ ပါပါတယ်။ တချို့ကအရွက်စိမ်း၊ တချို့က နည်းနည်းလေး ရေနွေး ဖျော်ထားတာ၊ စားလို့ကောင်းအောင် အနေတော်ပြုပြင်ထားတာတွေပါ။ အသီးတွေ ရောက်တောလည်း ဘားသီးနုနုလေးတွေ၊ အပင်ပေါ်ကကျခါစ ပိန္နဲသီးပေါက်စလေးတွေ၊ ငှက်ပျောအူ အနုလေးတွေ၊ လယ်ထဲမှာ ကန်သင်းရိုးမှာတွေ့ရတဲ့ အရက်တွေ၊ မှိုနတို၊ ကနဖေါ်၊ အစုံမှအစုံကို ပါတာပါ။ ပြောရမယ်ဆိုရင်စားလို့ရတဲ့ အသီးအရွက် အကုန်စားကြတာဆိုတော ရေတွက်လို့ မကုန်နိုင်အောင်ကို များလှတဲ့ အတို့အမြုပ်စာရင်းကြီးပါပဲ။

ဘောက်ဆောခရီးစဉ်မှာ ကားခဏရပ်ပြီး၊ ဘုရားကြီးမှာ ထမင်းစားတဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် မြန်မာဆန်ဆန် အတို့အမြုပ်တေ အရွက်စုံတွေမျိုးစုံနဲ့ ငါးပိရည်ဆမ်း စားခဲ့ရတဲ့ ဘုရားကြီးက ထမင်းဝိုင်းကို ဘဝတစ်သက်တာမှာ မေ့လို့မရနိုင်ပါလို့ ပြောရမလိုဖြစ်နေပါတယ်။

ကားပျက်လို့ စိတ်မောမောနဲ့ ထမင်းကလည်းခပ်ဆာဆာ အဲဒီအချိန်မှာ ဘုရားကြီးက ထမင်းဆိုင်လေးမှာ တောထမင်း တောဟင်းနဲ့ စားလိုက်ရတာဟာ တော်တော်ကို မြိန်ပါတယ်။ တောထမင်းဆိုတဲ့အတိုင်း ဆန်လုံးက ခပ်တုတ်တုတ် နည်းနည်းကြမ်းတမ်းတမ်း မာတာတာပါ။ ဟင်းတွေကလည်း တောချက်ဆတော့ ဆီလည်ရေလည်၊ အသားတုံးလေးတေက ခပ်သေးသေး၊ ချကထားတဲ့ ပုံစံကလည်း အိမ်မှာစားနေကျ မြို့က ဟင်းတွေနဲ့ မတူ၊ မဆလာ၊ ကရင်း၊ ဟင်းမွှေး အဆာပလာတွေမပါ ရိုးရိုးစင်းစင်းခရမ်းချဉ်သီး၊ ကြက်သွန်အနှစ်နဲ့ ချက်ထားတာပါ။ ပြီးတော့ ဟင်းလေးက ခပ်ဝါဝါ နနွင်းနဲ့ ခပ်သင်းသင်းနဲ့ဆိုတော့ စားလို့တမျိုး ကောင်းပါတယ်။ ခပ်ဆာဆာနဲ့ စားလိုက်ကြတာ ထမင်းအုပ်တစ်ခုလုံး ပြောင်သွားလို့ ထမင်းနောက်တအုပ် ထပ်တောင်းရပါသေးတယ်။ ထမင်းစားပြီးတော့ ရန်ကုန်ကလာတဲ့ ဧည့်သည်တွေ ဆိုပြီး ဆိုင်ရှင်က အထူးတလည် သူကိုယ်တိုင်သုပ်ထားတဲ့ လက်သပ်လေးနဲ့ ဂရုတစိုက် ဧည့်ခံ ရှာပါတယ်။ အောက်ပြည်က လှက်သုပဆိုတော့ ပုစွန်ခြောက်နှိုင်းခြင်းနဲ့၊ ပြီးတော့ လှက်သုပ်ပေါ်မှာ တင်ပေးထားတဲ့ ငါးရံ့ခြောက်ဖုပ်လေး တစ်မြောင်း၊ နှစ်မြောင်းပါသေးတာ။ အဲဒီ ငါးရံ့ခြောက်ဖုပ်လေးတွေနဲ့ လှက်သုပ်မြည်းပြီးစားရတာ တော်တော်လေးကို စားလို့ကောင်းပါတယ်။ စကားတပြောပြောနဲ့ ထမင်းတွေ အားရပါးရစားလိုက်ကြပြီးတော့ နောက်ဆက်တွဲ လက်လေးစား၊ ဟာသတွေပြော၊ စကားတွေ ဟိုရောက် ဒီရောက် ဘောက်ဆော ခရုစဉ်အကြောင်း ပြောကြ၊ ကားပျက်တာတွေ ဆွေးနွေး၊ တစ်ယောက်တစ်ပေါက် ပြောလိုက်ကြတာ၊ နောက်ဆုံး နာရီကြည့်လိုက်တော့ နေ့လည် (၂း၀၀)နာရီ ထိုးလုလုဖြစ်နေပါပြီ။ အဲဒါနဲ့ ကမန်းကတန်း ကျွန်တော်တို့ ထမင်းဆိုင်ထဲကထွက်၊ ဘောက်ဆောကားခရီးစဖို့ ဟန်ပြင်ကြရတာပေါ့။

<u>အမြဲသတိရနေတဲ့ အမေ</u>

အဲလို ထမင်းဆိုင်က အထွက်မှာ ထမင်းဆိုင်ရှေ့က စျေးတန်းလေးမှာ ငါးရံ့ခြောက်တွေ အစီအရီ တန်းပြီး ရောင်းဖို့ ချတ်ထားတာကို တွေ့ရပါတယ်။ ငါးရံ့ခြောက်တွေက လတလတ်ဆတဆတ ခွဲပြီး လှန်းထားတာဆိုတော့ နီရဲပြီး တကယ်ကို စားချင်စရာပါ။ အဲဒီ ငါးရံ့ခြောက် လှန်းထားတာတွေ မြင်တော့ ငါးခြောက်သိပ်ကြိုက်တဲ့ အမေကို သတိရမိပါတယ်။ ဒါနဲ့ မနေနိုင်မထိုင်နိုင် ငါးခြောက်ပြား (၄)ပြား လောက် ဝယ်လိုက်ရင်း အမေတော့ ငါးရံ့ခြောက်တွေ တွေ့ရင် သိပ်ပျော်သွားမှာပဲလို့ တွေးမိပြီး တော်တော်လေးစိတ်ထဲမှာ ကြည်နူးသွားပါတယ်။ ဘယ်နေရာသွားသွား ဘယ်နေရာရောက်ရောက် အမြဲတမ်း အမေ့ကို အရင်ဆုံးသတိရမိတဲ့ ကျွန်တော့်ရဲ့ စိတ်အာရုံခံစားမှုပါ။ အခုလို ဘုရားကြီးက ငါးရံ့ခြောက်လို အသေးအမားလေးတွေ့တာတောင် အမေ့ကိုပဲ အရင်ဆုံး သတိရမိတာပါ။ ရုပ်ရှင်ထဲကလို၊ ဝတ္ထုတွေထဲကလို အမေနဲ့သား စကားလုံးအလှတွေပြောပြီး မိဘအချစ်၊ သားသမီးမေတာတွေ ဖော်ကျူး

တာမျိုး မလုပ်ကြပေမယ့်လို့ ကျွန်တော် အမေ့ကို ချစ်တဲ့အချစ်၊ အမေက ကျွန်တော့်အပေါ်ထားတဲ့ မေတာတွေဟာ တိုင်းတာနှိုင်းဆလို့ မရပါဘူးလို့ပဲ စဉ်းစားမိပါတယ်။

<u>တစ်ခါတစ်မျိုးမရှိုးစေတဲ့ ဘောက်ဆောကားကြီး</u>

ကျွန်တော် ငါးခြောက်ဝယ်နေတဲ့အချိန်မှာ အစ်ကိုကြီးနဲ့ သူ့မကင်းနစ်အဖွဲ့ကတော့ လမ်းခရီး အတွက် ကွမ်းယာအလုံအလောက် ဝယ်ကြပါတယ်။ ဒါက ကားမောင်းကြတဲ့သူတွေရဲ့ ထုံးစံပါ။ ဟိုင်းဝေးကား မောင်းကြတဲ့သူတိုင်းလိုလိုဟာ ကွမ်းယာကို မပြတ်စားကြပါတယ်။ ကွမ်းစားရင် မငိုက်ဘူးလို့ ဆိုပါတယ်။ ကွမ်းသီးဟာ လူ့စိပ်ကို ကြွစေလို့ စိတ်တွေလန်းဆန်းပြီး မအိပချင်ဘူးလို့ ဟိုင်းဝေးယာဉ်မောင်းတွေအားလုံးက ယူဆကြပါတယ်။ ဒါကြောင့် ဘောက်ဆောကားကြီးကိုမောင်းမယ့် အစ်ကိုကြီးဦးတင်နွယ်ဟာ ပါးစပ်ထဲမှာ ကွမ်းယာပလုပ်ပလောင်းနဲ့ လက်ထဲမှာ ကွမ်းယာထုပ်အကြီးကြီး ကိုင်ပြီး ဘောက်ဆောကားကြီးထဲ ဝင်ထိုင်လိုက်ရင်း ကွမ်းယာထုပတွေကို ကားရှေ့ ဒက်ရှ်ဘုံ့ အပေါ်မှာ တင်လိုက်ပါတယ်။ ကျွန်တော်တို့တတွေ ဘောက်ဆောကား တံခါးတွေ ပိတ်လိုက်ပြီး ကားထွက်ဖို့ အသင့်ဖြစ်တာနဲ့ အားလုံးတထတ်ထိတနဲ့ အစ်ကိုကြီး ကားစက်နှိုးတာကို စောင့်ကြည့်နေကြပါတယ်။

အစ်ကိုကြီး ပထမတစ်ချက် ကားသော့လှည့်လိုက်တော့ အသံခပ်ပျော့ပျော့နဲ့ ဝူ့ဆိုပြီး ကားစက်က မနိုးပါဘူး။ ကျွန်တော်တို့အားလုံးကတော့ သွားပြီလို့ တွက်လိုက်ပါတယ်။ ဘောက်ဆောကြီးတော့ စက်မနိုးပဲ နားရဦးတော့မှာပဲလို့ တေးမိပြီး တော်တော်လေး ရင်လေးသွားကြပါတယ်။ နောက်တစ်ခါ ထပ်ပြီး သော့လေးလှည့် စက်နိုးလိုက်တော့လည်း ဘောက်ဆောကြီး ဝူ့ပဲမြည်ပြီး ကားစက်မနိုးပါဘူး။ ဒါနဲ့ အစ်ကိုကြီးနဲ့ မကင်းနစ်တို့ ဘောက်ဆောကားကြီးရဲ့ ဘောနက်ကို ဖွင့်ပြီး ဟိုလုပ်ဒီလုပ် လုပ်ကြပါတယ်။ ကျွန်တော်တို့လည်း မနေနိုင်လို့ ကားပေါ်က ဆင်းပြီး ကားစက်ခေါင်းထဲကို စိတဝင်တစား ကြည့်ကြပါတယ်။ အစ်ကိုကြီးက "မီးသံကို လုံးဝ မလာဘူးကွ။ အင်ဂျင်ပိုင်း ပျက်တာမဟုတ်ဘူး၊ ဘက်ထရီဒေါင်းတာလား၊ ဘက်ထရီခေါင်းချောင်တာလား၊ တစ်ခုခုပဲ"လို့ ပြောပါတယ်။ နောက်ဆက်ပြောပါသေးတယ်။ "ဒါပေမယ့် ဘက်ထရီဒေါင်းတာ မဖြစ်နိုင်ဘူးကွ၊ ရန်ကုန်က ထွက်ခါနီးမှ လလာတဲ့ ဘက်ထရီအသစ် စက်စက်ကြီး ပြီးတော့ ငါကိုယ်တိုင် ရေတို့၊ အက်ဆစ်တို့ သေချာစစ်ခဲ့ပြီးသား။ အခု ကားစက် မနိုးတာ ဘက်ထရီကြောင့် မဟုတနိုင်ဘူး။ ပြီးတော့ ဒိုင်နမိုချာချာ ဒိုင်ခွက်တွေလည်း ငါ စစ်ကြည့်တယ်။ ချာချင်လည်း ဝင်သားပဲ။ ငါထင်တာတော့ ဘက်ထရီခေါင်းချောင်တယ်ထင်တယ်" လို့ ပြောပြီးတာနဲ့ ဘက်ထရီခေါင်းတွေက ကားဝက်အူလှည့် စပန်နာနဲ့ တဒုံးဒုံးထုတော့တာပါပဲ။ အဲလို ထုရင်းကနေ ဘက်ထရီခေါင်းတစ်ခု ပြုတ

ထွက်သွားပါတော့တယ်။ အစ်ကိုကြီးက "ဒုကပါပဲ" ဆိုပြီး ထမင်းဆိုင်ထဲကို ဝင်သွားပြီး ထမင်းဆိုင်ပိုင်ရှင်ကို "ဒီနားတစ်ဝိုက်မှာ ဂဟေဆော် ခဲတို့တဲ့ ဆိုင်များ ရှိလား" လို့ သွားမေးပါတယ်။ ထမင်းဆိုင်ရှင်ကလည်း ပျာပျာသလဲ ပြေးထွက်လိုက်လာပြီးတော့ "ကျွန်တော် မေးပေး မယ်" ဆိုပြီး တကယ့်ကို အားတက်သရော လှိုက်လှိုက်လှဲလှဲ ကူညီပေးရှာပါတယ်။ နောက်ဆုံးတော့ ဟိုလူမေး ဒီလူမေးနဲ့ ဘက်ထရီခေါင်းပြင်ပေးတဲ့ လူတွေ့လာပြီး ပြုတ်သွားတဲ့ ဘက်ထရီခေါင်းကို ဂဟေဆော် ပြန်ဆက်ပေးရှာပါတယ်။ ပြီးတော့ အစ်ကိုကြီးဟာ ဘက်ထရီခေါင်းတွေကို ဟိုကြပ် ဒီကြပ်နဲ့ "ရပြီ ထင်တယ်ကွ" ဆိုပြီး ကားထဲ ဝင်လိုက်ပြီးတော့ သော့ကို တစ်ချက်လောက် ကလိပြန်ပါတယ်။ ကားစက်ကလည်း မနိုးချင် နိုးချင် ဖြစ်နေပါသေးတယ်။ အစ်ကိုကြီးက ကားဘောနက် ဖုံးဖွင့်ပြီး စောင့်နေတဲ့ မကင်းနစ်ကို "ဟေ့ မင်း ဘက်ထရီခေါင်းတွေ ထပ်ပြီး နည်းနည်းကြပ်လက်ဦးကွာ၊ ပြီးတော့ ဘက်ထရီခေါင်းတွေပေါ်ကို ရေနွေးပူပူလောင်းလိုက်" လို့ ပြောပါတယ်။ မက္ကင်းနစကလည်း သူတတ်သလောက် မှတ်သလောက် ကားဝပ်ရှော့ပညာတွေနဲ့ ဘက်ထရီခေါင်းတွေကို ကြပ်လိုက်ပြီး ထမင်းဆိုင်ထဲ ပြေးဝင်သွား၊ ရေနွေးပူ လောင်းလိုက်ပြန်ပါတယ်။ နောက်ဆုံးတော့ အစ်ကိုကြီး ကားစက်နိုးတာ အောင်မြင်ပြီး ပူးကနဲမြည်ပြီး ဘောက်ဆောကြီး စက်နိုးသွားပါတယ်။

ကျွန်တော်တို့ လွန်ခဲ့တဲ့ အနှစ်(၃၀)လောက်က ကားနဲ့ ခရီးသွားတာဟာ အဲလောက်တောင် ရှုပ်ထွေးပွေလီ ခက်ခဲတယ် ဆိုတာတွေကို မှတတမ်းတင်ချင်လို့ ကားပျက်တာ၊ ကားပြင်တာကို ဒီလောက်တောင် အသေးစိပ် ရေးပြနေရတာပါ။ ကျွန်တော်တို့ ကျင်လည်လှုပ်ရှားခဲ့ရတဲ့ အဲဒီခေတ် သမိုင်းမှတ်တမ်းတွေကို ပြုစုတဲ့နေရာမှာ "အမေနဲ့ကျွန်တော်" ဆောင်းပါးတွေဟာ တစ်တပ်တစ်အား တတ်နိုင်သရွေ့ ပါဝင်ကူညီနိုင်အောင်ဆိုတဲ့ ဆန္ဒနဲ့ အဲဒီခေတ်က အတွေးတွေ ဖြစ်ရပ်တွေကို မှတမိသလောက် အသေးစိပ်တွေ ရေးပြီး ဖြည့်ဆည်းပေးရတာပါ။

ဘောက်ဆောကားကြီးရဲ့ အင်ဂျင်စက်သံကို ကြားလိုက်ရတော့ ကျွန်တော်တို့ တော်တော်ကို ဝမ်းသာသွားပါတယ်။ အဲဒီနောက်တော့ အစ်ကိုကြီးရဲ့ ကျွမ်းကျွမ်းကျင်ကျင် ကားမောင်းတဲ့ အုပ်ချုပ်မှုအောက်မှာ ဘောက်ဆောကားကြီး မလှန်နိုင်တော့ဘဲ ရန်ကုန် မနှလေး လမ်းမကြီးပေါ် တစရှိန်ထိုးပြေးထွက်သွားပါတယ်။ "ဒီတစ်ခါတော့ ဘောက်ဆောကားကြီး တကယ်ကို ပြေးပြီကွ" လို့ တွေးမိပါတယ်။ အဲဒီတုန်းက ရန်ကုန် မန္တလေးကားလမ်းဟာ ခပ်ကျဉ်းကျဉ်းလေးပါ။ ကားသေးသေးလေး နှစ်စင်းရှောင်နိုင်ပေမယ်လို့ ကားအကြီးကြီးဆိုရင လမ်းဘေးမှာ ဘီးချပြီး ရှောင်မှရပါတယ်။ ကားလမ်းကလည်း ကျဉ်း၊ ကတ္တရာက တချို့နေရာတွေမှာ အပြည့်မရှိ ချိုင့်တွေ၊ ကျင်းတွေနဲ့ တော်တော်ကိုဆိုးတဲ့

အဲဒီခေတကရန်ကုန် မနလေးကားလမ်းပါ။ လမ်းကျဉ်းတယ်၊ လမ်းဆိုးတယ်ဆိုပေမယ့် အဲဒီအချိန် သူ့ခေတ်သူ့အခါနဲ့တော့ သိပ်မဆိုးလှပါဘူးလို့ပဲ ပြောရပါမယ်။ ဘာလို့တုန်းဆိုတော့ အဲဒီတုန်းက ကားအသွားအလာနဲ့ အခုခေတ် ထရာဖစ် (traffic) က ကွာလွန်းပါတယ်။ ပြောရမယ်ဆိုရင် ရန်ကုန် မန္တလေးသွားတဲ့ လမ်းမကြီးဆိုပေမယ့် တစ်ခါတလေ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ကျော်တဲ့အထိ ကားတစ်စီးမှ မရှောင်ရ မတွေ့ရပါဘူး။ တွက်ကြည့်မယ်ဆိုရင်တော့ အဲဒီတုန်းက ကျွန်တော်တို့တတွေနဲ့ ရန်ကန်မနလေး ဟိုင်းဝေးဆိုတာက လုံးဝကို ဟိုင်းဝေးရဲ့ ဂုဏ်အဂါရုပ်တွေနဲ့ မကိုက်ညီသေးပါဘူး။ ကားလမ်းမကြီးတစ်လျှောက်မှာ နေရာ မရွေး ချိုင့်တွေကျင်းတွေ တွေ့နိုင်ပါတယ်။ ဒါကြောင့် ကားမောင်းရင် ရှေ့ကက်တစ်မျှော်တခေါ် သေချာဂရုစိုက်ပြီး ကြည့်နေကြရပါတယ်။ ကျွန်တော်တို့ ဘုရားကြီးက ထွက်လာပြီးတဲ့နောက် ဘာပြဿနာမှမရှိဘဲ ဒိုက်ဦးမြို့ကို ရောက်လာပါတယ်။ အဲဒီအထိ ဘောက်ဆော ကားကြီးဟာ စက်သံမှန်မှန်နဲ့ ဘာမှဒုက္ခ မပေးသေးပါဘူး။

<u>ညောင်လေးပင် လွှက်ရည်ဆိုင်</u>

ဒိုက်ဦးကနေ ဆက်သွားပြီး ကျွန်တော်တို့ ညောင်လေးပင်မြို့ထဲကို ဖြပ်တော့ ရထားသံလမ်း မရောက်ခင် လမ်းဘယ်ဘက်မှာ ကုလားလက်ရည်ဆိုင်လေး သေးသေးတစ်ခုကို တွေ့ရပါတယ်။ အဲဒီအချိန်က ညနေ (၄)နာရီလောက် ဖြစ်နေပြီဆိုတော့ အစ်ကိုကြီးက "ဒို့ခဏနားပြီး အဲဒီ လက်ရည်ဆိုင်လေးမှာ လက်ရည် သောက်ကြရအောင်ကွာ" ဆိုပြီး ကားထိုးရပ်လိုက်ပါတယ်။ ဆိုင်လေးက သေးသေးလေးဆိုပေမယ့်လို့ ဆိုင်ရှေ့က ပလာတာရှိုက်နေတဲ့ သံပြားကြီးပေါ်က လတ်လတ်ဆတဆတ် ကြက်ဥပလာတာတွေဟာ စိပ်ဝင်စားစရာပါ။ ရှေ့တင်ပဲ ဂျုံရှိုက်၊ သံပြားပေါ်လှိမ့်၊ ပလာတာဖြစ်လာတာကို ကြည့်ပြီး စားချင်စိတ်တွေ ပေါ်လာတာနဲ့ လက်ရည်၊ ကြက်ဥပလာတာကို ဘောက်ဆောကားအဖွဲ့သား တွေ အငမ်းမရ ဝက်ဝက်ကွဲစားကြပါတယ်။ အဲဒီလမ်းဘေးဆိုင်သေးသေးလေးက လွှက်ရည်ကလည်း တော်တော်ကို ကောင်းပါတယ်။ သံပူပြားကြီးပေါ်ကနေ ကျွန်တော်တို့ စားပွဲပေါ်ကို တိုက်ရိုက်ရောက်လာတဲ့ ပူပူနွေးနွေး ကြက်ဥပလာတာလေးကလည်း စားလို့အရမ်းကောင်းတာပါ။ ဒါကြောင့် အဲဒီ ဘောက်ဆောခရီးစဉ်ကတည်းက စွဲလန်းခဲ့တဲ့ ညောင်လေးပင် သံလမ်းဘေးက ကုလားလွှက်ရည်ဆိုင် လေးကို မနှစ်ကအထိ ရန်ကုန် မန္တလေးကားနဲ့ခရီးသွားတိုင်း ဝင်ပြီးစားပါတယ်။ အဲဒီဆိုင်ကလေးမှာ ထိုင်လိုက်မိတိုင်း လူ့ရဲ့စိတဆိုတာ စွဲမိစွဲရာ စွဲတတ်တဲ့သဘောပါလားလို့ အမြဲတွေးမိပါတယ်။

<u>ကိုယ်တွေ့ မိဘမေတ္တာ</u>

ညောင်လေးပင်လှက်ရည်ဆိုင်ကထွက်လာတော့ ညနေ (၅း၀၀)နာရီ ထိုးလုနီးပါးဖြစ်နေပါပြီ။ အမေကတော့ မျှော်နေတော့မှာပဲ။ ဒီနေ့ညတော့ ဘယ်မှာမှမအိပ်တော့ဘူး၊ ဝမ်းတွင်းရောက်အောင် မိုးလင်းမောင်းသွားမယ်ဆိုပြီး တွေးလိုက်မိပါတယ်။ အမေဟာ သားသမီးပေါ် သိပ်ကို သံယောဇဉ်ကြီးသူ တစ်ယောက်ဖြစ်လို့ ရန်ကုန်က ဘောက်ဆောကားထွက်ကတည်းက စမျှော်နေမှာဆတာ မှန်းဆလို့ ရပါတယ်။ ကျွန်တော် ဆရာဝန်ဘွဲ့ရပြီး ဆေးခန်းထိုင်နေတဲ့ အသက်အရွယ်ရောက်နေပေမယ့်လည်း အမေ့ရဲ့စိတ်ထဲမှာ ကျွန်တော့်ကို (၄)တန်း ကျောင်းသားလေးလိုပဲ မြင်နေတုန်းပါ။ "မင်းတို့ ရန်ကုန်က ကားမောင်းလာရင် လမ်းမှာ သေချာဂရုစိုက်နော်၊ မောင်တင်နွယ်ကို ဖြည်းဖြည်းမောင်းဖို့ပြော၊ လမ်းမှာ ဘီယာတွေ ဘာတွေ သောက်မနေကြနဲ့ဦး၊ ညမှောင်ရင် မီးကိုသေချာထိုးပြီး ဂရုစိုက်မောင်း၊ ညဆိုရင် အေးတယ်၊ အနွေးထည်သေချာဝတ်ကြ၊ ကားစီးတုန်း မှန်ချမောင်းရင် လေတိုးပြီး ပါးရွတတ်တယ်နော်၊ ကားလည်း သေချာစစ်၊ ရေတို့ ဆီတို့ အင်ဂျင်ဝိုင်တို့ အကုန်စစ်သင်တာ စစ်နော်" ဆိုတဲ့ အမေ့ရဲ့ မှာတမ်းရှည်ကြီးကို ရန်ကုန်က မထွက်ခင်ကတည်းက တယ်လီဖုန်းနဲ့ပြောတာ နားထောင်ခဲ့ရပါတယ်။ အမေရဲ့ မေတ္တာဆိုတာ ဘာနဲ့မှကို မတူတာ၊ ဘယ်လိုမှကို ရေးသားဖော်ပြလို့ လုံလောက်မှာ မဟုတ်ပါဘူး။ အဲဒီတုန်းက အမေပြောနေတာ၊ သတိပေးနေတာတွေကို နားထောင်ရင်း တခါတလေ ပျင်းလာပါတယ်။ အမေ့နှယ်နော် ဘာလို့မျှား ဒီလိုတွေ လျှောက်ပြောနေပါလိမ့်လို့ တွေးမိပါတယ်။ တကယ်တမ်း ကိုယ်ကိုယ်တိုင် ဖခင်ဖြစ်လာတော့ သားလေး ထူးခိုင်ဝင်းကို တကသိုလ်တက်ဖို့ အမေရိကန်နိုင်ငံ (LA) ကို လိုက်ပို့ရင်း မြန်မာပြည် ပြန်ကာနီးတော့ ကျွန်တော် သူ့ကို မှာစရာရှိတာတွေ တတွတတွတ်မှာမိပါတယ်။ "မင်း အအေးမမိစေနဲ့နော်၊ LA က မအေးဘူးဆိုပေမယ့် ရာသီဥတု အပြောင်းအလွဲက သိပ်မြန်တယ်၊ အမြဲတမ်း အနွေးထည်ဝတ်ထား၊ ညတွေ သိပ်မထွက်နဲ့ အမေရိကန်နိုင်ငံမှာက လူဆိုး၊ သူခိုး သိပ်များတာ မင်းရဲ့ပိုက်ဆံအတ ဝေါ်လက်ကို လူကြားသူကြားမာ လူမြင်အောင် မပြနဲ့၊ မင်းပြန်လာခါနီးရင် ကျောင်းက ထောက်ခံစာတွေ ယူခဲ့ဦးနော် . . . ." ဆိုပြီး မပြီးနိုင်မစီးနိုင် မှာစရာတွေမှာတော့ သားလေးက စိပ်မရှည်တော့ဘူး။ "အဖေရာ ဘာလို့ အဲလိုအကုန် လျှောက်ပြောနေတာတုန်း၊ သားအကုန်သိပါတယ်" ဆိုပြီး ဆက်နားမထောင်ချင်တဲ့ အမူအရာပြပါတယ်။ အဲတော့မှ ဟိုတုန်းက ကျွန်တော်ဘာလုပ်လုပ် အမေက ကျွန်တော်တို့ကို စိုးရိမ်စိတအပြည့်နဲ့ မှာကြား သတိပေးခဲ့တာတွေဟာ အမေ့ရဲ့ မေတာအပြည့်နဲ့ ပြောခဲ့တာပါလားဆိုတာ ပိုပိုသဘောပေါက်လာတယ်။ ကိုယ်တိုင် ဖခင်ဘဝရောက်တော့မှ မိခင်၊ ဖခင်ရဲ့ မေတ္တာကို ကိုယ်တွေ့ ကိုယ်တိုင် သဘောပေါက်မိပါတယ်။ စိတထဲ ကိုယ်ထဲ အသွေးထဲ အသားထဲအထိ ခံစားရတဲ့ သားသမီးအပေါ်မှာ ချစ်တဲ့ စိတတွေ

ပါလားလို့ တွေးမိပါတယ်။ LA က အပြန် သားလေး လေဆိပ်ကို လိုက်ပို့တဲ့အခါ သားလေးကို လက်ပြပြီး ကျွန်တော် လေဆိပ်ကောင်တာတွေထဲကို ဝင်သွားရတော့ စိတ်ထဲမှာ နင့်နေအောင် ခံစားရပါတယ်။ သားလေးကို အမေရိကန်မှာ ကျောင်းထားမိတာမှားပြီလား၊ (၆)လလောက် တက်ခိုင်းပြီးရင် မြန်မာပြည်ကို ပြန်ခေါ်ရင် ကောင်းမလား၊ သားလေးကို အမေရိကန်မှာ ကျောင်းထားမိခဲ့ရလေချင်းလို့ တွေးမိရင်း တနုံ့နုံ့ဆွေးမိပါတယ်။ အဲတော့မှ သဘောပေါက်လာတာ တစ်ခုက ကျွန်တော် တော်ဝင်ဘုရင့် သမားတော်ကြီးများအဖွဲ့ဝင် ဖြစ်ဖို့ အင်္ဂလန်ကို (၂)နှစ် ပညာသင်သွားတုန်းက အမေ ဒီလိုပဲ ခံစားခဲ့ရမှာပါလား ဆိုတာပါ။ အဲဒီခေတတုန်းကတော့ အမေ့အိမ် ဝမ်းတွင်းမှာ တယ်လီဖုန်းလည်းမရှိ၊ ဗီဒီ၊ စကိုက်ဆိုတဲ့ အင်တာနက်က ရုပ်ပေါ်ပြီး ပြောတဲ့ မီဒီယာတွေကလည်း မပေါ်သေးဘူး။ အမေနဲ့ စာရေးပြီးတော့ပဲ ဆက်သွယ်ရတယ်။ မိုင်ထောင်သောင်းဝေးတဲ့ အရပ်မှာ သွားနေရတဲ့ သူ့သားလေး ကျွန်တော်ကို အမေ ဘယ်လောက်များ လွမ်းမိမလဲ၊ အမေ ဘယ်လောက်များ စိတထဲမှာ ခံစားလိုက်ရမလဆိတာ တစိမ့်စိမ့်သဘောပေါက် နားလည်ကိုယ်ချင်းစာမိပါတယ်။ အဲဒီတုန်းက အမေနဲ့ စာအသွားအပြန် လန်ဒန်-ဝမ်းတွင်းက တစ်လလောက် ကြာပါတယ်။ ကျောင်းသုံး ဗလာစာအုပ်က ဆွဲဆုတထားတဲ့ စာရွက်ခပ်ကြမ်းကြမ်းလေးပေါ်မှာ ခဲတံနဲ့ ရေးထားတဲ့ မသပ်မရပ် အမေ့ရဲ့ လက်ရေးနဲ့ စာလေးတွေကို ဖတရတာဟာ တကယ့်ကို အရသာပါ။ ဘာပင်ဆိုတာ ရှားပါးတဲ့ ခေတမို့လို့ အမေတို့ကတော့ ခဲတံနဲ့ပဲစာရေးသေးတာ။ စာရေးစက္ကူ ရိုက်တင်းပကဆိုတာမရှိ၊ စာရေးမယ် ဆိုရင် ဗလာစာအုပ်က စာရွက်ကို ဆုတပြီးရေးရတယ်။ တခါတလေ ဗလာစာအုပ်စျေးကြီးလို့ ဆိုပြီး မဝယ်ပဲ အကြမ်းစာအုပ် ရပ်ဖ်ဘွပ် (rough book) ဆိုတာကိုပဲ သုံးပါသေးတယ်။ ကျွန်တော်တို့ ခေတ်က အဲလို ကျောင်းသုံးစာအုပ် နှစ်မျိုးရှိတာပါ။ အကြမ်းစာအုပ်က စာရွက်တွေက ပိုကြမ်းပါတယ်။ မျဉ်းကြောင်းမပါပါဘူး။ အကြမ်းစာအုပ် တစ်အုပ်ကို (၂၅)ပြား လောက်ပေးရပါတယ်။ အဲလို စျေးပေါတဲ့ အကြမ်းစာအုပ်ကိုပဲ အမေက အိမ်မာဝယ်ပြီး သုံးလေ့ရှိပါတယ်။ အဲတော့ ဝမ်းတွင်းမှ လန်ဒန် အမေ ဒေါ်ခင်ခင် စာတွေဟာ လေယာဉ်စာအတ ခပ်နွမ်းနွမ်းလေးထဲမှာ အကြမ်းစာရွက်ပေါ်မှာ ခဲတံနဲ့ ရေးထားတဲ့ အမေ့လက်ရေးလေးတွေကို ဖတ်ရတာများပါတယ်။ တခါတလေမှ မျဉ်းတားထားတဲ့ ဗလာစာရွက်နဲ့ ရေးတာပါ။ စာအိတ်ပေါ်က လိပ်စာကတော့ အင်္ဂလပ်လို သူများရေးပေးတာပါ။ အမေစာတွေဟာ "မောင်ခင်မောင်ဝင်း. . . . . "အစချီပြီး ကျန်းမာရေး ဂရုစိုက်ဖို့၊ အစားအသောက် အနေအထိုင် ဆင်ခြင်ဖို့တွေပါပ။ တခါမှ ပိုက်ဆံစုဖို့၊ ကားဝယ်ခဲ့ဖို့ ဆိုတာတွေမပါ၊ အမေ့အိမ်က အခက်အခဲ ပြဿနာတွေကို လုံးဝမရေးပါဘူး။ ကျွန်တော်မရှိလို့ အမေ့မှာ ငွေကြေးမလုံမလောက် ဖြစ်နေမယ်ဆိုတာတော့ ကျွန်တော်ရိပ်မိပါတယ်။ ဒါပေမယ့် အမေဟာ လန်ဒန်က သားဆီကို ရေးတဲ့

စာတွေထဲမှာ ဒီလို ကိစတွေ ဘယ်တော့မှမရေး၊ သူ့သား မောင်ခင်မောင်ဝင်း စတ်ချမ်းသာဖို့ အဓိကပဲ ဖြစ်နေပါတယ်။

အလို သားသမီးတွေအပေါ်မှာ သံယောဇဉ်၊ မေတ္တာ၊ အချစ်၊ စေတနာ၊ စိုးရိမ် ပူပန်စတတွေ ရောပြည့်နေတဲ့ အမေဟာ ရန်ကုန်ကထွက်လာတဲ့ ကျွန်တော်နဲ့ ဘောက်ဆောကားကြီး ဝမ်းတွင်းကို မရောက်မချင်း နေမထိ ထိုင်မသာ ပူပင်သောကအပြည့်နဲ့ မျှော်နေမှာပါ။ ရန်ကုန်က မနက်အစော ထွက်ခဲ့တဲ့ ကျွန်တော်တို့ ဘောက်ဆောကားကြီးကတော့ ညနေ (၅)နာရီမှာ ညောင်လေးပင်မြို့ အထွက်မှာပဲ ရှိနေပါသေးတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး



ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၄)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

အဲယားကွန်းမပါတဲ့ ဘောက်ဆောကား

ကျွန်တော်တို့ ဘောက်ဆောကားကြီး ညောင်လေးပင်ကထွက်လာတော့ ရှောရှောရူးရူးပါပဲ။ အဲဒီတုန်းက ညောင်လေးပင်မြို့အထွက်က လမ်းတွေဟာ သိပ်ပြီး ညီညာချောမွေ့ကြီးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သိပ်အဆိုးကြီးတော့လည်း မဟုတ်ပါ။ ရန်ကုန် မန္တလေးကားလမ်းလေးကဝေ့လိုက်ဝိုက်လိုက် ဟိုကောက် ဒီကောက်နဲ့ သွားနေတာပါ။ ကျနေတဲ့ ညနေစောင်းနေလုံးနီနီရဲရဲကြီးကိုကြည့်ရတာကလည်း တစ်မျိုးလှပါတယ်။ အဲဒီအချိန် အဲလိုရှုခင်းတွေ ကြည့်ရင်းကားတံခါး ပေါက်ကနေ တဝူးဝူး တိုးဝင်လာတဲ့ ညနေစောင်းလေအေးတွေ မျက်နှာကို တိုးတာ အရသာခံပြီး ကားစီးရတာ တော်တော်ကို ကောင်းပါတယ်။ အဲဒီခေတ်အခါက ကားစီးရင် အမြဲတမ်း မှန်ချပြီး စီးလေ့ရှိပါတယ်။ ကားတွေကလည်း အမြန်ဆုံးမောင်းမှ တစ်နာရီ မိုင်(၄၀)လောက်ဆိုတော့ ပြတင်းပေါက်ဖွင့်မောင်းလို့ ရတာပေါ့။ အဲဒီတုန်းက ကျွန်တော်ကြီးပြင်းလာတဲ့ ပတ်ဝန်းကျင်မှာ ကားအဲယားကွန်း လေအေးစက် တပ်တယ်ဆိုတာ ကြားလည်းမကြားဖူး၊ တွေ့လည်း မတွေ့ဖူးပါဘူး။ ကားမှာ အဲယားကွန်း တပထားတာတွေ့ဖူးတယ်လို့ တစ်ယောက်ယောက်ကပြောရင်တောင် "ဒီလူ မဟုတ်တာ ဘာတွေ လာပြောနေလဲမသိဘူး" ဆိုပြီး ကျွန်တော်တို့အားလုံးက ဝိုင်းပြီး ဟားကြ လှောင်ကြ ပြောင်ကြ ဟာသလုပ်ကြမှာပါ။ ကားနဲ့အဲယားကွန်း ဆိုတာ လားလားမှမလိုက်ဖက် ဆက်စပ်တွေးလို့ကို မရတဲ့အရာလို့ အဲလိုကို ကျွန်တောတို့ ယူဆခဲ့ကြတာပါ။

အဖေနဲ့ဂျစ်ကားခရီး

အမေ အမောင်းသင်ခဲ့တဲ့ ကျွန်တော်တို့အိမ်က ဂျစ်ကား ဆိုတာဟာ ရှေ့မှန်နဲ့အမိုးပဲပါပြီး ဘေးဘယ်ညာ အကာအရံ ဘာဆို ဘာမှကိုမရှိတာပါ။ ဘီးလေးဘီးပေါ်မှာ လေကာမှန်နဲ့နေကာအမိုး တင်ထားတဲ့ ဘီးတပ်ယာဉ် တစ်မျိုးလို့ ပြောရင်တောင်ရမှာပါ။ ဂျစ်ကားမောင်းပြီ ဆိုတာနဲ့ လေကောင်းလေသန့် ရရုံတင်မကဘူး တိုးလိုက် တိုက်လိုက်တဲ့လေက အံ့မခန်းပါ။ အညာဆောင်းတွင်းမာ

အဖေ့ဂျစ်ကားစီးရမယ်ဆိုရင နားရွက်တွေ၊ မျက်နှာတွေ အေးစက်ထုံကျင် ခြေဖျားလက်ဖျားအေး တုန်နေအောင်ကို တိုးတဲ့လေပါ။ အဲဒီဂျစ်ကားလေးကို အမေကားမောင်းသင်ဖို့ဆိုပြီး အဖေက ဝယ်ပေးထားတာပါ။ သိပ်ကိုအင်္ဂလိပ် အရာရှိဆန်တဲ့ အဖေဟာ အရာရှိဆိုတာ ကားကို ကိုယ်တိုင်မောင်းရဘူးဆိုတဲ့ အယူအဆရှိတော့ ကိုယ်တိုင်ကား မောင်းလေ့ မရှိပါဘူး။ဝမ်းတွင်းရဲဌာနက ရဲဒေါ်ဂျစ်ကားကြီးကို အဖေမောင်းတာ တစ်ခါမှ မတွေ့ဘူးပါဘူး။ အဖေ့တပည့် ရဲကြပ်ဦးခင်မောင်ကပ မောင်းပါတယ်။ ဒါပေမယ့် အဖေဟာ သူ့ကိုယ်ပိုင်ကား ဂျစ်ကားလေးကိုတော့ တစ်ခါတလေ ကိုယ်တိုင်တက်မောင်းတတ်ပါတယ်။ အဖေ စိတ်ကူးရလို့ရှိရင် ကျွန်တော်တို့မိသားစုကိုတင်ပြီး ဂျစ်ကားလေး သူကိုယ်တိုင်မောင်းပြီး ဝမ်းတွင်းနားက ရွာတွေကို သွားတာကို အရမ်းသတိရမိပါတယ်။ အဖေက ဂျစ်ကားရှေ့ခန်းမှာ ထိုင်ပြီး မောင်း၊ အဖေ့ဘေးနားမှာ အမေကထိုင်၊ ကျွန်တော်တို့ ညီအစ်ကို သုံးယောက်နဲ့ ရဲကြပ်ယာဉ်မောင်း ဦးခင်မောင်က ဂျစ်ကား နောက်က ထိုင်လိုက်၊ တကယ်ကို စိတ်လှုပ်ရှားစရာ ဝမ်းတွင်းနားက ရွာတွေကိုသွားခဲ့တဲ့ ဂျစ်ကားခရီးပါ။ အမေရဲ့ရွာ တောင်ဘိုဟာ ဝမ်းတွင်းမြို့ရဲ့ မြောက်ဘက်မှာရှိတာ ဆိုတော့ အဖေဟာ ဝမ်းတွင်းနဲ့ အမေ့ရွာကြားမှာရှိတဲ့ ရွာတွေနဲ့ အကျွမ်းတဝင်ရှိပါတယ်။ အဲတော့ အဖေနဲ့ကျွန်တော်တို့ ဂျစကားနဲ့ သွားရင်လည်း ဝမ်းတွင်းမြို့မြောက်ဘက်မန္တလေးဘက်ကိုဦးတည်ပြီး အမေ့ရွာဆီကို သွားတတ်ကြပါတယ်။ ဂျစ်ကားနဲ့သွားတယ်ဆိုလို့ သိပအဝေးကြီးသွားတယ်လို့တော့ မတွေးလိုက်ပါနဲ့။ ဝမ်းတွင်းက ထွက်လိုက်ပြီးရင် ဘုရားစု၊ ဒိုင်ကောင်းကုန်း (ဒရမ်းကုန်းလို့ အသံထွက်ပါတယ်)၊ ရွာရှည်ဆိုတဲ့ ရွာတွေကို ကျော်ပြီးတော့မှ အမေ့ရွာကို တဆင့်သွားရမယ့် ရွှေတောင်ရွာကို ရောက်ပါတယ်။ ရေတောင်ရွာ ဟာ ဝမ်းတွင်းနဲ့ (၁၆) မိုင်ပဲ ဝေးပါတယ်။ တကယ်စဉ်းစားကြည့်လိုက်မယ်ဆိုရင် (၁၆)မိုင်ဆိုတာက ရန်ကုန်မြို့ထဲကနေ မင်္ဂလာဒုံလောက်ပဲ ဝေးတာပါ။ ဒါပေမယ့် အဲဒီတုန်းက (၁၆)မိုင်လောက် ခရီးကို ဂျစ်ကားနဲ့သွားတာကိုပဲ တကယ့်ခရီးရှည်ကြီးသွားသလို ခံစားရပါတယ်။

အဖေနဲ့ ဂျစ်ကားခရီးသွားကြတဲ့ အကြောင်းကို နည်းနည်းဆက်ပြောပြချင်ပါသေးတယ်။ အဖေဂါတ်တကပြန်လာပြီး "ဒို့ မနက်ဖြန် ဂျစ်ကားနဲ့ ရွှေတောင်ကို သွားကြရ အောင်"လို့ ပြောရင် ကျွန်တော်တို့ ညီအစ်ကိုတတွေ တအားပျော်ပြီး ဟီးလေးဟားလေး တအားအော်ဟစ်ဆူညံ တောင်ခုန်မြောက်ခုန် လုပ်ကြတော့ပါတယ်။ အမေကတော့ အဲလိုသွားမယ်ဆိုကတည်းက လမ်းမှာ ကလေးတွေ ဆာရင်စားဖို့၊ ဒီကောင်တွေ ရေက ငတ်တတ်ပါဘိနဲ့ ရေဘူးလည်း ထည့်ခဲ့မှဆိုတဲ့ အတွေးပေါင်းများစွာနဲ့ ခရီးသွားဖို့ အစစအရာရာ ပြင်ဆင်တော့တာပါပဲ။ ကျွန်တော်တို့ အဖေနဲ့ဘာလို့ အဲလို ခရီးသွားရမာကို သိပ်ပျော်တယ်ဆိုတာ အကြောင်းရှိပါတယ်။ အဲလိုဂျစ်ကားလေး စီးရမယ်ဆိုတာန့် ကျွန်တော်တို့ အရမ်းပျော်ကြတယ်ဆိုတာ အခုခေတ်လူငယ်တွေ နားလည်အောင် ကျွန်တော် ဘယ်လိုပြောရမလဲ

မသိပါဘူး။ အဲဒါကိုရှင်းမပြခင် ခေတ်တစ်ခေတ်ပေါ် မူတည်ပြီး လူတွေရဲ့ အတွေး၊ အမြင်၊ ပါဆက်ရှင်ဆိုတာတွေက တကယ့်ကို ပြောင်းလွတယ်ဆိုတာ ပထမဆုံး ပြောချင်ပါတယ်။ ဘာလို့လည်း ဆိုတော့ အခုခေတ် ရန်ကုန်ကနေ အင်းစိန် (၁၆)မိုင်ခရီးလောက်ကို ရွှတ်ခနဲဆို ကားနဲ့သွားလို့ ရပေမယ်လို့ ကျွန်တော်အခုပြောနေတဲ့ (၁၉၅၈) ပတ်ဝန်းကျင်တုန်းက (၁၆)မိုင်ဆိုတာ တကယ့် ခရီးရှည်ကြီးလို့ မြင်ပါတယ်။ ကျွန်တော်ပြောခဲ့ဖးသလို ကျွန်တော်တို့ မြို့က ဘတစ်ကားဟာ ဝမ်းတွင်း မတလာ (၂၁) မိုင်ခရီးကို အသွားအပြန် တစ်နေကုန်ကြာတဲ့ ခေတ်ကာလပါ။ ကားဆိုတာ အတော်ကို ရှားပါးတဲ့ခေတ်ကာလပါ။ ဘာကားပဲဖြစ်ဖြစ် ကားစီးရမယ်ဆိုတာက ပျော်စရာကြီးပါ။ ပြီးတော့ ကျွန်တော်တို့လို သာမန်ရဲဌာနာအုပ် မိသားစုဘဝမှာ ဟိုဟိုဒီဒီခရီးသွားတယ် ဆိုတာကလည်း တော်တော်ကို ကြုံတောင့်ကြုံခဲ့ ဖြစ်ရပ်တစ်ခုပါ။ အဲလို ခရီးသွားရတယ်ဆိုတာဟာ သာမန်နေ့စဉ် နေထိုင်လှုပ်ရှားသွားလာနေတဲ့ ဝန်ထမ်းမိသားစုတစ်ခုအဖို့မှာ အရမ်းထူးခြားတဲ့ ဖြစ်ရပ်တစ်ခုပါ။ ဒါကြောင့် ကားစီးရမယ်ဆိုတာနဲ့ ကျွန်တော်တို့တတွေ စိတ်တွေလှုပ်ရှားကြ၊ အူမြူးကြတာပါ။

အဲတော့ အဖေနဲ့ ခရီးသွားရတဲ့ အကြောင်းကို ဆက်ပြောရမယ်ဆိုရင် အဖေနဲ့အတူတူ ဂျစ်ကားလေးနဲ့သွားရမယ်ဆိုတာနဲ့ ကျွန်တော်တို့တတွေ ဘာလို့ ဒီလောက်တောင် ပျော်ရသလဲဆိတာကို အသေးစိတ် ထပ်ရှင်းပြရပါမယ။ ပထမဆုံးအချက်ကတော့ ကားစီးရလို့ပါ။ အဲဒီတုန်းက ကျွန်တော်တို့ ဝမ်းတွင်းမြို့ အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ ကိုယ်ပိုင်ကားကိုစီးဖးတဲ့လူဆိုတာ တကယ်ကို ရှားပါတယ်။ ကိုယ်ပိုင်ကားဆိုတာ လိုင်းကား၊ ဘတ်စ်ကားမဟုတ်တဲ့ကားကို ပြောတာပါ။ အဲလိုကားဟာ ကိုယ်ပိုင်ချင်ပိုင်မယ်၊ သူများပိုင်ချင်ပိုင်မယ်၊ ဘယ်သူပဲ ပိုင်ပိုင် အဌားကားမဟုတ်တဲ့ ကိုယ်ပိုင်ကားလို့ ပြောချင်တာပါ။ အဲလို ကိုယ်ပိုင်ကားကို စီးဖူးတဲ့ကျွန်တော်ဟာ ဝမ်းတွင်းမြို့အရှေ့ပိုင်း ဆရာမကြီးဒေါ်စောရင်ရဲ့ မူလတန်းကျောင်း တက်တုန်းက ကျောင်းမှာ သူငယ်ချင်းတွေနဲ့တွေ့ရင် "ငါ ရန်ကုန်မှာတုန်းက ဦးလေးကားကို စီးဖူးတယ်" ဆိုပြီး ကြွားလေ့ရှိပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းမြို့သားတွေဟာ ဘတ်စ်ကားတွေ၊ လော်လီကားတွေတောင် သိပ်စီးဖူးကြတာ မဟုတ်ပါဘူး။ အဲဒါကြောင့် ဝမ်းတွင်းသား ကျွန်တော်တို့ညီအစ်ကိုတွေဟာ ဂျစ်ကားလေးစီးရမယ်ဆိုတာနဲ့ စိတ်လှုပ်ရှား ကြတာပါ။

<u>အဖေနဲ့ ကျွန်တော်</u>

နောက်ပြီးတော့ ဒီလို အဖေနဲ့ဂျစ်ကားခရီးကို ဘာလို့သွားချင်ကြတာလဲဆိုတော့ ကျွနတော်တို့ဟာ အမေနဲ့အနီးကပ်ပြီး ရင်းနှီးသလောက် အဖေနဲ့ သိပ်မနီးစပ်ပဲ နည်းနည်းလေးကင်းကွာပါတယ်လို့ ပြောချင်ပါတယ်။ သူ့အလုပ်နဲ့သူ အလုပ်ရပ်နေတဲ့အဖေဟာ အမေလောက် သားသမီးတွေနဲ့ နီးနီးကပ်ကပ် မနေနိုင်ပါဘူး၊ မနေဖြစ်ပါဘူး။ ဒါဟာ ဘယ်အိမ်ထောင်စုမှာမဆို ဖြစ်လေ့ဖြစ်ထရှိတဲ့

သဘောပဲ ထင်ပါတယ်။ အဲဒီခေတ်က အဖေတွေရဲ့အိမ်ထောင်ဦးစီးလုပ်ရတဲ့ လုပ်ငန်း သဘောသဘာဝ ကြောင့် ဖြစ်တာထင်ပါတယ်။ ပြီးတော့ အမေတို့ခေတ်တုန်းက လက်ထပ်ပြီး လင်မယားဘဝ၊ အိမ်ထောင်သည်ဘဝမှာ အမျိုးသားတွေက အလုပ်လုပ်ကြပြီး ဇနီးမယားတွေကတော့ အိမ်ရှင်မ အလုပ်ပဲ လုပ်ကြပါတယ်။ ဒီတော့ မိခင်ဟာ သားသမီးတွေကိစ္စနဲ့ အိမ်တွင်းကိစ္စတွေကိုပဲ လုံးပမ်းနေရတာဆိုတော့ ကလေးတွေနဲ့ ပူးကပ်လုံးထွေးနေရတာပေါ့။ ဒါကြောင့် အဖေက ဂါတ်တဲမှာ ရဲအလုပ်တွေနဲ့ ရှုပ်နေပြီး ကလေးတွေကို အနီးကပ် ဂရုမစိုက်နိုင်တော့တဲ့အချိန်မှာ အမေကတော့ သူ့ဘဝတစ်ခုလုံးကို သားသမီးတွေကိစ္စနဲ့ နှစ်မြုပ်ထားပြီး မနက် အိပ်ယာထကတည်းက ကျွန်တော်တို့ကို မျက်နှာသစ်ပေး၊ သနပ်ခါးလိမ်း၊ ကျောင်းပို့ဖို့ ထမင်းချိုင့်ထုပ်၊ အစစအရာရာ ပြင်ဆင်ပေး၊ ညနေကျောင်းကပြန်လာတော့ လွယ်အိတ်ဖွင့် အိမ်စာပါလား စစ်၊ ထမင်းချိုင့်တွေဖွင့်ပြီး စားလား မစားလား ကြည့်၊ ပြီးတာနဲ့ "သွားဆော့ချီတော့၊ ထမင်းစားအမ (၆)နာရီမထိုးခင် ပြန်လာခဲ့နော်"ဆိုပြီး ပြောတတ်တဲ့ အမေ ဖြစ်နေပါတယ်။ ဒါနဲ့ မပြီးသေးဘူး၊ ထမင်းစားပြီးတာနဲ့ အမ်စာတွေလုပ်ဖို့ ဘေးနားမှာထိုင်ကြည့်၊ လိုတာလုပ်ပေး အိပ်ချိန်တန်ပြီ ဆိုတာနဲ့ အိပ်ယာပြင်၊ "ခြင်ထောင်ထဲကို သေချာ ဝင်အိပ်ကြနော်" ဆိုပြီး ခြင်ထောင်စလေးကို ဖျာရဲ့အောက်မှာ သေချာဖိပေး၊ ခြင်မဝင်အောင် လုပ်ပြီး သိပ်ပေးတဲ့ အမေ။ ပြောရမယ်ဆိုရင် ကျွန်တော်တို့ မနက် အိပ်ယာနိုးတာကနေ ညအိပ်တဲ့အထိ အစအဆုံး လုံးဝ တာဝန်ယူပေးတဲ့အမေပါ။ အဲဒီလို သားသမီးတွေနဲ့ပဲ နေရတဲ့အမေနဲ့ ရဲစခန်းမှာ အမြဲတမ်း အလုပ်ရှုပ်နေတဲ့ အဖေဆိုတော့ အမေနဲ့အဖေ ကလေးတေနဲ့ ရင်းနှီးမှုဟာ ကွာကုန်တာပေါ့။ ဒါကြောင့် ကျွန်တော်တို့နဲ့ အမေရဲ့ ဆက်ဆံရေးဟာ အဖေန့ဆက်ဆံရေးနဲ့ လုံးဝ မတူပဲ ဖြစ်နေတာပေါ့။ အဖေဟာအလုပ်တွေရှုပ်၊ လင်းတာနဲ့ သူ့တပည့်တွေ အမှုသည်တွေနဲ့ တစ်ချိန်လုံး စကားပြောနေရတာပါ။ မနက်မိုးလင်း ကျောင်းမသွားခင် ကျွန်တော်တို့တတွေ အဖေန့ စကားနည်းနည်းပြောချင်လို့ သူစကားပြောတဲ့ အနားသွားလိုက်ရင် "ဟဲ့ ကလေးတွေ၊ အမှုအကြောင်း ပြောနေတာ ဒီနားမလာနဲ့၊ သွားကြလေ" ဆိုပြီး သူ့အနားမလာဖို့ ပြောပါတယ်။ အဲဒီတုန်းကတော့ အဖေ အဲလိုပြောတာကို ဘယ်ကျေနပ်ပါ့မလဲ။ အခုဒီအသက်အရွယ်မှာ ပြန်စဉ်းစား ကြည့်တော့ အဖေအဲလိုပြောတာဟာ ဟုတ်တာပေါ့၊ အမှုကိစ္စတွေ ပြောနေတဲ့အချိန်မှာ ကလေးတွေကို သူတို့ အမှုကိစ္စစကားပြောတဲ့ နားကို ဘယ်လာစေချင်ပါ့မလဲ။ ဒါပေမယ့် ကလေးဘဝတုန်းက ဒါတွေ ဘယ်နားလည်ပါ့မလဲ။ အမေဆိုရင် ဒို့ကို သူ့နားက မခွာစေချင်ဘူး၊ အိမ်နားကရုံးကြီးရှေ့မှာ ပလိုကား သွားပစ်တာတောင် ဇွတ်လိုက်ခေါ်တယ်၊ အဖေကတော့ သူ့အနားသွားတာတောင် မောင်းထုတ်တယလို့ ထင်ခဲ့မိတာပေါ့။ အဲလိုနဲ့ မနက် ကျောင်းမသွားခင် အဖေနဲ့စကားပြောဖ့ ကြိုးစားခဲ့တာ မအောင်မြင်ပါဘူး။ ညနေ ကျွန်တော်တို့ ကျောင်းကပြန်ရောက်တော့ အဖေက ဂါတ်တဲထဲက ပြန်မလာသေးဘူး။ သူ့ကိစနဲ့သူ ရှုပ်နေတာကိုး။

ညနေစောင်း(၆)နာရီလောက်မှ အဖေပြန်ရောက်လာတယ်။ အဲတော့လည်း သူ့တပည့်တွေ တစ်သိုက်နဲ့ အမတွဲတွေ တစ်ပုံကြီးပိုကပြီး ရောက်လာပါတယ်။ အိမ်မှာရောက်လာပေမယ့် ရုံးအလုပ်တွေကို ဆက်လုပ်နေရပါသေးတယ်။ ဘာလို့ ဒီလိုရှင်းပြရတာလဲဆိုတော့ ကျွန်တော်တို့အငယ် ဘဝရဲ့အစ ကလေးဖြစ်တုန်းမှာ အမေနဲ့ပဲ အမြဲနေခဲ့ရတော့ ကျွန်တော်ရေးတဲ့စာတွေထဲမှာ ဘာလို့ အမေ့ရဲ့ ပုံရိပ်တွေပဲ ထင်နေတာဆိုတာ သိစေချင်လို့ပါ။ အဖေ ပင်စင်ယူပြီး ကျွန်တော် (၇)တန်းလောက် ရောက်မှ အဖေနဲ့ ကျွန်တော် စပြီး ရင်းနှီးခွင့် ရခဲ့တာပါ။

<u>ရဲကြပ်ကြီး ဦးခင်မောင်နဲ့ BE အရက်ဖြူ</u>

ဂျစ်ကားနဲ့ခရီးသွားတာကို ဆက်ပြောရမယ်ဆိုရင် ဂျစ်ကားစထွက်ကတည်းက ကျွန်တော်တို့ ညီအစ်ကိုချင်း စလိုက်နောက်လိုက် ပြောင်လိုက်နဲ့ ဟီးလေးဟားလေး တိုက်ပြီး လိုက်ကြတာပါ။ ရဲကြပ် ဦးခင်မောင်က စကား သိပ်မပြောတဲ့ လူတစ်ယောက်ဖြစ်ပေမယ်လို့ ကျွန်တော်တို့နဲ့တွေ့တော့ မနေနိုင်တော့ပဲ "ဟဲ့ ကလေးတွေ သိပ်ဆော့မနေကြနဲ့၊ ပြီးတော့ ခေါင်းတွေလက်တွေ မထုတ်ကြနဲ့နော်" လို့ ဝင်ပြောရတော့တာပေါ့။ ကြုံတုန်း ရဲကြပ်ဦးခင်မောင်အကြောင်း ပြောရမယ်ဆိုရင် သူက သူ့ဖာသာ ဒအတိုင်းနေရင်တော့ ငြိမ်နေတာပဲ၊ ညနေစောင်း ယမကာလေးဝင်ပြီး စကားလေး ပြောပြီဆိုရင်တော့ လေသံက ပြောင်းသွားရော။ အာသွက်လျှာသွက် စကားပြောနဲ့ လေလေးက သွက်လာတော့တာပါ။ သူဟာ ညနေတိုင်း အရက်သောက်တတ်ပေမယ်လို့ အခုပြန်တွေးကြည့်တော့ ဦးခင်မောင်ဟာ စည်းနဲ့ကမ်းနဲ့ အရက်ကို သောက်တတ်တဲ့ လူတစ်ယောက်လို့ ပြောရမှာပါ။ ဘာလို့လည်းဆိုတော့ သူဟာ အချိန်မှန်လု ညနေ(၅)နာရီလောက်ရောက်တာနဲ့ စက်ဘီးလေးစီးပြီး ဝမ်းတွင်းမြို့အနောက်ဘက် သုံးမြောင်စ အလွန် ရန်ကုန်မနဲလေး ကားလမ်းမကြီးရဲ့ အနောက်ဘက်မှာ ရှိတဲ့ ဘုံဆိုင်ကို သွားပြီး အရက်တစ်ပိုင်းဝယ်ပြီး အိမ်မှာသောက်ပါတယ်။ ဦးခင်မောင်ရဲ့ဇနီး ဒေါ်တင်မိုကလည်း သူ့ယောကျ်ား အရက်နဲ့မြည်းဖို့ မြေပဲလှော်၊ ပဲကြော်တွေလို ထွေလီကာလီလေးတွေလုပ်ထားပေးပါတယ်။ ဦးခင်မောင်က အရက်လေး တစ်ကျိုက်သောက်လိုက်၊ အမြည်းလေးစားလိုက်နဲ့ ဟာသတွေမျိုးစုံ ပြော၊ ဟိုလူ့စ ဒီလူ့စနဲ့ သူအရက်သောက်တာဟာ ပျော်စရာပါ။ (၆)နာရီခွဲ (၇)နာရီလောက်မှာ အရက်သောက်တာ ပြီးသွားပြီးတော့ ထမင်းစားပါတယ်။ အဲဒီနောက် "ငါ ဆရာနဲ့ ဆရာကတော်တို့အိမ်ကို သားလိုက်ဦးမယ်လေ" လို့ပြောပြီး ကျွန်တော်တို့အိမ်ကို ရောက်လာပါတယ်။ အဲတော့ မနက်တုန်းကတွေ့တဲ့ ဦးခင်မောင်လို မဟုတ်တော့ပါဘူး။ "မောင်တင်နွယ် လာစမ်း၊ မောင်တူးကော ရှိလား" ဆိုပြီး ဆူဆူညံညံနဲ့ ကျွန်တော်တို့ညီအစ်ကိုတွေခေါ်၊ ဟိုပြောဒီပြော ရယ်စရာတွေပြောပါတော့တယ်။ အဲဒါ ဦးခင်မောင်ရဲ့ နေ့စဉ် အရက်သောက်တဲ့ ပုံမှန်ဇာတ်လမ်းပါ။ ဦးခင်မောင်တို့ခေတ်တုန်းက အရက်ဆိုင်ကို

ဘုံဆိုင်လို့ခေါ်ပါတယ်။ ဝမ်းတွင်းမြို့က ဘုံဆိုင်မှာတော့ အရက်ဖြူပဲ ရောင်းပါတယ်။ အရက်ဖြူကို ဘီအီး (BE) လို့ ခေါ်ကြပါတယ်။ အခုခေတ်မှာလည်း ဘာမှန်းညာမှန်းမသိပဲနဲ့ အရက်ဖြူကို ဘီအီးလို့ပဲ ဆက်ခေါ်နေကြပါသေးတယ်။ ကျွန်တော့်တပည့် ဆရာဝန်လေးတွေဟာ အခုထက်ထိ လူနာ အရက်သောက်တဲ့အကြောင်း ဆေးမှတ်တမ်းရေးရင် လူနာသောက်တဲ့ အရက်ဖြူကို ဘီအီးလို့ ခေါ်ဝေါ် သုံးစွဲနေကြပါသေးတယ်။ ဥပမာပြောရမယ်ဆိုရင် "He used to take one bottle of BE everyday" လို့ ပြောပါတယ်။ လွန်ခဲ့တဲ့(၁၅)နှစ်လောက်အတွင်းမှာ ကျွန်တော့်တပည့် အစဉ်အဆက် ဆရာဝန်တွေကို "ဘီအီး BE လို့ မင်းတို့ပြောဆိုနေတာဟာ ဘာအရက်ကိုပြောတာလဲ" လို့ မေးလိုက်ရင် " BE ဆိုတာ အရက်ဖြူကို ခေါ်တာပါ" လို့ ဖြေကြပါတယ်။ ဘာလို့အရက်ဖြူကို BE လို့ခေါ်လည်းမေးတော့ မဖြေနိုင်ကြတော့ဘူး။ ဒါနဲ့ ကျွန်တော်က နောက်ဆုံးတော့ မနေနိုင်ပဲ "အရက်ဖြူကို BE လို့ ဘာလို့ခေါ်တာလဲဆိုတာ ဆရာရှင်းပြမယ်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်မှာတုန်းက Burma Economic Development Co-operation BEDC 'မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့' ဆိုပြီး ဖွဲ့ခဲ့တယ်။ BEDC ရဲ့ ထူးခြားတဲ့ လုပ်ဆောင်ချက်တစ်ခုကတော့ အရက်ချက်စက်ရုံတွေကို တည်တယ်လေ။ အဲဒီ BEDC စက်ရုံတွေမှာ ဆန်ကနေချက်တဲ့ အရက်ဟာ အနီရောင်မဟုတ်ပဲ ရေလိုကြည်နေတဲ့ အရက်ဖြစ်ပါတယ်။ အဲဒီအရက်ကို အရက်ဖြူလို့ ခေါ်ပြီး သိပ်ကိုသောက်လို့ကောင်းတယ်လို့ ပြောကြပါတယ်။ အစ်ကိုကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်တင့်ရဲ့ အဆိုကတော့ BEDC အရက်ဟာ ဒီတိုင်းသောက်တာကို ချိုနေတယ်လို့ပြောတယ်။ အဲလို သိပ်ကိုကောင်းတယ်ဆိုပြီး မြန်မာတစ်နိုင်ငံလုံးက စွဲလန်းပြီးနေတဲ့ BEDC ကထုတ်တဲ့ အရက်ကို BE အရက်လို့ အတိုခေါ်ကြတာကနေ BE ဆိုတာ အရက်ဖြူလို့ မြန်မာတစ်နိုင်ငံလုံးမှာ တွင်သွားတာ" ဆိုပြီး BE ဆိုတာကို ဘာမှန်းမသိပဲ အရက်ဖြူကို BE လို့ ပြောနေကြလို့ ကျွန်တော့်တပည့်တွေကို BE ရဲ့ ဇာတ်လမ်းကို ရှင်းပြလိုက်ရပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော်အစ်ကို ဦးခင်မောင်တင့် (ကိုတူး) အင်ဂျင်နီယာပေါက်စဘဝက ခေတ်စားခဲ့တဲ့ B2C1 ဖော်မြူလာလေးကို ပြောပြချင်ပါသေးတယ်။ သူတို့ အင်ဂျင်နီယာဖြစ်ခါစ ပိုက်ဆံလည်း သိပ်မတတ်နိုင်သေးတဲ့ဘဝမှာ ဘီယာနဲ့ ဘီအီးဒီစီ အရက်ဖြူကို ဘီယာနှစ်ဆ၊ အရက်ဖြူတစ်ဆ ရောပြီးသောက်တာဟာ တကယ့်ကို အရသာရှိတဲ့ ယမကာ သောက်နည်းလို့ ပြောပါတယ်။ အရက်ဖြူကို BE လို့ ခေါ်သလို တောအရက် CS (country spirit) လို့လည်း ခေါ်ပါသေးတယ်။ အဲတော့ ကိုတူးတို့သောက်တဲ့ B2 C1 ဆိုတာက ဘီယာနှစ်ပုလင်း၊ အရက်ဖြူ CS တစ်ပုလင်း ရောသောက်တာကို ပြောတာပါ။ ဘတူးစဝမ်းကိုတောင် အမြဲမသောက်နိုင်ပဲ တစ်ခါတလေ ပိုက်ဆံလေး ရွှင်မှသောက်နိုင်တာလို့ ဆိုပါတယ်။ အဲလောက်တောင်ကို နာမည်ကြီးတဲ့

ဘီအီးအရက်ဖြူပါ။ အဲလရောသောက်တဲ့နည်း ဘီတူးစဝမ်း ဖေါ်မြူလာဟာ အဲဒီ ခေတ်တုန်းက နာမည်ကြီးပါ။ ဘာလို့ ဒီလိုအရက်ဖြူ BE သောက်နည်းကအစ လျှောက်ပြောနေရတာလဲ ဆိုတော့ အမေ့အကြောင်းတွေ ပြောပြရင်းနဲ့ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ ခေတ်ရဲ့အကြောင်းကို မှတ်တမ်းတင်ထားချင်လို့ပါ။

<u>အမေ့အစ်ကို ဦးမောင်မောင်</u>

ဘီအီးအကြောင်းရေးတော့ အမေ့ရဲ့အစ်ကို ဦးမောင်မောင်ကို သတိရမိပါတယ်။ အမေ့အစ်ကို ဦးမောင်မောင်ဟာ မိတလာမှာ BE အရက်ဖြူချက်တဲ့အရက်ချက်စက်ရုံ မန်နေဂျာပါ။ အဲဒီအမေ့အစ်ကို ဦးမောင်မောင်ကို ကျွန်တော်တို့ညီအစ်ကိုအားလုံးက အမေက ခေါ်သလို 'ကိုကို' လို့ပဲ ခေါ်ကြပါတယ်။ ကိုကိုရဲ့ အရက်ချက်စက်ရုံဟာ မိတလာမြို့ အရှေ့ပိုင်း အခု ဇွဲရှုပ်ရှင်ရုံကနေ အောက်ချိုင့်ထဲမှာရှိပါတယ်။ ကိုကိုရဲ့ စက်ရုံကထွက်တဲ့ ဘီအီးအရက်ဟာ မိတ္ထီလာခရိုင်တစ်ခုလုံးကို ဖြန့်ဖြူးပေးပါတယ်။

ကိုကိုရဲ့ ဘီအီးအရက်စက်ကထွက်တဲ့ ဘအီးအရက်တွေကို သူတို့အရက်စကားနဲ့ အပီ လို့ ခေါ်တဲ့ (over proof) အရက်အပြင်းစားတွေကို ချက်ပြီး ဘောက်ဆာကားကြီးနဲ့ မိတ္ထီလာခရိုင် အတွင်းမှာရှိတဲ့ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ မိတ္ထလာမြို့တွေကို ဖြန့်ပါတယ်။ အဲဒီလို ကိုကို့စက်ရုံကနေ လာပို့တဲ့ အရက်အဆီတွေကို မြို့လေးတွေက အရက်ဖြူဘုံဆိုင်တွေမှာ သတ်မှတ်ထားတဲ့ အရက်ဖြူ ရာခိုင်နှုန်း ကိုက်အောင် ရေထပ်ရောပြီး ရောင်းပါတယ်။

အဲလိုစနစ်ရှိတော့ ကိုကိုဟာ သူ့ဘီအီးအရက်ချက်စက်ရုံကချက်တဲ့ ဘီအီးအရက်အဆီ အိုပတွေကို သူ့စက်ရုံက အရက်ကားဘောက်ဆာကြီးနဲ့ မတ္ထီလာတစ်ခရိုင်လုံးက ဘုံဆိုင်တွေကို လိုက်ပို့တာပါ။ ဝမ်းတွင်းမြို့ကိုတော့ ဦးလေးဦးမောင်မောင်ဟာ တစ်ပါတ်တစ်ရက်လာပါတယ်။ အရက်ပို့တဲ့မြို့တိုင်းကို စက်ရုံမန်နေဂျာ ဦးလေး ဦးမောင်မောင မလိုက်ပါဘူး။ သူ့ညီမ ဒေါ်ခင်ခင်ရှိတဲ့ ဝမ်းတွင်းမြို့ကိုသာ အရက်ပို့တဲ့ကားနဲ့ တစ်ပတ်တစ်ခါပဲ လိုက်လာပြီး တွေ့တာပါ။ အမေတို့မှာ ညီအစ်ကိုမောင်နှမ သုံးယောက်ရှိပါတယ်။ အကြီးဆုံးက အဲဒီအစ်ကိုကြီး ဦးမောင်မောင်၊ ဒုတိယက ကျွန်တော့်အမေ ဒေါ်ခင်ခင်၊ အငယ်ဆုံးက ဒေါ်တင်တင်ပါ။ ဦးမောင်မောင်ကို တိုးတက်ကြီးပွားအောင်ဆိုပြီး မနှလေးက အကောင်းစား 'ဝက်စလီ' ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ထားပေးပေမယ့်လည်း နောက်ဆုံးမှာတော့ တောင်ဘိုရွာသူ ဒေါ်ခင်ကြည်နဲ့ အိမ်ထောင်ကျသွားပြီး မိတ္ထီလာက အရက်ချက်စက်ရုံမှာပဲ မန်နေဂျာဖြစ်သွားပါတယ်။ အမေ့ညီမအငယ် ဒေါ်တင်တင်ကတော့ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊ ဆရာဝန်မောင်သင်ရဲ့ညီ ဦးစန်းနွယ် (ခေါ်) ဦးအောင်နဲ့ အိမ်ထောင်ကျပါတယ်။ အမေ့အစ်ကိုကြီး ဦးမောင်မောင်ဟာ ကျွန်တော်တို့တတွေကို မင်းနဲ့ငါနဲ့ ခင်ခင်မင်မင်နဲ့ပြောပြီး ချစ်လည်း သိပ်ချစ်ပါတယ်။

ဦးမောင်မောင်ဟာ သူ့ညီမအကြီး ကျွန်တော့်အမေဒေါ်ခင်ခင်ကို ပိုပြီးချစ်ပါတယ်။ သူ့ညီမကိုတွေ့ရင် 'ခင်ခင်ရေ'ကို ပါးစပ်ထဲကမချပါဘူး၊ ဒေါ်လေးဒေါ်တင်တင်ရောက်တော့ အိမ်ထောင်ကျပြီး သူ့အမျိုးသား ဦးစန်းနွယ်ရဲ့ မြို့ဖြစ်တဲ့ မြင်းခြံမှာ သွားပြီးအခြေချတော ဦးမောင်မောင်နဲ့ အလှမ်းနည်းနည်း ဝေးသွားတာပေါ့။ ဦးလေး ဦးမောင်မောင်နဲ့ အမေနဲ့ရောက်တော့ ဦးမောင်မောင်က မိတ္ထလာမှာ အမေက မိတ္ထီလာနဲ့ (၂၁)မိုင်ပဲဝေးတဲ့ ဝမ်းတွင်းမှာဆိုတော့ အလှမ်းမဝေးလှဘူးပေါ့။ ပြီးတော့ ဦးလေးက သူ့စက်ရုံက အရက်ပို့တဲ့ဘောက်ဆာကားကြီးနဲ့ တစ်ပတ်တစ်ခါ ဝမ်းတွင်းကို လာတာဆိုတော့ သူတို့နှစ်ယောက် ပိုပြီးနီးစပ်၊ ပပြီးချစ်ကြတာ ထင်ပါတယ်။ ဦးမောင်မောင်ဟာ သူ ပိုင်သမျှ ရေငွေတွေ၊ အတွင်းပစ္စည်းတွေကို သံသေတာလေးတစ်လုံးနဲ့ထည့်၊ သော့ခတ်ပြီးတော့ အမေ့ဆီမှာ လာအပ်ထားပါတယ်။ အမေက အဒီသံသေတ္တာ အညှာလေးကို ဝမ်းတွင်းတိုက် အပေါ်ထပ်က အခန်းလေးထဲမှာ ထည့်ပြီး သိမ်းထားပေးပါတယ်။ ဦးမောင်မောင် တစ်ပါတ်တစ်ခါ ဝမ်းတွင်းရောက်တိုင်း တိုက်အပေါ်ထပ် သွားပြီး သူ့သံသေတ္တာကိုဖွင့်၊ စုဆောင်းမိတာလေးတွေကို စစ်၊ နောက်ထပ်ရတဲ့ ငွေ ရွှေလေးတွေ ထပ်ဖြည့်ပြီး သိမ်းတတပါတယ။ ဦးမောင်မောင်ဟာ ကြီးရင်ဆင်းရဲမှာကြောက်လို့ဆိုပြီး ငွေသုံးတာကို အရမ်းချွေတာပြီး ကြီးရင်သုံးဖို့ ရွှေ ငွေ ပစ္စည်းတွေက တအားစုပါတယ်။ ဒါပေမယ့်လို့ သူဟာ သူ့ ညီမ ဒေါ်ခင်ခင်ရဲ့ သားသမီးတွေဖြစ်တဲ့ ကျွန်တော်တို့တတွေကိုတော့ တအားချစ်ပြီး ကျွန်တော်တို့နဲ့ ပတ်သက်ရင် ပိုက်ဆံကို လုံးဝ မတွန့်မတို ရက်ရက်ရောရော သုံးတတ်ပေးတတ်ပါတယ်။

(ဘောက်ဆောကား အဲယားကွန်း မပါတာကနေ ဂျစ်ကား၊ အဖေနဲ့ဂျစ်ကားစီးတာ၊ အဖေနဲ့ ကျွန်တော်၊ အဖေ့တပည့် ဦးခင်မောင် BE အရက်သောက်တာက BE အရက်ချက်ရုံမန်နေဂျာ ကျွန်တော့်ဦးလေး ဦးမောင်မောင် အကြောင်း ရောက်သွားတော့ ဘောက်ဆောကားဟာ ညောင်လေးပင်အထွက်မှာပဲ ရှိနေပါသေးတယ်။)

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

YOU CAN
YES
CHANGI

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၅)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

အမေရဲ့ခါတ်ဆီစစ်နည်း

ဘောက်ဆောကားကြီးဟာ ညောင်လေးပင်ကထွက်လာခါစက စတ်လိုလက်ရ တစ်ဟုန်ထိုး ပြေးထွက်လာပေမယ်လို့ နာရီဝက်လောက်ကြာတော့ လျှောလျှောလျှူလျှူကောင်းကောင်းမွန်မွန် မသွားတော့ပဲ ဆတ်တောက်တောက် တုံ့လိုက်တုံ့လိုက် ဖြစ်နေပါတော့တယ်။ လီဗာကို တအား ဘယ်လောက်ပဲနင်းနင်း ဘောက်ဆောကြီးက မပြေးတော့ပါဘူး။ နည်းနည်းခြင်းရပ်လိုက် ပြေးလိုက်နဲ့ တော်တော်ကို စိတ်ပျက်ဖို့ကောင်းပါတယ်။ ခဏနေတော့ ဘောက်ဆောကားကြီး တုံ့ တုံ့ တုံ့ဖြစ်ပြီး လုံးဝကို ထိုးရပ်သွားပါတော့တယ်။ အဲဒီမှာတင် စောစောတုန်းက လေတဟူးဟူးနဲ့ နိနီရဲရဲ နေလုံးကြီးကို ကြည့်ပြီး ဘောက်ဆောကားကြီး ဇိမ်ခ စီးလာခဲ့ရတဲ့ အရသာပျက်သွားပါတော့တယ်။ အဲလိုလည်း ကားထိုးရပ်သွားရော အစ်ကိုကြီး ဦးတင်နွယ်နဲ့ မက်ကင်းနစ်တို့ဟာ တိုင်ပင်ထားသလိုပဲ "ကား ဆီပိတ်ပြီ" ဆိုပြီး တစ်ခါတည်း ပြောလိုက်ကြပါတယ်။ ပြီးတာနဲ့ သူတို့နှစ်ယောက် ချက်ချင်းပဲကားတံခါးဖွင့်ပြီး ကားပေါ်က ဆင်းသွားကြပါတော့တယ်။

တကယ်တော့ အစ်ကိုကြီး ဦးတင်နွယ်ဟာ ကားဆီမပိတ်အောင်ဆိုပြီး ဘောက်ဆောကားကြီး ခါတ်ဆီ ထည့်တိုင်း အမှုန်အမွှား မပါအောင်ဆိုပြီး အဖေရဲဝန်ထောက် လုပ်တုန်းက ဆောင်းခဲ့တဲ့ ဘယ်ရီဦးထုပ် (beret) လိုဟာမျိုးနဲ့ အမေ့ရဲ့ ကားခါတ်ဆီစစ်နည်းကိုသုံး၊ ဆီစစ်ပြီးမှ ထည့်တာပါ။

အမေ့ရဲ့ ခါတ်ဆီစစ်နည်းဆိုတာကို ပြောပြချင်ပါတယ်။ အဲဒါပြောမပြောင် ခါတ်ဆီစစ်ဖို့ အမေသုံးတဲ့ ဘယ်ရီဦးထုပ်လေးတွေ အကြောင်း ကျွန်တော်သိသလောက် မှတ်မိသလောက် ပြောပြချင်ပါတယ်။ ဘယ်ရီဦးထုပ်ဆိုတာ လက်နက်ကိုင် အဖွဲ့အစည်းတွေဖြစ်တဲ့ ရဲတို့ စစ်တပ်တို့မှာ ဆောင်းကြတဲ့ သက္ကလပ်ဦးထုပ် ခပ်ပြားပြားလေးတွေကို ခေါ်တာပါ။ အဲဒီဦးထုပ်လေးတွေကို အင်္ဂလိပ်လို အသံထွက် အမှန်က 'ဘရေး' ဖြစ်ပေမယ့် မြန်မာတွေကတော့ ဘယ်ရီလို့ပ ခေါ်ကြပါတယ်။ အဲလို ဘယ်ရီဦးထုပ်လေးတွေကို ပါကစ္စတန်၊ အင်ဒိုနီးရှားက ရဲတွေ ခုထက်ထိ ဆောင်းနေတုန်းပါ။ အဖေတို့ခေတ်က ရဲအရာရှိတွေ ဘယ်ရီဦးထုပ်အမည်းလေးတွေ ဆောင်းကြတာ ခပ်ရေးရေး မှတ်မပါသေးတယ်။ ဒီအကြောင်းတွေပြောတော့

အဖေကို တော်တော်လေး သတိရမိပါတယ်။ အဖေဟာ ဘယ်ရီဦးထုပ်လေးကို ခေါင်းပေါ်မှာ တစောင်းလေး ဆောင်း၊ ကျူနစ် (tunic)လို့ခေါ်တဲ ရဲအရာရှိတွေ ဝတ်တဲ့ တင်ပါးတစ်ဝက်ရောက်တဲ့ ရဲအရာရှိအပေါ်ဝတ်စုံ ယူနီဖောင်းအက၊ မီးခိုးရောင် အဖျော့နဲ့ ဘောင်းဘီ မီးခိုးအရင့်ကို ဝတ်၊ ဆင်ဘရောင်း (Sam Browne) လို့ခေါ်တဲ့ သားရေစလွယ်သိုင်းကို ဝတ်ပြီး အင်္ဂလန်က လုပ်တဲ့ သားရေကွပ (walking stick) ကြိမ်တတ်လေးကို ဂျိုင်းကြားမှာညှပ်ပြီး လမ်းလျှောက်သွားတတ်တာကို မှတ်မိနေပါသေးတယ်။

ကားထဲကို ဓါတ်ဆီထည့်တဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် ဓါတ်ဆီကို အဲလို ဘယ်ရီဦးထုပ် အဟောင်းနဲ့ စစ်ရမယ်ဆိုတာ ကျွန်တော်တို့ အငယ်ကတည်းက အမေက သင်ပေးထားတာပါ။ အမေ ပြောတာကတော့ အင်္ဂလိပ်ခေတ်က ဘယ်ရီဦးထုပ်တွေဟာ အခုခေတ် ဘယ်ရီဦးထုပ်တွေထက် အများကြီး ပိုကောင်းတယ်လို့ ပြောပါတယ်။ ဘာလို့တုန်းဆိုတော့ အမေတ့ ခေတ်တုန်းက ဘယ်ရီဦးထပ်တွေဟာ သကလပ်အစစ်နဲ့ ချုပ်ထားပြီး အသားတွေကလည်း တအားကို ထူထူထဲထဲ သက္ကလပ် အသားတွေလို့ ပြောပါတယ်။ ဓါတ်ဆီစစ်လို့ သိပ်ကောင်းတယ်လို့ အမေက ဆိုပါတယ်။ "အဲဒီအင်္ဂလိပ် ခေတ်က ဘယ်ရီဦးထုပ်နဲ့သာ ဓါတ်ဆီစစ်ရင် ဘာအမှုန် အမွှားမှ မပါနိုင်ဘူး၊ ဒီဦးထုပ်လေးတွေဟာ သိပ်အသုံးကျတာ၊ မင်းအဖေ ဘယ်ရီဦးထုပ်အသစ်ဝယ်ပြီဆိုရင် သူမဝတ်တော့တဲ့ ဘယ်ရီဦးထုပ် အဟောင်းတွေကို ငါက အကုန် သိမ်းထားတာ။ အဲဒီလို ဘယ်ရီဦးထုပ်အဟောင်းလေးတွေက သက္ကလပ်သား အထူကြီးနဲ့ ဓါတ်ဆီထဲ မှာပါလာတဲ့ အမှန်အမွှားအမှိုက်တွေကို စစ်ရုံတင်မကဘူး၊ ဓါတ်ဆီထဲက ရေတွေကိုလည်း သက္ကလပ်သားက စုပ်ယူလိုက်တာ။ လမ်းဘေးမှာရောင်းတဲ့ ဓါတ်ဆီတွေက ရေတွေကော အမှုန်တွေကော ပါတတ်တော့ အဲလို ဘယ်ရီဦးထုပ်ခပ်ထူထူနဲ့ စစ်မထားဘူးဆိုရင် ကားထဲ ဓါတ်ဆီ ထည့်လိုက်တာနဲ့ ဓါတ်ဆီထဲက ရေတွေက ဆီလိုင်းထဲဝင်ပြီး ဆီပိတ်၊ ဂျီးပိတ်သိပ်ဒုက္ခပေးတာ" လို့ အမေကပြောပါတယ်။ တော်တော်ကို နေရာတကာ မှာ နှံ့နှံ့စပ်စပ် သိတဲ့ အမေပါ။ အမေက ဆက်ပြီး "မင်းအဖေဟာ သိပ်ကို အကောင်းကြိုက်တာ၊ ပြီးတော့ အသစ်ဆိုတာကိုလည်း အရမ်းကြိုက်တာ၊ ဘယ်ရီဦးထုပ် တစ်လုံးဝယ်ဆောင်းပြီး နည်းနည်းဟောင်းသားရင် ဆက်မဆောင်းချင်တော့ဘူး။ တစ်ခါတည်း လွှင့်ပစ်လိုက်ပြီး ရုံးကုမဏ္ဍိကနေ အင်္ဂလန်က ဘယ်ရီဦးထုပ် အသစ်တစ်လုံး မှာပြီး ဆောင်းတာ။ ငါကတော့ မင်းအဖေ မသုံးတော့တဲ့ ပစည်းတွေအားလုံးကို အလေအလွင့် ဖြစ်မသွားအောင် အကုန်သိမ်းထားပြီး သုံးလို့ရတဲ့ နေရာတွေမှာ အကုန်ပြန်သုံးတာဆိုတော့ သူ့ဘယ်ရီ ဦးထုပ် အဟောင်းလေးတွေကိုလည်း ငါ လိုက်သိမ်းရတာပေါ့" လို့ ပြောပါသေးတယ်။

အမေဟာ အဖေစွန့်ပစ်လိုက်တဲ့ ပစည်းရယ် မဟုတ်ပါဘူး၊ အိမ်မှာ စက္ကူအတိုအစ၊ စာအိတ်၊ စက္ကူပုံး၊ ရှားမီးချိုချဉ် အိတခ၊ ဘာဖြစ်ဖြစ်အကုန် သပသပ်ရပ်ရပ် သိမ်းဆည်းထားတဲ့အကျင့် ရှိပါတယ်။ အမေဟာ စက္ကူစုတ်တောင် လွှင့်ပစ်လေ့မရှိပါဘူး။ ဘူးခွံ၊ ပုလင်းခွံ အစစအရာရာ အကုန်လုံး သိမ်းထားပြီး သူ့နေရာလေးနဲ့ သူလိုတဲ့ အခါရောက်တော့မှ ဟိုဟာလေးထုတ်သုံးလိုက်၊ ဒီဟာလေး ထုတ်သုံးလိုက်နဲ့

သူသိမ်းထားတဲ့ တိုလီမိုလီပစ္စည်းတွေအားလုံးကို အလဟဿမဖြစ်အောင် ပြန်သုံးတာပါ။ တွေးကြည့်လိုက်တော့ အမေဟာ တကယ့်ကို စေ့စပ်သေချာတဲ့ အစစအရာရာကို ထိန်းသိမ်းတတ်တဲ့ အိမ်ရှင်မ တစ်ယောက်ပါ။

အမေနဲ့ ကားအကြောင်းလည်း နည်းနည်းဆက်ပြောချင်ပါတယ်။ အမေဟာ ကားကို ကောင်းကောင်း မမောင်းတတ် ပေမယ့် ကားမောင်းတော့ သင်ဖူးပါတယ်။ အဲတော့ အမေဟာ ကားနဲ့ပတ်သက်လို့ ဘာဖြစ်ရင် ဘာလုပ်ရမယ် ဆိုတာတွေ၊ ကားကို ဘယ်လို ထိန်းသိမ်း မောင်းသွားရမယ် ဆိုတာတွေကို ဟိုစပ်စပ် ဒီစပ်စပ်နဲ့ အကုန်လုံးနည်းပါးသိပါတယ်။ အမေတို့ခေတ်က ကားဆိုတာက လက်တင်စီး ကားမျိုးတွေ မဟုတ်ပါဘူး။ အချိန်မရွေး ဒုကပေးနိုင်တယ်။ ဟိဟာဖြစ်ရင် ဟိုလိုပြင်မယ်၊ ဒီဟာဖြစ်ရင် ဒီဟာပြင်မယ် ဆိုတာတွေကို မသိမဖြစ်သိရမှာပါ။ ဝပ်ရော့ဆိုတာလည်း သိပ်ရှိတာမဟုတ်ဘူး။ တော်ရုံတန်ရုံ ကိုယ့်ဘာသာကိုယ် ပြင်ကြတာပါ။ အတန်းစာတွေ၊ ခေတ်စာတွေ မတတ်ပေမယ့် တကယ့်ကို IQ ကောင်း၊ ဖြတ်ထိုးဥာဏ်ကောင်းတဲ့ အမေပါ။ အဲလိုတော်တဲ့အမေရဲ့ ဦးနှောက်၊ ဘာအလုပ်ကိုမဆို ပေါ့ပေါ့ဆဆ မလုပ်တတ်တဲ့ အမေရဲ့စရိုက်နဲ့ အမေ့ရဲ့ ကြိုးစားမှုတွေ မရပ်မနားအလုပ်လုပ်တတ်တာတွေ ပေါင်းလိုက်တော့ အမေဟာ တကယ့်ကို အံ့မခန်းခြီးမွမ်း လောက်အောင်တော်တဲ့ အမျိုးသမီး စွမ်းဆောင်ရှင် တစ်ယောက် ဖြစ်နေတော့တာပေါ့။

ကျွန်တော်ပြောနေတဲ့ ဘောက်ဆောကားခေတ်မှာ အခုခေတ်လို အော်တိုမက်တစ် ပန့်တွေနဲ့ ရောင်းတဲ့ ဓါတ်ဆီဆိုင်ဆိုတာ ရန်ကုန်လို မြို့ကြီးမှာတောင် တော်တော်ကို ရှားပါတယ်။ နယ်က မြို့လေးတွေမှာတော့ ပန့်ဆိုတာ ဝေလာဝေးပေါ့။ နယ်မှာ ဓါတ်ဆီဆိုင်ဆိုတာ ဓါတ်ဆီပေါကြီးတေ ချထားပြီး ကားထဲကို ဂါလံခွက်နဲ့ ကန်တော့နဲ့ပဲ ထည့်ပေးတဲ့ ဓါတ်ဆီဆိုင်တွေပါ။ ဒါကြောင့် ဘယ်ဆိုင် ရောက်ရောက် ဓါတ်ဆီထည့်တိုင်း ဆီကို ဆီစစ်နဲ့စစ်ပြီးမှ ထည့်ရတာပါ။

ကျွန်တော်တို့ ရန်ကုန်က ထွက်မလာခင်ကတည်းက ကျွန်တော်က အစ်ကိုကြီးဦးတင်နွယ်ကို ကား ဓါတ်ဆီထည့်မယ်ဆိုရင် အမေပြောခဲ့ဖူးတဲ့ ဘယ်ရီဦးထုပ်နဲ့ ဓါတ်ဆီစစ်နည်းကို ပြောပြီး အဲဒီအတိုင်း ထည့်ရပါမယ်လို့ ပြောပြရပါတယ်။ ဘာလို့တုန်းဆိုတော့ အမေနဲ့ ကျွန်တော်တို့ ညီအစ်ကိုတတွေ နီးနီးစပ်စပ်နေခဲ့ရပေမယ့် အစ်ကိုကြီးဦးတင်နွယ်ကတော့ လေးတန်းကတည်းက ဝမ်းတွင်း ကျောင်းက ထွက်ပြီး ရန်ကုန် စိန့်ပေါလ်ကျောင်းမှာ နေခဲ့တာဆိုတော့ အစ်ကိုကြီးဟာ အမေရဲ့ အကြောင်းတွေ၊ အမေဆုံးမပြောခဲ့တာတွေ၊ အမေ့ရဲ့ အယူအဆ အတွေးအခေါ်တွေကို ကျွန်တော်တို့လောက် မသိခဲ့ပါဘူး။ ဒါကြောင့် ဘောက်ဆောကြီး ရန်ကုန်က မထွက်ခင်ကတည်းက အမေရဲ့ ဓါတ်ဆီစစ်နည်းကို အစ်ကိုကြီးသိအောင် ပြောပြရတာပါ။ ဓါတ်ဆီစစ်တာနဲ့ ပတ်သက်လို့ အမေပြောခဲ့တာဟာ အခုထက်ထိ နားထဲက မထွက်ပါဘူး။ "ဟဲ့ ဓါတ်ဆီစစ်တယ်ဆိုတာက ဆီထဲမှာ ပါတဲ့ အမှိုက်သရိုက်အမှုန်တွေကို စစ်ရုံနဲ့ မပြီးသေး

ဘူးလေ၊ ဓါတ်ဆီထဲက ရေတွေကိုပါ စုပအောင် လုပ်ရတာ၊ မင်းတို့ ရိုးရိုး ပိတ်ပါး ရေစစ်လိုဟာနဲ့ စစ်ရင် အမှုန်ပဲ စစ်မှာပေါ့။ ရေကို သက္ကလပ် ဘယ်ရီဦးထုပ်အဟောင်းလိုဟာမျိုးနဲ့ စစ်တော့မှ ရေတွေကို စုပ်တာလို့" အမေက ရှင်းပြခဲ့တာပါ။ အမေပြောတာဟာ တကယ်ကိုမှန်တဲ့ ဓါတ်ဆီစစ်နည်း အတွေးအခေါ် အယူအဆပါ။ ခုနကပြောခဲ့သလိုပဲ အဲဒီခေတ်က ပန်နဲ့ ထည့်ပေးတဲ့ ဓါတ်ဆီဆိုင်ဆိုတာ ရန်ကုန် မနှလေးမြို့ကြီးတွေမှာပဲ ရှိတာပါ။ နယ်တွေမှာ မရှိပါဘူး။ ကျန်တော်တို့ ဘောက်ဆောကားကြီးသွားမယ့် ရန်ကုန် မနှလေး ကားလမ်း တလျှောက်လုံးမှာ ဓါတ်ဆီ ပေပါထဲက ပုံးတွေထဲကပဲ ငှဲ့ထည့်ပြီး ရောင်းတာပါ။ အဲဒါကြောင့် ကျွန်တော်က အမေ့ရဲ့ ဓါတ်ဆီစစ်နည်းကို အမေပြောခဲ့တဲ့စကားတွေ အတိုင်း ပြန်ပြောလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်က "ကျွန်တော်တို့ အမေပြောသလို လမ်းတစ်လျှောက် ဘောက်ဆောကားထဲ ဆီထည့်ရင် ဆီစစ်ဖို့ ဘယ်ရီဦးထုပ် တစ်လုံးလောက်တော့ ရှာဝယ်သွားမှ ဖြစ်မယ်" လို့ ဆက်ပြောလိုက်တော့ အစ်ကိုကြီးက "ရပါတယ်ကွာ၊ ဒို့ သံဈေး သွားတာပေါ့။ အဲဒီမှာ ပစ္စည်းတွေစုံတယ်ကွ" ဆိုပြီး သံဈေးကို သွားကြပါတယ်။ သံဈေးရောက်တော့ ဘယ်ရီဦးထုပ်လေးတွေ တွေ့တော့ တွေ့ပါတယ်။ ဒါပေမယ့် အဲဒီ ဘယ်ရီ ဦးထုပ်လေးတွေက အမေပြောတဲ့ အင်္ဂလိပ်ခေတ်ကလို ထူထူထဲထဲ သကလပ်စ ကြီးတွေနဲ့ ချုပ်ထားတာ မဟုတ်တော့ပါဘူး။ ခပ်ပျော့ပျော့ ခပ်ပါးပါး ဘယ်ရီဦးထုပ်လေးတွေပါ။ အစ်ကိုကြီး က "ဒီဘယ်ရီ ဦးထုပ်လေးတွေက အမေ ပြောတဲ့ သကလပ်သားမျိုးတော့ မဟုတ်ဘူးကွ၊ ရေတော့ သိပစုပ်မှာ မဟုတ်ဘူး။ ဂျီးတွေအမှုန်တွေလောက်ပဲစစမှာ။ ဒါပေမယ့်ကွာ အဝတ်ဆီစစ်ထက်တော့ ပိုကောင်းမှာပါ ရှိတာပ ဝယ်ခဲ့တာပေါ့!" ဆိုပြီး သံဈေးကနေ ဘယ်ရ ဦးထုပ်တစ်လုံးဝယ်ခဲ့ပါတယ်။ ဘောက်ဆောကားကြီး ရန်ကုန်ကထွက်လာပြီး ထောက်ကြန့်မှာ တစ်ခါ၊ ပဲခူးဘုရားကြီးမှာ တစ်ခါ၊ လမ်းဘေးက ဓါတ်ဆီတွေ ဝယထည့်တော့ သံဈေးက ဘယ်ရဦးထုပ်လေးနဲ့ စစ်ပြီးမှထည့်ပါတယ်။ ဒါပေမယ့် ပါးလှပ်လှပ် ဦးထုပ်သားကို ကြည့်ပြီး ကျွန်တော်တို့ လုံးဝအားမရဘဲ ဓါတ်ဆီထဲမှာ ရေတွေပါရင်တော့ ဒီဦးထုပ်လေးက စုပ်နိုင်မှာ မဟုတ်ဘူး၊ ဒုက္ခပဲ ဆိုပြး တွေးပူမိခဲ့ရပါတယ်။

အခုတော့ ကျွန်တော်တို့ တွေးခဲ့သလို ဖြစ်ပြီပေါ့။ ညောင်လေးပင်ကနေ မိုင် ၄၀ လောက် မောင်းပြီးတဲ့နောက် ကားလမ်း တစ်နေရာမှာ ဘောက်ဆောကားကြီး ဆီပိတ်ပြီး ထိုးရပ်သွားတော့တာပေါ့။ ကားကို လမ်းဘေးမှာချ၊ ကားဘောနက်ကို ဖွင့်ပြီး အစ်ကိုကြီး ဦးတင်နွယနဲ့ မကင်းနစ် ဟိုလုပ် ဒီလုပ် အလုပ်ရှုပ်ကြတော့တာပေါ့။

ဦးတင်နွယ် တစ်ယောက် ဆီပိုက်တွေကို ဖြုတ်၊ ဓါတ်ဆီတွေကို ဖွင့်ချပြီးတော့ ထွက်လာတဲ့ ရေရော ဓါတ်ဆီတွေကို ကြည့်ပြီး "ရေတွေပါတယ်ကွ" ဆိုပြီး အော် တော့တာပါပဲ။ မကွင်းနစ်ကလည်း ကာဗရိုက်တာ

ဖြုတ်၊ ဂျီးမှုတ်၊ ဖြုတ်လို့ရတဲ့ ဆီလိုင်းတွေ အကုန်ဖြုတ်၊ ပါးစပ်နဲ့ တဝူးဝူး မှုတ်ပါတော့တယ်။ ဆီပိုက်ကို ပါးစပ်နဲ့ စုပ်လိုက်၊ ထွေးထုတ်လိုက်နဲ့ ဆီထဲမှာ ပါတဲ့ ရေတွေ ကုန်အောင်မျိုးစုံလုပ်ကြပါတယ်။

တစ်နာရီလောက်ကြာအောင် ပိုက်ဖြုတ်၊ ပိုက်မှုတ်လုပ်လိုက်ပြီးတော့ မက္ကင်းနစ်က ဆီလိုင်းတွေ ပွင့်သွားပြီလို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်က မက္ကင်းနစ်ကို "ဆီလိုင်းပင့်တာ ဘယ်လိုလုပ်သိတုန်း" လို့မေးလိုက်တော့ "ဆရာရယ်၊ ဒါ လွယ်လွယ်လေးပဲ ဆီလိုင်းကို ပါးစပ်နဲ့ မှုတ်ကြည့်လိုက်ရင် သိတယ်၊ ဂျီးပိတ်နေရင် မှုတ်လို့ မရဘူး၊ မှုတ်ရတာ တအားခက်တယ်၊ အစွမ်းကုန်မှုတ်တောင် လေမတိုးပဲ တစ်နေတယ ဆိုရင် ဂျီးပိတ်တယ်လို့ ပြောရမှာပေါ့။ ဂျီးလည်းပွင့်သွားရော ဆီပိုက်ထဲ မှုတ်ရတာ အားစိုက်စရာကို မလိုပဲ၊ အသာလေး မှုတ်လိုက်လို့ရတယ်" လို့ ပြောပါတယ်။ မှတ်လောက်သားလောက် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ကားပြင်ကြ၊ ကားမောင်းကြရတဲ့ ကျွန်တော်တို့ခေတ်အကြောင်းလေး မှတ်တမ်းတင်ရတာပါ။

နောက်ပြီး ပြောချင်တာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ အဲဒီခေတ်က ကားတွေနဲ့ အခုခေတ် ကားတွေ တအားကိုကွာတယ်ဆိုတာပါ။ အခုခေတ် ကားတွေရဲ့ ကားဘောနက်ကို ဖွင့်ပြီး ကြည့်မယ်ဆိုရင် ကားအင်ဂျင်နဲ့ ပိုက်လိုင်းတွေဟာ ကားခေါင်းရွေ့အတွင်းပိုင်း တစ်ခုလုံး အပြည့် နေရာလပ်မကျန်အောင ဖြစ်နေတာကို တွေ့ရ ပါလိမ့်မယ်။

ဒါပေမယ့် ကျွန်တော့်ရဲ့ ဘောက်ဆောကားကြီးရောက်တော့ ကားရှေ့ခန်း အလယ်မှာ ကားအင်ဂျင် တုံးကြီးပဲ ရှိပြီး အင်ဂျင်တုံးကြီးရဲ့ ဘေးဘယ်ညာမှာ ဟောင်းလောင်းပေါက်ပါ။ ကားဘော်ဒီနဲ့ အင်ဂျင်တုံး ကြားမှာ နေရာအကျယ်ကြီး။ အပေါ်ကနေ ကြည့်လိုက်ရင် အင်ဂျင်တုံးဘေးက နေရာ ကွက်လပ်မှာ မြေကြီး ကို မြင်နေရလောက်အောင်ကို နေရာအလွတ်ကြီးပါ။ အင်ဂျင်တုံးကလွဲလို့ တကယ်ကို ဘာဆို ဘာမှ သိပ်ပြီး မရှိတဲ့ ကျွန်တော်တို့ ခေတ်က ကားခေါင်းခန်းပါ။ ခေါင်းခန်းထဲက ပိုက်တွေကို ကြည့်လိုက်တော့လည်း ရှင်းလင်းလို့၊ ဓါတ်ဆီတိုင်ကီကနေ ကာဗရိုက်တာကို ပိုက်တစ်ချောင်းလာမယ်၊ ပြီးတော့ ကာဗရိုက်တာကနေ အင်ဂျင်ထဲကို ဆီပိုက် တစ်ချောင်းသွားမယ်။ တကယ့်ကို လွယ်ရှင်း၊ ရိုးရှင်းနေတဲ့ ဘောက်ဆောကားကြီးပါ။ အဲယားကွန်းလည်း မပါ၊ ဘာမှကို မပါတဲ့ အရမ်းကို ရိုးလွန်းတဲ့ ရှေးက ကားတွေဆိုတော့အခုခေတ် ကားတွေနဲ့ သိပ်ကို ကွာပါတယ်။ ခုခေတ် ကျွန်တော်တို့ ကားတွေရောက်တော့ အဲယားကွန်းက ရှေ့ခန်းရော၊ နောက်ခန်းပါ ပါတယ်၊ အဲယားကွန်းအတွက် ဂကစ်ထည့်ပိုက်တွေ၊ လေအေးပိုက်တွေ ဆီစား သက်သာအောင် လုပ်ထားတဲ့ လေပိုက်တွေကလည်း ဟိုဟာ ဒီသွား၊ ဒီဟာ ဟိုသွား တကယ့်ကို ရှုပ်မှရှုပ်၊ နောက်ပြီး အီလက်ထရောနစ် ဆာကစ်(circuit)တွေက အပြည့်နဲ့ အမေသာမြင်ရင်တော့ ဘာပြောမလဲ မသိဘူး။ ခေတ် တစ်ခေတ်နဲ့ တစ်ခေတ် ကွာခြားသွားတာဟာ တကယ့်ကို အံ့မခန်းစရာပါ။

ဘောက်ဆောကား ဆီပိတ်နေတာကို ပြင်နေတဲ့ အစ်ကိုကြီးနဲ့ မက္ကင်းနစ်တို့ကို ကျွန်တော်တို့ အားလုံး ဝိုင်းအုံပြီး စိတ်ဝင်တစားနဲ့ ကြည့်နေကြတာကို ရှုပ်ရင်များရှိက်ထားလိုက်ရရင် ဘယ်လောက်

ကောင်းမလဲလို့ တွေးမိပါတယ်။ ဒီလိုနဲ့ ဟိုလုပ်၊ ဒလုပ် နောက်ဆုံးရောက်တော့ ဆီလိုင်းတွေ ပွင့်သွားပြီဆိုတော့ မက္ကင်းနစ်ကြီး ကားပေါ်တက် စက်နှိုးလိုက်တာ ဝူးကနဲဆိုပြီး တစ်ခါတည်း နိုးသွားပါတော့တယ်။ ကျွန်တော်တို့တတွေ ဝမ်းသာလိုက်ကြတာ။ ကားပျက်လို့ လမ်းမှာကြာနေတာဟာ ကျွန်တော်တို့အတွက် ဘာမှ သိပ်ထူးထူးခြားခြား မဟုတ်ပါဘူး၊ ဟိုရပ်၊ ဒီရပ်၊ ဟိုဟာဝယ်စား၊ ဒဟာဝယ်စားနဲ့ ပျော်ဖို့တောင် ကောင်းပါသေးတယ်။ ဒါပေမယ့် ဘောက်ဆောကားကြီးနဲ့ ရန်ကုန်က မနက်ထွက်လာပြီးတော့ ညနေရောက်မယ် ပြောထားလို့ မျှော်နေမယ့် အမေ့ကို တေးမိပြီး ဝမ်းတွင်းကို ရောက်ချင်စိတ်တွေ အပြည့်နဲ့ စိတ်ဆန္ဒတွေလောမိပါတယ်။ အမေက ကျွန်တော်တို့ စားဖို့ ထမင်းဟင်းတွေချက်၊ အိပ်ဖို့ နေရာတွေပြင်၊ လိုလေသေးမရှိ အကုန်လုပ်ထားပြီး ညနေ ၄း၀၀ နာရီလောက်ကတည်းက ဝမ်းတွင်း တိုက်ရှေ့ထွက်ပြီး ဝမ်းတွင်းမြို့ထဲကို ဝင်လာမယ့် သုံးမြောင်းဆုံကားလမ်း ဘက်ဆီကို တမျှော်မျှော် ဖြစ်နေမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ ဘောက်ဆောကားကြီး အဲဒီအချိန်မှာ ကတော့ ညောင်လေးပင် အထွက်မှာပဲရှိနေပါသေးတယ်။ အဲဒီလို ကားပျက်လို့ ကြာနေလေ အမေမျှောနေမှာ ကို တွေးမိပြီး အမေ့ကို သနားမိလေဖြစ်ရပါတော့တယ်။ ကျွန်တော်တို့ဘောက်ဆောကားကြီး အချိန်တန်လို့ ရောက်မလာသေးဘူး ဆိုကတည်းက အမေ ဟိုတွေး၊ ဒတွေး လျှောက်တွေးပါတော့မယ်။ အခုခေတ်လို ဖုန်းတွေက များများစားစားမရှိသေး၊ ဟန်းဖုန်းလည်းမရှိ၊ တစ်နေရာနဲ့ တစ်နေရာ ဆက်သွယ်ရတာ သိပ်ကို ခက်မှခက်ဆိုတဲ့ အခြေအနေမျိုးမှာ အမေ့ကို လှမ်းပြောလို့လည်း မရ၊ တော်တောကို စိတ်ဆင်းရဲရတဲ့ ဘ၀ပါ။

အမေဟာ သားသမီးတွေ အတွက် စိုးရိမ်ပူပန်မှု သိပ်ကို လွန်ကဲတတ်တဲ့ သူ တစ်ယောက်ဆိုတော့ ကျွန်တော်တို့ ရောက်မလာဘူးဆိုတာနဲ့ ကားများ တစ်ခုခုဖြစ်လို့လား၊ မဟုတ်တာတွေ မဖြစ်ပါစေနဲ့ ဆိုတဲ့ အတွေးပေါင်းစုံနဲ့ အမေရင် ဘလောင်ဆူနေမှာပါ။ အဲလို အချိန်မျိုးမှာ တစ်ယောက်ယောက်က "ကား အက်ဆီဒင့် (accident) များဖြစ်နေလို့လား"လို့ သွားပြောမိလိုက်ရင် အမေက "ဟဲ့ မပြောကောင်း မဆိုကောင်း၊ မဟတ်တာတွေ လာပြောမနေနဲ့" ဆိုပြီး အော်တော့မှာပါ။ ကားပျက်နေတဲ့အချိန်မှာ အဲလို အမေ့အတွက်ကို စိတ်တွေ မကောင်းဖြစ်ရလွန်းတော့ "မျှော်ပေဦးတော အမေရေ၊ သားတို့တော့ ဘောက်ဆောကားနှိပ်စက်လို့ ခရီးမရောက်နိုင်ပဲ ဖြစ်နေတယ်" လို့သာ ကုန်းကုန်းပြီး အော်လိုက်ချင် ပါတော့တယ်။

ကျွန်တော်တို့တွေစိတ်ပျက်လက်ပျက် ဖြစ်နေတုန်းမှာ ဘောက်ဆောကားကြီး စက်လည်းနိုးသွားရော ကျွန်တော်တို့ တအားကိုပျော်သွားကြပါတယ်။ ဘယ်လောက်တောင် ပျော်သွားတယ်ဆိုတာကို ပြန်ရေးပြလို့တောင် ရမှာမဟုတ်ပါဘူး။ ကျွန်တော့်တို့တတွေ တစ်ခါတည်း ကားတံခါးတွေဆွဲဖွင့်ပြီး ကမန်းကတန်းဝင်ထိုင်လိုက်ကြပါတယ်။ အခုခဏတော့ ပျော်ကြပေမယ့်လို့ ဒီလိုဘောက်ဆောကားကြီး

ပျက်လိုက်၊ စိတ်ပျက်လိုက်၊ ပြင်လို့ကောင်းသွားရင် ပျော်လိုက်နဲ့. ဘယ်လောက်ကြာကြာများသွားရဦးမလဲလို့ တွေးမိရင်းန. စိတ်ပန်းလူပန်းဖြစ်မိပါတယ်။

ဒီတစ်ခါတော့ အစ်ကိုကြီးနဲ့. မက္ကနစ်တို့. စိတ်ရှည်လက်ရှည်နဲ့. ဆီလိုင်းအားလုံးထဲကရေနဲ့. အမှုန်တွေကုန်အောင် အကုန်လုံး ဖောက်ချပြီး သန့်ရှင်းအောင် လုပ်ထားတာဆိုတော့ တော်တော်လေး ကောင်းသွားပြီး ဘောက်ဆောကားကြီး ဒုက္ခပေးတော့မှာမဟုတ်ဘူးလို့. ထင်လိုက်မိကြပါတယ်။ ဒီလိုနဲ့. ဘောက်ဆောကားကြီး ဝမ်းတွင်းမြို့ကို ဦးတည်ပြီး ဆက်ထွက်လာခဲ့ပါတော့တယ်။ ဘောက်ဆောကား မောင်းနေတဲ့ အစ်ကိုကြီးက "ဒီတစ်ခါ ဆီလိုင်းအားလုံး ပွင့်သွားပြီထင်တယ၊ ကားမောင်းရတာ အရသာရှိလိုက်တာ၊ လဗာမနင်းပဲကို ကားက သွားနေသလို ဖြစ်နေတယ်" လို့ ပြောပါတယ်။ ဘောက်ဆောကြီး ဆီပိတ်လို့. ရပ်သွားတော့ကို ညနေ ၅း၀၀ နာရီထိုးနေပြီ ဆိုတော့ ကားပြင်ပြီး စထွက်တဲ့အခါ ၆း၀၀နာရီ နီးပါးဖြစ်နေပါပြီ။ အဲတော့ နည်းနည်းလေး စမှောင်နေပါပြီ။ ဒီလိုနဲ့. ကားပြင်ပြီး ထွက်လာလိုက်တာ နာရီဝက်လောက်ကြာတော့ နေလုံးကြီး လုံး၀ ပျောက်သွားပြီး လုံးလုံးကြီးကို မှောင်သွားပါတော့တယ်။ ကားမောင်းနေတဲ့ အစ်ကိုကြီးက မီးဖင့်ရတော့မယ်ဆိုပြီး ဘောက်ဆောကားကြီးရဲ့ မီးကြီး ခလုတ်ကို ဖွင့်ပါတယ်။ ရှေးတုန်းကကားတွေရဲ့ မီးကြီးဆိုတာက သိပ်လင်းတာ မဟုတ်ပါဘူး။ ကျွန်တော့်သားလေး ထူးခိုင်ဝင်းဆိရင် သူ့ရဲ့ကားမှာ နောက်ဆုံးပေါ် မီးလုံးတွေ အကုန် ပြောင်းတပတာပါ။ သူ့ကားမီးထိုးလိုက်ရင် ကားရှေ့ဘေး ဘယ်ညာ နေရာအနှံ့. ကြည်ပြာပြီး ဖြူဖွေးနေတဲ့ ကားမီးရောင်တွေ လင်းသွားတာပါ။ နေ့ခင်းအလင်းရောင်လိုကို မြင်ရတဲ့ အခုခေတ် ကားမီးတွေပါ။ ကျွန်တော့် ဘောက်ဆောကား မီးကြီးကတော့ မီးအစွမ်းကုန်ဖွင့်ပြီး ထိုးထားတာတောင် ခပ်ဝါဝါဖန့်.ဖန့်. မှိန်မှိန် ကားရှေ့ ၅ပေ ၆ပေ လောက်ပဲ မြင်ရပါတယ်။ ကားမီးထွန်းထားတယ်သာ ပြောတယ်၊ ကားရှေ့ကိုဘာမှ သိပ်သဲသဲ ကွဲကွဲမြင်ရ တွေ့ရတာ မဟုတ်ပါဘူး။ အဲဒါကြောင့် အစ်ကိုကြီးဟာ မျက်လုံးနှစ်လုံးကို ပြူးပြဲနေအောင် ကြည့်ပြီး ဘောက်ဆောကားကြီးကို မောင်းရပါတော့တယ်။

ညောင်လေးပင်က ထွက်အပြီး နောက်တစ်နာရီကျော်ကျော်အထိ ဘောက်ဆောကားကြီး စိတ်လိုလက်ရ သဘောကောင်းကောင်းနဲ့. သွားနေလိုက်တာ စိတ်ချမ်းသာစရာပါ။ ကားကြီးပျက်တော့မှာ မဟုတ်ဘူးလို့လည်း တွေးလိုက်မိကြပါတော့တယ်။ ကျွန်တော်က "ကိုကို၊ ကျွန်တော်တို့. မအိပ်ပဲ တစ်ညလုံး မောင်းသွားရင် မိုးလင်းလောက်တော့ ဝမ်းတွင်းရောက်မယ်ထင်တယ်" လို့. ပြောလိုက်မိပါတယ်။ အစ်ကိုကြီးက "အေး ဟုတ်တယ်ကွ၊ တို့. နားနားနေနေ ဖြည်းဖြည်းမှန်မှန်နဲ့. ဝမ်းတွင်းရောက်အောင် မောင်းသွားကြတာပေါ့" လို့. ပြောပါတယ်။

ဒီလိုနဲ့ စကားလေးတပြောပြော မောင်းလာလိုက်ကြတာ ကျွန်တော်တို့ ဖြူးမရောက်ခင် ညောင်ပင်သာရွာနားကို ရောက်လာပါတယ်။ အစ်ကိုကြီးက "ဖြူးမှာ ဒေါ်သန်းနုတို့ ရှိတယ်။ ခဏ ဝင်ချင်ရင် ဝင်လို့ရတယ်၊ ဒေါ်သန်းနုဆိုတာက တို့ ဘကြီးသန်းတို့ဘက်က အမျိုးလေကွာ၊ မင်းသိတယ် မဟုတ်လား" လို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်က "ကိုကို ဝင်ချင်ရင် ဝင်လေလို့" ပြောလိုက်ပါတယ်။ အဲလို ပြောနေတုန်းမှာပဲ ကျွန်တော်တို့ရဲ့ ဘောက်ဆောကားကြီးဟာ ဝုန်းဆို အသံကြီးမြည်ပြီး ကားလမ်းပေါ်က ချိုင့်ကြီးတစ်ခုထဲကို ကျသွားပါတော့တယ်။ ကားမီးကလည်း ခပ်မှိန်မှိန်ဆိုတော့ ကားလမ်းက ချိုင့်ကြီးကို ဘယ်မြင်မလဲ။ အစ်ကိုကြီးကလည်း မောင်းကောင်းကောင်းနဲ့ ဘောက်ဆောကားကြီးကို အရှိန်နဲ့ တအား မောင်းလာတုန်း ရုတ်တရက် ဘွားကနဲပေါ်လာတဲ့ ကားလမ်းချိုင့်ကို လုံးဝ မရှောင်နိုင်တော့ပဲ တစ်ခါတည်း ဘောက်ဆောကားကြီး ချိုင့်ထဲကို ကျသွားပါတယ်။ ချိုင့်ကြီးက တော်တော့်ကို ကြီးပါတယ်။ ခြောက်လက်မလောက် နက်မယ်ထင်တယ်။ အရှိန်နဲ့ မောင်းလာတာဆိုတော့ ချိုင့်ထဲကို ဘောက်ဆောကား ကြီး ကျသွားပြီး တအားစောင့်မိတာပေါ့။ အစ်ကိုကြီးလည်း ချက်ချင်းပဲ ဘရိတ်အုပ်၊ ကားကိုထိုးရပ် လိုက်ပါတယ်။ ကားရပ်သွားတော့ ဘောက်ဆောကားကြီးဟာ ညာဘက်ကို နည်းနည်းနိမ့်ပြီး စောင်းသလို ဖြစ်နေပါတယ်။ အစ်ကိုကြီးနဲ့ မကင်းနစ် လက်နှိပ်ဓါတ်မီးတွေ ကိုယ်စီနဲ့ ကားပေါ်က ဆင်းသွားကြပြီး ဘောက်ဆောကားကြီးရဲ့ အပျက်အစီး ထိခိုက်မှု ဒဏ်ရာတွေကို လေ့လာလိုက်ကြပါတယ်။ ခဏနေတော့ အစ်ကိုကြီးက "သွားပြီကွာ တို့ကားကြီး နောက်ညာဘက် လေးကျိုးသွားပြီ" လို့ ညည်းညည်းညူညူ စိတ်ပျက်လက်ပျက်နဲ့ ပြောရှာပါတယ်။ ည ၈း၀၀ နာရီကျော်၊ ဧွ၀၀နာရီ နီးနီး မှောင်မှောင်မဲမဲကြီးထဲမှာ ညောင်ပင်သာရွာ အဝင်မှာ ဘောက်ဆောကားကြီး လေးကျိုးပြီး ရပ်သွားပါတော့တယ်။ ကျွန်တော်တို့အားလုံး တော်တော်လေးကို စိတ်ဓါတ်ကျသွားကြပါတော့တယ်။ မကွင်းနစ်က "ကျွန်တော်လည်း လေးတွေကို သေချာ စစ်ခဲ့တာ၊ အခုဟာက ချိုင့်ကြီးက သိပ်ကို ကြီးပြီး အရှိန်နဲ့ ကျတာဆိုတော့ လေးတွေလည်း မခံနိုင်တော့ဘူးပေါ့" လို့ ပြောပါတယ်။ သူကတော့ လေးကျိုးတာဟာ သူ့အပြစ်မဟုတ်ဘူးဆိုတာကို ကာကယ်ပြီး ပြောရှာတာပေါ့။ သူဘာပဲပြောပြော လမိုက်တဲ့ ညမှောင်မှောင်မဲမဲ ကားလမ်းဘေးမှာ လေးကျိုးနေတဲ့ ဘောက်ဆောကားကြီးနဲ့ ကျွန်တော်တို့တစ်သိုက် ဘာဆက်လုပ်ရမှန်းမသိပဲ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောနိုင်၊ မရယ်နိုင်၊ ငြိမ်သက်ပြီး ရပ်နေလိုက်ကြမိပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

အသည်းရောဂါအထူးကုဆရာဝန်ကြီး

MOVIES

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၆)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

ဖြူးမှာ တစ်ညအိပ်

ချိုင့်ကြီးထဲကျပြီး လေးကျိုးသွားတဲ့ ဘောက်ဆောကားကြီးဟာ တခြမ်းကြီးစောင်းနေပါတယ်။ ဒါပေမယ့် ကားအင်ဂျင်ကို ထိတာမဟုတ်တော့ ကားကတော့ စက်နှိုးလို့ရနေပါသေးတယ်။ ဒရိုင်ဘာကလွဲလို့ ကျွန်တော့်တို့အားလုံး ဘောက်ဆောကားပေါ်ကဆင်းပြီး ချိုင့်ကြီးထဲကို ကျနေတဲ့ ကားကို ဝိုင်းမကြရတာပေါ့။ အဲဒီလို မ ထားတုန်း ဒရိုင်ဘာက ကားကြီးကို ဖြေးဖြေးမောင်းတင်လိုက်တော့ ကားဘီးတွေ ချိုင့်ကြီးနဲ့ လွတ်သွားပြီး ကားလမ်းပေါ်ကို ပြန်ရောက်သွားပါတယ်။ လေးကျိုးတဲ့ဘက်က နိမ့်နေပြီး ကားကြီးကတော့ စောင်းနေတုန်းပါပဲ။ ဒရိုင်ဘာက "အားလုံးတက်ကြ၊ ဖြေးဖြေးထိန်းမောင်းသွားလို့ ရတယ်" လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်တို့တတွေ ဘောက်ဆောကားကြီးပေါ်ကို ပြန်တက်ကြပြီး ဒရိုင်ဘာက ကားကို ဖြေးဖြေးလေးမောင်းပြီး ညောင်ပင်သာကနေ ဖြူးကို သွားပါတော့တယ်။ လေးကျိုးနေပေမယ့်လည်း ကားကြီးတစ်ဘက်နိမ့်ဖြစ်နေတာကလွဲလို့ ဘာမှမဖြစ်ပဲ ကားကို ကောင်းကောင်းကြီး မောင်းလို့ရပါတယ်။ ဒါပေမယ့် လေးကျိုးထားတော့ ကားကို ညာပြီး ရွေ့တယ်ဆိုရုံ မောင်းရတာပေါ့။ ဘာမှ သိပ်မဝေးလှတဲ့ ညောင်ပင်သာနဲ့ ဖြူးကို လိပ်သွားသလို သွားပြီး ထိန်းမောင်းလိုက်တာ (၁)နာရီလောက်ကြာတော့ ဖြူးမြို့ထဲကို ဝင်လာပါတယ်။ ကျွန်တော်တို့လည်း ခပ်မေ့မေ့ ဖြစ်နေတဲ့ အဖေ့ရဲ့ အစ်ကို အငြိမ်းစား သစ်တောဝန်ထောက်ဘကြီးသန်း(ဦးဘသန်း) နေခဲ့ဖူးတဲ့ ပင်စင်လမ်းကို သွားဖို့ ဟိုမေး ဒီမေး မေးရပါတယ်။ နောက်ဆုံး ပင်စင်လမ်းထဲရောက်သွားတော့မှ အမျိုးတွေ အိမ်ကို လိုက်မေးတော့ ဒေါ်လေး ဒေါ်သန်းနုတို့ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပါတယ်။ အကျိုးအကြောင်းပြောပြ အဲဒီမှာပဲ စခန်းချ၊ အိပ်ဖို့ပြင်ရတာပေါ့။ အချိန်က ည(၈)နာရီကျော်နေပြီ၊ ထမင်းကလည်း မစားရသေးဆိုတော့ ဒေါ်လေးကို ကျွန်တော်တို့ အပြင်သွားစားမယ်ဆိုပြီး မြို့ထဲဘက်က တရုတ်ထမင်းဆိုင်တန်းတွေဆီကို သွားကြပါတယ်။ ဘီယာလေးဘာလေးသောက်ပြးတော့မှ ထမင်းစားကြတော့ စားလည်းပြီးရော ည ၁၀း၀၀နာရီလောက် ဖြစ်နေပါပြီ။ ဘီယာအရှိန်လေးနဲ့ ခပ်မြောက်မြောက်လေးဖြစ်ပြီး ကျွန်တော်တို့ အုပ်စုလိုက် ဆူဆူညံညံ စကားတွေပြောပြီး တရုတ်ဆိုင်ကနေ အိမ်ပြန်လာကြတာ အိမ်နားရောက်ခါနီးတော့ အသုဘ ပြင်ထားတာ တစ်ခုနဲ့ ရင်ဆိုင်

ရပါတယ်။ နယ်မှာ အသုဘပြင်တယ်ဆိုတာ အိမ်ရှေ့မှာ ဝါးနဲ့ စင်ထိုးထားပြီး ခေါင်းကို ဒီတိုင်း တင်ထားတာပါ။ တစ်ခါတစ်လေ ခေါင်းပေါ်မှာ ထမင်း၊ ဟင်း ပန်းကန်လေးတွေ တင်ထားပါသေးတယ်။ ကျွန်တော်တို့ ဖြူး ပင်စင်လမ်းထဲက အသုဘကလည်း ဒီလိုပဲ အိမ်ရှေ့မှာ ပြင်ထားတာပါ။ မဏ္ဍပ် တွေ ဘာတွေလည်း မရှိ၊ အသုဘအိမ်မှာ စောင့်ပြီး အိပ်တဲ့လူ ဖဲရိုက်တဲ့ လူလည်း မရှနဲ့ အသုဘအိမ်က မှောင်မည်းနေပါတယ်။ အသုဘ ပြင်ထားတာက လမ်းနဲ့လည်း တော်တော်နီးပါတယ်။ လမ်းမီးရောင် ခပ်မှောင်မှောင်အောက်မှာ အသုဘကို တွေ့ရတာ ကြောက်စရာ၊ စိတ်ခြောက်ခြားစရာပါ။ အထူးသဖြင့် အစ်ကိုကြီး ဦးတင်နွယ်ဟာ သိပ်ကြောက်တတ်ပါတယ်။ အဲတော့ “လာဟေ့ ပြေးကြရအောင်ဟေ့” ဆိုပြီး အစ်ကိုကြီးဟာ ရှေ့ဆုံးကနေ ပြေးပါတော့တယ်။ လွန်ခဲ့တဲ့ အနှစ် ၃၀ ကျော်က ဖြစ်ရပ်ပေမယ့် အသုဘခေါင်းပေါ်က ကိုပါကြီးဆိုတဲ့ နာမည်ကို မှတ်မိနေပါသေးတယ်။ ဦးတင်နွယ်က “ဖိုးပါကြီး ဟေ့” ဆိုပြီး အော်ပြေးတော့ ကျွန်တော်တို့လည်း နောက်ကနေ အပြေးအလွှား လိုက်ရတော့တာပေါ့။ ဒေါ်လေးအိမ်ရောက်တော့ ကြောက်ကြောက်နဲ့ စောင်တွေခြုံပြီး ကွေးလိုက်တာ တကြိုးတည်း အိပ်ပျော်သွားကြပြီး မိုးစင်စင်လင်းမှပဲ နိုးကြတော့ပါတယ်။

မနက်လင်း မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဒေါ်လေးကို နှုတ်ဆက်ပြီး ကျွန်တော်တို့ ဘောက်ဆောကားကြီးလေးကြိုးတာ ဆက်ဖို့ ဝပ်ရှော့လိုက်ရှာရပါတယ်။ အဲဒတုန်းက ဖြူးမြို့မှာ ကတ္တရာပေလမ်းမကြီးက ရန်ကုန် မန္တလေး သွားတဲ့ လမ်းမကြီး တစ်ခုပဲ ရှိပါတယ်။ အဲဒီလမ်းမကြီးကို အရင်ဆုံးသွားပြီး လက်ဖက်ရည်ဆိုင် ခပ်ကြီးကြီး တစ်ဆိုင်ရှေ့မှာ ရပ်ပြီး လက်ဖက်ရည်သောက်ကြပါတယ်။ မှတ်မှတ်ရရ မလိုင်နံပြား၊ ပဲပြုတ်နံပြားတွေ အားရပါးရ စားကြရင်း စကား ဟိုပြော ဒီပြောနဲ့ ဂးဝဝနာရီလောက် ရောက်သွားပါတယ်။ အဲတော့မှ လက်ဖက်ရည်ဆိုင်က လူတွေ ကို ဝပ်ရှော့ကောင်းကောင်း ဘယ်နားရှိလဲ မေးပြီး ဝပ်ရှော့စီကို ဘောက်ဆောကားကြီးနဲ့ ချီတက်သွားကြပါတယ်။ ဝပ်ရှော့က မန္တလေးဘက် မြို့အထွက်နားမှာပါ။ ကျွန်တော်တို့ကလည်း ဝပ်ရှော့ဆရာ ပါလာတော့ ကျွန်တော်တို့ ဆရာနဲ့ ဆိုင်က ဝပ်ရှော့ဆရာ စကားပြော ဆွေးနွေးကြပြီး ဘောက်ဆောကားကြီးကို ဂျိုက် ထောက်ပြီး လေးတွေ ဖြုတ်ကြပါတော့တယ်။ ဒီလိုနဲ့ နေ့လည်လောက်မှာ လေးတွေ အကုန်ဖြုတ်သွားပြီး ဝပ်ရှော့ဆရာက ဘောက်ဆောကားက လေးကို ဂဟေဆော်ဖို့ သွားအပ်ဦးမယ် ဆိုပြီး ထွက်သွားပါတယ်။ အဲတော့မှ လေးဖြုတ်တာကို ဘေးက ထိုင်ပြီး ငေးကြည့်နေတဲ့ ကျွန်တော်တို့ တစ်သိုက်လည်း ထမင်းစားဖို့ သတိရပြီး ထမင်းဆိုင်လိုက်ရှာရတာပေါ့။ ဝပ်ရှော့နားက တရုတ်ဆိုင်လေးက သပ်သပ်ရပ်ရပ်နဲ့ ဆိုတော့ အဲဒီဆိုင်မှာပဲ စားဖို့ သွားကြပါတယ်။

တရုတ်ဆိုင်ရောက်တော့ ကျွန်တော်က ထမင်းကြော်မှာလိုက်ပါတယ်။ ကျန်တဲ့လူတွေကလည်း တရုတ်ဆိုင်သွားရင် ကျွန်တော်တို့ တတ်သမျှ၊ မှတ်သမျှ မှာနေကြတွေဖြစ်တဲ့ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ တောက်တောက်ကြော်၊ ချိုချဉ်ကြော်တွေ ဆိုတာတွေကို သင့်သလို တစ်ယောက်တစ်မျိုးစီ

မှာကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်မိတ်ဆွေ ပါမောက္ခကြီးတစ်ယောက် ဟာသလေး နှောပြီး ပြောပြဖူးတာကို မှတ်မိပါ သေးတယ်။ "ကျွန်တော်က မိန်းမနဲ့ ကလေးတွေကို တရုတ်ဆိုင်ခေါ်သွားပြီး 'ငါ တရုတ် ထမင်းဟင်း မှာတတ်တယ်' လို့ စတိုင်နဲ့ ပြောလိုက်ပြီး စားပွဲထိုးကို လှမ်းခေါ်လိုက်ပြီး 'ဟေ့ ငါတို့ကို ထမင်းကြော်တစပွဲ ၊ ကြာဇံကြော်တစ်ပွဲ၊ ခေါက်ဆွဲကြော်တစ်ပွဲပေး ပြီးတော့ ဟင်းကတော့ တောက်တောက်ကြော်၊ အစိမ်းကြော်နဲ့ ချိုချဉ်ကြော်ပေးကွ' လို့ ပြောလိုက်ပါတယ်။ အဲဒီလိုပြောပြီးတဲ့ နောက်မှ ကျွန်တော်က မိန်းမကို 'ဒီတစ်ခါ ငါ မင်းတို့ စားဖူးအောင် ထူးထူးဆန်းဆန်း ဟင်းတွေထပ်မှာ ပေးဦးမယ်' လို့ ခပ်တည်တည်ပြောလိုက်ပြီး စားပွဲထိုးလေးကို ဒို့ကို ကုန်းဘောင်ကြီးကြော်နဲ့ ၁၂မျိုး ဟင်းချိုပါ ချက်ခဲ့' ဆိုပြောလိုက်တော့ ကျွန်တော့်မိန်းမနဲ့ သားသမီးတွေက ကျွန်တော့်ကို တအံ့တသြ ငေးပြီး ကြည့်နေကြတာ၊ ငါ့ယောကျ်ားဟာ တော်တော် ခေတ်မီတာပဲ တရုတ်ဆိုင်က ဟင်းတွေ မှာတာကလည်း အရမ်းကျွမ်း၊ ဒို့မကြားဖူးတဲ့ ကုန်းဘောင်ကြီးကြော်နဲ့ (၁၂)မျိုးချိုတွေလို ဟင်းအထူးအဆန်းတွေလည်း သိလိုက်တာ ငါတို့များ ကိုယ့်ဘာသာကိုယ် တရုတ်ဆိုင်များသွားရရင် ဒုက္ခရောက်မှာဆိုတဲ့ အတွေးမျိုးတွေ ပေါက်နေကြတာဗျ" လို့ ပြောပါတယ်။ ဒါဟာ ကျွန်တော်တို့ခေတ်ကို ထင်ဟတ်တဲ့ ဟာသပါ။ ကျွန်တော်တို့ တက္ကသိုလ် ရောက်ခါစ က တရုတ်ဆိုင်ဆိုတာမှာ ဟင်းမှာမယ်ဆိုရင် အခုပြောသလောက်ပဲ သိကြတာပါ။

ကျွန်တော် ထမင်းကြော်မှာတာနဲ့ ပတ်သက်လို့ ပြောစရာရှိပါသေးတယ်။ ကျွန်တော်ရှေ့မှာ အကြိမ်ကြိမ် ပြောခဲ့သလို အမေဟာ အငယ်တုန်းက ကျွန်တော်တို့ကို သူကိုယ်တိုင် အိမ်မှာပဲ ချက်ပြုတ်ကျွေးလေ့ ရှိပါတယ်။ ဆိုင်က ဝယ်ကျွေးတယ်ဆိုတာ မရှိပါဘူး။ ဒါပေမယ့် ဧည့်သည်လာတယ် ဆိုရင်တော့ အမေက တရုတ်ဆိုင်က ထမင်းဟင်း ဝယ်ကျွေးလေ့ရှိပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းမြို့မှာ တစ်ခုတည်း ရှိတဲ့ သုံးမြောင်းဆုံက အီကင်းတရုတ်ဆိုင်က တရုတ် ထမင်း ဟင်းတွေ ဝယ်ခိုင်းလေ့ ရှိပါတယ်။ ကျွန်တော်တို့ အီကင်းဆိုင်ကို သွားပြီး အဲလို သွားဝယ်ကြရင် ဟင်းပွဲတွေ ထိုင်ဖတ်နေတုန်း သူများတွေ စားနေကြတဲ့ ထမင်းကြော်ပွဲကြီးတွေကို ငေးပြီး ကြည့်မိခဲ့ရတာကို သတိရပါသေးတယ်။ အသားတွေ အရွက်တွေ အပြည့်နဲ့ ကြာညို့လေးနဲ့ ရောကြော်ထားတဲ့ ခပ်ညိုညိုထမင်းကြော် ပန်းကန် အမောက်ကြီးပေါ်မှာ ကြက်ဥကြော် အကြီးကြီး တစ်ခု တင်ထားတာကို ကြည့်ပြီး သွားရည်တမြားမြား ကျခဲ့ရပါတယ်။ အဲဒီတုန်းက ထမင်းကြော် တစ်ပွဲ တစ်ကျပ်ပါ။ ဧည့်သည်လာရင် အမေက ကျွန်တော်တို့ကို တရုတ်ဆိုင်သွားပြီးတော့ ထမင်းကြော်၊ တောက်တောက်ကြော်ကို အမြဲ ဝယ်ခိုင်းလေ့ ရှိပါတယ်။ ဧည့်သည်ကို အိမ်မှာ အမေကိုယ်တိုင် ချက်တဲ့ ထမင်းဟင်းတွေ ချကျွေးတဲ့အပြင် တရုတ်ဆိုင်က ထမင်းကြော်၊ တောက်တောက်ကြော်ကို ပန်းကန်လေးတွေနဲ့ နည်းနည်းခွဲပြီး ကျွေးပါတယ်။ ဧည့်သည်ပြန်သွားမှ ကျန်ခဲ့တဲ့ ဆိုင်ကထမင်းကြော်နဲ့ တောက်တောက်ကြော်ကို ကျွန်တော်တို့ ညီအစ်ကိုတွေ ခွဲဝေပြီး အလုအယက် စားကြရ ပါတယ်။ တရုတ်ဆိုင်မှာ ဟင်းသွားဝယ်ပြီး စောင့်နေတုန်းကတည်းက တခြားဝိုင်းတွေမှာ စားနေကြတဲ့ ထမင်းကြော်ပွဲကြီးတွေကို ငမ်းပြီး စားချင်ခဲ့တာ၊ ဧည့်သည်ပြန်မှ ကျွန်တော်တို့ မဆို့မပို့

ရေနွေးကြမ်း ပန်းကန်လုံးလောက်လေးကို အငမ်းမရ စားကြရတာ သိပ်အရသာ ရှိပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းမြို့ လေးတန်းကျောင်းသား ဘဝလောက်က ကျွန်တော့်အတွေး ကျွန်တော့်ရဲ့ ဆန္ဒဆုတောင်းကို မရှက်မကြောက် အမှန်အတိုင်း ပြောပြချင်ပါတယ်။ အခုပြောခဲ့သလို တရုတ်ဆိုင်မှာ သူများ စားနေတဲ့ ထမင်းကြော်ပန်းကန် မောက်မောက်ကြီးပေါ်မှာ ကြက်ဥကြော် တစ်လုံး ဖြန့်ထားတာကို ငေးကြည့်ခဲ့ရပြီး အိမ်ရောက်တော့ ဧည့်သည်အကျန် ထမင်းကြော်နည်းနည်းလေးကို လုယက်စားခဲ့ရတဲ့ ကျွန်တော်ဟာ အဲဒီတုန်းက စိတ်ထဲမှာ အမြဲ ကြိမ်ဝါးထားပြီး ဆန္ဒတစ်ခု ရှိခဲ့ပါတယ်။ အဲဒါကတော့ "ငါ ကြီးလာရင် ထမင်းကြော် တစ်ပန်းကန်လုံး ငါတစ်ယောက်တည်း စားနိုင်အောင် ကြိုးစားရမယ်" လို့ တွေးခဲ့တာပါ။ အခု စဉ်းစားကြည့်တော့ တကယ့်ကို ရယ်စရာလို ဖြစ်နေပါတယ်။ ဒါပေမယ့် ကျွန်တော်အငယ်တုန်းက တကယ်ကို အဲလို ထမင်းကြော် တစ်ပန်းကန်လုံးကို စားနိုင်အောင် လုပ်ရမယ်၊ ကြိုးစားရမယ်ဆိုတဲ့ ဆန္ဒ အမှန်တကယ် ရှိခဲ့တာပါဆိုတာ ဝန်ခံပြောလိုက်ပါရစေ။

ဘောက်ဆောခရီးစဉ် ဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့တတွေ ထမင်းစားပြီး ဝပ်ရှော့ကို ပြန်သွားတော့ လေးကျိုးဆက်တာ ပြန်မရသေးပါဘူး။ ညနေ ၃း၀၀ နာရီလောက်ရောက်မှ ဝပ်ရှော့ဆရာ ကျွန်တော်တို့ ဘောက်ဆောကားကြီးက ကျိုးသွားတဲ့ လေးတွေကို ဆက်ပြီး ပြန်လာပါတယ်။ လေးက နှစ်ချောင်းတောင် ကျိုးသွားတာပါ။ ကျွန်တော်တို့ ဝပ်ရှော့ဆရာနဲ့ ဖြူးက ဆရာ နှစ်ယောက်ပေါင်းပြီး လေးတွေ ပြန်တပ်ကြတာ ညနေ ၄း၀၀နာရီလောက်မှာ ပြီးသွားပါတယ်။ ကျွန်တော်တို့လည်း တော်တော်လေး စိတ်ချမ်းသာသွားကြပါတယ်။ ဒါနဲ့ အားလုံး ဘောက်ဆောကားကြီးပေါ်တက်ပြီး တောင်ငူဘက်ကို ဦးတည် ဘောက်ဆောကားကြီးရဲ့ မန္တလေး ခရီးစဉ်ကို ဆက်ခဲ့ကြပါတယ်။

အဲလိုကားနဲ့ ဖြူးကနေ တောင်ငူကို သွားတော့ အငယ်တုန်းက ဘကြီးသန်းရဲ့ ဂျစ်ကားလေးနဲ့ ဇေယျဝတီ၊ တောင်ငူကို သွားရတာ သတိရပါသေးတယ်။ အဲဒီတုန်းက အဖေက တိုက်ကြီးမြို့မှာ ရဲ တိုက်ပိုင်၊ ကျွန်တော်က တိုက်ကြီး အလယ်တန်းကျောင်းမှာ (၃)တန်း တက်နေတာပါ။ နွေရာသီကျောင်းပိတ်ရင် အညာအပြန်လမ်းမှာ ဖြူးက ဘကြီးသန်းဆီတစ်ခါတလေ ဝင်ပါတယ်။ ဘကြီးသန်းက သစ်တောဝန်ထောက် ကနေ အငြိမ်းစား ယူပြီးတော့ ဖြူးမှာ အခြေစိုက်ပါတယ်။ ဘကြီးသန်းရဲ့ ဇနီးက ကြီးကြီးသိုက် (ဒေါ်သိုက်) ပါ။ ဘကြီးသန်းတို့က သားသမီး မရှိတော့ ဒေါက်တာ ဒေါ်စန်းစန်း (အစ်ကိုကြီး ဦးတင်နွယ်ရဲ့ ဇနီး) နဲ့ ကိုတိုးနီ တို့ကို မွေးစားပါတယ်။ ဖြူးမြို့ ပင်စင်လမ်းက ဘကြီးသန်းတို့ခြံဟာ အကျယ်ကြီး၊ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးက ခြံအလယ်မှာ၊ ခြံထဲမှာက သရက်ပင်၊ ပိန္နဲပင် အပင်အကြီးကြီးတွေနဲ့ တောအုပ်ကြီးထဲမှာ နေရသလို ခံစားရပါတယ်။ အဲဒီတုန်းက လေသေနက်နဲ့ ပွိုင့်တူးတူး (point 22) လို့ခေါ်တဲ့ သေနတ်တွေ ကိုင်ခွင့်ရှိတော့ အဲဒီ သေနတ်တွေနဲ့ ကိုတိုးနီတို့ကိုတင်နွယ်တို့ ခြံထဲမှာ ငှက်လိုက်ပစ်လေ့ရှိပါတယ်။ အမေနဲ့ ကျွန်တော်တို့ ညီအစ်ကိုတွေ ဖြူးကိုရောက်ရင် ဖြူးဘူတာကနေ ဆိုက်ကားစီးပြီး ဘကြီးသန်း အိမ်ကို သွားတာ အမှတ်ရစရာပါ။ အမေကတော့ ကျွန်တော် တို့ကို

မျက်စေ့ဒေါက်ထောက် ကြည်ပြီးအမြဲတမ်း တဟဲ့ဟဲ့နဲ့ ထိန်းကျောင်း စောင့်ရှောက်ပါတယ်။ ဘာလို့လည်း ဆိုတော့ ကျွန်တော်တို့က ဘကြီးသန်း အိမ်ရောက်ရင် သိပ်ပျော်ပြီး တအားဆော့ကြလို့ပါ။ ကျွန်တော်တို့တတွေ ခြံကျယ်၊ ဝန်းကျယ် သစ်ပင်တွေအောက်မှာ ပြေးလွှားပြီး သစ်ပင်တက်၊ ခြံတိုးဆိုတော့ စိတ်မချဘူး ဖြစ်တော့တာပေါ့။ ကျွန်တော်တို့ အမျိုးတွေက ဇေယျဝတီ ညောင်ခြေထောက် ကျွဲပွဲဘက်မှာ ရှိသေးတော့ တစ်ခါတလေ ဘကြီးသန်းက “ဒို့ ဇေယျဝတီ သွားကြရအောင်” ဆိုပြီး သူ့ဂျစ်ကားလေးနဲ့ ကျွန်တော်တို့ကိုတင် သူကိုယ်တိုင် မောင်းပြီး သွားပါတယ်။ ဘကြီးသန်းတို့မှာ အယ်လ်ဆေးရှင်း ခွေးကြီး တစ်ကောင်ရှိတော့ ခွေးကြီးပါ ကားပေါ်တင်ပြီး သွားတာ။ ခွေးကြီးက ခေါင်းကို ဂျစ်ကားအပြင်ထုတ်ပြီး လေတစ်ဝူးဝူးနဲ့ ဂျစ်ကားလေးစီး ဖြူးတံတားကိုဖြတ် တောင်ငူဘက်ကို သွားရတာကို သိပ်သတိရမိပါတယ်။ အခု ဖြူးကလူတွေဆေးခန်းလာပြကြလို့ ပဇစင်လမ်းက ဘကြီးသန်း ခြံကျယ်ကြီး အကြောင်း မေးကြည့်တော့ ဖြူးကလူတွေက “ပင်စင်လမ်းထဲမှာ ခြံအကျယ်ကြီးတွေ မရှိတော့ဘူး။ စိတ်ပိုင်းပြီး ခပ်သေးသေး ခြံလေးတွေပဲ ရှိတော့တယ်” လို့ပြောပါတယ်။ ဘကြီးသန်းတို့ ကြီးကြီးသိုက်တို့ ဆုံးပြီးတဲ့ နောက် အဖေတို့ ဦးလေးကြီး ဦးမောင်ကလေးတို့ကလည်း ဘကြီးသန်းတို့ ခြံကို စိတ်ဝင်တစားမရှိကြတော့ ဖြူးနဲ့ အဆက်အသွယ်တွေ ပြတ်သွားပြီး အဲဒီခြံကြီးကို ဘယ်သူတွေ ရလို့ ဘာတွေ ဖြစ်သွားတယ်ဆိုတာ မသိတော့ပါဘူး။ ကျွန်တော်တို့ ဘောက်ဆောကားကြီး ဖြူးကိုရောက်တော့ ပင်စင်လမ်းမှာ ဒေါ်လေး ဒေါ်သန်းနုပဲ ရှိပါတော့တယ်။

ဒီလိုအတွေးတွေ တွေးမိရင်း ဖြူးမြို့က ထွက်လာတာ ဖြူးမြို့အထွက်က ဖြူးတံတားနားကို ရောက်လာပါတယ်။ ညနေရီစောင်းမှာ ဝပ်ရွှေ့ဆရာက အရှိန်ကောင်းကောင်းနဲ့ မောင်းလာတာ ဖြူးတံတားမရောက်ခင်လေးမှာ ဝုန်းဆို ချိုင့်ကြီးတစ်ခုတည်း ကျသွားပြီး ဘောက်ဆောကားကြီး လေးကျိုးသွားပြန်ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

စာရေးသူဇနီးဒေါက်တာဒေါ်ခင်လေးရီ၊စာရေးသူ၊ အစ်ကိုကြီး ဦးတင်နွယ်၊
ဦးတင်နွယ်ဇနီး ဒေါက်တာဒေါ်စန်းစန်း(နောက်တန်း ဝဲမှယာ)
ညီမ ဒေါ်အေးအေးခိုင်၊ ဦးခင်မောင်တင့်ဇနီး ဒေါ်ကြည်ကြည်၊ အစ်ကိုလတ် ဦးခင်မောင်တင့်
(ရှေ့တန်းဝဲမှယာ)

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၇)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီး၀ယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

ဖျူးကနေတောင်ငူကိုဆက်

ဖျူးအ၀င် ညောင်ပင်သာမှာ ဘောက်ဆောကားကြီး လေးကျိုးလို့ ဖျူးမြို့မှာတစ်ညအိပ်ပြီး ကားပြင်လေးပြနဆက်ပြီး ထွက်အလာ ဖျူးမြို့အထွက် ဖျူးချောင်းတံတားနားမှာ ဘောက်ဆောကားကြီး ဒုတိယအကြိမ် လေးကျိုးသွားတော့ ညနေ(၅) နာရီကျော် နေ၀င်ချိန် ဖြစ်နေပါပြီ။ အဲလို ဘောက်ဆောကားကြီး လေးကျိုးပြန်ပြီဆိုတော့ ကျွန်တော်တို့အဖို့ တကယ်ဒုက္ခကြုံရပြန်တာပါ။ အဲလို တဖြူးတည်း ဖြူးပြီး ဖြူးမြို့မှာ အချိန်ကုန်ခံ ကားပြင်ခဲ့ပြီးပြီဆိုတော့ ဖြူးမြို့ထဲကိုလည်း နောက်တစ်ခါ ပြန်မသွားချင်ကြတော့ပါဘူး။

အစ်ကိုကြီးဦးတင်နွယ်က “ဒို့ကားကြီး လေးကျိုးနေလည်း ဖြစ်သလိုပဲ ဆက်သွားကြရအောင်ကွာ၊ ဖြူးကိုတော့ ပြန်မ၀င်ချင်တော့ဘူး၊ လေးကျိုးတာပဲ၊ ဖြည်းဖြည်းထိန်းမောင်းသွားရင် တောင်ငူတောရောက်သွားမှာပါ” လို့ ပြောပါတယ်။ ကျွန်တော်တို့အားလုံးကလည်း ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာ နောက်ပြန်မလှည့်ချင်ပဲ ရှေ့ကိုပဲ ခရီးဆက်သွားချင်တဲ့ ဆန္ဒတွေ ဖြစ်နေပါတယ်။ ဘာလို့တုန်းဆိုတော့ ရန်ကုန်က စထွက်ကတည်းက ဘောက်ဆောကားကြီးက ဟိုဖောက်ဒီဖောက်နဲ့ ခရီးက မရောက်နိုင်၊ မတွင်ဆိုတော့ ခဏ ခဏ နားရတာကို စိတ်ကုန်နေပါပြီ။ အဲတော့ ကားလေးကျိုးနေမှန်းသိလည်း ရှေ့ကို ဆက်သွားချင်စိတ်တွေပဲ ပေါ်နေပါတယ်။ ရန်ကုန်ကထွက်လာတာ နှစ်ရက်လုံးလုံး ရှိနေပြီဖြစ်ပေမယ့် ခရီးကမတွင် အခုမှ ဖျူးအထွက်ပဲ ရှိနေသေးတယ် ဆိုတော့ လူတွေအားလုံး စိတ်ရော ကိုယ်ပါ နမ်းနယ်လာကြပြီး “ဘောက်ဆောကြီးရေ နေကောင်းအောင် နေနော်” ဆိုပြီး ၀ိုင်းဆုတောင်းရမလို ဖြစ်နေကြပါတယ်။

ခရီးထွက်ခါစက ထောက်ကြန့်၊ ပဲခူးလောက်မှာ ဆီပိတ်၊ ချေးပိတ် ကားပျက်တာလောက် ဖြစ်တုန်းကတော့ ဟာသလေး ပြောလိုက်၊ ဆီလေးမှုတ်ပြီး ကားပြန်မောင်းလိုက်နဲ့ ဘောက်ဆောကားခရီးစဉ်ဟာ ပျော်စရာ ဖြစ်နေပါတယ်။ အခုတော့ လေးနှစ်ခါ ကျိုးပြီး အချိန်တွေက ရက်နဲ့ချီပြီး ကြာလာတော့ ကားကြီး ပြန်မှ ကောင်းပါဦးမလား၊ ရှေ့လျှောက်ဘာတွေများ ဒုက္ခပေးဦးမလဲ ဆိုတဲ့ သံသယ

စိတ်တွေ၊ စိုးရိမ်စိတ်တွေ အပြည့်နဲ့ ဖြစ်လာပြီး နည်းနည်း စိတ်ညစ်သလို ဖြစ်လာကြပါတယ်။ အထူးသဖြင့် အမေ့အတွက် တွေးမိပြီး စိတ်မကောင်းဖြစ်မိပါတယ်။ ရန်ကုန်က ထွက်ကတည်းက ညပိုင်းလောက် ဝမ်းတွင်းကို ရောက်မယ်လို့ အမေ့ကို ပြောခဲ့တာ၊ အခုတော့ တောင်ငူတောင် မရောက်သေးဘူး။ ဝမ်းတွင်းတိုက်မှာ အမေတစ်ယောက် ဘယ်လောက်များ စိတ်တွေပူပြီး မျှော်နေမလဲ ဆိုတာကို တွေးမိပြီး အမေ့အတွက် စိတ်ပူရပါတယ်။ တနေကုန်ဖြူးမှာနေ ကားပြင်ခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ မကင်းနစ်ကလည်း "ရပါတယ်၊ လေးကျိုးပေမယ့် ကျွန်တော်ထိန်းပြီး ဖြည်းဖြည်းမောင်း သွားပါမယ်၊ ဖြူးမှာတော့ ကားပြန်မပြင်တော့ဘူး" လို့ ပြောပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ လေးကျိုး တစ်ခြမ်းစောင်း ဘောက်ဆောကားကြီးကို တဖြည်းဖြည်း မောင်းလာလိုက်တာ ပထမဆုံး ဇယျဝတီကိုရောက်လာပါတယ်။ ဇယျဝတီမှာ အဖေ့ဘက်က အမျိုး ဦးသန်းထွန်းဆိုတာ ရှိပါတယ်။ ဒါပေမယ့် ကျွနတော်တို့ ရောကတဲ့အချိန်က နောက်ကျနေတယ်ဆိုတော့ သူ့ကို ဝင်မတွေ့တော့ပဲ ဆက်မောင်းခဲ့ပါတယ်။

လိပ်သွားသလို သွားနေတဲ့ ကျွန်တော်တို့ရဲ့ ဘောက်ဆောကားကြီးဟာ ည(၉) နာရီကျော်လောက်မှာ တောင်ငူမြို့ထဲကို ရောက်လာပါတယ်။ အဒတုန်းက တည်းခိုခန်း၊ ဟိုတယ်ဆိုတာ မရတဲ့ခေတ်ပါ။ ကျွန်တော်တို့ ဘယ်မှာတည်းလို့ ဘယ်မှာ အိပ်ရမလဲ ဆိုတာ မစဉ်းစားပဲ ခရီးဆက်ခဲ့ကြတာပါ။ ဒါပေမယ့် တောင်ငူနဲ့ ပတ်သက်လို့ မှတ်မိနေတာတစ်ခု ရှုတ်တရက် ခေါင်းထဲမှာ ပေါ်လာပါတယ်။ အဲဒါကတော့ ကျွန်တော့ တပည့် မြင်းခြံက ဆရာဝန်မလေး တစ်ယောက်ရဲ့ အဖေဟာ တောင်ငူမှာ ရဲဝန်ထောက်ဖြစ်နေတယ် ဆိုတာပါ။

ဒါနဲ့ ကျွန်တော်တို့ တောင်ငူရဲစခန်းကို သွားပြီး တောင်ငူ ရဲဝန်ထောက်အိမ်ကို မေးမြန်းပြီး လိုက်သွားပါတယ်။ အဲဒီရဲဝန်ထောက်ရဲ့ နာမည်ကိုတော့ မမှတ်မိတော့ပါဘူး။ ကျွန်တော်တို့ တသိုက် ဘာမပြော ညာမပြောနဲ့ ရဲဝန်ထောက်အိမ်ပေါ်ကို တက်သွားပြီး "ကျွန်တော် မန္တလေးဆေးရုံကြီး ဖျားနာဆောင် (၂) ဆေးပညာဌာန မှာ သရုပ်ပြဆရာလုပ်နေတဲ့ ဒေါက်တာ ခင်မောင်ဝင်းပါ။ ရန်ကုန်ကနေ ဘောက်ဆောကားဝယ်ပြီး ပြန်လာတာ လမ်းမှာ ကားပျက်နေလို့ အခုမှ တောင်ငူကို ရောက်လာတာပါ။ ကျွန်တော် ဦးရဲ့သမီး ဒေါက်တာ. . . . . ရဲ့ ဆရာပါ။ ကျွနတော်တို့ ဒီနေ့တစ်ည တည်းစရာနေရာမရှိလို့ လာပြီး အကူအညီတောင်းတာပါ" လို့ ပြောလည်း ပြောလိုက်ရော ရဲဝန်ထောက်မင်းက လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာပဲ "ရပါတယ်၊ ဆရာတို့တည်းဖို့ ရဲရိပ်သာမှာ နေရာလုပ်ပေးပါ့မယ်" ဆိုပြီး သူ့တပည့်တစ်ယောက်ကို ခေါ်ပြီး ကျွန်တော်တို့ကို တောင်ငူ ရဲရိပ်သာကို လိုက်ပို့ပါတယ်။

တောင်ငူရဲရိပ်သာဟာ တော်တော်ကို သားသားနားနား သပ်သပ်ရပ်ရပ်ပါ။ ကျွန်တော်တို့ အားလုံးအိပ်ဖို့ ခတင်၊ မွေ့ယာ၊ စောင်၊ ခြင်ထောင် အပြည့်အစုံနဲ့ပါ။ ရေချိုးခန်း အိမ်သာကလည်း သန့်သန့်ပြန့်ပြန့်ပါ။ တစ်နေကုန် နွမ်းနယ်နေတဲ့ ကျွန်တော်တို့တတွေ ရေတွေ အားရပါးရချိုး၊ ပြီးမှ စားဖို့သောက်ဖို့

အပြင်ကို ထွက်ရပါတယ်။ ရဲရိပ်သာက မြို့လည်ခေါင် တောင်ငူဘူတာကြီးနားမှာ ဆိုတော့ စားသောက်ဆိုင်တွေနဲ့လည်း နီးပါတယ်။ ကျွန်တော်တို့ တရုတ်ဆိုင် တစ်ဆိုင်မှာဝင် ဘီယာလေး၊ ရမ်လေးနဲ့ ထုံးစံအတိုင်း ဘဲကင်၊ ဝက်နံရိုးကင်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ တောက်တောက်ကြော် (၁၂)မျိုးဟင်းချို့ တွေ မှာပြီး စိတ်လွတ် ကိုယ်လွတ် ဟီးလေးဟားလေးနဲ့ စားကြသောက်ကြနဲ့ တော်တော်လေး စိတ်တွေပေါ့ပါးပြီး ပျော်သွားကြပါတယ်။

မနက်ရောက်ရင် တွေ့ရမယ့် ဘောက်ဆောရဲ့ ဒုက္ခတွေကို ခဏမေ့ထားလိုက်ကြပြီး မန္တလေးဘီယာ၊ မန္တလေးရမ်ကို ကောင်းကောင်းကြီး အရသာခံသောက်ပြီး အရှိန်တွေရနေတာပါ။ ကြုံတုန်းမှာ အဲဒီတုန်းက ဘီယာနဲ့ ရမ်အကြောင်း ပြောပြချင်ပါသေးတယ်။ ဘီယာဆိုတာ အဲဒီခေတ်အခါက နယ်တွေမှာ မနဲလေးဘီယာဆိုတာ တစ်မျိုးပဲ ရှိပါတယ်။ ရန်ကုန်မှာတော့ နိုင်ငံခြားကလာတဲ့ ဘီယာသဘူးလေးတွေ ရှိပါတယ်။ ဒါပေမယ့် အများစုက မနဲလေးဘီယာပဲ သောက်ကြပါတယ်။ ဘီယာတစ်ပုလင်းကို သုံးကျပ်ပါ။ မန္တလေးဘီယာပုလင်းပေါ်မှာပါတဲ့ Mandalay Beer established since 1886 ဆိုတဲ စာတန်းလေးကို အဲဒီကတည်းက မှတ်မိနေတာပါ။ မင်းတုန်းမင်းကြီး လက်ထက်မှာ ကင်းဝန်မင်းကြီးရဲ့ သံတမန်ဆောင်ရွက်မှုတွေကြောင့် ပြင်သစ်နိုင်ငံနဲ့ အဆက်အသွယ် ကောင်းကောင်းရပြီး ပြင်သစ်ရောက် မြန်မာပညာတော်သင်တွေရဲ့ နည်းပညာယူခဲ့တာကြောင့် ရတနာပုံမင်းနေပြည်တော် မန္တလေးမြို့ကြီးမှာ ဖန်ချကစက်ရုံ၊ ဒေါင်းဒင်္ဂါးစက်ရုံ၊ အမြောက်စက်ရုံတွေ တည်ပေးခဲ့သလို ၁၈၈၆ ခုနှစ်မှာ ဘီယာစက်ရုံကိုလည်း တည်ခဲ့တယ်လို့မှတ်သားခဲ့ရဖူးပါတယ်။ ပြင်သစ်လို ဘီယာကို ဗျဲ (bière) လို့ ခေါ်တော့ မြန်မာလို ဘာသာပြန်လိုက်တော့ ဗျစ်စက်ရုံပေါ့။ အဲလို မင်းတုန်းမင်းကြီး လက်ထက်က ထုတ်လုပ်ခဲ့တဲ့ မန္တလေးဗျစ်စက်ရုံက ထွက်တဲ့ မန္တလေးဘီယာဟာ တော်တော်ကို အဆင့်မြင့်ပြီး သောက်လို့တော်တော် ကောင်းတာပါ။ အဲဒါကြောင့် သမိုင်းအစဉ်အလာရှိတဲ့ မန္တလေးဘီယာဟာ ကျွန်တော်တို့ ခေတ်မှာ ပြိုင်ဘက်မရှိ တစ်ခုတည်းသော မြန်မာပြည်ထွက် မြန်မာအိတ်စ်ပို့ပါ။ ဆက်ပြောရမယ်ဆိုရင် မန္တလေးရမ်ဆိုတာလဲ တော်တော်ကို အဆင့်မြင့် တော်တော်အရသာရှိပြီး လူကြိုက်များတဲ့ မြန်မာနိုင်ငံထွက် အရက်တစ်မျိုးပါ။ နိုင်ငံခြားဝီစကီဆိုတာတွေကို သိပ်မသောက်ကြပဲ မနဲလေးရမ်ပဲသောက်ကြပြီး မန္တလေးရမ်သောက်တယ်ဆိုတာကို ပြောရတာ ဂုဏ်ယူကြတခေတ်ပါ။ မန္တလေးရမ် တစ်ပုလင်းကို ၂၈ ကျပ် ပေးရပါတယ်။ အဲဒီခေတ်အခါက လျှမ်းလျှမ်းတောက် နာမည်ကြီး ပေါ်ပြူလာဖြစ်ခဲ့တဲ့ မြန်မာဘီယာနဲ့ မန္တလေးရမ်ကို သတိရမိပါသေးတယ်။

ဘောက်ဆောခရီးစဉ် ဆက်ပြောရမယ်ဆိုရင် ကျွန်တော်တို့ ထမင်းစားသောက်ပြီး ဝမ်းတွင်းက အမှေ့ဆီကို ဖုန်းဆက်ဖို့ ကြိုးစားကြပါသေးတယ်။ ဒီအချိန်မှာ ဝမ်းတွင်းကို ဖုန်းခေါ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်တို့ စိတ်လျှော့ပြီး ရဲရိပ်သာကို ပြန်သွားအိပ်ကြပါတယ်။

တစ်လမ်းလုံးပင်ပန်း စိတ်မော လူမောဖြစ်လာကြပြီး ဘီယာနဲ့ ရမ် အရှိန်ကလေးကလည်းပါဆိုတော့ ကျွန်တော်တို့တတွေ တစ်ချို့တည်း အိပ်လိုက်ကြတာ မနက်မိုးထိန်ထိန်လင်း (၇)နာရီကျော်မှပဲ နိုးကြပါတော့တယ်။ ကမန်းကတန်း မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဘောက်ဆောကားပြင် ထွက်ဖို့ ပြင်ဆင်ကြရပါတယ်။ ပစ္စည်းတွေအားလုံးသိမ်း၊ ရဲရိပ်သာက ဝန်ထမ်းတွေကို နှုတ်ဆက်၊ ရဲဝန်ထောက်ကြီးကို သွားတွေ့ ကျေးဇူးတင်ကြောင်းပြောပြီး ဘောက်ဆောကားကြီး ထွက်ခဲ့ကြပါတယ်။

ညကတည်းက ရဲရိပ်သာဝန်ထမ်းတွေကို ကားပြင်ဖို့ ဘယ်ဝပ်ရှော့ကို သွားရမလဲဆိုပြီး မေးထားတော့ မနက်လင်းတာနဲ့ အဲဒီဝပ်ရှော့ကို တန်းသွားကြပါတယ်။ ကျွန်တော်တို့ မကင်းနစ်နဲ့ ဝပ်ရှော့ဆရာ စကားတွေပြောကြ၊ ကားပြင်ဖို့ ဈေးတွေပြော၊ နောက်ဆုံးအားလုံး အဆင်ပြေတော့ ကျွန်တော်တို့ ဘောက်ဆောကားကြီးကို ဝပ်ရှော့ရုံထဲမှာ ထိုးရပ်လိုက်ပါတယ်။ ဝပ်ရှော့ဆရာက ပထမဆုံး လေးကိုဖြုတ်မယ်၊ ပြီးတော့မှ ကျိုးနေတဲ့လေးကို တောင်ငူမာ နာမည်အကြီးဆုံး၊ အကောင်းဆုံး ဂဟေဆော်တဲ့ဆိုင်မှာ သွားဆက်ပေးမယ်လို့ ပြောပါတယ်။ အဲဒီနောက် ဘောက်ဆောကားကြီး ဘီးတွေကို ဂျမ်းတုံးတွေခု၊ ကားအောက်မှာ ဂျက်နဲ့ ထောက်ပြီး လေးကျိုးတဲ့ဘက်က ဘီးကို ဖြုတ်ပြီး ကျိုးနေတဲ့ လေးကို ဖြုတ်ဖို့ စီစဉ်ပါတော့တယ်။

အဲဒီအချိန်မှာ မနက်ကတည်းက ဘာမှမစားရသေးတဲ့ ကျွန်တော်တို့ ဗိုက်တွေဆာပြီး တဂွီဂွီမြည်နေကြတော့ လေးဖြုတ်နေတုန်း ကျွန်တော်တို့ တစ်ခုခုသွားစားကြရအောင်လို့ ပြောပြီး ဝပ်ရှော့အပြင်ကို ထွက်ခဲ့ပါတယ်။ တောင်ငူမြို့ဟာ တော်တော်ကို စားစရာ အစုံအလင်ပေါတဲ့ မြို့ပါ။ လမ်းဘေးဘယ်ညာ ဘာကိုစားရမှန်းမသိလောက်အောင် ဆိုင်တွေက ပေါပါတယ်။ ပထမဆုံး မုန့်ဟင်းခါး သောက်မလို့ဆိုပြီး မုန့်ဟင်းခါးဆိုင်ကိုသွားကြည့်တော့ မုန့်ဟင်းခါး အရည်ကျဲဖြစ်နေပါတယ်။ အဲဒီတုန်းက မနှလေးမှာကြီးခဲ့တဲ့ အညာသား ကျွန်တော်ဟာ အညာမုန့်ဟင်းခါး ပဲရည်ပြစ်ပြစ်ကိုပဲ စားတတ်ပြီး အောက်ပြည်က မုန့်ဟင်းခါး အရည်ကျဲကို လုံးဝမသောက်တတ်ပါဘူး၊ ကြိုက်လည်း လုံးဝမကြိုက်ပါဘူး။ နောက်ထပ်ဆိုင်တစ်ဆိုင်ရောက်တော့လည်း ပလာတာ၊ နံပြားတွေ ဖြစ်နေတော့ မစားချင်ကြဘူး။ နောက်ဆုံးတော့ ဘာနဲ့ ကိုက်သွားလည်း ဆိုတော့ လမ်းဘေးမာ ခုံလေးတွေနဲ့ ထိုင်ရတဲ့ ပဲပြုတ်ထမင်းကြော်ပါ။ မြန်မာစတိုင်ပဲပြုတ် ထမင်းကြော်ကို ကျွန်တော်သိပ်ကြိုက်ပါတယ်။ မြန်မာထမင်းကြော်ဆိုတာ ကြက်သွန်နီ ဆီသတ်ပြီး စားတော်ပဲပြုတ်နဲ့ ကြော်တာပါ။ တခါတလေ အရောင်လိုချင်ရင် ကြာညို့လို့ခေါ်တဲ့ ပဲငံပြာရည်လေး ထည့်ကြော်ပေါ့။ အဲလို မြန်မာ ထမင်းကြော်နဲ့ တရုတ်ထမင်းကြော်က ဘယ်လိုကွာလည်းဆိုတော့ တရုတ်ထမင်းကြော်မှာက ဂေါ်ဖီထုပ်တွေ၊ မုန်လာဥနီတွေ ထည့်ပြီး ဝက်သားလေး ပါလေကာလည်း ရောမွှေထားပါသေးတယ်။ အဲလို တရုတ်ထမင်းကြော်မျိုးကို မနက်အစောစားရမှာကို လုံးဝမကြိုက်ပါဘူး။ အခုတော့ မြန်မာထမင်းကြော်ဆိုင်ကို တွေ့ရပြီဆိုတော့ ကျွန်တော်တို့တတွေ ပျော်သွားကြပြီး လမ်းဘေးမှာထိုင်၊ ထမင်းကြော်တွေမှာပြီး အားရပါးရ စားကြပါတယ်။

ဒီလို မနက်စာစားပြီး ကားဝပ်ရှော့ကို ပြန်သွား၊ ဝပ်ရှော့ဆရာ လေးဖြုတ်တာကြည့်၊ လေးသွားဆက်နေတုန်း ဝပ်ရှော့မှာထိုင်ပြီး လူတစ်စု ကျားထိုးနေတာကို ဘေးကနေကြည့်ရင်း အချိန်ဖြုန်းရပါတယ်။ နေ့လည်လောက်ရောက်တော့ ဝပ်ရှော့ဆရာ လေးကြီးထမ်းပြီး ပြန်ရောက်လာပါတယ်။ လေးကျိုးတာကို သေချာလေးဆက်လာခဲ့တယ်တဲ့၊ လေးအတွက်တော့ ဘာမှ စိတ်မပူတော့နဲ့လို့ ပြောပြီး လေးပြန်တပ်ပါတယ်။ အားလုံးပြီးစီးသွားတော့ နေ့လည် (၁၂)နာရီ ကျော်နေပါပြီ။ မနက်(၉)နာရီလောက်မှာ ထမင်းကြော်တွေ ဗိုက်တင်းအောင်စားထားတဲ့ ကျွန်တော်တို့တတွေ ထမင်းမဆာသေးဘူး။ လမ်းရောက်မှပဲစားတော့မယ်ဆိုပြီး ဘောက်ဆောကားကြီးပေါ် တက်ကြပြီး တောင်ငူကနေ ခရီးဆက်ခဲ့ကြပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၈)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်တက်၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆော ကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

တောင်ငူက ထွက်ပြီ

ဘောက်ဆော ကားကြီးပြင်ပြီးတာနဲ့ ကျွန်တော်တို့ တစ်သိုက် တောင်ငူကနေ အေးအေးဆေးဆေး နေ့လည် (၁၂း၀၀)နာရီကျော်မှ ထွက်လာခဲ့ကြပါတော့တယ်။ လူတွေလည်း ပင်ပန်း၊ စိတ်တွေလည်း ပန်း၊ ဘောက်ဆော ကားကြီးက ဘယ်အချိန်မှာ ဘယ်လို ကျွန်တော်တို့ကို ဒုက္ခပေးဦးမယ်မှန်း မသိတော့ ရင်တထိတ်ထိတ်နဲ့ ကားစီးရတာ စိတ်မောစရာပါ။

ဒါပေမယ့် လမ်းတလျှောက်လုံးမှာ ဒုက္ခပေးရတာ အားရသွားပြီ ထင်ပါရဲ့၊ ဘောက်ဆောကားကြီးဟာ တောင်ငူက ထွက်ကတည်းက ဘာမှ သိပ်မဖြစ်တော့ပဲ ကားလမ်းပေါ်မှာ ရှောရှောရှူရှူ ပြေးသွား နေပါတယ်။ တံခါးမှန်တွေ ချထားတော့ လေတွေတိုးပြီး တဝီးဝီးနဲ့ တစ်နာရီ မိုင်လေးဆယ်လောက် မောင်းတာကို တော်တော် မြန်တယ် အောက်မေ့နေရပါတယ်။

ရန်ကုန် မန္တလေး ကားလမ်းမှာ ရန်ကုန်နဲ့ တောင်ငူ အပိုင်းထက် တောင်ငူ မန္တလေး အပိုင်းက အများကြီး လမ်းပိုကောင်းပါတယ်။ အဲတော့ တောင်ငူက ထွက်တာနဲ့ ကားသွားတာဟာ ပိုငြိမ်သွားပြီး လမးမကောင်းလို့ ကားဆောင့်တာ လမ်းပေါ်က ချိုင့်တွေရှိတာကြောင် ကားကို လေးကျိုး ရှုပ်ကျိုး ဒုက္ခပေးနိုင်တာမျိုးတွေ နည်းသွားတာပေါ့။ ဒါပေမယ့် ဘောက်ဆောကားကြီး လမ်းမှာ တစ်ချက်တလေတော့ ဆီလေး ဘာလေး ပိတ်ပါသေးတယ်။ အဲလို ဆီပိတ်ရင် ဘာလုပ်ရမယ်ဆိုတာ ကျွမ်းကျင်သွားပြီဆိုတော့ ဆီပိတ်ပြီဆိုတာနဲ့ ထုံးစံအတိုင်း ကားရပ်၊ ဆီတွေ ပါးစပ်နဲ့ စုတ်ထုတ်ပြီး ဆီမူတ်၊ လေမူတ်၊ ကာဘရိုက်တာ ဂျီး(ချေး)ဆေးနဲ့ လုပ်တတ်သွားပြီဆိုတော့ တော်တော်လေး အဆင်ပြေပါတယ်။ ခဏလုပ်လိုက်တယ်ဆိုတာနဲ့ ကားဆီပိတ်တာ ပြန်ကောင်းသွားပါတယ်။ ပြီးတော့ လမ်းမှာ ဓါတ်ဆီထည့်တဲ့ အခါမှာလည်း သတိတရနဲ့ သကလတ် ဘယ်ရီ ဦးထုတ်နှစ်လုံးနဲ့ စစ်ပြီးထည့်တော့ ရေတွေ အမှုံတွေ ဂျီးတွေကို သကလတစတွေက တော်တော်လေး စစ်ယူစုတ်ယူလိုကပြီးတော့ ကားဆီပိတ်တာ သက်သာသွားတာပေါ့။

ဒီလိုနဲ့ ဘောက်ဆောကြီး ဘာမှမဖြစ် စက်မပျက်ပဲ တဖြည်းဖြည်း မောင်းလာလိုက်တာ ညနေစောင်းလောက်မှာ ပျဉ်းမနားမြို့ကို ရောက်ပါတယ်။ ပျဉ်းမနားမှာ အသိလည်းမရှိ၊

အမျိုးအဆွေလည်းမရှိဆိုတော့ ဘယ်မှာမှ သွားစရာမရှိလို့ မြို့လယ်ခေါင်လမ်းမကြီးမှာရှိတဲ့ လက်ဘက်ရည်ဆိုင် ခပ်ကြီးကြီးတစ်ဆိုင်ရှေ့မှာ ကားရပ်ပြီးခဏဝင်နား၊ လက်ဖက်ရည်သောက်ကြပြီး စကားစမြည် ပြောကြပါတယ်။

ပျဉ်းမနားရောက်ပြီဆိုတာနဲ့ မနလေးတိုင်းထဲ ဝင်လာပြီဆိုတဲ့အသိကြောင့် ကျွန်တော်တို့တတွေ အညာသား မန္တလေးသားတွေဟာ ထုံးစံအတိုင်း အိမ်ရောက်တော့မယ်ဆိုပြီး စိတ်အားတွေ ပိုတက်လာပါတယ်။ ကျွန်တော်တို့က ညတွင်းချင်း မနလေးအထိ အရောက မောင်းမှာ မဟုတ်ပဲ ဝမ်းတွင်းမှာတင် ညအိပ်နားမှာပါ။ အဲတော့ ကျွန်တော်တို့ ရောက်နေတဲ့ ပျဉ်းမနားနဲ့ ကျွန်တော်တို့ သွားရမယ့်ဝမ်းတွင်းဟာ သိပ်မဝေးတော့ဘူးလို့ တွေးမိပြီး ဝမ်းတွင်းမြို့ကို ရောက်ချင်တဲ့စိတ်တွေ ပိုများလာပါတယ်။ ပြီးတော့ ပြောရဦးမယ်ဆိုရင် ပျဉ်းမနားဟာ ကျွန်တော်တို့ မနလေးသားတွေရဲ့ ပိုင်ဆိုင်မှု နယ်နမိတ် မှတ်တိုင်ပါ။ ဘယ်လိုလဲဆိုတာ ရှင်းပြပါမယ်။

ကျွန်တော်တို့ ဆရာဝန်ဖြစ်ခါစ ၁၉၇၅ ခုနှစ် လောက်က မနလေးတိုင်း ဘောလုံးအသင်း နိုင်တယ်ဆိုရင် အောင်ပွဲရ ဘောလုံးအသင်းကို ကြိုဖို့ ဆေးခန်းတစ်ခန်းကို (၃၅၀) ထည့်ရပါတယ်။ ရွှေတစ်ကျပ်သား (၃၀၀) လောက်ခေတ်က (၃၅၀)ဆိုတာ နည်းတဲ့ ပိုက်ဆံမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တ မန္တလေးသားဆရာဝန်တွေ မငြိုမငြင် မန္တလေးတိုင်းဘောလုံးသင်းကို ဂုဏ်ပြုချင်တဲ့ စိတ်နဲ့ အလှူငွေတွေ ထည့်ကြပါတယ်။ အဲလို ပိုက်ဆံတွေ ကောက်ပြီးတော့ မနလေးသားတွေ ဘာလုပ်ကြသလဲဆိုတော့ မနလေးတိုင်းထဲမှာ ရှိတဲ့ မိတ္ထီလာ၊ ဝမ်းတွင်း၊ မြင်းခြံ၊ မေမြို့၊ ပျော်ဘွယ်၊ ရမည်းသင်း စတဲ့ မြို့တွေက ကားတွေ မန္တလေးမှာ လာစုကြပြီး တိုင်းနဲ့ ပြည်နယ် ဒိုင်းဆုကြီးကို ယူပြီး ပြန်လာမယ့် မနလေးတိုင်း ဘောလုံးအသင်းကို ပျဉ်းမနားမြို့အထက် မန္တလေးတိုင်းမှ ကြိုဆိုပါ၏ ဆိုတဲ့ ဆိုင်းဘုတ်အထိ သွားကြိုကြပါတယ်။ နည်းတဲ့ ကားတွေ မဟုတ်ပါဘူး။ အစင်း (၃၀၀) ကျော်လောက်တောင် ပျဉ်းမနားအထိ သွားကြိုကြတာပါ။ အဲဒီခေတ်က တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲတွေဟာ ဘောလုံး ပရိသတ်တွေအတွက် အရူးအမူးပါ။ အခုခတ် ဘောလုံးအသင်း တွေကို အားပေးတာထက် အများကြီး ပိုပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မန္တလေးသားတွေဟာ ကဲကိုကဲကြပါတယ်။ စဉ်းစားကြည့်လေ၊ ကားအစီး (၃၀၀)ကျော်နဲ့လည်း ပျဉ်းမနားကို သွားကြိုတယ်၊ မန္တလေးမြို့ထဲ ဝင်ပြီဆိုတာနဲ့ ဘောလုံးသမားတစ်ယောက်ကို အမိုးဖွင့် မာဇဒါဂျစ်ကား တစ်စီး စီတင်ပြီး လှည့်တယ်၊ လမ်းတစ်လျှောက်လုံးမှာ ဘောလုံးသမားတိုင်းကို ရွှေဒင်္ဂါးပြား၊ စက်ဘီး၊ ရွှေဆွဲကြိုး၊ ပိုက်ဆံ ပစ္စည်းမျိုးစုံ အကုန်ပေးကြတာပါ။

ကျွန်တော်တို့ ခရီးစဉ်အကြောင်း ဆက်ပြောရမယ်ဆိုရင်တော့ ပျဉ်းမနားဟာ ကျွန်တော်တို့ မနလေးသားတွေ အတက် ကိုယ်ပိုင်ဆိုင်ရာ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းဆိုပြီး နယ်နမိတ်သတ်မှတ်ရာ မြို့လေးလို ဖြစ်နေပါတယ်ဆိုတာ ပြောချင်တာပါ။

ပျဉ်းမနားမှာ နားတုန်း အမေ့ဆီကို ဖုန်းဆက်ဖို့ ကြိုးစားကြပါသေးတယ်။ ဒါပေမယ့် ပျဉ်းမနား အတ်ချိန်းက ဘယ်နားမှာရှိလို့ ဘယ်လို ဖုန်းဆက်ရမှန်း မသိ၊ တကယ်လို့အိတ်ချိန်း ရှာတွေ့တောင် အဆက်အသွယ် မရှိဆိုတော့ ဖုန်းဆက်လို့ရမှာမဟုတ်ဘူးဆိုပြီး အမေ့ကို ဖုန်းပြောဖို့ကိစ္စ လက်လျှော့လိုက်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်က ထွက်လာတာ လမ်းမှာ ၂ ည အိပ်ပြီးပြီ၊ အခုထက်ထိ ဝမ်းတွင်းကို မရောက်သေးတော့ ကျွန်တော်တို့ ဘာတွေဖြစ်လို့ ဘယ်လိုတွေများ ဖြစ်နေလည်းဆိုတာတွေးပြီး အမေတော့ စိတ်ပူရှာမှာပေါ့။ ဒါပေမယ့် အဲဒီခေတ်အဲဒီအခါက ဆက်သွယ်ရေး ခက်ခဲတယ်ဆိုတော့ ပျဉ်းမနားလို တောင်ဥလို မြို့ကြီးတွေမှာတောင် ဖုန်းဆက်လို့ မလွယ်ပါဘူး။ အဲတော့ အမေဆီကို ဆက်သွယ်လို့မရတာဟာ ဘာမှ အထူးအဆန်းမဟုတ်ဘူးပေါ့။ အဲဒတုန်းက ဖုန်းတွေဟာ ဒါရိုက်ခေါ်လို့မရပဲ ကြိုးလိုင်းတွေနဲ့ ဆက်ထားပြီး အိတ်ချိန်းက တစ်ဆင့် သွားရတာပါ။ ရန်ကုန် မနှလေးလို မြို့ကြီးတွေမှာဖြစ်ဖြစ်၊ မိတ္ထီလာ ဝမ်းတွင်းလို မြို့လေးတွေမှာ ဖြစ်ဖြစ် ဖုန်းဆက်တာမှန်သမျှဟာ အိတ်ချိန်းကပဲ ခေါ်ပေးရပါတယ်။ ဒါကြောင့် အဲဒီခေတ်က တယ်လီဖုန်း အိတ်ချိန်းမှာ လုပ်တဲ့ သတွေဟာ သိပ်ကို ပါဝါရှိပါတယ်။ သူတို့ခေါ်ပေးမှ ဖုန်းဆိုတာ ဆက်လို့ရတာပါ။

ဒီကိစ္စနဲ့ပတ်သတ်လို့ ကြုံတုန်း ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီရဲ့ အမေ ဒေါ်ခင်တင့် အကြောင်း ပြောချင်ပါသေးတယ်။ အန်တီ ဒေါ်ခင်တင့်ဟာ မိတ္ထလာ တယ်လီဖုန်းအိတ်ချိန်းရုံးက စူပါဗက်ဇာ တစ်ယောက်ပါ။ သူ့ခေတ် သူ့အခါနဲ့ အိတ်ချိန်းရုံးတွေ ခေတ်ထတဲ့ အချိန်ကာလမှာ 'အန်တီရေ ရန်ကုန်ကို ဖုန်းလေး ခေါ်ပေးပါဦးနော်' ဆိုပြီး ခခယယပြောကြဆိုကြတဲ့ သူတွေ များတော့ အန်တီ ဒေါ်ခင်တင့် မက်နှာသိပ်ပွင့်ပါတယ်။ အထူးသဖြင့် ကုန်သည်တွေအဖို့ အန်တီ ဒေါ်ခင်တင့်ဟာ မရှိမဖြစ် ပုဂ္ဂိုလ် တစ်ယောက်ပါ။ ဘာလို့လဲဆိုတော့ ကုန်သည်တွေက မိုးလင်းတာနဲ့ ရန်ကုန် မနှလေး ကုန်စည်ဒိုင်တွေက ဈေးတွေကို သိချင်ကြတာကိုး။ အဲတော့ မနက်အိပ်ယာထတာနဲ့ "အန်တီရေ" ဇာတ်လမ်းစရတာပေါ့ စဉ်းစားကြည့်လေ မတ္ထီလာ တစ်မြို့လုံးကို ခေါ်တဲ့ဖုန်းတွေကို တန်းစီလိုက်ရင် နံပတ် သုံးလေးဆယ်အထိ ရောက်နေမှာပါ။ အန်တီ ဒေါ်ခင်တင့် တင်ပေးမှ နံပတစောစောရမှာပါ။ အဲလိုဆိုတော့ မိတ္ထီလာမြို့ထဲမှာ ဘယ်ကိသွားသွား တကယ်ကို ဦးစားပေးခံရတဲ့ အန်တီပါ။ အန်တီ့ကို လူတွေက အိမ်ကိုခေါ်၊ ထမင်းဖိတ်ကျွေး၊ မိတ်ဆွေဖွဲ့ကြ၊ လက်ဆောင် ပစ္စည်းလေးတွေ ပေးကြနဲ့ တော်တော်ကို အဆင်ပြေခဲ့တ အန်တီဘဝပါ။ ဒီလိုနဲ့ပဲ အန်တီဟာ သူ့သမီး ဒေါက်တာ ခင်လေးရီကို ဆေးကျောင်း ထား၊ ဆရာဝန်ဘွဲ့ရအောင် လုပ်ပေးခဲ့ပါတယ်။ အဲလောက်တောင် စွမ်းတဲ့ တယ်လီဖုန်း အိတ်ချိန်းက ဝန်ထမ်းတွေပါ။

ကျွန်တော်တို့ ခရီးစဉ်ကို ဆက်ပြောရမယ်ဆိုရင် ပျဉ်းမနားမှာ ခဏနားပြီးတာနဲ့ ကျွန်တော်တို့ ဘောက်ဆောကားကြီးကို ဆက်မောင်းခဲ့ကြပါတယ်။ ပျဉ်းမနားက ထွက်တော့ ကားလမ်းက ပိုပြီး ကောင်းသည်ထက် ကောင်းလာပါတော့တယ်။

အဲဒီတုန်းက ရန်ကုန် မန္တလေးကားလမ်းဆိုတာက အင်္ဂလိပ်လက်ထက်က ဖောက်သွားတဲ့အတိုင်း ခပ်ကျဉ်းကျဉ်းလေးပါ။ ကားနှစ်စင်း ခပ်ဖြည်းဖြည်းရှောင်သာရုံပဲ ရှိပါတယ်။ ကားလမ်းဘေးမှာတော့ ကားတွေချပြီး ရှောင်ဖို့မြေခပ်မာမာနဲ့ ကျောက်တုံးလေးတွေ စီထားတဲ့လမ်းပခုံးရှိပါတယ်။

လမ်းတစ်လျှောက်လုံးရဲ့နှစ်ဘက်လုံးမှာ ကုက္ကိုလ်ပင်အကြီးကြီးတွေ တစ်ဖက်တစ်ချက် တန်းစီနေပြီး လမ်းကိုနေရိပ်မထိုးအောင် အဲဒီအပင်ကြီးတွေနဲ့ မိုးထားသလို ဖြစ်နေပါတယ်။ အဲဒီလမ်းမကြီးရဲ့ ပျက်တဲ့နေရာတွေမှာ လမ်းပြန်ခင်းတယ်ဆိုရင် ကျောက်ခဲလေးတွေစီခင်းလိုက်ပြီး လမ်းကြိတ်စက်နဲ့ကြိတ်၊ ပြီးတာနဲ့လမ်းခင်းတဲ့ ဝန်ထမ်းတွေက လမ်းဘေးမှာရှိတဲ့ ကုက္ကိုလ်ပင်ကြီးတွေရဲ့ ကိုင်းတွေကိုခုတ်ပြီး မီးရှို့၊ ကတ္ထရာတွေ အရည်ပျော်အောင် ကတ္ထရာပုံးတွေကို မီးထိုး၊ ပြီးတော့ ပျော်နေတဲ့ကတ္ထရာအရည်တွေကို ကတရာပုံးကြီးလက်ဆွဲ၊ စစ်ဖိနပ်အမဲကြီးတွေစီးပြီး ပန်းပင်ရေလောင်းသလို ကတရာတွေကို ကျောကတုံးတွေပေါ်မှာ လောင်းပြီး လမ်းခင်းခဲ့တာကို မြင်ယောင်မိပါသေးတယ်။ အင်္ဂလိပ်တွေဟာ လမ်းခင်းရင် ကတ္ထရာကျိုဖို့ ဒီလို ကုကျလ်ပင်ကြီးတွေမျှား စိုက်ခဲ့သလားလို့တောင် အောက်မေ့မိပါတယ်။ အဲဒီတုန်းက လမ်းလေးတွေဟာ ကျဉ်းပေမယ့် လမးတွေကတော့ ချိုင့်မရှိ၊ လှိုင်းမရှိ၊ တကယ့်လမ်းကောင်းတွေပါ။ ကုက္ကိုလ်ပင်ကြီးတွေနဲ့ တန်းစီပြီး စိုက်ထားတဲ့ ရန်ကုန် မန္တလေးလမ်းကြီးဟာ လမ်းလောက်စရာပါ။

ကျွန်တော်တို့တတွေ ရမည်းသင်းကို ကျော်လာပြီး ပျော်ဘွယ်ကိုဝင်တော့ အစ်ကိုကြီး ဦးတင်နွယ်က "ပော်ဘွယ်မှာ အဖေတို့ မြေကွက် ရှိတယ်ကွ" လို့ ပြောပါတယ်။ ကျွန်တော်တို့ အဖေ ရဲဝန်ထောက် ဦးဘကျမ်းရဲ့ အဖေ ဦးဘဟာ ပခုကျခရိုင်၊ မြိုင်မြို့ကပါ။ ဘကြီး ဦးဘဟာ ရှေ့နေပါ။ တစ်နေ့တော့ "ငါတို့ မြိုင်မှာ နေရင်တော့ ငါ့သားသမီးတွေ ကြီးပွားမှာ မဟုတ်ဘူး၊ ဒို့ပြောင်းမှပဲ" ဆိုပြီး မြိုင်ကနေ ပျော်ဘွယ်ကို ပြောင်းလာခဲ့တာပါ။ ဦးဘဟာ ပျော်ဘွယ် မြင်းဘက် ရပ်ကွက်ထဲမှာ မြေကွက်အကြီးကြီး ဝယ်ပြီး သားသမီးတွေကို ကျောင်းဆက်ထားပြီး ရှေ့နေအလုပ်ကို ဆက်လုပ်ပါတယ်။

လေတပ်ဗိုလ်ချုပ် သောင်းဒန်(ငြိမ်း) ရဲ့ ယောကျ်ဒမ မြန်မာ့လွပ်လပ်ရေးသမိုင်းမှာ အရေးကြီး ကဏ္ဍတစ်ခုမှာ ပါခဲ့တဲ့ ပျော်ဘွယ်ဦးမြကြီး တို့နဲ့ ကျွန်တော့်အဖိုး ဦးဘတို့ အိမ်နီးနားချင်း မိတ်ဆွေတွေ ဖြစ်ခဲ့တယ်လို့ သိခဲ့ရပါတယ်။

တစ်ခါ ဗိုလ်ချုပ်သောင်းဒန်ရဲ့ အစ်ကို ဦးအုန်းမောင်ဆိုတာက မြန်မာ့လေကြောင်းမှာ လမ်းပြ နယ်ဗီဂေတာ ဖြစ်လာတော့ ကျွန်တော့်အစ်ကို ဦးတင်နွယက လေယာဉ်မောင်း ပိုင်းလော့ အနေနဲ့ ပြန်ဆုံကြပါသေးတယ်။

အဖေတို့ ပျော်ဘွယ်ရောက်တော့ အဖိုး ဦးဘရဲ့ ရှေ့နေ အလုပ်လုပ်တာက သိပ်အဆင်မပြေသေးတော့ ပိုက်ဆံ သိပ်အရှိလှကြီး မဟုတ်ပါဘူး။ အဲဒီအချိန်မှာ အဖေ့အစ်ကိုကြီး ဦးဘသန်း၊ အဖေ နဲ့ အဖေ့ညီ ဦးမောင်ကလေး၊ အဖေညီမ ဒေါ်စောခင တို့ လေးယောက်ကို ကျောင်းထားရတာ တော်တော်ကို မလွယ်တဲ့ ကိစ္စပါ။ ဒါနဲ့ အဖေတို့ အစ်ကိုအကြီးဆုံး ဦးဘသန်းက (၁၀)တန်းအောင်တာနဲ့ တက္ကသိုလ် ဆက်မတက်

တော့ပဲ သစ်တောကျောင်း တက်ပြီး တောအုပ်လုပ်ပါတယ်။ အဲဒီအလုပ်က ရတဲ့ လစာနဲ့ သူ့ညီတွေကို ကျောင်းဆက်ထားပေးပါတယ်။

ပျော်ဘွယ်မြို့ထဲ ဘောက်ဆောကားကြီး မောင်းနေတုန်း အဲဒီလို ကျွန်တော့်အဖေရဲ့ အမျိုးတွေအကြောင်း တွေးမိရင်း အဖေတို့ အငယ်ဘဝကို လျှောက်ပြီး တွေးနေမိပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၃၉)

ဘော်စတွန်မှ တောင်းပန်စာ

အမေရိကန် အသည်းရောဂါ ပညာရင်အဖွဲ့ဝင် တစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့မှာ ကျင်းပမယ့် အကြိမ်(၆၀)မြောက် အမေရိကန် အသည်းရောဂါပညာရှင်အဖွဲ့ အစည်းအဝေး တက်ဖို့ (၂၀၀၉)ခုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့မှာ ထိုင်းလေယာဉ်ကြီး နဲ့ ရန်ကုန်မြို့က ထွက်လာခဲ့ပါတယ်။

ခရီးမထွက်ခင်ကတည်းက ကလျာမဂဇင်းထဲမှာ လစဉ်ရေးနေကျ "အမေနဲ့ ကျွန်တော်" ဆောင်းပါးကို ရေးပေးခဲ့ဖို့ ကျွန်တော့်ကို အားလုံးက တတွတ်တွတ် ဝိုင်းပြောကြပါတယ်။ အထူးသဖြင့် ကျွန်တော့် အစ်ကိုကြီး ဦးတင်နွယ်နဲ့ ကျွန်တော့်ရဲ့ စာတည်း ဦးကျော်ဦးလှိုင်တို့က ရေးဖြစ်အောင် ရေးပေးဖို့ အကြိမ်ကြိမ် ပြောကြပါတယ်။ သူတို့ နှစ်ယောက်လုံးက ကျွန်တော့်ရဲ့ စာတွေ ဖတ်ပြီး အရေးအသား၊ အချက်အလက်၊ သတ်ပုံ ဆိုတာတွေကို အမြဲပြင်ကြရတဲ့ စာတည်း နှစ်ယောက်ပါ။ အဲတော့ သူတို့က ကျွန်တော့်ရဲ့ "အမေနဲ့ကျွန်တော်" ဆောင်းပါးကို ပြင်ရင်းပြင်ရင်း နဲ့ ကြာလာတော့ သူတို့ပါ အဲဒီဆောင်းပါးကို စလာတယ်၊ ငြိသွားတယ် လို့ ပြောရမှာပါ။ နောက်ပြီးတော့ ဒေါ်ကလျာကိုယ်တိုင်လည်း ကျွန်တော့်ကို ဆောင်းပါးရေးပေးခဲ့ဖို့လို့ ဖုန်းဆက်ပြောထားတော့ ဦးကျော်ဦးလှိုင်က ကလျာမဂဇင်းကို သိပ်အားနာနေ ပါတယ်။

အမေနဲ့ကျွန်တော်ဆောင်းပါးက ကျွန်တော့်ရဲ့ ဘောက်ဆောကားကလည်း မနှလေး မရောက်နိုင်၊ စာဖတ်ပရိသတ်တွေကလည်း ဘောက်ဆောကားကြီး နောက်ဆုံး ဘာဖြစ်သွားတယ်ဆိုတာ သိချင်လှပြီ။ ကျွန်တော်ကလည်း ဘောက်ဆောကားအကြောင်း ရေးရင်းနဲ့ တခြားအကြောင်း၊ ဟိုရောက်ဒီရောက် ရေးချင်တာတွေ ကြားဖြတ်ရေးမိတော့ စာဖတ်ပရိသတ်အနေနဲ့က စိတ်မရှည်နိုင် ဖြစ်လာကြပါပြီ။ စာဖတ်ပရိသတ် တစ်ယောက်က ဘယ်လိုပြောလည်းဆိုတော့ "ဆရာ့ဘောက်ဆောကားကြီးက ဘက်ဂီယာ ထိုးတာ သိပ်များ နေပြီး ရှေ့ကို မရွေ့နိုင်တော့ဘူး" လို့ ဆိုပါတယ်။ အဲဒီလို အကြောင်းကြောင်းကြောင့် ကျွန်တော့်ရဲ့ "အမေနဲ့ ကျွန်တော်" ဆောင်းပါးကို တစ်လမှလွတ်မသွားအောင် ရေးစေချင်ကြတာပါ။ ကျွန်တော့်ရဲ့ စာရိုက်စာပြင် ကွန်ပြူတာအဖွဲ့ တပည့်များကလည်း နားငြီးမတတ်ကို "အမေနဲ့ကျွန်တော် ဆောင်းပါးလေးကို ပြီးအောင် ရေးသွားပါ ဆရာကြီးရယ်" လို့ တောင်းပန်ကြပါတယ်။

ဒါပေမယ့်လည်း ကျွန်တော့်ရဲ့ များပြားလှတဲ့ အလုပ်ကိစ္စတွေကြောင့် ကျွန်တော် ဆောင်းပါး မရေးနိုင်ခဲ့ပဲ ရန်ကုန်ကနေ အမေရိကန်ကို ထွက်ခဲ့ရပါတယ်။ အဲလိုဆောင်းပါးမရေးဖြစ်ခဲ့တာကို ကျွန်တော်

လုံးဝ စိတ်မကောင်းပါဘူး။ အမေ့ဂုဏ်ပြု ဆောင်းပါးကို တစ်လမပြတ် ဆက်တိုက်ရေးသွားရင်းနဲ့ အမေ့ကို ကန်တော့ချင်တာ အခုတော့ ဒီတစ်လ မရေးဖြစ်တော့ဘူးလို့ တွေးမိပြီး အထူးဝမ်းနည်းမိပါတယ်။ အရာရာမှာ ကျွန်တော်ဟာ တော်တော် လေးကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသားနဲ့ လောကကြီးကို ရင်ဆိုင်ရဲတယ်။ ဘာပြဿနာကိုမဆို ထိပ်တိုက်တွေ့ ဖြေရှင်းနိုင်တဲ့ တော်တော်ကို စိတ်ခိုင်ခိုင်မာမာ ရှိတဲ့ ကျွန်တော်လို့လည်း ကိုယ့်ကိုကိုယ် ယူဆခဲ့ပါတယ်။ ဒါပေမယ့် အမေနဲ့ ပတ်သက်လာရင ကျွန်တော့်စိတ်တွေ နူးညံ့ပျော့ပျောင်းသွားပြီး အားငယတတ်တယ်၊ ဝမ်းနည်းတတ်တယ်၊ ကျွန်တော့်ရဲ့ ပင်ကိုယ် ကြံ့ခိုင်တဲ့ စိတ်တွေ ဘယ်ကို ရောက်ကုန်လည်း မသိတော့ပါဘူး။ အဲလိုကို အမေဟာ ကျွန်တော့်အပေါ်မှာ လွှမ်းမိုးနိုင်ခဲ့တာပါ။ အဲလိုဖြစ်တာတွေဟာ ကြီးမားလှတဲ့ အမေ့ရဲ့မေတာ၊ အမေ့ရဲ့စေတနာတွေကြောင့် ထင်ပါရဲ့။ အဲဒါကြောင့်မို့လို့ အခုလို "အမေနဲ့ ကျွန်တော်" ဆောင်းပါးလေး မရေးဖြစ်ပဲ အမေရိကန်ကို ထွက်ခရတာကို ကျွန်တော် တော်တော်လေး ခံစားရပါတယ်။

ကျွန်တော့်ရဲ့ နေ့စဉ် လည်ပတ်လှုပ်ရှားနေရတဲ့ ဘဝကလည်း ကြာလေ အလုပ်တွေ ရှုပ်သည်ထက် ရှုပ်လာသလို ဖြစ်နေပါတယ်။ အစိုးရ အလုပ်လုပ်နေတုန်း က "ငါသာ အခုလို အစိုးရအလုပ်တေ မလုပ်ရတော့ဘူး ဆိုရင် သိပ်အားသွားမှာပဲ။ အဲလိုဆိုရင် ငါစာတွေ အများကြီး ရေးပြစ်လိုက်မယ်။ အထူးသဖြင့် အမေနဲ့ နေခဲ့ရတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဆရာဝန်ဘဝတွေ တစ်ခါတည်း ပြီးအောင် ရေးလိုက်ပြီး စာအုပ်အထူကြီး ထုတ်လိုက်မယ်" လို့ တွေးခဲ့မိပါတယ်။ တကယ်တမ်း အစိုးရ အလုပ်မလုပ်တော့ပဲ ကိုယ်ပိုင် အလုပ်တွေချည်း လုပ်တဲ့အခါမှာတော့ ထင်သလို မဟုတ်ပဲ အလုပ်တွေ ပိုရှုပ်လာပါတယ်။ အချိန်တွေ အများကြီး ပိုရတော့မယ်လို့ ထင်ခဲ့တဲ့ ကျွန်တော်ဟာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ပါဘူး။ ဘာလို့လည်းဆိုတော့ အစိုးရအလုပ် မလုပ်ရတော့တဲ့အခါ ကိုယ်ပိုင်ဆေးခန်းတွေ ပိုထိုင်မိတော့ လူနာတွေက ပိုများလာတယ်။ ပြီးတော့ သုတေသနလုပ်ငန်းတွေကို ပိုပြီး ဇောက်ချလုပ် လိုက်တော့ အပြည်ပြည်ဆိုင်ရာ အသည်းရောဂါသုတေသန အသိုင်းအဝိုင်းမှာ ကျွန်တော့်နာမည်ဟာ ပေါက်သွားတယ်လို့ ပြောရမှာပေါ့။ အဲတော့ အလုပ်တွေက ပိရှုပ်သည်ထက် ရုပ်လာတယ်။ အသည်းကင်ဆာ နောက်ဆုံးပေါ် ကုထုံးတွေက အထူးသုတေသန ပြုရင်းနဲ့ သုတေသနအလုပ်တွေက တော်တော်ကို များလာပြီး တော်တော်လေးကို အလုပ်တာဝန်တွေ ပိလာပါတယ်။ ဒါပေမယ့် "ငါ့နိုင်ငံ၊ ငါ့လူမျိုး အကျိုးရှိဖို့ ငါ အနစ်နာခံရမှာပေါ့" လို့ တွေးပြီး မြန်မာနိုင်ငံလည်း ဂုဏ်ရ၊ မြန်မာလူနာတွေလည်း အခမဲ့ ကုသမှု ခံယူခွင့်ရအောင် ပိုက်ဆံ တစ်ပြားတချပ်မှ မရတဲ့ အသည်းကင်ဆာ သုတေသန လုပ်ငန်းကြီးလို လုပ်ငန်းတွေ လုပ်နေမိပါတယ်။

နောက်ပြီးတော့ ကျွန်တော် စာတွေ သင်ကြားပို့ချတယ်၊ ဆေးခန်းကြီး (၄)ခုမှာ အပတ်စဉ်၊ နှစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ ဆိသလို ခေတ်မီ နောက်ဆုံးပေါ် ဆေးပညာ အတွေးအခေါ် အယူအဆတွေကို သင်ပေးပါတယ်။ ဆရာဝန်ဘွဲ့ရပြီး အစိုးရ အလုပ်စောင့်နေတဲ့ ဆရာဝန်လေးတွေ၊ ဩစတြေးလျသွားပြီး

စာမေးပွဲ ဖြေမယ့်သူတွေ၊ အမေရိကန်၊ အင်္ဂလန်သွားဖို့ တာစူနေတဲ့ ဆရာဝန်ပေါက်စတွေ၊ ပြောရမယ်ဆိုရင် ပညာကို သိပ်လိုလားတဲ့ လူငယ်တွေ၊ ကျွန်တော့်ရဲ့ ဆေးပညာသင်တန်းတွေမှာ အများကြီး လာတက်ကြ ပါတယ်။ အဲဒီမှာတင် ကျွန်တော်က စိတ်ရောကိုယ်ပါ ပြင်ဆင်သင်ကြားရတော့ တော်တော်ကို အချိန်ကုန် ပြန်ပါတယ်။

အခုပြောခဲ့တာတွေအပြင် တခြား ကျွန်တော် လုပ်နေတာတွေ ရှိပါသေးတယ်၊ အဲလို လုပ်နေတာတွေ ထဲက အရေးကြီးတာ တစ်ခု ဆစ်ခုလောက်ကို ပြောပြချင်ပါတယ်။

၂၀၀၈ခုနှစ် မေလအတွင်း နာဂစ်မုန်တိုင်းတိုက်ပြီးနောက် အမေ့အတွက်ရည်စူးပြီး ကွမ်းခြံကုန်း မြို့နယ်က လေဘေးသင့် ပြည်သူတွေကို အခမဲ့ဆေးကုပေးဖို့ ကျွန်တော်ဦးဆောင်ပြီး ဆေးခန်းကြီးတစ်ခုကို ကွမ်းခြံကုန်း မြို့ပေါ်မှာ အပတ်စဉ် တနင်္ဂနွေတိုင်း သွားဖွင့်ပါတယ်။ ဆေးခန်းကြီးလို့ ဘာလို့ ပြောရတာလည်းဆိုတော့ အဲဒီတုန်းက လေဘေးသင့်ပြည်သူတွေ ခံစားရတာကို မြင်ပြီး ထိရောက်တဲ့ ဆေးဝါးကုသမှု စောင့်ရှောက်မှုတွေ ပေးသင့်တယ်လို့ ယူဆလို့ တကယ့်ဆေးခန်းကြီးအတိုင်း ဖွဲ့စည်းထား လို့ပါ။ ခါတ်ခွဲခန်း၊ တယ်လီဗေးရှင်း ခါတ်မှန် (Ultrasound) စက်၊ အီးစီဂို နှလုံးတိုင်းစက်၊ သွားရောဂါကုသမှု ထိုင်ခုံကြီး (dental chair) တွေ အကုန်သယ်သွားပြီး၊ အသည်း၊ နှလုံး၊ အထွေထွေ၊ မီးယပ်၊ အရိုး၊ မျက်စိ၊ သွားအထူးကု ဆရာဝန်ကြီးတွေနဲ့ ဝန်ထမ်း အင်အား (၇၀)ကျော် သုံးပြီး ကွမ်းခြံကုန်းဆေးခန်းကြီးကို ဖွင့်ခဲ့တာပါ။ လာသမျှ လူနာတိုင်းကို အခမဲ့ ဆေးကုပေးပြီး လိုအပ်တဲ့ ဆေးတွေ ကိုလည်း လုံးဝပိုက်ဆံမယူပဲ ထောက်ပံ့တာပါ။ အဲဒီတော့ ဒီဆေးခန်းကြီး ပုံမှန် လည်ပတ်လှုပ်ရှားနိုင်အောင် စီစဉ်ရတာဟာ တော်တော်ကို လက်ဝင်ပါတယ်။ ကျွန်တော်ဟာ အလုပ်တွေလုပ်ရ၊ စကားတွေ ပြောရနဲ့ အခမဲ့ဆေးခန်းကြီး ကိစ္စတွေထဲမှာ ကျွန်တော့်ရဲ့ အချိန်တွေ ပါသွားပြန်ပါရော။ နာဂစ်မုန်တိုင်းကာလမှာ အပတ်စဉ်(၂)လတိတိ ဆေးခန်းဖွင့်ခဲ့ပြီးတော့ ဆေးခန်းကို ရပ်လိုက်တော့မယ်လို့ စဉ်းစားလိုက်တဲ့အခါ အားကိုးတကြီးနဲ့ လာကြတဲ့လူနာတွေရဲ့ မျက်နှာတွေက တဝဲလည်လည် ပေါ်လာပြီး "ဆေးခန်းကြီး ဆက်မဖွင့်တောဘူး" လို့ မပြောရက်လောက်အောင် ဖြစ်မိပြန်ပါတယ်။

ဒါနဲ့ပဲ တစ်လတစ်ခါတော့ ဆက်ဖွင့်မယ်ဆိုပြီး Kungyangone Free Clinic (KFC) ကို ဆက်ဖွင့်လာလိုက်တာ အခုဆိုရင် တစ်နှစ်ခွဲနီးပါး ကြာသွားပါပြီ။ အမေ့အတွက် ရည်စူးလုပ်တာပဲ၊ ဘယ်လောက် အချိန်တွေ၊ ငွေတွေကုန်ကုန်၊ အမေ့အတွက် ရည်စူးပြီးလုပ်တာဆိုတော့ ကုန်ရကျိုးနပ်တယ်လို့ တွေးမိပါတယ်။ သွေးပေါင်ချိန် ၂၂၀/၁၁၀၊ သွေးချို ၅၀၀ ကျော်ဆိုတဲ့ လူနာမျိုးတွေကို အများကြီး တွေ့ရတော့ သွေးတိုးနဲ့ ဆီးချို ရောဂါဖြစ်လို့ မသေစေရဘူးလို့ စိတ်ထဲမှာ သနဋ္ဌာန်ချပြီး ဆီးချိုဆေး၊ သွေးတိုးကျဆေးတွေကို တစ်လတစ်ခါ တစ်လစာ လုံးဝအခမဲ့ ပေးပါတယ်။ မျက်စိအထူးကု အဖွဲ့က မျက်စိရောဂါတွေကို စမ်းသပ်ကု၊ မျက်မှန်တစ်လက်ကို (၈၀၀)ကျပ်နဲ့ ရောင်းပြီး ကျွန်တော်က

တစ်ဝက်စိုက်တော့ တစ်လက်ကို (၄၀၀)ကျပ်ပဲ ပေးရပါတယ်။ သွားဆရာဝန်အဖွဲ့ကလည်း တက်တက်ကြွကြွ၊ တစ်ခါသွားတိုင်း လူနာတစ်ရာကျော် ကုပေးတယ်။ အရေးအထူးကု အဖွဲ့နဲ့ ခွဲစိတ်ပါရဂူအဖွဲ့မှာလည်း လူတွေက ကြိတ်ကြိတ်တိုး၊ ခွဲစိတ်ကုမယ့်လူနာတွေ ပိုက်ဆံမရှိလို့ မခွဲနိုင်လို့ မသေစေရဘူးလို့ တွေးလိုက်ပြီး ခွဲစိတ်စရာ လူနာတွေ့ရင် အင်းစိန် သီရိစနာဆေးခန်းကို ခေါ်လိုက်ပါတယ်။ သီရိစနာဆေးခန်းရဲ့MD ဦးတင်မြင့်ကနေပြီး သီရိစနာမှာ ကွန်းခြံကုန်း အခမဲ့ဆေးခန်းက လူနာတွေ ဆေးရုံတက်တာကို အခမဲ့ ခွင့်ပြုပါတယ်။ အဲဒီလူနာတွေကို ခွဲစိတ်ပါမောက္ခ ဦးဝင်းမြင့်က အခမဲ့ ခွဲပေးပါတယ်။ လိုအပ်တဲ့ ဆေးဝါးနဲ့ ကုန်ကျစရိတ်တွေကို ကျွန်တော်ကိုယ်တိုင်ရှာထားတဲ့ ကိုယ်ပိုင်ရံပုံငွေနဲ့ ကုတယ်။ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ နှစ်လအတွင်းမှာ အသည်းကင်ဆာ လူနာ(၂)ယောက်၊ ဆီးကျိတ်ကင်ဆာတစ်ယောက်၊ အူမကြီးကင်ဆာ တစ်ယောက်၊ စအိုကင်ဆာ တစ်ယောက်နဲ့ လည်ပင်းကြီးလူနာ (၃)ယောက်ကို လုံးဝ အခမဲ့ ခွဲပေးနိုင်တော့ အမေ့အတွက် ရည်စူးပြီး ခုလိုကုသိုလ်ပြုရတာကို အရမ်းပဲကြည်နူးမိပါတယ်။

ကျွန်တော်ရော၊ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ အလုပ်ရှုပ်နေတာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ အမေကိုယ်တိုင် ဦးစီးပြီး (၁၉၅၈) ခုနှစ်က ဆောက်ခဲ့တဲ့ ဝမ်းတွင်းမှာ ရှိတဲ့ အမေ့ရဲ့ တိုက်ကို အမေ့အတွက်ရည်စူးပြီး စာကြည့်တိုက်နဲ့ လူငယ် ကွန်ပြူတာ သင်တန်း (computer training centre) ဖွင့်ဖို့ လုံးပန်းနေကြရတာပါ။ အမေ့ရဲ့ တိုက်ကို ဆေးတွေ ပြန်သုတ်၊ အခန်းဖွဲ့တွေပြင်၊ အဝီစိရေတွင်းတူး၊ ခေတ်မီ ရေလောင်းအိမ်သာတွေ ဆောက်၊ ဝန်ထမ်းတွေခန့်၊ ကွန်ပြူတာ အလုံးနှစ်ဆယ်လောက်တပ်နဲ့ တော်တော်လေးလည်း ငွေကုန်သွားတယ်။ ကွန်ပြူတာစင်တာဟာ တော်တော်လည်း ပုံပေါ်သွားတယ်။ “အမေ့အတွက် လုပ်တာပဲလေ၊ ဘယ်လောက်ကုန်ကုန် ကုန်ပါစေ” ဆိုပြီး လုပ်ကြပါတယ်။ အဓိက အကုန်အကျခံပြီး စိတ်ရောကိုယ်ပါ လုပ်တာကတော့ ကျွန်တော့်အောက်က ညီငယ် မောင်တင့်လွင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)ပါ။ သူကိုယ်တိုင် အနီးကပ် ကြီးကြပ်ပြီး လုပ်နေတာပါ။ စာကြည့်တိုက်ကတော့ အခမဲ့၊ ကွန်ပြူတာ စင်တာကတော့ သင့်တင့်တဲ့အခကြေးငွေနဲ့ ပိုက်ဆံပေးရပါမယ်။ အမြတ်အစွန်းရဖို့ ယူတာ လုံးဝမဟုတ်ပါ၊ ဒီစင်တာကြီး ရေရှည် သူဘာသာသူ လည်ပတ်လှုပ်ရှားသွားနိုင်အောင်ပါ။ အဲတော့မှ ဝမ်းတွင်းမြို့နဲ့ ဝမ်းတွင်းနယ်က လူငယ်တွေ ကွန်ပြူတာနဲ့ အင်တာနက်တွေကို တတ်ကျွမ်းပြီး ခေတ်မီ ပညာရပ်တွေ ဆက်လက် သင်ကြားနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက် အောင်မြင်မှာပါ။

အဲဒါနဲ့ စာကြည့်တိုက် ကွန်ပြူတာစင်တာကြီးပြီးတော့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ ဒီကွန်ပြူတာစင်တာကို ဘယ်လို နာမည်ပေးရင်ကောင်းမလဲလို့ စဉ်းစားကြတဲ့အခါ ဒါဟာအမေ့အတွက ရည်စူးပြီးလုပ်တာပဲ၊ အမေနာမည် ဒေါ်ခင်ခင် (Daw Khin Khin) ကို ယူပြီး DKK Computer Training Centre လို့ နာမည်ပေးမယ်လို့ ပြောလိုက်ပါတယ်။

ဒါနဲ့ အခုတော့ ဝမ်းတွင်းမြို့မှာ အင်တာနက်တွေ ကွန်ပြူတာတွေနဲ့ DKK ကွန်ပြူတာစင်တာကြီး ဖြစ်လာပါပြီ။ ဝမ်းတွင်းဂါတ်တဲ (ရဲစခန်း) ရဲ့ အနောက်ဘက် မှာ ဆေးရောင်စုံသုတ်ထားတဲ့ နှစ်ထပ်တိုက် DKK စင်တာကြီးကို တွေ့ရပါလိမ့်မယ်။ အားလုံးဖွင့်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်က အခုလို နိုင်ငံခြားကို ထွက်လာခဲ့တော့ ညီအစ်ကိုမောင်နှမတွေ မစုံလို့ မဖွင့် ဖြစ်သေးတာပါ။ ကျွန်တော် မြန်မာပြည် ပြန်ရောကပြီးတာနဲ့ ရက်သတ်မှတ်ပြီး ဝမ်းတွင်းမြို့က အမေဒေါ်ခင်ခင် ဂုဏ်ပြု ကွန်ပြူတာစင်တာကြီး ဖွင့်ပေးတော့မှာပါ။

ကျွန်တော်အခုပြောနေတာတွေကတော့ ကျွန်တော့်မှာ ဘာတွေ အလုပ်ရှုပ်ပြီး ဘယ်လိုအချိန်တွေ ကုန်နေတယ်ဆတာကို စာဖတ်ပရိသတ်တွေ သိစေချင်လို့ပါ။ စာဖတ်ပရိသတ်ကို ဘာကြောင့် ဆောင်းပါး မရေးဖြစ်ခဲ့တယ်ဆိုတာ ရှင်းပြရင်းနဲ့ တောင်းပန်နေတာပါ။ အဲလိုတွေ အလုပ်တွေရှုပ်ပြီးတော့ ဒေါ်ကလျာ ကိုယ်တိုင် ဖုန်းဆက်ပြောတဲ့ကြားက "အမေနဲ့ကျွန်တော်" ဆောင်းပါးကို မရေးနိုင်ပဲ အမေရိကန်နိုင်ငံကို ထွက်လာခဲ့ရတာကို တနုံ့နုံ့တွေး စိတ်မကောင်းဖြစ်မိပြီး ထိုင်းလေယာဉ်ကြီးနဲ့ အမေရိကန်ကို ခရီးဆက်ခဲ့ရတယ်။ ဒီလိုနဲ့ အမေရိကန် LA ကို ရောက်တော့ သားလေး ထူးခိုင်ဝင်းက လာကြိုပြီး သူ့အခန်းကို ခေါ်သွားပါတယ်။ သူ့ရဲ့ ဧည့်ခန်းထဲမှာ တီဗီအပြား (flat TV) အကြီးကြီးတစ်ခုနဲ့ အိပ်ခန်းထဲ မှာလည်း အဲလို တီဗီအပြားအကြီးတစ်ခု တပ်ထားပါတယ်။ ပြီးတော့ သူ့ရဲ့ကွန်ပြူတာတွေနဲ့ အဲဒီ တီဗီ အပြားကြီး တွေကို ဆက်ထားပါတယ်။ ကျွန်တော်တို့ ပစ္စည်းတွေချ၊ ဆိုဖာပေါ်မှာ ဖင်တောင်မပူသေးဘူး၊ သူက သူ့ကွန်ပြူတာနဲ့ စကိုင်းပူမှာရှိတဲ့ သမီးလေးနှင်းနှင်းဝင်းကို စကိုက် (Skype) နဲ့ ခေါ်လိုက်တော့ သမီးလေး ပုံဟာ တဗီအပြားကြီးပေါ်မှာ ပေါ်လာပြီး စကားပြောရတော့ သူကလည်း ကိုယ့်ကိုမြင်၊ ကိုယ်ကလည်း သူ့ကိုမြင်၊ ကျွန်တော်တို့ လူချင်းတွေ့ပြီး စကားပြောနေရသလို ဖြစ်နေပါတယ်။ သမီးလေးနဲ့ စကားပြောတာ အားရတော့ သားလေးက "အဖေ မကြီးမင်းတို့ကို နောက်မှခေါ်နော်၊ သားအီးမေးလ်တွေ ကြည့်လိုက်ဦးမယ်" ဆိုပြီး သူအီးမေးလ်တွေ ဖင့်ဖတ်ပါတော့တယ်။ သူလည်းပြီးရော ကျွန်တော်က "သားလေး အဖေ အီးမေးလ်လည်း ဖွင့်ပါဦးကွ၊ အဖေ့မှာ ဂျီမေးလ် အက်ဒရက်စ် ရှိတယ်" လို့ ပြောလိုက်တော့ သူက "ရတယ် အဖေသားဖွင့်လိုက်မယ်" လို့ပြောပြီး ကျွန်တော့် အီးမေးလ်တွေကို ဖွင့်လိုက်တဲ့အခါ ခါတိုင်းလို ကွန်ပြူတာ မှန်သား သေးသေးလေးမှာ စာလုံးသေးသေးလေးတွေ မြင်တာမျိုး မဟုတ်ပဲ တီဗီမှန်ပြားကြီး ပေါ်မှာ ကျွန်တော်ရဲ့ အီးမေးလ်စာတွေကို အကြီးကြီးမြင်ရပါတယ်။

ပထမဆုံးဝင်လာတဲ့အီးမေးလ်ကတော့ ကျွန်တော်ရဲ့ စက်ကတေရီ ဒေါ်ဖလောရင့်ဆီကနေ ဝင်လာတဲ့ အီးမေးလ်ပါ။ ခေါင်းစဉ်က letter from Daw Kalaya တဲ့။ ဒေါ်ကလျာဆီက စာဆိုပြီး အီးမေးလ်မှာတွဲပြီး အတက်ချ် (attach) လုပ် ပို့လိုက်ပါတယ်။

ဒါနဲ့ ဒေါ်ကလျာ ငါ့ဆီဘာအကြောင်းများရေးပါလိမ့် ဆိုပြီး ဖွင့်ကြည့်လိုက်တော့ ဒေါ်ကလျာရဲ့စာကို တီဗီမှန်သားပြင်ကြီးနဲ့ အပြည့်မြင်ရပါတယ်။ ဒေါ်ကလျာက ကျွန်တော့်ကို အဓိကပြောထားတာကတော့

“အမေနဲ့ကျွန်တော်” ဆောင်းပါးကို စာဖတ်ပရိတ်သတ်တွေ သိပ်ကြိုက်ကြလို့ စောင့်ပြီးဖတ်တဲ့လူတွေ အများကြီးရှိနေပါတယ်။ ဒါကြောင့် လစဉ်မပြတ်ရေးပေးပါပေါ့။ ပြီးတော့ လာမယ့်လမှာလည်း ကလျာမဂ္ဂဇင်း ၂၅နှစ်မြောက် အထူးထုတ်မို့လို့ ကျွန်တော့်ဆောင်းပါး ပါစေချင်ပါတယ်၊ ဖြစ်အောင်ရေးပေးပါ၊ နိုင်ဝင်ဘာ လဆန်း ၃ရက်နေ့လောက်မှာ ဆောင်းပါး ရပါရစေလို့ ရေးထားပါတယ်။

ဒေါ်ကလျာရဲ့ စာကိုဖတ်လိုက်ရတော့ ကျွန်တော် တော်တော်လေး စိတ်ထိခိုက်သွားပါတယ်။ အခုခေတ် လူငယ်တွေစကားနဲ့ပြောရမယ်ဆိုရင်တော့ ဟတ်ထိသွားပြီပေါ့။ ဒေါ်ကလျာရဲ့ စာကို အီးမေးလ်ထဲမှာ ဖတ်ရတဲ့ ၂၇. ၁၀. ၀၉ ညမှာ ကျွန်တော်က အမေရိကန်နိုင်ငံ LA ကို ရောက်နေပါပြီ။ ဒေါ်ကလျာက ဆောင်းပါးကို နိုင်ဝင်ဘာ ၃ရက်လောက် လိုချင်တာ၊ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးလို့ စဉ်းစားမိပြီး စိတ်ပျက်လိုက်တာ၊ ဆောင်းပါးရေးပေးချင်တဲ့ စိတ်ကအပြည့်၊ လူက လုပ်မပေးနိုင်၊ တော်တော်ကို စိတ်မကောင်းဖြစ်သွားတာနဲ့. မန္တလေးကနေ အမေရိကန်ကို ယူလာတဲ့ ပုရစ်ကြော်တွေကို တချွမ်းချွမ်း ဝါးရင်းနဲ့. အဲဒီအတွေးတွေကို ခဏကွယ်ဖျောက်ထားရပါတယ်။

ဒါနဲ့. နောက်တစ်နေ့. ကျွန်တော့်ဇနီးကို ဟောလီးဝုဒ်လိုက်ပြပါတယ်။ ပထမဆုံး ဟောလီဝုဒ် HOLLYWOOD လို့ တောင်ထိပ်မှာ ရေးထားတဲ့ စာတန်းကြီးကိုပြ၊ ပြီးတော့ ဟောလီဝုဒ်လမ်းမကြီးရဲ့ ပလက်ဖောင်းပေါ်မှာ နာမည်ကြီးအမေရိကန်ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော်တွေရဲ့ နာမည်တွေကို ထိုးထားပြီး ကြယ်လေးတွေပုံထွင်းထားတဲ့နေရာကို လိုက်ပြရပါတယ်။ အဲဒီလမ်းကို Walk of Fame နာမည်ကြီးသူတို့ရဲ့ လျှောက်လမ်းလို့ ခေါ်ပါတယ်။ အဲဒီပလက်ဖောင်းပေါ်က ကြယ်တွေထဲမှာ မိုက်ကယ်ဂျက်ဆင်ရဲ့ ကြယ်နေရာကို ဦးစားပေးအနေနဲ့. လိုက်ပြရပါတယ်။ မိုက်ကယ်ဂျက်ဆင်ရဲ့ ကြယ်နဲ့တွဲပြီး ဓါတ်ပုံရိုက်နေတဲ့ သူတွေက အများကြီးပါ။ မိုက်ကယ်ဂျက်ဆင် ကွယ်လွန်တုန်းက အဲဒီကြယ်ရှေ့မှာ ရဲအစောင့် အပြည့် ချထားရပါတယ်လို့ သားလေးကပြောပါတယ်။ ဘာလို့လည်းဆတော့ အဲဒီကြယ်ရှေ့မှာ လာငိုတဲ့သူတွေ၊ ပန်းတွေလာချတဲ့သူတွေ၊ ဖယောင်းတိုင်ထွန်းတဲ့သူတွေ တိုးမပေါက်အောင် များလို့. လို့ ပြောပါတယ်။

အဲဒီလို ဟိုဟာတွေပြော ဒီဟာတွေပြောနဲ့. ဟောလီဝုဒ်မှာ ဟိုကြည့်ဒီကြည့် ကြည့်ပြီးတော့ ညနေမှာ လေယာဉ်စီးလိုက်တာ နောက်တစ်နေ့. မနက်မှာ အမေရိကန်အသည်းရောဂါပညာအဖွဲ့. အစည်းအဝေး လုပ်မယ့် ဘော်စတွန်မြို့ကို ရောက်ပါတယ်။ ဟော်တယ်မှာချက်ကင်လုပ်၊ အစည်းအဝေးလုပ်မယ့် ဟိုင်းစင်တာ (Hynne Center) ကိုသွား၊ ရီဂျစ်စတာ လုပ်ပြီး ဟော်တယ် ပြန်ရောက်တော့ ညနေ(၄)နာရီ လောက် ဖြစ်နေပါပြီ။ ဂျက်လေယာဉ်စီးပြီး မိုင်တွေထောင်ချီ ခရီးသွားခဲ့တာမို့လို့. ဂျက်လက် (Jet lag) အခြေအနေကို ခံစားနေရပြီး အိပ်ချိန်တွေကလည်း ကမောက်ကမဖြစ်ဆိုတော့ ဟော်တယ်အခန်းထဲရောက်ပြီး ခဏမှာ ကျွန်တော်နဲ့. ကျွန်တော့်ဇနီးတို့. ဘာမှ မစားနိုင်ပဲ တချိုးတည်း အိပ်ပျော်သွားကြပါတော့တယ်။ ဒါပေမယ့် ဒေါ်ကလျာရဲ့ စာနဲ့. အမေ့ကို စိတ်စွ နေလို့လားမသိ၊ မနက်(၃)နာရီမှာ နိုးလာပါတယ်။ ဘယ်လိုမှ

ပြန်အိပ်လို့ မရပါဘူး။ အဲဒါနဲ့ ဒေါ်ကလျာနဲ့ စာဖတပရိတ်သတ်ကို တောင်းပန်စာရေးရမယ်၊ အမေ့ကိုလည်း ဒီတစ်လ ကျွန်တော် အမေအကြောင်း မရေးဖြစ်တာကို ခွင့်လွှတ်ပါလို့ စိတ်ထဲကနေ ပြောလိုက်ပြီး အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ Colonnade Hotel ကြီးရဲ့ အခန်းနံပါတ် ၈၃၄ ထဲက စာကြည့်စားပွဲပေါ်မှာ ထိုင်ရင်း တောင်းပန်စာ ရေးလိုက်တာ အခုပြီးသွားလို့ ကြည့်လိုက်တော့ မနက် (၆း၃၀)နာရီ ဖြစ်နေပါပြီ။ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ သဲတောဝမ်းတွင်း (အထက)ကနေပြီး အခုလို အမေရိကန်နိုင်ငံ ဘော်စတွန်မြို့မှာ အသည်းရောဂါအစည်းအဝေးတက်နိုင်တဲ့ အဆင့်အထိ ရောက်လာတာဟာ အမေ့ကြောင့်ပဲလို့၊ အမေ့ရဲ့ ဂုဏ်ကျေးဇူးတွေကို သတိရအောက်မေ့ပြီး အခုလို ဘော်စတွန်ကနေ တောင်းပန်စာဆောင်းပါးလေးကို ရေးလိုက်မိတာပါ။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)
ခေတ္တဘော်စတွန်

翡翠上海
Crystal Jade
Restau

DKK စာကြည့်တိုက်နှင့် ကွန်ပြူတာစင်တာ

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၄၀)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်ဆင်း၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

ကူလ်ကာတားမုတောင်းပန်စာ မရေးနိုင်ခဲ့ပါ

၂၀၀၉ခုနှစ် နိုဝင်ဘာလဆန်းက အမေရိကန်အသည်းရောဂါ ပညာရှင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးတက်ဖို့ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ကို ရောက်နေတာနဲ့ ကလျာမဂဇင်းထဲမှာ လစဉ်ရေးနေကြ "အမေနဲ့ကျွန်တော်"ဆောင်းပါးကို မရေးနိုင်ခဲ့ပါဘူး။ ဒါနဲ့ပဲ နိုဝင်ဘာလအတွက် "အမေနဲ့ကျွန်တော်" မရေးနိုင်ကြောင်း (၆)မျက်နှာ ရှိတဲ့ တောင်းပန်စာ ဆောင်းပါးကို ဘော်စတွန်ကနေ ရေးပြီး ဒေါ်ကလျာဆီကို အီးမေးလ် e-mail နဲ့ ပို့ပေးလိုက်ပါတယ်။

ဒီလိုတောင်းပန်စာ အရှည်ကြီး ရေးမယ့်အစား လစဉ်ပုံမှန် "အမေနဲ့ကျွန်တော်" ဆောင်းပါးရေးလိုက်ပါလားလို့ တွေးချင်တွေးမိကြပါမယ်။ ဒီနေရာမှာ ရှင်းပြရမယ်ဆိုရင် "အမေနဲ့ကျွန်တော်" ဆောင်းပါးကို နိုင်ငံခြားရောက်နေတုန်း ရေးလို့မရတာဟာ ကျွန်တော့်ရဲ့ ချို့ယွင်းချက်တစ်ခုပါ။ ပြောရမယ်ဆိုရင် အမေ့အကြောင်း၊ အညာအကြောင်းတွေရေးဖို့ဆိုတာက မြန်မာနိုင်ငံမှာနေမှ စျာန်ဝင်ပြီး ရေးလို့ရတာပါ။ ဒါကြောင့် နိုင်ငံခြားမှာရောက်နေပြီး အားနေတဲ့အချိန်တွေမှာ အမေအကြောင်း စာရေးမယ်လို့ စဉ်းစားလိုက်ရင် ဘယ်ကစလို့ ဘယ်လိုရေးရမှန်းကို မသိပဲဖြစ်နေပါတယ်။ အဲဒါကြောင့် ပြီးခဲ့တဲ့တစ်လကျော် ကလျာမဂဇင်းမှာ "အမေနဲ့ကျွန်တော်" ဆောင်းပါးအစား "ဘော်စတွန်မှ တောင်းပန်စာ" ဆောင်းပါးပဲပါသွားပါတယ်။

ဘော်စတွန်မှာ အမေရိကန်အသည်းရောဂါအစည်းအဝေး တစ်ပတ်တက်ပြီးတော့ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီကို အမေရိကန်လိုက်ပြတဲ့ တိုးရစ်ဂိုက်ခရီး စရပါတော့တယ်။ ကျွန်တော်ကတော့ အမေရိကန်ကို အခေါက်ပေါင်းများစွာရောက်ဖူးပြီး အမေရိကန်မှာရှိတဲ့ မသွားမဖြစ်၊ မကြည့်မဖြစ်နေရာတွေ must see places တွေကိုလည်း အကုန်ရောက်ဖူးတယ်။ ပြီးတော့ ဘော်စတွန်မြို့ဆိုတာကို ကျွန်တော်က ငါးခေါက် ရောက်ထားဖူးထားတာပါ။ ဒါပေမယ့် ကျွန်တော့်ဇနီးကတော့ အခုအခေါက်ဟာ သူ့အတွက် အမေရိကန်ခရီးစဉ် ပထမဆုံးအခေါက်ဖြစ်နေပါတယ်။ အဲတော့ အမေရိကန်အသည်းရောဂါအစည်းအဝေး

ပြီးပြီးခြင်း အမေရိကန် တိုးဂိုက် ကျွန်တော်ဟာ ဒေါ်ခင်လေးရီရဲ့ အမေရိကန်လေ့လာရေးခရီးစဉ်ကြီးကို စီစဉ်ခေါင်းဆောင်ပြီး စရတော့တာပေါ့။

ကျွန်တော့်ဇနီးကို အမေရိကန်နိုင်ငံက သွားသင့်တဲ့မြို့တွေ၊ ကြည့်သင့်တဲ့နေရာတွေကို လျှောက်ပြရင်း "သြော် ငါလည်း တောကလာလည်တဲ့ ဒကာ ဒကာမတွေကို လိုက်ပြတဲ့ ရန်ကုန်က ဘုန်းကြီးလိုဖြစ်နေပါလား" လို့ တွေးမိပါတယ်။ ဘယ်လိုလဲဆိုတော့ ရန်ကုန်က ဘုန်းကြီးတွေဟာ နယ်ကလာ ဘုရားဖူးတဲ့ သူတွေကို ခေါ်ပြီး ရှေ့ဆုံးကနေ ခပ်သုတ်သုတ် လျှောက်သွားပြီး "လာ . . . လာ . . . ဒါ မယ်လမုဘုရား" "အခုရောက်နေတာ ရေတိဂုံဘုရားကြီး ဖူးကြ၊ ကန်တော့ကြ" "လာ လာ အခု ဒို့ ဆူးလေဘုရားရောက်ပြီ၊ ပြီးရင် တိရစာန်ရုံသွားမယ်" ဆိုသလို မရပ်မနားပြောပြီး ရှေ့ကသွား ဟိုဒီ ရောက်သင့်တဲ့နေရာတွေရောက်အောင် တောက လာလည်တဲ့သူ တစ်သိုက်ကို မရပ်မနား တရစပ်ခေါ်သွားပြီး ရန်ကုန်မြို့ကြီးကို ပြလေ့ရှိပါတယ်။ အဲဒီ ဦးပဉ္စင်းတွေက ရန်ကုန် တိုးရစ်ဂက်လုပ်တာ ကျွမ်းနေပါပြီ။ ဘုရားဖူးပရိသတ်ကို ဘယ်ခေါ်သွားလို့ ဘာပြရမယ်၊ ဘာတွေကြည့်သင့်၊ ရောက်ဖူးသင့်တယ်၊ ဘယ်ဘုရားတွေကို ဖူးရမယ်ဆိုတာတွေကို ကြိုတင်စီစဉ်ဆုံးဖြတ်ပြီး အချိန်တိုတိုတွင်းမှာ ရည်မှန်းထားတဲ့နေရာတွေကို ရောက်၊ ဘုရားစုံဖူးပြီးသားဖြစမယ သူတို့ရဲ့တိုး (tour) ကို လမ်းကြောင်းဆွဲ ထားတာပါ။

ကျွန်တော်လည်း အမေရိကန်မှာ ဒေါ်ခင်လေးရီကို ဆိုက်ဆီးအင်း (sightseeing) လိုက်ပြရတာ ကိုယ့်ကိုကိုယ် အဲဒီ ဦးပဉ္စင်းတွေလိုဖြစ်နေတယ်လို့ ခံစားရပါတယ်။ ဘာလို့လဲဆိုတော့ ဒေါ်ခင်လေးရီကို လက်ဆွဲ၊ ဘော်စတွန် တစ်မြို့လုံး ပတ်ကြည့်တဲ့၊ ကုန်းကော ရေပါ သွားလို့ရတဲ့၊ အင်ဖီဗီရပ်စ် (amphibious) ကုန်း ရေသွားယာဉ်က စီးပြီးသွားတဲ့ Duck tour လို့ခေါ်တဲ့ ခရီးစဉ်နဲ့ လိုက်ပြ၊ ဒါကိန်းဘရစ်(ချ်)၊ ဒါ MIT စက်မှုတက္ကသိုလ်ကျောင်း၊ ပြီးတော့ ဒါက မက်ဆယ်ချူးဆက် ဆေးရုံကြီး။ ပြီးတော့ လာ . . . လာ . . . ဘော်စတွန် ဖိုင်းအတ်မြူဆီရမ်ကို သွားကြရအောင်၊ အဲဒီမှာ မိုနေး (Monet) ပန်းချီကားတွေ အများကြီး ရှိတယ်၊ The largest collection of Monet outside France လို့ ပြောတယ်။ ပြင်သစ်နိုင်ငံသား ကမ္ဘာကျော် ပန်းချီဆရာ မိုနေး ရဲ့ ပန်းချီကားတွေကို ပြင်သစ်နိုင်ငံရဲ့ အပြင်ဘက်မှာ အများဆုံး စုထားတဲ့ နေရာပဲ ဆိုပြီး BFA (Boston Fine Park) ပြတိုက်ကို သွားပြီးတော့ ဘော်စတွန် တစ်မြို့လုံးကိုပြ၊ ပြီးတာနဲ့ ဘော်စတွန်ကနေ ဂရေးဟောင်း ဘတ်စ်ကားကြီးစီးပြီး နယူးယောက်ကို သွား၊ နယူးယောက်ကို ရောက်တာနဲ့ လာ လာ ဒါ လီဘာတီစတက်ကျူ (Liberty Statue) လွတ်လပ်ရေးကျောက်ရုပ်ကြီး၊ ပြီးတာနဲ့ ဒါ တိုင်းစကွဲယား (Time Square) လို့ခေါ်တယ်၊ မီးရောင်စုံနဲ့ တကယ်လှတယ်၊ ပြီးတော့ ဆက်သွား၊ ရော့ကဖဲလာစင်တာ (Rockefeller Centre) ကိုပြ၊ တရုတတန်းမှာ အဆုံးသတ်၊ ညစာ စား၊ ဒါ နယူးယောက်ပဲလို့ ပြောပြီးပြလိုက်ပါတယ်။

နယူးယောက် ပြပြီးတာနဲ့ လော့စ်အင်ဂျီလိစ်လို့ခေါ်တဲ့ LA ကိုသွား၊ LA တဝိုက်က ပါဆာဒီနား (Pasadena)၊ အယ်လ်ဟင်ဘရာ(Alhambra)၊ မွန်ထရီပါတ် (Monterey Park)၊ ရို့စ်မိဒ(Rosemead)

ဆိုတဲ့မြို့တွေကို ပြ၊ LA က 'ရွှေမန်းသူ' မြန်မာ စတိုးဆိုင်ကြီး ပိုင်ရှင် ကမောင်မောင်လေး နဲ့ မိတ်ဆက်ပေး၊ 'ရိုးမ' မြန်မာထမင်းဆိုင်ခေါ်သွားပြီး ပိုင်ရှင် ကချင်အမျိုးသမီး မနန်းနဲ့ မိတ်ဆက်ပေး၊ မြန်မာစာတွေကျွေး၊ ပြီးတာနဲ့ လာ ဒို့ ဟောလီးဝုဒ်ဘက်သွားမယ် ဆိုပြီး ဟောလီးဝုဒ်ရောက်တဲ့အခါ အဲဒီနားမှာ ရပ်၊ ဟိုနားမှာရပ်၊ မျိုးစုံရပ်ခိုင်းပြီး ဓါတ်ပုံရိုက်၊ နောက်မှာ ဟောလီးဝုဒ်လို့ ရေးထားတဲ့ စာလုံးကြီးတွေနဲ့ ဓါတ်ပုံရိုက်ရတာက အမော၊ ပြီးတော့ လာ မရောက်မဖြစ် သွားရမယ့်နေရာ ဆိုပြီး Walk of the fame လို့ခေါ်တဲ့ နာမည်ကြီးတွေ လျှောက်တဲ့လမ်း ပလက်ဖေါင်းပေါ်မှာ စတားလို့ခေါ်တဲ့ နာမည်ကြီးအဆိုတော သရုပ်ဆောင်တွေရဲ့ နာမည်တွေထိုးထားတဲ့ ကြေးပြားနဲ့ ကြယ်ရုပ်တွေဆွဲထားပြီး ခြေရာလက်ရာတွေ ပလက်ဖေါင်းပေါ်က အင်္ဂတေပေါ်မှာ အရာထင် အောင်နှိပ်ထားတာ သွားကြည့်၊ ပြီးတော့ မသွားမဖြစ် မိုက်ကယ်ဂျက်ဆင်ရဲ့ စတားဆီသွားပြီး ဓါတ်ပုံရိုက်ကြရအောင်ဆို ခေါ်သွား၊ ဒီလိုနဲ့ ဇနီးဒေါက်တာ ခင်လေးရီ ကို LA တခွင်ပြပြစင် လိုက်ပြလိုက်ပါတယ်။

LA ပြီးတာနဲ့ လာ LA ရဲ့ အထက် မိုင် ၆၀၀လောက်ဝေးတဲ့ ဆန်ဖရန်စစ္စကိုမြို့ကို သွားကြရအောင် ဆိုပြီး သားလေး ထူးခိုင်ဝင်းကို ကားမောင်းခိုင်းပြီး ဆန်ဖရန်ကို ရောက်ကြပြန်ပါတယ်။ ဆန်ဖရန် ရောက်တော့လည်း မရောက်မဖြစ် ဂိုးလ်ဒင်းဂိတ်တံတားကြီး နဲ့ တောင်ထိပ် ပိ(ခ) (Peak) ကိုသွား၊ ပြီးတော့ တံငါသည်ဆိပ်ကမ်း fisherman's wharf ကိုသွား၊ အဲဒီကနေပြီး လှမ်းမျှော်ကြည့်လိုက်တော့ အရင်တုန်းက အမေရိကန်မှာ အလုံခြုံဆုံး၊ စိတ်အချရဆုံး အေလ်ကတာစ် Alcartarze ထောင်အဟောင်းကြီးကို ပြ၊ ပြီးတော့ ဆန်ဖရန်ရောက်လို့မှ မရောက်ခဲ့၊ မသွားခဲ့ရဘားဆိုရင် လုံးဝဂုဏ်သိကာကျမယ့် ကမ္ဘာ့အကောက်အကွေ့ဆုံး လမ်း World's most crooked road လို့ခေါ်တဲ့ လုံးဘတ်(ဒ်)လမ်း (Lombard street) ကိုခေါ်သွားရပြန်ပါတယ်။ နောက်ဆုံးမှာတော့ ဆန်ဖရန်စစ္စကို တရုတ်တန်း လိုက်ပို့ရပါတယ်။

ဆန်ဖရန်စစ္စကိုက ပြန်ရောက်တာနဲ့ တစ်ညနားပြီး အမေရိကန်ရဲ့ အထင်ကရ တိုးရစ်စပေါ့ ဖြစ်တဲ့ ကာစီနို လောင်းကစားမြို့တော်ကြီး လတ်စ်ဗေဂတ်စ် (Las Vegas) ကို ပြဖို့ ကျွန်တော့်ဇနီးကို ခေါ်ပြီး သားလေးနဲ့ ခရီးဆက်ရပါတယ်။ ရန်ကုန်က ဦးပဉ္ဇင်းက နေရာတွေအနှံ့ ရောက်ဖးတယ်ဆိုရုံပြသလိုပဲ ကျွန်တော့်ဇနီးကို ခရီးမိုင်တော်တော် ဝေးတဲ့ လတ်စ်ဗေဂတ်စ်မြို့ကို ရောက်ဖူးတယ်ဆိုရုံ နေ့ချင်း ပြန်ခေါ်သွားပြီး ပြပါတယ်။ ဗေဂတ်စ်ကို အဝေးက လှမ်းမြင်လိုက်ကတည်းက ပထမဆုံး တွေ့တဲ့ ဟိုတယ်မှာ Mandalay Bay လို့ စာတန်းထိုးတာကို စပြရပါတယ်။ ဗေဂတ်စ်က ကာစီနိုတွေထဲကိုဝင်၊ လူတွေ လောင်းကစားတဲ့နေရာတွေကို ဆက်ပြ၊ ပြီးတာနဲ့ ချက်ချင်းပဲ လာ ပြန်ကြရအောင်လို့ ပြောပြီး LA ကို ပြန်ခဲ့ကြပါတယ်။

ဒီလိုနဲ့ အမေရိကန်ခရီးစဉ် (၃)ပတ်အတွင်းမှာ ရန်ကုန်ကဘုန်းကြီး နယ်က ဒကာ ဒကာ မတွေကို ရန်ကုန်ခရီးစဉ်လှည့်ပြသလိုပဲ ကျွန်တော်ဟာ ကျွန်တော့်ဇနီးကို အမေရိကန်ရဲ့ အထင်ကရမြို့ကြီးတွေဖြစ်တဲ့

ဘော်စတွန်၊ နယူးယောက်၊ LA၊ ဟော်လီးဝုဒ၊ ဆန်ဖရန်စစ္စကို၊ ဂိုးလ်ဒင်းဂိတ်တံတား၊ လတ်စ်ဗေဂတ်စ်၊ ကာစီနို မြို့တော်ကြီးတွေကို ပြနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ အမေရိကန်မှာ ကျွန်တော် သုံးပတ်တောင် ကြာခဲ့တာပါ။

ဒါပေမယ့် ရန်ကုန်လည်း ပြန်ရောက်ရော ဟို မဂ္ဂဇင်းတိုက်က ဒီလ ဆောင်းပါး မရတော့ဘူးလား၊ ဒီမဂ္ဂဇင်းတိုက်က စာမူ မရဘူးလား၊ တကျိကျိပြောကြတာနဲ့ စာမူပေးရမယ့် ပြဿနာတွေနဲ့ ရင်ဆိုင်ရတော့တာပါပဲ။

အဲဒီ စာမူပြဿနာတွေနဲ့ ရင်ဆိုင်ရှင်းလင်းနေရတုန်းမှာပဲ ကျွန်တော်ဟာ အမေရိကန်က ပြန်ရောက်ပြီး ၂ပတ်အကြာ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့မှာ အိန္ဒိယနိုင်ငံ ကလကာတား (Kolkata) မြို့မှာ ကျင်းပမယ် အိန္ဒိယနိုင်ငံအစာအိမ် အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့ အကြိမ်(၅၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို တက်ဖို့ ပြည်ပခရီး ထွက်ခဲ့ရပြန်ပါတယ်။ အဲတော့ မဂဇင်းတိုက်တွေ အော်ပြီပေါ့။ သရဖူနဲ့ Wellness မဂဇင်းက မချို၊ ကလျာမဂဇင်းက ဒေါ်ကလျာ၊ ပြောရမယ်ဆိုရင်တော့ မဂ္ဂဇင်းအားလုံးက ကျွန်တော်ရေးနေကျ လစဉ်ဆောင်းပါးတွေ မပါတော့ပါဘူးဆိုပြီး ဖုန်းတွေတဝွမ်ဝွမ်ဆက်၊ ကန်ပလိမ်း (complain) တွေလုပ်ကြတော့တာပေါ့။

ဒါပေမယ့်လည်း ကူလ်ကာတားက အိန္ဒိယ အစာအိမ် အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့ အစည်းအဝေးဟာ အရေးကြီး အစည်းအဝေးဖြစ်လို့ မသွားမဖြစ်။ ပြီးတော့ အိန္ဒိယနိုင်ငံရဲ့ အရေးပါတဲ့ မြို့တစ်မြို့ဖြစ်တဲ့ အရင်တုန်းက ကလကတ္တား (Calcutta) လို့ ခေါ်ပြီး အခုတော့ ကူလကာတား (Kolkata) လို့ နာမည်ပြောင်းလိုက်တဲ့မြို့ကို မရောက်ဖူးတော့ ကျွန်တော် သိပ်သွားချင်တာနဲ့ အိန္ဒိယ အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းရောဂါ အစည်းအဝေးကို တက်ဖို့ သွားလိုက် ရတာပါ။ အဲဒီမြို့ဟာ ကျွန်တော်တို့ Rangoon ကို Yangon ပြောင်းလိုက်သလိုပဲ Calcutta လို့ အင်္ဂလိပ်သံထွက်ထားတာကို Kolkata လို့ အသံထွက်စာလုံးပေါင်း ပြောင်းလိုက်တဲ့ ဘဂါလီ လူမျိုးနွယ်တွေနေတဲ့ မြို့ပါ။ ကူလကာတားမြို့ကို ကျွန်တော် ဘာလို့ သွားချင်တာလဲဆိုတော့ အဓိကအကြောင်းရင်း သုံးခုရှိပါတယ်။

အဲဒါတွေကတော့ ကူလ်ကာတားမှာ ကမ္ဘာကျော် အိန္ဒိယက ကဗျာဆရာကြီး ရာဘင်ဒရာနတ်တဂိုးရဲ့ အိမ်နဲ့ ပြတိုက် ရှိပါတယ်။ ဆရာပါရဂူရဲ့ စာတွေကြောင့် ကျွန်တော်တို့ အငယ်ကတည်းက ရာဘင်ဒရာနတ်တဂိုးနဲ့ သူ့ရဲ့ သစ်ပင်တွေအောက်က ရှန်တိနီကေတန်ကျောင်းကြီးကို ရင်းနှီးနေတာပါ။ ကူလ်ကာတားကို သွားချင်ရတဲ့ နောက်ထပ်အကြောင်းရင်း တစ်ခုကတော့ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဆင်းရဲနွမ်းပါးသူတွေကို ကယ်တင်ပေးခဲ့တဲ့ ခရစ်ယာန် သာသနာပြု မာသာထရီဇာရဲ့ ကျောင်းရှိလို့ပါ။

နောက်ဆုံးနဲ့ အရေးအကြီးဆုံးကတော့ ကူလ်ကာတားမြို့ကို ဖြတ်ပြီးစီးဆင်းသွားတဲ့ ဂင်္ဂါမြစ်ကြီးပါ။ အိန္ဒိယ တစ်နိုင်ငံလုံးက ဟိန္ဒူဘာသာ ကိုးကွယ်တဲ့ သူတွေဟာ တစ်နှစ်တစ်ခါ ဂင်္ဂါမြစ်ရေထဲမှာ လာပြီး လူတစ်ကိုယ်လုံး နှစ်မြှုပ်စိမ်လိုက်ရင် အပြစ်တွေအားလုံးပြေပျောက်သွားတယ်လို့ ယူဆထားတဲ့ ဟိန္ဒူဘာသာ

ဝင်တွေအတွက် အဓိက အရေးအပါဆုံး ဂင်္ဂါမြစ်ကြီးကိုလည်း မြင်ဖူး တွေ့ဖူးချင်တော့ ကူလ်ကာတားမြို့ကို ကျွန်တော် သွားချင်တာပေါ့။

အဲလို အိန္ဒိယနိုင်ငံ ကူလ်ကာတားမြို့ကို အစည်းအဝေးတက်ဖို့ ထွက်ခဲ့ပေမယ့် "ငါ ဟိုရောက်ရင် စာရေးဖြစ်မှာပါ။ ဒေါ်ကလျာအတွက် အကြွေးမကျန်ခဲ့အောင် 'အမေနဲ့ကျွန်တော်' ဆောင်းပါးကို ကူလ်ကာတားမှာ မဖြစ်ဖြစ်အောင် ရေးပြီး အီးမေးလ်နဲ့ ပို့လိုက်ရင်ပြီးတာပဲ" လို့ ခပ်လွယ်လွယ်ပဲ တွေးခဲ့ပါတယ်။ ဒါပေမယ့် ကူလ်ကာတားရောက်ပြီး အစည်းအဝေး အစီအစဉ်ပရိုဂရမ်တွေကို ကြည့်လိုက်တော့ တော်တော်ကို စိတ်ညစ်သွားပါတယ်။ အစည်းအဝေးမှာ နေ့တိုင်း နေ့လည်စာစားပွဲ၊ ညစာ အထူးဒင်နာ၊ ဘင်ကွစ (banquet) ညစာ စားပွဲကြီး တွေက အပြည့်၊ လုံးဝကိုမအားတဲ့ အစည်းအဝေးပါ။

ဘယ်လိုမှကို မအားတဲ့အစည်းအဝေးပါ။ အဲတော့ အိန္ဒိယကိုရောက်တာနဲ့ အစည်းအဝေးတက်၊ နေ့လည်ရောက်တော့ နေ့လည်စာစား၊ ညရောက်တော့ တကယ့်ကိုကောင်းတဲ့ ဘင်္ဂလီဟင်းတွေ စား၊ အဆီတွေတက်၊ မျက်လုံးတွေ စင်းနဲ့ ဘာကိုမှ မရေးနိုင်တော့ဘဲ ဒီဇင်ဘာ (၁၃)ရက်နေ့ရောက်မှ မြန်မာပြည်ပြန်ရောက်ခဲ့ပါတယ်။ အဆိုးဆုံးကတော့ ကူလ်ကာတားမှ တောင်းပန်စာတောင်မရေးခဲ့နိုင်တာပါ။

မြန်မာပြည်ပြန်ရောက်တော့ ဘော်စတွန်၊ ကူလ်ကာတား ခရီးစဉ်တွေကြောင့် အကြွေးတင်နေတဲ့ လူနာတွေ အများကြီးကို ကုန်အောင် ကြည့်ရလို့ ဘယ်လိုမှ ခေါင်းမထောင်နိုင်၊ မဂ္ဂဇင်းဂျာနယ်တွေအတွက် ဘာစာမှကို မရေးနိုင် ဖြစ်ရပါတော့တယ်။ အဲတော့ ကျွန်တော်လည်း တော်တော်လေးကို စိတ်မကောင်းဖြစ်ရပါတယ်။ ကိုယ်သိပ်ချစ်တဲ့ အမေအကြောင်း၊ "အမေနဲ့ကျွန်တော်" ဆောင်းပါးကိုတောင် မရေးဖြစ်အောင် အလုပ်ရှုပ်ခဲ့တဲ့ ကျွန်တော်ရဲ့ အဖြစ်ကို တွေးမိပြီး တော်တော်လေးကို စိတ်ဆင်းရဲမိပါတယ်။

ဒါပေမယ့်လည်း အမေနာမည်နဲ့ စာကြည့်တိုက်အင်တာနက်စင်တာ၊ ဒေါ်ခင်ခင်အင်တာနက် အက်ဆက် (DKK Internet Access) စင်တာကြီးကို အမေ့ရဲ့ ဝမ်းတွင်းမြို့ကတိုက် ဖွင့်နိုင်ခဲ့ပြီး "အမေ့အတွက် သားတ့်တတွေ လုပ်နိုင်တာ အကုန်လုပ်ပေးခဲ့ကြပါတယ။ အမေတစ်ယောက် ရောက်လေရာ ဘဝကနေ သားတို့ လုပ်နေတာတွေကို ကြည့်ပြီး သာဓုခေါ်နိုင်ပါစေ။ အမေ ကောင်းရာ သုဂတိလားပါစေ" လို့စိတ်ထဲမှာ ကျိတ်ပြီး ပြောမိပါတယ်။ ပြီးတော့ "ကျွန်တော်တို့ အားလုံးဝိုင်းပြီး DKK စင်တာကြီး အောင်မြင်အောင် လုပ်နေတယ်ဆိုတာကို အမေသိပြီး ပီတိတွေ ဝေ၊ သာဓုခေါ်နိုင်ပါစေ" လို့လည်း ဆုတောင်း လိုက်မိပါတယ်။

ဒီလိုနဲ့ ကူလ်ကာတားခရီးစဉ်ကြောင့် ဒေါ်ကလျာရဲ့ အကြိမ်ကြိမ် အနူးအညှတ်တောင်းပန်တဲ့ ကြားက ကျွန်တော်ဟာ "အမေနဲ့ ကျွန်တော်" ဆောင်းပါးကိုလည်း မရေးနိုင်၊ ကူလ်ကာတားမှ တောင်းပန်စာလည်း မရေးနိုင်ပဲ ပြီးခဲ့တဲ့လက ထုတ်တဲ့ ကလျာမဂ္ဂဇင်းမှာ ကျွန်တော့်ရဲ့ ဆောင်းပါးတွေ ဘာမှ မပါပဲ ဖြစ်သွားပါတော့တယ်။ အဲဒါအတွက် ဒီဆောင်းပါးနဲ့ ဒေါ်ကလျာကို အနူးအညှတ်တောင်းပန်ပါရစေ။

ကျွန်တော့်ရဲ့ အလုပ်တွေကလည်း ရှုပ်သည်ထက် ရှုပ်၊ ကျွန်တော့်ရဲ့ စိတ်ဝင်စားမှုတွေကလည်း နယ်မြေတွေ ကျယ်ပြန့်သည်ထက်ကျယ်ပြန့်လာ၊ ကျွန်တော် လုပ်ချင်တာတွေကလည်း များသည်ထက် များ၊ ကျွန်တော်နဲ့ ပြချင်ကြတဲ့ လူနာတွေကလည်း တိုးသည်ထက် တိုးလာဆိုတော့ ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ပါ။ အင်္ဂလိပ်လို ပြောရမယ်ဆိုရင်တော့ I have my fingers in too many pies လို့ ပြောရမှာပေါ့။ နေရာတကာမှာ ပါနေတဲ့ ကျွန်တော်လို့ အနီးစပ်ဆုံး အဓိပ္ပါယ်ပြန်ရမှာပါ။

ဘာပဲဖြစ်ဖြစ်လေ စာတွေကို ရေးနေရမှာက ငါ့ရဲ့ အဓိက တာဝန်ပဲ၊ အထူးသဖြင့် အမေ့အကြောင်းတွေကိုတော့ ဘယ်တော့မှ မရပ်ပဲ ရေးသွားရတော့မှာလို့ တွေးလိုက်မိရင်း "အမေနဲ့ ကျွန်တော်" ဆောင်းပါးထဲမှာ ရေးလက်စဖြစ်နေတဲ့ ရန်ကုန် မန္တလေးကို ဘောက်ဆောကားကြီးနဲ့ သွားတဲ့ ခရီးစဉ် အကြောင်းကို ဆက်ရေးလိုက်ပါတော့မယ်။

ဘောက်ဆောကားကြီး မိတ္ထီလာ ရောက်ပြ

ကျွန်တော်တို့ ဘောက်ဆောကားကြီး ပျော်ဘွယ်က ထွက် မိတ္ထီလာမြို့ကို ဝင်လာတော့ ညနေ စောင်းနေပြီး နေဝင်စပြုနေပါပြီ။ မိတ္ထလာဝင် ရေကျော်ခုနှစ်ပေါက်ကျော်လာပြီး ရွှေမြင်တင်ဘုရားရှေ့ ရောက်လာတော့ တော်တော်ကို စိတ်ထဲမှာ စိတ်ချလက်ချ အားရသွားပါတယ်။ ငါ့အရပ် ငါနယ်ကို ရောက်လာပြီ၊ ဘာမှ ပူစရာ မရှိတော့ဘူးဆိုတဲ့ အတွေးပေါ့။ ပြီးတော့ အမေနဲ့တွေ့ဖို့ရာ နာရီပိုင်းပဲ လိုတော့တယ်ဆိုတဲ့ အသိကြောင့် တော်တော်လေးကို စိတ်လှုပ်ရှားမိပါတယ။ အမေ့သား ဆရာဝန် ကားစီးနိုင်ပါပြီ၊ အခု ဘောက်ဆောကားကြီး ဝယ်လာပြီလို့ အော်ဟစ်ပြီး ဘောက်ဆောကားကြီးကို ဝမ်းတွင်း အမေ့တိုက်ရှေ့မှာ အမြန်ထိုးရပ်လိုက်ချင်ပါတော့တယ်။

ရွှေမြင်တင်ဘုရားကျော်တာနဲ့ မိတ္ထီလာ ကန်ဘောင် တာရိုးကြီးပေါ်မှာ ဘောက်ဆောကားကြီး မောင်းဝင်လာတော့ လမ်းဘေးကလူတွေ ဝိုင်းကြည့်ကြပါတယ်။ အဲဒီတုန်းက ကိုယ်ပိုင်မော်တော်ကားဆိုတာ တော်တော်လေး ရှားသေးတဲ့ခေတ်ဆိုတော့ လူတွေက ကျွန်တော့်ရဲ့ ဘောက်ဆောကားကြီးကို တအံ့တသြ ငေးမော ကြည့်ကြတာပေါ့။

ကန်ဘောင်ကနေ အနောက်ဘက်ကို ကြည့်လိုက်တော့ မိတ္ထလာကန်ရေပြင်ကြီးကို အပေါ်ကနေ ဆီးမြင်ရပြီး နေဝင်ဖို့ ပြင်နေတဲ့ နေလုံးကြီးနဲ့ ကန်ရေပြင်ကြီး ထိနေသလို ဖြစ်နေတာက အတော်ကို လှတာပါ။

လေယာဉ်မောင်း ပိုင်းလော့ သင်တန်း၊ သင်တန်းသား ဦးတင်နွယ်

ကန်ဘောင်ကြီးပေါ်မှာ ဖြတ်မောင်းပြီးတော့ မိတ္ထီလာမြို့ထဲဝင်လိုကတဲ့အခါ ဘယ်ဘက်မှာ မိတ္ထီလာမြို့ရဲ့ အကောင်းဆုံး တရုတ်ဆိုင်ဖြစ်တဲ့ "ကန်တော်မိတ်" စားသောက်ဆိုင်ကို တွေ့ရပါတယ်။ ကျွန်တော်

မိတ္ထီလာ အထက(၁)မှာ ဆယ်တန်း တက်နေတုန်းက အစ်ကိုကြီး ဦးတင်နွယ်ခေါ်လို့ မကြာမကြာ ရောက်ဖူးတဲ့ဆိုင်ပါ။ အဲဒီတုန်းက ဦးတင်နွယ်က မိတ္ထီလာလေတပ် လေယာဉ်မောင်းသင်ကျောင်းမှာ လေယာဉ်မောင်း ပိုင်းလော့ သင်တန်း တက်နေတုန်းပါ။ စနေ၊ တနင်္ဂနွေ သင်တန်းနားရက်တွေမှာ ဦးတင်နွယ်နဲ့ သူ့ရဲ့မိတ်ဆွေ ပိုင်းလော့ သင်တန်းသားတွေ ကန်တော်မိတ်ဆိုင်မှာ စားကြသောက်ကြတဲ့အခါမှာ ကျွန်တော်နဲ့ ကျွန်တောအထက်က မနှလေးတက္ကသိုလ် ပထမနှစ်ကျောင်းသား ဦးခင်မောင်တင့်(ကိုတူး)တို့ကို ခေါ်သွားလေ့ရှိပါတယ်။ ဘောက်ဆောကားကြီး ကန်တော်မိတ်ဆိုင်ရှေ့ ဖြတ်သွားတော့ အဲဒီအကြောင်းတွေ တွေးနေရင်းနဲ့ ကျွန်တော်က အစ်ကိုကြီး ဦးတင်နွယ်ကို "ကိုကို ပိုင်းလော့သင်တန်းတက်တုန်းက ဒီဆိုင်မှာ ကျွန်တော်တို့နဲ့ စားကြရင်း ကိုကိုဒေါင်ချာစင်းအောင် မူးသွားတာ မှတ်မိသေးလား" လို့ မေးလိုက်တော့ ကိုကိုက "ငါလည်း သိပ်မမှတ်မိတော့ဘူးကွ၊ မင်းကသာ အကုန်လုံးအသေးစိတ်မှတ်မိနေတာ။ ငါကတော့ အငယ်က အကြောင်းတွေ ဘာဆိုဘာမှ မမှတ်မိတော့ဘူး" လို့ ပြောပါတယ်။ အဲလို ကိုကိုက ပြောလိုက်တော့ ကျွန်တော်ကလည်း "ကိုကိုကသာမမှတမိတာ၊ အဲဒီတုန်းက ကိုကိုမူးတဲ့ ဒဏ်တွေကို ကျွန်တော်နဲ့ ကိုတူး ရေရေလည်လည်ခံရတာလေ။ မှတ်မှတ်ရရ စနေနေ့ တစ်ရက်မှာ ကိုကို့အဖွဲ့တွေနဲ့ ကိုကိုတို့ သောက်ကြပြီး ကိုကို လုံးဝမူးသွားတယ်လေ။ ကိုကို့ အဖွဲ့တွေကတော့ စားသောက်ပြီး ပြန်သွားကြရော။ အဲတော့ သိပ်မးနေတဲ့ ကိုကိုရယ် ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ရယ်ပဲ ကျန်တောခဲ့တာပေါ့။ အဲဒီတုန်းက ကိုကိုက ထိုင်ရာက ထကို မထနိုင်အောင် မူးနေတော့ ကျွန်တော်နဲ့ ကိုတူးက မြင်းလှည်းခေါ်၊ ကိုကို့ကို မတင်ပြီး မိတ္ထီလာလေတပ်ထဲ ပြန်ပို့ရတာလေ။ အဲဒီညက ကိုကိုက လုံးဝကို မူးပြီးမှောက်သွားတော့ ဘာဆို ဘာမှ မလှုပ်နိုင်တော့ပဲ လုံးလုံးကြီးကို ခြေပစ်လက်ပစ်ကြီး ပုံကျနေတာ၊ ကျွန်တော်နဲ့ ကိုတူး ကိုကို့ကို မနည်း မပြီး မြင်းလှည်းပေါ်တင်ရတာ။ လေတပ်ဂိတ်ရောက်တော့ ကိုကို့ကို မြင်းလှည်းပေါ်က မနည်းတွဲချပြီး ဂိတ်စောင့် ရဲဘော်တွေကို 'ဒါဟာ ပိုင်းလော့ သင်တန်းသား ကဒက် (cadet) တင်နွယ်ပါ။ အခု နည်းနည်းတော့ မူးနေပါတယ်။ အရာရှိရိုပ်သာကို သွားမှာပါ' ဆိုပြီး မနည်းတောင်းပန်ရှင်းပြတော့ နောက်ဆုံးမှာ ကျွန်တော်တို့ တပ်ထဲကို ဝင်ခွင့်ပြုလိုက်တယ်လေ။ အဲတော့ အချိန်က ည(၁၀)နာရီ ကျော်နေပြီဆိုတော့ တပ်ထဲကို မြင်းလည်းဝင်ခွင့် မရတော့ဘူး။ အဲဒါ တကယ့်ပြဿနာပဲ။ ကျွန်တော်တို့က လေတပ်ဂိတ်ကနေ အရာရှိရိုပ်သာရောက်အောင် အရမ်းမူးနေတ ကိုကို့ကို အဝေးကြီး တွဲသွားရတာ။ ကိုကိုရယ် အဲဒီဖြစ်ရပ်ကတော့ တကယ့်ကို မှတ်လောက်သားလောက်ပါပဲ။ တပ်ထိန်းဂိတ်ကနေ အရာရှိ ရိုပ်သာဆိုတာက ဆူးလေဘုရားနဲ့ ဘုန်းကြီးလမ်းလောက် ဝေးတာ။ အဲလောက်ဝေးတခရီးကို လုံးဝမူးပြီး ခြေထောက်တောင်မထောက်နိုင်၊ မရပ်နိုင်တဲ့ ကိုကို့ကို ကျွန်တော်နဲ့ ကိုတူးက တစ်ယောက်တစ်ဖက် ချိုင်းကနေ တွဲပြီး သယ်ရတာ။ ပင်ပန်းလိုက်တာ ကိုကိုရာ။ ဘာလို့ အဲလို ချိုင်းကနေ တွဲခေါ်ရတာလဲဆိုတော့ ဂိတ်က ရဲဘော်တွေရှေ့မှာ ကိုကို့ကို ခေါင်းတစ်ယောက်၊ ခြေထောက်တစ်ယောက်မ သယ်သွားလို့လည်း မကောင်းဘူးလေ။ အဲတော့ ကျွန်တော်တို့ နှစ်ယောက်က ကိုကို့ကို လမ်းလျှောက်နိုင်သလို ပုံစံမျိုးဖြစ်အောင်

တစ်ယောက်တစ်ဖက် ချိုင်းကညပ်ပြီး တွဲရတာပေါ့။ ဒါပေမယ့် အဲလ ကိုကို့ကို တွဲလျှောက်တာ သိပ်ပင်ပန်းတာဆိုတော့ ကျွန်တော်တို့က ကိုကို့ကို အဲလို အကြာကြီး တွဲမလျှောက်နိုင်တာနဲ့ တပ်ထိန်းရဲဘော်ဂိတ်နဲ့ နည်းနည်းလည်း ဝေးသွားရော ကိုကို့ကို ခုနက ပြောသလို ခြေထောက်က တစ်ယောက်၊ ခေါင်းဘက်တစ်ယောက် လုံးဝကို ပစ္စည်းတစ်ခုကို သယ်သလို မပြီးသယ်လိုက်၊ နည်းနည်း နားလိုက်၊ ကိုကို့ကို မြေကြီးပေါ် ခဏချထားလိုက်၊ တဖြေးဖြေး ကိုကို့ကို သယ်လာတာ နာရီဝက်လောက်ကြာမှ အရာရှိရိပ်သာကိုရောက်တယ်။ မှတ်လောက်သားလောက် ကိုကို မူးသွားတဲ့ ကန်တော်မိတ်စားသောက်ဆိုင်က ညစာစားခဲ့ရတဲ့ ညနေပေါ့" လ. ပြောလိုက်တော့ ကိုကိုက "မင်းဟာ ဟုတ်ရဲ့လားကွာ၊ ငါဒီလောက်တောင် ဆိုးဆိုးဝါးဝါး မူးသလား ငါတော့ လုံးဝမမှတ်မိဘူး"လို့ ပြောပါတယ်။

ကျွန်တော်ကတော့ ကိုကို ပိုင်းလော့ သင်တန်းတက်တုန်းက အဲလို မူးခဲ့တာအပြင် တခြား ကိုကို မူးခဲ့တဲ့ ဖြစ်ရပ်တွေကိုပါ သတိရမိပါတယ်။ အဲလို ကိုကို မူးခဲ့တာ အပြင် ကိုကိုနဲ့ ပတ်သက်လို့ ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုကို ပြောပြချင် ပါသေးတယ်။ ၁၉၆၄ ခုနှစ် ကျွန်တော်ဆယ်တန်း တက်နေတုန်းမှာ ကိုကို ပိုင်းလော့ သင်တန်း မပြီးသေးပါဘူး။ ကျွန်တော် မိတ္ထီလာ အထက(၁)မှာ ဆယ်တန်း တက်နေတုန်း တစ်နေ့ "မိတ္ထီလာလေတပ်မှာ မနေ့ညက ညမောင်းသင်တန်း တက်နေတုန်း လေယာဉ်မောင်းသင် လေယာဉ်နှစ်စင်း လေထဲမှာ တိုက်မိပြီး ပျက်ကျသွားတယ်။ သင်တန်းသား နှစ်ယောက်ကော ဆရာ နှစ်ယောက်ပါ သေသွားတယ်" ဆိုတဲ့သတင်း ကြားရပါတယ်။ အဲဒီမှာတင် ကျွန်တော်လည်း အတော်ကို စိတ်ပူသွားပြီပေါ့။ ခဏနေတော့ အမေဆီက ဖုန်းလာတော့တာပါပဲ။ "ဟဲ့ မောင်ခင်မောင်ဝင်း မင်းလေတပ်ကို အခုချက်ချင်း လိုက်သွားဦးလေ၊ လေယာဉ်ပျက်တာ ငါ့သားလေး မောင်တင်နွယ် မဟုတ်ပါစေနဲ့ လွဲပါစေ၊ ဖယ်ပါစေ"လို့ တဖွဖွ ပြောတဲ့ အမေ့ရဲ့ ငိုသံပါ စကားတွေကို အခုထက်ထိ ကြားယောင်နေမိပါတယ်။ အမေဟာ သားသမီးတွေကို ချစ်တဲ့နေရာမှာတော့ ဘယ်သူနဲ့မှ မယှဉ်နိုင်လောက် အောင်ကို သားသမီးတွေအပေါ်မှာ သံယောဇဉ်တွေ ပိုလွန်းတယ်လို့ ထင်မိပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အမေ့ဆီက ဖုန်းရရခြင်း ချက်ချင်းပဲ အဲဒီတုန်းက မိတ္ထီလာခရိုင် စက်ရှင်မင်းကြီးဦးလှ ရဲ့သားဖြစ်တဲ့ ကျွန်တော်နဲ့ ဆယ်တန်းတစ်ခန်း တည်းသား မောင်လှိုင်ဝင်းဆီကို တန်းသွားပြီး "မောင်လှိုင်ဝင်း၊ လေတပ်က လေယာဉ်နှစ်စင်း မနေ့ညက တိုက်ပြီး ပျက်ကျသွားတယ်ပြောတယ်ကွ။ အဲဒါ ငါအစ်ကိုကြီးအတွက် စိတ်ပူလို့ မင်းငါ့ကို လေတပ်လိုက်ပို့ဦး" လို့ ပြောတော့ မောင်လှိုင်ဝင်းက သူ့ရဲ့ စကိုဒါကားလေး မောင်းပြီး ကျွန်တော့်ကို မိတ္ထီလာလေတပ်ကို လိုက်ပို့ပါတယ်။

လေတပ်ဂိတ်ရောက်တော့ "အရာရှိရိပ်သာ သွားချင်ပါတယ်"လို့ ပြောပြီး ဝင်ခွင့် တောင်းရပါတယ်။ အဲလ လေတပ်ဂိတ်မှာ စကားပြောနေတုန်းမှာ အဲဒီဂိတ်က ရဲဘော်တွေကို လေယာဉ်ပျက်ကျတဲ့ သင်တန်းသားနာမည်ထဲမှာ ကဒက် တင်နွယ်လို့မျှား ပါလားလို့ မေးတော့ အဲဒီနာမည်တော့ မကြားမိဘူးလို့ ပြောတယ်။ ကျွန်တော်နည်းနည်းလေး စိတ်သက်သာရာလေး ရသွားပါတယ်။

ကျွန်တော်နဲ့ မောင်လှိုင်ဝင်းရဲ့ စကိုဒါကားလေး ကိုကိုတို့ ပိုင်းလော့ ကဒက်တွေရဲ့ အရာရှိရိပ်သာရှေ့ရောက်သွားတော့ အစ်ကိုကြီး ဦးတင်နွယ်ကို တန်းတွေ့ရပါတယ်။ အဲတော့ ကျွန်တော်လည်း တော်တော်လေး ပျော်သွားပါတယ်။ ကျွန်တော်တို့ကိုလည်း မြင်ရော ကိုကိုက "လာကြ လာကြ လေယာဉ်ပျက်ကျတဲ့ အထဲမှာ ငါမပါဘူးက" လို့ ပြောပါတယ်။ ကိုကိုတို့ ရိပ်သာ ဧည့်ခန်းထဲရောက်တာနဲ့ ကိုကိုက ကကဒဗရီ (Cadbury) ချောကလက်ပြားကြီး ထုတ်ကျွေးပါတယ်။ ပြီးတော့ ပေါင်မုန့်နဲ့ သုတစားကြဆိုပြီး ရိပ်သာက ဧည့်ခန်းထဲမှာ ပေါင်မုန့်နဲ့ တူနှစ်လက် ထောပတ်ဘူးလေး ထုတ်ပေးပါတယ်။ ကိုကိုတို့ လေယာဉ်မောင်း သင်တန်းကဒက် ဘဝက လေယာဉ်ပျံသန်းချိန် (flying hour) ပေါ်မူတည်ပြီး ကက်ဒ်ဗရီ ချောကလက် အပြားကြီးတွေ ထုတ်ပေးပါတယ်။ ကိုကိုကတော့ တခါတည်း မထုတ်ပဲ စုထားပြီး လကုန်မှ ထုတ်တော့ ကကဒဗရီ ချောကလကတွေကို သံဘားကြီးတစ်ဘား အပြည့်ထုတ်ရပါတယ်။ ပြီးတော့ ကိုကိုတို့ လေယာဉ်မောင်း သင်တန်းသားတွေက ကရပ်ဖ်ချိစ် (Craft cheese) ဒိန်ခဲတွေနဲ့ တူနှစ်လက် ထောပတ်တွေကို တသီကြီး ရတာလည်း မှတ်မိနေပါသေးတယ်။ (၁၉၆၄)ခုနှစ်က ပိုင်းလော့ သင်တန်းသား ကဒက်တွေရဲ့ ဘဝအခြေအနေပါ။

ခုနက ပြောနေတဲ့ ကိုကို့ရဲ့ လေတပ်ရိပ်သာကို ရောက်သွားတဲ့အကြောင်း ဆက်ပြောရမယ်ဆိုရင် ကိုကိုက "ဒို့မနက်ဖြန် လေယာဉ်မောင်းသင်တန်း သင်တန်းဆင်းမှာကွ၊ သင်တန်းမဆင်းခင် နောက်ဆုံးည အနေနဲ့ ညပျံတာ (night flying) လေ့ကျင့်ဖို့ဆိုပြီး ပျံတာကွ၊ လေထဲရောက်တော့ အပြင်ကိုလုံးဝမကြည့်ဘဲ စက်ကိရိယာလောက်ပဲကြည့်ပြီး မောင်းတယ်ဆိုတဲ့ အင်စတူးမန့် (instrument flying) ဆိုတာကို ကျင့်ကြတယ်ကွာ၊ တစ်မျိုးပြောရမယ် ဆိုရင်တော့ ဂေါ်ဂယ်ဖလိုင်းရင်း (goggle flying) လို့ခေါ်တဲ့ လေယာဉ်ရှေ့ကြည့်မှန်ကို လုံးဝပိတ်ပြီး လေယာဉ်မောင်းတာကွာ၊ ကြံကြဖန်ဖန် ပျော်ဖွယ်မြို့ပေါ်လောက်မှာ လေယာဉ်နှစ်စင်း တိုက်ကြတယ်တဲ့ကွာ။ ငါလည်း မသိတော့ပါဘူး" လို့ ပြောပါတယ်။ ကိုကိုတစ်ယောက် ကံကောင်းလို့ ဘာမှမဖြစ်၊ လေယာဉ်တိုက်မိတဲ့အထဲ ပါမသွားတာပေါ့။ ဒါနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ အရမ်းကို စိတ်ပူနေတဲ့ ဝမ်းတွင်းက အမေ့ဆီကို ကိုကို နေကောင်း ကျန်းမာ၊ လေယာဉ်ပျက်တဲ့အထဲ မပါတဲ့အကြောင်း ဖုန်းဆက်ရပါတော့တယ်။

အဲဒီလို ကိုကို ပိုင်းလော့သင်တန်းတက်တုန်းက အရက်မူးခဲ့တာတွေ ပြောနေရင်းမှာပဲ ကျွန်တော်တို့ရဲ့ ဘောက်ဆောကားကြီးဟာ ဇွဲရှုပ်ရှင်ရုံရှေ့က ဖြတ်ပြီး မိတ္ထီလာမြို့ထဲကို ဝင်လာပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၂၉-၁၁-၂၀၀၉ နေ့ ဝမ်းတွင်းမြို့က (DKK internet access) စင်တာကြီးဖွင့်ပွဲ

စာရေးသူ ဂင်္ဂါမြစ်နားမှာ

ကမ္ဘာကျော် အိန္ဒိယက ကဗျာဆရာကြီး ရာဘင်ဒရာနတ်တဂိုးရဲ့ အိမ်နဲ့ ပြတိုက်ရှေ့မှာ

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၄၁)

ရှုပ်သည်ထက် ရှုပ်လာတဲ့ အလုပ်တွေ

အောက်တိုဘာလကုန်လောက်ကစပြီး ကျွန်တော့်ရဲ့ပြည်ပခရီးတွေ လတိုင်းလို ဆက်တိုက်ဖြစ်နေတော့ မဂ္ဂဇင်း၊ ဂျာနယ် တော်တော်များများမှာ ကျွန်တော်ပုံမှန်ရေးနေကျ ဆောင်းပါးတွေ မရေးနိုင်ခဲ့ပါဘူး။

အထူးသဖြင့် ကလျာမဂ္ဂဇင်းမှာ အမေဂုဏ်ပြု အညာသွားခရီးစဉ်၊ အညာဒေသ အတွေ့အကြုံနဲ့ အညာရှုခင်းတေကို ရေးနေတဲ့ အမေနဲ့ကျွန်တော် ဆောင်းပါးကို (၂)လဆက်တိုက် မရေးနိုင်လို့ ဘော်စတွန်ကနေ တောင်းပန်စာ ရေးလိုက်ရပါသေးတယ်။

အသက်လေးရလာရင် အလုပ်တွေ တဖြည်းဖြည်း နဲသွားပြီး ပိုပိုအားလာမယ်လို့ ထင်ခဲ့တာ အခုတော့ အထင်နဲ့အမြင် တက်တက်စဉ်လွဲနေပါပြီ။ ကျွန်တော်နေ့စဉ် လုပ်နေရတဲ့ အလုပ်တွေဟာ ဘယ်လိုမှ ပြောမပြနိုင်အောင် ရှုပ်လာပါတယ်။ ဘာလို့တုန်းဆိုရင် လောကကြီးမှာ ကျွန်တော်လုပ်ချင်တာတွေကလည်း များသည်ထက် များလာလို့ပါ။

အသက်ကြီးလာလို့ ဟိုဟာဒီဟာတွေ လုပ်ချင်စိတ်တွေ ကုန်သွား၊ အနားယူရမလား အောက်မေ့တယ်၊ အခုတော့ အဲလိုမဟုတ်ဘူး၊ ကျွန်တော်စိတ်ဝင်စားတာတွေက တိုးတိုးလာပါတယ်။ တိုးချဲ့ ဝါသနာပါလာတာတွေ ပြောရမယ်ဆိုရင် ပန်းချီကားတွေ စိတ်ဝင်စားပြီး art collection လုပ်၊ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်၊ အသည်းကင်ဆာရောဂါသည်တွေ အတွက် အကျိုးရှိအောင် အာရှပစိဖိတ် အသည်းကင်ဆာ သုတေသနစီမံကိန်းမှာ ပါဝင်ဆောင်ရွက်၊ ဆရာဝန်တွေကို ခေတ်မီ နည်းစနစ်တွေ သင်ပေး၊ ဂျာနယ်တွေ တစ်စောင်ပြီး တစ်စောင် တိုးချဲ့ရေး ဆိုတာတွေပေါ့။ ပြောရမယ်ဆိုရင် ကျွန်တော့်ရဲ့ လုပ်ငန်းတွေက အများကြီးမှ အများကြီး ဖြစ်လာပါတယ်။

အမေသာသိရင်တော့ ဘယ်လိုပြောမလဲ မသိဘူး။ အမေကလည်း အလုပ်နဲ့ လက်နဲ့မပြတ် ဇယ်ဆက်သလို လုပတတ်တဲ့သူ တစ်ယောက်ပါ။ ဒါပေမယ့် အခု ကျွန်တော် လုပ်နေသလောက် လုပ်နေတာတွေ တွေ့ရင်တော့ "မင်း နဲနဲတော့ နားဦးမှာ ဖြစ်မှာ" လို့ ပြောမှာပါ။

ကျွန်တော်ကလည်း မနားနိုင်၊ လုံးဝမနားနိုင်ပါ။ ဘာလို့တုန်းဆိုတော့ အချိန်လေး ရတုန်း ရေးရတာမို့လို့ပါ။ အချိန်လေး ရတုန်း ဆိုတာက ကျန်းမာရေး ကောင်းတုန်း၊ မှတ်ဉာဏ်တွေ ကောင်းနေပြီး အငယ်က အဖြစ်တွေကို အကုန်လုံး သတိရနေတုန်း၊ စာရေးချင်တဲ့စိတ်တွေ အပြည့်ရှိနေတုန်း ဆိုသလို စာရေးဖြစ်အောင် အခြေအနေတွေ ရှိနေတုန်းမှာ ကြိုးစားရေးရတာပါ။

ဒီလို အမေ့အကြောင်း သတိရတာလေးတွေ၊ စာရေးချင်စိတ်တွေ တအားကို ရှိနေပေမယ့် (၂၀၀၉)ခုနှစ် အောက်တိုဘာ လကုန်လောက်ကတည်းကနေပြီး ပြည်ပခရီးစဉ်တွေ သိပ်များနေတော့ စာတွေ မရေးဖြစ်ပဲ တော်တော်လေး ပျက်ကွက်တာတွေ များနေပါတယ်။

ပြည်ပခရီးစဉ် သွားတယ်ဆိုတာက အပျော်ခရီးတွေထွက် အလည်တွေ သွားနေတာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ပညာရပ်ဆင်ရာ တိုးတက်မှုအတွက် သွားရတာပါ။ ဘယ်ကိုတွေ ဘာကိစ္စတွေနဲ့ သွားနေရတယ်ဆိုတာကို ပြောပြချင်ပါသေးတယ်။

အောက်တိုဘာ လကုန်မှာ အမေရိကန်ကို သွားရတာက မတက်မဖြစ် အမေရိကန် အသည်းရောဂါအဖွဲ့ အစည်းအဝေးကို သွားတက်ရတာပါ။ အဲဒီ အစည်းအဝေး တစ်ပတ်တက်ပြီးတော့ အမေရိကန် LA မှာ ကျောင်းတက်နေတဲ့ သားလေး ထူးခိုင်ဝင်း ဆီမှာ သွားပြီး တစ်ပတ် နေလိုက်ပါတယ်။ အဲဒီတော့ နှစ်ပတ်ကုန်သွားရော။ နိုဝင်ဘာလဆန်း မြန်မာပြည် ပြန်ရောက်ပြီး နှစ်ပတ်ကြာတော့ အိန္ဒိယနိုင်ငံ ကိုလ်ကာတာ မြို့မှာ လုပ်တဲ့ အကြိမ်(၅၀)မြောက် အိန္ဒိယနိုင်ငံ အစာအိမ် အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့ အစည်းအဝေးကို သွားတက်ရပါတယ်။ ဒီဇင်ဘာလထဲမှာတော့ ပွဲတွေက ရှုပ်တော့တာပါပဲ။ ပုသိမ် ဆရာဝန်အသင်း ညီလာခံကိုသွားပြီး အသည်းရောင် အသားဝါ စီရောဂါကုနည်း ပို့ချရပါတယ်။ ဒီနောက်တော့ ဇန္နဝါရီလထဲမှာ လက်ထပ်ဧည့်ခံပွဲ လုပ်မယ့် သမီးလေး နှင်းနှင်းဝင်းနဲ့ သူ့အမျိုးသား မောင်ဇေယျာဝင်းတို့ မြန်မာပြည် ပြန်ရောက်လာပါတယ်။ သားလေး ထူးခိုင်ဝင်းလည်း ကျောင်းပိတ်လို့ ရန်ကုန် ခဏပြန်လာ ဆိုတော့ လူတွေစုံ၊ ပွဲတွေစုံ၊ ဘာဆိုဘာမှ စာရေးလို့မရတဲ့ အခြေအနေပါ။

ဇန္နဝါရီလဆန်းတာနဲ့ လမ်း(၃၀)ဆေးခန်း ဝန်ထမ်းတွေ နှစ်ပတ်လည်ပွဲကြီးကို သန်လျင်မှာ ရှိတဲ့ ပန်းလှိုင် လင့်(ခ်) Pun Hlaing Link ဂေါက်ကွင်းမှာ သွားလုပ်ရပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ မွေးနေ့ဖြစ်တဲ့ ဇန္နဝါရီ (၁၁)ရက်နေ့ရောက်တော့ ကုန်သည်ကြီးများ ဟော်တယ်မှာ အမေဂုဏ်ပြုပွဲ လုပ်ပါတယ်။ အဲဒီပွဲမှာ မြန်မာစာ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်က အမှာစကား ပြောကြားပေးပြီး ကျွန်တော့်အမေ ဒေါ်ခင်ခင်ကို ဂုဏ်ပြုတဲ့ အခမ်းအနား ပွဲကြီးလုပ်ပါတယ်။ အဲဒီနောက် ဇန္နဝါရီ (၂၃)ရက်နေ့မှာ သမီးလေး နှင်းနှင်းဝင်းနဲ့ မောင်ဇေယျာဝင်းတို့ လက်ထပ်ဧည့်ခံပွဲကို ဆီဒိုးနားဟော်တယ်မှာ လုပ်ပါတယ်။ လက်ထပ်ဧည့်ခံပွဲပြီးတဲ့ နောက်တစ်နေ့မှာ တာချလိတ်၊ ကျိုင်းတုံ၊ မိုင်းလား ခရီးရှည်ကြီး သွားလိုက်ပြီး ရန်ကုန်ကို ဇန္နဝါရီလ(၂၇)ရက်နေ့ကို ပြန်ရောက်ပြီး ချက်ချင်းပဲ နောက်တစ်နေ့မှာ ပြည်ပခရီးထိုင်းနိုင်ငံကို သွားရပြီး ထိုင်းနိုင်ငံ ချင်းမိုင် (ဇင်းမယ်)မှာ လုပ်တဲ့ ထိုင်းနိုင်ငံ အစာအိမ် အူလမ်းကြောင်းနဲ့ အသည်းရောဂါ အဖွဲ့ရဲ့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ သိပပညာရှင်များ နှီးနှောဖလှယ်ပွဲ တက်လိုက်တယ်။ ထိုင်းနိုင်ငံက ပြန်ရောက်ပြီး (၄)ရက်အကြာမှာ စကာပူနိုင်ငံမှာလုပ်တဲ့ အာရှပစိဖိတ် အသည်းရောဂါအဖွဲ့ အစည်းအဝေး သွားတက်ပြီး ၈-၂-၂၀၁၀ မှာ ရန်ကုန်ကို ပြန်ရောက်လာတယ်။

ကျွန်တော်အစ်ကိုကြီး ဦးတင်နွယ်နဲ့ စာတည်း ဦးကျော်ဦးလှိုင်တို့က အမေနဲ့ ကျွန်တော် ဆောင်းပါးကို ရေးဖြစ်အောင်ရေးပေးဖို့ တတွတ်တွတ် နေ့ ည ပြောရှာပါတယ်။

ဒီလို ကျွန်တော် အလုပ်ရှုပ်တာတွေကို ဘာလို့ ပြောနေရသလဲ ဆိုတော့ အမေနဲ့ကျွန်တော် ဆောင်းပါးတွေ ပျက်ကွက်ရတာဟာ မရေးချင်တော့လို့ မရေးနိုင်တော့လို့ မဟုတ်ပါ။ ရေးစရာ အချိန်ကို မရှိလို့ မရေးရတာပါ ဆိုတာကို ရှင်းပြ ပြောပြရတာပါ။

ဒါပေမယ့်လည်း ဒေါ်ကလျာ၊ ဦးတင်နွယ်၊ ဦးကျော်ဦးလှိုင်နဲ့ တပည့်တွေကို အားနာလို့ အထူးသဖြင့် စာဖတ်ပရိသတ်ကြီးကို လေးစားလွန်းလို့ ကျွန်တော် ကြိုးစားပြီး ဘောက်ဆောကားကြီးရဲ့ ခရီးစဉ်ကို ဆက်လက် ရေးလိုက်ရပါတယ်။

<u>ဘောက်ဆောကားကြီး မိတ္ထီလာမှာ</u>

မိတ္ထီလာ ကန်ဘောင်ပေါ်ကနေ မိတ္ထီလာမြို့ထဲဝင်၊ ကန်တော်မိတ် တရုတ်စားသောက်ဆိုင်ရှေ့ ဖြတ်၊ ဇွဲ ရုပ်ရင်ရုံကို ကျော်လာတော့ လမ်းညာဘက် ချိုင်ထဲက အရက်ချက်စက်ရုံကို လှမ်းမြင်တဲ့အခါ မိတ္ထလာ'ကိုကို' ကို သတိရမိပါတယ်။ အမေ့ရဲ့ အစ်ကိုအရင်း ဦးမောင်မောင်ကို ကျွန်တော်တို့က အမေခေါ်သလိုပဲ 'ကိုကို' လို့ လိုက်ခေါ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ အစ်ကိုအကြီးဆုံး ဦးတင်နွယ်ကိုလည်း ကိုကိုလို့ပဲ ခေါ်ပါတယ်။ အဲလို ကိုကို နှစ်ယောက်ဖြစ်နေတော့ မိတ္ထီလာမှာ နေတဲ့ အမေ့ရဲ့အစကို ဦးမောင်မောင်ကို ကျွန်တော်တို့ ညီအစ်ကိုတတွေက မိတ္ထီလာကိုကို လို့ ခေါ်ကြပါတယ်။ မိတ္ထီလာကိုကိုရဲ့ အရက်ချက်စက်ရုံကို ကျွန်တော်တို့ အငယ် မူလတန်းကျောင်းသားဘဝက ရောက်ဖူးပါတယ်။ ကိုကိုဟာ သူ့ညီမ (ကျွန်တော့်အမေ ဒေါ်ခင်ခင်)ကို သိပ်ချစ်ပြီး ညီမရဲ့ သားသမီးတွေ ဖြစ်တဲ့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတတွေကိုလည်း သိပ်ချစ်ပါတယ်။ ကိုကိုက ညီမနှစ်ယောက်ဖြစ်တဲ့ ဒေါ်ခင်ခင်နဲ့ ဒေါ်တင်တင်တို့ကို ချစ်တာ မတူပါဘူး။ ညီမအကြီးဖြစ်တဲ့ ကျွန်တော့်အမေ ဒေါ်ခင်ခင်ကို ပိုပြီး ချစ်ပုံ ပေါ်ပါတယ်။ ကျွန်တော့်အမေကို 'ခင်ခင်၊ ခင်ခင်' နဲ့ ပါးစပ်ဖျားက မချပါဘူး။ ကျန်တော်တို့ အောက်ပြည် တိုက်ကြီးမှာ ကျောင်းနေရင်းနဲ့ နွေရာသီ ကျောင်းပိတ်လို့ အညာပြန် ဝမ်းတွင်းရောက်တယ်ဆိုရင် မိတ္ထီလာကိုကိုက ဝမ်းတွင်းကို သူ့စက်ရုံက အရက်တွေ လာပို့ရင်းနဲ့ ကျွန်တော်တို့ကို မိတ္ထီလာကို ခေါ်သွားလေ့ရှိပါတယ်။

မိတ္ထီလာကိုကို့အိမ်မှာ နေရင်းနဲ့ ကိုကိုက ကျွန်တော်တို့ကို သူ့ရဲ့ အရက်ချက်စက်ရုံကို ခေါ်သွားလို့ ရောက်ဖူးတာပါ။ "ဒီမှာကြည့်ကွ ငါးရှဉ့်သွေးနဲ့ ငှဲစက်ရုံက အရက်ဖြူ စပ်ထားတာ သိပ်ကိုကောင်းတဲ့ အားဆေးပ" ဆိုပြီး ငါးရှဉ့်ကို အရက်ခွက်ပေါ် တင်ပြီး မါးနဲ့လှီး၊ အရက်ထဲကို ငါးရှဉ့်သွေးတွေ တစက်စက်နဲ့ ကျခဲ့တာကို မှတ်မိ သတိရနေပါသေးတယ်။ လွန်ခဲ့တဲ့ အနှစ်(၅၀)လောက်က အဖြစ်အပျက်တွေကို မှတ်မိနေသေးတဲ့ မှတ်ဉာဏ်ကိုလည်း တအံ့တသြ ဖြစ်မိပါတယ်။

အဲလို ဘောက်ဆောကားကြီး မိတ္ထီလာမြို့ထဲ ဝင်တော့ ဟိုဟာသတိရ၊ ဒီဟာသတိရနဲ့ နောက်ဆုံး စည်သရပ်ထဲက ကျွန်တော့်ယောကျ္ခမ ဦးကျော်လှိုင်နဲ့ ဒေါ်ခင်တင့်တို့ အိမ်ရှေ့မှာ ရပ်လိုက်ပါတယ်။ အိမ်ရှေ့လို့သာ ပြောရတယ်၊ တကယ်တော့ ကျွန်တော့်ယောကျ္ခမတွေဟာ စည်သချောက်ကြီးထဲမှာ နေတာ ဆိုတော့ အိမ်ရှေ့ကို ကားသွားလို့ မရတဲ့အတွက် ချောက်ထဲကို ဆင်းတဲ့ လှေခါးရှေ့ ရွှေဗဟို ရုပ်ရှင်ရုံ နောက်မှာ ရပ်ရတာပါ။ ကြံုတုန်း ကျွန်တော့်ဇနီး ဒေါက်တာ ခင်လေးရီရဲ့ အိမ်ဟာ ဘယ်လိုက ဘယ်လို စည်သူချောက်ကြီးထဲကို ရောက်နေတယ်ဆိုတာ ပြောပြချင်ပါသေးတယ်။ ကျွန်တော့်ဇနီးရဲ့ အဖေ ကျွန်တော့် ယောကျ္ခမ ဦးကျော်လှိုင်ရဲ့ အမေ ဒေါ်မမလေး ဟာ သူ့ညီမနဲ့ အမတွေဖြစ်တဲ့ ဒေါ်မမအေး၊ ဒေါ်မမကြီး တို့နဲ့အတူ နေပါတယ်။ ဒေါ်မမအေးဟာ အပျိုကြီးပါ။ သူဟာ မတ္ထီလာရွှေဗဟို ရုပ်ရှင်ရုံ နောက်နားက မင်းရုပ်ထဲမှာ ကိုယ်ပိုင် မူလတန်းကျောင်း ဆောက်ပြီး သူကိုယ်တိုင် ကျောင်းအုပ်ဆရာမကြီး လုပ်ပြီး နေတာပါ။ သူတို့ ညီအစ်မတတွေ နေတဲ့ အိမ်ကိုလည်း ကျောင်းထဲမှာပဲ ဆောက်ထားပါတယ်။ နောက်တော့ သူတို့ ညီအစ်မတွေဟာ အဲဒီကျောင်းနဲ့ ကျောင်းထဲက အိမ်ကို အစိုးရကို လှူလိုက်ပါတယ်။ အဲဒီမှာတင် အဲဒီကိုယ်ပိုင်ကျောင်းဟာ နောက်တော့ မင်းရုပ် အစိုးရမူလတန်းကျောင်း ဖြစ်လာပါတယ်။ ကျောင်းနဲ့ အိမ်ကို လှူလိုက်ပြီးတော့ သူတို့ မိသားစုကတော့ စည်သူရပ်ကွက် ချောက်ကြီးထဲမှာ ပြောင်းပြီး နေလိုက်ကြတဲ့အခါ သူတို့ရဲ့ သားစဉ်မြေးဆက်ဟာ စည်သူချောက်ကြီးထဲမှာ ကြီးပြင်းလာကြရတာပေါ့။

ကျွန်တော်တို့ ဘောက်ဆောကားကြီးကို ခုနကပြောသလို ရွှေဗဟို ရုပ်ရှင်ရုံ နောက် မီးမှိန်မှိန် စည်သူချောက်ထိပ်မှာ ရပ်ပြီး ကျွန်တော်တို့ ချောက်ထဲ ဆင်းတဲ့ လှေခါးအတိုင်း ဆင်းသွားကြပြီး ညာဘက်ကို ချိုးတဲ့ လမ်းထဲကို ချိုးဝင်လိုက်ပါတယ။ လမ်းခပ်ကျဉ်းကျဉ်းမှာ ပြွတ်သိပ်နေတဲ့ အိမ်တွေက တစ်ဖက်တစ်ချက် တန်းစီလို့ပါ။ လမ်းဆုံးရောက်တော့ ဘယ်ဘက်မှာ ရှိတဲ့ ဝါးထရံကာ သွပ်မိုး တစ်ထပ်အိမ် ခပ်ခပ်နွမ်းနွမ်း လေးကတော့ ကျွန်တော့်ယောကမတွေရဲ့ အိမ်ပါ။ အိမ်ထဲမှာလည်း ဝါကျင့်ကျင့် မီးမှိန်မှိန်လေး နှစ်လုံးလောက် ထွန်းထားပါတယ်။ အိမ်အဝကနေ “အန်တီ၊ ဘိုးလေး (ယောကျ္ခမ ဦးကျော်လှိုင်ကို ခေါ်တာ)” လို့ ခေါ်လိုက်တော့ အိမ်သားတွေ အားလုံး အလန့်တကြား၊ တအံ့တသြ ပြေးထွက်လာကြပါတယ်။ ကျွန်တော့်ကို မြင်လိုက်တော့ သူတို့တတွေ ရုတ်တရက် ကြောင်ကြည့်နေကြပြီးမှ “မောင်ခင်မောင်ဝင်း” ဆပြီး အော်လိုက်ကြပါတယ်။ ကျွနတော်ကို လုံးဝမျှော်လင့်မထားပဲ တွေ့လိုက်ရတော့ အဲလို ဖြစ်တာပေါ့။ ရန်ကုန်ကနေ ဘောက်ဆောကားကြီး ထွက်လာတာကို ဘယ်နားရောက်နေပြီ၊ ဘာဖြစ်နေပြီ၊ ဘယ်နားရောက်နေပြီ၊ ဘယ်တော့ မိတ္ထီလာရောက်မယ်ဆိုတာကို ဆက်သွယ်အကြောင်းကြားလို့ မရတဲ့ခေတ်ပါ။ ကျွန်တောတို့ ကားကြီး လမ်းမှာ (၂)ညအိပ်ခဲ့ပြီး ဖြစ်ပေမယ့် အဲဒီအကြောင်းတွေကို ယောကျ္ခမဖြစ်တဲ့ မိတ္ထီလာအိပ်ချိန်း အော်ပရေတာ ဒေါ်ခင်တင့် မသိရရှာတဲ့ အဖြစ်ပါ။

အဲဒီနောက် ကျွန်တော်နဲ့ အစ်ကိုကြီး ဦးတင်နွယ်တို့ အိမ်ထဲကို ဝင်ထိုင်ကြပါတယ်။ အိမ်ထဲမှာ သမံတလင်း ခင်းမထားပါ၊ ဆက်တီမရပါ။ အိမ်ရဲ့ရှေ့ မြေကြီးပေါ်က ထောင့်လေးတစ်ထောင့်မှာ ရိုက်ထားတဲ့

သစ်သား ကွပ်ပြစ် အပေါ်မှာ ထိုင်ရတာပါ။ လက်ဘက်ရည်ကြမ်း သောက်၊ လက်ဘက်သုတ်လေး စား၊ နာရီဝက်လောက် နားပြီးတော့ ဘိုးလေးနဲ့ အန်တီတို့ကို နှုတ်ဆက်၊ အမေ့အိမ်ရှိရာ ဝမ်းတွင်းမြို့ကို ဘောက်ဆောကားကြီး ခရီးဆက်ခဲ့ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

၁၀-၃-၂၀၁၀

ကလျာ

အမေနဲ့.ကျွန်တော် (အပိုင်း ၄၂)

ပခုက္ကူ ဦးအုန်းဖေ စာကြည့်တိုက်စာအုပ်ဆုရပြီ

အမေ့ကို ရည်စူးပြီး အမေ့အကြောင်းတွေ အညာကအကြောင်းတွေကို ကလျာမဂဇင်းထဲမှာ "အမေနဲ့. ကျွန်တော်" ဆိုပြီး လစဉ် ရေးဆောင်းပါးအနေနဲ့. ရေးခဲ့တာ အပိုင်း (၄၂)အထိ ရောက်နေပါပြီ။

ကျွန်တော့်ဆောင်းပါးတွေကို ကလျာမဂ္ဂဇင်းပိုင်ရှင် ဒေါ်ကလျာကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံပြီး ထည့်ပေးခဲ့ပါတယ်။ လအတော်ကြာလာတော့ ကျွန်တော့်ရဲ့. စာဖတ်ပရိသတ်တွေက "အမေနဲ့. ကျွန်တော်" တစ်လ မှ တစ်ခါ ဖတ်ရတာ အားမရဘူး၊ စာအုပ်အနေနဲ့. ပေါင်းပြီး ထုတ်ပေးပါလို့. တောင်းဆိုကြပါတယ်။ အဲဒီအချိန်မှာ ဒေါ်နန်းအိအိဇာနဲ့. သမီး မချို (မခင်ချိုဦး) တို့.က ကျွန်တော့်ဆီလာပြီး ကလျာထဲက အမေနဲ့. ကျွန်တော် ဆောင်းပါးတွေကို စပြီး လုံးချင်းစာအုပ် ထုတ်ချင်ပါတယ်လို့. ပြောပါတယ်။ ကျွန်တော်ကလည်း တကယ့်ကို ဝမ်းသာသွားပြီး ထုတ်ပေးပါလို့. ပြောလိုက်ပါတယ်။ ဒါနဲ့. ဒေါ်နန်းအိအိဇာက ကျွန်တော့်အမေ ဒေါ်ခင်ခင်ရဲ့. ပုံကို တံတားဦးသား နာမည်ကျော် ပန်းချီဆရာ ကိုဇော်မောင်ကို ဆွဲခိုင်းပြီး အမေနဲ့. ကျွန်တော် စာအုပ်ရဲ့. မျက်နှာဖုံးလုပ်လို့. စာအုပ်အနေနဲ့.ထွက်လာပါတယ်။

ဒါနဲ့.ပဲ အထက်ပန်းဆိုးတန်းလမ်းမှာ ရှိတဲ့ "စာပေလောက" စာအုပ်တိုက်မှာ အမေနဲ့. ကျွန်တော် စာအုပ် စတင်ဖြန့်.ချရေး နဲ့. စာရေးသူကိုယ်တိုင် လက်မှတ်ထိုးပေးပွဲလုပ်လိုက်တာ စာဖတ်ပရိသတ်ရဲ့. လှိုက်လှိုက်လှဲလှဲ အားပေးမှုကို ရခဲ့ပါတယ်။ အမေ့အတွက် ရေးထားတဲ့ အမေ့ရဲ့. အကြောင်း စာအုပ်အောင်မြင်မှုရတယ်ဆိုတော့ အမေ့ကို အထူးသတိရမိပြီး စိတ်ထဲမှာ အတော်ကို ခံစားရမိပါတယ်။ အဲဒီစာအုပ် လက်မှတ်ထိုးပွဲမှာ ကျွန်တော် စကားလုံး၀ ဆက်မပြော နိုင်အောင် ရင်ဆို့.တဲ့အထိ ဖြစ်သွားခဲ့ရပါတယ်။ အမေနဲ့. ကျွန်တော် စာအုပ်ကို မြန်မာ့ရူပ်မြင် သံကြားအပတ်စဉ် စာအုပ်စင်ကဏ္ဍမှာ အရောင်းရဆုံးစာအုပ်အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဒီလိုနဲ့. အမေနဲ့. ကျွန်တော် စာအုပ်က တော်တော်ကို အဖတ်များပြီး လူကြီး၊ လူငယ်၊ လူလတ် အားလုံးက လက်ခံအားပေးတဲ့ စာအုပ်တစ်အုပ်ဖြစ်လာပါတယ်။

၂၀၁၀ ဖေဖော်ဝါရီလ (၁၉)ရက်နေ့.မှာ အမေနဲ့. ကျွန်တော် စာအုပ်ကို ၂၀၀၉ ခုနှစ် ပခုက္ကူ ဦးအုန်းဖေ စာကြည့်တိုက် စာအုပ်ဆုအဖြစ် ရွေးချယ်လိုက်ကြောင်း မြန်မာ့အသံ ရေဒီယိုနဲ့.

မြန်မာ့ရှုပ်မြင်သံကြား သတင်းတွေမှာ ကြေငြာလိုက်ပြီး နောက်တစ်နေ့ သတင်းစာမှာလည်း အဲဒီသတင်းကို ပုံနှိပ်ထုတ်ဝေလိုက်တော့ ကျွန်တော် ဘယ်လိုမှ ဖော်ပြလို့ မရနိုင်တဲ့ ပီတိတွေ ခံစားမှုတွေရင်ထဲမှာ အပြည့်ပါ။ အထူးသဖြင့် အမေ့အတွက် ဂုဏ်ယူခံစားမိရတာပါ။ အမေ့အကြောင်းကို ရေးထားတဲ့ အမေနဲ့ ကျွန်တော် စာအုပ်ဟာ အဆင့်မြင့် စာပေ ဆုချီးမြှင့်ခံရတယ်။ အမေ့အကြောင်းကို မြန်မာနိုင်ငံတစ်ဝှမ်း တိုင်းသိ ပြည်သိဖြစ်သွားပါပြီ။

ဒါနဲ့တင် ကျွန်တော် ကျေနပ်နိုင်မှာ မဟုတ်ပါဘူး။ ဒီစာအုပ်ကို ပြည်ပပုံနှိပ်စာအုပ်တိုက် တစ်ခုခုမှာ အင်္ဂလိပ်လို ဘာသာပြန် ပုံနှိပ်ဖြန့်ချိပြီး အမေ့အကြောင်းကို မြန်မာတင်မက ကမာကပါ သိအောင် လုပ်သွားဦးမှာပါလို့ ပြောလိုက်ပါရစေ။

ပါမောက္ခဒေါက်တာဝင်း (အသည်း)

အမေနဲ့ကျွန်တော်(အဆက်)

ကျွန်တော်ဆရာဝန်ဖြစ်ခါစ မန္တလေးဆေးတက္ကသိုလ် ဆေးပညာဌာနမှာ သရုပ်ပြဆရာနဲ့ မန္တလေးဆေးရုံကြီးရဲ့ လက်ထောက်ဆရာဝန်ရာထူး နှစ်ခုတွဲပြီး အလုပ်လုပ်နေတုန်းမှာ ကျွန်တော်ကိုယ်ပိုင်ကားစီးတာကို သပ်မြင်ချင်ပြီး ကျွန်တော့်ကို "ဆရာဝန်ဆိုတာ ကားစီးရတယ်" လို့ အမြဲပြောလေ့ရှိတဲ့ အမေ့ရဲ့ဆန္ဒပြည့်အောင် ရှိသမျှ ပိုက်ဆံလေး ခြစ်ခြုတပြီး ရန်ကုန်ကိုသွား၊ ဘောက်ဆောကားတစ်စီးကို ဝယ်ခဲ့ပါတယ်။

အဲဒီနောက် ကျွန်တော့်ဘဝမှာ ပထမဆုံး ကိုယ်ပိုင်ကားဖြစ်တဲ့ ဘောက်ဆောကားကြီးကို ရန်ကုန်မှာတင် ကျွန်တော့်အစ်ကို ဦးတင်နွယ်ကိုယ်တိုင် စိတ်တိုင်းကျ ပြင်တယ်။ အားလုံး ရယ်ဒီဖြစ်ပြီဆိုတော့ ကျွန်တော်တို့တတွေ ဝပ်ရှော့ဆရာကိုပါခေါ်ပြီး ဘောက်ဆောကားကြီးကို ရန်ကုန်ကနေ မန္တလေးကို မောင်းသွားဖို့ ဘောက်ဆောကားကြီး ခရီးစဉ်စလိုက်တာ လမ်းတလျှောက်လုံး ဟိုဟာပျက် ဒီဟာပျက် ကားပျက်တဲ့ ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်ရပါတယ်။ ဘောက်ဆောကားကြီးကလည်း တစ်နေ့တစ်မျိုး မရှိုးရအောင် ဒုက္ခမျိုးစုံပေးလိုက်တာ လမ်းမှာ ဖြူးမှာတစ်ည တောင်ငူမှာတစ်ည နှစ်ညအိပ်ပြီးတဲ့ အထိ မနလေးကို မရောက်နိုင်သေးပဲ လမ်းမှာ ကြုံရဆုံရတဲ့ ဘောက်ဆောကားကြီးရဲ့ ဇာတ်လမ်းစုံကို ရေးနေပါတယ်။

မိတလာက ဝမ်းတွင်းကို

ကျွန်တော် ဘောက်ဆောကားအကြောင်းပြောနေတဲ့ ၁၉၇၆ ခုနှစ် ပတ်ဝန်းကျင်လောက်တုန်းက မိတ္ထီလာနဲ့ ဝမ်းတွင်းဆိုတဲ့ (၂၁)မိုင်ခရီးဟာ တော်တော်ကို ဝေးတယ်လို့ ကျွန်တော်တို့စိတ်ထဲမှာ ခံစားရပါတယ်။ ဘာလို့လည်းဆိုတော့ မိတ္ထီလာ ဝမ်းတွင်းကြားမှာရှိတဲ့ ကားလမ်းဟာ ရန်ကုန် မန္တလေး လမ်းမကြီးပေါ်မှာရှိတဲ့ လမ်းပိုင်းတစပိုင်း ဖြစ်ပေမယ့်လို့ လမ်းကျဉ်းကျဉ်းလေးဆိုတော့ ဝမ်းတွင်း မိတ္ထီလာဆွဲတဲ့ လိုင်းကားတွေဆိုရင် ဒီခရီးကို လေးငါးနာရီ ကြာအောင် မောင်းကြရတယ်။ ကိုယ်ပိုင်ကားနဲ့သွားမယ် ဆိုရင်တောင် (၂)နာရီကျော် ကြာတယ်။ ဘာလို့အဲလို ခရီးတိုလေးကို အကြာကြီးကြာအောင် မောင်းရတယ် ဆိုတာလည်း ရှင်းပြပါမယ်။

ရန်ကုန် မန္တလေး လမ်းမကြီးဆိုလို့ စိတ်ထဲမှာ ခုခေတ်လမ်းမကြီးတွေလို highway လမ်းအကျယ်ကြီးတွေလို့ မမြင်လိုက်ပါနဲ့။ မိတလာ ဝမ်းတွင်းသွား လမ်းမကြီးသာဆိုတယ် ကားနှစ်စီး ရှောင်နိုင်ရုံလောက်ပဲ ကျယ်တဲ့ ကတ္တရာလမ်းကျဉ်းကျဉ်းလေးပါ။ လမ်းဘေးမှာ အခခေတ်လို လမ်းပုခုံး (shoulder) ဆိုတာလည်း မရှိပါဘူး။ လမ်းဘေးအစွန် လမ်းကလနားမှာ ကျောက်တုံးတွေ မညီမညာနဲ့ စီထားတဲ့ လမ်းဘေးစောင်းကြီးပါ။ အဲတော့ ကားနှစ်စီး မရှောင်သာလို့ လမ်းဘေးချလိုက်ပြီး လမ်းပေါ် ပြန်တက်ရင် ကားဘီးနဲ့လမ်းစောင်း ပြဿနာတက်တော့တာပဲ။ ဒါကြောင့် ကားလမး ဘေးချရှောင်ပြီးရင် လမ်းစောင်းအပြေဆုံးနေရာကို ရှာပြီး လမ်းမကြီးပေါ် ပြန်တက်ရပါတယ်။ အဲလိုမတက်ဘူးဆိုရင် လမ်းစောင်း ခပ်ဇောက်နက်နက်နေရာနဲ့ ကားတာယာနဲ့ တွေ့တဲ့ အခါမျိုးမှာ ကားတာယာပဲ့ထွက်သွားပါလိမ့်မယ်။ အဲဒီလို ပြဿနာရှိလို့ (၂၁)မိုင်ပဲ ဝေးတဲ့ ခရီးလေးကို ဝေါကနဲဆိုပြီး မောင်းသွားလို့ မရပါဘူး။ ကားတွေ့တိုင်း အရှိန်လျှော့၊ လမ်းဘေးချ၊ လမ်းပေါ်ပြန်တက်ဖို့ နေရာရွေးရပြန်ပါတယ်။ အဲတော့ တစ်ခုတည်းသော ရန်ကုန် မန္တလေး လမ်းကြီးပေါ်မှာ သွားတဲ့ ကားတွေက အများကြီး၊ ကားတစ်စင်းတွေ့တိုင်း လမ်းဘေးချရှောင် နေရတာကြောင့် ကားဟာ လိပ်သွားသလို သွားနေရပြီး ခရီးမတွင်တော့ဘူးပေါ့။

နေ့ခင်းသွားရင်တောင် အဲလောက် ခက်ခဲနေတဲ့ ၂၁မိုင်ပဲဝေးတဲ့ မိတ္ထီလာ ဝမ်းတွင်းခရီးကို ညပိုင်းမှာမောင်းမယ်ဆိုရင်တော့ တော်တော်ကို ဂရုစိုက်မောင်းရလို့ ကားဟာ ပိုပြီးနှေးသွားပါတယ်။ အဲဒီခေတ်က ညအချိန် ကားမောင်းခရုးသွားတာမှာ ဂရုစိုက်ရတာတွေက သိပ်များပါတယ်။

ခုနက ပြောသလို ညမှောင်မှောင်ထဲမှာ လမ်းကို အရင်ဆုံးဂရုစိုက်ကြည့်ရပါတယ်။ လမ်းက ခပ်ကျဉ်းကျဉ်း နှစ်စီးရှောင်လို့ ရတယ်ဆိုပေမယ့်လည်း အရှိန်နဲ့ မောင်းလာတဲ့ ကားတွေ ကားကြီးတွေနဲ့ ရှောင်တိုင်း ကိုယ်က လမ်းဘေးချပေးနေရတာပါ။ လမ်းဘေးချပေးလိုက်ရင် လမ်းပေါ်ပြန်တက်တာမှာ ခုနကပြောခဲ့သလို နေရာရွေးပြီး သေချာမှ ပြန်တက်လို့ရပါတယ်၊ ညမှောင်မှောင်မည်းမည်းမှာ

ကားမီးရောင်နဲ့ မသဲမကွဲ ဖြစ်နေတုန်း မသေချာပဲ ကတ္တရာလမ်းအစွန် ခပ်နက်နက်မှာ သွားတက်လိုက်ရင် ကားတာယာပဲ့ထွက်သွားနိုင်ပါတယ်။

အခုခေတ်လို နှစ်လမ်းသွားမရှိပဲ အသွားအပြန်လမ်း တစ်လမ်းထဲမှာ ညပိုင်း မျက်နှာချင်းဆိုင် မောင်းရတာဟာ ကားမောင်းတော်တော်လေး ကျွမ်းကျင်မှမောင်းလို့ရတာပါ။ ညကားမောင်းတာမှာ ဂရုစိုက်ရမှာတစ်ခုကတော့ မျက်နှာချင်းဆိုင်က လာတဲ့ကားရဲ့ မီးကြီးထိုးတဲ့ကိစ္စပါ။ ညမောင်းတဲ့အခါမှာ မျက်နှာချင်းဆိုင်က ကားတစ်စင်းနဲ့ တွေ့ရင် တော်တော် ဝေးဝေးကြီးကတည်းက ကိုယ့်ကားမီးကို မီးကြီးအပြည့် (full beam) ထိုးထားလို့မရပါဘူး။ အဲလို မီးကြီးထိုးထားရင် မျက်နှာချင်းဆိုင်က လာတဲ့ကားကို တည့်တည့်စူးစူးကြီး မီးရောင်ထိုးမိပြီး တစ်ဘက်က ကားဆရာ ကားမောင်းလို့မရပဲ ဖြစ်ပါမယ်။ ဒါကြောင့် ကားတစ်စင်းကို မျက်နှာချင်းဆိုင် တွေ့တာနဲ့ ကိုယ့်ကားရဲ့မီးကို ဒစ်(ပ်) (dip) လုပ်တယ်လို့ခေါ်တဲ့ မီးနှိမ့်ပေးတာ လုပ်ရပါတယ်။ ဒါပေမယ့် အဲလို မီးကိုနှမ့်ပြီး မောင်းပြန်ရင်လည်း လမ်းဘေးမှာ ရပ်ထားတဲ့ ကားကြီးတွေ၊ ကတ္တရာလမ်းကို ခေါင်းချပြီး အိပ်နေတဲ့သူတွေကို မမြင်ပဲဖြစ်ပါမယ်။ ဒါကြောင့် အဲဒီခေတ်က လမ်းကျဉ်းကျဉ်းမှာ ညဘက် ကားမောင်းတဲ့အခါမှာ တကယ့်ကို ပညာပါပါနဲ့ မီးကြီး ဖွင့်ပိတ်လုပ်ပြီး မောင်းတတ်မှ အန္တရာယ်ကင်းမှာပါ။ ညမှာကား ဘယ်လ မောင်းရမှာလည်းဆိုတော့ မျက်နှာချင်းဆိုင်က ကားတစ်စင်းနဲ့ ရင်ဆိုင်တွေ့ပြီဆိုတာ မီးကြီးကိုဖွင့်ပြီး လမ်းဘေးဘယ်ညာ အခြေအနေ ကို ကြည့်လိုက်၊ ပြီးတော့ တစ်ခါ တစ်ဘက် လူမောင်းလို့ရအောင် မီးကြီးကို မှိတ်၊ မီးကို နှိမ့ (dip) လုပ်ပေးလိုက်၊ နည်းနည်းလေးမောင်းပြီးတာနဲ့ မီးကြီးတစ်ခါ ပြန်ထိုးပြီး လမ်းအခြေအနေကို ကြည့်၊ မီးပြန်မှိတ်၊ တတောက်တောက်နဲ့ မီးခလုပ်တွေကို မြင့်လိုက်နှမ့်လိုက်လုပ်ပြီး မောင်းရပါတယ်။

အဲလိုမမောင်းရင် အန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ပဲခူးက ကလေးအထူးကု ဆရာဝန် တစ်ယောက်ဟာ ကိုယ်တိုင် ညမှာ ကားမောင်းသားတာ လမ်းဘေးမှာရပ်ထားတဲ့ သစ်ကားကြီးကို ဝင်တိုက်မိပြီး ဇနီးမောင်နှံ အသက်ဆုံးရှုံးသွားခဲ့ရတာကို မှတ်မိပါသေးတယ်။ မီးကြီးမှိတ် မီးနှိမ့် (dip) မီးကြီးပြန်ဖွင့် လုပ်ပြီးမောင်းတာ မှားသွားလို့ အဲလိုဖြစ်တာပါ။

အဲဒီလိုပဲ ကျွန်တော့်ညီ မောင်တင့်လွင် (ယခု MD မြန်မာ့ဆက်သွယ်ရေး) မနလေးမြို့ ဆက်သွယ်ရေးတပ်မှာ ဗိုလ်ကြီးဘဝက တပ်ကဌားပေးတဲ့ကားကြီးတွေနဲ့ တပ်က သမ ဖယောင်းတိုင် လုပ်ငန်းအတွက် ရေနံချောင်းကို ဖယောင်း သွားထုတ်ဖို့ ညမှာမောင်းသွားတာ သူတို့ကားကြီးဟာ ညအမှောင်ထဲမှာ ကတ္တရာလမ်းပေါ် ခေါင်းချ အိပ်နေတဲ့သူတယောက်ရဲ့ ခေါင်းကို တက်ကြိတ်မိပြီး ဖေါင်းကနဲ နေအောင် ခေါင်းပြားသွားတဲ့ အဖြစ်တွေကိုလည်း ကြားဖူးပါတယ်။

အဲတော့ စဉ်းစားကြည့်မယ်ဆိုရင် အဲဒီခေတ်က ညမှာ ကားနဲ့ခရီး သွားရတာဟာ တော်တော်လေးကို အလုပ်ရှုပ်ပြီး အင်မတန်ကို အန္တရာယ်များပါတယ်။ ဘာလို့ ဒီလောက်တောင် ကားမောင်းတာတွေကို အသေးစိတ် ရေးပြနေရတာလဲဆိုတော့ အခုလို ရန်ကုန်နေပြည်တော် လမ်းမကြီးတွေပေါ် တစ်ဖက်နှစ်လမ်း စိတ်ကြိုက်မောင်းနေကြတဲ့ အခုခေတ်လူငယ်တွေ ကျွန်တော်တို့ အငယ်တုန်းက ဖြတ်သန်းကြီးပြင်းလာတဲ့ဘဝကို သိသာခံစားနင်အောင်လို့ပါ။ ဒါကြောင့် မိတ္ထီလာက ဘောက်ဆောကားကြီး ကားစထွက်ကတည်းက ကျွန်တော်တို့ညီအစ်ကို နှစ်ယောက် မှောင်မည်းနေတဲ့ ညအချိန် ကားဘေးဝဲယာနှစ်ဘက်နဲ့ ရှေ့လမ်းတလျှောက်ကို မျက်လုံးပြူးနေအောင်ကြည့်ပြီး ကားမောင်းနေတဲ့ ဝပ်ရှော့ဆရာကို ကားမောင်းလမ်းညွှန်တွေ ကူညီပြောပေး နေကြပါတယ်။ "ကားလမ်းဘေးချ၊ ရှေ့နားလေးက လမ်းချောတယ်၊ ပြန်တက်၊ မီးနှမ့်၊ မီးကြီးထိုး၊ သေချာကြည့်နော်၊ မီးပြန်နှမ့်၊ ပြန်ထိုး" အဲလို တတွတ်တွတ်နဲ့. ဒရိုင်ဘာကိုဘေးကနေပြောပြီး မောင်းလာလိုက်ကြတာ မိတ္ထီလာကထွက်ပြီး သုံးနာရီလောက်ကြာတော့ ဝမ်းတွင်းကို ရောက်ပါတော့တယ်။ အခုခေတ်လမ်းမျိုး အခုခေတ်ကားမျိုးတွေနဲ့. မောင်းမယ်ဆိုရင်တော့ ဒီခရီးဟာ နာရီဝက်လောက်နဲ့. ရောက်ရမှာပါ။ ရန်ကုန်မြို့ထဲနဲ့. ထောက်ကြန့်လောက်ပဲ ဝေးတာပါ။ ဟိုတုန်းကနဲ့. အခုခေတ် ဘယ်လို အပြောင်းအလွဲ ဖြစ်သွားတယ် ဆိုတာတွေကို သိသာနိုင်အောင် နှိုင်းယှဉ်ပြောပြနေတာပါ။

ဒီလိုနဲ့. ကျွန်တော်တို့. ဘောက်ဆောကားကြီးကို ဂရုတစိုက်နဲ့. လမ်းကိုကြည့်၊ မျက်နှာချင်းဆိုင်ကားကို ကြည့်ပြီးတော့ မောင်းရုံတင်မကပဲ ကားက ဘာသံများ ထွက်လာမလဲ ဆိုတာ နားထောင်၊ နှာခေါင်းကို အနားမပေး ကားထဲက ညော်နံ့ရလား၊ ဘောက်ဆောကြီး ဘာများဖြစ်ဦးမလဲ ဆိုတာကို ရင်တထိတ်ထိတ်နဲ့. တဖြည်းဖြည်းမောင်းလာလိုက်တာ ဝမ်းတွင်းကို ရောက်တော့ ည(၁၂)နာရီ ကျော်နေပါပြီ။

ဝမ်းတွင်းတိုက်ရှေ့ကို ဘောက်ဆောကားကြီး ထိုးရပ်လိုက်တော့ ညသန်းခေါင်ကျော် ဖြစ်နေပါပြီ။ လမ်းမီးတွေလင်းနေတာကလွဲလို့. အိမ်အားလုံးက မီးတွေမှတ်ထားပါပြီ။ ဒီလိုအချိန်မှာ ဝမ်းတွင်းက လူတွေ အိပ်ပြီပေါ့။ အမေ့တိုက်မှာတော့ တိုက်ရှေ့ ပေါ်တီကိုအောက်က မီးတစ်ပွင့်ပဲ လင်းပြီး ကျန်တဲ့ မီးတွေ အားလုံး ငြိမ်းနေပြီး ငြိမ်သက်နေပါတယ်။

ကျွန်တော်တို့.ကလည်း ဘောက်ဆောကားကြီး ဘာမှ ဒုက္ခမပေးပဲ ဝမ်းတွင်းကို ရောက်လာတာကို ပျော်လွန်းလို့. ဝမ်းသာအားရနဲ့. အမေ့တိုက်ရှေ့မှာ ကားရပ်ပြီးတာနဲ့ ကားဟွန်းတွေ တတီတီ အကျယ်ကြီး တီးလိုက်ပါတယ်။ အဲတော့မှ အမေ့တိုက်ထဲက မီးတွေလင်းလာပြီး တံခါးတွေဖွင့်၊ အမေ ရှေ့ဆုံးက ပြေးထွက်လာပါတယ်။ ကျွန်တောက "အမေကျွန်တော် ကားဝယ်လာခဲ့ပြီ" လို့. ပြောလိုက်တော့ အမေမျက်လုံးတွေ ပြူးကျယ်သွားပြီး "ဟဲ့ လာကြ လာကြ မောင်ခင်မောင်ဝင်း ကားဝယ်လာတယ်တဲ့"

ဆိုပြီး အိမ်ထဲက ထွက်လာပါတယ်။ အမေ့နောက်က အဖေရယ် ကျွန်တော့်ညီမ နှစ်ယောက်ဖြစ်တဲ့ မဝေ (ဝေဝေခင်)၊ မအေး (အေးအေးခိုင်) နဲ့ ညီအငယ်ဆုံးမောင်ဌေးကိုတို့လည်း ထွက်လာကြပါတယ်။ သူတို့တတွေ ကျွန်တော်ရဲ့ ဘောက်ဆောကား အပြာကြီးကို ဝိုင်းကြည့်ကြပါတယ်။

ဝမ်းတွင်းမြို့မှာ အဲလောက်ဆူဆူညံညံ ဆိုရင် ထူးတာတစ်ခုခုတော့ ဖြစ်ပြီဆိုပြီး အိမ်နီးချင်းတွေ ထွက်လာပြီး ဝိုင်းကြည့်ကြလေ့ ရှိပါတယ်။ ဒါကြောင့် အမေ့တိုက်က မီးတွေလင်းလာပြီးတဲ့ အချိန်မှာပဲ ဘေးအိမ်နီးနားချင်းတွေရဲ့ အိမ်က မီးတွေပါ လင်းလာပြီး ဟိုလူထွက်လာ ဒီလူထွက်လာနဲ့ ကျွန်တော့်ရဲ့ ဘောက်ဆောကားကြီးနားကို ဝမ်းတွင်းမြို့က ကျွန်တော့်အိမ်နီးနားချင်း လူစုံတက်စုံ ရောက်လာပါတယ်။ တောကလူတွေဟာ တော်တော် စပ်စုတတ်တယ်လို့ ဝေဖန်ချင် ဝေဖန်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အညာတောခလေ့ကို ပြန်စဉ်းစားကြည့်လိုက်တော့လည်း ကျွန်တော်တို့တတွေ အညာက ရွာသူ ရွာသား၊ အညာ မြို့သူမြို့သား အညာသားတွေဟာ ကိုယ့်မိတ်ဆွေ ကိုယ့်အိမ်နီးနားချင်း တွေ ဘာပဲဖြစ်ဖြစ် အကုန်လုံးသိပြီး မျှဝေခံစားချင်တဲ့ သဘောရှိပါတယ်။ ဒီလိုစနစ်ကို မသိရင်တော “တော်တော်ဆိုးတဲ့ အညာကလူတွေ၊ နေရာတကာမှာ စပ်စုပြီး အကုန်လုံးကို သိချင်နေတာကိုး” လို့ ပြောကြပါလိမ့်မယ်။

ဒါနဲ့ ဆက်ပြောရမယ်ဆိုရင် ကျွန်တော့်ဘောက်ဆောကားကြီး ဝမ်းတွင်းတိုက်ရှေ့ထိုးရပ်ပြီး သိမ်မကြာခင်မာပဲ ကျွန်တောတို့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်က ဒေါ်သက်တင်နဲ့ သားသမီးတွေ၊ ဒေါ်သက်တင်အိမ်ဘေးက ကားပိုင်ရှင် ဦးဟံမူ၊ ကျွန်တော်တို့ အိမ်အနောက်ဘက်က ဆံပင်ညပ်ဆရာ ကိုအေးမောင် ရဲ့ဇနီး ဒေါ်မြရင်၊ ဒေါ်မြရင် အိမ်အနောက်ဘက် လက်ဖက်ရည်ဆိုင်က ကိုနီတို့ အားလုံး စုံစုံညီညီနဲ့ ရောက်လာကြပြီး ကျွန်တော့်ကို ဘောက်ဆောကားကြီးအကြောင်း အသေးစိတ် မေးတော့တာပဲ။ ဘယ်လောက်ပေးရလဲ၊ စီးရတာ ကောင်းလား၊ ဆီစားလား ဆိုတာမျိုးတွေ မေးကြတော့တာပဲ။ အဲဒီအချိန်ဟာ ညသန်းခေါင်ကျော်နေပါပြီ။ ဒါပေမယ့် ဘောက်ဆော ကားကြီးပေါ်မှာ သူတို့ရဲ့ စိတဝင်စားမှုတွေက များပြားလှပြီး တယောက်တပေါက် ဝေဖန်ကြပါတော့တယ်။ ဒါပေမယ့် အရေးအကြီးဆုံး မှတ်ချက်ကတော့ တသက်လုံးကားနဲ့ နေလာခဲ့တဲ့ မိတ္ထီလာဝမ်းတွင်း လိုင်းကားပိုင်ရှင် ဦးဟံမူရဲ့ စကားပါ။

ဦးဟံမူက ဘယ်လိုပြောခဲ့လည်းဆိုတော့ "ဘောက်ဆောကားတွေက ကောင်းတော့ကောင်းတယ်ကွ၊ ဒါပေမယ့် ဒီကားတွေက ဂီယာဘောက်(စ်)မကောင်းဘူး။ ဘယ်လိုလည်းဆိုတော့ စက်ကင်းပီနီရံ (second pinion) ကြွေတတ်တယ်" လို့ ပြောပါတယ်။ မှတ်လောက်သားလောက် ဝေဖန်ချက်ပါ။ ဘာလို့တုန်းဆိုတော့ နောက်ရောက်တော့ သူပြောတာအကုန်မှန်နေတယ်ဆိုတာ သိရပါတယ်။

ကျွန်တော့်အမေ ဒေါ်ခင်ခင်ကတော့ သားဆရာဝန် ကားစီးနိုင်ပြီ ဆိုတာကို တွေးကြည့်ပြီး ပီတိတွေဖြစ်နေပုံပေါ်ပါတယ်။ ဝမ်းတွင်းကအမေ ဒေါ်ခင်ခင်ရဲ့ တိုက်ရှေ့မှာ ညဉ့်နက်သန်းခေါင် လမ်းမီးရောင် မှိန်မှိန်အောက်မှာ ကျွန်တော့်ရဲ့ ဘောက်ဆောကား အကြောင်းကို ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်း မိတ်ဆွေတွေ အားရပါးရဆွေးနွေးလိုက်တာ အတော် ကြာသွားပါတယ်။ အခုလိုပြောတော့ ခုခေတ်အနေအထားနဲ့ တွေးကြည့်မယ်ဆိုရင် မြို့ထဲ ကားတစ်စင်းဝင်ရောက်လာတာများ ဘာထူးဆန်းလို့ ဒီလောက်တောင် ကြည့်ကြရတာလဲလို့ တွေးမိကြပါလိမ့်မယ်။ ဒါပေမယ့် အဲဒီခေတ် အဲဒီအခါတုန်းက ကားဆိုတာ သိပ်ရှားတာပါ။ ဝမ်းတွင်းမြို့မှာ ကိုယ်ပိုင်ကားရှိတဲ့ လူတွေကို လက်ချိုးရေလို့ရပါတယ်။ ဒါကြောင့် ဝမ်းတွင်းသား ဆရာဝန်တစ်ယောက် ကားဝယ်ပြီး ရောက်လာတယ်ဆိုတော့ ဝမ်းတွင်းက လူတွေ တအံ့တသြနဲ့ ဝိုင်းကြည့်ကြတာပေါ့။

ဘောက်ဆောကားရဲ့ ကောင်းတာ မကောင်းတာတွေကို ဝိုင်းပြီး မည်သမတာပြောလက်ကြတာ ပြီးတော့မယ့်ပုံမပေါ်တာနဲ့ အမေက "ကဲကဲ ရှင်တို့ပြန်ကြတော့၊ မောင်ခင်မောင်ဝင်းလည်း ပင်ပန်းလာပြီ၊ နားရဦးမယ်" လို့ ပြောလိုက်တော့မှ အားလုံးလူစုခွဲလိုက်ကြပါတော့တယ်။ အားလုံးကတော့ "ဝမ်းတွင်းသား ဆရာဝန်တစ်ယောက် ကိုယ်ပိုင်ကားစီးနိုင်ပြီး စီးတော့လည်း ဘောက်ဆောကားကြီး ကိုတောင် ဝယ်နိုင်တယ်" လို့ ပြောကြဝေဖန်ကြနဲ့ ပြောရင်းဆိုရင်း ကိုယ့်အိမ်ကိုယ်ပြန်သွားကြပါတော့တယ်။

အဲလို အိမ်နီးနားချင်းတွေ ပြန်သွားတော့မှ အမေက ခေါင်းဆောင်ပြီး ကျွန်တော်တို့ကို အမှေ့ရဲ့ဝမ်းတွင်းတိုက်ထဲခေါ်သွားပါတယ်။ ပြီးတော့ "ဟဲ့ ထမင်းဟင်း ခူးကြလေ" ဆိုပြီး သူလည်း အလုပ်တွေရှုပ်၊ မီးဖိုချောင်ထဲ ဝင်လိုက်ထွက်လိုက်နဲ့ ဧည့်ခန်းထဲက အဖေ့စားပွဲပေါ်မှာ ထမင်းတွေ ဟင်းတွေ ပြင်ပါတော့တယ်။

ကျွန်တော်တို့တတွေ အဲလိုတွေအလုပ်ရှုပ်နေကြတန်းမှာ အဖေကတော့ ခပ်အေးအေးပါပဲ။ အဖေက "အေး မင်းက ဘောက်ဆောကား ဝယ်လာတာကိုးကွ၊ ဂရုတော့စိုက်နော်၊ ဘောက်ဆောကားတွေဟာ နည်းနည်းတော့ ဒုက္ခပေးတတ်တယ်" ဆိုတဲ့ တိုတိုတုတ်တုတ် မှတ်ချက်လေးပဲ ပေးပါတယ်။ ဒါဟာ အဖေ့ရဲ့ သဘာဝပါ။ ဘယ်တော့မှ တစ်ခုခုကို ခီုးမွမ်းပြီး ကောင်းတာတွေ သိပမပြောတတ်ပဲ မကောင်းတာလေးတွေကို ပြောလေ့ရှိတဲ့ အဖေဟာ ထုံးစံအတိုင်း ကျွန်တော်ရဲ့ ဘောက်ဆောကား မကောင်းဘူးလို့ နည်းနည်းလေးတော့ ဖြစ်အောင် ပြောလိုက်ပါသေးတယ်။

အဲဒီနောက်တော့ ကျွန်တော်တို့တတွေ အမေပြင်ထားတဲ့ ထမင်းဝိုင်းမှာ ဆာဆာနဲ့ အားရပါးရ ထမင်း စားလိုက်ကြ၊ စကားတွေ တဝကြီးပြောကြနဲ့ စားပြီးလို့ နာရီကြည့်လိုက်တော့ မနက် (၂)နာရီ ထိုးပြီးနေပါပြီ။ အမေကတော့ ကျွန်တော်တို့ ဘေးနားမှာ ထိုင်ပြီး ကျွန်တော်တို့ ပြောတာကို ငေးပြီး

နားထောင်နေပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းအိမ်မှာ အဖေ၊ အမေ၊ ညီမ မဝေ(ဝေဝေခင်)၊ မအေး(အေးအေးခိုင်) နဲ့ ညီငယ် မောင်ဌေးကို တို့ပဲ ရှိတာပါ။ သူတို့လည်း ကျွန်တော်တို့ပြောတဲ့ ဘောက်ဆောကား ခရီးစဉ်ကို စိတ်ပါလက်ပါ ငေးပြီး နားထောင်ကြပါတယ်။ ကျွန်တော်တို့ မိသားစုတွေ ဆုံပြီဆိုရင် ပြောချင်တာကို ဟိပြောဒီပြော ပြောလေ့ရှိပါတယ်။ အခုလို ဘောက်ဆောကားကြီး ပါလာတယ် ဆိတော့ စကားဝိုင်းက အဆုံးမသတ်နိုင်ပဲ မိုးလင်းမယ့်သဘောရှိပါတယ်။

ဒါပေမယ့် အမေက "မင်းတို့ အိပ်ကြတော့ မနက်မှ ဆက်ပြောကြ"လို့ ပြောတာနဲ့ စကားဝိုင်းကို ရပ်လိုက်ပြီး အိပ်လိုက်ကြပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

1958

" အငယ်ကျန်ငတ် "

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၄၃)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်ဆင်း၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆော ကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

အပြည်ပြည်ဆိုင်ရာမှာ ပါနေတဲ့ကျွန်တော်

အလုပ်တွေ ရှုပ်တယ် ရှုပ်တယ်ပြောရင်းပြောရင်းကနေ ကျွန်တော်ဟာ မတက်မဖြစ် အပြည်ပြည်ဆိုင်ရာ အသည်းရောဂါအစည်းအဝေးတွေကို တစ်ခုပြီးတစ်ခု တက်နေရပါတယ်။ ဒီလို အစည်းအဝေးတွေကို တောက်လျှောက်တက်နေရတော့မှ နိုင်ငံတကာက အသည်းပါရဂူတွေနဲ့က တွေ့၊ အဆက်အသွယ်ရ၊ အင်္ဂလိပ်လိုပြောရမယ်ဆိုရင် နက်ဝပ်ကင်း (networking) လို့ခေါ်တဲ့ အချိတ်အဆက်တွေမိပြီး ကိုယ်လည်း ဟိုပါဒီပါ အစည်းအဝေးတကာမှာ ပါလာတော့တာပါ။ ပြီးတော့ အဲလို အစည်းအဝေးတွေ တက်မှ ကိုယ့်ရဲ့ပညာရပ်ကလည်း ခေတ်မတိုးတက်နည်းစနစ်သစ်တွေကို သိနေမှာပါ။

၂၀၁၀ ဇန်နဝါရီလမှာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာလုပ်တဲ့ ပထမအကြိမ် ထိုင်းအပြည်ပြည်ဆိုင်ရာ အသည်းရောဂါအစည်းအဝေးကို တက်ခဲ့ရပါတယ်။

ဖေဖော်ဝါရီလမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ဆရာဝန် ၅၀၀ ကျော်တက်ပြီး နိုင်ငံတကာက အသည်း အစာအိမ်လမ်းကြောင်း ပါရဂူ (၃၈) ယောက် ပါဝင်ဆွေးနွေးတဲ့ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အစာအိမ် အူလမ်းကြောင်း၊ အသည်းနဲ့ အသည်းရောဂါအဖွဲ့ အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ပါတယ်။

မတ်လမှာ တရုတ်ပြည် ပီကင်းမြို့မှာလုပ်တဲ့ အာရှပစိဖိတ်အသည်းရောဂါအဖွဲ့ (APASL) အစည်းဝေးကို အဖွဲ့တစ်ယောက်အနေနဲ့ တက်ခဲ့ပါတယ်။

အခု ဧပြီ ၁၂ရက်နေ့ (မနက်ဖြန်)မှာ ဩစထရီးယား (Austria) နိုင်ငံ ဗီယာနာ (Vienna) မြို့မှာလုပ်မယ့် ဥရောပအသည်းရောဂါအဖွဲ့ နှစ်ပတ်လည်ညီလာခံ (EASL) အဖွဲ့ အစည်းအဝေးကို သွားတက်ရပါမယ်။

နောက်လ မေလမှာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာလုပ်မယ့် အာရှအသည်းရောင်အသားဝါ ညီလာခံမှာ အသည်းရောင်အသားဝါ စီ ရောဂါ ကသနည်းတွေကို သွားရောက်ဟောပြောပို့ချရပါမယ်။

ဇွန်လမှာ စက်ဘူနိုင်ငံမှာလုပ်မယ့် ကမ္ဘာ့ကင်ဆာညီလာခံ (World Congress of Cancer) မှာ အသည်းကင်ဆာ နောက်ဆုံးပေါ်ကုနည်းအကြောင်း စာတမ်းဖတ်ဖို့ အဖိတ်ခံထားရလို့ သွားရပါဦးမယ်။

ဇူလိုင်လမှာ အိန္ဒယနိုင်ငံ နယူးဒေလီမြို့က ကမ္ဘာကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ (WHO SEARO) ညွှန်ကြားရေးမှူးချုပ်ကနေ အသည်းရောင်အသားဝါရောဂါအတွက် အကြံပေးပုဂ္ဂိုလ်အဖြစ် ဖိတ်ထားလို့ သွားရပါဦးမယ်။

ဩဂုတ်လမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာလုပ်မယ့် အစာအိမ်အူလမ်းကြောင်းရောဂါ ကုထုံးသစ်များ ညီလာခံကို သွားတက်ဖို့ အဖိတ်ခံထားရပါတယ်။

ဆက်ပြောရမယ်ဆိုရင်တော့ ၂၀၁၀ နှစ်ကုန်အထိ လတိုင်း နိုင်ငံခြားကိုသွား၊ အစည်းအဝေးတက်၊ စာတမ်းဖတ်တာတွေ လုပ်နေရဦးမှာပါ။

ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေးတွေ တက်တယ်ဆိုတာ လေယာဉ်လက်မှတ်နဲ့ ဟိုတယ်ရတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် ပိုက်ဆံတစ်ပြားမှ မရပါဘူး။ ပီတိကိုစား၊ အဖိတ်ခံရတဲ့အတွက် ဂုဏ်ယူနေရတဲ့ အစည်းအဝေးတွေပါ။ ဆေးခန်းမှာ လူနာတွေအများကြီး ထားခဲ့ရလို့ ငွေရေးကြေးရေးအရ နစ်နာတာတွေကို တွက်နေလို့မရပါဘူး။ မြန်မာတစ်ယောက်အနေနဲ့ ဒီလို လစဉ်နိုင်ငံတကာ အစည်းအဝေးတွေမှာ ပါဝင်ဆင်နွှဲဖို့ အဖိတ်ခံနေရတာကိုက တိုင်းပြည်နဲ့လူမျိုးအတွက် ဂုဏ်ယူစရာပါ။

ကျွန်တော်ကလည်း ဆေးခန်းမထိုင်နိုင်လို့ ပိုက်ဆံမရတာကို မတွက်၊ ဒီလို သွားနေရတာ ပညာရ၊ အဆက်အသွယ်ရ ဆိုပြီး ကျေနပ်နေပါတယ်။ ဒါပေမယ့် စိတ်ထဲမှာ မကောင်းတာကတော့ စာမရေးနိုင်တာပေါ့။ လွန်ခဲ့တဲ့ လေးလလောက်အတွင်း မဂဇင်း၊ ဂျာနယ်တော်တော်များများမှာ စာတွေမရေးနိုင်ပဲ ဖြစ်ခဲ့ရပါတယ်။ စာဖတ်ပရိသတ်ကို လေးစားတဲ့အတွက် ကလျာမဂဇင်းထဲမှာတော့ "အမေနဲ့ကျွန်တော်" ဆောင်းပါးကို လစဉ်မပြတ်ဖြစ်တဲ့နည်းနဲ့ ကြိုးစားရေးနေရပါတယ်။ ဒါပေမယ့် ခုနကပြောခဲ့သလို ပြည်ပခရီးစဉ်တွေများနေလို့ "အမေနဲ့ ကျွန်တော်" ဆောင်းပါးတွေကို စိတ်ထဲမှာ ရှိသလောက် အားရပါးရ မရေးနိုင်တာကို ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ်တောင်းပန်ပါရစေ။

<u>ဝမ်းတွင်းကအထွက်</u>

ဘောက်ဆောကားကြီး ဝမ်းတွင်းမြို့မှာ တစ်ညတာနားပြီး နောက်တစ်နေ့မှာ မန္တလေးကို ခရီးဆက်ထွက်ဖို့ ပြင်ဆင်ကြပါတယ်။ ပစည်းတွေအားလုံးတင်ပြီး အဖေနဲ့ အမေကို နှုတ်ဆက်၊ အိမ်နီးချင်းတွေကလည်း ဝိုင်းဝိုင်းလည်၊ မောင်ခင်မောင်ဝင်း ကားထွက်တော့မယ်ဆိုပြီး လာနှုတ်ဆက်ကြ၊ တောမြို့လေးရဲ့ သဘာဝအတိုင်း စပ်စုတယ်ရယ်မဟုတ်၊ တစ်ယောက်ကိစ္စဟာ အားလုံးကိစလို့ပဲ

သဘောထားကြပြီး ဆိုင်တယ် မဆိုင်တယ် မဟုတ်၊ အကုန်လုံးဝင်ပြောကြ ဆိုကြနဲ့ ဝမ်းတွင်းတိုက်ရှေ့မှာ ရပ်ထားတဲ့ ဘောက်ဆောကားကြီးဘေးမှာ လူတွေဝိုင်းဝိုင်းလည်ပြီး ကားကြီး တော်တော်သားသားနားနား ဖြစ်နေပါတယ်။

သွားတော့မယ်၊ အမေလည်း ကျန်းမာရေးဂရုစိုက်ဆိုတာတွေပြော၊ အားလုံးကို နှုတ်ဆက်ပြီး ကားပေါ်စတိုင်ကကထိုင်၊ ကားမှန်တွေချ လက်တွေပြပြီး ကားထွက်ဖို့စက်လည်း နှိုးလိုက်ရော ဘောက်ဆောကားက ကျွန်တော်တို့အရှက်ကို ခွဲပါတော့တယ်။ ဘယ်လိုလည်းဆိုတော့ ညက မိတလာက ဝမ်းတွင်း ညပိုင်းမောင်းလာတာဆိုတော့ တစ်ညလုံး မီးကြိုးထိုးပြီး မောင်းလာတယ်၊ ဝမ်းတွင်းရောက်တော့၊ ကားရပခါနီးမှာ ရှေးတုန်းက ကားတွေ လုပ်ရိုးလုပ်စဉ် လီဗာကို အကြာကြီး ဝူးဝူးဆို နင်းပြီး ချာချင် သွင်းမထားလိုက်မိ၊ အဲတော့ မနက်ရောက်တော့ ဘကရီဝပ်သွားပြီး ကားသော့လေးလှည့် ကားစက်လည်း နှိုးလိုက်ရော ဒေါက် ဝီး ဆိုပြီး၊ ကားစက်မနိုးပဲ ဝုဝုနဲ့ ကားစက်မနိုးတော့ပါဘူး။ ဒါပေမယ့် ဝပ်ရှော့ဆရာက စိတ်မလျှော့ပဲ ထပ်ပြီး သော့ကိုအကြိမ်ကြိမ် လှည့်ပြီး ကားကို စက်နှိုးပြန်ပါတယ်။ ဒါပေမယ့် ဘောက်ဆောကားကြီးကတော့ တုတ်တုတ်မှမလှုပ်ပဲ ဝုဝုတောင် မမြည်တော့ပဲ အသံတိတ် ဖြစ်သွားပါတယ်။

အဲဒီမှာတင် အားလုံးစိတ်ပျက်လက်ပျက်နဲ့ ကားပေါ်ကဆင်းလိုက်ကြရပါတယ်။ အခုဆို ဘောက်ဆောကားကြီး ရန်ကုန်က ထွက်လာတာ မနှလေးကို မရောက်သေးပဲ လမ်းမှာ ဖြူး၊ တောင်ငူ၊ ဝမ်းတွင်း သုံးညအိပ်ပြီးနေပါပြီ။ မနှလေးက ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီကလည်း မျှော်နေပါပြီ။ ကျွန်တော်ကလည်း ဘဝမှာ ပထမဆုံးပိုင်ဆိုင်ရတဲ့ ကားဆိုတော့ တော်တော်လေးကို ဝုန်းယူပြီး ဟိုကြွား ဒီကြွား ရပ်ဆွေရပ်မျိုး မိတ်ဆွေတွေကို ကြွားချင်တာ၊ အခုတော့ ဘောက်ဆောကားကြီး ချူချာတာနဲ့ ကြွားဖို့နေနေသာ မနှလေးကိုတောင် မရောက်နိုင်သေးပဲ ဖြစ်နေပါတယ်။ ရန်ကုန်ကအထွက် ပထမဆုံး ဆီပိတ်ချေးပိတ်ဖြစ်တော့ ကားဆိုတာ ဒီလိုပါပဲဆိုပြီး နားလည်လက်ခံနိုင်ပါသေးတယ်။ အဲဒီနောက် ဖြူးမှာ လေးကျိုးတော့ နည်းနည်းစိတ်ပျက်စပြုနေပါပြီ။ တောင်ငူအဖျား ဖြူးအထွက်မှာ လေးတစ်ခါထပ်ကျိုးတော့ တော်တော်ကို စိတ်ဓါတ်ကျသွားပါတယ်။

အခုတစ်ခါ ဝမ်းတွင်းမြို့အမွေတိုက်ရှေ့ လူပုံအလယ်မှာ စက်နှိုးမရ ဒုက္ခပေးပြန်တော့ ကားအသစ် ဝယ်လာတာ ကြွားဖို့နောက်ထား ဘောက်ဆောကားကို စိတ်ကုန်စပြုလာနေပါပြီ။

ဒါနဲ့ ဘောက်ဆောကားကြီး နှိုးမရတာကို တစ်ယောက်တစ်ပေါက်ဝင်းပြီး အကြံပြုကြတာနဲ့ ကျွန်တော့်အစ်ကိုကြီး ဦးတင်နွယ်၊ ဝပ်ရှော့ဆရာနဲ့ အားလုံးသဘောတူဆုံးဖြတ်ကြတာကတော့ စက်ကင်းဂီယာ (second gear) ထိုး၊ ကလပ်နင်းပြီး ကားကိုဝိုင်း တွန်းလိုက်တာကားရွှေ့ပြီး အရှိန်ရနဲ့ ကလပ လွှတလိုက်ရင် ကားစက်နိုးပြီပေါ့တဲ့။

ဒါနဲ့ ဝပ်ရှော့ဆရာက စတီယာရင်ကိုင်ထားပြီး ကျွန်တော်တို့အားလုံးက ဝမ်း တူး သရီး အော်ပြီး ဝိုင်းတွန်းလိုက်ကြတာ ဘောက်ဆောကားကြီး အရှိန်တော်တော်ပြင်းပြင်းနဲ့ ပြေးသွားတဲ့အခါမှာ ဒရိုင်ဘာ နေရာမှာ ထိုင်နေတဲ့ ဝပ်ရှော့ဆရာက ကလပ်ကိုလည်းလွှတ်လိုက်ရော ဘောက်ဆောကားကြီး ပူးကနဲ မြည်ပြီး စက်နိုးသွားပါတယ်။

အမေ့တိုက်ဟာ ဝမ်းတွင်းမြို့ ဂါတ်တဲအနောက်ဘက် ဝမ်းတွင်းမြို့လည်ခေါင် မြို့တော်ခန်းမ အရှေ့မှာဆိုတော့ တကယ့်ကို အချက်အချာကျပြီး လူစည်ကားတဲ့ နေရာပါ။ အင်္ဂလန်ကမြို့တွေမှာ လူအစည်ဆုံးမြို့လည်ခေါင်ကို ဟိုက်စထရိ (high street) လို့ ခေါ်ပါတယ်။ အဲလို အဂလန်က အသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် အမေ့ရဲ့တိုက်ဟာ ဝမ်းတွင်းမြို့ရဲ့ ဟိုက်စထရိပေါ်မှာ ရှိတာပေါ့။ ဘာလို့ ဒါကိုရှင်းပြနေရသလဲဆိုတော့ ဘောက်ဆောကားကြီး စက်နှိုးမရလို့ ကားတွန်းနေတာဟာ ဝမ်းတွင်း ဟိုက်စထရိပေါ်မှာဆိုတော့ တစ်မြို့လုံး ဝိုင်းကြည့်နေကြသလို ဖြစ်နေပြီး အုတ်အော်သောင်းလဲ ပွဲကြီး ပွဲကောင်း ဖြစ်နေပါတယ်။

ဘောက်ဆောကားကြီး စက်ဖွားတော့ ပျော်ရွှင်သွားကြတဲ့သဘောနဲ့ လူတွေအားလုံးက ဝေး ဆိုပြီး အော်ဟစ်အားပေးကြပါတယ်။

အဲဒီအချိန်မှာ ဘောက်ဆောကားကြီးကို တွန်းလိုက်တာနဲ့ စက်နိုးပြီး နည်းနည်းမောင်းသွား လိုက်ရတာနဲ့ ဆိုတော့ ကားကြီးဟာ အမေ့တိုက်ရှေ့ကနေ တော်တော်လေး ရွှေ့သွားပြီး ဝမ်းတွင်းသား တွေက ရုံးကြီးလို့ခေါ်တဲ့ ဝမ်းတွင်းမြို့ရဲ့ မြို့တော်ခန်းမရှေ့နားကို ရောက်သွားပါတယ်။ ပြောရမယ်ဆိုရင် ဘောက်ဆောကားကြီးဟာ တွန်းပြီး စက်နှိုးသွားတဲ့အခါမှာ အမေတို့နဲ့ ပေ(၁၀၀)ကျော်လောက် ဝေးသွား ပါတယ်။

ကားစက်နိုးနေပြီဆိုတော့ အမေတို့ကို တစ်ခါတည်း နှုတ်ဆက်ပြီး ခပ်သုတ်သုတ်လေး ဘောက်ဆောကားကြီး ရောက်နေတဲ့ ရုံးကြီးရှေ့ကို လိုက်သွားပြီး ကျွန်တော်တို့အားလုံး ကားပေါ် ဝင်ထိုင်လိုက်ကြပါတယ်။ အဲဒီအချိန်မှာ ကားစက်သံအပြင် ဂတ်ဂတ်ဂတ်ဂတ် ဆိုတဲ့ ကျယ်ကျယ် လောင်လောင် အသံတစ်သံကြားနေရပါတယ်။

ကျွန်တော်က 'စက်ဆရာ ဒါဘာသံလဲဗျ' မေးလိုက်တော့ 'ဆရာရေ စက်ကင်းဂီယာထိုး တွန်းနီးလိုက်တော့ ဂီယာဘောက် (gear box) ထဲက စက်ကင်းပီနီရံ (second pinion) ကြွေသွားပြီ' လို့ ပြောပါတယ်။ အဲဒါကြားလိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုခံစားလိုက်ရသလဲဆိုတာ ပြောရမှာ တော်တော်ကို ခက်ပါတယ်။ စိတ်ထဲမှာ ကြေကွဲဝမ်းနည်းပြီး "ငါတော့ ဘောက်ဆောကားကြီး ဝယ်မိတာ မှားပြီလား" ဆိုတဲ့ အတွေးတွေက တစ်ဖွားဖွားပေါ်လာပြီး ကိုယ့်ရဲ့မြို့ အမေ့ရဲ့ရှေ့မှာမှ ဒီလိုဖြစ်ရလေခြင်း ဆိုပြီး တစိမ့်စိမ့်တွေး ရှက်တာရယ် ဝမ်းနည်းစိတ်ဓါတ်ကျတာရယ် ရောထွေးပြီး စိတ်ထဲမှာ ဗလောင်ဆူ

ခံစားရတာပါ။ အထူးသဖြင့် “သားဆရာဝန် ရန်ကုန်က ကားဝယ်လာတယ” ဆိုတာ လိုက်ကြွားလုံး ထုတ်ထားတဲ့ အမေ့ရှေ့မှာ ဘောက်ဆောကား ဒီလိုဖြစ်ရတာကို သိပ်ကို စိတ်မကောင်းဖြစ်မိတာပါ။ အမေ့အတွက် ရင်ထဲမာ နင့်နေအောင်ခံစားရတာပေါ့။ အမေ ဘယ်လိုမျှား ခံစားရမလဲ တွေးပြီးတော့ ပိုစိတ်မကောင်းဖြစ်မိပါတယ်။ ဝပ်ရှော့ဆရာက အဲလို စက်ကင်းပီနီရဲ့ ကြွေသွားပြီဆိုတော့ ကျွန်တော်တို့ တတွေ စကားမပြောနိုင်တော့ပဲ ငြိမ်ကျသွားပြီး ကားထဲမှာ တဂတ်ဂတ်မြည်နေတဲ့ ကားစက်သံတစ်ခုတည်းကိုပဲ ကြားနေရပါတယ်။ ခဏကြာတော့ ကျွန်တော်ကပဲ စပြီး “အဲတော့ ဘယ်လိုလုပ်ကြမလ” ဆပြီး မေးလိုက်ပါတယ်။ အစ်ကိုကြီး ဦးတင်နွယ်က “ဂီယာဘောက်ချပြီး စက်ကင်းပီနီရဲ့ကို ပြန်ပြီး ဂဟေဆော်ဖို့ရမှာပေါ့ကွာ” လို့ ပြောပါတယ်။

အဲဒီမှာတင် ကျွန်တော်က “ကျွန်တော် ဝမ်းတွင်းမှာတော့ ကားမပြင်ချင်ဘူး” လို့ ပြောလိုက်ပါတယ်။ “ဖြစ်တဲ့နည်းနဲ့ မန္တလေးကို ဆက်မောင်းသွားချင်တယ်” လို့ ဆိုတော့ ဦးတင်နွယ်က "အဲလိုမောင်းရင် အဆင်မသင့်တဲ့အခါ ပီနီရဲ့အကြွေနဲ့ညှပ်ပြီး ဒီပြင် ပီနီရဲ့တွေပါ ကြွေသွားနိုင်တယ်" လို့ ဆိုပါတယ်။ အဲတော့တစ်ခါ ကျွန်တော်က "ကျွန်တော်ကတော့ ဖြစ်ချင်ရာဖြစ်မှဖြစ်တော့၊ ဝမ်းတွင်းမှာကားမပြင်ပဲ မန္တလေးကို ဆက်မောင်းသွားစေချင်တယ်" လို့ ထပ်ပြောလိုက်ပါတယ်။

အခုပြန်တွေးကြည့်တော့ ဂီယာစက်ကင်းပီနီရဲ့ကြွေနေတဲ့ကားကို ဝမ်းတွင်းမြို့မှာ ကားပြင်သင့်ရက်နဲ့ဝမ်းတွင်းမှာ ကားပြင်ရမှာ ရှက်လို့ ဖြစ်ချင်ရာဖြစ် ဆက်မောင်းသွားစေချင်တယ် ဆိုတာဟာ ကျွန်တော်တို့ မြန်မာတွေရဲ့ "အရှက်ကို အသက်နဲ့လဲမယ်" ဆိုတဲ့ အတွေးအခေါ် အယူအဆမျှားလားလို့ ထင်မိပါတယ်။ ဘယ်လိုလဲဆိုတာ ဥပမာပြောပြပါမယ်။ နိုင်ငံခြားသွားဖို့ အမျိုးအဆွေ သူငယ်ချင်းတွေကို နှုတ်ဆက်၊ လေဆိပ်ကို လူတွေအမျှားကြီး လိုက်ပို့ကြ၊ လေဆိပ်အတွင်း ကပစတန်၊ အီမီဂရေးရှင်း ဝင်ခါနီး လက်တွေ အကြိမ်ကြိမ်ပြ၊ နိုင်ငံခြားထွက်သွားရော။ နိုင်ငံခြားရောက်တော့ အဆင်မပြေ၊ လူလိမ်မိဆိုတာမျိုး ဖြစ်တဲ့အခါ အခြေအနေသိပ်မဆိုးခင်မှာ ချက်ချင်း မြန်မာပြည်ပြန်လာသင့်တာပါ။ ဆက်နေလေ ဟိုဒီငွေ အလိမ်ခံရတတ်ပါတယ်။ ဝပ်ပါမစ်(work permit) မရပ အိုဗာစတေးဖြစ်၊ ဘဝဟာ နစ်သည်ထက်နစ်သွားနိုင်တယ်။ ဒါပေမယ့် ရှေ့မှာပြောခဲ့သလို မြန်မာပြည်မှာ အလုပ်ကလည်းထွက်၊ သူငယ်ချင်းမိတ်ဆွေတွေကို နှုတ်ဆက်ပြီး လူတွေအားလုံးကိုလည်း နိုင်ငံခြားသွားအလုပ်လုပ်တော့မယ်လို့ ပြောပြီးထွက်လာတာဆိုတော့ ဘယ်လိုနည်းနဲ့မှ သူတို့တတွေနဲ့ ပြန်ပြီး ရင်မဆိုင်ချင်တော့ဘူး၊ မြန်မာပြည်ကို ပြန်သင့်မှန်းသိလျက်နဲ့ ပြန်ဖို့ဆိုတာကို လုံးဝမစဉ်းစား၊ ဖြစ်ချင်ရာဖြစ် နိုင်ငံခြားမှာပဲ မထူးဇာတ်ခင်းပြီး ဘဝကို ရေစုန်မျောလိုက်ကြပါတော့တယ်။ ဒါဟာ

မြန်မာတွေရဲ့ ပြဿနာပါပဲ။ တစ်ခုခုပြောပြီးဆိုပြီး အဆင်မပြေလို့ တစ်မျိုးမျိုးပြန်ပြောင်းရမယ်ဆိုရင် ပြောပြီးသားပြန်ဖျက်ရမှာကို သိပ်ရှက်တတ်ပြီး အရှက်ကို ရှေ့ထားချင်ကြတဲ့ သဘောတရားရှိပါတယ်။

နောက်အဲဒါမျိုး ခပ်ဆန်ဆန်မြန်မာတွေလုပ်တတ်ကြတာ ပြောပြပါဦးမယ်။ နိုင်ငံခြားမှာ စျေးဝယ်သွားတဲ့အခါ ဆိုင်တစ်ဆိုင်မှာဝင်ပြီး ပစ္စည်းတစ်ခုခုကို မေးလိုက်တယ်ဆိုပါတော့။ နိုင်ငံခြားကဆိုင်တွေက အရောင်းစျေးသည်လေးတွေဟာ တစ်နေ့ရောင်းကြေးပေါ် မူတည်ပြီး သူတို့အတွက် ဆုကြေး ဘောနက်စ် ရတာဆိုတော့ စျေးဝယ်သူလာတာနဲ့ မာကက်တင်း နည်းလမ်းမျိုးစုံသုံးပြီး မဝယ် ဝယ်အောင် လုပ်တော့ တာပါပဲ။ ကယကပစ္စည်းတစ်ခုမေးတယ်၊ သူတို့ ကုန်ပစ္စည်းမျိုးစုံကို ထုတ်ပြ၊ ဒါလေးက ဈေးကောင်းတယ်၊ အဲဒါ မကြိုက်ရင် ဒါယူပါလား၊ အင်္ကျီလုပ်လေ၊ သိပ်ကောင်းဆိုပြီး မျိုးစုံပြပါတယ်။ ပစ္စည်းတွေက တစ်ပုံတစ်ခေါင်း ရှေ့မှာ ပုံ့ကျဲနေအောင်ချပြ ရှင်းပြဆိုတော့ မြန်မာစျေးဝယ် သိပ်အားနာနေပြီး အဲဒီဆိုင်ကနေ တစ်ခုမှမဝယ်ပဲ ပြန်ထွက်သွားရမှာကို ရှက်နေတော့ ပါလာတဲ့အဖော်က "ခင်ဗျားမကြိုက်ရင် မဝယ်နဲ့လေ၊ အလကားနေရင်းနဲ့ သုံးမရ၊ မကြိုက်တဲ့ပစည်းကြီး အဖတ်တင်နေမယ" ပြောလည်းမရ၊ "ကျွန်တော် ဒီအရောင်းစျေးသည် ကောင်မလေးကို အားနာနေပြီး ဘာမှမဝယ်ပဲ ထွက်သွားရမှာလည်း ရှက်စရာကြီး၊ ဒီပစ္စည်း အသုံးမတည့်လည်း အရေးမကြီးပါဘူးကွာ၊ ငါ ဝယ်လိုက်တော့မယ" ဆိုပြီး တားမရ ဆီးမရ၊ ကိုယ်မကြိုက်တဲ့ ပစ္စည်းကြီးကို ရှက်တဲ့စိတ်နဲ့ပဲ ဝယ်ချလိုက်ပါတော့တယ်။ ကျွန်တော်တို့မြန်မာတွေ ပြင်ရမယ့်စိတ်ဓါတ် အတွေးအခေါ်ကို ကြုံတုန်းပြောပြလိုက်ရတာပါ။

ကျွန်တော်လည်း အဲလိုစိတ်ဓါတ်နဲ့ပဲ ရှက်တာနဲ့ ဘောက်ဆောကားကို ဝမ်းတွင်းမှာ မပြငပဲ ဖြစ်ချင်ရာဖြစ် ပီနီရံအကြွေနဲ့ပဲ ဖြစ်သလိုဆက်မောင်းချင်တာပါ။ ကားဝပ်ရှော့ဆရာကတော့ ကျွန်တော့်ဆန္ဒကို လိုက်လျောချင်တာနဲ့ "ကျွန်တော်ဖြည်းဖြည်းချင်း ထိန်းမောင်းသွားပါမယ်။ ဝမ်းတွင်းနဲ့ မန္တလေး သိပ်ဝေးတော့တာမှ မဟုတ်ပဲ ရမှာပါ။ မနလေးရောက်မှ ဂီယာဘောက် ချတာပေါ့" တဲ့။

အဲလို ကြားလိုက်ရတော့ ကျွန်တော်လည်း တော်တော် စိတ်ချမ်းသာသွားပြီး "ကဲ ဒါဆိုရင် ကျွန်တော်တို့ ထွက်ကြရအောင" ဆိုပြီး တဂတ်ဂတ်မြည်နေတဲ့ ဘောက်ဆောကားကြီး မနလေးကို ဆက်ထွက်ခဲ့ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)

APASL 2010 BEIJING
Exploring the Frontiers

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၄၄)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်ဆင်း၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီး၀ယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

ရွှေမန်းဆီသို့

ဂီယာပီနရံကြွေနေတဲ့ ဘောက်ဆောကားကြီးကို တဖြေးဖြေးနဲ့ ထိန်းမောင်းလာတာ ရင်မောစရာပါ။ ဘာလို့လည်းဆိုတော့ ကျွန်တော့်အစ်ကိုကြီး ဦးတင်နွယ်က "ဂီယာပီနီရံကြွေနေတုန်း မောင်းရတာ နည်းနည်းတော့ အန္တရာယ်များတယ်ကွ၊ ဘာလို့လည်းဆိုတော့ ကြွေနေတဲ့ ပီနီရံအစလေးက ဂီယာဘောက်ထဲမှာ ညပ်သွားရင် အကုန်လးထိပြီး ကားထိုးရပ်သွားမှာကွ" လို့ ပြောထားလို့ပါ။

၀မ်းတွင်းနဲ့ မန္တလေးဟာ မိုင်(၇၀)ခရီးပါ။ အဲဒီခေတ်တုန်းက ကားလမ်းက ကားအသေးနှစ်စင်းပဲ ယှဉ်မောင်းလို့ရပြီး ကားကြီးနဲ့ တွေ့ရင် လမ်းဘေးချ မောင်းရတာဆိုတော့ ဒီမိုင်(၇၀)ခရီးကို (၂)နာရီခွဲ (၃)နာရီလောက်မောင်းရပါတယ။

ကျွန်တော်လို့လည်း ဘောက်ဆောကားကြီးကို တဖြေးဖြေးနဲ့ မောင်းလာလိုက်တာ ၀မ်းတွင်း ထွက်လာပြီး တသက်လုံး ခေါင်းထဲမှာ စွဲနေတဲ့ ရွာတွေ အစဉ်အဆက်ဖြစ်တဲ့ ဘုရားဖြူ၊ ဒိုင်ကောင်းကုန်း၊ ရွာရှည်ဆိုတဲ့ ရွာတွေကို ကျော်ပြီး ရွှေတောင်ရွာကို ရောက်လာပါတယ်။

ရွှေတောင်ရွာကတော့ ၀မ်းတွင်းနဲ့ (၁၆)မိုင်ပဲ ဝေးပြီး ကျွန်တော်တို့အငယ်ထဲက အမြဲတမ်း ရောက်နေကြရွာပါ။ ဘာလို့ ရွှေတောင်ရွာကို ရောက်ရတာလည်းဆိုတော့ အမေ့ရဲ့ ဇာတိရွာဖြစ်တဲ့ တောင်ဘိုရွာကို ပြန်ရင် ရွှေတောင်အထိ ကားနဲ့သွားပြီးမှ ရွှေတောင်ကနေ တောင်ဘိုရွာကို လှည်းနဲ့ တစ်ဆင့် ဆကသွားရတာပါ။

အမေက တောင်ဘိုရွာကို သွားမယ်ဆိုရင် ရွှေတောင်ကို လှည်းတွေ လာကြိုဖို့၊ တောင်ဘိုရွာက သူ့လယ်သမားတွေဆီ စာပို့ထားရပါတယ်။ ကြုံတုန်းမှာ အဲဒီခေတ်တုန်းက ၀မ်းတွင်းနယ်ထက ရွာတွေကို ဘယ်လိုဆက်သွယ်ရေး စနစ်ရှိတယ် ဆိုတာကို ပြောပြချင်ပါသေးတယ်။ တနယ်ထဲမှာရှိတဲ့ ရွာရွာချင်း၊ မြို့မြို့ချင်း ဆက်သွယ်ရေးစနစ်ရဲ့ အဓိက အခြေခံကတော့ စျေးတွေပါပဲ။

ရှေ့မှာ ကျွန်တော်ပြောခဲ့သလိုပဲ မိတ္ထီလာ ဝမ်းတွင်းနယ်တွေမှာ (၅)ရက်တစ်ခေျး ခေျးနေ့တွေနဲ့ အခြေခံပြီး ရောင်းကြ ဝယ်ကြတာပါ။ အဲဒီလို (၅)ရက် တစ်ခေျးလုပ်တဲ့ ခေျးကြီးတွေကတော့ မိတ္ထီလာ၊ ဝမ်းတွင်း၊ သဲတော၊ ကူမဲနဲ့ ဟံဇားခေျးတွေပါ။ ဝမ်းတွင်းနယ်က ရွာတွေကတော့ အဓိက သဲတော၊ ဝမ်းတွင်းနဲ့ ကူမဲခေျးကို လိုက်ကြပါတယ်။ ခေျးနေ့လုပ်တဲ့ မြို့တွေက ခေျးတွေဟာ ခေျးကြီးနေ့တွေမှာ တအားစည်ကားပြီး ကြားရက်တွေမှာ သားကြီး ငါးကြီးမရ၊ ဆိုင်အစုံမဖွင့်တော့ပဲ ခြောက်တီးခြောက်ချက်နဲ့ လူပ်ရှားစည်ကားမှုမရှိတဲ့ ခေျးတွေ ဖြစ်ကုန်ပါတယ်။

အခုနက ပြောနေတဲ့ ဝမ်းတွင်းနဲ့ ရွာတွေရဲ့ ဆက်သွယ်ရေးလမ်းကြောင်းအကြောင်းကို ဆက်ပြောရမယ်ဆိုရင်တော့ အမေရဲ့ ဒေသခံရွာတွေဖြစ်တဲ့ တောင်ဘို၊ ခံတော၊ ကုန်းကြီးဆိုတဲ့ ရွာတွေက လူတွေအားလုံးဟာ သဲတောခေျးနေ့တိုင်းမှာ တစ်ယောက်မဟုတ် တစ်ယောက် သဲတောခေျးကို လက်ကြပါတယ်။ အဲလိုရွာတွေဘက်က လူတွေဟာ သဲတောခေျးလိုက်ရင်းနဲ့ ဝမ်းတွင်းကိုဖြတ်သွားရတော့ အမြဲတမ်းလိုလို ဝမ်းတွင်းက ကျွန်တော်တို့ တိုက်ကိုလာပြီး အမေကို ဝင်တွေ့ကြ၊ ဂါရဝ ပြုကြပါတယ်။ ဒါကြောင့် အမေက ရွာဘက်က လူတွေနဲ့ အမြဲလို အဆက်အသွယ်ရှိပါတယ်။

တောင်ဘိုရွာ တစ်နယ်လုံးမှာ အမေ့လယ်တွေ၊ ယာတွေ၊ သရက်ခြံတွေ၊ ထန်းတောတွေနဲ့ စည်းကန်ကြီးဆည်ကို ပိုင်တာဆိုတော့ အမေက သူ့လယ်တွေယာတွေတစ်ချို့ကို ကိုယ့်ဘာသာကိုယ် လူငှါးနဲ့ လုပ်တာရှိတယ်။ တစ်ချို့လယ်တွေရောက်တော့ သူများကို စာရင်းငှါးနဲ့ ချထားတာတွေလည်း ရှိတယ်။ ဒီတော့ တောင်ဘိုရွာတစ်ဝိုက်မှာ အမေနဲ့ ပတ်သက်နေတဲ့လူတွေက အများကြီးပါ။ တစ်ချို့ခေျးလိုက်ရင်း အမေ့ဆီကို ဝင်လာကြတဲ့သူတွေကလည်း “မမခင်အတွက်” ဆိုပြီး တနိုင် လက်ဆောင်လေးတွေ ပါလာကြပါတယ်။ ပြောင်းဖူးလေးတစ်တွဲ၊ နှမ်းဆီ (၅၀)သား၊ အမဲခြောက်တစ်စည်း၊ ငုံးနှစ်ကောင် ဆိုတာမျိုးလေးတွေကို ယူလာကြတာပါ။

ကျွန်တော့်မြို့ ဝမ်းတွင်းဟာ ရန်ကုန်မန္တလေး ကားလမ်းမပေါ်မှာရှိပြီး သဲတောက ရန်ကုန်မန္တလေး ရထားလမ်းပေါ်မှာ ရှိပါတယ်။ ဝမ်းတွင်းနဲ့ သဲတောက (၂)မိုင် ဝေးပါတယ်။ အဲဒီတုန်းက ဝမ်းတွင်းကမြို့ သဲတောကမြို့မဟုတ်ပါဘူး။ ဒါပေမယ့် ဝမ်းတွင်းခေျးနဲ့စာရင် သဲတောခေျးကအများကြီး ကြီးပါတယ်။ သဲတောခေျးနေ့မှာ သဲတောအရှေ့ တောင်ခြေအထိ ရွာပေါင်းစုံ၊ ဝမ်းတွင်း အနောက်ခြမ်းကရွာတွေ၊ မိတ္ထီလာက ကူမဲက ခေျးဝယ်တွေဆိုတဲ့ နယ်စုံက လာကြတာဆိုတော့ သဲတောခေျးမှာ အစားအသောက်တွေတင် မကပဲ လူအသုံးအဆောင်၊ အဝတ်စ၊ ရေဒီယို၊ စက်ဘီးဆိုတာမျိုးတွေပါ အစုံရတော့ သဲတောခေျးဟာ တကယ့်ခေျးအကြီးကြီးပါ။ အဲဒါကြောင့် အမေ့နယ်က ရွာသူရွာသားတွေဟာ ဝမ်းတွင်းခေျးကို လိုက်လေ့မရှိပဲ သဲတောခေျးကိုပဲ လိုက်ကြတာများပါတယ်။

အမေက ရွာကလူတွေဆီကို သူ လယ်တွေယာတွေကိစ္စပြောစရာရှိတာတွေကို စျေးဝယ်လူကြုံတွေနဲ့ စာပေးသလို ရွာကလူတွေ အမေ့ဆီကို တစ်ခုခု အကြောင်းကြားချင်ရင် ပြောချင်ရင်လည်း စျေးဝယ်လူကြုံတွေနဲ့ပဲ စာပေးကြတာပါ။ အဲတော့ အမေနဲ့ ရွာတွေရဲ့ ဆက်သွယ်လမ်းကြောင်းဟာ လွယ်ကူပြီး အဆက်အသွယ် မပြတ်ဘူးပေါ့။

ဒါကြောင့် အမေက တောင်ဘိုရွာကိုသွားမယ်ဆိုရင် သူလာမယ်၊ ရွှေတောင်ကိုလာကြိုဆိုတာကို လူကြုံနဲ့ တောင်ဘိုကိုစာထည့်ပေးလိုက်တာပေါ့။ အမေတို့တုန်းက စာအရေးအသားပုံစံက အခုခေတ်နဲ့ မတူပဲ နည်းနည်း ကွဲပါတယ်။ အမေအဲလို ရွာကိုရေးတဲ့ စာနမူနာပုံစံကို ပြရမယ်ဆိုရင်

၁၃၂၂ ခုနှစ် ဝါဆိုလဆန်း (၂)ရက်နေ့
အင်္ဂါနေ့

တောင်ဘိုရွာ
မောင်မှော်ယုံ

မောင်မှော်ယုံ,

ဝမ်းတွင်းမြို့ကနေ ငါ စာရေးလိုက်ပါတယ်။ မောင်မှော်ယုံ မင်းနဲ့ မိသားစု ကျန်းမာချမ်းသာစွာနဲ့ ရွှင်ရွှင်လန်းလန်း နေထိုင်ကောင်းကြမယ်လို့ ထင်ပါတယ်။ ငါတို့လည်း ကျန်းမာကြပါတယ်။

ငါနဲ့မောင်တူး၊ မောင်ခင်မောင်ဝင်း တို့ လဆန်း (၆)ရက်နေ့မှာ တောင်ဘိုရွာကို လာမယ်။ ငါတို့ကို ကြိုဖို့ရွှေတောင်ကို လှည်းနှစ်စင်း လွှတ်ပေး၊ မင်းလည်း လိုက်ခဲ့၊ ငါတို့ရွာမှာ တစ်ညအိပ်မယ်၊ သူကြီး ဦးပု အိမ်မှာ ညအိပ်ဖို့ စီစဉ်ထား၊ ငါတို့ နောက်တနေ့မနက်မှာ ပြန်မယ်။

မင်းကတော် ဒေါ်ခင်ခင်
ဝမ်းတွင်းမြို့
ဂါတ်အနောက်ဘက်

အဲလိုစာပို့လိုက်ပြီး တောင်ဘိုရွာကို သွားမယ့်ရက်ရောက်တော့ ကျွန်တော်တို့ သားအမိတွေ မနက်ခင်းအစောထ၊ ဝမ်းတွင်းသုံးမြောင်းဆုံက ကားဂိတ်မှာ သွားစောင့်ပြီး ထီလာမန်း ဘတ်စ်ကားကြီး စောင့်စီးပြီး ရွှေတောင်ကို သွားရပါတယ်။ လူရိပ်တွေ့တာနဲ့ နေရာတိုင်းမှာ ရပ်ပြီး လူ၊ ကုန်အပြည့်တင်တဲ့ ထီလာမန်းကားကြီး တွေပါ။ အခုခေတ်ရန်ကုန်မှာ ဗိုက်ပူလို့ ခေါ်တဲ့ ကားကြီးမျိုးတွေပေါ့။ အဲဒီလို ထီလာမန်းကြီး ဖြေးဖြေးအေးအေး မောင်းတာဆိုတော့ ဝမ်းတွင်းကနေ (၁၆)မိုင်ဝေးတဲ့ ရွှေတောင်ရွာကို (၁)နာရီခွဲကျော်ကျော်လောက် မောင်းရပါတယ်။

ရွှေတောင်ရောက်ပြီဆိုတာနဲ့ ရွှေတောင်ရွာသူကြီး ဦးလှမောင်အိမ်မှာ နားကြပါတယ်။ အမေတို့မိသားစုက ဝမ်းတွင်းနယ်မှာ နာမည်ကြီးပြီးတော့ အဖေကလည်း ဝမ်းတွင်းဂါတ်တဲမှာ ရဲဌာနာအုပ်အကြာကြီး လုပ်ခဲ့တာဆိုတော့ အဲဒီနယ်တဝိုက် ရွာတိုင်းက သူကြီးတိုင်းလိုလိုဟာ အမေ မင်းကတော် ဒေါ်ခင်ခင်ကို သိကြပါတယ်။ ဒါကြောင့် ရွှေတောင်ရွာသူကြီး ဦးလှမောင်ဟာလည်း အမေနဲ့ရင်းနှီးတာဆိုတော့ သူ့အိမ်မှာ ခဏနားကြတာပါ။ လာကြုတဲ့ လှည်းတွေကလည်း သူကြီးဦးလှမောင် အိမ်မှာပဲ နွားလှန်ပြီး ကျွန်တော်တို့ကို စောင့်ကြပါတယ်။

အမေဟာ စာရင်းဇယားတွေစစ်ဖို့ ပိုက်ဆံသိမ်းဖို့ လယ်တွေ ခြံတွေကို ကြည့်ဖို့ တစ်နှစ်ကို သုံးလေးခေါက်လောက် တောင်ဘိုရွာကို ပြန်ရပါတယ်။ အဲလို ပြန်တိုင်း ကျွန်တော်တုကို အမြဲခေါ်သွားလေ့ရှိပါတယ်။ ကျွန်တော်တို့ ဘောက်ဆောကားကြီး ရွှေတောင်ရွာကို ရောက်တော့ အငယ်တုန်းက အမေနဲ့ အဲဒီလို သွားခဲ့တာတွေ သတိရလာမိပါတယ်။

ဘောက်ဆောကားကြီး ရွှေတောင်ရွာရောက်တအခါ အခုပြောခဲ့တဲ့ အမေ့မိတ်ဆွေ ရွှေတောင်က သူကြီးဦးလှမောင်အိမ် ခဏဝင်တော့ ဦးလှမောင်ကြီး ခါးကုန်းကုန်းနဲ့ ထွက်လာပြီး ဧည့်ခံရှာပါတယ်။ "ဟဲ့ မမခင်သားတွေ လာတယ်၊ အမဲခြောက်ဖုတ်ကြစမ်း၊ လက်ဖက်နဲ့ ပဲကြော်ထည့်ခဲ့၊ ကြက်ဥအမြန်ကြော်" ဆိုပြီး သူ့ရှိတာလေးတွေနဲ့ တကယ့်ကို ပျူပျူငှာငှာဧည့်ခံရှာပါတယ်။ တကယ့်ကို ချစ်ဖို့ကောင်းတဲ့ အညာတောစရိုက်ပါ။

အမေနဲ့ တောင်ဘိုရွာက သွားရင် အဲလိုရွှေတောင်မှာ ခဏနားပြီးတာနဲ့ ရွှေတောင်ရွာအနောက်စူးစူးကို လှည်းတွေနဲ့ ဆက်သွားရတာပါ။ (၁၅)မိနစ်လောက် လှည်းမောင်းလိုက်တာနဲ့ ပထမဆုံးသဲချောင်းကြီးတွေ့ရပါတယ်။ သဲချောင်းကြီးကို ဖြတ်လိုက်တာနဲ့ ကုန်းကြီးရွာကို ရောက်သွားပါတယ်။ ကုန်းကြီးရွာက သူကြီးဦးစိးနိုင်ကတော့ အမေရဲ့ အရင်းနှီးဆုံး သူကြီးတစ်ယောက်ပါ။

ဦးဒစိုးနိုင်သား မောင်ငြိမ်းနဲ့ ကျွန်တော်ညီငယ်မောင်တင့်လွင် (ယခုဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့ဟာ သက်တူရွယ်တူပါ။ မောင်ငြိမ်း ခုနှစ်တန်းအောင်ပြီးတော့ အထက်တန်းကျောင်း ဆက်တက်ဖို့ ဝမ်းတွင်း ကျွန်တော်တို့ အိမ်ကို ပို့ထားလိုက်တော့ မောင်တင့်လွင်နဲ့ မောင်ငြိမ်းဟာ ကျောင်းနေဖက်တွေဖြစ်သွားကြပါတယ်။

ဘောက်ဆောကားကြီး ခဏနားနေတုန်း အဲလိုတွေ အငယ်တုန်းက အမေနဲ့ ခရီးသွားတဲ့ အကြောင်းတွေ တွေးမိပြီး ရွှေတောင်သူကြီးဦးလှမောင် အိမ် ကပြင်ကနေ အနောက်ဖက် ညို့မှုင်းမှိုင်း သစ်ပင်အုပ်နဲ့ ကန်းကြီးရွာကို မျှော်ကြည့်လိုက်တော့ အငယ်တုန်းက အမေနဲ့ တောင်ဘိုရွာညသွားခဲ့တာကို သိပ်သတိရမိပါတယ်။

အဲဒီတုန်းက ကျွန်တော်က လေးတန်းကျောင်းသားဘဝပါ။ အမေချုပ်ပေးတဲ့ ဘောင်းဘီတိုနဲ့ အင်္ကျီလက်တိုဝတ်ပြီး စိုင်းထီးဆိုင်ရဲ့ "ပျော်ဆုံးသွားသော နိဗ္ဗာန်ဘုံ" သီချင်းထဲကလို အပူအပင်ကင်းတဲ့ ဘဝနဲ့ ပြေးလွှားခုန်ဆော့ပြီး လှည်းနဲ့ရွှေတောင်ရွာကနေ ကုန်းကြီးရွာအသွား အမေအော်နေတဲ့ ကြားထဲက လှည်းပေါ်က ခုန်ချပြီး သဲချောင်းကြီးထဲမှာ ဖိနပ်မပါပဲ လမ်းလျှောက်ပြေး၊ ချောင်းထဲမှာ ဟိုနှိုက်ဒီနှိုက် တကယ့်ကို ပျော်စရာကောင်းလိုက်တာ။

ကျွန်တော်တို့ လှည်းတွေ ကန်းကြီးရွာထဲ ဝင်သွားတာနဲ့ ခွေးတွေ တစီစီဟောင်ပြီး ကျွန်တော်တို့ လှည်းတန်းနောက်ကနေ ကလေးတွေ အော်ဟစ်ဆူညံပြီး ပြေးလိုက်လာကြပါတယ်။ အိမ်တိုင်းက လူတွေကလည်း ထွက်လာပြီး ဝိုင်းကြည့်ကြနဲ့ တကယ့်ကို ရုတ်ရုတ်သဲသဲပါ။ သူကြီးဦးစိုးနိုင်အိမ်ရောက်တာနဲ့ "မမခင်တို့ လာကြ အိမ်ပေါ်တက်၊ အေးအေးဆေးဆေး ထမင်းလေး စားပြီးမှ တောင်ဘိုကို ဆက်သွားကြနော်" လို့ ပြောတဲ့အခါ အမေက "ဟဲ့ မောင်စိုးနိုင်ရဲ့ ဒို့ထမင်းမစားတော့ပါဘူး။ နည်းနည်းပါးပါးနားပြီး တောင်ဘိုဆက်သွားတော့မယ်" လို့ ပြန်ပြောလေ့ရှိပါတယ်။ အဲဒါမှာတင် သူကြီးဦးစိုးနိုင်က "မမခင်ကလည်း အခု(၁၀)နာရီတောင် ထိုးနေပြီ ထမင်းစားဖို့ ကျွန်တော်ချက်ချင်း စီစဉ်လိုက်မယ်နော်" လို့ ပြောပြီး အမေဘာမှ ပြန်မပြောနိုင်ခင်မှာပဲ သူကြီးဟာ အိမ်အောက်ကို ပြေးဆင်းသွားပါတော့တယ်။

သူကြီးဆင်းသွားပြီး သိပ်မကြာခင်မှာ ကြက်တောင်ပံခတ်သံတွေနဲ့ ရုန်းရင်းဆန်ခတ် ကြက်ဖမ်းသံတွေကြားရပြီးနောက် ကြက်အော်သံတစ်ချက် ကြားလိုက်ရတော့ သူကြီး ဦးစိုးနိုင် လတ်လတ်ဆတ်ဆတ် ကြက်သားဟင်း စီစဉ်နေပြီဆိုတာ သိလိုက်ရပါတော့တယ်။

အညာမှာ အခြောက်အခြမ်းတွေကို အခြေခံပြီး နေ့စဉ်စားကြ သောက်ကြတာပါ။ အဲတော့ ရေခဲသေတ္တာမပြောနဲ့ ရေခဲတို့၊ လျှပ်စစ်မီးတို့တောင်မရှိတဲ့ အညာကရွာတွေမှာ အသားငါးအစို စားချင်ရင် ဒီလိုပဲ လတ်လတ်ဆတ်ဆတ်ပေါ်ပြီးစားကြရတာပါ။ အဲလိုအခြောက်ခံပြီးထားလို့ လွယ်တဲ့ အမဲခြောက်ကို အဓိက အားထားပြီး စားကြတာကြောင့် အညာကလူတွေ အမျှားစုဟာ အမဲသားအစားများကြတာပါ။ ပုံမှန်အတိုင်းဆိုရင်တော့ အညာကရွာတွေမှာ အမဲခြောက်၊ ငါးခြောက်၊ ကြက်ဥ၊ ပဲဟင်းတွေကိုပဲ စားကြရတာပါ။ ဈေးကြီးနေ့မှာ ဈေးလိုက်ဖြစ်မှ သားစိုငါးစိုလေး စားရတာပေါ့။ ဒါမှမဟုတ် ရွာထဲက တစ်ယောက်ယောက်ရဲ့ နွား ပိုးထိလို့ ပေါ်တယ်ဆိုတာမျိုးလို၊ ရုတ်တရက် ကျွဲ၊ နွား၊ ဝက် သေတဲ့အခါမျိုးမှာ၊ အသားပေါ်တဲ့အခါမျိုးမှာလည်း အသားစိုကို စားရပါတယ်။

ဒါကြောင့် ရေခဲသေတ္တာမရှိတဲ့ ရွာတွေမှာ ကြက်သားဟင်းချက်ကျွေးမယ်ဆိုရင် သူကြီးဦးစိုးနိုင် လုပ်သလို ကြက်ကို ချက်ချင်းဖမ်း၊ သတ်၊ ရေနွေးဖျော၊ အမွေးနူတ်ပြီး တစ်ခါတည်း တောချက် ချက်လိုက်တာပါ။ အခုခေတ်စျေးထဲက မွေးမြူရေးကြက်တွေဟာ အဆီတွေ အများကြီးန ဟော်မုန်းတွေ

ကျွေး၊ ဓါတုဗေဒပစ္စည်းတွေ ကျွေးထားလို့ အရသာတွေ၊ အနံ့တွေ ပြောင်းနေပါတယ်။ တောကြက်တွေ ကတော့ အဲဒါမျိုးမဟုတ်ပါဘူး။ ရွာတွေမှာက အိမ်ကြက်၊ တောကြက်တွေကို လတ်လတ်ဆတ်ဆတ် ပေါ်စားကြပါတယ်။ ပြီးတော့ အဲဒီကြက်တွေက မွေးမြူရေးခြံထဲမှာ လှောင်ထားတဲ့ မြေမထိသား ကြက်တွေလို မဟုတ်ပဲ မြေကြီးပေါ်မှာ ပြေးလွှားလှုပ်ရှားကြီးထွားလာတဲ့ ကြက်တွေဆိုတော့ အဆီမပါဘူးပေါ့။ ဒါပေမယ့် အဲလိုတောကြက်၊ အိမ်ကြက်တွေဟာ လှုပ်ရှားမှုများတော့ အသားက နည်းနည်းမာတယ်။ ဒါကြောင့် တချို့ကအသားနူးညံ့တဲ့ မွေးမြူရေး ကြက်တွေကို ပိုကြိုက်ကြတယ်။ အမေကတော့ ဘာဖြစ်ဖြစ် သဘာဝအတိုင်း မွေးတာချက်တာကိုပဲ သဘောကျတာဆိုတော့ တောကြက်သားစားရတာကိုပဲ သဘောကျပါတယ်။ ကျွန်တော်တို့ကလည်း အငယ်တည်းက စားခဲ့ရတဲ့ အသားနည်းနည်း ကျစ်ကျစ်လစ်လစ်နဲ့ မာတာတာ တောကြက်သားလေးကို အရမ်းကြိုက်ပြီး အမြဲတမ်း သတိရတမ်းတမိပါတယ်။

ကျွန်တော်တို့ ဘောက်ဆောကားကြီး ရွှေတောင်ရွာသကြီး ဦးလှမောင်အိမ်မှာ ခဏနားနေတုန်း အတွေးတွေ ဟိုရောက်ဒီရောက်နဲ့ ကလေးဘဝ သွားခဲ့ လာခဲ့ စားခဲ့ရတာတွေကို လွမ်းဆွတ်တမ်းတနေမိပါတယ်။ အဲလို စဉ်းစားနေရင်းကနောက်ထပ် အညာဒေသစားစရာလေးတွေက သတိရတာနဲ့ “ဦးလှမောင်ကြီး ယုန်လေး ချိုးလေးမရဘူးလား”လို့ မေးလိုက်တော့ “မောင်ခင်မောင်ဝင်းရာမင်းတို့ အငယ်တုန်းကလောက် ယုန်တို့ ချိုးတို့ ခါတို့ သိပ်မပေါတော့ဘူးကွ၊ တခါတလေတော့ ရပါတယ်။ ယုန်ရရင် ကြပတိုက်ပြီးတော့ မမခင်ဆီပို့ထားပေးမယ်”လို့ ပြောရှာပါတယ်။

အညာက စျေးတွေမှာ ယုန်၊ ဖွတ်၊ ပဒတ်၊ ချိုး၊ ခါ၊ ပွေးဆိုတဲ့ အကောင်ပလောင်တွေက ပုံမှန်ရှိပါတယ်။ ပုံမှန်လည်း စားကြပါတယ်။ ဝမ်းတွင်းစျေးနေ့ဆိုရင် အမေက စျေးလိုက်ပြီး အဲလို ထူးထူးဆန်းဆန်းစားစရာ အကောင်လေးတွေ တွေ့ရင် ဝယ်လာပြီး ချက်ပြုတ်ကျွေးတတ်ပါတယ်။ အညာမှာ အဲဒီလိုတောကောင်တွေကို စားတာဟာ အောက်ပြည်နဲ့ လုံးဝကွာခြားပါတယ်။

ဘယ်လိုလည်းဆိုတော့ ကျွန်တော့်လို ဝမ်းတွင်းမြို့သား တစ်ယောက်ကို ဖွတ်သားစားမလား၊ ပွေးသားချက်ထားတာ သိပ်ကောင်းတယ် မြည်းကြည့်ပါလား၊ ပဒတ်ကြော်ထားတာ ရွှေနေတာပဲ သိပ်စားလို့ကောင်းတယ်လပြောရင် စားချင်လိုက်တာဆိုပြီး ဝင်နှိုက်မှာပါ။ ဘာမှ အထူးအဆန်းလည်း မဟုတ်ပါဘူး။ ဘာလို့လည်းဆိုတော့ အဲဒါတွေဟာ အညာမှာ ကိုယ်အမြဲစားနေတဲ့ စားစရာတွေဖြစ်နေလို့ပါ။

အဲလိုပဲ အောက်ပြည်က လူတစ်ယောက်က ဖွတ်သား ဟင်းလေး စားကြည့်ပါလားလို့ ပြောလိုက်ရင် တခါတည်း လန့်သွားပါမယ်။ ဘယ်လိုလူတွေပါလိမ့် အထူးအဆန်းတွေကို လျှောက်စားနေတဲ့ လူရိုင်းတွေ ဖြစ်နေပါလားလို့ တွေးကောင်းတွေးမိပါလိမ့်မယ်။ အောက်ပြည်မှာက ဒီလိုဟာမျိုးစားလေ့ မရှိပါဘူး။

ဒါကြောင့် အစားအသောက်ဆိုတာ ကိုယ်ကြီးပြင်း ကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်ပေါ်မူတည်ပြီး စားကောင်းတယ် မစားကောင်းဘူး ထူးဆန်းတယ် မထူးဆန်းဘူးလို့ သတ်မှတ်ကြတာပါလား လို့ တွေးမိပါတယ်။ တစ်ခါတုန်းက တောင်ငူမှာ ကရင် သစ်တောအရာရှိတစ်ယောက်က ကျန်တော့်ကို "ဆရာ တောက်တဲ့ စားဖးလား"လို့ မေးလိုက်တော့ ကျွန်တော် တော်တော်လန့်သွားတယ်။ ဒီလူ မဟုတ်တာ တော်တော် စားတဲ့လူ လို့လည်း တွေးမိပါတယ်။ ကရင်ကြီးက ဆက်ပြီး "ဆရာ့နှယ် တောက်တဲ့ကို အရေခွံခွာပြီး ကင်စားရင် တကယ်ကောင်းတာ၊ ဆရာစားကြည့်ဖို့ကောင်းတယ်" လို့ ပြောပါတယ်။

ကရင်ကြီးတောက်တဲ့စားတဲ့အကြောင်း ပြောခါစတုန်းကတော့ ကျွန်တော်ဟာ ဒီလူမဟုတ်တာတွေ အကုန်စားတာပဲလို့ တွေးပြီး တော်တော်လေး အံ့သြသွားပေမယ်လို့ သေချာစဉ်းစားကြည့်လိုက်တော့ အောက်ပြည်က လူတွေလည်း ကျွန်တော် ပဒတ်စားတဲ့အကြောင်း ပြောလိုက်ရင် တအံ့တသြ ဖြစ်သွားမှာပဲလို့ တေးလိုက်မိပါတယ်။ ဟိုလူဟိုဟာ စားလို့အံ့သြတယ် ဒီဟာတွေ စားတယ် ထူးဆန်းတယ်ဆိုတာ စားကျင့်ရှိတာနဲ့ မရှိတာပဲ ကွာတာပဲလို့ တွေးမိရင်း အညာဒေသကလူတွေ တောကောင်တွေ စားတဲ့အကြောင်းကို သတိရမိပြန်ပါတယ်။

ကျွန်တော်တို့ ဝမ်းတွင်းနယ်တဝိုက်မှာက ချုပုတ်လေးတွေပဲ ရှိတဲ့ မြေပြန့်ကြီးဆိုတော့ သားကောင်အကြီးတွေ ရလေ့မရှိပါဘူး။ တခါတလေရှားရှားပါးပါး ချေလေးဘာလေး ရလို့ရောင်းတာ စျေးထဲမှာ တွေ့ရတတ်ပါတယ်။ သဲတောစျေးကတော့ ဝမ်းတွင်းစျေးထက် တောကောင်သား ပိုစုံပါတယ်။ ဘာလို့လဲဆိုတော့ သဲတောမြို့ရဲ့အရှေ့ကိုကြည့်လိုက်ရင် စိမ်းစိုနေတဲ့ ရှမ်းရိုးမတောင်တန်းကြီး ကို မြင်ရပြီး သဲတောအရှေ့ (၅)မိုင်လောက် သွားလိုက်ရင် အဲဒီရှမ်းရိုးမတောင်တန်းကြီးရဲ့ တောင်ခြေကို ရောက်သွားပါတယ်။ အဲဒီရှမ်းရိုးမမှာတော့ သမင်၊ ချေ၊ တောဝက်လို သားကောင်ကြီးတွေ ရှိတော့ သဲတောစျေးမှာ တခါတလေ အဲဒီအသားတွေ ရတတ်ပါတယ်။

အမေ့ရဲ့ အစ်ကို ဦးမောင်မောင်ဟာ တောင်ဘိုရွာမှာ နှစ်လုံးပြူးသေနတ်ကိုင်ပြီး တောလိုက်ခဲ့တာ ဆိုတော့ အမေခပ်ငယ်ငယ်က သူ့အစ်ကိုကြီး တောပစ်လို့ရလာတဲ့ သမင်၊ ချေ၊ ဌက်မျိုးစုံကို ကိုင်တွယ် ချက်ပြုတ်လာခဲ့ရပါတယ်။ အဲဒါကြောင့် အမေ့အတွက် တောကောင်သားတွေဟာ အထူးအဆန်း မဟုတ်ပါဘူး။ အမေပြောတာကတော့ အဲဒီတုန်းက တောင်ဘိုရွာတဝိုက်မှာ အခုလိုတောတွေ ပြုန်းသွားပြီး၊ ချုပုတ်တွေချည်းမဟုတ်ပဲနဲ့ တောအုပ်တွေဆိုင်းနေတယ်လို့ ဆိုပါတယ်။ သမင်တွေ ချေတွေ တောဝက်တွေ လည်း တကယ်ပေါတယ်တဲ့။ အမေကလေးဘဝတုန်းကနေ နောက်အနှစ် (၄၀) လောက်အတွင်းမှာ တောင်ဘိုရွာတဝိုက် တောတွေကုန်သွား လောက်အောင် တောတွေခုတ် ထင်းတွေထုတပစ်လိုက်တာပါ။ ကျွန်တော်တို့ သိတတ်တဲ့ အရွယ်ရောက်လာတော့ တောင်ဘိုရွာ ဘေးနားတဝိုက်မှာ ဆူးပင်၊ ချုပင်၊ ချုပုတ်တွေပဲ ရှိတဲ့ ကန္တာရလွင်ပြင်ကြီးကိုပဲ တွေ့ရပါတော့တယ်။

ကျွန်တော်အငယ်တုန်းကအညာနဲ့ အခုလို ကျွန်တော်ဆရာဝန်ဖြစ်ပြီး ဘောက်ဆောကားကြီး မောင်းလာတခေတ် အညာဟာ တော်တော်လေးကွာခြားသွားပါပြီ။ အခဒီစာတွေ ရေးနေရင်းနဲ့ လူနေမှု စနစ် သဘာဝပတ်ဝန်းကျင်တွေဟာ လုံးဝပြောင်းလွဲသွားပြီး အညာဒေသမှာ ဘာတွေ ဘယ်လိုတွေများ ဖြစ်နေမလဲဆိုတာကို သွားကြည့်ချင်တဲ့စိတ်တွေ ပေါ်လာမိတယ်။

အဲလိုအညာအကြောင်းတွေ တွေးနေမိရင်းနဲ့ အတွေးတွေ လွင်ပြန့်နေတာကို ပြန်ထိန်းလိုက်ပြီး ဘောက်ဆောကားကြီးရဲ့ မန္တလေးခရီးစဉ်ကို ဆက်ရေးရမယ်ဆိုရင်တော့ ရွှေတောင်ရွာသူကြီး ဦးလှမောင်အိမ်မှာ ခဏနား၊ သူ့ဧည့်ခံတာနည်းနည်းပါးပါး စား၊ ကားဘောနက်ဖွင့်၊ ရေတိုင်ကီစစ်၊ ဘက်ထရီခေါင်းစစ၊ အင်ဂျင်ဝိုင်တိုင်းပြီး ဟိုအရင်တုန်းက ဓါးပြအရမ်းတိုက်တဲ့ ကျားသေကန်ရွာဘက်ကို ဦးတည်ပြီး မန္တလေးကို ခရီးဆက်ခဲ့ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)

ကလျာ

အမေနဲ့ကျွန်တော် (အပိုင်း ၄၅)

ဘောက်ဆောကားကြီး နဲ့ အညာပြန် ခရီးစဉ်

ကျွန်တော် ဆရာဝန်ဖြစ်ခါစ မန္တလေးကနေ ရန်ကုန်ဆင်း၊ မိတ်ဆွေတစ်ယောက်ဆီက ဘောက်ဆောကားကြီးဝယ်၊ အဲဒီကားကြီးနဲ့ မန္တလေးကို ပြန်တဲ့အကြောင်းရေးနေပါတယ်။

ရွှေတောင်ကနေ ကူမဲ

ရွှေတောင်ရွာမှာ ခဏနားတုန်း ဘောက်ဆောကားကြီးကို ဆီ၊ ရေ၊ လေ၊ မီး၊ တာယာ အကုန်စစ်ဆေးပြီးတဲ့နောက် ကျွန်တော်တို့ မန္တလေးဘက်ကို ဆက်ထွက်ခဲ့ပါတယ်။ ရွှေတောင်ရွာကထွက်လိုကပြီး ဘေးဘယ်ညာ ကြည့်လိုက်ရင် တမျှော်တခေါ် ခရမ်းချဉ်သီးခင်း၊ ငရုတ်ခင်းတွေကို မြင်ကွင်း အဆုံးအထိ တွေ့ရပါတယ်။

အဲဒီခေတ်က ခရမ်းချဉ်သီးဆိုတာ အခုလို ခရမ်းချဉ်သီးတွေ ရှားပါးနေပြီး အင်းလေးကနေ ရန်ကုန်ကို ခရမ်းချဉ်သီး ပို့တဲ့ ခေတ် မဟုတ်ပါဘူး။ အညာဒေသတစ်ခုလုံးဟာ ခရမ်းချဉ်သီး လွင်ပြင်ကြီးလို့တောင် ခေါ်ရလောက်အောင်ကို ခရမ်းချဉ်သီး ပေါတဲ့ ဒေသကြီးပါ။

အဲလို ခရမ်းချဉ်သီးတွေကို တပုံတခေါင်းကြီး အညာမှာ စိုက်ကြတော့ ကျွန်တော် ကလေး ဘဝတုန်းက ခရမ်းချဉ်သီး တစ်ပြည်ကို (တစ်ပြည်ဆိုတာ ပြည်တောင်းတစ်ခုနဲ့ အပြည့်ကိုပြောတာ) ၁၀ ပြားပဲ ပေးရပါတယ်။ ဒါကြောင့် အဲဒီတုန်းက ရွာသူရွာသားတွေ ဘယ်သူမဆို ခရမ်းချဉ်သီး ခင်းထဲ ဖြတ်သွားရင်းနဲ့ ကိုယ်တစ်မိသားစုစား၊ ကိုယ်ဘာသာခူးသွားရင် ဘယ်ယာခင်းပိုင်ရှင်ကမှ ဘာမှ မပြောပါဘူး။ အဲလောက်တောင် ခရမ်းချဉ်သီးတွေ ပေါများတဲ့ ခေတ်ပါ။

ခရမ်းချဉ်သီးခင်းတွေ အကြောင်းပြောပြီးတော့ ရွှေတောင်ရွာ တစ်ခုလုံးက ငရုတ်သီးခင်းတွေ အကြောင်းကို ဆက်ပြောရဦးမယ်ဆိုရင် အဲဒီတုန်းက အညာဒေသ တဝိုက်မှာ ငရုတ်သီးစိမ်းအပွတွေကို စိုက်ကြတာပါ။ အညာငရုတ်ပွတွေမှ တကယ့် ငရုတ်သီး တောင့်ပွတွေပါ။ တောင့်ရှည်ငရုတ်တွေ မဟုတ်ပါဘူး။ အခုခေတ်မှာတော့ ငရုတ်တောင့်ပွတွေ ရှားကုန်ပါပြီ။

ကျွန်တော်မှတ်မိတဲ့ ငရုတ်သီးတောင့်ပွအကြောင်း ပြောပြချင်ပါသေးတယ်။ ကျွန်တော်တို့ အငယ်တုန်းက မနက်အစော ထမင်းကြမ်း စားကြရင် မာမာ တောင့်တောင့် ထမင်းကြမ်းခဲကို

ဘူးသီးကြော် တစ်ကိုက်နဲ့ ရောကိုက်ပြီးစားလိုက်ရော၊ ပြီးတော့မှ အညာ ငရုတ်သီးစိမ်း တောင့် တစ်တောင့်ကို တခုမ်းခုမ်း ကိုက်စားရတာ ဘယ်လို အရသာ ရှိမှန်း မသိပါဘူး။

အခုပြန်တွေးကြည့်မယ်ဆိုရင် ကျွန်တော်ထမင်းကြမ်းခဲက ကိုက်မစားဖးတာ အနည်းဆုံး နှစ် (၃၀) လောက်ရှိပါပြီ။ တကယ်ကို လွမ်းဖို့ကောင်းတဲ့ အညာထမင်းကြမ်းခဲပါ။ မနက်အစော လင်းတာနဲ့ အမေက "လာကြ"လို့ ခေါ်ပြီး ကြွေဇလုံ ခပ်ကြီးကြီးထဲမှာ ထမင်းကြမ်းအခဲကြီးကို ထည့်၊ အိမ်နားက ဒေါ်အိုး အကြော်ဆိုင်ကနေ တစ်ကျပ်ဖိုး ၂၁ ခုနဲ့ ဝယ်ထားတဲ့ ဘးသီးကြော်တွေ ထည့်ပြီး "စားကြ" ဆို ကျေးပါတယ်။ ထမင်းဇလုံဘေးမှာတော့ ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းတောင့်ပွ အပြည့် ထည့်ထားတဲ့ ပန်းကန်ပြားကို ချထားပါတယ်။

ကျွန်တော်တို့ ညီအစ်ကို တစ်တွေ ထမင်းကြမ်း ဇလုံကိုရှေ့မှာထားပြီး အလုအယက် စားကြရပါတယ်။ ကျွန်တော်တို့ညီအစကိုတစ်တွေဆိုတာက ကျွန်တော့်အထက်က အစ်ကို ဦးခင်မောင်တင့် (ကိုတူး) (အငြိမ်းစား လျှပ်စစ်အင်ဂျင်နီယာ)၊ ကျွန်တော်နဲ့ ကျွန်တော့်ညီ မောင်တင့်လွင် (အခု ဦးဆောင် ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) တို့ သုံးယောက်ပါ။ အစ်ကိုအကြီးဆုံး ဦးတင်နွယ်ကတော့ လေးတန်း ကတည်းက ရန်ကုန်က အဖေ့ရဲ့ညီ ဆပ်ပလိုင်းမင်းကြီး ဦးမောင်ကလေးက ရန်ကုန် စိန်ပေါလ်ကျောင်းမှာ ထားဖို့ ခေါ်သွားတော့ ဝမ်းတွင်းမှာ ကျွန်တော်တို့ ညီအစ်ကို သုံးယောက်ပဲ ကျန်ခဲ့တာပါ။

အဲလို မနက်အစော အမေက ကျွေးတဲ့ ဘရိတ်ဖတ်(စ်) ထမင်းကြမ်းပန်းကန်ကြီးကို ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် အငမ်းမရ ဝိုင်းစားကြ၊ ထမင်းကြမ်းခဲကိုကိုက်၊ ဘူးသီးကြော်လေးဝါး၊ ငရုတ်သီး စိမ်းတောင့်ပွနဲ့ ကြက်သွန်ဖြူ အခြမ်းလေးတွေ ကိုက်စားခဲ့ရတာကို သိပ်သတိရမိပါတယ်။

အဲဒီတုန်းက ကျွန်တော်တို့ အညာမှာ နာမည်အကြီးဆုံး ငရုတ်သီးကတော့ သဲတော ငရုတ်ပါ။ တစ်နယ်လုံးမှာတော့ ငရုတ်သီးစိုက်ကြ၊ ငရုတ်သီး ထွက်ကြတာပါပဲ။ ဒါပေမယ့် သဲတောဘူတာကနေ ငရုတ်သီးတွေကို မြန်မာပြည် တစ်ပြည်လုံးကို ပို့တာဆိုတော့ ငရုတ်သီးတွေကို သဲတောဘူတာ အနီးမှာ ပုံထားပြီး ဂုန်နီအိတ်တွေထဲမှာ ထည့်၊ ကုန်ရထားနဲ့ တစ်ပြည်လုံးကို ဖြန့်ဖို့ တင်ပို့တာဆိုတော့ သဲတော ငရုတ်သီးဆိုပြီး နာမည်ကြီးတော့တာပေါ့။

ငရုတ်သီးတောင့်ပွ ခြောက်တွေကို ရထားတွဲပေါ် မတင်ခင် သဲတောဘူတာအရှေ့ဘက်က ငရုတ်သီး လှမ်းတဲ့ ကွင်းပြင်ကြီးတွေမှာ တောင်ကြီးတွေလိုပုံထားပါတယ်။ ကျွန်တော် တစ်ခါက အဲလို ဆောင်းပါး ရေးခဲ့ဖူးပါတယ်။ အဲဒါကိုဖတ်မိတဲ့ တပည့်ဆရာဝန်တစ်ယောက်က ပြီးခဲ့တဲ့အပတ်က ဟောပြောပွဲတစ်ခုမှာ ကျွန်တော်နဲ့ တွေ့တော့ "ကျွန်တော် ဆရာ့ဆောင်းပါးတွေလည်း ဖတ်ပါတယ်၊ ဆရာရေးထဲ့အထဲက ငရုတ်သီးတောင်လိုပုံလို့ ဆိုတာကို ကျွန်တော် သိပ်သဘောကျပါတယ် ဆရာ၊

ငရုတ်သီး တောင်လိုပုံတယ် ဆိုတာ တကယ်ပုံတာလား ဆရာလို့” မေးပါတယ်။ ကျွန်တော်တို့ အငယ်တုန်းက ငရုတ်သီးဟာ တကယ်ကို တောင်ကြီးလို ပုံထားတာပါ။ အဲလို ငရုတ်တောင်ပုံကြီးတွေကို အောက်ခြေကနေ တင်းတောင်းကြီးတွေနဲ့ ခွိန်၊ ဂုန်နီအိတ်တွေထဲ ထည့်ပြီး အပနဲ့ ချုပ်တော့ ငရုတ်သီးအိတ် ရပါတယ်။ ငရုတ်အိတ်တွေကို အစီအရီပုံထားပြီး ကုန်ရထားတွေလာတော့မှ ငရုတ်အိတ်တွေကို ရထားပေါ်ကို တင်ပြီး တပြည်လုံးကို ပို့တာပါ။

ကျွန်တော်တို့ သဲတောဝမ်းတွင်းက လူတွေဟာ ငရုတ်သီးလို့ ပြောရင် အစိမ်းဖြစ်ဖြစ်၊ အခြောက်နီနီရဲရဲဖြစ်ဖြစ် ငရုတ်တောင့်ပွကိုပဲ မြင်ဖူးကြပါတယ်။ ဘာလို့မှန်းတော့ မသိဘူး၊ အဲဒီခေတ်က ငရုတ်သီးတောင့်ပွတွေပဲ စိုက်ကြတဲ့ ခေတ်ပါ။

ကျွန်တော်အခုထက်ထိ အဲဒီတုန်းက ငရုတ်သီးတောင့်ပွကို ကိုက်စားရတာကို သတိရနေတော့ အညာက လူနာတွေ၊ ဝမ်းတွင်းဘက်က လူနာတွေ ရန်ကုန်က ကျွန်တော့်ဆေးခန်းကို လာပြလို့ ဆရာဘာမှာဦးမလဲ လို့ မေးရင် ‘ကျွန်တော့်အတွက် ငရုတ်သီးစိမ်းတောင့်ပွ တစ်ပြည်လောက်ယူခဲ့ဗျာ’ လို့ ပြောမိပါတယ်။ အညာက လူတွေ ဆေးခန်းကို ပြန်လာပြရင် ‘ဆရာကျွန်တော်တို့ဆီမှာက အခု ငရုတ်သီးတောင့်ရှည်တွေပဲ စိုက်ကြတော့ ငရုတ်သီးတောင့်ပွတွေ မရှိတော့ဘူး’ လို့ ပြောပါတယ်။ တစ်ခါတလေ ရှားရှားပါးပါး ငရုတ်သီးစိမ်းတောင့်ပွတွေ ရတဲ့အခါမှာဆိုရင် အညာအလွမ်းပြေ အားရပါးရ ဝါးမိပါတော့တယ်။

အဲလို ရွှေတောင်က အထွက် ကျားသေကန်ကေ့ ကျော်လာပြီးတာနဲ့ ဘောက်ဆောကြီး ဖွက်ချက် ဖွတ်ချက် ဖြစ်ပြန်ပါတော့တယ်။ ကျွန်တော်တို့လည်း တကယ့်ကို စိတ်ပျက်မိပါတယ်။ ရန်ကုန်က ထွက်လာတာ ဘောက်ဆောကြီး အကြိမ်ကြိမ် ဒုက္ခပေးလို့ သုံးည အိပ်ပြီးပါပြီ။ ဒါပေမယ့် မန္တလေးကို မရောက်သေးဘူး။ အခုတစ်ခါ လုပ်ပြန်ပြီ။ ဂီယာစက်ကင်း ပီနီယံက ကျိုးနေလိုကားက တဘုတ်ဘုတ်သွားနေသေးရာက အခု ဆီပိတ်ပြီး ကားကြီး အိညောင် အိညောင် ဖြစ်ပြန်ပြီ ဒုက္ခပါပဲ ဆိုပြီး ကားပေါ်က ဆင်းကြ၊ ဆီလိုင်းတွေကို မှုတ်၊ ကားဘရိတ်တာကိုဆေးနဲ့ ဟိုလုပ်ဒီလုပ် ဝပ်ရှော့ဆရာက လုပ်လိုက်တော့ ဂျီးပိတ်တာတွေ ပွင့်သွားပြီး ဝူးခနဲဆို ကားကြွနိုးသွားတော့ ကျွန်တော်တို့ တော်တော်လေးကို ပျော်သွာကြပါတယ်။ အဲဒီနောက် ကျွန်တော်တို့ ဘောက်ဆောကြီးဟာ ကူမဲကို ရောက်လာပါတယ်။ ကူမဲဆိုတာကတော့ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်မှာရှိတဲ့ ရွာလေး တစ်ရွာပါ။ မိတ္ထီလာနဲ့ မန္တလေး အလယ်တည့်တည့်လောက်မှာရှိပြီး နားစရာ စားစရာ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တွေအပြည့်နဲ့ပါ။ အဲတော့ ကုန်ကားကြီးတွေ၊ လိုင်းကားတွေ၊ ကိုယ်ပိုင်ကားတွေ အားလုံးလိုလိုဟာ ကူမဲမှာ နားကြပါတယ်။ စားစရာတွေကလည်း စုံလို့ပါ။ ထမင်းဟင်း တော်တော်ကောင်းတဲ့ ဆိုင်တွေ ရှိပါတယ်။ ထမင်းတစ်ခါပြင် ၁၅၀ လောက်ပဲ ပေးရပါတယ်။

တစ်ခါပြင်ဆိုတာ ပဲဟင်းရယ် အောက်ငံပြာရည် တို့စရာ ဟင်းတမျိုးမျိုးနဲ့ ထမင်းတစ်ပန်းကန်ပေါ့။ ထမင်းလိုက်ပွဲကတော့ ထပ်ထည့်ချင်သလောက် ထည့်လို့ရတယ်။ ဟင်းတွေကတော့ လိုချင်ရင် ထပ်မှာပေါ့။ အကြော်စုံ၊ မုန့်ဟင်းခါး၊ မုန့်တီ၊ တရုတ်ဆိုင်၊ ကုလားဆိုင်စုံလို့ပါပဲ။ တော်တော်ကို နားချင်စရာကောင်းတဲ့ ကူမဲကားဂိတ်ပါ။ ဆိုင်တွေကလည်း အပြိုင်အဆိုင် ဟိုကခေါ် ဒီကခေါ်၊ ကားလမ်းအရှေ့ဘက် ဆိုင်ခန်းနဲ့ အနောက်ဘက်က ဆိုင်တန်းတွေ သူ့ဆီလာ ကိုယ့်ဆီလာ တအားကို အပြိုင်ခေါ်ကြတာပါ။

ကူမဲကားဂိတ်ရောက်တာနဲ့ ကျွန်တော်တို့လည်း ကိုယ်စားနေကျလမ်းအရှေ့ဘက်က တရုတ်ဆိုင်မှာ ဝင်နားလိုက်ပါတယ်။ ကူမဲမြို့ရဲ့ တခုတည်းသော တရုတ်ဆိုင်ပါပဲ။ အမြဲတမ်းနားနေက၊ စားနေက၊ ဆိုတော့ ဆိုင်ကလည်း ကျွန်တော့်ကို သိနေပါပြီ။ ဘောက်ဆောကားကြီး ရပ်လိုက်တာနဲ့ ကျွန်တော်တို့ ဝပ်ရှော့ဆရာ ကားပေါ်က အပြေးဆင်းသွားပြီး ဘောနက်အဖုံးကို ဖွင့်လိုက်ပါတယ်။ အဲဒီမှာ ဘောက်ဆောကြီးရဲ့ အင်ဂျင်အိုးထဲကနေ ရေနွေးငွေ့တွေ လုံးကနဲ ထွက်လာပါတယ်။ အဲဒီမှာတင် ဝပ်ရှော့ဆရာက 'ရေတိုင်ကီထဲမှာ ရေနည်းနေတာကြည့်ပြီး တိုင်ကီရေစိမ့်တာ ထင်ပါရဲ့' လို့ ပြောပြီး ကားဘေးနားမှာ ရှိတဲ့ သံစည်ပိုင်းထဲနေ ရေတစပုံးခပ်ပြီး ရေဆူနေတဲ့ ရေတိုင်ကီပေါ်ကို ဝုန်းကနဲ လောင်းချလိုက်တော့တယ်။ အဲလိုလုပ်လိုက်တော့ တအားပူနေတဲ့ ရေတိုင်ကီကနေ ရေငွေ့တွေ တအားကြီး ထွက်လာပြီး ကားရှေ့ခေါင်းခန်း တစ်ခုလုံး အငွေ့တွေနဲ့ ဖုံးသွားပါတော့တယ်။ ပြီးတော့မှ ဝပ်ရှော့ဆရာက အဝတ်စ ခပ်ထူထူကို ကင်ပြီး ကားရေတိုင်ကီအဖုံးကို ဖွင့်ချလိုက်ပါတော့တယ်။ အဲတော့ တခါ ရေငွေ့တွေ ထွက်လာပြန်ပါရော။ အဲဒီအငွေ့တွေ တဖြည်းဖြည်းနဲ့ နည်းသွားတော့မှ ရေတိုင်ကီထဲက ရေအခြေအနေကို ကြည့်လိုက်ပါတယ်။ အဲဒီမှာ စိတ်ပျက်စရာအခြေအနေကို သွားတွေ့ပါတယ်။ ဘယ်လိုလည်းဆိုတော့ ကားရေတိုင်ကီထဲမှာ ရေတဝက်လောက်ပဲ ကျန်တော့တာကိုး။ ဝမ်းတွင်းက ထွက်လာတုန်းက ရေတိုင်ကီထဲမှာ ရေအပြည့်နဲ့။ အခုမိုင် ၃၀ လောက်မောင်းလာပြီး ကြည့်လိုက်တော့ ရေတိုင်ကီထဲမှာ ရေကတစ်ဝက်လောက်ပဲ ကျန်တော့တယ်။ ရေတိုင်ကီမလုံတာပဲ ဖြစ်ရမယ်။ ဆိုပြီး ဝပ်ရှော့ဆရာက 'ရေတိုင်ကီပေါက်ပြီထင်တယ်ဟေ့' လို့ ပြောလိုက်ပါတယ်။

အစ်ကြီးဦးတင်နွယ်က 'ခဏထားလိုက်ပါဦး ဆရာရယ်။ ကျွန်တော်တို့ခဏလေးနားပြီး တခုခုစားကြရအောင်' လို့ ပြောလိုက်ပါတယ်။ ဘောက်ဆောကြီးကတော့ ဘာများ ဖြစ်ဦးမလဲလို့ တွေးပြီး စိတ်မကောင်းကြီးစွာနဲ့ ကျွန်တော်တို့တတွေ တရုတ်ဆိုင်ထဲကို ဝင်လိုက်ပါတယ်။ ဆိုင်ရှင် တရုတ်တွေက ကျွန်တော့်ကို သိနေပြီ ဆိုတော့ 'ဆရာလာ၊ ဘယ်ကလာကြလဲ။ ဘောက်ဆောကားကြီးနဲ့ပါလား။ တော်တော်ဟုတ်တာပဲ။ ဆရာဝန်ဖြစ်တာ တစ်နှစ်တောင် မရှိသေးဘူး။ ဆရာဘောက်ဆောကားကြီး ဝယ်လာပြီလား' လို့ မေးပါတယ်။

ကျွန်တော်ကလည်း 'ဟုတ်တယ်ထောင်ကရဲ့ ရန်ကုန်က ဘောက်ဆောကားကြီး ဝယ်လာတာ' လို့ ပြောလိုက်တော့ 'ဆရာကား အဆင်ပြေရဲ့လား၊ ဘောက်ဆောတွေက ဒုက္ခပေးတတ်တယ်နော်'လို့ ပြောပါတယ်။ 'ဟုတ်တယ် ထောင်ကရဲ့ ဒီဘောက်ဆောကားကြီး ဒုက္ခပေးသလားတော့ မပြောနဲ့ ရန်ကုန်က စထွက်ကတည်းက ဟိုဖောက်ဒီဖောက် နဲ့ အခုလည်း ရေတိုင်ကီပေါက်ပြီနဲ့တူပါတယ်' လို့ ပြောလိုက်တော့ တရုတ်ဆိုင်ပိုင်ရှင် ထောငကက 'ရေတိုင်ကီပေါက်တာတော့ မပူနဲ့ ကူမဲမှာ ရေတိုင်ကီ ကောင်းကောင်းဖာတတ်တဲ့သူရှိတယ်ဆရာတို့ အေးအေးဆေးဆေးသာ ဆိုင်ထဲမှာနားနေ' လို့ ပြောပြီး သူကိုယ်တိုင် စားပွဲတွေကို စီ၊ ကုလားထိုင်တွေကိုချ၊ စားပွဲကို ဖုန်သုတ်၊ 'ဟဲ့ကောင်မလေး တွေလာကြ၊ ဝမ်းတွင်းက ဆရာဝန်လာတယ်' ဆိုပြီး သူကိုယ်တိုင်တက်တက်ကြွကြွ ပြင်ဆင်ဧည့်ခံပါတော့တယ်။ ကျွန်တော်တို့လည်း သူ့စားပွဲမှာ ထိုင်လိုက်ကြပြီး ဘာမှာရမလဲ စဉ်းစားနေတုန်း အစ်ကိုကြီး ဦးတင်နွယ်က 'ငါတော့ တော်တော်ကို ပင်ပန်းသွားပြီးကွာ၊ ဘီယာ တစ်ပုလင်းလောက်သောက်ချင်တယ်' လို့ ပြောပြီး 'မန္တလေးဘီယာ တစ်ပုလင်း ဟေ့' လို့ အော်လိုက်ပါတော့တယ်။ ကျွန်တော်တို့လည်း ခေါက်ဆွဲကြော်၊ ကြာဇကြော်၊ အခေါက်ကင် အစုံအလင် မှာနေကြတုန်း တရုတ်ဆိုင်ပိုင်ရှင် ထောင်ကဲက 'ဆရာတို့ အေးအေးဆေးဆေး ထိုင်ကြဦး၊ ကျွန်တော် ရေတိုင်ကီဖာတဲ့လူ သွားခေါ်လိုက်ဦးမယ်' လို့ ပြောပြီး ထွက်သွားပါတော့တယ်။ ကျွန်တော်တို့လည်း ဗိုက်ဆာဆာနဲ့ အားရပါးရ စားလိုက်ကြပါတယ်။ ခဏနေတော့ ခပ်ဝဝ၊ ဗိုက်စူစူ၊ အသားမဲမဲ၊ လုံချည်ခပ်တိုတိုဝတ်ထားပြီး စွပ်ကျယ်လက်ပြတ်၊ ကွမ်းတပျစ်ပျစ်နဲ့ အသက် (၅၀) ပတ်ဝန်းကျင် လူတစ်ယောက်နဲ့ ထောင်ကဲတို့ ရောက်လာပါတယ်။ ထောင်ကဲက 'ဒါ ကူမဲမြို့မှာ အတော်ဆုံး ရေတိုင်ကီ ပြင်ဆရာပဲ။ ဆရာတို့ ကားကို သူကြည့်ပေးပါလိမ့်မယ်' လို့ ပြောပါတယ်။ သရယ် ဝပ်ရှော့ဆရာနဲ့ ရေတိုက်ကီဆရာတို့ သုံးယောက် ဘောက်ဆောကားကြီးဆီကို သွားပြီးလေ့လာကြပါတယ်။

ဒီအချိန်မှာ ကားရေတိုင်ကီကလည်း အေးနေပါပြီ။ အဲတော့ ရေတိုင်ကီဆရာက ရေတိုင်ကီကို သေချာကြည့် အပေါ်က ရေလောင်းထည့်လိုက်ပြီး အောက်က ရေစိမ့်မစိမ့် သေချာကြည့်ပြီး ရေတိုင်ကီကို သေချာ လေ့လာပါတော့တယ်။ နောက်ဆုံးမှာတော့ သူ့ရဲ့ မှတ်ချက်က 'ရေတိုင်ကီက ရေစိမ့်နေပြီ၊ နည်းနည်း ဂဟေနဲ့ ဖာမှ ဖြစ်မယ်။ ရေတိုင်ကီ ဖြုတ်ယူသွားရမယ်တဲ့။ ကျွန်တော်တို့ တော်တော်ကို စိတ်ပျက်သွားကြပါတယ်။ ရေတိုင်ကီဆရာကတော့ 'ဘာမှ စိတ်မပူကြနဲ့ လွယ်လွယ်လေး ခဏလေးနဲ့ ပြီးသွားမှာ' လို့ အားပေးပါတယ်။ ပြီးတော့ 'လာဝပ်ရှော့ဆရာ ရေတိုင်ကီဖြုတ်ကြရအောင်' ဆိုပြီး သူတို့ နှစ်ယောက်သား ဟိုမူလီဖြုတ်၊ ဒီမူလီဖြုတ်နဲ့ ရေတိုင်ကီကြီးကို ဖြုတ်သွားပါတော့တယ်။

သူတို့နှစ်ယေယက်သားရေတိုင်ကီကြီးကို ထမ်းပြီး ထွက်သွားလိုက်တာ (၁)နာရီလောက် ကြာတော့ ပြန်ရောက်လာပါတယ်။ ရေတိုင်ကီကြီး ကားမှာ ပြန်တတ်၊ ရေပိုက်တွေ ဆင် ၊ မူလီတွေတပ်နဲ့

နာရီဝက်လောက်ကြာတော့ ပြီးသွားပါတယ်။ အဲတော့မှ ရေတိုင်ကီကို ရေဖြည့်၊ ကားစက်နှိုး၊ ရေတွေစိမ့်မစိမ့်၊ ပန့်ထွက်မထွက် ဟိုစစ် ဒီစစ်နဲ့ နောက်ဆုံးမှာတော့ 'အိုကေပြီ ဆရာရေ' ဆိုလိုက်တဲ့အခါ စားထားတာတွေ အတွက် ပိုက်ဆံရှင်း၊ ရေတိုင်ကီဆရာကို ပြင်ခပေး၊ ထောင်ကဲကို နှုတ်ဆက်ပြီး ဘောက်ဆောကားကြီး ကူမဲကနေ မန္တလေးကို ဆက်ထွက်ပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ပါမောက္ခဒင်မောင်ဝင်း (အသည်း)